# ဘုန်းကြွယ်

## သေမင်းအာမိန့်

ချင်းဟုန်၏ ဝေ့လျှန်ဝန်းကျက်



# ဘုန်းကြွယ်

# သေမင်းအမိန့်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ်  ၅၀၀၆၀၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  ၅၀၀၆၇၀၀၆၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## ကျင်းမိန်ဂေဟာ

ကျင်းနန်မြို့ရှိ ကျင်းမိန်ဂေဟာကြီးသို့ ရပ်ဝေးရပ်နီးမှ ဧည့်သည်များ ဝင်လာမစဲတသဲသဲဖြစ်နေကြသည်။ ထိုသို့ ရောက်ရှိလာကြသောဧည့်သည်များမှာ ကျင်းမိန်ဂေဟာရှင်ကျူးလိယင်၏မွေးနေ့ပွဲဖိတ်ကြားချက်ကြောင့် ရောက်ရှိလာကြသူများဖြစ်ကြသည်။

ဧည့်သည်များထဲတွင် သာမန်အရပ်သားများသာမက ပြည်နယ်မှတာဝန်ရှိပုဂ္ဂိုလ်ကြီးများနှင့် သိုင်းလောကမှအထင်ကရပုဂ္ဂိုလ်များပါ ပါဝင်ကြသည်။

တကယ်တမ်းပြောရလျှင် ကျင်းမိန်ဂေဟာရှင် ကျူးယိလင်လည်း အတော်အတန်မျက်နှာကြီးသူတစ်ယောက်ဖြစ်၏။

ကျင်းနန်မြို့ရှိချမ်းသာသောသူများစာရင်းတွင် ကျူးယိလင်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

ထို့ပြင်.... ကွယ်လွန်သွားသောမိဘများအရှိန်အဝါကလည်း ရှိနေသေးသောကြောင့်....

ကျူးယိလင်အဖို့ လွန်စွာဂုဏ်ယူစရာကောင်းသော ညှိခံပွဲကြီးဖြစ်နေလေသည်။

မွေးနေ့ညှိခံပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ဖိတ်ကြားထားသောညှိသည်များမှာလည်း စုံစုံညီညီရောက်ရှိနေကြပြီဖြစ်လေသည်။

ညှိသည်များ၏စားပွဲရှေ့တွင် အငွေ့တထောင်းထောင်းထနေသောစားကောင်းသောက်ဖွယ်များလည်း ပြင်ဆင်ထားပြီးဖြစ်လေသည်။

"ချလွင်… ချလွင်… ချလွင်"

အလွန်သာယာနာပျော်ဖွယ်ကောင်းသော ခေါင်းလောင်းသံလေးများထွက်ပေါ်လာသည်။

ဤတွင်…

ညှိခန်းဆောင်အတွင်း၌ ရောက်တတ်ရာရာပြောဆိုနေကြသောအသံများ ရုတ်ခြည်းရပ်တန့်သွားလေသည်။

ခေါင်းလောင်းသံထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အသင့်စောင့်ဆိုင်းနေကြသောအခိုင်းအစေများက ညှိသည်တော်များရှေ့ရှိ အရက်ခွက်အတွင်းသို့ အရက်များလိုက်လံဖြည့်ပေးလိုက်ကြလေသည်။

ထိုအချိန်တွင်…



ညှိခန်းဆောင်ဘေး၏အတွင်းဘက်ရှိတံခါးမှာ ညင်သာစွာပွင့်သွားလေ၏။

ထိုပွင့်သွားသောတံခါးပေါက်မှ အလွန်အဖိုးတန် တောက်ပြောင်သောဝတ်ရုံကိုဝတ်ဆင်ထားသည့်ကျူးယိလင်သည် ညှိခန်းဆောင်အတွင်းသို့ခြေလှမ်းမှန်မှန်ဖြင့်ဝင်ရောက်လာသည်။

ကျူးယိလင်သည် ကြွရောက်လာကြသောညှိသည်များကိုတစ်ချက်ဝေ့ကြည့်ကာ စတင်နှုတ်ဆက်လိုက်လေ၏။

"အခုလိုကြွရောက်ချီးမြှင့်ကြတဲ့အတွက် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းကို ကျွန်တော်ကျေးဇူးအထူးတင်ရှိပါတယ်ဗျာ၊ လူကြီးမင်းတို့ကြွရောက်လာတဲ့အတွက်လဲ ကျွန်တော်အလွန်ဂုဏ်ယူဝမ်းမြောက်ပါတယ်ခင်ဗျာ"

ကျူးယိလင်က တရင်းတနှီးလေသံဖြင့်ကျေးဇူးတင်စကားပြောပြီးနောက် စားပွဲရှည်ကြီးထိပ်ရှိအရက်ခွက်ကို လက်လှမ်းလိုက်သည်။ ညှိသည်များကလည်း သူတို့ရှေ့ရှိ အရက်ခွက်ကိုမြှောက်ပြီး ညှိသည်များက ကျူးယိလင်အတွက် ဆုမွန်ကောင်းများတောင်းလိုက်ကြလေသည်။

ကျူးယိလင်ကချောင်းတစ်ချက်ဟန့်ပြီး…

"အားလုံးကို ကျေးဇူးတင်စကား ထပ်ပြီးပြောကြားပါရစေခင်ဗျာ"

"ကျွန်တော့်စေတနာအထမြောက်အောင် ကျွန်တော်ရဲ့ညှော်ခံကျွေးမွေးမှုကို အားရပါးရသုံးဆောင်ပါ။ အားလုံးပဲ ပျော်ပျော်ပါးပါး စားသောက်ကြပါခင်ဗျာ"

ကျူးယီလင်က ညှော်သည်အားလုံးကိုပြုံးရွှင်စွာပြောရင်း သူ့လက်ထဲရှိအရက်ခွက်ကိုသောက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

"ထောက်"

တိုးညင်းသောလေတိုးသံနှင့်အတူ ကျူးယီလင်၏အရက်ခွက်ထဲသို့ တစ်စုံတစ်ခုရိပ်ခနဲကျရောက်လာလေသည်။

ရုတ်တရက်ဖြစ်ပေါ်လာသောအခြေအနေကြောင့် ကျူးယီလင် ထိတ်လန့်သလိုဖြစ်သွားပြီး အရက်ခွက်ကိုသေချာစွာကြည့်လိုက်သည်။ အရက်ခွက်အတွင်း၌ စက္ကူအလံလေးတစ်ခုကျနေသည်။

စက္ကူအလံပေါ်တွင် စာများရေးသားထားသည်။

မည်သည့်နေရာကမည်သို့ရောက်ရှိလာသည်မသိဘဲ အရက်ခွက်ထဲသို့ သေချာစွာစိုက်ထည့်ထားသကဲ့သို့ဖြစ်နေသောအလံလေးကိုကြည့်ပြီး ကျူးယီလင်မျက်မှောင်ကြုတ်သွားလေသည်။

ကျူးယီလင်၏အနီးနား၌ရှိသောအရင်းနှီးဆုံး မိတ်ဆွေဖြစ်သည့်ဝတ်ရုံညိုဝတ်လူနှစ်ယောက်မှာအံ့ဩလွန်းသဖြင့် သတိလက်လွတ်မတတ်ဖြစ်ကာ ဆတ်ခနဲမတ်တတ်ရပ်လိုက်ကြပြီး....



စက္ကူအလံလေးကို မျက်လုံးအပြူးသားဖြင့်ကြည့်လိုက်မိကြ၏။ လုံးဝမဖြစ်နိုင်သောအခြေအနေမျိုးမှာ ရောက်ရှိလာသည့် စက္ကူအလံကိုကြည့်ပြီး ထိုအလံကိုအသုံးပြုလိုက်သူမှာ သိုင်းပညာ အလွန်ထက်မြက်သည့်သိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း တွက်ဆမိလိုက်ကြသည်။

"ကျူးယီလင် အလံလေးဘယ်လိုရောက်လာတာလဲ"

ကျူးယီလင်၏ညာဘက်မှသူဌေးကြီးမိုဆိုသူက မေးလိုက်ခြင်းဖြစ်သည်။ သူဌေးကြီးမိုသည် ကျူးယီလင်၏အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်သည်။

"အင်း...."

ကျူးယီလင်သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်.... စိတ်မသက်မသာဖြင့် ခေါင်းကိုဖြည်းညင်းစွာ တစ်ချက်ခါပြလိုက်၏။ ညှော်ခန်းဆောင်အတွင်းရောက်ရှိနေကြသော သိုင်းသမားများသည်လည်း အလံအသုံးပြုသူ လှုပ်ရှားလာမည့်အရိပ်အခြည်ကို ·အဆက်မပြတ်အကဲခတ်နေသည်။

သူတို့ကိုယ်တိုင်ကလည်း အလံပစ်လိုက်သူမှာ အဆင့်မြင့်ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဟုသိလိုက်ကြပြီး ကျူးယီလင်၏ အရက်ခွက်အတွင်းသို့ စက္ကူအလံရောက်ရှိအောင် မည်သို့မည်ပုံပစ်လိုက်သည်ကို စဉ်းစားမရနိုင်လောက်အောင်ဖြစ်နေကြလေသည်။

ကျူးယိလင်သည် စက္ကူအလံလေးကိုကြည့်ပြီးထိုအလံပေါ်တွင်ရေးသားထားသောစာကိုဖတ်လိုက်လေသည်။

"သေမင်းအမိန့်....

ကျူးယိလင်....

(၈)လပိုင်း၊ ၁၃ ရက်နေ့"

စာဖတ်ပြီးသောအခါ ကျူးယိလင်၏မျက်နှာကွက်ခနဲပျက်သွားပြီး ရင်ထဲ၌လှုပ်ရှားသွားသည်။ ကျူးယိလင်အနီးမှလူများသည် ကျူးယိလင်၏မျက်နှာကိုအကဲခတ်ပြီး စက္ကူအလံ၌ထူးခြားမှု တစ်စုံတစ်ရာရှိမည်ဟုတွက်ဆမိလိုက်ကြလေသည်။

ဝတ်စုံပြာနှင့်အဘိုးအိုတစ်ယောက်က....

"ကျူးယိလင်... ဒီအလံလေးရောက်လာပုံကိုကြည့်ပြီး အလံပိုင်ရှင်ဟာ တော်ရုံတန်ရုံလူမဟုတ်ဘူးဆိုတာခန့်မှန်းလို့ရတယ်၊ အလံပေါ်မှာ ဘာစာတွေများရေးထားသလဲ"

ထိုအခါ နောက်တစ်ယောက်ကလည်း သူ၏ထင်မြင်ယူဆချက်ကိုဝင်ပြောလေသည်။

"ကျူးယိလင်... ဒီကိစ္စကိုပေါ့ပေါ့တန်တန်သဘောထားလို့တော့ မရဘူးထင်တယ်"

"ကျူးယိလင် အလံပေါ်မှာ ဘာတွေများရေးထားသလဲဗျ ကျုပ်တို့သိခွင့်ရမယ်ဆိုရင်တော့ပြောပြပါ"



ကျူးယိလင်၏မိတ်ဆွေများကဝိုင်းဝန်း၍သတိပေးရင်း မေးမြန်းကြသည်။ ကျူးယိလင်မှာ သူရဲဘောကြောင်သူတစ်ယောက်မဟုတ်ပါ။

သို့သော် ထိုစာကိုဖတ်လိုက်ရသောအခါ ရင်ထဲ၌တစ်ချက်လှုပ်ရှားသွားသည်။ ကျူးယိလင်သည် လက်ထဲရှိအလံလေးကိုကိုင်မြှောက်ပြီး ဧည့်သည်များကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။

ဧည့်သည်များသည် ထူးဆန်းစွာရောက်ရှိလာသောအလံလေးနှင့် အလံပေါ်ရှိထူးခြားမှုတို့ကို လွန်စွာပင် စိတ်ဝင်စားနေကြကြောင်းအကဲခတ်မိသည်။

"အဟမ်း... အဟမ်း"

ကျူးယိလင်ကချောင်းတစ်ချက်ဟန့်လိုက်သည်။

အားလုံးက ကျူးယိလင်ပြောလာမည့်စကားကိုစိတ်ဝင်စားစွာ နားစွင့်နေကြသည်။

"အားလုံး ဒီအလံလေးကိုစိတ်ဝင်စားနေကြမှာပါ၊ ဒီအလံလေးရောက်လာပုံကလဲ ထူးခြားတဲ့အတွက် ကျွန်တော်လဲ အတော်လေးအံ့အားသင့်မိပါတယ်၊ ဒီအလံကိုအသုံးပြုတဲ့လူဟာ သိုင်းပညာအတော်အဆင့်မြင့်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး၊ ဒီအလံပေါ်မှာလဲ ကြားရသူအဖို့ အထူးအဆန်းဖြစ်စေမယ့်စာမျိုး ရေးသားထားပါတယ်"

ကျူးယီလင်က စကားကိုခေတ္တရပ်ပြီး ညှော်ခန်းဆောင်တစ်ခုလုံးကိုဝေ့ကြည့်လိုက်သည်။ လူအားလုံး၏ဦးခေါင်းများ ရှေ့သို့တိုးလာသည်ဟု ကျူးယီလင်ထင်မိလိုက်သည်။

"အလ်ပေါ်မှာရေးသားထားတဲ့စာကတော့ သေမင်းအမိန့် ကျူးယီလင် (၈)လပိုင်း (၁၃)ရက်ဆိုတာပါပဲခင်ဗျာ"

"ဟာ ဘယ်လိုစာမျိုးလဲ၊ ဒီလိုစာမျိုးတစ်ခါမှမကြားဖူးဘူး"

"တော်တော်လာတဲ့လူပဲ သူ့ကိုယ်သူ သေမင်းများအောက်မေ့နေသလားမသိဘူး"

"အေးဗျာ… မြှိမ်းခြောက်တာကလဲ ကြီးကျယ်လိုက်တာ၊ ကျူးယီလင်ကလဲ နှယ်နှယ်ရရပုဂ္ဂိုလ်မှတ်လို့"

ညှော်ခန်းဆောင်အတွင်း၌ တစ်ယောက်တစ်ပေါက်ပြောဆိုသံများထွက်ပေါ်လာသည်။

"ဒီကနေ့ဟာ ကျွန်တော့်ရဲ့မွေးနေ့ ရှစ်လပိုင်း၊ ၁၀ ရက်နေ့ပါပဲ၊ ဒီစာအရဆိုရင် ကျွန်တော်ဟာ နောက်သုံးရက်ကြာရင် သေရပါတော့မယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ အားလုံးဝိုင်းဝန်းအကြံပေးကြစေလိုပါတယ်"

"ဟား… ဟား… ဟား ကျူးယီလင် ခင်ဗျားကိုခြိမ်းခြောက်တဲ့လူဟာစိတ်မှကောင်းရဲ့လားမသိဘူး။ သူ့လုပ်ပုံက အတော့်ကိုရယ်စရာကောင်းနေတယ်"



မုတ်ဆိတ်မွေးထူလဗျစ်နှင့် ဗလကောင်းကောင်းနှင့်လူတစ်ယောက်က အသေးအဖွဲ့ကိစ္စတစ်ခုပမာ ရယ်သွမ်းသွေး၍ပြောလိုက်လေသည်။

❁❁❁

"ကိုးလောင်းကွေ့မုတ်ဆိတ်ကတော့ သူ့မကြုံဘူးလို့ ပေါ့ပေါ့တန်တန်ပြောနေလိုက်တာ၊ အလ်လေးကိုပစ်လိုက်တဲ့ပညာက အိပ်အဆင့်မြင့်တဲ့သိုင်းသမားမှတတ်ကျွမ်းနိုင်တာ၊ ကျွန်တော်တို့ဘောင် ဒီလိုဖြစ်အောင်လုပ်နိုင်မှာမဟုတ်ဘူး"

"ကိုလတ်ပြောတာမှန်တယ်… အလ်ပိုင်ရှင်နဲ့ကျူးယီလင်တို့ဘယ်လိုပြဿနာရှိခဲ့လဲမသိဘူး၊ သူသတ်မယ်ဆိုရင် ကျူးယီလင်ကိုသတ်နိုင်မယ်လို့ငါထင်တယ်၊ ဒါပေမဲ့ လွယ်တော့မလွယ်ဘူး"

"ဟုတ်တယ်ကိုကြီး သိုင်းလောကမှာဒီလိုထူးဆန်းတဲ့အဖြစ်မျိုး တကယ်ဖြစ်လာမယ်ဆိုရင်တော့ ရင်လေးစရာကောင်းတာပဲ"

"ကြိုတင်သတိပေးပြီးမှသတ်မယ်ဆိုတော့ လူသတ်သမားရဲ့စိတ်ဓာတ်ကအတော်လေးထူးဆန်းတယ်"

"သူ့မှာလဲ ပိုင်လောက်တဲ့အနေအထားမျိုးရှိနေတယ်နဲ့တူပါတယ်ကိုကြီးရာ"

"အေး"

ပျံလွှားညီနောင်သုံးယောက်က ကျူးယိလင်နှင့်ပတ်သက်ပြီး အချင်းချင်းတိုးတိုးတိတ်တိတ်ပြောဆိုထင်မြင်ချက်ပေးနေကြခြင်းဖြစ်သည်။ အခြားလူများလည်း ကိုယ့်အုပ်စုနှင့်ကိုယ် မိမိတို့၏ထင်မြင်ချက်ကိုပြောဆိုနေကြသည်။

ထိုစဉ်....

ကျူးယိလင်၏အသံထွက်ပေါ်လာသည်။

"အားလုံးပဲ အခုအခြေအနေကို တွက်ဆပြီးဖြစ်ပါလိမ့်မယ်၊ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုခြိမ်းခြောက်မှုမျိုးကိုလုံးဝမတုန်လှုပ်နိုင်ပါဘူး"

"ဟုတ်တယ်... ခင်ဗျားလိုလူ ကျူပ်လိုလူမျိုးကတော့ ဒီလိုခြိမ်းခြောက်မှုမျိုးကိုစကားထဲတောင် ထည့်ပြောမှာမဟုတ်ဘူး"

ကိုးလောင်းကွေ့မှတ်ဆိတ်ကြီးက အော်ကြီးဟစ်ကျယ်ပင်ထောက်ခံပြောဆိုလိုက်သည်။

ဝတ်ရုံပြာဝတ်အဘိုးအိုသည် ကိုးလောင်းကွေ့မှတ်ဆိတ်ကိုတစ်ချက်ကြည့်ပြီး ကျူးယိလင်ဘက်သို့ပြန်လှည့်လိုက်သည်။

"ကျူးယိလင်ဆက်ပြောပါ"

ကျူးယိလင် ခေါင်းညိတ်ကာ....

"ပထမဦးဆုံး ကျွန်တော်မြင်သလောက်ပြောရရင်တော့ စာထဲမှာထူးခြားမှုလေးရှိပါတယ်၊ အဲဒါ ဘာလဲဆိုတော့ ခေါင်းစည်း



းလေးရေးထားတဲ့သေမင်းအမိန့်စာပါပဲ၊ သေမင်းမိန့်ဆိုတာကိုဖတ်လိုက်ရတော့ ကျွန်တော်တို့သိုင်းလောကကလူတွေ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့အဆိပ်ပါရဂူထုံဖေချင်းကိုသတိရမိပါတယ်"

ကျူးယိလင်၏စကားကိုကြားလိုက်ရသောအခါ...

ညွှန်ခန်းဆောင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။ အားလုံး၏အကြားအာရုံတွင် အဆိပ်ပါရဂူထုံဖေချင်း၏အမည်ကို ထပ်ခါတလဲလဲကြားနေရသည်။

ခဏကြာမှ....

"ကျူးယိလင် ဒီအလံလေးဟာ အဆိပ်ပါရဂူထုံဖေချင်းရဲ့လက်ချက်လို့ ခင်ဗျားထင်သလား"

ညွှေ့သည်များထဲမှတစ်ယောက်ကမေးလိုက်၏။

ညွှန်ခန်းဆောင်မှာလည်း အနည်းငယ်ပြန်လည်အသက်ဝင်လာလေသည်။

ကျူးယိလင်က ခေါင်းကိုအသာအယာခါယမ်းလိုက်သည်။

"ကျွန်တော့်အနေနဲ့ကတော့ ဘယ်သူဘယ်ဝါရယ်လို့ မထင်တတ်အောင်ပါပဲ"

"ခင်ဗျားတို့နှစ်ယောက်ကြားမှာပြဿနာဖြစ်ခဲ့ဖူးလား"

"မရှိခဲ့ပါဘူး"

"ဒါဆိုရင်တော့ ထုံဖေချင်းကိုယ်တိုင်ဟုတ်မယ်မထင်ဘူး။

အင်း… ဖြစ်နိုင်တာကတော့ ခင်ဗျားနဲ့ပြဿနာရှိခဲ့တဲ့လူတစ်ယောက် ဟာ ထုံဖေချင်းနဲ့ပတ်သက်ရာပတ်သက်ကြောင်းဖြစ်ပြီး ထုံဖေချင်း အွဲ့ကိုအသုံးချလိုက်တာပဲဖြစ်မယ်လို့ကျုပ်ထင်တယ်"

ကျူးယိလင်ကခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားတွက်ဆနေလေသည်။ လေဝဲဓားတုဖိန်းက….

"စောစောက နောင်ကြီးပြောသွားတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ထုံဖေချင်းဟာ စိတ်ဓာတ်မှန်တဲ့လူတစ်ယောက်မဟုတ်ဘူးဆိုတာကိုတော့သတိရစေချင်တယ်၊ ဒီကိစ္စဟာ ထုံဖေချင်းလက်ချက်လို့ထင်ရင် ဒီအချက်ကိုပါထည့်စဉ်းစားရလိမ့်မယ်"

"ဟုတ်တယ်ဗျို့… ထုံဖေချင်းဟာ သိုင်းလောကကပျောက်သွားတာကြာပြီဖြစ်ပေမဲ့ သူ့မပျောက်ခင် သူ့အကြောင်း တစ်နေ့ကျရင်ပြမယ်လို့ကြုံးဝါးခဲ့တယ်၊ ကျုပ်အသေအချာကြားခဲ့တယ်"

ကျူးယိလင်မျက်မှောင်ကြုတ်သွားသည်။

"ဒါဆိုရင် ထုံဖေချင်းဟာ သိုင်းလောက‚ကလူတွေကို စိတ်နာသွားတဲ့သဘောပဲပေါ့"

"ဟုတ်တယ်… နဂိုကလည်း စိတ်ဓာတ်ကမှုမမှန်ဖြစ်နေတာ၊ ဂိုဏ်းချုပ်ကြီးတွေက သူ့ကိုတစ်ခုခုလုပ်ဖို့ဆွေးနွေးတိုင်ပင်နေတယ်ဆိုတာကိုသိသွားတော့ အားလုံးကိုရန်သူလိုသဘောထားခဲ့မှာပေါ့၊ သူသာစိတ်မှန်တဲ့လူဆိုရင် ဂိုဏ်းချုပ်တွေနဲ့ တိုင်ပင်ဆွေးနွေး



…ဘ သူ့အတွက်ရောအများအတွက်ပါ အကျိုးရှိမဲ့မှန်ကန်တဲ့လုပ်ရပ်…်းသိသွားမှာပဲ"

"ခင်ဗျားတို့က ဒီအလံကိစ္စကိုသိုင်းလောက‚ကပျောက်သွား…ထုံဖေချင်းရဲ့လက်ချက်ကြောင့်လို့ထင်နေကြသလား"

ဝင်ရောက်ပြောဆိုသူမှာ ခရမ်းရောင်သုံးမြှောင့်ဓားသမား…့မိန်ဖြစ်သည်။ အားလုံးက ကို့မိန်ကြည့်လိုက်သည်။

လေဝဲဓားတုဖိန်းက….

"ကျုပ်တို့ကတော့ ဖြစ်နိုင်ချေရှိတာတွေကိုဆွဲပြီး ကောက်…က်ချကြည့်တာပါ၊ အတိအကျတော့မပြောရဲပါဘူး၊ ဒီကရောင်းရင်း…ကော ဘယ်လိုထင်မြင်ပါသလဲ"

ခရမ်းရောင်သုံးမြှောင့်ဓားကို့မိန်က….

"ခင်ဗျားတို့ရဲ့တွက်ဆချက်ကလည်း အကျိုးအကြောင်းညီလျော်ပါတယ်၊ ကျုပ်စဉ်းစားမိတဲ့အချက်ကတော့ ကျူးယိယင်ကိုမလိုမုန်းထားတဲ့လူတစ်ယောက်က ဒီလိုဂုဏ်ယူစရာမင်္ဂလာရှိတဲ့အချိန်မျိုးမှာတမင်အနှောင့်အယှက်ပေးပြီး ကျူးယိလင်မျက်နှာပျက်အောင် သိက္ခာကျအောင် အရှက်ရအောင်လုပ်တာကော မဖြစ်နိုင်ဘူးလား"

"ဟာ ဒါလဲဖြစ်နိုင်တာပဲ၊ ကျုပ်တို့ ဒီအချက်ကို လုံးလုံးသတိမရကြဘူး"

ကိုးလောင်းကွေ့မုတ်ဆိတ်ကြီးက အော်ကြီးဟစ်ကျယ်ဖြင့် ထောက်ခံပြောဆိုလိုက်ခြင်းဖြစ်၏။

ရေးကြီးခွင်ကျယ်ပြောဆိုနေကြသော လူများအားလုံးပင် ခရမ်းရောင်သုံးမြှောင့်စားကို့မိန်၏ထောက်ပြချက်ကို လက်ခံသဘော ကျသွားကြသည်။

ကျူးယိလင်လည်း ယခုမှစိတ်သက်သာရာရသွားပြီး ရင်ထဲ အနည်းငယ်ပေါ့ပါးသွားတော့သည်။

❀❀❀



"ကဲ... ကဲ... အနှောင့်အယှက်မထင်မှတ်ဘဲ ဝင်ရောက်လာ တာကြောင့် ဧည့်သည်တော်များကိုအားနာစရာကောင်းနေပြီ... ဒီ ပွဲကိုမေ့ထားလိုက်ကြပါ၊ အစားအသောက်တွေမအေးခင် အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့စားသောက်ကြပါခင်ဗျာ"

ကျူးယိလင်သည် ဧည့်သည်အားလုံးကို ပျော်ပျော်ပါးပါး ဆောင်ရန်ပြောပြီး သူကိုယ်တိုင်လည်း လက်ထဲရှိအရက်ခွက်ကို သောက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ် ကျူးယိလင်ဘေးနားရှိဝတ်ရုံညိုဝတ်လူတစ်ယောက် ခနဲထွက်လာပြီး ပါးစပ်နားရောက်နေသောအရက်ခွက်ကို ဖျတ် ခနဲလုယူလိုက်၏။

ကျူးယိလင်မှာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားလေ သည်။ ဝတ်ရုံညို၏အပြုအမူကို သူနားမလည်ပေ။ လူအားလုံးက လည်း ကျူးယိလင်တို့ကိုကြည့်လိုက်မိကြ၏။ ဝတ်ရုံညိုနှင့်လူက....

"ကျူးယိလင် ဘာပဲဖြစ်ဖြစ် သတိမလွှတ်ပါစေနဲ့၊ ဒီအလံ လေးမှာအဆိပ်သုတ်မထားဘူးလို့ ဘယ်သူအတပ်ပြောနိုင်မှာလဲ၊ တ ကယ်လို့ အလံမှာအဆိပ်ပါရင် ခွက်ထဲကအရက်တွေဟာ အဆိပ်တွေ ဖြစ်နေလိမ့်မယ်"

"ဟာ... ဟုတ်သားပဲ၊ ကျုပ် သတိလက်လွှတ်ဖြစ်သွားတယ် ဗျာ၊ ကျေးဇူးပဲနောင်ကြီး"

"မလိုပါဘူးကွာ... အချင်းချင်းတွေပဲ၊ ကဲ... ရော့ဟော့ ဒီ
ရက်ခွက်ကိုမဖိတ်စင်အောင်ဂရုစိုက်ကိုင်ပြီး အန္တရာယ်ကင်းမဲ့နေ
မှာသွားသွန်လိုက်"

ဝတ်ရုံညိုနှင့်လူကပြောရင်း တစ်ဆက်တည်းမှာပင် အရေ
ခွက်ကို အိမ်ဖော်တစ်ယောက်အား ပေးလိုက်သည်။ ဧည့်သည်များ
အားလုံး ဝတ်ရုံညိုနှင့်လူ၏အပြုအမူကိုနားလည်သဘောပေါက်သွ
ဟန်ဖြင့် ခေါင်းတညိတ်ညိတ်ဖြစ်ကုန်ကြလေသည်။

ထို့နောက်တွင်ကား ဧည့်ခန်းတစ်ခုလုံး ပြောဆိုစားသော
သံများဖြင့်ဆူညံသွားလေတော့၏။

✤✤✤



စီချန်မြို့လယ်လမ်းမပေါ်တွင် လူငယ်နှစ်ဦးစကားတပြော
ပြောဖြင့်လမ်းလျှောက်လာကြ၏။

၎င်းတို့နှစ်ဦးအနက် တစ်ဦးက....

"ဟေ့ကောင် မင်းကြားပြီးပြီလား"

"ဘာကြားရမှာလဲကွ"

"ဟို ကျန်းနန်မြို့ကကျင်းမိန်ဂေဟာရှင်သူဌေးကြီးကျူးယိ
လင်ကို ဘယ်လဘယ်ရက်မှာသေရမယ်လို့ကြိုအသိပေးထားတဲ့ကိစ္စ
လေကွာ"

"ဟာ... ဒီကိစ္စမကြားသိဘဲနေမလားကိုယ့်လူ၊ လူတိုင်း လူ
တိုင်းက ဒီအကြောင်းပဲပြောနေကြတဲ့ဟာ"

"အေး... ကြားရတဲ့သတင်းက အထူးအဆန်းဖြစ်နေတော့
စကားပြောတတ်စကလေးတောင် ဒီအကြောင်းမပါရင် မပြီးဘူးဖြစ်
နေတယ်"

"ဟုတ်ကော ဟုတ်ပါ့မလားကွာ၊ ကျူးယိလင်ဟာ သာမန်
သူမှမဟုတ်ဘဲ အရှိန်အဝါကောင်းတဲ့မြို့မျက်နှာဖုံးတစ်ယောက်ပဲ"

"ဒါတော့မပြောတတ်ဘူးကွ၊ တစ်ဖက်ကလဲ ကြိုတင်အသိ
ပေးပြီးမှသတ်မယ်ဆိုတော့ တော်ရုံပုဂ္ဂိုလ်မဟုတ်ဘူးနဲ့တူတယ်"

"ကဲပါကွာ သူတို့ဘာတွေပြဿနာရှိမှန်းမှမသိဘဲ၊ အချိန်က
စကားပြောလာမှာပေါ့၊ ဒီနေ့ဟာ လဆန်းသုံးရက်ပဲ၊ ကျူးယိလင်ရဲ့

ကိစ္စ မနက်ဖြန်မှာအတိအကျအဖြေထွက်လာပါလိမ့်မယ်၊ လောလော ဆယ်တော့ တို့မနက်စာသွားစားကြရအောင်"

"အေး... အဲဒါအကောင်းဆုံးပဲ"

ပြောဆိုရင်း လျှောက်လာကြသောလူနှယ်နှစ်ယောက်သည် စားသောက်ဆိုင်များရှိရာလမ်းဘက်သို့ ချိုးကွေ့ဝင်ရောက်ပျောက် ကွယ်သွားလေတော့၏။

❀❀❀



ကျူးလီယင်၏သေမင်းအဆိပ်အမိန့်စာသတင်းမှာ...

တစ်ရက်နှစ်ရက်အတွင်း ကျုန်းနန်မြို့တွင်သာမက အခြား မြို့များသို့ပင် တောမီးပမာလျှင်မြန်စွာပျံ့နှံ့သွားခဲ့လေသည်။

လူတိုင်းပါးစပ်များတွင်လည်း ထိုအကြောင်းနှင့်ပတ်သက် ၍ပြောဆိုနေကြသည်။

အချို့လူများက ဖြစ်နိုင်မဖြစ်နိုင်ဆိုသောကိစ္စကို ငြင်းခုန် ချက်ရှိကြသည်။ သိုင်းလောကသားအားလုံးမှာ နောက်တစ်နေ့သို့ အမြန်ရောက်ရန်ဆန္ဒစောနေကြသည်။

အနယ်နယ်အရပ်ရပ်မှ စပ်စပ်စုစုစိတ်ဝင်စားသူများ တဖွဲဖွဲ ရောက်ရှိလာသဖြင့် ကျုန်းနန်မြို့မှာ နေ့ညမပြတ်လူစည်ကားနေလေ တော့သည်။

တည်းခိုခန်းနှင့် စားသောက်ဆိုင်ပိုင်ရှင်များ၏မျက်နှာများ ဝင်းဝင်းတထိန်ထိန်ဖြစ်နေကြသည်။ နောက်ပြောင်သည်ဖြစ်စေ ကယ်ပင်ဖြစ်စေ ထိုကိစ္စကိုအစပြုလိုက်သူအား ကြိမ်ဖန်၍ကျေးဇူး င်မိလေသည်။

ကျင်းမိန်ဂေဟာရှင် ကျူးယီလင်မှာလည်း ဂေဟာလုံခြုံရေး ကိုဂရုတစိုက်တိုးမြှင့်၍ချထားသည်။ သူကိုယ်တိုင်လည်း လျှို့ဝှက်ခန်း သဲတွင်နေထိုင်လျက် မမြင်တွေ့ရသောရန်သူ၏အန္တရာယ်ကို ကြိုတင် ကာကွယ်ထားလေသည်။

ကျူးယိလင်၏လုံခြုံရေးအစောင့်သိုင်းသမားများနှင့် အခြားခင်မင်ရင်းနှီးသောမိတ်ဆွေထိပ်သီးသိုင်းသမားများသည် ....

ကျင်းမိန်ဂေဟာနှင့်ဆယ်မိုင်ပတ်ဝန်းကျင်သို့ ဖြန့်ကြက်စုံစမ်း၍ ရန်သူ၏လှုပ်ရှားမှုကိုစောင့်ကြည့်လျက်ရှိနေကြလေသည်။

❀❀❀

အချိန်သည် တဖြည်းဖြည်းကုန်လွန်လာသည်။

(၈)လပိုင်း (၁၃)ရက်နေ့ ကုန်ဆုံးလွန်မြောက်ရန်အချိန်အားဖြင့် တစ်စိတ်တစ်ပိုင်းမျှသာလိုတော့သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ညဝက်မျှသာလိုတော့သည်။

ကျူးယိလင်သည် ညစာစားသောက်ပြီး အေးအေးဆေးဆေး အနားယူလျက်ရှိနေသည်။

သူလက်ရှိနေထိုင်သောလျှို့ဝှက်သီးသန့်ခန်းမှာ လုံခြုံရေးအတွက် လွန်စွာစိတ်ချရသောအခန်းဖြစ်သည်။

ထိုအခန်းကိုသိသူမှာ သူနှင့်အဘိုးအိုကောင်းလီတို့သာရှိပေသည်။ အဘိုးအိုကောင်းလီသည် ကျူးယိလင်မိဘများလက်ထက်ကတည်းကအမှုထမ်းလာခဲ့သော သစ္စာရှိလူယုံတော်တစ်ယောက်ဖြစ်သည်။ ယခု သူသည် ထမင်းစားခန်းထဲတွင် ညစာစားသောက်လျက်ရှိနေ၏။



သူသည် လျှို့ဝှက်သီးသန့်ခန်းအတွင်းရှိ ကျူးယိလင်အတွက်စိုးရိမ်စိတ်ဝင်နေသဖြင့် ထမင်းကိုကောင်းစွာစားသောက်နိုင်ခြင်းမရှိချေ။ ကျူးယိလင်အတွက် ကာကွယ်ကူညီပေးမည့် ကျင်းမိန်ဂေဟာအနီးအဝေးရှိသိုင်းသမားများသည်လည်း မျက်စိနှင့်နားကိုအစွမ်းကုန်ဖွင့်လျက် ပို၍ပို၍ဂရုစိုက်စောင့်ကြပ်နေကြလေသည်။

ဤမျှသာမကသေးပါ။ ကျန်းနန်မြို့ခံလူများနှင့် ရပ်ဝေးရပ်နီးမှလာရောက်ကြသူများကလည်း အချိန်မြန်မြန်ကုန်ဆုံးစေရန် ဆုတောင်းပြီးအိပ်မပျော်နိုင်ဘဲရှိနေကြသည်။ ယင်းသို့ဖြင့် တဖြည်းဖြည်းညဉ့်နက်ပိုင်းသို့ရောက်ရှိလာလေ၏။ ကျန်းနန်တစ်မြို့လုံး တိတ်ဆိတ်မှုသာကြီးစိုးလွှမ်းမိုးနေလေတော့သည်။

ကျင်းမိန်ဂေဟာကြီးတစ်ခုလုံး မီးရောင်များထိန်လင်းလျက်ရှိနေ၏။ ဂေဟာပတ်ပတ်လည်တွင် ဝန်းရံစောင့်ကြပ်နေကြသော အစောင့်များမှာ အဆင့်အလွန်မြင့်သောသိုင်းပညာရှင်များဖြစ်ကြသဖြင့် သူတို့၏လှုပ်ရှားမှုမှာ အသံလုံးဝမထွက်ပါ။

ထို့ကြောင့် ညသည် တိတ်ဆိတ်ငြိမ်သက်ကာ ချောက်ချားဖွယ်ရာကောင်းနေပေတော့၏။

❀❀❀

ရှစ်လပိုင်းဆယ့်လေးရက်နေ့…

အရုဏ်ဦးလင်းရောင်ခြည်များသည် ကျန်းနန်မြို့တစ်မြို့လုံး ဖြန့်ကြက်ထားလေသည်။ ကျန်းနန်မြို့ရှိလမ်းတိုင်းတွင် ဟိုလျှောက် သည်လျှောက်လုပ်နေသောလူများဖြင့်ပြည့်နှက်နေသည်။

ကျန်းနန်မြို့ကြီး စောစီးစွာနိုးကြားနေခြင်းပင်ဖြစ်ပေသည်။ ကျင်းမိန်ဂေဟာကြီးတွင် ဧည့်သည်များက စုံလှနေသည်။ အဘိုးအို ကောင်းလီ ကျင်းမိန်ဂေဟာ၏မိသားစုသမားတော်ကြီးရီဖန်းအပြင် ကျူးယီလင်နှင့်ရင်းနှီးသောထိပ်တန်းသိုင်းဆရာကြီးစသည်ဖြင့် လူစုံ တက်စုံရှိနေသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ ဘဲငြိမ်နေကြ၏။ ထိုအထဲတွင် တဖြည်းဖြည်းဂနာမငြိမ်ဖြစ်လာသူမှာ အဘိုးအိုကောင်းလီဖြစ်သည်။

နေအတော်မြင့်လာပြီဖြစ်သော်လည်း… ကျူးယီလင် အပြင် ထွက်လာခြင်းမရှိသေးသဖြင့်အဘိုးအိုကောင်းလီသည် ကျူးယီလင် အတွက်စိုးရိမ်စိတ်ဝင်လာသည်။

"ဆရာကြီးရီဖန်း ကျုပ်… ကျုပ်တို့သွားကြည့်ကြရင်ကောင်း မယ်နဲ့တူတယ်"

အဘိုးအိုကောင်းလီ၏ စိုးရိမ်မှုအပြည့်ပါသောစကားသံက တိတ်ဆိတ်မှုကိုဖြိုခွဲလိုက်သည်။



ကျန်လူများမှာ ကျူးယီလင်၏အခြေအနေကိုအစောကြီးက ဘည်းကသိချင်နေသူများဖြစ်ကြ၏။ သို့ရာတွင် ကျူးယီလင်နေထိုင် သောအခန်းက အပြင်လူများမသိစေချင်သောလျှို့ဝှက်သီးသန့်ခန်း ဖြစ်နေသောကြောင့် အလိုက်သိစွာဖြင့်ငြိမ်နေကြခြင်းဖြစ်ပေသည်။

ထိုစဉ်… သမားတော်ကြီးရီဖန်းက အဘိုးအိုကောင်းလီကို ခေါင်းညိတ်ပြလိုက်ရာ အဘိုးအိုကောင်းလီသည် နေရာမှ ရုတ်ခနဲထ ကာ အတွင်းခန်းထဲသို့ခပ်သုတ်သုတ်လှမ်းဝင်ပျောက်ကွယ်သွားလေ သည်။ ကျန်လူအားလုံးမှာ အဘိုးအိုကောင်းလီဝင်ရောက်ပျောက် ကွယ်သွားသည့်အတွင်းခန်းဝင်ပေါက်ဆီသို့ လှမ်းမျှော်ကြည့်ရင်း စောင့်စားကျန်ရစ်ခဲ့ကြလေသည်။

❀❀❀

အဘိုးအိုကောင်းလီသည် ဟိုကွေ့သည်ချိုးဖြင့် လျှို့ဝှက်အခန်းရှိရာသို့ အပြေးတစ်ပိုင်းလျှောက်လာခဲ့သည်။ အခန်းရှေ့ ရောက်သည့်အခါခြေလှမ်းတို့ခနဲရပ်လိုက်၏။ အမောဖြေရန်ပင် သတိမရနိုင်အားဘဲ အခန်းတံခါးကိုသေချာစွာစစ်ဆေးကြည့်ရှုလိုက်သည်။

လျှို့ဝှက်သီးသန့်ခန်းသည် သူသေချာစွာပိတ်ထားခဲ့သည့်အတိုင်း ခြေရာလက်ရာမပျက်ဘဲရှိနေသည်။ အခန်းထဲသို့ဝင်ထွက်ရန် ထိုတံခါးပေါက်တစ်ခုတည်းသာကိုသာသုံးရမည်ဖြစ်၏။

ထိုတံခါးပေါက်မှလွဲ၍ အခြားမည်သည့်နေရာကမှ အခန်းထဲဝင်စရာလမ်းမရှိပေ။ သို့သော် ယခုအချိန်အထိ ထိုတံခါးပေါက်မှ နေ၍ ကျူးယိလင်ထွက်မလာသေးချေ။

အဘယ့်ကြောင့်ထွက်မလာရပါသနည်း။

အဘိုးအိုကောင်းလီမှာစဉ်းစားရကျပ်သွားလေသည်။

“ဒေါက်… ဒေါက်… ဒေါက်… ဒေါက်”

“သခင်ကြီး… သခင်ကြီး”

အဘိုးအိုကောင်းလီက တံခါးခေါက်ရင်းအော်ခေါ်လိုက်၏။ အတွင်းဘက်မှမည်သည့်တုံ့ပြန်သံမှထွက်မလာပါ။

ကျူးယိလင်သည် မည်သည့်အခါမှုနေမြင့်အောင်အိပ်လေ့အိပ်ထရှိသူ မဟုတ်ပါ။ ယခုမူ အသံပေးခေါ်နိုးသည့်တိုင် မည်သည့်တုံ့ပြန်မှုမကြားရဘဲရှိသည်။



“ဒေါက် …. ဒေါက်”

“သခင်ကြီး …. သခင်ကြီးနိုးနေပြီလား”

အဘိုးအိုကောင်းလီကတံခါးကို ထပ်မံခေါက်နှိုးလိုက်သည်။ အတန်ကြာစောင့်ဆိုင်းနေသည်တိုင် အခြေအနေက ထူးခြား၍မလာသဖြင့် အဘိုးအိုကောင်းလီသည် အတွေအထူးစဉ်းစားမနေတော့ဘဲ အသင့်ပါလာသောသော့ဖြင့် လျှို့ဝှက်သီးသန့်ခန်းတံခါးပေါက်ကို အမှတ်အသားအတိုင်း လှည့်ဖွင့်လိုက်သည်။

သော့ပွင့်သွားသောအခါ အခန်းတံခါးကိုအသံမမြည်အောင်အသာဟလျက် အခန်းထဲသို့အဘိုးအိုကောင်းလီ ဝင်လိုက်လေတော့သည်။ အခန်းထဲရှိအိပ်ရာပေါ်တွင် ကျူးယိလင်မှာ ငြိမ်သက်စွာလဲလျောင်းလျက်ရှိသည်။ သူ၏မျက်နှာမှာ လွန်စွာအေးချမ်းတည်ငြိမ်လျက်ရှိသည်။ လူကတော့တုတ်တုတ်မျှမလှုပ်။ အိပ်မောကျနေသည့်အလားရှိသည်။

အဘိုးအိုကောင်းလီသည် သံသယအတွေးဖြင့် အိပ်ရာနားသို့မဝံ့မရဲတိုးကပ်သွားသည်။ မျက်လုံးအစုံကမူ ကျူးယိလင်အားမျက်တောင်မခတ်စူးစိုက်ကြည့်နေသည်။ အဘိုးအိုကောင်းလီမှာ သူဝင်လာကတည်းက ကျူးယိလင်အသက်ရှူသည်ကိုမတွေ့ရသဖြင့် ရင်တထိတ်ထိတ်ဖြစ်နေသည်။

သူ၏စိတ်ထဲတွင် လေးလံသလိုခံစားနေရသည်။

အဘိုးအိုကောင်းလီသည် ကျူးယီလင်ခုတင်ဘေးတွင် ရပ်လိုက်ပြီး ဖြစ်ချင်ရာဖြစ်ဆိုသည့်သဘောဖြင့် ကျူးယီလင်၏လက်ကို တဖြည်းဖြည်းလှမ်းကိုင်လိုက်၏။

"အမယ်လေး"

ထိတ်လန့်တကြားအော်ရင်း အဘိုးအိုကောင်းလီနောက်သို့ ကမန်းကတန်းဆုတ်လိုက်၏။ ကျူးယီလင်၏လက်ကိုလည်းဆုပ်ကိုင်ထားရာမှပြန်လွှတ်ချလိုက်၏။ အဘိုးအိုကောင်းလီ၏မျက်နှာ တစ်ခုလုံးမှာသွေးဆုတ်ကာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သူကိုင်မိလိုက်သော ကျူးယီလင်၏လက်မှာသားရေပျော့တစ်ခုအလား အရိုးအဆစ်များမရှိဘဲပျော့တိပျော့ဖတ်ကြီးဖြစ်နေသည်။ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်ခြင်းစသည်တို့က အဘိုးအိုကောင်းလီ၏မျက်နှာပေါ်တွင်ရောယှက်ကာ ထင်ဟပ်လျက်ရှိသည်။

ခဏကြာမှ အဘိုးအိုကောင်းလီသည် သူ၏စိတ်ကိုပြန်ချုပ်ထိန်းလာနိုင်သည်။ ကျူးယီလင်ကို ထိုအခန်းတွင်ထား၍မဖြစ်နိုင်ကြောင်း သူသဘောပေါက်သည်။ ကျင်းမိန်ဂေဟာ၏လျှို့ဝှက်အခန်းကို တခြားလူများမသိစေချင်ပေ။

အဘိုးအိုကောင်းလီသည် သောကမျိုးစုံခံစားရခြင်းကိုထိန်းချုပ်ကာ ကျူးယီလင်၏အလောင်းကိုအသာပွေ့ထူလိုက်သည်။



ထို့နောက် ကျူးယီလင်၏အလောင်းကိုလျှို့ဝှက်သီးသန့်ခန်းမှထုတ်ကာ အခြားအခန်းတစ်ခုသို့ပြောင်းရွှေ့ပြီး ဧည့်ခန်းဆောင်သို့အပြေးအလွှားပြန်ထွက်လာခဲ့လေသည်။

❀❀❀

ဧည့်ခန်းဆောင်အတွင်း၌ စိတ်တထင့်ထင့်ဖြင့်စောင့်မျှော်နေကြနေကြသောသူများမှာ သွေးဆုတ်ဖြူရော်လျက် အပြေးအလွှားဝင်ရောက်လာသော အဘိုးအိုကောင်းလီကိုမြင်လိုက်သောအခါ ငုန်းခနဲထရပ်လိုက်သည်။

"အဘိုးလီ… ကျူးယီလင်ကိုတွေ့ခဲ့လား"

"ကျူးယီလင် ဘာဖြစ်သလဲ"

"ထူးခြားတဲ့အခြေအနေရှိနေပြီလား"

တစ်ယောက်တစ်ပေါက်ပိုင်းမေးသံက တစ်ပြိုင်တည်းလိုလိုထွက်ပေါ်လာသည်။ အဘိုးအိုကောင်းလီမှာ ချက်ချင်းအဖြေပြန်မပေးနိုင်ဘဲ အမောဖြေလိုက်သည်။

ပြီးမှ….

"သခင်ကြီး… သခင်ကြီးသေပြီ"

"ဟာ"

အာမေဋိတ်သံများ ပြိုင်တူထွက်ပေါ်လာသည်။

အဘိုးအိုကောင်းလီ၏မျက်ဝန်း၌ မျက်ရည်ကြည်များဝေ့ဝဲလာသည်။

“ကျုပ်နောက်လိုက်ခဲ့ကြပါ”

ပြောပြောဆိုဆိုဖြင့် အဘိုးအိုကောင်းလီမှာ ရှေ့မှဦးဆောင်ကာလျှောက်သွားကြသည်။ ကျန်လူအားလုံးမှာ အဘိုးအိုကောင်းလီနောက်မှတန်းစီကာလိုက်ပါသွားကြသည်။ ခဏအကြာတွင် အားလုံးသည် ကျူးယီလင်၏အလောင်းရှိရာအခန်းသို့ရောက်ရှိလာကြသည်။

အားလုံးက သမားတော်ကြီးရီဖန်းကို ဦးစွာကြည့်ရှုခွင့်ပေးလိုက်သည်။ သမားတော်ကြီးရီဖန်းက ကျူးယီလင်၏အလောင်းကိုအနီးကပ်ကြည့်ရှုလျက် လက်ကောက်ဝတ်ကိုလှမ်းကိုင်လိုက်သည်။

“ဘုရားရေ”

အထိတ်တလန့်ဘုရားတသံနှင့်အတူ သမားတော်ကြီးရီဖန်းမှာ ကျူးယီလင်၏လက်ကိုယောင်ယမ်းလွှတ်ချပြီး နောက်သို့ ဆုတ်သွားသည်။

အနီးအပါးမှစိတ်ဝင်တစားကြည့်ရှုနေကြသော သိုင်းဆရာကြီးကလည်း သမားတော်ကြီးရီဖန်း၏အပြုအမူကြောင့်နောက်ဆုတ်လိုက်ကြပြီး သမားတော်ကြီးရီဖန်းကိုတစ်လှည့် အလောင်းကို တစ်လှည့်နားလည်စွာကြည့်နေသည်။

သမားတော်ကြီးရီဖန်းက....



“ခင် ... ခင်ဗျားတို့အလောင်းကိုကိုင်ကြည့်ပါလား”

“ဘာထူးခြားလို့လဲ”

“ပြောရင်ယုံချင်မှယုံမယ်၊ ကိုယ်တိုင်လက်တွေ့သိရအောင် ကိုင်ကြည့်ပါ”

“ကျုပ်တို့လဲစစ်ကြည့်ချင်တာနဲ့အတော်ပဲ”

သိုင်းသမားများအားလုံးသည် အလောင်းအနီးသို့ကိုင်တွယ်ကြည့်လိုက်ကြသည်။

“ဟာ”

“ဟင်”

“ဘုရား ... ဘုရား ... ထူးဆန်းလိုက်တာ”

အာမေဋိတ်သံများဆူညံစွာထွက်ပေါ်လာသည်။ သိုင်းဆရာကြီးများအားလုံး မျက်နှာပျက်နေကြသည်။ တစ်ခါမျှမကြုံဘူးသော ထူးဆန်းသည့်အတွေ့အကြုံကို မျက်ဝါးထင်ထင်တွေ့မြင်နေရသဖြင့် အံ့သြမဆုံးဖြစ်နေကြသည်။

သမားတော်ကြီးရီဖန်းသည် မျက်မှောင်ကြုတ်၍စဉ်းစားနေ၏။ သူ့အနေဖြင့် ကျူးယီလင်ကဲ့သို့လူသေမျိုးကို တစ်ခါမျှမတွေ့ခဲ့ဘူးချေ။

“သမားတော်ကြီးကျူးယီလင်ရဲ့အလောင်းက ထူးဆန်းလှချည်လားဗျာ... ဘယ်လိုဖြစ်တာလဲ”

ဝတ်ရုံညိုတစ်ယောက်ကမေးလိုက်သည်။ သမားတော်ကြီးရှီဖုန်းကခေါင်းကိုဖြည်းညင်းစွာညိတ်ပြလိုက်လေသည်။

“အေးဗျာ လူတွေဟာသေပြီးရင် တဖြည်းဖြည်းအေးစက်တောင့်တင်းလာရမှာပဲ၊ အခုတော့ သူ့တစ်ကိုယ်လုံးအေးစက်နေပေမဲ့ ပျော့တိပျော့ဖတ်နဲ့သားရေပျော့ကြီးတွေလိုဖြစ်နေတယ်”

“သမားတော်ကြီး... ကျူးယီလင်က အရိုးအဆစ်မရှိတဲ့လူတစ်ယောက်လိုဖြစ်နေတယ်၊ သူ့အဆိပ်မိတာရော မဖြစ်နိုင်ဘူးလား”

“အင်း... ကျုပ်လဲတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမတွေ့ကြုံဘူးတဲ့ကိစ္စနဲ့လာတိုးနေလို့ ပြောရမှာခပ်ခက်ခက်ပဲ၊ ကျုပ်သေသေချာချာစစ်ကြည့်လိုက်ဦးမယ်”

သမားတော်ကြီးရှီဖုန်းက ကျူးယီလင်၏အလောင်းအနီးသို့တိုးကပ်ကာ အလောင်းကိုအသေအချာစစ်ဆေးကြည့်ရှုလိုက်သည်။ ကျန်လူများမှာလည်း သမားတော်ကြီးရှီဖုန်း၏စစ်ဆေးနေမှုကို စိတ်ဝင်တစားဝိုင်းအုံကြည့်ကြလေသည်။

အတန်ကြာမှ သမားတော်ကြီးရှီဖုန်းကအလောင်းစစ်ဆေးနေရာမှရပ်တန့်လိုက်သည်။ အားလုံးသောလူများက သမားတော်ကြီးရှီဖုန်းအားလှမ်းကြည့်ကြ၏။

သမားတော်ကြီးရှီဖုန်းက ....

“ထူးခြားတယ်ဗျာ... တော်တော်လေးထူးခြားတယ်”



“သမားတော်ကြီး ဘာတွေထူးခြားတာလဲ”

အဘိုးအိုကောင်းလီက အလောတကြီးဝင်မေးလိုက်သည်။

သမားတော်ကြီးရှီဖုန်းက....

“ကျူးယီလင်သေဆုံးရတာဟာ အဆိပ်ကြောင့်ဗျ၊ ပြီးတော့ သူသေတာကလဲ အတော်လေးကြာနေပြီ၊ အတိအကျပြောရရင် (၁၃) ရက်နေ့ သန်းခေါင်မတိုင်ခင်ကတည်းကပဲ”

“ဟာ... ဒါဆို ဟိုစာထဲပါတဲ့အတိုင်းပေါ့”

“ဟုတ်တယ်”

“သူသေတာကြာပေမဲ့ အလောင်းက ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲ”

“ထူးခြားတယ်ဆိုတာ အဲ့ဒါကိုပြောတာပေါ့၊ အဲ့ဒီအဆိပ်က အတော်လေးကြောက်စရာကောင်းတာပဲ၊ ဒီအဆိပ်နဲ့သေသွားတဲ့ ခန္ဓာကိုယ်ရဲ့အရိုးအဆစ်တွေဟာ အကုန်အရည်ပျော်သွားတယ်၊ ရုပ်မပျက်ဘူး၊ ပုပ်ပွမှုလက္ခဏာလဲမတွေ့ရဘူး၊ သားရေပျော့နဲ့လုပ်ထားတဲ့လူရုပ်အတိုင်း ပျော့စိစိကြီးဖြစ်သွားရော”

“အလိုလေး ကြောက်စရာပဲ... ထူးဆန်းလှချည်လား”

“သမားတော်ကြီး အဲဒီအဆိပ်ကဘာအဆိပ်လဲ”

ကောင်းလီ၏အမေးကြောင့် သမားတော်ကြီးရှီဖုန်း၏မျက်နှာပေါ်တွင် စိတ်မသက်သာဟန် အထင်းသားပေါ်လွင်လာသည်။

"အင်း… ကျုပ်မသိဘူးလို့ဝန်ခံရမှာပဲ၊ ဒီအဆိပ်အတွက် ဖြေဆေးမရှိဘူးတာတော့ အသေအချာပြောရဲပါတယ်"

သမားတော်ကြီးရိဖန်းက သက်ပြင်းမှုင်းမှုင်းလေးတစ်ချက်ချပြီးခေါင်းယမ်းကာပြောဆိုလိုက်သည်။ ကျန်လူများအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

"ရောင်းရင်းတို့ ဒီကိစ္စဟာ အတော်လေးစဉ်းစားရကျပ်တဲ့ကိစ္စဗျ၊ ဒီလောက် အစောင့်တွေမလစ်လပ်အောင် စောင့်ကြပ်နေတဲ့ကြားက ရအောင်သတ်သွားတယ်ဆိုတာ ထူးဆန်းတဲ့ကိစ္စပဲ"

"ရန်သူကသိုင်းပညာအစွမ်းထက်တယ်နဲ့တူတယ်၊ ကျူးယီလင်ရဲ့သိုင်းပညာက ဒုတိယအဆင့်လောက်ပဲရှိတယ်မဟုတ်လား"

"ဒါတော့မှန်တယ်လေ၊ ဒါပေမဲ့ လျှို့ဝှက်သီးသန့်ခန်းမှာ ကျူးယီလင်နေခဲ့တာပဲ၊ ဒီအခန်းကိုသိတာဆိုလို့ ဒီဂေဟာကြီးမှာ…"

ဝတ်ရုံညိုဆရာကြီးတစ်ယောက်က သူ့စကားကိုတစ်ဝက်တစ်ပျက်ဖြင့်ရပ်တန့်လိုက်သည်။ အားလုံးသောအကြည့်များက အဘိုးအိုကောင်းလီဆီသို့ရောက်သွားသည်။

အဘိုးအိုကောင်းလီမှာ ချက်ချင်းသဘောပေါက်သွားပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွား၏။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်သွားကာ ....

"ကျုပ်… ကျုပ်ကိုအထင်မလွဲပါနဲ့ဗျာ၊ ကျုပ်… ကျုပ်…"



အဘိုးအိုကောင်းလီ၏ထစ်ထစ်အငေါ့ငေါ့ စကားများသည် …စ်ဝက်တစ်ပျက်ဖြင့်တိမ်ဝင်သွား၏။ အသနားခံသောမျက်လုံးများ …ဖြင့် အားလုံးကိုကြည့်နေသည်။

သမားတော်ကြီးရိဖန်းက....

"ကောင်းလီ… ခင်ဗျားကို ဘယ်သူမှမစွပ်စွဲပါဘူး၊ ခင်ဗျား …ယ်လောက်ရိုးသားတယ် သစ္စာရှိတယ်ဆိုတာယုံပြီးသားပါ"

"ဟုတ်တယ် ဒီအဆိပ်မျိုးဖော်စပ်ဖို့ဆိုရင် ကျုပ်အထင်ပြော…ရင်တော့ အဆိပ်မျိုးပေါင်းရာနဲ့ချီပြီး ပေါင်းစပ်ဖော်ထုတ်ရမယ်နဲ့…တူတယ်၊ ပြီးတော့လဲ ဖော်စပ်မဲ့သူဟာ အဆိပ်နဲ့ပတ်သက်ပြီး အလွန်အလွန်ကျွမ်းကျင်ရမှာပါ၊ ကျုပ်ပြောတာမှန်နိုင်တယ်မဟုတ်လား"

အဆိပ်ပညာနှင့်ပတ်သက်၍ အတော်အတန်နားလည်သော …ဝတ်ရုံညိုဆရာကြီးတစ်ယောက်က သူ့ထင်မြင်ချက်ကိုပြောပြီး သမား…တော်ကြီးရိဖန်းအား ထောက်ခံချက်လှမ်းတောင်းသည်။

သမားတော်ကြီးရိဖန်းကခေါင်းညိတ်ပြလိုက်၏။

"ဆရာကြီးပြောတာမှန်ပါတယ်"

"ဒီပုံအတိုင်းသာဆိုရင်တော့ သေမင်းအဆိပ်ထုံဖေချင်းဟာ …သေသေးဘဲ သိုင်းလောကထဲပြန်ဝင်လာပြီလို့ ယူဆရတော့မလိုဖြစ်…နေပြီ"

"အင်း ဒီအတိုင်းဆို သိုင်းလောကအတွက်ရင်လေးစရာပဲ"

"တစ်ခုခုတော့လုပ်ရမှာပေါ့"

သိုင်းဆရာကြီးအားလုံးတို့သည် တစ်ယောက်တစ်ခွန်းပြောဆိုရင်း သက်ပြင်းကိုယ်စီချလိုက်ကြသည်။ ကျူးယိလင်၏သတင်းက ကျန်းနန်မြို့တွင်သာမက အလယ်ပိုင်း သိုင်းလောကကြီးတစ်ခုလုံး တိုင်အောင် ဟိုးလေးတစ်ကြော်ဖြစ်သွားလေတော့သည်။

အချို့သောလူများမှာလည်း အန္တရာယ်ဆိုးကြီးတစ်ခုအစပျိုးလာပြီဟုတွက်ဆလျက် စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ကြသည်။

အချို့ကမူ တုန်လှုပ်ခြင်းသိပ်မဖြစ်ချေ။

သူတို့သိုင်းလောကတွင် ဒုတိယအဆင့်မျှရှိသောကျူးယိလင်ကို ပထမတန်း ထိပ်သီးသိုင်းသမားတစ်ယောက်က လုပ်ကြံမည်ဆိုလျှင်မခက်ခဲကြောင်း လက်ခံထားသူများကလည်းရှိနေကြသည်။

လူသတ်သမားများသည် ကျူးယိလင်ထက်သိုင်းပညာ အဆင့်မြင့်နေ၍သာ အဆိပ်ဖြင့်လုပ်ကြံသွားနိုင်ခြင်းဖြစ်၏။

အကယ်၍ သူ့ထက်ပိုတော်သောသိုင်းပညာရှင်နှင့်တွေ့ပါက လူသတ်သမားများမှာ သူ့ရည်ရွယ်ချက်ကိုမည်သို့မျှ မဖော်ဆောင်နိုင်ဘဲ ဝေးပြည်သို့သွားရလိမ့်မည်ဟု ထင်ကြေးပေးပြောဆိုနေခဲ့ကြသည်။ ကျူးယိလင်သေဆုံးပုံသေဆုံးနည်းကို အသေးစိတ်သိထားကြသူများမှာတော့ အခြားလူများကဲ့သို့ပေါ့ပေါ့ဆဆမတွက်ဝံ့ကြတော့ချေ။



လူသတ်သမားများတွင်လည်း ကြီးမားသောရည်ရွယ်ချက်တစ်စုံတစ်ခုရှိမည်ဟုယုံကြည်ကြလေသည်။

လူအများ ရုတ်တရက်အထိတ်တလန့်ဖြစ်သွားအောင် လုပ်ကြံပြီးနောက် မည်သည့်လှုပ်ရှားမှုကြီးဖြစ်ပေါ်လာမည်ကို အထိတ်တလန့်စောင့်မျှော်နေကြသည်။

ပြီးခဲ့သောရက်ပိုင်းအတွင်းက သေမင်းအဆိပ်အမိန့်စာနှင့်ပတ်သက်၍ စပ်စပ်စုစုသိချင်သဖြင့် ကျန်းနန်မြို့သို့ ရောက်ရှိလာကြသောအခြားနယ်မှသိုင်းသမားများမှာ ကျန်းနန်နယ်မှအလျှိုလျှိုထွက်ခွာသွားကြသည်။

တစ်ချို့သော စွန့်စွန့်စားစားလုပ်ချင်သည့်သိုင်းသမားများမှာ သေမင်းအဆိပ်နှင့်ပတ်သက်၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်လိုက်လံစုံစမ်းရင်းကျန်ရစ်ခဲ့သည်။

ကျူးယိလင်နှင့်ပတ်သက်သော သိုင်းသမားများကလည်း သေမင်းအဆိပ်နှင့်ပတ်သက်၍လျှို့ဝှက်စုံစမ်းလျက်ရှိသည်။

ယင်းသို့ဖြင့် ကျန်းနန်မြို့တွင် သိုင်းသမားမျိုးစုံတို့၏လှုပ်ရှားမှုများက တစ်နေ့ထက်တစ်နေ့ပို၍များပြားလာတော့သည်။

သို့ဖြစ်ရာ....

ရက်အတော်ကြာသည့်တိုင် မည်သည့်သတင်းထူးမျှ ထွက်ပေါ်မလာခဲ့ချေ။

မည်သို့ပင်ဖြစ်စေ အဆိပ်ဘုရင်အမိန့်စာကတော့ လူတိုင်း ပါးစပ်ဖျားတွင် ရေပန်းစားနေပေတော့၏။

❀❀❀

ကိုးလပိုင်း ခုနစ်ရက်....

စီးရန်မြို့ရှိ 'ရွှေဂေဟာ'စားသောက်ဆိုင်တွင် စားပွဲတိုင်းလို လိုလူပြည့်နေသည်။ စီးရန်မြို့သည် တောင်ပိုင်းနှင့်နီးသောမြို့တစ် မြို့ဖြစ်သည်။ စားသောက်ဆိုင်ရှိလူအချို့မှာ တောင်ပိုင်းသားများဖြစ် ကြသည်။ စားသောက်နေကြသူများမှာ ကိုယ့်အုပ်စုနှင့်ကိုယ် စကား ဝိုင်းဖွဲ့ပြောဆိုရယ်မောနေကြလေသည်။

"ဒုန်း... ဒုန်း... ဒုန်း"

စားသောက်ခန်းအတွင်းသို့ ခပ်ပြင်းပြင်းနင်းဝင်လာသော ခြေသံကြောင့် ပြောဆိုရယ်မောနေသံများ ရုတ်ခြည်းရပ်တန့်သွားလေ သည်။ တိတ်ဆိတ်သွားသည်။ အားလုံးပင် ဝင်လာသူကိုလှည့်ကြည့် လိုက်ကြသည်။

ဝင်ရောက်လာသူကား...

ထိပ်ပြောင်ပြောင်နှင့်လူကြီးတစ်ယောက်ဖြစ်၏။

အရပ်အမောင်းမြင့်မားပြီး... ကိုယ်လုံးကိုယ်ထည်တုတ်ခိုင် သန်မာသောလူထွားကြီးတစ်ယောက်ဖြစ်သည်။



အနက်ရောင်ကိုယ် ကျပ်အင်္ကျီဝတ်ဆင်ထားသဖြင့် အဖုအ သစ် ထနေသောလက်မောင်းကြွက်သားများနှင့် ရင်အုပ်ကြွက်သား များက အထင်းသားပေါ်လွင်နေသည်။

စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူမှာ...

ဝင်လာသူကိုကြည့်၍ မျက်နှာပျက်နေသည်။

စင်စစ် ... ထိုလူထွားကြီးမှာ ဤနယ်တွင် 'ဒေါသရာဇာ'ဟု နာမည်ကြီးနေသည့် စိတ်ကြမ်းလူကြမ်းသိုင်းသမားတစ်ယောက်ပင် ဖြစ်ပေသည်။

"ဟေ့... အရက်နဲ့စားစရာယူခဲ့စမ်း"

ဒေါသရာဇာကြီးကအသံသြသြဖြင့်လှမ်းမှာရင်း စားပွဲလွတ် တစ်လုံးတွင်ဝုန်းခနဲဝင်ထိုင်ချလိုက်သည်။ ဆိုင်ပိုင်ရှင်မှာ ဒေါသရာဇာ ကြီးအား မနှစ်မြို့မလိုလားသော်လည်း ပြဿနာဖြစ်မည်ကိုကြောက် ရှိသဖြင့် ထိုလူထွားကြီး မှာသည့်အတိုင်းသွားချပေးရန် စားပွဲထိုးအား မျက်ရိပ်ပြလိုက်လေသည်။

စားပွဲထိုးလုလင်လည်း စားသောက်စရာနှင့်အရက်အိုးကို ဒေါသရာဇာကြီး၏စားပွဲတွင် ပြည့်လုနီးပါးချပေးလိုက်သည်။ ဒေါသ ရာဇာကြီးကသဘောကျဟန်ဖြင့် တစ်ချက်ပြုံးလိုက်၏။

ထို့နောက် အရက်အိုးဆီသို့လက်လှမ်းလိုက်သည်။

ထိုစဉ်မှာပင်....

ဆိုင်အတွင်းသို့ တခုန်းခုန်းဖြင့် လူရိပ်သုံးရိပ် ပြေးဝင်လာကြသည်။ ဆိုင်တွင်းရှိလူများက နောက်ထပ်ပြေးဝင်လာကြသောလူများကို အထိတ်တလန့်ကြည့်မိလိုက်ကြသည်။

နောက်ထပ်ဝင်လာသူ သုံးဦးမှာမျက်နှာပေါက်ဆိုးဆိုးနှင့်လူများဖြစ်ကြသည်။ သူတို့ဝတ်စားထားဟန်က နယ်ခြားသားများနှင့်တူနေသည်။ သုံးယောက်စလုံး ဝတ်ရုံနီများကိုဝတ်ဆင်ထားကြလေသည်။

၄င်းတို့သည် ဆိုင်တွင်းသို့ရောက်ရောက်ချင်း ဒေါသရာဇာကြီးအားဝိုင်းထားလိုက်ကြသည်။။ ဒေါသရာဇာကြီးက အရက်အိုးကိုလှမ်းနေသောလက်အား ပြန်ရုပ်သိမ်းပြီး ဝတ်ရုံနီကိုကြည့်လိုက်လေသည်။

ဒေါသရာဇာကြီး၏စားပွဲနှင့်နီးသောနေရာမှ လူများသည် ပြဿနာဖြစ်တော့မည်ဟုသိလိုက်ကြသဖြင့် နောက်သို့ မသိမသာဆုတ်ပေးလိုက်ကြသည်။

"သြော်... မင်းတို့က ဒီအထိတောင်လိုက်လာခဲ့ကြသေးတာကိုး"

ဒေါသရာဇာကြီး၏အသံဟိန်းထွက်လာသည်။

"ကျုပ်တို့ပစ္စည်းပြန်ပေးပါ"

ဝတ်ရုံနီတစ်ယောက်က ပြောလိုက်သည်။



အလယ်ပိုင်းမှ လေယူလေသိမ်းအတိုင်းပြောလိုက်သော်ည်း သူ့အသံကသိသာစွာဝဲနေသည်။

"ဘာမင်းတို့ပစ္စည်းလဲ ဒီပစ္စည်းနဲ့မင်းတို့ထိုက်တန်လို့လား။ င်းတို့အရည်အချင်းနဲ့ ဒီပစ္စည်းကိုလုံလုံခြုံခြုံမထိန်းသိမ်းနိုင်ပါဘူး"

"ကျုပ်တို့ပစ္စည်းပြန်ပေးပါ၊ ဒီပစ္စည်း ခင်ဗျားနဲ့မဆိုင်ပါဘူး"

"ဟား... ဟား... ဟား"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ၊ ပြန်မပေးတော့ မင်းတို့ဘာလုပ်င်လဲ၊ စကတည်းက ငါလိုချင်လို့ မင်းတို့ဆီကယူလာတာပဲကွ"

"ကောင်းကောင်းမွန်မွန်တောင်းလို့မရရင်တော့ ကျုပ်တို့ကတဲ့နည်းနဲ့ပြန်ယူရမှာပဲ"

"သြော်... ဒီလိုလား။ ကြိုက်ပြီဟေ့... မင်းတို့ရအောင်ပြန်ယူကြပေတော့"

ဒေါသရာဇာကြီး၏စကားအဆုံးတွင် ဝတ်ရုံနီသုံးယောက်က သူတို့လက်နက်များကိုလျှင်မြန်စွာဆွဲထုတ်ပြီး ဒေါသရာဇာအားတိုက်ခိုက်ရန်ဟန်ပြင်လိုက်ကြလေတော့သည်။

"နေဦး"

ဒေါသရာဇာ၏ကျယ်လောင်သောဟန့်တားသံကြောင့် ဝတ်ရုံနီသုံးယောက် ကိုယ်ရှိန်ပြန်သတ်လိုက်ကြသည်။

"ခင်ဗျားဘာပြောမလို့လဲ"

"ဒီနေ့အဖို့ ငါလူမသတ်ချင်ဘူး၊ အေးအေးဆေးဆေး စားသောက်မယ်လို့စိတ်ကူးထားတယ်၊ ဒါကြောင့် မင်းတို့မသေချင်သေးဘူးဆိုရင်ထွက်သွားနိုင်တယ်"

"မလိုဘူး... ဒါတွေကျုပ်တို့စိတ်မဝင်စားဘူး"

"ငါ ဒီနေ့ စိတ်ကောင်းဝင်နေလို့ ဒီလောက်စကားပြောနေတာကွ၊ ဘယ်သူ့ကိုမှ ငါစကားများများပြောတာမဟုတ်ဘူး"

"ခင်ဗျားဘာသာ စိတ်ကောင်းဝင်လို့ ကျုပ်တို့ကို ညှာချင်ညှာ၊ ကျုပ်တို့ကတော့ လုံးဝမညှာနိုင်ဘူး"

"ဟား... ဟား... ဟား၊ ဒါဆိုရင်လဲ စပြီပေါ့"

ပြောပြောဆိုဆိုဖြင့် ဒေါသရာဇာလက်နှစ်ဖက်လှုပ်ရှားလိုက်၏။ ဝတ်ရုံနီတို့ကလည်း ဒေါသရာဇာစတင်လှုပ်ရှားသည်နှင့် လက်နက်များဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

အနီရောင်အရိပ်များသည် ဒေါသရာဇာ၏ပတ်လည်တွင် ဝိုင်းပတ်ခုန်ပျံကာ လက်နက်အလင်းတန်းများ လက်ခနဲ လက်ခနဲ ဝင်းလက်ကုန်လေသည်။

ဒေါသရာဇာသည် ကြီးမားသောလက်ဝါးကြီးကိုဖြန့်လျက် တဗိုးဗိုးရိုက်ထုတ်ရောင်တိမ်းနေ၏။ သုံးယောက်တစ်ယောက်ဖြစ်နေသော်လည်း ဝတ်ရုံနီတို့၏တိုက်ခိုက်မှုကိုကောင်းစွာခုခံကာကွယ်နိုင်ပေသည်။



တစ်ချက်တစ်ချက်တွင် ဒေါသရာဇာကြီး၏လက်ဝါးများက လက်နက်အလင်းတန်းများကြားမှပေါက်ထွက်ကာ ဝတ်ရုံနီများထံသို့ ဒိုပ်ခနဲဝင်လာသည်။

ဝတ်ရုံနီတို့မှာ ကြီးမားသောအားလှိုင်းဖြင့် အရှိန်ပြင်းစွာဝင်လာသည့်လက်ဝါးချက်များကို အသေအလဲရှောင်တိမ်းနေကြရလေသည်။

ဝတ်ရုံနီတို့၏တိုက်ခိုက်မှုမှာ အလယ်ပိုင်းသိုင်းပညာနှင့် မဘူချေ။ သူတို့က တစ်ဖက်ရန်သူမျက်စိနောက်အောင် လှည့်ပတ်နေင်းမှ အလစ်တွင် ဓားချက်များလှစ်ခနဲလှစ်ခနဲထိုးသွင်းလိုက်သည်။

တစ်ကြိမ်တွင်.... ဒေါသရာဇာကြီးက ဝတ်ရုံနီနှစ်ယောက်၏ ဓားချက်ကိုရှောင်တိမ်းပြီး လက်ဝါးဖြင့်ရိုက်မည့်ဟန်ပြင်ကာ ရှေ့သို့ ဒိုင်းလိုက်၏။

သို့သော် မရိုက်ဖြစ်ဘဲ ကိုယ်ကိုဖျတ်ခနဲပြန်ရုတ်ကာ တစ်ပတ်ခုန်လှည့်ပြီး ကျန်ဝတ်ရုံနီတစ်ယောက်ကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

"ဝိုး"

"အား"

အငိုက်မိသွားသောဝတ်ရုံနီမှာ တစ်ချက်သာအော်နိုင်ပြီး ခံလံခနဲလွင့်စဉ်လဲကျသွားလေသည်။

ဒေါ်သရာဇာက ထိုမျှနှင့်ရပ်တန့်မနေပါ။

ကျန်ဝတ်ရုံနီနှစ်ယောက်ကို ခြေရောလက်ပါအသုံးပြုလျက် အားကုန်တိုက်ခိုက်သည်။ ထိုဝတ်ရုံနီနှစ်ယောက်မှာလည်း ၄င်းတို့ဘက်တော်သားတစ်ယောက်ကျသွားသဖြင့် သွေးများပိုဆူကာဒေါ်သရာဇာအားအပြင်းအထန်တိုက်ခိုက်ကြကုန်၏။

ဒေါ်သရာဇာကြီးသည် ဝတ်ရုံနီတို့၏ပြင်းထန်သော သူသေကိုယ်သေတိုက်ကွက်များကြောင့် အရမ်းမဝင်ရဲတော့ဘဲ သတိထားတိုက်ခိုက်နေရတော့သည်။

ယင်းသို့ဖြင့် သိုင်းကွက်ဆယ်ကွက်ကျော်မျှ တိုက်ခိုက်ပြီးဖြစ်သွားလေသည်။ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေသော်လည်း ဒေါ်သရာဇာက အသာစီးမှတိုက်ခိုက်နေရ၏။

ဝတ်ရုံနီတို့သည် အသက်ကိုဂရုမထားတော့ဘဲ အပြင်းအထန်တိုက်ခိုက်နေကြသည်။

သိုင်းကွက်ဆယ့်ရှစ်ကွက်သို့ရောက်ရှိလာသည့်အခါ ....

"ဖြောင်း"

"ဂျွတ်"

ဒေါ်သရာဇာ၏ညာဘက်ရှိဝတ်ရုံနီမှာ အသံပင် မထွက်နိုင်တော့ဘဲလဲကျသွားတော့သည်။ ထိုဝတ်ရုံနီသည် မိုက်မိုက်ကန်းကန်းအလောတကြီးဝင်ရောက်တိုက်ခိုက်မှုကြောင့်....



ဒေါ်သရာဇာကြီး၏လက်ဝါးချက်မိကာ လည်ပင်းကျိုးသွားသည်။

တိုက်ပွဲကတစ်ယောက်ချင်းဖြစ်သွား၏။ ဒေါ်သရာဇာသည် တိုက်ခိုက်မှုအရှိန်ကိုလျှော့မချဘဲ ပြင်းပြင်းထန်ထန်ဆက်လက်တိုက်ခိုက်လိုက်ရာ ဝတ်ရုံနီမှာအလူးအလဲခံနေရတော့၏။

မကြာမီမှာပင် ....

"ဒုတ်"

"အား"

"ဝုန်း"

သိုင်းကွက်ငါးကွက်မျှအရောက်တွင် ဒေါ်သရာဇာ၏ပွဲသိမ်းလက်ဝါးစောင်းသည် ဝတ်ရုံနီ၏နံစောင်းကိုထိသွားပြီး ဝတ်ရုံနီမှာနာကျင်စွာတစ်ချက်အော်ပြီး လွင့်စဉ်လျက် စားပွဲပေါ်သို့ဝုန်းခနဲကျသွားသည်။

ဒေါ်သရာဇာသည် အောင်နိုင်သူဟန်ဖြင့် လက်နှစ်ဖက်ကိုပွတ်ကာ သူ၏စားပွဲသို့ပြန်ဝင်ထိုင်လိုက်သည်။

"ဟေ့... ဒီကောင်တွေကို ရှင်းပစ်လိုက်စမ်း၊ ငါ့စားစရာတွေတောင်အေးကုန်ပြီ၊ အသစ်ပြန်လုပ်ပေးစမ်းဟေ့"

ဒေါ်သရာဇာက ပုံပျက်ပန်းပျက်လဲကျသေဆုံးနေသော ဝတ်ရုံနီအလောင်းများအားတစ်ချက်ကြည့်ကာ ....

စားပွဲထိုးများအား အမိန့်ပေးလိုက်သည်။

တစ်ဆက်တည်းမှာပင်....

သူ့စားပွဲပေါ်မှ အေးစက်သွားပြီဖြစ်သောစားစရာသောက်စရာများကိုလည်းအသစ်ပြန်လဲခိုင်းလိုက်သည်။

စားပွဲထိုးများမှာလည်း ဒေါ်သရာဇာ၏အမိန့်အတိုင်း လုပ်စရာရှိသောအလုပ်များကို လူစုခွဲကာခပ်မြန်မြန်လုပ်ကိုင်ကြသည်။

မကြာမီအချိန်အတွင်း စားသောက်ခန်းထဲ မူလကအတိုင်းနေသားတကျပြန်ဖြစ်သွားသည်။

ဒေါ်သရာဇာ၏စားပွဲတွင်လည်း အငွေ့တထောင်းထောင်းထနေသောစားသောက်ဖွယ်ရာများ ပြန်လည်ရောက်ရှိလာသည်။ စားသောက်ခန်းအတွင်းကျန်ရှိနေသူများ စကားကျယ်ကျယ်မပြောရဲကြတော့ဘဲ ဒေါ်သရာဇာ၏အရိပ်အခြည်ကိုကြည့်လျက် တိတ်ဆိတ်စွာစားသောက်နေကြ၏။

စားသောက်ဆိုင်ပိုင်ရှင်မှာ မျက်နှာကြီးရှုံ့မဲ့ကာ စိတ်မသက်သာဖြစ်နေသောပုံစံမျိုးဖြင့်ရှိနေသည်။

ဒေါ်သရာဇာသည် စောစောက မသောက်ဖြစ်လိုက်သောအရက်အိုးကိုလှမ်းယူပြီး မော့သောက်ချရန်ဟန်ပြင်လိုက်သည်။

သို့သော် သည်တစ်ခါလည်း ဒေါ်သရာဇာသည် မသောက်ဖြစ်ပြန်ချေ။



အဘယ့်ကြောင့်ဆိုသော်....

သူ၏မျက်လုံးအစုံက အရက်အိုးအောက်တွင်ရောက်ရှိနေသောစာရွက်လေးအား တွေ့မြင်လိုက်သောကြောင့်ဖြစ်သည်။

ဒေါ်သရာဇာ မျက်မှောင်ကုပ်သွားသည်။

စားပွဲပေါ်ရှိစာရွက်လေးကိုလှမ်းယူလိုက်၏။

ထိုစာရွက်ကလေး မည်သို့မည်ပုံရောက်ရှိလာသည်ကို သူ စဉ်းစား၍မရချေ။

ဒေါ်သရာဇာသည် ထိုစာရွက်ပေါ်တွင်ရေးသားထားသောစာများကိုဖတ်လိုက်၏။

"သေမင်းအဆိပ်အမိန့်စာ

ဒေါ်သရာဇာစူးထံ

(၉)လပိုင်း (၉)ရက်နေ့

စာမှာတိုတိုရှင်းရှင်းလေးဖြစ်၏။

စာကိုဖတ်ပြီးနောက် ဒေါ်သရာဇာမျက်မှောင်ကြုတ်သွားသည်။ သူ၏နာမည်ရင်းကိုသိသူ လက်ချိုးရေတွက်၍ရသည်။

ထိုစာသည် အဓိပ္ပာယ်မရှိသောစာတစ်စောင်သာဖြစ်သည်ဟုဒေါ်သရာဇာတွက်လိုက်၏။

"ဒွန်း"

ဒေါ်သရာဇာသည် အရက်အိုးကို စားပွဲပေါ်ခပ်ကြမ်းကြမ်း

ပြန်ချလိုက်သည်။ ထို့နောက်….

"ဘယ်သူလဲဟေ့ မိုးကြောင်မိုးဇက်လုပ်သွားတာ၊ သတ္တိရှိရင် ထွက်ခဲ့"

ဒေါ်သရာစာ၏ရုတ်တရက်အော်ငေါက်သံကြောင့် ဆိုင်အတွင်းစားသောက်နေသောသူများ ပြန်ခေါင်းထောင်လာကြ၏။

နေရင်းထိုင်ရင်းအော်ဟစ်ပြောဆိုလိုက်သော ဒေါ်သရာစာကိုလည်း နားမလည်စွာနှင့်ဝိုင်းဝန်းကြည့်ရှုမိကြသည်။

"ဟေ့အဆိပ်ဘုရင်ဆိုတဲ့အရှူး… သတ္တိရှိရင်ထွက်ခဲ့လေကွာ၊ ဘာဖြစ်လို့ပုန်းနေရတာလဲ… သူများတွေက မင်းကိုကြောက်ပေမယ့် ငါကတော့ လုံးဝမကြောက်ဘူးကွ"

ဒေါ်သရာစာ မည်သည့်အကြောင်းကြောင့် တစ်ယောက်တည်းစိန်ခေါ်နေသည်ကိုမသိပါ။ သို့သော် သူ့စကားထဲ၌ 'အဆိပ်ဘုရင်'ဟူသောစကားလုံးပါလာသဖြင့် ဆိုင်တွင်းရှိလူများအားလုံးပင် ကြက်သီးများထသွားကြသည်။ အချို့မှာ စားသောက်လက်စများ တစ်ဝက်တစ်ပျက်နှင့်ရပ်တန့်သွားကြသည်။

ဆိုင်ထဲ ဆက်လက်မနေသင့်တော့မှန်း အားလုံးသဘောပေါက်လိုက်ကြသည်။

သူတို့အားလုံးသည် သေမင်းအဆိပ်အမိန့်အကြောင်းကို အတန်တန်ကြားသိထားပြီးဖြစ်သည်။



တစ်ခဏအတွင်းမှာပင် စားသောက်ဆိုင်၌လူရှင်းသွား၏။

"ဖြန်း"

ဒေါ်သရာစာက စားပွဲကိုလက်ဖြင့် ဒေါသတကြီးပုတ်လိုက်သည်။ အစားအသောက်ပန်းကန်များ အပေါ်သို့မြောက်တက်သွားကြကုန်၏။

"ဘယ်လိုလဲကွ… အဆိပ်ဘုရင်ဆိုတဲ့ကောင် အခုကြောက်နေပြီလား"

ဒေါ်သရာစာကြီး၏အော်ဟစ်ပြောဆိုလိုက်သံမှာ တစ်ဆိုင်လုံးလွှမ်းမိုးသွားလေသည်။

❀❀❀

ကိုးလှပိုင်းကိုးရက်နေ့...

အချိန်ကမွန်းတည့်ချိန်....

စီးရန်မြို့၏ဝေဘာင်ဘကိုမြို့ပြင်ရှိ မာန်ချိန်းလမ်းမကြီးပေါ်
တွင် လူအများရုတ်ရုတ်သဲသဲဖြစ်သွား၏။ ထိုသို့ဖြစ်ရခြင်းအကြောင်း
ကား အခြားမဟုတ်။

ထူးဆန်းစွာသေဆုံးနေသည့် လူတစ်ယောက်အကြောင်းကို
သူများအပြောဖြင့်မယုံသောကြောင့် ကိုယ်တိုင်လာရောက်၍ကြည့်
ခြင်းကြောင့် ထိုသို့ရုတ်ရုတ်သဲသဲဖြစ်နေကြခြင်းဖြစ်သည်။

လာရောက်ကြည့်ရှုသူတို့မှာ... ခန္ဓာကိုယ်တစ်ခုလုံး ဖျော့
ဖျော့ဖတ်နှင့် သေဆုံးနေသော ထူးဆန်းသည့်အလောင်းကောင်ကြီး
ကိုကြည့်ပြီးကျောချမ်းကုန်လေသည်။ သူတို့၏ဦးနှောက်ထဲတွင် သေ
မင်းအမိန့်စာဟူသောစကားလုံးများကို မကောင်းဆိုးဝါးတစ်ကောင်
အလား ထင်မှတ်နေကြလေသည်။

အလောင်းကိုလာရောက်ကြည့်သူများ တဖြည်းဖြည်း များ
ပြားလာသည်နှင့်အမျှ ထူးဆန်းသေဆုံးသည့်လူ၏သတင်းမှာလည်း
နေ့ဝက်ခန့်အတွင်း မြို့ပေါင်းများစွာပျံ့နှံ့သွားခဲ့လေ၏။

သေဆုံးသူမှာ... အဆိပ်ဘုရင်၏ဒုတိယမြောက်သားကောင်
ဒေါ်သရာဇာရူးထုံဖြစ်လေသည်။

❁❁❁



**သေမင်းအမိန့်စာ**

---

စွက်ဟောင်းကြွေ၍ စွက်သစ်များထွက်လေပြီ။

နာရီစက်ဝန်းသည် ထုံးစံအတိုင်း အချိန်မှန်မှန်လည်ပတ်
နေသည်။ တစ်ချိန်က အသစ်အသစ်တို့သည် ယခုအခါဟောင်းနေကြ
ပြီး ရက်တွေ လတွေ နှစ်တွေ မည်မျှပြောင်းလဲခဲ့သော်လည်း 'အဆိပ်
ဘုရင်အမိန့်စာ'ဟူသော ကိုယ်ပျောက်ရဲသား၏သတင်းမှာ ပို၍ပို၍
ကျော်ကြားလာခဲ့လေသည်။

ယခုအချိန်သည် နှစ်တစ်နှစ်၏ဆန်းစဟုခေါ်ရမည့်လပိုင်း
ဖြစ်သည်။ အဆိပ်ဘုရင်အမိန့်စာ စတင်ပေါ်ခဲ့သည်မှာ ယခုဆိုလျှင်
ခြောက်လကျော်ခန့်ရှိပေပြီ။

ထိုခြောက်လကျော်အတွင်း၌.... အဆိပ်ဘုရင်၏အမိန့်စာ
ကြောင့် ထူးဆန်းစွာပုံစံတူ သေဆုံးခဲ့ရသူများမှာ ကိုးယောက်တိတိ
ရှိခဲ့ပြီဖြစ်သည်။

အဆိပ်ဘုရင်၏သေမင်းအမိန့်စာ လူသတ်နှုန်းက တစ်လထက်တစ်လပို၍ပို၍စိပ်လာသဖြင့် အလယ်ပိုင်းသိုင်းလောကကြီးတစ်ခုလုံးတုန်လှုပ်သွားလေသည်။

ရှောင်လင်ဂိုဏ်းမှဂိုဏ်းချုပ်ကြီးအပါအဝင် သိုင်းလောကရှိထိပ်သီးဂိုဏ်းကြီးများသည် အစောပိုင်းကတည်းက ထိုအန္တရာယ်ဆိုးကြီးအားနှိမ်နင်းရန် ဆွေးနွေးတိုင်ပင်နေသည့်ကြားမှပင် ထူးဆန်းသောအမိန့်စာနှင့် ထူးဆန်းသောသေဆုံးမှုများက ဖြစ်ပေါ်လာခဲ့ပြန်လေသည်။

ထိုလူများအနက်.... အလယ်ပိုင်းသိုင်းလောက၏သိုင်းအဓိပတိရာထူးကိုရရှိထားသောဒေါင်းမင်းရာဇာကျင်းဝမ်မှာ သေမင်းအမိန့်စာနှင့်ပတ်သက်၍ ကြိတ်မနိုင်ခဲမရ အခံစားရဆုံးဖြစ်သည်။

သူသည် သေမင်းအမိန့်စာကိုအစွမ်းကုန်ထောက်လှမ်းခဲ့သည့်တိုင် မည်သည့်သတင်းအစအနကိုမျှပင် မရရှိခဲ့ပေ။ သူသည် လက်ရှိရာထူးမှ အလယ်ပိုင်းသိုင်းလောက၏အဓိပတိရာထူးကိုခံယူထားသဖြင့် သူ့တွင်တာဝန်အရှိဆုံးဖြစ်နေလေသည်။

❁❁❁



## ဒေါင်းမင်းရာဇာကျင်းဝမ်

မည်သို့ပင်ဖြစ်စေ ယခုအချိန်တွင် လူကိုးယောက်တိတိသေဆုံးသွားခဲ့ပြီဖြစ်သည်။ သိုင်းလောကရှိ ထိပ်သီးဂိုဏ်းချုပ်များအနေဖြင့် ထိုလူသေမှုများကို မည်သို့မျှ ဖြစ်ဖြစ်မြောက်မြောက်ဖော်ထုတ်နှမ်းဆောင်နိုင်ခြင်းမရှိပေ။

အမှန်တရားကိုလိုလားသော အများအကျိုးကိုသယ်ပိုးဆောင်ရွက်လိုသော အများအန္တရာယ်ကိုကာကွယ်စောင့်ရှောက်လိုသော ဘက်တော်သားသိုင်းသမားတို့သည် 'သေမင်းအမိန့်စာ' တရားခံအစစ်အမှန်ကို မဆုတ်မနစ်သောဇွဲဖြင့် နေ့ညမဟူ အစွမ်းကုန်စုံစမ်းထောက်လှမ်းလျက်ရှိနေကြကုန်သည်။

သည်ကနေ့အထိ သူတို့၏စုံစမ်းထောက်လှမ်းမှုများမှာ အရာမထင်သော်လည်း မကြာမီကာလအတွင်း တရားခံအစစ်အမှန်ကိုရှာဖွေဖော်ထုတ်နိုင်ကြလိမ့်မည်ဟုယုံကြည်ထားကြလေသည်။

အဘယ်ကြောင့်ဆိုသော်.... သူတို့အားလုံး၏အသိစိတ်တွင် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း နိုင်နိုင်မြဲမြဲယုံကြည်ထားကြသောကြောင့်ဖြစ်သည်။

မှန်သည်။

တကယ်တော့လည်း မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိချေ။ မကောင်းမှုကျူးလွန်သူတို့သည် အခိုက်အတန့်အားဖြင့် အသာစီးရနေကြသော်လည်း နောက်ဆုံးတွင်မူ အမှန်တရား၏အလင်းရောင်အောက်တွင် ကျဆုံးရစမြဲပင်ဖြစ်လေသည်။ မကောင်းမှုဒုစရိုက်၏သက်တမ်းကား အလွန်တရာမှတိုတောင်းလှပေတော့၏။

❀❀❀



## သမားတော်ကြီးမော်ကျင့်

ကျားပါးစပ်တောင်ကုန်းသည် လူတိုင်းလိုလိုသိကြသောတောင်ကုန်းတစ်ခုဖြစ်သည်။ ထိုတောင်ကုန်းတွင် တစ်ဦးတည်း နေထိုင်သောလူမှာ သမားတော်ကြီးမော်ကျင့်ဖြစ်၏။ သမားတော်ကြီးမော်ကျင့်အား သိုင်းလောကသားများက အတုမဲ့သမားတော်ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

ထိုသို့ကို အကြောင်းမဲ့ပေးခြင်းမဟုတ်။

သမားတော်ကြီးမော်ကျင့်သည် ကုသရာ၌ပြိုင်စံရှားသောကြောင့်ဖြစ်သည်။ အလယ်ပိုင်းတွင်.... ဆေးပညာနှင့်ပတ်သက်၍ သမားတော်မော်ကျင့်အား မည်သူမျှယှဉ်ပြိုင်နိုင်ခြင်းမရှိပါ။

ထို့ပြင်မက သမားတော်ကြီးမော်ကျင့်သည် သိုင်းပညာဘက်တွင်လည်း ထက်မြက်ပေသေး၏။

ပညာမာနလည်းကြီးသည်။

သူသည် လက်နှစ်ဖက်နောက်ပစ်လျက် အခန်းထဲခေါက်တုံ့

ခေါက်ပြန်လမ်းလျှောက်ရင်း တစ်စုံတစ်ရာကိုမကျေမနပ်ဖြစ်နေ၏။ ထိုတစ်စုံတစ်ရာကား အခြားမဟုတ်။

သိုင်းလောကတွင် လူတိုင်းအလိုလိုဖိန့်ဖိန့်တုန်အောင် ထိတ်လန့်သော သေမင်းအမိန့်စာနှင့်ပတ်သက်၍ဖြစ်သည်။ တစ်နည်းဆိုရလျှင် နှစ်ဝက်ကျော်ကာလအတွင်း သေမင်းအဆိပ်များအား စစ်ဆေးကြည့်ရှုရန် မည်သူမျှလာရောက်ပင့်ဖိတ်ခြင်းမရှိသောကြောင့်ဖြစ်၏။

သမားတော်ကြီးမော်ကျင့်သည် မာနရှိသူတစ်ယောက်ဖြစ်၏။ လာရောက်ဖိတ်ကြားခြင်းမရှိဘဲနှင့် အလောင်းများအား သွားရောက်စစ်ဆေးလိုသူမဟုတ်ချေ။ သို့ရာတွင် အဆိပ်ဘုရင်၏အဆိပ်ကိုလည်း မည်မျှထူးဆန်းသောအဆိပ်ပေနည်းဟုသိချင်သေးသည်။

အဆိပ်ဘုရင်နှင့် ပညာပြိုင်ချင်သည်။ သို့သော် ယခုအချိန်တိုင်အောင် အခွင့်အရေးမရသေးသဖြင့် သမားတော်ကြီးမော်ကျင့်မှာ အားမလိုအားမရဖြစ်ကာ မကျေမနပ်ဖြစ်နေရခြင်းပင်။

❁❁❁



## ဒေါင်းမင်းစံအိမ်

---

နံနက်စောစောအချိန်ဖြစ်သည်။ မြောက်ပြန်လေတသုန်သုန်တိုက်ခတ်နေ၏။ ဒေါင်းစကြာစံအိမ်ကြီး၏တံခါးဘောင်ပေါ်တွင် နိုက်ဝင်လျက်ရှိသောအလံလေးသည် လေနှင့်အတူ တလူလူလွင့်မျှလျက်ရှိသည်။ တံခါးဘောင်ပေါ်တွင်ရှိသည့်အလံလေးမှာ ဒေါင်းစကြာစံအိမ်ပိုင်ရှင်အထိမ်းအမှတ်သဘောမျိုး စိုက်ထားခြင်းကား မဟုတ်ပေ။

လက်တစ်ဝါးခန့် ထိုအလံလေးကို တစ်စုံတစ်ယောက်က တမင်သက်သက်ထိုးစိုက်သွားခဲ့ခြင်းဖြစ်၏။

အလှအပများနှင့် စီခြယ်ထားသောတံခါးဘောင်လေးမှာ ထိုအလံလေးကြောင့် ကြည့်၍မကောင်းအောင် အရုပ်ဆိုးသွားလေသည်။

မည်သို့မျှလိုက်ဖက်ခြင်းမရှိသောမြင်ကွင်းပင်ဖြစ်၏။

တဖြည်းဖြည်းထွက်ပေါ်လာသော နေမင်းကြီး၏အလင်းရောင်သည် ထိုတံခါးဘောင်နှင့် ဖြူညစ်ညစ်အလံလေးပေါ်သို့ကျရောက်လာလေသည်။ ထိုစဉ် ဝတ်ရုံနီဝတ်ဆင်ထားသောလူရွယ်တစ်ယောက် စံအိမ်ဘေးမှဖြတ်လျှောက်လာသည်။

တသုန်သုန်တိုက်ခတ်နေသောလေရူးကြောင့် အဝတ်စကိုလေတိုးသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။ စံအိမ်ဘေးမှဖြတ်လျှောက်လာသောလူရွယ်သည် ထိုအသံကြောင့် အမှတ်မထင်လှမ်းကြည့်မိလိုက်လေ၏။

မမျှော်လင့်သောမြင်ကွင်းကြောင့် လူရွယ်သည် အံ့အားသင့်ကာ ဝါးစပ်အပေါ်ာင်းသားဖြစ်သွားရလေတော့၏။

သူ၏လှမ်းလက်စခြေလှမ်းများ တုံ့ခနဲဖြစ်သွားလေသည်။

"အလို... ထူးဆန်းလှချည်လား။ ဒီအလံလေး ဘယ်က ဘယ်လိုရောက်နေတာပါလိမ့်"

ဝတ်ရုံနီဝတ်လူရွယ်သည် မျက်မှောင်ကြုတ်ကာ တစ်ချက်စဉ်းစားပြီးနောက် တံခါးမကြီးဆီသို့ခပ်မြန်မြန်ဖြင့်လျှောက်သွားလေ၏။ တံခါးဘောင်ပေါ်တွင် စိုက်ထူထားသောအလံလေး၏ထူးခြားမှုကို ဝတ်ရုံနီဝတ်လူရွယ်သတိပြုမိလိုက်သည်။

"ဟာ... ဒီအလံလေးက ဝါးနဲ့လုပ်ထားတာပဲ၊ ဒီတံခါးဘောင်ပေါ်မှာ အနီလိုစိုက်ထားဖို့ဆိုတာ တကယ်မလွယ်ဘူး၊ အတွင်းအား



တော်တော်ထက်မြက်တဲ့လူမှဖြစ်မယ်"

စိတ်အတွင်းမှတွေးတောရင်း ဝတ်ရုံနီဝတ်လူရွယ်သည် အလံလေးကို သေချာစွာကြည့်ရှုစစ်ဆေးလိုက်သည်။ ထိုအခါ အလံပေါ်တွင် စာများရေးသားထားသည်ကိုတွေ့ရ၏။

ဝတ်ရုံနီဝတ်လူရွယ်သည် အလံပေါ်မှစာများကို ကြိုးစား၍ ဖတ်ကြည့်လိုက်၏။ သို့သော် အလံလေးမှာ လေထဲတွင်လွင့်နေသဖြင့် ဖတ်ရှုရခက်ခဲဖြစ်နေသည်။ သူသည် အတတ်နိုင်ဆုံးကြိုးစား၍ ဖတ်ကြည့်လိုက်ရာ အလံပေါ်ရှိစာလုံးများမှ စာလုံးသုံးလုံးကို ဖတ်၍ရသွားတော့သည်။

ယင်းသို့ဖတ်မိလိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် ဝတ်ရုံနီဝတ်လူရွယ်မျက်နှာမှာ ကွက်ခနဲပျက်သွားရလေသည်။

ရင်ဘတ်ကိုလက်ဖြင့်အသာဖိရင်း ....

"ဘုရား... ဘုရား ဒါကိုငါလုံးဝမစဉ်းစားမိခဲ့ပါလား၊ မဖြစ်ဘူး... မဖြစ်ဘူး... အရှိပဓာတ်ကြီးဆီကို အမြန်ဆုံးအကြောင်းကြားမှ"

ဝတ်ရုံနီဝတ်လူရွယ်သည် မျက်စိမျက်နှာပျက်ဖြင့် စံအိမ်အတွင်းသို့ပြေးဝင်သွား၏။ တစ်ခဏအကြာတွင် ခေါင်းမာင်းကြော စံအိမ်ကြီးအတွင်းမှ လူလေးယောက်ထွက်လာ၏။

ရှေ့ဆုံးမှထွက်လာသူမှာ ရွှေခြည်ထိုးအနားကွပ်များဖြင့် တဝင်းဝင်းတလက်လက်တောက်ပနေသော အဖိုးတန်ဝတ်ရုံစိမ်းကြီး

ကိုဝတ်ဆင်ထားလေသည်။

ထိုဝတ်ရုံစိမ်းနှင့်လူ၏လက်ထဲတွင် ဒေါင်းမြီးယပ်တောင်တစ်ချောင်းကိုင်ထား၏။ စင်စစ် ထိုယပ်တောင်မှာ ဒေါင်းမြီးအစစ်များဖြင့်ပြုလုပ်ထားခြင်းမဟုတ်ပါ။ ဆံဖြူမျှင်ကို ဒေါင်းမြီးပုံသဏ္ဌာန်ပြုလုပ်ထားခြင်းသာဖြစ်ပေသည်။

ဝတ်ရုံစိမ်းကြီးနှင့်လူမှာ အခြားသူမဟုတ်ချေ။

အလယ်ပိုင်းသိုင်းလောက၏အဓိပတိကြီးဖြစ်သော ဒေါင်းမင်းရာဇာကျင်းဝမ်ပင်ဖြစ်၏။ သူ၏နောက်မှပါလာသူများမှာ အုပ်ချုပ်ရေးမှူးနှစ်ယောက်နှင့် ဝတ်ရုံနီဝတ်လူရွယ်တို့ဖြစ်ကြသည်။

ဒေါင်းမင်းစကြာစံအိမ်၏ရှေ့သို့ရောက်သောအခါ အားလုံးရပ်တန့်လိုက်ကြသည်။

"ဖလပ်... ဖလပ်"

"ဖလပ်... ဖလပ်"

အလံလေတိုးသောအသံများကို အားလုံးကြားနေရသည်။

အုပ်ချုပ်ရေးမှူးတစ်ယောက်က ရှေ့သို့ခုန်ထွက်ကာ နှစ်လံခန့်အမြင့်တွင်စိုက်ထားသောအလံလေးကိုလှမ်းဆွဲနှုတ်လိုက်သည်။

အုပ်ချုပ်ရေးမှူး မြေပြင်သို့ပြန်ကျလာ၏။ သူ့လက်ထဲ၌ အလံလေးပါလာ၏။ အုပ်ချုပ်ရေးမှူးက အလံလေးကိုဒေါင်းမင်းရာဇာကျင်းဝမ်အားတုရိုတသေလှမ်းပေးသည်။ ဒေါင်းမင်းရာဇာကျင်းဝမ်က အလံလေးကိုကြွေမပျက်လှမ်းယူလိုက်သည်။



ယခု အလံပေါ်မှစာကိုထင်ထင်ရှားရှားတွေ့မြင်ရပြီဖြစ်သည်။ အလံပေါ်ရေးထားသည့်စာကား....

"သေမင်းအမိန့်စာ....

ကျင်းဝမ် ၂ လပိုင်း၊ ၂၈–ရက်နေ့"

ဟူ၍ဖြစ်သတည်း။

❀❀❀

အလံပေါ်ရေးသားထားသည့်စာကိုဖတ်ပြီးသောအခါ ဒေါင်းမင်းရာဇာကျင်းဝမ်သည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်၏။

ထို့နောက် အုပ်ချုပ်ရေးမှူးထံသို့ အလံလေးကိုကမ်းပေးလိုက်သည်။ အုပ်ချုပ်ရေးမှူးနှစ်ယောက်မှာ သီချင်းဖောနှင့်ဖတ်လိုက်ကြပြီး ချက်ချင်းပင်မျက်နှာပျက်သွားကြလေသည်။

အုပ်ချုပ်ရေးမှူးတစ်ယောက်က....

"အဓိပတိကြီး.... ဒီနေ့ဟာ နှစ်လပိုင်းနှစ်ဆယ့်သုံးရက်ဆိုတော့ သူချိန်းထားတဲ့ရက်ရောက်ဖို့ငါးရက်ပဲလိုတော့ပါတယ်"

ဒေါင်းမင်းရာဇာကျင်းဝမ်က....

"အဲဒါဘာဖြစ်လဲ... သူကသေရမယ်လို့ပြောတိုင်း ငါကသေရမှာလား"

အုပ်ချုပ်ရေးမှူးက....

"ဟို... တခြားလူတွေလဲ"

ဒေါင်းမင်းရာဇာကျောင်းဝမ်က....

"ဟား... ဟား... တခြားလူတွေက သူ့ကိုသေမလောက်ကြောက်လန့်နေပေမဲ့ ငါကမကြောက်ဘူးကွ... သူတွေ့ချင်နေတာနဲ့အတော်ပဲ"

အုပ်ချုပ်ရေးမှူးက....

"အမိပတိကြီးခင်ဗျား... သူ့ကို ပေါ့ပေါ့တန်တန်လုပ်လို့မရဘူးထင်တယ်"

"အေးပါ... ငါ့ကိုတောင် လာခြိမ်းခြောက်ရဲတာ သဘောကျလို့ပါ။ သူ့ကိုဘယ်လိုလုပ်ရှာရမလဲလို့ စဉ်းစားမရဖြစ်နေတာ၊ သူကငါ့ဆီကို ရောက်လာမယ်ဆိုတော့ ဝမ်းသာစရာ ကောင်းနေတာယ်မဟုတ်လား"

"ဟုတ်ပါတယ်အမိပတိကြီး"

"အေး... ငါ့ကိုသူလာခြိမ်းခြောက်တာဟာ သူ့ရဲ့သေနေ့ ရေွးလို့မဲ့ဆိုတာ သူစဉ်းစားမိမှာမဟုတ်ဘူး... ဟား... ဟား... ဟား"

ဒေါင်းမင်းရာဇာကျောင်းဝမ်က သူ့ဘက်ကအပိုင်တွက်ပြီး တဟားဟားရယ်မောလျက် ခေါင်းမြီးယပ်တောင်ကို တဖျပ်ဖျပ်ခပ်ကာ အိမ်တွင်းသို့ပြန်ဝင်သွားလေသည်။



ကျန်ရစ်ခဲ့သူများမှာ ဘာမှမဖြစ်သလိုဟန်မျိုးဖြင့် စံအိမ်အ ွင်းသို့ဝင်သွားသောဒေါင်းမင်းရာဇာကျောင်းဝမ်ကိုကြည့်ပြီး သက်ပြင်း ိုယ်စီချလိုက်မိကြလေသည်။

သူတို့၏ရင်ထဲမှာတော့ စိုးရိမ်သောကစိတ်များဝင်စပြုနေ လသည်။ သေမင်းအဆိပ်အမိန့်စာကို ဒေါင်းမင်းရာဇာကျောင်းဝမ်က မှုသော်လည်း သူတို့ကတော့ လုံးဝပေါ့ပေါ့တန်တန်သဘောမထား ကြချေ။ သူတို့သည် အမိပတိကြီးအတွက်စိုးရိမ်နေကြသည်။

သေမင်းအဆိပ်အမိန့်စာက ဒေါင်းမင်းရာဇာကျောင်းဝမ်ကို ည်ညွှန်းထားသည်မဟုတ်ပါလား။

"အင်း.... အမိပတိကြီးကတော့ ဘာမှ အရေးမစိုက်တဲ့ပုံစံ မျိုးလုပ်နေတာပဲ"

"အင်းလေ... သူကအေးအေးဆေးဆေးနေပေမဲ့ ကျုပ်တို့က တော့ မပေါ့ဆရဲဘူး"

"ဟာ... ဘယ်ပေါ့ဆလို့ဖြစ်ပါ့မလဲ... အားလုံးကိုထောင့်စေ့ အောင် လုပ်ထားရမှာပေါ့... ကျုပ်တို့အမိပတိကြီးဗိုင်နက်ထဲဝင်လာ သမျှ အဝတ်ပေါက်တဲ့ငှက်တောင်မလွတ်စေရအောင် တင်းတင်း ကျပ်ကျပ်ပြင်ဆင်ထားမှရမှာနော်"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကိုပြင်ဆင်ချိန်ငါးရက်ပေးတာကိုပဲ ကျေးဇူးတင်ဖို့ကောင်းနေပြီ"

"အေးဗျ... ဟုတ်တယ်"

"ကိုင်း... အချိန်ရှိတုန်း ကျုပ်တို့အစွမ်းကုန်ပြင်ဆင်ကြစို့... လာမယ့်ရှစ်ရက်နေ့မှာ သိုင်းလောကရဲ့သမိုင်းတင်လောက်တဲ့ဖြစ်ရပ်ကြီးပေါ်လာတော့မှာပဲ"

"အမှန်ပေါ့ဗျာ"

တစ်ယောက်နှင့်တစ်ယောက် ထောက်ခံပြောဆိုလိုက်ကြပြီးနောက် အုပ်ချုပ်ရေးမှူးနှစ်ယောက်နှင့် ဝတ်စုံနီလူရွယ်တို့သည် တာဝန်အသီးသီးခွဲဝေယူလိုက်ကြလေသည်။

❀❀❀

နှစ်လပိုင်းနှစ်ဆယ့်ခုနစ်ရက်နေ့...

သိုင်းအဓိပတိကြီးဆီသို့ သေမင်းအဆိပ်ဘုရင်စာရောက်နေသည်ဟူသောသတင်းက သိုင်းလောကကြီးတစ်ခုလုံးကို တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။

သိုင်းအဓိပတိကြီးရှိရာချန်ပေမြို့တွင်သာမက ပတ်ဝန်းကျင်အခြားမြို့များတွင်လည်း သိုင်းလောကသားများခြေချင်းလိမ်လျက်စည်ကားရှုပ်ထွေးနေသည်။ အဆိပ်ဘုရင်အမိန့်စာသတင်း ထွက်ပေါ်လာသည့်နေ့မှစ၍ ယနေ့အထိ သိုင်းလောကကြီးတစ်ခုလုံးအုတ်အုတ်ကျက်ကျက်ဖြစ်နေလေသည်။



လူတိုင်းပင် မနက်ဖြန်ကို စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည်။

သိုင်းလောကတွင် သမိုင်းတွင်မည့်ဖြစ်ရပ်ကြီးပေါ်ပေါက်မည်ဖြစ်သောမနက်ဖြန်ကို အလောတကြီးရောက်ချင်နေကြသည်။ သို့ရာတွင် အချိန်သည် သဘာဝတရားကြီးကဖန်တီးပေးထားသောအရာတစ်ခုဖြစ်သည်။

သဘာဝကိုလွန်ဆန်၍ မရစကောင်းပေ။

လူသားတို့သည် သဘာဝတရားကိုစိတ်ကြိုက်ဖန်တီးယူ၍ချေ။ ထို့ကြောင့် အချိန်ဟူသောယန္တရားကြီးသည် မည်သို့အလိုကိုမလိုက်ဘဲအချိန်မှန်မှန်လည်ပတ်နေလေသည်။

❀❀❀

မနက်ဖြန်....

တစ်နည်းအားဖြင့် ၂–လပိုင်း ၂၈–ရက်နေ့သို့ရောက်မှ အချိန်သည် တဖြည်းဖြည်းကျရောက်လာတော့မည်ဖြစ်၏။

မနက်ဖြန်သို့ရောက်လာမည့်အချိန်ကို စိတ်လှုပ်ရှားခြင်း စောင့်မျှော်နေကြသည်။ ထိုသို့စောင့်မျှော်နေကြသောလူများအန သမားတော်ကြီးမော်ကျင့်တစ်ယောက်လည်း အပါအဝင်ဖြစ်သ

သမားတော်ကြီးမော်ကျင့်မှာ အလုပ်ထဲ၌စိတ်မဝင်စာ သလောက်ဖြစ်နေသည်။

ဆိုရလျှင်.... ဘမားတော်ကြီးမော်ကျင့် အလုပ်ထဲ၌ စိတ် ဝင်စားခြင်းမရှိသည်မှာ အဆိပ်ဘုရင်အမိန့်စာ ပေါ်လာကတည်း ဖြစ်လေသည်။

အဆိပ်ဘုရင်အကြောင်းကို အချိန်တိုင်းလိုလို သမားတော် ကြီးမော်ကျင့်တွေးတောနေခြင်းဖြစ်၏။ အကြားသတင်းဖြင့် အဆိ ၏အာနိသင်ကိုသိထားပြီးဖြစ်ရာ ထိုအဆိပ်အားပြေပျောက်နိုင်မည် နည်းလမ်းပေါင်းစုံကိုသမားတော်ကြီးမော်ကျင့် စဉ်းစားထားပြီးဖြ လေသည်။

သို့သော်... သူကိုယ်တိုင် အဆိပ်မိသောသူကိုစစ်ဆေးခွင့် ရသေးသောကြောင့် သူဆေးမည့်အစွမ်းထက်ကြောင်းကိုလည်း သိရသေးဘဲဖြစ်နေသည်။



သမားတော်ကြီးမော်ကျင့်သည် သူ့ဆေးကိုသူ အလွန်ပင်ယုံ အားကိုးသည်။ နေ့စဉ်ရက်ဆက်ဆိုသလို ဆေးများကို ပြင်ဆင် က်လျက်ရှိသောကြောင့် သမားတော်ကြီးမော်ကျင့်၏အဆိပ် ဆေးမှာ ကောင်းသည်ထက်ပိုကောင်းမွန်နေလေတော့သည်။

သို့ရာတွင် အဆိပ်ဘုရင်ကို နိုင်မနိုင်တော့ အတပ်မပြောနိုင် ကြာခင် သူ၏ဆေးအာနိသင်အစွမ်းကိုသိုင်းလောကသားများ ားမှစရစေမည်ဟု သမားတော်ကြီးမော်ကျင့်စိတ်တွင်းမှကြုံးဝါး ရှိ၏။ အကယ်၍ သမားတော်ကြီးမော်ကျင့်၏အဆိပ်ဖြေဆေး အောင်မြင်ခဲ့ပါလျှင် သေမင်းအဆိပ်၏အန္တရယ်ကို အများပြည်သူ ကြောက်ရွံ့စရာလိုတော့မည်မဟုတ်ချေ။

အဆိပ်မိထားသူများအားလုံးကို သမားတော်ကြီးမော်ကျင့် ယ်တင်နိုင်တော့မည်မဟုတ်ပါလား။

ထိုသို့သာ အဆိပ်မိထားသူများကိုအောင်မြင်စွာကယ်တင် ခဲ့ပါလျှင် သမားတော်ကြီးမော်ကျင့်အဖို့ သေမင်းအဆိပ်ဆိုသော ရာယ်ဆိုးကြီးကို တစ်နည်းတစ်လမ်းအနိုင်ယူခြင်းပင်ဖြစ်ပေလိမ့် ။ သမားတော်ကြီးမော်ကျင့်အဖို့ သမားတော်ဖြစ်ရကျိုးနပ်သည် ဆိုရပေမည်။

အဲဘယ်ကြောင့်ဆိုသော် လူအများ၏အသက်ကိုကယ်တင် အလွန်ခက်ခဲလှပြီး ထိုခက်ခဲလှသောအလုပ်ကို သမားတော်ကြီး

မော်ကျင့်က အောင်မြင်စွာလုပ်ကိုင်နိုင်ခဲ့သောကြောင့်ဖြစ်လေသည်

တကယ်ဆိုတော့လည်း ....

သမားတော်တို့မည်သည်မှာ လူအများ၏ အသက်ကိုက တင်နိုင်ရန်အတွက် လူဖြစ်လာကြသူများဖြစ်သည်မဟုတ်ပါလော

❀❀❀

၂–လပိုင်း

၂၈–ရက်နေ့....

အားလုံးသောလူများ ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော် ကြသောနေ့ဖြစ်သည်။ သို့ဖြင့်.... ဒေါင်းမင်းစကြာစံအိမ်ကြီးရှိ အုပ် ရေးများနှင့်တာဝန်ရှိသူများအားလုံးတို့မှာ သူတို့၏ကြိုတင်ပြင်ဆ စီမံမှုများကို အထပ်ထပ်အခါခါစစ်ဆေးနေကြသည်။

စံအိမ်ဝန်းကျင်တွင် အစောင့်အကြပ်များအနိုင်အမာချထ သည်။ စံအိမ်ဝန်းကျင်၏အတွင်းနှင့် အပြင်ဘက်တို့တွင်လည်း အဆ မြင့်သိုင်းသမားများအထပ်ထပ်ဝန်းရံစောင့်ကြပ်လျက်ရှိသည်။

စံအိမ်တော်ကြီးအတွင်း၌လည်း ဝါရင့်ထိပ်သီးသိုင်းဆ ကြီးများနေရာယူထားကြသည်။

ဒေါင်းမင်းရာဇာကျင်းဝမ်ကတော့ ဒေါင်းမြီးယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း လမ်းလျှောက်နေသည်။



အခြားသူများက သူ့အတွက်စိုးရိမ်တကြီးဖြင့် တပင်တပန်း ာကွယ်ရေးအစီအစဉ်များကိုလုပ်ဆောင်နေသော်လည်း သူကမူ အေးအေးဆေးဆေးပင်ဖြစ်သည်။ ထိုသို့ဖြင့် တစ်နေကုန်သည်တိုင် ည်သည့်ထူးခြားမှုဖြစ်မလာပါ။ ညစာစားချိန်သို့ပင်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ဒေါင်းမင်းစကြာစံအိမ်ကြီးတစ်လုံး မီးများထိန်လင်းနေ သည်။

ခပ်ဖွဖွလေးနင်းလာသောခြေသံနှင့်အတူ ဒေါင်းမင်းရာဇာ ကျင်းဝမ်အနီးသို့ ဝတ်စုံပြာကိုဝတ်ဆင်ထားသောလူရွယ်တစ်ယောက် ရောက်လာ၏။ ထိုဝတ်ရုံပြာနှင့်လူရွယ်က ဒေါင်းမင်းရာဇာကျင်းဝမ် ကိုအရိုအသေပြုလိုက်သည်။

"အမိပတိကြီး ညစာစားဖို့အသင့်ပြင်ပြီးပါပြီ"

ဒေါင်းမင်းရာဇာကျင်းဝမ်ခေါင်းညိတ်လိုက်သည်။

"အေး... အေး... ဟိုဆရာကြီးတွေကိုလဲ သွားဖိတ်လိုက်ဦး။ ငါထမင်းစားခန်းထဲကစောင့်နေမယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဝတ်ရုံပြာနှင့်လူရွယ်က အရိုအသေပေးပြီးထွက်သွားသည်။ ဒေါင်းမင်းရာဇာကျင်းဝမ်လည်း ထမင်းစားခန်းရှိရာသို့လျှောက်သွား လေသည်။

❀❀❀

ဝတ်ရုံပြာနှင့်လူငယ်က ရှေ့မှဦးဆောင်၍လျှောက်လာ၏။ ဝတ်ရုံပြာနှင့်လူရွယ်၏နောက်မှ သိုင်းဆရာခြောက်ယောက်က လိုက်ပါလာသည်။ သူတို့အားလုံး ထမင်းစားခန်းရှိရာသို့လျှောက်လာကြခြင်းဖြစ်သည်။

"ခုထိတော့ အခြေအနေကအေးအေးဆေးဆေးပဲဗျာ"

လျှောက်လာကြရင်းမှ ဝတ်ရုံဝါဆရာကြီးတစ်ယောက်က ပြောလိုက်သည်။

"အေးဗျာ... ကျုပ်တို့ကိုစိတ်အနှောင့်အယှက်ဖြစ်အောင်များ ဒီကောင်တမင်လုပ်လိုက်တာလားမသိဘူး"

ကျူးထင်းဆိုသူကပြုံး၍ပြောလိုက်သည်။

"ဒီမှာကျူးထင်း... ခင်ဗျားအပြစ်တင်မစောနဲ့ဦး၊ အချိန်ကတစ်ညလုံးလုံးလိုသေးတယ်"

"ပေရှိုရယ်... ခုအချိန်ကနေ သန်းခေါင်ယံအထိ ကြားထဲမှာကျန်နေတဲ့အချိန်က ဘာများကြာမှာမို့လို့လဲ၊ ကျုပ်တို့အမိပတိကြီးနဲ့ သန်းခေါင်ကျော်တဲ့အထိ ထိုင်စကားပြောလိုက်ရင် ဘယ်ကောင် လာသတ်ရဲမှာမို့လဲ"

"အေး... အဲ့ဒီနည်းကကောင်းတယ်... ညစာစားပြီးအိပ်ရာဝင်မယ်ဆိုရင် အမိပတိကြီးအတွက်စိုးရိမ်နေရဦးမယ်၊ ကိုယ့်မျက်စိရှေ့မှာတင်တစ်ညလုံးရှိနေတော့ စိုးရိမ်စရာမလိုတော့ဘူးပေါ့"



"ဒီသေမင်းအဆိပ်ဆိုတဲ့ကောင် လာကောလာရဲဦးမှာလား…ား၊ အမိပတိကြီးနဲ့အတူ ကျုပ်တို့ရှိနေမယ်ဆိုတော့ သူ့သေတွင်းသူ…ာတူးသလိုဖြစ်နေမှာပေါ့"

ပေရှိုကချောင်းတစ်ချက်ဟန့်သည်။

ပြီးမှ စကားဆက်လိုက်သည်။

"ဝမ်းယိ သိုင်းလောကထိပ်သီးတွေဟာပြောတဲ့အတိုင်းလုပ်…တ်ကြတဲ့လူတွေဗျ၊ သူတို့နှုတ်ကထွက်လိုက်တဲ့စကားတစ်ခွန်းကို …သက်ထက်တန်ဖိုးထားကြတယ်"

ပေရှိုက ဝမ်းယိအားတစ်ချက်ကြည့်ပြီးစကားဆက်သည်။

"ဒီကောင် အမိပတိကြီးကိုလာသတ်မှာကျိန်းသေတယ်၊ သူ…ယ်သူစိတ်ချလို့ ရက်ချိန်းတောင်ကြိုပေးနေသေးတာပဲ"

ဝမ်းယိကတစ်ချက်ရယ်လိုက်ပြီး....

"ဟား... ဟား... ဟား.... သူလာမယ်ဆိုရင်တော့ ကျုပ်…န်းကျူးတယ်၊ ပွဲကြီးပွဲကောင်းပေါ့ဗျာ"

အားလုံး စကားတပြောပြောဖြင့်လျှောက်လာရင်း ထမင်း…ားခန်းဆီသို့ရောက်လာကြသည်။

ထမင်းစားခန်း၏အပေါက်ဝ တစ်ဘက်တစ်ချက်တွင် အမိ…တိကြီး၏လက်ထောက်လည်းဖြစ် လူယုံတော်လည်းဖြစ်သော သိုင်း…မားနှစ်ယောက်ကစောင့်နေကြ၏။

"ကြွပါခင်ဗျာ… ကြွကြပါ။ အထဲမှာ အဓိပတိကြီးစောင့်နေပါတယ်"

တစ်ယောက်က ခရီးဦးကြိုပြုလိုက်သည်။ ထမင်းစားခန်းအတွင်းရှိ အဓိပတိကြီးကျင်းဝမ်မှာ အပေါက်ဝဘက်ကို ခပ်စောင်းစောင်းအနေအထားပြုလျက်ထိုင်နေသည်။ ခေါင်းမြီးယပ်တောင်ကြီးကိုမေးတင်ထောက်လျက် တစ်စုံတစ်ရာတွေးတောစဉ်းစားနေဟန်ဖြင့်ငြိမ်ချက်သားကောင်းနေလေသည်။

❀❀❀

"ဒီမှာစောင့်နေတာ မင်းတို့လေးယောက်တည်းလား"

အခန်းတွင်းသို့လှမ်းဝင်လာသော ကျစ်ဆံမြီးနှင့်ဆရာကြီးကမေးလိုက်သည်။ လက်ထောက်တစ်ယောက်ကခေါင်းညိတ်၏။

"ဟုတ်ပါတယ်ဆရာကြီး… အဓိပတိကြီးက သူ့အနားမှာလူအများကြီးစောင့်ရှောက်နေတာကိုမကြိုက်ဘူး။ သူ့ကိုယ်သူကာကွယ်နိုင်တယ်လို့ပြောပါတယ်၊ ကျွန်တော်တို့ကိုလဲ ဒီလောက်အထိစိုးရိမ်နေစရာမလိုဘူးတဲ့"

ကျစ်ဆံမြီးနှင့်ဆရာကြီးက….

"အေး… တို့လဲသူ့အနားမှာအမြဲလိုလိုရှိနေကြတာပဲ၊ ဒါပေမဲ့ ဒီနေ့ကချိန်းထားတဲ့နေ့ဆိုတော့ ပိုဂရုစိုက်လေကောင်းလေပဲကွ"



လူယုံသိုင်းသမားခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဆရာကြီး… ကဲ စကားကောင်းနေလို့မဖြစ်သေးဘူး၊ ဆရာကြီးတို့ ညစာကိုသုံးဆောင်လိုက်ကြပါဦး။ အားလုံးအသင့်ပြင်ထားပြီးပါပြီ"

"အေး… ကျေးဇူးပါပဲ"

ကျစ်ဆံမြီးဆရာကြီးက ကျေးဇူးတင်စကားပြောလိုက်၏။ ထို့နောက် ဧည့်သည်တော်ကြီးများအားလုံး စားပွဲဝိုင်းရှိ ထိုင်ခုံများဆီသို့လျှောက်လာခဲ့ကြသည်။

ယခုအချိန်ထိ အဓိအပတိကြီးကျင်းဝမ်သည် လှည့်ကြည့်နှုတ်ဆက်ခြင်းမရှိသေးချေ။ အားလုံး ထိုင်ခုံပေါ်ဝင်ထိုင်ချလိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် ….

"ဟာ …."

အာမေဍိတ်သံနှင့်အတူ အဓိပတိကြီးကျင်းဝမ်အနီးဝင်ထိုင်လိုက်သောကျစ်ဆံမြီးဆရာကြီးသည် အလန့်တကြားဖြင့် နောက်သို့ကမန်းကတန်းခုန်ဆုတ်လိုက်မိလေသည်။

ကျန်လူအားလုံးမှာလည်း ပြူးပြူးပျာပျာဖြစ်သွားကြ၏။

သူတို့သည် ငြိမ်သက်စွာထိုင်နေသည့်အဓိပတိကြီးကျင်းဝမ်ကို မျက်လုံးအပြူးသားနှင့်ကြည့်လိုက်မိကြကုန်သည်။

အဘယ်ကြောင့်ဆိုသော်….

အမိပတိကြီးဒေါင်းမင်းရာဇာကျင်းဝမ်မှာ တိုင်လျက်အနေအထားအတိုင်း အသက်ပျောက်နေပြီဖြစ်သည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ဒေါင်းမင်းရာဇာကျင်းဝမ်၏မေးစေ့က ဒေါင်းမြီးယပ်တောင်နှင့်ထောက်လျက်ရှိပြီး ကိုယ်ရှေ့ပိုင်းက စားပွဲစောင်းဖြင့်ခံနေသောကြောင့် ပုံပျက်မန်းပျက်ပျော့ခွေလဲကျသွားခြင်းမရှိဘဲ ပုံစံမပျက်ရှိနေခြင်းပင်ဖြစ်သည်။

ညှိသည်သိုင်းဆရာကြီးကိုယ်တိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားမှုကြောင့် အမိပတိကြီးကျင်းဝမ်၏လက်ထောက်များသည် အခြေအနေအားလုံးကိုနားလည်သဘောပေါက်ကာ မျက်လုံးအပြူးသားဖြစ်သွားကြကုန်လေသည်။

“ဘယ်လို... ဘယ်လိုဖြစ်သွားတာပါလိမ့်”

လက်ထောက်တစ်ယောက်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ဗလုံးဗထွေးပြောလိုက်၏။ ပြီးနောက် လေးယောက်စလုံးအမိပတိကြီးကျင်းဝမ်ရှိရာသို့အပြေးအလွှားရောက်လာခဲ့ကြသည်။

“မင်းတို့ အမိပတိကြီးကို ဘယ်အချိန်ကတည်းကစောင့်နေကြတာလဲ”

ဝတ်စုံညိုဝတ်ဆရာကြီးတစ်ယောက်က လှမ်း၍မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။



“ကျွန်တော်တို့မနက်ကတည်းက အမိပတိကြီးအနားမှာရှိနေခဲ့ပါတယ်၊ အမိပတိကြီးက သူ့အနီးအနားမှာလူတွေဝိုင်းနေကြတာကိုမကြိုက်မှန်းသိလို့ မလှမ်းမကမ်းကပဲစောင့်ကြပ်နေခဲ့ကြရပါတယ်၊ ကျွန်တော်တို့လေးယောက်ရဲ့ပတ်ဝန်းကျင်မှာလဲ လျှို့ဝှက်စောင့်ကြပ်နေကြတဲ့လူတွေရှိပါသေးတယ်”

“ငါတို့ရောက်မလာခင် ဒီထမင်းစားခန်းထဲကို ဘယ်သူတွေရောက်လာကြသေးသလဲ”

ထိုလေးယောက်မှာထိတ်လန့်အံ့သြနေသည်။

“ဘယ်သူမှမလာပါဘူးဆရာကြီး... ကျွန်တော်တို့ တစ်ချိန်လုံး တံခါးပေါက်မှာစောင့်နေကြတာပဲ”

“လှုပ်ရှားသံကော ကြားသေးလား”

“ဟင့်အင်း... မကြားမိပါဘူးဆရာကြီး၊ ဒီအခန်းကလဲ အလုံခန်းပါ၊ အဝင်အထွက်လုပ်ဖို့တံခါးပေါက်က တစ်ပေါက်ထဲရှိပါတယ်”

“အင်း”

မေးခွန်းထုတ်နေသောဝတ်စုံညိုဆရာကြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးနောက် ကြမ်းပြင်ကို မျက်တောင်မခတ်စိုက်ကြည့်ရင်းခေါင်းခါယမ်းပြသည်။ ကျန်လူများမှာလည်း မည်သည့်စကားမျှမဆို ကြတော့ချေ။

တစ်ယောက်တစ်နေရာငေးမောရင်း ငြိမ်သက်နေကြလေတော့သည်။ သူတို့အားလုံး၏ဦးနှောက်ထဲတွင် အတွေးပေါင်းစုံက ရှုပ်ထွေးနေကြလေသည်။

အဖြေရှာရခက်သောပုစ္ဆာကြီးတစ်ခုကို ရရှိထားသလိုဖြစ်နေသည်မဟုတ်ပါလား။

အခန်းတစ်ခုလုံး၌ တိတ်ဆိတ်ခြင်းကလွှမ်းမိုးနေသည်။

စားပွဲပေါ်တွင်အသင့်ပြင်ထားသော အစားအသောက်များသည် အငွေ့တလူလူနှင့် ပုံစံမပျက်ရှိနေကြသည်။ ကျစ်ဆံမြီးဆရာကြီး၏မျက်လုံးအစုံက ဒေါင်းမင်းရာဇာကျင်းဝမ်၏အလောင်းဆီသို့ ဖျတ်ခနဲရောက်သွားကြသည်။

ခဏကြာမှ သူသတိပြန်ဝင်လာသည်။

"ကိုင်း... ဒီအတိုင်းကြည့်နေလို့မဖြစ်သေးဘူး၊ အဓိပတိကြီးသေသွားပြီဆိုတော့ ကျုပ်တို့အတွက် လုပ်စရာတွေအများကြီးပေါ်လာပြီ"

ကျစ်ဆံမြီးဆရာကြီး၏အသံကြားမှပင် ကျန်လူများလည်း အသက်ပြန်ဝင်လာသကဲ့သို့လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

ထို့နောက် ဒေါင်းမင်းရာဇာကျင်းဝမ်၏အလောင်းကို စမ်းသပ်စစ်ဆေးကာ ဈာပနအခမ်းအနားအတွက် ပြင်ဆင်စီစဉ်ကြလေတော့သည်။



အခန်းမှာ ပြန်လည်တိတ်ဆိတ်သွားသည်။ အခန်းထဲတွင်မူ အငွေ့မသေသေးသောအစောင့်အသောက်များက စားပွဲပေါ်တွင် အသင့်နေရာယူရင်း ကျန်ခဲ့သူများ လာရောက်စမ်းသပ်မည့်သူများကို စောင့်မျှော်နေဟန်ရှိနေလေတော့သည်။

❀❀❀

အဆိပ်ဘုရင်အမိန့်စာကြောင့် သိုင်းအဓိပတိကြီးသေဆုံးသွားသောသတင်းမှာ သိုင်းလောကကြီးတစ်ခုလုံးအား မည်မျှအံ့ဩတုန်လှုပ်သွားစေမည်ဖြစ်ကြောင်း အထူးပြောစရာမလိုချေ။

သိုင်းလောကတွင် သမိုင်းတင်ရမည့်အဖြစ်အပျက်ကြီးလည်းဖြစ်ပေသည်။

သိုင်းအဓိပတိကြီး၏ ကြီးကျယ်လှသောဈာပနအခမ်းအနားကြီးမှာလည်း အထူးပင်စည်စည်ကားကားရှိလှသည်။ ရပ်ဝေးရပ်နီးအနယ်နယ်မှဂါရဝပြုသူများ အဆက်မပြတ်ရောက်ရှိလာကြသဖြင့် ဒေါင်းစကြာစံအိမ်ကြီးတစ်ခုလုံး လူပြည့်နေသည်။

ထိုစဉ်...

"ခွပ်... ခွပ်... ခွပ်"

"ချွင်... ချွင်... ချွင်"

ဒုန်းစိုင်းမောင်းနှင်လာသော မြင်းရထားတစ်စီး၏ခြေသံများ

ဆူညံစွာထွက်လာသည်။

ဒေါင်းမင်းစကြာစံအိမ်ရှေ့သို့ရောက်သောအခါ တုန့်ခနဲရပ်တန့်လိုက်သည်။ တစ်ဆက်တည်းမှာပင် ရထား၏တံခါးပေါက်ပွင့်သွားသည်။ ထိုအပေါက်မှ ဝတ်စုံပြာနှင့်လူတစ်ယောက်ဆင်းလာသည်။

"ဟာ... အတုမဲ့သမားတော်ကြီးပါလား"

ကြိုဆိုရေးတာဝန်ယူထားသူထဲမှတစ်ယောက်က အံ့သြတသင့်ရေရွတ်လိုက်သည်။

ကျန်လူများလည်း ယခုလာသူမှာ ကျားပါးစပ်တောင်ကုန်းမှအတုမဲ့သမားတော်ကြီးမော်ကျင့်ဖြစ်ကြောင်းသိသွားကြလေသည်။

"ကြွပါဆရာကြီး... ကြွပါ"

ကြိုဆိုရေးသမားကခရီးဦးကြိုပြုလိုက်သည်။

"ဟေ့... ဆရာကြီးကြွလာတဲ့အကြောင်း မြန်မြန်သွားပြောလိုက်ကြပါ"

"ဟိုတစ်ယောက်က ဆရာကြီးရဲ့မြင်းရထားကိုမြင်းစောင်းဘက်ယူသွား... မြင်းကိုလဲ အစားကောင်းကောင်းကျွေးလိုက်"

ကြိုဆိုရေးတာဝန်ကျသူများက တလေးတစားဖြင့် ပျာပျာသလဲပင်ကြိုဆိုလိုက်ကြသည်။ သမားတော်ကြီးမော်ကျင့်မှာ သူတို့အရေးတယူကြိုဆိုမှုကြောင့်ကျေနပ်သွားသည်။



ထို့နောက်....

ကြိုဆိုခေါ်ဆောင်သူ၏နောက်မှလိုက်ကာ ဒေါင်းမင်းစကြာစံအိမ်အတွင်းသို့ဝင်ရောက်သွားလေသည်။

သမားတော်ကြီးမော်ကျင့်ရောက်လာကြောင်း သိလိုက်ကြသော ရှားပနအခမ်းအနားကြီးကြပ်သူဆရာကြီးများက စံအိမ်ပေါက်ဝသို့ထွက်ပြီးစောင့်ကြိုကြသည်။

❀❀❀

"အခုလိုတွေ့ဆုံရတာဝမ်းသာတယ်ဗျို့"

"ဆရာကြီးလာမယ်လို့တောင် မထင်ဘူး၊ ခရီးကလှမ်းတာဘဲ"

"ကျုပ်တို့လဲ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ဆရာကြီးကိုသတိရနိုင်အားဘဲဖြစ်နေတယ်"

ရှားပနအခမ်းအနားကိုကြီးကြပ်သူဆရာကြီးများက တရင်းတနှီးပြောပြောဆိုဆိုကြိုဆိုကြသဖြင့် သမားတော်ကြီးမော်ကျင့်မှာ ဘပြုံးပြုံးဖြစ်နေလေသည်။

ပြောရမည်ဆိုလျှင် ထိုဆရာကြီးများမှာ သိုင်းလောကတွင် နာမည်ကျော်ကြားပြီး လူအများ၏လေးစားမှုကိုခံယူရရှိထားသူများ ဖြစ်ကြသည်။

ထိုဆရာကြီးများက တန်းတူရွယ်တူသဘောထားပြီး က
လေးတစားဆက်ဆံခြင်းခံရသူမှာ အရှိန်အဝါအတော်လေးကြီးမား
သူဖြစ်သည်။

သမားတော်ကြီးမော်ကျင့်သည် တလေးတစားဆက်ဆံခံ
ရခြင်းအတွက် အလွန်ဝမ်းသာကျေနပ်သွားသည်။

"ကျုပ်က ဒီအဆိပ်ဘုရင်ကို အတော်လေးစိတ်ဝင်စားနေခဲ့
တာဗျ"

"အဆိပ်ဘုရင်အကြောင်းတော့ မပြောချင်ပါဘူးဗျာ၊ ကျုပ်
တို့ကို မကြုံဘူးလောက်အောင်ဒုက္ခပေးနေတာဗျ။ သိပ်ကြောက်စရာ
ကောင်းတယ်"

"ဆရာကြီးမော်ကျင့်က သမားတော်အကျော်အမော်တစ်
ယောက်ဆိုတော့ သေမင်းအဆိပ်ကိုစိတ်ဝင်စားမှာအမှန်ပဲ၊ တခြား
လူဆိုရင်တော့ သေမင်းအဆိပ်ကိုစိတ်ဝင်စားဖို့နေနေသာ နာမည်
တောင်ကြားချင်မှာမဟုတ်ဘူး"

"အဆိပ်ဘုရင်ရဲ့ ထူးဆန်းတဲ့အဆိပ်အာနိသင်ကို ဆရာကြီး
လဲကြားမှာပေါ့"

သမားတော်ကြီးမော်ကျင့်က....

"ဟုတ်ကဲ့ကြားပါတယ်... အဆိပ်နဲ့လုပ်ကြံခံရတာလဲ တော်
တော်ထူးဆန်းတယ်ဆိုပဲ"



"ထူးဆန်းတာကတော့မပြောနဲ့ ဘယ်လိုလုပ်ပြီးသတ်သွား
ဘာင်မသိလိုက်ရဘူး၊ ခြေရာလက်ရာမပျက် ပုံစံမပျက် သေ
ကြတာ"

"ကျုပ်တို့ကိုတော်တော်ဒုက္ခပေးတဲ့အဆိပ်ပဲဗျာ... သူနဲ့ပတ်
လို့ အားလုံးဦးနှောက်ခြောက်နေကြပြီ"

ဝတ်စုံဝါဆရာကြီးတစ်ယောက်က ညည်းညည်းညူညူဖြင့်
ဆိုလိုက်လေသည်။

❀❀❀

"အင်း... ဆရာကြီးတို့စောင့်ကြပ်နေတဲ့ကြားကနေ ခြေရာ
ရာမပျက်စေ မရရအောင်သတ်သွားတာဆိုတော့ တော်တော်
ကိုစဉ်းစားရကြပ်တာပဲ"

"သမားတော်ကြီး... ဒါအမှန်ပဲ"

"ကျုပ်တို့ပဲညံ့လို့လား လူသတ်သမားကပဲတော်လွန်းလို့
းတော့မပြောတတ်ဘူး။ ဖြစ်ခဲ့တာတွေကရှက်ဖို့ကောင်းတယ်"

သမားတော်ကြီးမော်ကျင့်သည် ခေါင်းတညိတ်ညိတ်လုပ်
စဉ်းစားဟန်တစ်ချက်ပြုသည်။ ကျန်လူများကလည်း သမား
တော်ကြီးမော်ကျင့်၏အပြုအမူကိုကြည့်ကာ တိတ်ဆိတ်စွာနားစွင့်
ကြ၏။

ခဏကြာမှ သမားတော်ကြီးမော်ကျင့်က....

"ကျုပ်စဉ်းစားမိတာတစ်ခုရှိတယ်... အဆိပ်ဘုရင်အမိန့် ကိုရတဲ့သူတွေဟာ ရက်ချိန်းအတိုင်းထူးထူးဆန်းဆန်းသေကြတာ

"ဟုတ်ပါတယ်သမားတော်ကြီး။ အစောင့်အကြပ်တွေ ဘယ် လောက်များများသေသွားရတာပါပဲ"

သမားတော်ကြီးမော်ကျင့် မျက်မှောင်ကြုတ်လိုက်ပြီး—

"ဟုတ်ပြီ... အဲ့ဒီအချက်ကိုအမိကထားပြီးစဉ်းစားကြည့် သေမင်းအဆိပ်အမိန့်စာရတဲ့လူတွေဟာ စာမရခင်ကတည်းက ဆိပ်မိထားပြီလို့ ထင်စရာမဟုတ်ပေဘူးလား"

"ဟာ... ဟုတ်သားပဲ"

"ကြည့်စမ်း သမားတော်ကြီး၊ ကျုပ်တို့ ဒီအချက်ကိုလုံး မစဉ်းစားမိခဲ့ကြဘူး"

"သမားတော်ကြီးပြောမှပဲ စဉ်းစားမိတော့တယ်"

"သမားတော်ကြီးထောက်ပြတဲ့အချက်က အင်မတန် တန်ဖိုးရှိပါတယ်"

ဆရာကြီးအားလုံးပင် သမားတော်ကြီးမော်ကျင့်ကိုဝိုင်းဝန်း ထောက်ခံချီးကျူးလိုက်ကြလေ၏။

"ခင်ဗျားတို့က အဆိပ်ဘုရင်အမိန့်စာရောက်တာနဲ့လုံခြုံရေး ကိစ္စတွေနင်းကန်လုပ်နေကြတော့တာကိုး၊ တကယ်တော်တဲ့ သမား



တော်တွေဖိတ်ပြီး စစ်ဆေးမှုတွေလုပ်ဖို့သတိမရကြဘူး"

"အင်း... ဆရာကြီးအပြစ်တင်လဲခံရမှာပဲ"

"အမိန့်စာရတဲ့သူတွေဟာ ထိပ်သီးဝါရင့်သိုင်းသမားတွေဖြစ် တယ်၊ ပြီးတော့ အရင်လိုလဲလှုပ်ရှားသွားလာနိုင်ကြတာဆိုတော့ ဒီလို စစ်ဆေးဖို့ ဘယ်သတိရကြမှာလဲ"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ညံ့တယ်၊ သမားတော်ကြီးမော်ကျင့် အတုမဲ့သမားတော်ကြီးတစ်ယောက်ပဲ၊ ဒါကြောင့် ဆရာကြီးကို ပြီးစစ်ဆေးကြည့်ဖို့ကောင်းပါတယ်"

ဆရာကြီးများက သမားတော်ကြီးမော်ကျင့်ကို ဝိုင်းဝန်း ာင်းပန်လိုက်ကြလေသည်။ သမားတော်ကြီးမော်ကျင့်ကလည်း သက်စီးမှုမနေလိုဟန်ဖြင့် ပြုံးပြီးလက်ကာပြလိုက်၏။

"ကဲပါလေ... ပြီးခဲ့တာတွေကို ပြန်ပြောမနေကြပါနဲ့တော့၊ ယ်သူမှ မကောင်းစိတ်မွေးပြီးလုပ်ကိုင်နေကြတာမှမဟုတ်ဘဲ၊ အမိ တ်ကြီးရဲ့ အလောင်းကိုစစ်ဆေးကြည့်ရအောင်"

"ဟုတ်တယ်... သမားတော်ကြီးသာစစ်ဆေးကြည့်မယ်ဆို င် ထူးခြားမှုတော့ရှိလာမှာပဲ"

ထို့နောက် အမိပတိကြီး၏အလောင်းပြင်ထားရာအခန်းဆီ ့ အားလုံးထွက်လာခဲ့ကြလေသည်။

## စစ်ဆေးခြင်း

---

"ကဲ .... သမားတော်ကြီးစိတ်တိုင်းကြသာ အလောင်းရဲ့
ခြားမှုအခြေအနေကိုစစ်ဆေးကြည့်ပါတော့"

အလောင်းပြင်ထားရာအခန်းသို့ရောက်သောအခါ ရှေ့
ဆောင်လာသူဝတ်ရုံပြာဆရာကြီးက မော်ကျင့်အားနေရာဖယ်
လိုက်သည်။ သမားတော်ကြီးမော်ကျင့်က အလောင်းအနီးသို့
သွက်သွက်လေးလှမ်းသွားသည်။

ကျန်ဆရာကြီးများက သမားတော်ကြီး၏နောက်နား
ဝိုင်းပတ်ရပ်ရင်း စိတ်ဝင်တစားအကဲခတ်ကြည့်ကြသည်။

သမားတော်ကြီးမော်ကျင့်က အလောင်းကိုကိုင်ကြ
လိုက်၊ အလောင်း၏ပါးစပ်အနီးကပ်ကာ နမ်းရှု့အနံ့ခံကြည့်လိုက်
အလုပ်ရှုပ်နေ၏။ သူ၏မျက်နှာမှာလည်း အလွန်လေးနက်
အသွင်ဆောင်နေပြီး ....



တစ်ချက်တစ်ချက်တွင် မျက်မှောင်ကြုတ်၍စဉ်းစားဟန်ပြု
သည်။ ဝိုင်းဝန်းကြည့်ရှုနေသောဆရာကြီးများသည် သမားတော်ကြီး
မော်ကျင့်၏အမူအရာကိုကြည့်ရင်း အလွန်အရေးပါသောစမ်းသပ်စစ်
ဆေးမှုပြုလုပ်နေခြင်းဖြစ်ကြောင်း သဘောပေါက်ကြသည်။

အချိန်အတော်ကလေးကြာသွား၏။ ထို့နောက်....

"ဟင်း...."

သမားတော်ကြီးမော်ကျင့်ထံမှ သက်ပြင်းတစ်ချက်ချသံ
ကြားလိုက်ရသည်။ အားလုံးကစိတ်လှုပ်ရှားစွာနှင့် သမားတော်ကြီး
မော်ကျင့်ကိုကြည့်လိုက်ကြ၏။

သမားတော်ကြီးမော်ကျင့်က အလောင်းရင်ပတ်ကို လက်
ဖြင့်အသာအယာဖိထားလျက်....

"အဆိပ်ဘုရင်ရဲ့အဆိပ်ဟာ အတော်ထူးခြားအစွမ်းထက်တဲ့
ကြောက်စရာအဆိပ်ဆိုတာ ကျုပ်ဝန်ခံပါတယ်၊ အခု အလောင်းကို
သေချာစစ်ဆေးကြည့်မိတော့မှ ကြားရတဲ့သတင်းထက်တောင်ပိုပြီး
ထူးဆန်းနေတယ်ဆိုတာသိရတော့တယ်"

ဆရာကြီးတစ်ယောက်က....

"သမားတော်ကြီး အဆိပ်ရဲ့အစွမ်းနဲ့ပတ်သက်လို့ ဘယ်လို
ထူးခြားမှုများတွေ့ရပါသလဲ"

သမားတော်ကြီးမော်ကျင့်က....

"တွေ့ရတာပေါ့.... ကျုပ်စောစောက ခန့်မှန်းတွက်ချက်သလို သေမင်းအမိန့်စာမရောက်ခင်ကတည်းက အဲဒီလူဟာအဆိပ်ကြိုမိနေပြီလေ"

"ဟာ... ဟုတ်လား"

သမားတော်ကြီးခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဒါကြောင့်မို့ ရက်ချိန်းအတိုင်းထူးထူးခြားခြားသေဆုံးကြရတာချည်းပဲပေါ့"

"သမားတော်ကြီးရဲ့ စစ်ဆေးမှုဟာ အလွန်အဖိုးတန်တာပဲ"

အားလုံး၏အထင်ကြီးလေးစားမှုကိုခံရသဖြင့် သမားတော်ကြီးမော်ကျင့်မှာတပြုံးပြုံးနှင့်ဖြစ်နေသည်။ သူသည် မျက်နှာတည်လိုက်ပြီး....

"အဓိပတိကြီးဆီကိုပို့လိုက်တဲ့စာအရဆိုရင် လူသတ်သမားဟာ သူချိန်းတဲ့ရက်မတိုင်ခင် ငါးရက်အလိုကတည်းကအဆိပ်ခတ်ထားပြီးပြီ"

"အံ့ဩစရာပဲ... ငါးရက်လုံးလုံး အဆိပ်မိတဲ့လက္ခဏာလုံးဝမတွေ့ရဘူး"

"အဲဒါ အဆိပ်ရဲ့ထူးခြားတဲ့အာနိသင်ပေါ့"

"လူကောင်းပကတိအတိုင်းဖြစ်နေပြီး ချိန်းတဲ့ရက်ရောက်မှ ထူးထူးဆန်းဆန်းတွေ့ကြရတာ အခုမှပဲအဖြေပေါ်တော့တယ်"



"ဒီလိုထူးခြားတဲ့အဆိပ်မျိုး တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲကြုံဖူးသေးတယ်၊ အံ့ဩစရာကောင်းလောက်ပါတယ်"

သိုင်းဆရာကြီးအားလုံး သေမင်းအဆိပ်နှင့်ပတ်သက်၍ လွန်စွာအံ့ဩနေကြသည်။

"ဒါနဲ့ သမားတော်ကြီး အဆိပ်ဘုရင်ရဲ့အဆိပ်ကိုဖြေနိုင်မယ့်နည်းလမ်းများစဉ်းစားမိပါသလား"

ဝတ်ရုံစိမ်းဆရာကြီးတစ်ယောက်က အားကိုးတကြီးဝင်မေးလိုက်သည်။ ကျန်လူများလည်း ထိုမေးခွန်း၏အဖြေကိုလွန်စွာစိတ်ဝင်စားသွားကြသည်။

ထို့ကြောင့် ပြောလက်စ စကားများကိုရပ်ကာ သမားတော်ကြီးမော်ကျင့်ထံမှထွက်လာမည့်စကားသံကို နားစွင့်နေလိုက်ကြ၏။ သမားတော်ကြီးမော်ကျင့်၏မျက်နှာ တည်ကြည်လေးနက်လာ၏။

"အင်း... အဆိပ်ဘုရင်နာမည်ကြီးလာကတည်းက ကျုပ်အဆိပ်ဖြေဆေးတစ်မျိုးကိုတော့ အထူးဖော်စပ်ခဲ့ပါတယ်"

"ဟာ... ဒါဆိုရင်ဟန်ကျတာပဲ"

"ဟုတ်တယ်၊ ဒါဆို သေမင်းအဆိပ်ကိုမှုစရာမလိုတော့ဘူး"

တစ်ယောက်တစ်ပေါက်ပြောနေသဖြင့်....

သမားတော်ကြီးမော်ကျင့်ကလက်ကာပြလိုက်သည်။

"နေကြပါဦး... ကျုပ်ရဲ့အဆိပ်ဖြေဆေးက အစွမ်းထက်

တယ်ဆိုတာတော့အာမခံနိုင်ပါတယ်၊ ဒါပေမဲ့ သေမင်းအဆိပ်ကို နိုင် မနိုင်တော့သေချာမပြောနိုင်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ အဆိပ် တဲ့လူဟာ ကျုပ်နဲ့မတွေ့ခင်သေသွားခဲ့တာကိုး"

သမားတော်ကြီးမော်ကျင့်၏စကားကြောင့် ဝမ်းသာအား ဖြစ်နေကြသူများ ပြန်ငြိမ်ကျသွားလေသည်။ အားလုံးသောဆရာကြီး များက ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် သမားတော်ကြီးမော်ကျင့်ပြော သောစကားသည် နည်းလမ်းကျနေသောကြောင့်ဖြစ်သည်။

"သမားတော်ကြီးမော်ကျင့်ပြောပြတာမှန်ပါတယ်၊ ဘာပဲ ဖြစ်ဖြစ်လေ သမားတော်ကြီးမော်ကျင့် အထူးဖော်စပ်ထားတဲ့အဆိပ် ဖြေဆေးရဲ့အာနိသင်ကို ကျုပ်တို့အားလုံးယုံကြည်လက်ခံပါတယ်"

သမားတော်ကြီးမော်ကျင့်ကဦးညွှတ်လိုက်၏။

"ခုလိုအသိအမှတ်ပြုတဲ့အတွက် ကျုပ်အများကြီးဝမ်းသာ ဂုဏ်ယူပါတယ်"

သမားတော်ကြီးမော်ကျင့်ကပြုံး၍ ကျေးဇူးတင်စကားပြော လိုက်သည်။ ထို့နောက် အဓိပတိကြီး၏အလောင်းအားနေသားတကျ ဖြစ်အောင်ပြန်ပြင်ပြီး အလောင်းထားရာအခန်းမှ အားလုံး ပြန်လည် ထွက်လာခဲ့ကြသည်။

❀❀❀



နံ့နက်....

နံ့နက်ခင်းနေရောင်ခြည်သည် တောက်ပလာလေသည်။

နံ့နက်ခင်းနေရောင်ခြည်သည် ဒေါင်းမင်းစကြာစံအိမ်သို့ ဖြန့်ကြက်ကျရောက်လာသည်။ ညှိသည်များသည် ဒေါင်းမင်းစကြာ စံအိမ်မှပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။ ဒေါင်းမင်းစကြာစံအိမ် သည် ယခုအခါ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေပြီ။

❀❀❀

အဓိပတိကြီးဒေါင်းမင်းရာဇာကျင်းဝမ်၏အလောင်းကို အ တုမဲ့သမားတော်ကြီးလာရောက်စစ်ဆေးသောသတင်းသည် တစ်ခ ဏအချိန်အတွင်းမှာပင် သိုင်းလောကတစ်ခုလုံးသို့တောမီးပမာပျံ့နှံ့ သွားလေ၏။

တစ်ဆက်တည်းမှာပင် သမားတော်ကြီးမော်ကျင့်ဖော်စပ် ထားသောအဆိပ်ဖြေဆေးအကြောင်းကိုလည်း လူတိုင်းကဝမ်းသာ အားရပြောဆိုနေကြကုန်သည်။

အမှန်စင်စစ်.... ထိုအဆိပ်ဖြေဆေး၏အစွမ်းအာနိသင်ကို သမားတော်ကြီးမော်ကျင့် တစ်ကြိမ်တစ်ခါမှ စမ်းသပ်ရခြင်းမရှိသေး ချေ။

သို့သော်....

လူတိုင်းကပင် အတုမဲ့သမားတော်ကြီးမော်ကျင့်၏အဆိပ်ဖြေဆေးသည် အဆိပ်ဘုရင်၏အဆိပ်ကိုကောင်းစွာဖြေနိုင်စွမ်းရှိမည်ဟုယုံကြည်ကြလေသည်။

သို့ဖြင့်.... အဓိပတိဒေါင်းမင်းရာဇာကျင်းဝမ်သေဆုံးပြီး တစ်လကျော်ခန့်အကြာတွင် ရှောင်အင်းဆိုသောပုဂ္ဂိုလ်တစ်ဦးက သူရရှိထားသောအဆိပ်ဘုရင်အမိန့်စာနှင့်အတူ အတုမဲ့သမားတော်ကြီးထံသို့ရောက်ရှိလာခဲ့လေသည်။

ရှောင်အင်းမှာ သိုင်းပညာအလွန်ထက်မြက်သူဖြစ်သည်။ သူတတ်မြောက်ထားသောသိုင်းပညာဖြင့် အများအကျိုးသယ်ပိုးဆောင်ရွက်နေသူဖြစ်၏။ အသက်ကိုပမာနမထားဘဲ ရပ်ရွာအေးချမ်းသာယာရေးကိုအစွမ်းကုန်ကူညီနေသူဖြစ်သည်။

အမှန်တရားကို လိုလားမြတ်နိုးသူတစ်ယောက်ဖြစ်သည်နှင့်အညီ အမှန်တရားဘက်မှသာလျှင် သူ့ဘဝတစ်လျှောက်လုံးရပ်တည်လှုပ်ရှားခဲ့၏။

ထို့ကြောင့် ရှောင်အင်းကိုလူအများကလေးစား ကြသည်။ သို့သော် ဒုစရိုက်သမားများကမူ ရှောင်အင်းကိုမုန်းတီးကြသည်။

ရှောင်အင်းသည် သေမင်းအဆိပ်ဆိုသောထူးဆန်းသည့်စိတ္တဇသိုင်းသမားလူသတ်ကောင်ကိုဖော်ထုတ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းနေသည်။



ထို့ကြောင့်.... အဆိပ်ဘုရင်၏အမိန့်စာသည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်တော့၏။

ရှောင်အင်းသည် သေမင်းအမိန့်စာကိုရရှိသည်နှင့် တစ်ပြိုင်နက် ဘာမျှတွေဝေစဉ်းစားမနေတော့ဘဲ အတုမဲ့သမားတော်ကြီးမော်ကျင့်နေထိုင်ရာ ကျားပါးစပ်တောင်ကုန်းသို့ အမြန်ဆုံးထွက်လာခဲ့လေသည်။

အမြန်ဆုံးထွက်လာခဲ့သည်ဆိုသော်လည်း သေမင်းအမိန့်စာ ရရှိစဉ်က သူရောက်ရှိနေသောအရပ်နှင့် အတုမဲ့သမားတော်ကြီးမော်ကျင့်နေထိုင်ရာ ကျားပါးစပ်တောင်ကုန်းတို့မှာ ခရီးအလွန်ကွာလှမ်းလျက်ရှိနေပေသည်။

လမ်းခရီးတစ်လျှောက် သုံးရက်ခန့် အချိန်ကုန်ဆုံးသွားခဲ့ရသည်။ သို့ဖြစ်ရာ သမားတော်ကြီးမော်ကျင့်ထံသို့ ရောက်ရှိသွားသည့်အခါ သေမင်းအမိန့်စာအရ ရက်ချိန်းပြည့်သည့်နေ့ဖြစ်နေလေသည်။

❀❀❀

ကျားပါးစပ်တောင်ကုန်း....

ကျားပါးစပ်တောင်ကုန်းသည် အလွန်သာယာသောနေရာ ဖြစ်သည်။ တောတောင်သဘာဝရှုခင်းများဖြင့် အလွန်ပင်စိမ်းလန်း စိုပြေနေလေသည်။ ကျေးငှက်ကလေးများ၏ဘာသာဘာဝတေးသံက ပတ်ဝန်းကျင်အလှကိုပို၍သာယာတင့်မောစေသည်။

ထိုအချိန်တွင် လှပသောတောင်တက်လမ်းကလေးအတိုင်း လူတစ်ယောက် မောပန်းစွာတက်လာသည်။ ထိုလူ၏မျက်နှာမှာ ဒေါသနှင့်ခံပြင်းခြင်းစသည်တို့ရောယှက်နေ၏။ ထိုလူမှာ သိုင်းသမား ရှောင်အင်းပင်ဖြစ်သည်။

ရှောင်အင်းသည် တောင်ကုန်းထိပ်သို့ကြိုးစားပမ်းစားပြေး တက်လာသည်။ တောင်ကုန်းထိပ်သို့ရောက်သည့်အခါ သစ်သားအိမ် လေးတစ်လုံးကိုတွေ့လိုက်ရသည်။

သစ်သားအိမ်လေး၏အပြင်ဘက်၌ သမားတော်ကြီးမော် ကျင့်တစ်ယောက် တံမြက်စည်းလှဲနေသည်ကိုတွေ့ရ၏။

သမားတော်ကြီးမော်ကျင့်ကို အဆင်သင့်တွေ့လိုက်ရသော် လည်း သူရရှိထားသောအဆိပ်ဘုရင်၏အမိန့်စာပါရက်ချိန်းမှာ ပြည့်မြောက်နေခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မျှော်လင့်ချက်ရဲရဲဂုံဂုံမထားရဲတော့ချေ။

ရှောင်အင်းသည် စိတ်ဓာတ်များကျဆင်းနေပြီဖြစ်သည်။



အတုမဲ့သမားတော်ကြီးမော်ကျင့်သည် ရှောင်အင်းကိုတွေ့ ်က်ရသည့်အခါ မျက်မှောင်ကြုတ်သွား၏။ ရှောင်အင်း၏မျက်နှာကို သချာအကဲခတ်ကြည့်လိုက်ရင်း ....

"အလို ရှောင်အင်းပါလား... ဘယ်လိုအကြောင်းကိစ္စအထူး တွေ့ရှိလို့အလောတကြီးရောက်လာရတာလဲ"

ရှောင်အင်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

သူ၏မျက်နှာမှာတင်းမာနေ၏။

"ဆရာကြီး ကျွန်တော့်ဆီကိုအမိန့်စာရောက်လာတယ်"

ရှောင်အင်းက သွယ်ဝိုက်မနေဘဲ လိုရင်းကိုတိုက်ရိုက်ပြော ်သည်။ အတုမဲ့သမားတော်ကြီးကခေါင်းကိုဖြည်းညင်းစွာတစ် ခါယမ်းလိုက်သည်။

ပြီးမှ....

"အင်း... ကျုပ်တွေ့ချင်နေတာနဲ့အတော်ပဲ"

အတုမဲ့သမားတော်ကြီးက ရှောင်အင်းကြည့်ကာ ....

"ကျုပ်က အဆိပ်ဘုရင်အမိန့်စာရပြီး မသေသေးတဲ့လူကို ွေ့ချင်လို့မျှော်နေတာပဲ၊ စိတ်သိပ်မပူပါနဲ့၊ ကျုပ်ကြိုးကြိုးစားစား ်စပ်ထားတဲ့အဆိပ်ဖြေဆေးနဲ့ အစွမ်းကုန်ကုသပေးပါ့မယ်"

ရှောင်အင်း၏မျက်နှာဝင်းလက်လာသည်။ သူသည် သမား ာ်ကြီးမော်ကျင့်ကိုအရိုအသေပြုလိုက်ပြီး ....

"ဟုတ်ကဲ့ပါဆရာကြီး… ကျွန်တော့်ပေါ် ခုလိုစေတနာထားတဲ့အတွက်ဝမ်းသာပါတယ်"

ပြောရင်း ရှောင်အင်း၏မျက်နှာမှာတည်ငြိမ်သွားပြန်လေသည်။ ပြီးမှစကားဆက်လိုက်သည်။

"ကျွန်တော်ဟာ အမှန်တကယ်တော့သေရမှာကိုနည်းနည်းလေးမှမကြောက်ပါဘူး။ ဒါပေမဲ့ သေမင်းအဆိပ်အမိန့်စာကို မဖော်ထုတ်နိုင်ခင် သူကျွန်တော့်အပေါ် လက်ဦးသွားတာကိုတော့ အရမ်းသဲခံပြင်းမိပါတယ်"

အတုမဲ့သမားတော်ကြီးမော်ကျင့်က….

"အခု မင်းမသေသေးပါဘူး။ ဒါကြောင့် သေမင်းအဆိပ်ကမင်းကိုလက်ဦးသွားတယ်လို့ဘယ်ပြောနိုင်မှာလဲ၊ မင်းကိုကျူပ်အဆိပ်ဖြေဆေးနဲ့ကုသပေးဖို့အခွင့်အရေးရှိနေပါတယ်"

ရှောင်အင်းက….

"ဒါပေမဲ့ အဆိပ်ဘုရင်ရဲ့အမိန့်စာက…."

ရှောင်အင်း၏စကားမဆုံးမီ အတုမဲ့သမားတော်ကြီးက လက်ကာပြလိုက်သည်။

ထို့နောက် ရှောင်အင်းအား….

"အဲဒီအဆိပ်ဘုရင်အမိန့်စာကို ကျူပ်တစ်ခါမှ မမြင်ဖူးဘူးဖြစ်ပါဦး"



ရှောင်အင်းသည် ဘာစကားမှထပ်မပြောဘဲ အင်္ကျီရင်ဖုံးကြားထဲထည့်သွင်းသိမ်းဆည်းထားသော သေမင်းအဆိပ်အမိန့်စာကိုထုတ်ယူကာ အတုမဲ့သမားတော်ကြီးမော်ကျင့်ကိုပြလိုက်သည်။

အတုမဲ့သမားတော်ကြီးကတည်ငြိမ်အေးဆေးစွာဖြင့် စာကိုလှမ်းယူကာဖြန့်ဖတ်လိုက်သည်။

စာမှာတိုတိုရှင်းရှင်းလေးပင်ဖြစ်သည်။

"အဆိပ်ဘုရင်အမိန့်စာ

ရှောင်အင်း

(၄)လပိုင်း (၁၅)ရက်နေ့"

ဟူ၍ဖြစ်သည်။

သမားတော်ကြီးမော်ကျင့်သည် စာကိုဖတ်ပြီးသည့်အခါ မျက်မှောင်ကြုတ်သွား၏။ ရှောင်အင်းကသမားတော်ကြီးမော်ကျင့်ကိုငေးကြည့်နေသည်။

သမားတော်ကြီးမော်ကျင့်က စာကိုနောက်တစ်ကြိမ် ထပ်မံ၍ဖတ်လိုက်သည်။

ထို့နောက် ရှောင်အင်းအားတစ်ချက်ကြည့်လိုက်ပြီး….

"ရှောင်အင်း… ငါ့နောက်လိုက်ခဲ့"

သမားတော်ကြီးမော်ကျင့်သည် ရှောင်အင်းအား အိမ်ထဲသို့ခေါ်သွားသည်။

ရှောင်အင်းသည် သမားတော်ကြီးနောက်မှလိုက်ပါသွား
လေသည်။ ဧည့်ခန်းသို့ရောက်သည့်အခါ သမားတော်ကြီးမော်ကျွင့်
ကရှောင်အင်းအား....

"ကဲ... ထိုင်ဦး"

ရှောင်အင်းကအရိုအသေပြု၍ထိုင်လိုက်၏။ သမားတော်
ကြီးမော်ကျင့်က ရေနွေးကြမ်းခွက်ငှဲ့ကာ ရှောင်အင်းထံသို့ကမ်းပေး
လိုက်သည်။

❀❀❀

"ရှောင်အင်း (၄)လပိုင်း(၁၅)ရက်နေ့မှာ မင်းသေရမယ်ဆို
ပါလား၊ ဒါဆိုသေမင်းအဆိပ်အမိန့်စာက ဒီနေ့ ရက်ချိန်းပြည့်နေပြီပဲ"

စာကိုခေါက်၍ စားပွဲပေါ်တင်လိုက်ရင်း သမားတော်ကြီး
မော်ကျင့်ကပြောသည်။ သမားတော်ကြီးမော်ကျင့်၏မျက်နှာဟန်
ရာကိုအကဲခတ်နေသောရှောင်အင်းမှာ ရင်ထိတ်သွား၏။

ထို့ကြောင့် စိုးရိမ်တကြီးဖြင့် ....

"ဟုတ်ပါတယ်ဆရာကြီး... ဒီနေ့ သေမင်းအဆိပ်အမိန့်စာ
ရက်ချိန်းပြည့်နေပါပြီ"

သမားတော်ကြီးမော်ကျင့်က ရေနွေးကြမ်းတစ်ခွက်ကို ထပ်
မံမော့သောက်ချလိုက်ပြန်သည်။



ထို့နောက် စကားစလိုက်သည်။

"ဒီစာကို မင်းဘယ်တုန်းကရခဲ့တာလဲ"

ရှောင်အင်းက....

"ဒီစာကိုလွန်ခဲ့တဲ့သုံးရက်ကရခဲ့တာပါဆရာကြီး... ဒီစာကိုရ
တဲ့အချိန်မှာ ကျွန်တော်ရောက်နေတဲ့အရပ်နဲ့ကျားပါးစပ်တောင်ကုန်း
နဲ့က ခရီးသိပ်ကွာနေပါတယ်၊ ဒါကြောင့် လမ်းမှာအချိန်သုံးရက်ကုန်
သွားခဲ့ရပါတယ်"

သမားတော်ကြီးမော်ကျင့်ခေါင်းညိတ်လိုက်သည်။

သူ၏မျက်နှာမှာ လေးနက်တည်ကြည်လာသည်။

"ရှောင်အင်း... ကျုပ်တို့အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး၊
လာ မင်းကိုကျုပ်စမ်းသပ်ကြည့်မယ်"

အတုမဲ့သမားတော်ကြီးမော်ကျင့်က ပြောပြောဆိုဆိုဖြင့်
အခန်းတွင်းသို့ဝင်သွားလေသည်။ ရှောင်အင်းသည် သမားတော်ကြီး
မော်ကျင့်နောက်မှတိတ်ဆိတ်စွာလိုက်ပါသွားလေသည်။

အခန်းတွင်းသို့ရောက်သည့်အခါ...

❀❀❀

အတုမဲ့သမားတော်ကြီးမော်ကျင့်က ရှောင်အင်းအား ခုတင်တစ်ခုပေါ်သို့ညွှန်ပြလိုက်သည်။

"ရှောင်အင်း… အဲဒီခုတင်ပေါ်မှာ အိပ်လိုက်ပါ"

ရှောင်အင်းက ခုတင်ပေါ်တက်၍အိပ်ချလိုက်သည်။

ထို့နောက် အတုမဲ့သမားတော်ကြီးမော်ကျင့်က ရှောင်အင်း၏ခန္ဓာကိုယ်တစ်ခုလုံးအား စိတ်တိုင်းကျ စမ်းသပ်စစ်ဆေးမှုများပြုလုပ်လိုက်လေသည်။

တစ်ခဏအကြာတွင် အတုမဲ့သမားတော်ကြီးမော်ကျင့်ထံမှ စကားသံထွက်ပေါ်လာသည်။

"ရှောင်အင်း… မင်း သေမင်းအဆိပ်မိထားတာ ကိုးရက်တောင်ရှိသွားပြီ၊ တစ်နည်းအားဖြင့်ပြောရရင်တော့ အဆိပ်မိပြီးခြောက်ရက်လောက်ကြာမှ သေမင်းအမိန့်စာကို မင်းရခဲ့တာပဲ"

ရှောင်အင်းမျက်နှာတစ်ချက်ပျက်သွားသည်။

"ဒါဆို ကျွန်တော်လဲ တခြားလူတွေလိုပဲ ရက်ချိန်းအတွင်းသေရတော့မှာပေါ့"

သမားတော်ကြီးမော်ကျင့်ကတစ်ချက်ပြုံးလိုက်ပြီး…

"အင်း… တခြားလူတွေကတော့ သေမင်းအမိန့်စာရဲ့ရက်ချိန်းအတိုင်းသေခဲ့ကြတာချည်းပဲ၊ ဒါပေမယ့် မင်းကတော့ တခြားလူတွေနဲ့မတူဘူး"



သမားတော်ကြီးက စကားကိုခေတ္တရပ်လိုက်သည်။

ထို့နောက် ခေါင်းတစ်ချက်ဟန့်ကာ…

"ဘာဖြစ်လို့လဲဆိုတော့ မင်းကငါ့ရဲ့ဆေးကုသမှုခံယူဖို့အခွင့်အရေးရခဲ့လို့ပဲ၊ ကဲ… ပြောစမ်းပါဦး၊ ပြီးခဲ့တဲ့ကိုးရက်လုံးလုံး မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဝေဒနာမျိုးတွေ ဘယ်လိုခံစားမှုမျိုးတွေဖြစ်ပေါ်လာသလဲ"

ရှောင်အင်းတစ်ချက်တွေဝေသွားသည်။

"ဘယ်လို… ဝေဒနာမျိုးမှမခံစားရပါဘူးဆရာကြီး၊ အခြေအနေအားလုံးကောင်းပါတယ်၊ အခု ဆရာကြီးနဲ့စကားပြောတဲ့အချိန်ထိပဲဆိုပါတော့"

သူသည် တစ်ချက်စဉ်းစားလိုက်သည်။

"တကယ်လို့သာ သေမင်းအဆိပ်အမိန့်စာကို ကျွန်တော်မရခဲ့ရင် အခုလောက်ဆို ဘာမှမသိဘဲ လောကကြီးနဲ့အဆက်ပြတ်သွားမယ်ထင်တယ်"

အတုမဲ့သမားတော်ကြီးမော်ကျင့်က ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေသည်။

ပြီးမှ စကားပြောလိုက်သည်။

"ကျုပ်ရဲ့တစ်သက်တာအတွေ့အကြုံအရ တွေ့ကြုံခဲ့ဖူးတဲ့ထဲမှာ ဒီသေမင်းအဆိပ်ဟာ တခြားအဆိပ်နဲ့မတူဘူး၊ အင်မတန်ထူး

ခြားတယ်၊ အစွမ်းထက်တယ်၊ ကြောက်စရာအကောင်းဆုံးအဆိပ် တစ်မျိုးပဲဖြစ်တယ်"

အတုမဲ့သမားတော်ကြီးမော်ကျင့် သက်ပြင်းချကာ စကား ဆက်လိုက်သည်။

"အင်း ဒီလိုအဆိပ်မျိုးကိုဖော်စပ်နိုင်တဲ့သူ များများစားစား မရှိဘူး။ တစ်ချိန်က သိုင်းလောကမှာနာမည်ဆိုးနဲ့သတင်းကြီးခဲ့တဲ့ သေမင်းအဆိပ်ထုံဖေချင်းကလွဲလို့ ဘယ်သူမှမဖြစ်နိုင်ဘူး"

ရှောင်အင်းက ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ အတုမဲ့သမား တော်ကြီးမော်ကျင့်၏ပြောသမျှစကားများကိုသာ စိတ်ဝင်တစားဖြင့် ငြိမ်သက်စွာနားထောင်နေသည်။ အတုမဲ့သမားတော်ကြီးမော်ကျင့် သည် လမ်းလျှောက်ရင်း တစ်ကိုယ်တည်းညည်းညူဟန်ဖြင့် ဆက် လက်၍ပြောဆိုလိုက်၏။

"ထုံဖေချင်း... ဒီကောင် ဘယ်များရောက်နေပါလိမ့်၊ ဘယ် သူမှရှာမတွေ့အောင်ပုန်းနေနိုင်တဲ့အရည်အချင်းဟာ တကယ့်ကိုထူး ခြားတဲ့အရည်အချင်းတစ်ရပ်ပဲဖြစ်တယ်"

သမားတော်ကြီးမော်ကျင့်ကချောင်းတစ်ချက်ဟန့်ပြီး...

"ဒါပေမဲ့ တစ်ခုစဉ်းစားစရာကောင်းတာက အခုလူတွေဟာ သူ့ကြောင့် တစ်ယောက်ပြီးတစ်ယောက်သေနေကြတယ်၊ ဒါဟာ လူ တွေကြားထဲမှာလှုပ်ရှားသွားလာနေတယ်ဆိုတဲ့အဓိပ္ပာယ်ပဲ"



သမားတော်ကြီးသည် သက်ပြင်းရှည်တစ်ချက်ကိုလေးတွဲ့ ဘွာချလိုက်၏။ ပြီးမှ...

"ဒီတော့ ထုံဖေချင်းဟာလူတွေမမြင်မတွေ့နိုင်တဲ့နေရာတစ် နေရာမှာပုန်းအောင်းနေတာ မဖြစ်နိုင်တော့ဘူး"

"သူ့ကိုယ်သူရုပ်ဖျက်ပြီး လူတွေကြားထဲမှာလျှောက်သွား နေတာပဲဖြစ်ရမယ်၊ ဒါမှလဲ သူသတ်ချင်တဲ့လူကိုကြုံတင်ပြီး အဆိပ် သင့်အောင်လုပ်နိုင်မှာ"

ရှောင်အင်းက သမားတော်ကြီးမော်ကျင့်ပြောသောစကား များကိုငြိမ်သက်စွာနားထောင်နေ၏။

သမားတော်ကြီးမော်ကျင့်၏ စကားများက အကြောင်းအ ကျိုးဆက်စပ်ခိုင်လုံသောစကားများဖြစ်ကြောင်း ရှောင်အင်း၏စိတ် ထဲ၌မှတ်ချက်ချလိုက်မိသည်။ အတုမဲ့သမားတော်ကြီးက ရှောင်အင်း ကိုစေ့စေ့ကြည့်ပြီး...

"ရှောင်အင်း မင်းရဲ့မှတ်ဉာဏ်တွေ ကောင်းနေသေးတယ် မဟုတ်လား"

ရှောင်အင်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ဆရာကြီး ကျွန်တော့်မှတ်ဉာဏ်တွေ ကောင်းပါ တယ်၊ အသေးအဖွဲ့ကိစ္စလေးတွေကအစ နှစ်တွေဘယ်လောက်ကြာ ကြာ ကျွန်တော်ကောင်းကောင်းကြီးကိုအမှတ်ရပါတယ်"

ရှောင်အင်ကပြုံးလိုက်ပြီး....

"အခုလဲ သေမင်းအဆိပ်မိထားပေမဲ့ မှတ်ဉာဏ်တွေမပျက်စီးသေးဘူးလို့ကျွန်တော်ထင်တယ်"

သမားတော်ကြီးမော်ကျင့် လက်ဖျောက်တစ်ချက်တီးလိုက်သည်။

"ဒါဆိုဟုတ်ပြီ... ပြီးခဲ့တဲ့ကိုးရက်လုံးလုံးက မင်းဘယ်သူနဲ့တွေ့ခဲ့တယ်၊ ဘယ်နေရာမှာတွေ့ခဲ့တယ်... သူတို့နဲ့ဘာတွေပြောဆိုတယ်၊ ဘာတွေလုပ်တယ်ဆိုတာတွေကို အတတ်နိုင်ဆုံး အသေးစိတ်ပြန်စဉ်းစားပြီးပြောစမ်းပါ"

သမားတော်ကြီးမော်ကျင့်သည် ရှောင်အင်းအား တစ်ချက်ကြည့်လိုက်၏။

"သေသေချာချာ အသေးစိတ်ပြောပြဖို့လိုမယ်နော်၊ မင်းသိထားဖို့က အဲ့ဒီကိုးရက်လုံးလုံး မင်းနဲ့တွေ့ဆုံခဲ့တဲ့လူတွေထဲမှာသေမင်းအဆိပ်ထုံဖေချင်းဟာ ရုပ်ဖျက်ပါဝင်ခဲ့တယ်ဆိုတာပဲ"

ရှောင်အင်းက နားလည်ဟန်ဖြင့်ခေါင်းညိတ်ပြသည်။

သမားတော်ကြီးမော်ကျင့်က ....

"မင်းပြောတဲ့သူတွေထဲမှာ ဘယ်သူဟာ ထုံဖေချင်းဖြစ်နိုင်တယ်ဆိုတာကိုစဉ်းစားပြီး အဖြေဖော်ထုတ်ကြည့်မယ်"

ဤတွင် ရှောင်အင်းက ....



"ဆရာကြီး ပြီးခဲ့တဲ့ကိုးရက်လုံးလုံးမှာ ကျွန်တော်ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို အသေးစိတ်မှတ်မိနေပါတယ်၊ အခုချက်ချင်းပဲ ဆရာကြီးကိုပြောပြပါမယ်"

ရှောင်အင်းက ဝမ်းသာအားရ တက်ကြွစွာဖြင့်ပြန်ပြောလိုက်ခြင်းဖြစ်သည်။ သေမင်းအဆိပ်ထုံဖေချင်းကို ဖော်ထုတ်နိုင်ခြင်းသည် လူပေါင်းများစွာ၏အသက်ကိုကယ်တင်နိုင်ခြင်းပင်ဖြစ်၏။

သိုင်းလောကသားများ၏ အသက်အန္တရာယ်ကိုကာကွယ်နိုင်ရေးအတွက် အလွန်မှတန်ဖိုးကြီးသောပထမခြေလှမ်းပင် မဟုတ်ပါလော။

ထို့ကြောင့် ရှောင်အင်းသည် သူမှတ်မိသမျှအားလုံးကိုအတုမဲ့သမားတော်ကြီးမော်ကျင့်အားပြောပြလိုက်၏။ သူ၏စကားထဲတွင် သေမင်းအဆိပ်ထုံဖေချင်းနှင့်ပတ်သက်သည့် သဲလွန်စတစ်ခုကိုဖော်ထုတ်နိုင်မည်လိမ့်ဟု သမားတော်ကြီးမော်ကျင့်ယုံကြည်နေသည်။

အကယ်၍ သမားတော်ကြီးမော်ကျင့်ကသာ ဖော်ထုတ်နိုင်ခဲ့မည်ဆိုလျှင် သူ့အဆိပ်သင့်ပြီးသေဆုံးသွားသည့်တိုင် ဝမ်းနည်းလိမ့်မည်မဟုတ်ချေ။

သိုင်းလောကသားများ၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်၍ သူ့အနေဖြင့်သေပျော်ပြီဟုစိတ်ထဲမှတွေးလိုက်၏။

သည်တွင် သမားတော်ကြီးက....

"ရှောင်အင်း... ခဏနေဦး၊ ကျုပ်ဖော်စပ်ထားတဲ့ဆေး သွား ယူလိုက်ဦးမယ်၊ အဲဒီအဆိပ်ဖြေဆေးကို အလျင်သောက်လိုက်ပါ။ ပြီးတော့မှ မင်းအဖြစ်အပျက်တို့ပြောပြပေါ့"

❀❀❀

ပြောပြောဆိုဆိုဖြင့် သမားတော်ကြီးသည် အတွင်းခန်းထဲသို့သွက်လက်စွာဝင်သွား၏။ ထို့နောက် ချက်ချင်းပင် ဆေးပုလင်းလေးတစ်လုံးကိုကိုင်ကာ အခန်းတွင်းမှပြန်ထွက်လာခဲ့လေသည်။

သမားတော်ကြီးက ရှောင်အင်းအား....

"ဒီဆေးဟာ ကျုပ်တစ်သက်မှာ အပင်ပန်းဆုံးနဲ့အခက်ခဲဆုံးဖော်စပ်ခဲ့တဲ့ဆေးပဲ၊ အင်း... ကျုပ်ပင်ပင်ပန်းပန်းဖော်စပ်ခဲ့ရသမျှ အကျိုးတော့ခံစားရလိမ့်မယ်ထင်တယ်"

အတုမဲ့သမားတော်ကြီးက ဆေးပုလင်းလေးကိုလှုပ်ခါရင်း ရှောင်အင်းခုတင်အနီးသို့တိုးကပ်လာခဲ့၏။

"ဟင်"

သမားတော်ကြီးမော်ကျင့်၏နှုတ်မှ အထိတ်တလန့်ထွက်ပေါ်သွားသည့်အာမေဋိတ်သံဖြစ်သည်။ သမားတော်ကြီးမော်ကျင့်သည် သမားတော်သက်ရင့်ကျက်သည်နှင့်အမျှ ကုသနေသောလူနာ၏အခြေအနေပြောင်းလဲမှုများကို လျှပ်တစ်ပြက်အချိန်အတွင်း မှန်ကန်စွာအကဲခတ်နိုင်စွမ်းရှိသူဖြစ်၏။

ယခုလည်း ရှောင်အင်း၏ပြောင်းလဲသွားသောအခြေအနေ သမားတော်ကြီးမော်ကျင့်အကဲခတ်မိသွားသဖြင့် ဤသို့အထိတ်တလန့်ဖြစ်သွားရခြင်းဖြစ်သည်။

မှန်ပါသည်။ ရှောင်အင်း၏အခြေအနေက စောစောကနှင့် လုံးဝမတူတော့ပါ။ ပြောင်းလဲသွားခဲ့သည်။

တိုတောင်းလှသောအချိန်လေးအတွင်းမှာပင် ရှောင်အင်း သေဆုံးသွားခဲ့ချေပြီတကား။

❀❀❀

သမားတော်ကြီးမော်ကျင့်သည် စိတ်ထိခိုက် ပင်ပန်းစွာဖြင့် သက်ပြင်းတစ်ချက်ရှိုက်လိုက်လေသည်။

"အင်း... ငါ့ဖြေဆေးကိုတောင် စမ်းသပ်ခွင့်မရလိုက်ပါလား။ ဒါပေမဲ့ လူတွေကတော့ အဖြစ်မှန်ကိုသိကြမှာမဟုတ်ဘူး၊ ငါ့ဆေးမစွမ်းလို့ ငါ့ကုသမှုမအောင်မြင်လို့ ရှောင်အင်းသေသွားရတာလို့ ထင်မှာပဲ"

သမားတော်ကြီးသည် သက်ပြင်းတစ်ချက်ချလိုက်၏။

ပြီးနောက် စိတ်မသက်သာဟန်ဖြင့်....

"အင်း... သေမင်းအဆိပ်မိထားတဲ့ရှောင်အင်းကို ငါမကယ်နိုင်ဘူးလို့ထင်မှတ်သွားကြရင် ငါ့ဘဝကျဆုံးပြီ၊ အတုမဲ့သမားတော်ကြီးဆိုတဲ့ဘွဲ့လဲ ငါနဲ့ဘယ်လိုမှမထိုက်တန်တော့ဘူး"

အတုမဲ့သမားတော်ကြီးသည် စိတ်ထဲမှကြေကွဲဝမ်းနည်းစွာတွေးတောရင်း အသက်ကုန်ဆုံးနေသောရှောင်အင်းကိုစမ်းသပ်ကြည့်လိုက်၏။ သမားတော်ကြီးမျက်လုံးပြူးသွားသည်။

"အလို တော်တော်ကြောက်စရာကောင်းတဲ့အဆိပ်ပါလား။ ဒီလောက်အချိန်လေးအတွင်းမှာ ရှောင်အင်းဟာစ်ကိုယ်လုံး သားရေပျော့ကြီးနဲ့လုပ်ထားတဲ့အရုပ်တစ်ခုလိုဖြစ်သွားပြီ"

အတုမဲ့သမားတော်ကြီးသည် အံ့ဩထိတ်လန့်စွာရေရွတ်ရင်း တစ်ဆက်တည်းမှာပင် ....



သေမင်းအဆိပ်ထုံဖေချင်း၏မျက်နှာကို မြင်ယောင်လာ၏။ အတုမဲ့သမားတော်ကြီးအံကြိတ်လိုက်သည်။

"ထုံဖေချင်း... ငါ့ကို မင်းမသတ်ပေမယ့် မင်းရဲ့လုပ်ရပ်တွေက ငါ့ကိုသတ်နေတာနဲ့အတူတူပဲ၊ ဒါကြောင့် မင်းကိုငါ အကောင်းဆုံးဘုံပြန်ရလိမ့်မယ်၊ မင်းရဲ့အဆိပ် ဘယ်လောက်စွမ်းစွမ်း မင်းရဲ့အဆိပ်ကိုချေဖျက်နိုင်တဲ့ဖြေဆေးကို ငါမသေမချင်းရအောင်ဖော်စပ်မယ်၊ ရှောင်အင်းရဲ့အဖြစ်ကြောင့် လူတွေက ငါ့ကိုအတုမဲ့သမားတော်ဘွဲ့ပြန်သိမ်းသွားလဲ ငါအရေးမစိုက်ဘူး၊ အဆိပ်ဖြေဆေးကို ငါရအောင်ဖော်ထုတ်မယ်၊ သေမင်းအဆိပ်ဆိုတဲ့ မင်းကိုမဖော်ထုတ်မသုတ်သင်နိုင်သေးခင်အချိန်မှာ မင်းရဲ့အဆိပ်သင့်တဲ့လူတွေကို ငါရအောင် ကယ်တင်မယ်"

အတုမဲ့သမားတော်ကြီးမော်ကျင့်သည် မစမ်းသပ်လိုက်ရသောအဆိပ်ဖြေဆေးပုလင်းကလေးကိုဆုပ်ကိုင်ရင်း စိတ်ထဲမှကြုံးဝါးလိုက်ခြင်းဖြစ်၏။ သူ့လို သမားတော်အဖို့ သည်လိုစိတ်ဓာတ်မျိုးသာ ထာဝရမွေးမြူသင့်သည်မဟုတ်ပါလား။

❀❀❀

ယင်းသို့ဖြင့် အလယ်ပိုင်းသိုင်းလောကတွင်သေမင်းအဆိပ်၏ကြောက်မက်ဖွယ်ရာအရိပ်ကြီးက တစ်စထက်တစ်စ အင်အားကြီးမားစွာလွှမ်းမိုးလာလေသည်။ သေမင်းအဆိပ်၏အမိန့်စာရပြီး သေဆုံးသွားရသောလူပေါင်းမှာ မနည်းတော့ချေ။

သေမင်းအဆိပ်၏အမိန့်စာရပြီး သေဆုံးခဲ့ရသူများအနက် လူအတော်များများသည် သေမင်းရက်ချိန်းမပြည့်မြောက်မီအတွင်း အတုမဲ့သမားတော်ကြီးမော်ကျင့်ထံသို့သွားရောက်၍ ဆေးကုသမှုခံယူခဲ့ကြသည်။ သို့သော်.... အတုမဲ့သမားတော်ကြီးသည် ထိုလူတို့၏အသက်ကိုကယ်တင်နိုင်ခြင်းမရှိခဲ့ချေ။

သေမင်းအဆိပ်၏ကြောက်မက်ဖွယ်အာနိသင်ကို အတုမဲ့သမားတော်ကြီးမော်ကျင့် ဖော်စပ်ထားသောအဆိပ်ဖြေဆေးက မည်သို့မျှထိုးဖောက်ကယ်တင်နိုင်စွမ်းမရှိခဲ့ချေ။

အတုမဲ့သမားတော်ကြီး အစွမ်းကုန်ကုသပေးနေသည့်ကြားကပင် သေမင်းအမိန့်စာရထားသူတို့မှာ သေမိန့်ရက်ချိန်း ပြည့်သည်နှင့်တစ်ပြိုင်နက် သေဆုံးသွားခဲ့ကြရသည်ချည်းသာဖြစ်ပေသည်။

ကြာသော်... အတုမဲ့သမားတော်ကြီးမော်ကျင့်သည် သူ၏ဆေးပညာအပေါ်၌ယုံကြည်ချက်နည်းပါးကာ စိတ်ဓာတ်အင်အားများ မကြံ့ခိုင်ဖူးလောက်အောင်ကျဆင်းလာခဲ့တော့သည်။

စင်စစ် .....



အတုမဲ့သမားတော်ကြီး၏ဆေးပညာသည် မထက်မြက်၍မဟုတ်။ သေမင်းအဆိပ်က အံ့ဖွယ်ကောင်းလောက်အောင်ပြင်းထန်နေခြင်းကြောင့်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင်.... မည်သည့်အဆိပ်ဖြေဆေးမျှ လိုက်မမီနိုင်အောင် သေမင်းအဆိပ်က ထက်မြက်ပြင်းထန်နေခြင်းဖြစ်သည်။

ထို့ကြောင့် တစ်တိုင်းတစ်ပြည်လုံးရှိ သမားတော်ကြီးများအားလုံးစုပေါင်းတိုင်ပင်ညှိနှိုင်း၍ဖြေဆေးဖော်စပ်သည့်တိုင် ထိုသေမင်းအဆိပ်ကိုချေဖျက်နိုင်သောဆေးရရှိလိမ့်မည်ဟု မည်သူမျှအနိုင်အမာပြောနိုင်မည်မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ ....

အတုမဲ့သမားတော်ကြီးသည် သူ၏အဆိပ်ဖြေဆေးများကသေမင်းအဆိပ်ကို မချေဖျက်နိုင်ခြင်းကြောင့် နေ့စဉ်နှင့်အမျှဆိုသလိုစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရလေသည်။

တကယ်တော့ ....

သူ့ဘဝ၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ လူသားတို့၏အသက်ကိုကယ်တင်နိုင်ရေးပင်မဟုတ်ပါလား။

ယခု.... သူ့မျက်စိရှေ့မှာပင် သူမကယ်တင်နိုင်လိုက်သောလူနာများမှာမနည်းလှတော့ပေ။

တစ်ယောက်ပြီးတစ်ယောက်သေဆုံးသွားကြသည်ကို တွေ့မြင်ကြုံတွေ့လာရသောအခါ အတုမဲ့သမားတော်ကြီးမော်ကျင့်အဖို့ အဘယ်မှာလျှင် စိတ်ဆင်းရဲကိုယ်ဆင်းရဲမဖြစ်ဘဲနေပါမည်နည်း။

နောက်ဆုံးတွင် ....

အတုမဲ့သမားတော်ကြီးသည် ကိုယ်တိုင်ပင် သေမင်းအဆိပ်ဘုရင်ကို ရှာဖွေသုတ်သင်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့တော့သည်။

သို့ရာတွင် သိုင်းပညာအလွန်ထူးချွန်ထက်မြက်လှပါသည်ဆိုသောပုဂ္ဂိုလ်ကြီးများပင်လျှင် ယနေ့တိုင် သေမင်းအဆိပ်မည်သည့်အရပ်တွင်နေထိုင်ကြောင်းကို သဲလွန်စတစ်ခုတလေမျှပင်မရကြသေးချေ။

သို့ဖြစ်ရာ.... သမားတော်ကြီးမော်ကျင့်အနေဖြင့် သေမင်းအဆိပ်ထုံဖေချင်းကိုရှာဖွေသုတ်သင်ရန်ဆိုသည်မှာ အဆိပ်ဖြေဆေးဖော်စပ်ရသည်ထက် များစွာခက်ခဲသောအလုပ်တစ်ခုဖြစ်နေသည် မဟုတ်ပါလော။

❀❀❀



အတုမဲ့သမားတော်ကြီးသည် သေမင်းအမိန့်စာရရှိထားကြသူများကို စမ်းသပ်စစ်ဆေးကြည့်ရှုသည့်အခါ တစ်ယောက်နှင့်တစ်ယောက်အဆိပ်သင့်ခဲ့သောရက်အပိုင်းအခြားချင်း မတူညီကြသည်ကို သတိပြုမိလာခဲ့လေသည်။

တစ်ချို့မှာ သေမင်းအမိန့်စာမရမီ တစ်လနီးပါးလောက်ကတည်းကပင် အဆိပ်သင့်ထားခဲ့ကြသူများဖြစ်သည်။ ထို့ပြင် သေမိန့်ရက်ချိန်းကလည်း တစ်ယောက်နှင့်တစ်ယောက်မတူကြချေ။ တစ်ချို့မှာ သေမိန့်ရက်ချိန်းပြည့်ရန် ခုနစ်ရက်ခြောက်ရက်အလိုခန့်တွင်အမိန့်စာကိုပေးပို့ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ထုံဖေချင်းသည် သူ၏အဆိပ်အား လိုအပ်သလို စွမ်းရည်ထိန်းချုပ်ထားနိုင်ကြောင်း အတုမဲ့သမားတော်ကြီးသတိပြုမိလိုက်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ထုံဖေချင်းသည် သူ၏သေမင်းအဆိပ်အား လိုအပ်သလို စွမ်းရည်ထိန်းချုပ်ပြောင်းလဲခြင်းဖြင့် သမားတော်ကြီးအားပြက်ရယ်ပြုသလိုဖြစ်နေပေသည်။

အဘယ်ကြောင့်ဆိုသော် သေမိန့်ရက်ချိန်းပြည့်ရန် နှစ်ရက်သုံးရက်မျှသာလိုတော့သောသူများကို အတုမဲ့သမားတော်ကြီး အချိန်မီကုသနိုင်သည်ကိုထားဦး၊ သေမိန့်ရက်ချိန်းပြည့်ရန်ဆယ်ရက်ကျော်ဆယ့်ငါးရက်ခန့်လိုသေးသူများကိုပင်လျှင် သမားတော်ကြီးမော်ကျင့်

ကအောင်မြင်စွာမကုသနိုင်ခဲ့သောကြောင့်ဖြစ်သည်။

နောက်ပိုင်း... သေမင်းအမိန့်စာရရှိခဲ့သူအများစုမှာ အထူး
သမားတော်ကြီးထံသို့သာမက မည်သည့်သမားတော်များထံတွင်မှ
ပြသခြင်းမရှိတော့ချေ။

သေမင်းအမိန့်စာရရှိသည်နှင့်တစ်ပြိုင်နက် သူတို့ကိုယ်သူတို့
လူသေအဖြစ် အကြွင်းမဲ့ယုံကြည်သတ်မှတ်လိုက်ကြတော့သည်။

အချို့စိတ်ဓာတ်ပျော့ညံ့သူများမှာ သေမင်းအဆိပ်အမိန့်စာ
ရရှိသည်နှင့်တစ်ပြိုင်နက် သွက်သွက်ခါအောင်ရူးသွပ်သွားလေတော့
၏။

တစ်ချို့မှာမူ သေမင်းအဆိပ်အမိန့်စာရရှိသည်နှင့် တစ်ပြိုင်
နက်တည်း သူတို့ကိုယ်သူတို့ သေမထူးနေမထူးသူများအဖြစ် သဘော
ထားလိုက်ကြလေသည်။

ထိုလူများသည် မကြာမီသေဆုံးရတော့မည်ဟုသိရှိထား
သဖြင့် ဘာကိုမှအရေးမစိုက်တော့ဘဲ ထင်ရာစိုင်းကုန်ကြတော့သည်။
ဥပဒေမဲ့ပြစ်မှုများစွာကိုပင် ကျူးလွန်ကြလေတော့၏။ ထိုအခါ ၎င်း
တို့သည် အပြစ်မဲ့လူသားများအတွက် ကြောက်စရာကောင်းသော
ရန်သူများဖြစ်လာကြပြန်လေတော့၏။ တစ်နည်းအားဖြင့် အဆိပ်သင့်
သားကောင်များသည် အန္တရာယ်ကောင်များအဖြစ် ပြောင်းလဲသွား
ကြသည်ဟုဆိုရပေတော့မည်။



သို့ဖြင့်.... သေမင်းအဆိပ်အမိန့်စာမှအစပြုခဲ့သော ဂယက်
သည် အပြစ်မဲ့ပြည်သူများအပေါ် နည်းမျိုးစုံဖြင့်နှောင့်ယှက်သလိုဖြစ်
နေတော့သည်။

သေမင်းအမိန့်စာကြောင့် အပြစ်မဲ့ပြည်သူများမှာ တစ်နေ့
တခြားဒုက္ခရောက်ကြရကုန်၏။

အလယ်ပိုင်းသိုင်းလောကတွင်လည်း တစ်နေ့ထက်တစ်နေ့
အေးချမ်းမှုများ ပျောက်သွားလေတော့သည်။

ဝမ်းချွန်မြို့တွင်နေထိုင်ကြသော နဂါးသုံးကောင်မိသားစု
သည် ချမ်းသာကြွယ်ဝသည်နှင့်အမျှ လူချစ်လူခင်လည်း အလွန်ပေါ
များလှ၏။ အဘယ်မျှ လူချစ်လူခင်ပေါများသည်ဆိုသော် ဝမ်းချွန်မြို့
တွင် နဂါးသုံးကောင်မိသားစု၏အတင်းအဖျင်းကို ပြောဆိုသူတစ်ဦး
တစ်ယောက်မျှမရှိသည်အထိဖြစ်သည်။

စင်စစ်....

နဂါးသုံးကောင်မိသားစုကို ထိုမျှလူချစ်လူခင်ပေါများရခြင်း
မှာ သူတို့၏ချမ်းသာလွန်းသောဂုဏ်ရှိန်ကြောင့်မဟုတ်ဘဲ မိသားစု
အားလုံး၏မာန်မာနကင်းမဲ့ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ ရိုးသားဖြောင့်
မတ်ခြင်းတို့ကြောင့်သာလျှင်ဖြစ်ပေ၏။

မာန်မာနကင်းမဲ့ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ ရိုးသားဖြောင့်
မတ်ခြင်းတို့ကြောင့် ....

နဂါးသုံးကောင်မိသားစုတွင် မလိုမုန်းထားသူ ဟူ၍မရှိ
အန္တရာယ်ကင်းရှင်းစွာဖြင့် ငြိမ်းချမ်းစွာနေထိုင်နိုင်ကြခြင်းဖြစ်သည်

ချမ်းသာကြွယ်ဝမှုကို လူတိုင်းလိုလို မက်မက်မောမော
စားလုပ်ဆောင်နေကြသော်လည်း ကိုယ်ကျင့်တရားမြင့်မားရေးကို
လူတို့ အမှတ်မထင်မေ့လျော့နေတတ်ကြ၏။

ချမ်းသာကြွယ်ဝမှုကို အလွယ်တကူရရှိနိုင်သော်လည်းကို
ကျင့်တရားကောင်းမွန်ရန်မှု အလွန်တစ်ရာခက်ခဲလှ၏။

နဂါးသုံးကောင်မိသားစုတို့ကမူ ချမ်းသာကြွယ်ဝမှုကို
ဆိုင်ထားနိုင်ကြရုံမက ကိုယ်ကျင့်တရားကောင်းသူများအဖြစ်လည်
လူအများ၏သတ်မှတ်လေးစားမှုကိုခံယူထားသူများဖြစ်ရာ ရှာမှ
သောလူသားများဟုဆိုရချေတော့မည်။

မည်သို့ပင်ဖြစ်စေ.... တစ်နေ့တွင်မူ နဂါးသုံးကောင်မိသား
ဝင်များအဖို့ တစ်သက်နှင့်တစ်ကိုယ် မကြုံစဘူးသောအဖြစ်အပျက်
တစ်ခုကိုမမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့လိုက်ကြရတော့၏။

ထိုအဖြစ်အပျက်၏အစကား....

❁❁❁



"သခင်ကြီး... သခင်ကြီး"

အထိတ်တလန့်အော်ခေါ်သံနှင့်အတူ နဂါးသုံးကောင်စံအိမ်
ကြီး၏ဝင်ပေါက်ဝဆီသို့ လူရွယ်တစ်ယောက်အမောတကောနှင့်ပြေး
၏။ ထိုလူရွယ်မှာ နဂါးသုံးကောင်စံအိမ်ကြီးကိုစောင့်ကြပ်နေရ
ဖြစ်၏။

"သခင်ကြီး... သခင်ကြီး"

ခြံဝင်းစောင့်လူငယ်၏ခေါ်သံကြောင့် စံအိမ်ကြီးအတွင်းမှ
သုံးယောက် ခြေလှမ်းသွက်သွက်ဖြင့်ထွက်လာကြ၏။

ရှေ့ဆုံးမှ ဦးဆောင်ထွက်လာသူမှာ အသက်ငါးဆယ်ဝန်း
ခန့်ရှိပြီး ဥပမိရုပ်ခန့်ညားလှသောပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်၏။

တကယ်တော့ ထိုပုဂ္ဂိုလ်မှာ နဂါးသုံးကောင်စံအိမ်ကြီး၏
ခင်ကြီးကျင်းမင်ကျူးပင်ဖြစ်၏။

သူ၏ညာဘက်ဘေးတွင်လိုက်ပါလာသော အသက်လေး
ယ်ဝန်းကျင်အရွယ် ချောမောလှပသည့်အမျိုးသမီးကြီးမှာ သူ၏
း ချင်မေချိုင်ဖြစ်၏။

သူတို့နှစ်ယောက်၏နောက် မလှမ်းမကမ်းမှအသက်နှစ်
ယ်ခန့်ရှိ လူငယ်လေးတစ်ယောက်လိုက်ပါလာ၏။ ထိုလူငယ်လေး
ကျင်းမင်ကျူးနှင့်ချင်မေချိုင်တို့၏တစ်ဦးတည်းသော သားလေး
း ဟူပင်တည်း။

"ဖန်းတု... ဘာအရေးကြီးလာ့သလဲ၊ မြန်မြန်ပြောစမ်းကွာ"

ကျင်းမင်ကျူးက ခြံဝင်းစောင့်လူငယ်ဖန်းတုအား အသံ ဩဇာပြည့်ဝစွာဖြင့်မေးမြန်းလိုက်၏။ ဖန်းတုကအနည်းငယ်တုန်ယင် သောလေသံဖြင့် ....

"စံအိမ်ရဲ့ခြံဝင်းပေါက်ရှေ့တည့်တည့်မှာ မြင်းလှည်းတစ်စီး ရောက်နေပါတယ်သခင်ကြီး"

ဖန်းတု၏စကားမဆုံးမီ ကျင်းမင်ကျူးက....

"ဘယ်သူ့မြင်းလှည်းလဲ... ရန်သူလားမိတ်ဆွေလား"

ကျင်းမင်ကျူး၏ဖနီးချင်မေချိုင်ကလည်း ....

"ဖန်းတု မြင်းလှည်းပေါ်ကလူဟာ လူစိမ်းတွေမို့ မင်းမသိ တာလား"

"မ... မဟုတ်ပါဘူးသခင်ကြီး"

ဖန်းတုက ထစ်ငေါ့စွာဖြင့်ဖြေလိုက်၏။

ကျင်းမင်ကျူးမှာ ဖန်းတု၏မအူမလည်ဖြစ်နေပုံကိုကြည့်ပြီး မျက်မှောင်မသိမသာကြုတ်လိုက်မိ၏။

"ဖန်းတု... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကိုရှင်းရှင်းလင်း လင်းဖြစ်အောင်ပြောစမ်း"

"ဟုတ်... ဟုတ်ကဲ့သခင်ကြီး... ဒီ ဒီလိုပါ ကျွန်တော်စံအိမ် ခြံဝင်းဘက်ပြန်လျှောက်လာတော့ အဲဒီမြင်းရထားက ခြံပေါက်ဝရှေ့



တည့်တည့်မှာရပ်နေတာတွေ့ရပါတယ်၊ ကျွန်တော်လဲ ဘယ်သူဘယ် ဝါများလဲဆိုပြီးသွားကြည့်တော့ မြင်းရထားပေါ်မှာ လူတစ်ယောက် မေပါတာကိုတွေ့ရပါတယ်"

"အဲဒီမြင်းရထား ဘယ်တုန်းကရောက်လာတာလဲ"

"ကျွန်တော်သတိမထားမိလိုက်ဘူးသခင်ကြီး"

"နေပါဦး... မြင်းလှည်းတစ်စီး ခြံပေါက်ဝရှေ့ ရောက်လာ တာကိုစွကိုများ မင်းကဘာဖြစ်လို့ အထိတ်တလန့်နဲ့လာပြောနေရ တာလဲ"

ကျင်းမင်ကျူးက ဖန်းတု၏မျက်နှာရိပ်မျက်နှာကဲကို အကဲ ခတ်ကြည့်ရင်းမေးခွန်းထုတ်လိုက်၏။ ဖန်းတုမှာ ထိုသို့အမေးခံလိုက် ရသည့်အတွက် မျက်နှာကွက်ခနဲပျက်သွားသည်။

"သခင်ကြီး ကျွန်တော်... ကျွန်တော့်ကို ဟို... သခင်ကြီး ကိုယ်တိုင်လိုက်ကြည့်ပါခင်ဗျာ"

"အို... ဒီကောင်ပြောမှ ပိုဆိုးနေပါလား၊ ဖန်းတု မင်း ဘာကို ကြောက်လန့်နေတာလဲ... ဘာမှကြောက်စရာမရှိဘူး၊ မင်းပြောစရာ ရှိတာကို ရဲရဲတင်းတင်းပြောစမ်း"

"ကျွန်တော် မပြောပါရစေနဲ့ သခင်ကြီးတို့သာလိုက်ကြည့် ကြပါခင်ဗျာ"

ဖန်းတုက ငြင်းဆိုလိုက်သည်။

"ဖန်းတု မကြောက်ပါနဲ့ကွာ... ရဲရဲသာပြောစမ်း၊ မင်းကို ဓါ ဘာမှအပြစ်မတင်ဘူး"

ကျင်းမင်ကျူးက အားမလိုအားမရဟန်ဖြင့်ပြောလိုက်၏ ဖန်းတုမှာ ယခုတိုင် မျက်စိပျက်မျက်နှာပျက်ရှိနေဆဲဖြစ်သည်။

"ကျွန်တော်... ပြော... ပြောမထွက်လို့ပါ... သခင်ကြီးတို့ ကိုယ်တိုင်ပဲ လိုက်ကြည့်ကြပါလို့တောင်းပန်ပါတယ်"

"တယ်ခက်တဲ့ကောင်ပဲ... ဘာဖြစ်လို့ ဒီလောက် အထိတ်တလန့်ဖြစ်နေရတာလဲ"

"အစ်ကိုကြီး သူ့ကိုမေးလို့လဲရမှာမဟုတ်ပါဘူး၊ ကျွန်မတို့ သွားကြည့်လိုက်တာပဲ ကောင်းလိမ့်မယ်ထင်တယ်"

တစ်ချိန်လုံးရပ်နားထောင်နေသောချင်မေချိုင်က ဝင်ပြောလိုက်သည်။

"အင်း... အဲဒါပဲကောင်းပါတယ်"

ကျင်းမင်ကျူးကသဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြောဆိုလိုက်သည်။ ထို့နောက် လေးယောက်သား စံအိမ်ခြံဝင်းပေါက်ဆီသို့လျှောက်လာကြလေသည်။ ခဏအကြာတွင် စံအိမ်ခြံဝင်းပေါက်ကိုလှမ်းမြင်နိုင်သည့်နေရာသို့ရောက်လာကြသည်။

ဖန်းတုမှာ စံအိမ်ခြံဝင်းပေါက်ဆီသို့မကြည့်ဘဲ ခေါင်းငုံ့လျက်လျှောက်နေသည်။



ကျင်းမင်ကျူးတို့သားအမိသားအဖသုံးယောက်ကမူ စံအိမ်ခြံပေါက်ဝသို့လှမ်းကြည့်လိုက်ကြသည်။ စံအိမ်ခြံဝင်းပေါက်ဝတည့်တည့်တွင်မြင်းလှည်းတစ်စီးရပ်နေသည်။

ထိုမြင်းလှည်းကိုဆွဲသောမြင်းမှာ ဒေါက်ကောင်းကောင်းနှင့်လွှမ်းစွာမျိုးသန့်သောမြင်းဖြူကြီးဖြစ်လေသည်။ မြင်းလှည်းအိမ်မှာလည်း မြင်းဖြူကြီးနှင့်လိုက်ဖက်စွာလှလှပပရှိနေလေသည်။ ကနုတ်ပန်းများ ခြူးပန်းခြူးနွယ်များက ရွှေရောင်ငွေရောင်တောက်ပစွာဖြင့် မြင်းလှည်းအိမ်ကို အလွန်လှပအောင်တန်ဆာဆင်ထားကြသည်။

"ဖေဖေ မြင်းကြီးကတော့ တော်တော်ရှားတဲ့အဖိုးတန်မြင်းကြီးပဲနော်"

ကျင်းဟူက မြင်သူတိုင်းနှစ်သက်သဘောကျမည့်မြင်းဖြူကြီးကိုကြည့်ပြီးပြောလိုက်သည်။ ကျင်းမင်းကျူးက ထောက်ခံသည့်အနေဖြင့်ခေါင်းညိတ်လိုက်သည်။

"အင်း... မြင်းဖြူကြီးကောမြင်းလှည်းပါ တော်တော်လှတာပဲ၊ ဒီလောက်ကျက်သရေရှိပြီး အဖိုးတန်တဲ့မြင်းလှည်းက လူမပါဘဲရောက်လာတယ်ဆိုတော့ ထူးဆန်းနေတယ်"

"အစ်ကိုကြီး ကျွန်မတို့မိတ်ဆွေထဲက တစ်ယောက်ယောက်ကများ ကျွန်မတို့ကိုအံ့ဩသွားအောင်လုပ်ပြီး လက်ဆောင်ပေးတာနဲ့တူတယ်"

ချင်မေချိုင်က သူမ၏ထင်မြင်ချက်ကိုပြောလိုက်လေသည်။

ကျင်းမင်ကျူးက ဘာမျှပြန်မပြောဘဲ ခြေလှမ်းသွက်သွက်လှမ်းကာ မြင်းလှည်းအနီးသို့လျှောက်သွားလေသည်။ ကျင်းဟူတို့ သားအမိက လည်း ကျင်းမင်ကျူးကိုအမီလိုက်လျှောက်ကြသည်။

မြင်းလှည်းအနီးသို့ရောက်သောအခါ သုံးယောက်သား မြင်းလှည်းအတွင်းသို့ပြိုင်တူကြည့်လိုက်မိကြ၏။

တိုအခါ...

"ဟာ..."

"ဟင်..."

"အို..."

ကျင်းမင်ကျူးတို့ထံမှ အာမေဋိတ်သံများ ပြိုင်တူထွက်ပေါ် လာကြလေသည်။

အဘယ့်ကြောင့်ဆိုသော်... မြင်းလှည်းအိမ်ထဲတွင် ရွှေနား ငွေနားများလှပစွာကွပ်လျက် လက်ရာကောင်းဖြင့်ပြုလုပ်ထားသော လူ့သေထည့်သည့် အဖိုးတန်ခေါင်းကြီးတစ်လုံးကို တွေ့မြင်လိုက်ရ သောကြောင့်ပင်တည်း။

ဖြဖြဖြ



ကျင်းမင်ကျူးတို့မိသားစုသုံးယောက်မှာ မျက်နှာပျက်ပျက် ဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်မိလိုက်ကြ၏။ စောစောပိုင်း ကဖန်းတုအမှုအရာပျက်နေရခြင်း၏အဖြေကိုလည်း ယခုမှနားလည် သဘောပေါက်သွားခဲ့ကြလေသည်။

"အစ်... အစ်ကိုကြီး ဒါ... ဒါသဘောလဲဟင်"

ချင်မေချိုင်က တအံ့တသြဖြစ်ဟန်ဖြင့်မေးလိုက်၏။

ကျင်းမင်ကျူးက အခေါင်းကိုကြည့်ကာခေါင်းခါယမ်းပြ လိုက်သည်။

"ချင်မေ ငါလဲမသိဘူး။ ဒီလောက်လှပတဲ့ အဖိုးတန်အသုဘ အခေါင်းကြီး ငါတို့ခြံပေါက်ဝတည့်တည့်မှာ ရောက်နေတာကတော့ ထူးဆန်းနေတယ်"

"တွေ့ရမြင်ရတာ မင်္ဂလာမရှိလိုက်တာအစ်ကိုကြီးရယ်၊ ဒါ ကျွန်မတို့ကိုမနာလိုတဲ့သူက တမင်လုပ်တာပဲဖြစ်ရမယ်"

"ဟုတ်တယ်မေမေ... ဒီလောက်ငွေကုန်ကြေးကျခံပြီးတော့ ဘယ်သူမှနောက်ပြောင်မှာမဟုတ်ဘူး"

ကျင်းဟူကပါ သူ၏မိခင်ဘက်မှဝင်ရောက်ထောက်ခံပြော ဆိုလိုက်သည်။ ကျင်းမင်ကျူးက ဘာမှမပြောသေးဘဲ စဉ်းစားဟန် တစ်ချက်ပြုလိုက်သည်။

ပြီးမှ...

"အင်း.... တို့ကို မနာလိုလို့ တမင်လုပ်လိုက်တာဆိုတာက တော့ထားပါတော့၊ ဒါပေမဲ့ ဒီမြို့မှာ တို့ကိုမနာလိုသူရယ်လို့ဘယ်သူ ရှိလို့လဲ။ တို့က သူတစ်ပါးအပေါ်မှာ မတရားမှုဆိုလို့နှမ်းစေ့တစ်စေ့ တောင် မလုပ်ခဲ့ဖူးဘူး"

ကျင်းမင်ကျူး၏စကားကြောင့် ကျင်းဟူတို့တွေခနဲဖြစ်သွား ကြသည်။ မှန်သည်။ ဝမ်းချွန်မြို့တွင် သူတို့မိသားစုကိုမနာလိုသူဟူ၍ ဆင်းရဲသားများထဲကရော ချမ်းသာသူများထဲကပါ တစ်ယောက် တလေမျှပင်မရှိကြောင်း သူတို့သိထားကြသည်။

ထို့ပြင် သူတို့မိသားစုသုံးယောက်လုံး သိုင်းပညာများ ထူး ချွန်စွာကိုယ်စီတတ်မြောက်ထားကြသော်လည်း ပညာမာနထောင် လွှားခြင်း စိုးစဉ်းမျှမရှိသောကြောင့် သိုင်းသမားများထဲမှ မလိုမုန်း ထားသူလည်း ရှိနိုင်မည်မဟုတ်ပေ။

❀❀❀



ဤသို့ဆိုလျှင် အဘယ်သို့သောလူမျိုးက အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ဤအသုဘခေါင်းကြီးတင်ဆောင်ထားသောမြင်း လှည်းအား စံအိမ်တော်ခြံပေါက်ဝရှေ့တည့်တည့်ပို့ဆောင်ထားရပါ သနည်း။

"အစ်ကိုကြီး ဒီမြို့ပေါ်မှာ ကျွန်မတို့ကို မနာလိုမုန်းထားသူ တစ်ယောက်ယောက်ကနေပြီး ရန်စုစော်ကားလိုက်တာလဲ ဖြစ်ချင်ဖြစ် နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီအခေါင်းကြီးကိုစစ်ဆေးကြည့်လိုက်ရင် တော့ အဖြေတစ်ခုခုပေါ်လာနိုင်တယ်"

သုံးယောက်သား တဒင်္ဂနှုတ်ဆိတ်သွားရာမှ ကျင်းမင်ကျူး ကပြောလိုက်သည်။

"ဟုတ်တယ်... အခေါင်းကြီးကိုဖွင့်ကြည့်လိုက်ရင်အဖြေတစ် ခုခုပေါ်လာနိုင်တယ်၊ အင်း ဒီအခေါင်းကြီးထဲမှာ ဘယ်သူ့အလောင်း များပါလာမလဲမသိဘူး"

ကျင်းမင်ကျူးကပြောပြောဆိုဆိုဖြင့် အခေါင်းကြီးအနီးသို့ တိုးကပ်သွားရန်ခြေလှမ်းပြင်လိုက်သည်။

ဤတွင် ကျင်းဟူက....

"ဖေဖေ ဒီကျက်သရေမရှိတဲ့အမင်္ဂလာခေါင်းကြီးကို ဖေဖေ ကိုယ်တိုင်မဖွင့်ပါနဲ့... ကျွန်တော်ပဲဖွင့်လိုက်ပါရစေ၊ ကျွန်တော့်ကို ဖွင့် ခွင့်ပြုပါ"

ထိုအချိန်တွင် ....

မြို့ခံလူအတော်များများ ခြံဝင်းပေါက်ဝရှေ့သို့ ရောက်ရှိနေကြပြီဖြစ်သည်။ သူတို့က မြင်းလှည်းကြီးကိုတစ်လှည့် နဂါးသုံးကောင်မီသားစုကိုတစ်လှည့်ကြည့်ရင်း အဖြစ်အပျက်ကို မည်သို့မျှ နားမလည်နိုင်ကြဘဲ ခေါင်းတစ်ခါခါ လည်တစ်ခါခါဖြစ်နေကြလေသည်။

ထိုအချိန်တွင်....

ကျင်းဟူကခေါင်းကြီးကိုဖွင့်ရန်အတွက် ကျင်းမင်ကျူး၏ခွင့်ပြုချက်ကိုမစောင့်တော့ဘဲ ရှေ့သို့လှမ်းလိုက်လေတော့သည်။

"အို... သားမဖွင့်ပါနဲ့"

ပြောပြောဆိုဆိုဖြင့် ချင်မေချိုင်က ကျင်းဟူ၏လက်မောင်းကိုလှမ်းဆွဲလိုက်သည်။

❀❀❀



ကျင်းဟူက ချင်မေချိုင်ဘက်လှည့်လိုက်သည်။

"မေမေ သားကိုဘာဖြစ်လို့တားရတာလဲ"

"သား ဘာသိလို့လဲ ဒီအခေါင်းကြီးထဲမှာ လူသေအလောင်းရှိနိုင်သလို လူကိုအန္တရာယ်ဖြစ်စေတဲ့အဆိပ်သတ္တဝါတွေ ဒါမှမဟုတ် ခေတောင်ချောက်စက်ခလုတ်တစ်ခုခု ရှိချင်ရှိနေနိုင်တယ်၊ ဒါကြောင့်မို့ ဒီခေါင်းကြီးကို သားမဖွင့်ပါနဲ့"

ချင်မေချိုင်၏စိုးရိမ်တကြီး တားမြစ်ပြောဆိုသံအဆုံးတွင် ကျင်းဟူက ရဲရင့်တည်ကြည်စွာဖြင့်တစ်ချက်ပြုံးလိုက်သည်။

"မေမေ မစိုးရိမ်ပါနဲ့ သားအတွက်အန္တရာယ် ဘယ်လိုမှ မဖြစ်နိုင်တဲ့နည်းနဲ့ ဒီအခေါင်းကြီးကို သားဖွင့်ပါ့မယ်"

"မဖွင့်ပါနဲ့သားရယ်... မေမေစိတ်မချလို့ပါ"

"အို... မေမေကလဲ စိတ်မပူပါနဲ့... သားရဲ့အရည်အချင်းကို မေမေယုံပါ"

ကျင်းဟူကအတင်းအကျပ်ခွင့်တောင်းနေသဖြင့် ချင်မေချိုင်က စိတ်ကူတောင်းသည့်အနေဖြင့် ကျင်းမင်ကျူးကိုလှမ်းကြည့်လိုက်သည်။

"အစ်ကိုကြီး... အစ်ကိုကြီးသားကိုကြည့်ပြောပါဦး"

"ဖေဖေ... သားကိုခွင့်ပြုမယ်မဟုတ်လား"

ကျင်းမင်ကျူးထံမှအဖြေပြန်မရခင် ကျင်းဟူက ခွင့်တောင်းလိုက်သည်။ ကျင်းမင်ကျူးမှာ သားအမိနှစ်ယောက်အနက် မည်သူ့ဘက်ကိုလိုက်ရမည်မှန်း ရုတ်တရက်ဝေခွဲမရဖြစ်နေသည်။

"အစ်ကိုကြီးခွင့်မပြုနဲ့နော်"

ချင်မေချိုင်က ကျင်းမင်ကျူးတစ်ယောက် ကျင်းဟူဘက်သို့ပါသွားမည်စိုးဟန်ဖြင့်လှမ်းပြောလိုက်သည်။ ကျူးမင်ကျူးက သားအမိနှစ်ယောက်ကိုတစ်ချက်စိုက်ကြည့်လျက် တစ်စုံတစ်ရာဆုံးဖြတ်လိုက်ဟန်ဖြင့် လှစ်ခနဲတစ်ချက်ပြုံးလိုက်သည်။

"သားကို ဖေဖေခွင့်ပြုပါတယ်"

"ဟာ... ဒီလိုမှပေါ့ဖေဖေရ"

"အို... အစ်ကိုကြီးဖြစ်ပုံမလား"

ကျင်းမင်ကျူး၏အဆုံးအဖြတ်ကြောင့် ကျင်းဟူဝမ်းသာအားရဖြစ်သွားသော်လည်း ချင်မေချိုင်ကမူ အစိုးရိမ်ပိုနေဆဲပင်ဖြစ်သည်။ ကျင်းမင်ကျူးကချင်မေချိုင်ကိုတစ်ချက်ကြည့်ကာပြုံးပြလိုက်၏။

"ချင်မေချိုင် သိပ်လဲမစိုးရိမ်ပါနဲ့... ဒီကိစ္စလေးလောက်ကိုတော့ သားလေးစွမ်းဆောင်နိုင်ပါလိမ့်မယ်"

ချင်မေချိုင် မည်သို့မျှစောဒကထပ်မတက်တော့ ကျင်းဟူကိုသာစိုးရိမ်သောမျက်နှာထားဖြင့်ကြည့်နေလိုက်လေ၏။



ကျင်းဟူ ကအခေါင်းကြီးအနီးသို့တိုးကပ်လိုက်သည်။

အသက်တစ်ချက်ဝအောင်ရှူလိုက်ကာ အတွင်းအားများ စုဆောင်းပြီးနောက် လက်ဝါးသိုင်းတစ်ချက် လျှပ်တစ်ပြက်ရိုက်ထုတ်လိုက်၏။

လေလှိုင်းများတဟူးဟူးအော်မြည်လျက် အခေါင်းကြီးပေါ်သို့ လက်ဝါးရိုက်ချက်ကျရောက်သွားသည်။ ထိုအခါ သံရိုက်မထားသောအခေါင်းကြီး၏အဖုံးမှာ လေလှိုင်းအားကြောင့် ရုတ်တရက်ပွင့်ထွက်လွင့်မြောက်သွား၏။

သည်မျှမကချေ။

အခေါင်းကြီးအတွင်းတွင်ထည့်ထားသည့် တစ်စုံတစ်ရာသောအရာဝတ္ထုတစ်ခုမှာလည်း ပွင့်ထွက်သွားသောခေါင်းအဖုံးနောက်မှနေ၍ လေထဲသို့လွင့်ပျံမြောက်တက်လာ၏။

ကျင်းမင်ကျူးက ကိုယ်ကိုတစ်ချက်လှုပ်ခါလျက် လှစ်ခနဲခုန်ထွက်ကာ လေထဲမှအရာဝတ္ထုအား လျှပ်တစ်ပြက်ဖမ်းယူလိုက်သည်။

သူ့လက်ထဲတွင်ရောက်လာသောအရာဝတ္ထုကလေးအား ကြည့်လိုက်ရာ စာရွက်လိပ်လေးတစ်ခုသာဖြစ်ကြောင်း ကျင်းမင်ကျူးတွေ့မြင်လိုက်ရသည်။

ကျင်းမင်ကျူးကစိတ်ဝင်တစားဖြင့် စာရွက်ကလေးကို ဖြန့်ဘ်လိုက်၏။

"ဟင်"

အာမေဍိတ်နှင့်အတူ ကျင်းမင်ကျူးမှာ မျက်နှာအကြီးအကျယ်ပျက်သွားလေတော့၏။

"အစ်ကိုကြီး ဘာစာလဲ"

တစ်ချိန်လုံး ရင်တမမဖြင့်စောင့်ကြည့်နေသော ချင်မေချိုင်က အမေးစကားနှင့်အတူ ကျင်းမင်ကျူးအနားသို့ရောက်လာပြီး စာကိုဖတ်လိုက်သည်။

"ဟင်"

ချင်မေချိုင်လည်း ရင်ပတ်ကိုလက်ဖြင့်ဖိရင်း ကျင်းမင်ကျူးကဲ့သို့မျက်နှာပျက်သွားသည်။

"ဘုရား... ဘုရား ဘယ်လိုအကြောင်းကြောင့်များ ဒီလိုလုပ်ရတာပါလိမ့်"

ချင်မေချိုင်ကမျက်နှာအပျက်ပျက်ဖြင့် ဘုရားတရင်း ပြောဆိုရေရွတ်လိုက်၏။ ကျင်းဟူမှာ မိဘနှစ်ပါး၏ဟန်အမူအရာကိုကြည့်ကာ မျက်မှောင်ကြုတ်သွားလေသည်။

"ဖေဖေနဲ့မေမေ ဘာဖြစ်လို့လဲ... စာထဲမှာ ဘာတွေရေးထားလို့လဲ"

အမေးစကားဆုံးသည်နှင့် ကျင်းဟူက ကျင်းမင်ကျူးတို့ဆီလျှောက်လာသည်။



ဝိုင်းအုံကြည့်နေသူများကလည်း...

ကျင်းမင်ကျူးတို့ မျက်နှာပျက်သွားကတည်းက အကြောင်းူးတစ်စုံတစ်ရာတော့ရှိပြီဟုတွက်ဆလျက် စိတ်ဝင်တစားဖြင့် နား ှင့်နေကြသည်။

ကျင်းဟူလာနေသည်ကိုမြင်သည့်အခါ ကျင်းမင်ကျူးသည် ့လက်ထဲရှိစာရွက်ကိုလုံးချေပစ်လိုက်၏။

"ဖေဖေ ဘာစာလဲဟင်"

ကျင်းမင်ကျူးတို့အနားသို့ရောက်လာသော ကျင်းဟူက ည်မေးလိုက်သည်။ ကျင်းမင်ကျူးက အားယူပြုံးပြလိုက်ရင်း...

"ဘာမှမဟုတ်ပါဘူးကွာ... သားမသိချင်ပါနဲ့"

"ဟုတ်တယ်သား... ဒါကသိပ်အရေးမကြီးပါဘူး"

ချင်မေချိုင်ကပါ ကျင်းဟူမသိစေချင်သည့်သဘောဖြင့် ဝင်ပြောလိုက်သည်။

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"သားသိချင်တယ်ဖေဖေ... အကြောင်းထူးတစ်စုံတစ်ရာ ရှိနေပြီဆိုတာ သားသိတယ်"

"မသိချင်ပါနဲ့သား... ဒီကိစ္စကိုဖေဖေတို့ပဲရှင်းပါ့မယ်"

"ဖေဖေ သားတို့မှာ ဒီသုံးယောက်ပဲရှိတာ၊ အကြောင်းကိစ္စ ာစ်ခုခုဖြစ်ရင် သုံးယောက်စလုံးနဲ့ဆိုင်တယ်"

ကျင်းမင်ကျူးတို့သည် ကျင်းဟူကိုကြည့်ကာ ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ ကျင်းဟူက ....

“ဖေဖေ... သားကိုပါးစပ်ကမပြောချင်ရင် စာကိုပြပါ၊ သားဘာသာဖတ်ကြည့်ပါ့မယ်”

“သားမသိချင်ပါနဲ့... အလကား သားအတွက် စိတ်အနှောင့်အယှက်ဖြစ်နေလိမ့်မယ်”

“ဒုက္ခမရှာပါနဲ့သားရယ်”

ချင်မေချိုင်ကလည်းဝင်ရောက်ပြောသည်။

ဝိုင်းအုံကြည့်ရှုနားထောင်ကြသူများမှာလည်း ကျင်းမင်ကျူးတို့တွင်ဖြစ်ပေါ်နေသည့်ထူးခြားသောအကြောင်းအရာအား ယခုတိုင်မကြားသိရသဖြင့် ဇွဲကောင်းကောင်းဖြင့် စောင့်ကြည့်နေကြဆဲ ဖြစ်သည်။ ကျင်းဟူက သူ့မိဘနှစ်ပါးကိုအကဲခတ်ကြည့်လိုက်သည်။ ဖုံးကွယ်ထားသည့်ဖြစ်ရပ်နှင့်ပတ်သက်ပြီး ၄င်းတို့၏မျက်နှာများပေါ်တွင်အဖြေရှာနေခြင်းဖြစ်သည်။

ကျင်းမင်ကျူးတို့ဇနီးမောင်နှံမှာ သားဖြစ်သူကျင်းဟူအား အခေါင်းအတွင်းမှရသည့်စာကိုပြလည်း မပြချင်။ ကျင်းဟူကလည်း မသိရမချင်း တကျိုကျိုတလောင်လောင်လုပ်နေဦးမှာသေချာသည်။

ထို့ကြောင့် ကျင်းမင်ကျူးတို့မှာ လွန်စွာစိတ်မသက်မသာ ဖြစ်နေကြရတော့သည်။



“ဖေဖေ သားကိုအဲဒီစာဖတ်ခွင့်ပြုပါ”

သူတို့တွက်ဆထားသည့်အတိုင်း ကျင်းဟူကတောင်းဆိုလာပြန်သည်။ ကျင်းမင်ကျူးနှင့်ချင်မေချိုင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ချင်မေချိုင်ကစိတ်ပျက်အားလျော့ဟန်ဖြင့်ခေါင်းခါယမ်းလိုက်သည်။

“ဟင်း....”

ကျင်းမင်ကျူးကသက်ပြင်းတစ်ချက်ချပြီး အလွန်လှပသောခြင်းလှည်းကိုငေးကြည့်လိုက်ရင်း....

“အင်း... ဒီကိစ္စကို သားမသိရမချင်း ဒါကိုပဲထပ်ခါတလဲလဲမေးနေမှာပဲချင်မေ... ငါပြလိုက်တော့မယ်”

“ပြလိုက်ပေါ့အစ်ကိုကြီးရယ်... သားလေးတစ်ခုခုဖြစ်သွားမှာစိုးလို့သာ မပြချင်ဘဲဖြစ်နေရတာပါ၊ တကယ်တော့ ဒီကိစ္စဟာသားသိသင့်တာပဲမဟုတ်လား”

မိဘနှစ်ပါး၏ပြောဆိုသံကိုနားထောင်ရင်း သူသိချင်သောအရာအားသိရတော့မည်မို့ ကျင်းဟူကျိတ်၍ဝမ်းသာသွား၏။

ကျင်းမင်ကျူးက အလွန်တရာစိတ်မကောင်းသောဟန်ဖြင့်ကျင်းဟူကိုကြည့်ပြီး စာရွက်ကိုဆုပ်ကိုင်ထားသောလက်အား တဖြည်းဖြည်းချင်း ဖြန့်လိုက်လေသည်။ ကျင်းဟူက မိဘနှစ်ပါး၏အဖြစ်ကို မသိဟန်ဆောင်လိုက်ပြီး ....

ကျင်းမင်ကျူး၏လက်ထဲမှ တွန့်ကြေနေသောစာရွက်လေးကို တရိုတသေလှမ်းယူလိုက်သည်။ ထို့နောက် သိချင်ဇောကြီးစွာဖြင့် စာရွက်လေးကိုဖြန့်ဖတ်လိုက်၏။

"သေမင်းအမိန့်စာ

ကျင်းဟူ

၁၀ လပိုင်း ၂၃ ရက်နေ့"

"တောက်"

ခပ်ပြင်းပြင်းခေါက်လိုက်သော 'တက်'ခေါက်သံတစ်ချက်က တိတ်ဆိတ်နေသောဝန်းကျင်တွင် ကျယ်လောင်စွာ ဖောက်ထွက်လာသည်။ ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် စိတ်ဝင်စားစွာနားစွင့်နေသူများမှာ ဆတ်ခနဲတုန်ခါသွားကြသည်။

အသံကကျင်းဟူထံမှထွက်ပေါ်လာခြင်းဖြစ်၏။ ကျင်းဟူ၏မျက်နှာအမူအရာမှာ မည်သည့်ခံစားချက်ကြောင့်ဟူ၍အတတ်မပြောနိုင်လောက်အောင်ပင် အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်နေသည်။

"သား... သား စိတ်ကိုထိန်းပါ"

ကျင်းဟူ၏အရိပ်အကဲကိုတစ်ချိန်လုံး စောင့်ကြည့်နေသောချင်မေချိုင်ကစိုးရိမ်တကြီးဖြင့် သတိပေးစကားပြောလိုက်၏။

ကျင်းဟူက ဘာကိုမှမကြားသည့်အလား သူ့လက်ထဲရှိ စာရွက်ကိုသာစူးစူးစိုက်စိုက်ကြည့်နေသည်။



ချင်မေချိုင်မှာ မျက်စိမျက်နှာပျက်ဖြင့် ကျင်းမင်ကျူးကို လှည့်ကြည့်လိုက်သည်။ ကျင်းမင်ကျူးကလည်း ကျင်းဟူ၏အခြေအနေကို မျက်မှောင်ကြုတ်လျက်အကဲခတ်ကြည့်ရှုနေသည်။

"သွားဟာ"

ပြောပြောဆိုဆိုဖြင့် ကျင်းဟူကသူ့လက်ထဲရှိစာကို အနည်းငယ်မြှောက်ကာ လက်ချောင်းအားဖြင့်တောက်ထုတ်လိုက်၏။

ထိုအခါ သေမင်းအဆိပ်အမိန့်စာပါသောစာရွက်မှာ အပိုင်းပိုင်းအပြတ်ပြတ်မြေပြင်ပေါ်သို့ပြန့်ကျဲကျကုန်သည်။

ဝိုင်းအုံကြည့်ရှုနေကြသောသူများမှာ ကျင်းဟူ၏သိုင်းစွမ်းရည်ကို စိတ်အတွင်းမှချီးကျူးမိလိုက်ကြသည်။

မည်သူမျှ စကားပြောဆိုခြင်းမရှိသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေ၏။ ကျင်းဟူသည် လှပကောင်းမွန်စွာပြုလုပ်ထားသောအခေါင်းကြီးအနီးသို့ တစ်လှမ်းချင်းလျှောက်သွားကာ သေသေချာချာကြည့်ရှုစစ်ဆေးလေသည်။

ချင်မေချိုင်မှာ မိခင်ပီပီ ကျင်းဟူ၏စိတ်မူမမှန်တော့ပြီလားဟူသောစိုးရိမ်စိတ်ဖြင့် ဂနာမငြိမ်ဖြစ်နေရလေသည်။

"ဟား... ဟား... ဟား... ဟား"

အခေါင်းကြီးကိုစစ်ဆေးကြည့်ရှုနေရာမှ ကျင်းဟူသည် ရုတ်တရက်ရယ်မောလိုက်လေသည်။

ချင်မေချိုင် မျက်နှာပိုပျက်သွားသည်။

“သားလေးသတိထားပါ”

“မေမေ ဘာသတိထားပါလဲ”

စိုးရိမ်တကြီးဖြစ်နေသောချင်မေချိုင်မှာ ကျင်းဟူကတည် တည်ငြိမ်ငြိမ်နှင့်ပြန်မေးလာသောအခါ ကြောင်အမ်းအမ်းဖြစ်ကာ ကျင်းဟူကိုသာငေးကြည့်နေမိတော့သည်။

စင်စစ် ကျင်းဟူမှာရဲရင့်ပြီး စိတ်ခတ်နိုင်မာသူတစ်ယောက် ဖြစ်သည်။ သူ့စိတ်ကူးနှင့်သူပြုမူနေသည်ကို ချင်မေချိုင်ကစိုးရိမ်လွန်းပြီးတလွဲထင်နေမိခြင်းသာဖြစ်၏။ ဝိုင်းအုံကြည့်နေသူများမှာလည်း ကျင်းဟူတစ်ယောက် တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်လာသည့်အတွက် စိတ်သက်သာရာရသလိုခံစားလိုက်ကြရလေသည်။

❀❀❀



ကျင်းဟူက ကျင်းမင်ကျူးဘက်သို့လှည့်ကြည့်လိုက်သည်။

“ဖေဖေ”

“ဟင်”

ကျင်းမင်ကျူး၏ထူးသံက အိပ်မက်မှလန့်နိုးလာသူကဲ့သို့ ဖြစ်သည်။ ကျင်းဟူက ကျင်းမင်ကျူးကိုပြုံးပြကာ အခေါင်းကြီးကို သက်ညှိုးထိုးပြလိုက်သည်။

“သေမင်းအဆိပ်က မဆိုးပါလားအဖေရဲ့… သားအတွက် အလွန်လှပတဲ့ခေါင်းကြီးကို တစ်ခါတည်းလုပ်ပေးလိုက်တယ်”

ကျင်းဟူကပြုံးပြုံးရွှင်ရွှင်ပြောနေသော်လည်း ကျင်းမင်ကျူး ဘို့မှာမူ ဟန်ဆောင်ပြုံးပင် မပြုံးနိုင်ကြရှာချေ။

❀❀❀

"ဟာ... သေမင်းအဆိပ်ဆိုပါလား"

"ဟုတ်တယ်ကွ... စောစောကကျင်းဟူတို့ဖတ်နေတဲ့စာဟာ သေမင်းအဆိပ်စာပဲဖြစ်ရမယ်"

"ဘုရား... ဘုရား... သေမင်းအဆိပ်က သူတော်ကောင်းတွေကို ဘာဖြစ်လို့ရန်ရှာချင်ရတာပါလိမ့်"

"ဒီလိုလူငယ်မျိုးသေရမှာနဲ့ပြောလိုက်တာ"

ကျင်းဟူထံမှ သေမင်းအဆိပ်ဆိုသောစကားသံကို ကြားလိုက်ရသူများသည် ထူးဆန်းသောအဖြစ်အပျက်ဟုသဘောပေါက်နားလည်သွားကြပြီး တစ်ယောက်တစ်ပေါက်ပြောဆိုကြလေသည်။

ကာယကံရှင်ကျင်းဟူကတော့ အပြုံးမပျက်။

"ဖေဖေ... သူ့စာတဲမှာ ဆယ်လပိုင်းနှစ်ဆယ့်သုံးရက်နေ့ သေရမယ်ဆိုတော့ ကြားထဲမှာ ဆယ်ရက်တောင်လိုသေးတယ်"

"သား ကျင်းဟူ... မင်္ဂလာမရှိတဲ့စကားတွေပြောမနေပါနဲ့"

"အို... မေမေကလဲ... ဒါ မင်္ဂလာမရှိတဲ့စကားလို့မဆိုနိုင်ပါဘူး။ ပေါ်ပေါက်လာတဲ့အဖြစ်အပျက်ကိုအမှန်အတိုင်းပြောတာပဲ"

"အစ်ကိုကြီး... ဘယ်လိုလုပ်ကြမလဲ"

ချင်မေရှိုင်က ကျင်းဟူနှင့်စကားနိုင်မလုတော့ဘဲ ကျင်းမင်ကျူးကိုလှမ်းမေးလိုက်သည်။ ကျင်းမင်ကျူးမှာ တွေခနဲတစ်ချက်ဖြစ်သွား၏။



ထို့နောက် မထင်မှတ်ဘဲပေါ်ပေါက်လာသောအဖြစ်ဆိုးကြီးအတွက် စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းတစ်ချက်ကုတ်လိုက်လေတော့သည်။

"အင်း... ငါလဲ မစဉ်းစားတတ်တော့ပါဘူး"

"ဖေဖေ ဘာစဉ်းစားနေစရာလိုလို့လဲ၊ သားတို့မှာ ဆယ်ရက်တောင်အချိန်ရသေးတာပဲ၊ အဲဒီရက်အတွင်း သေမင်းအဆိပ်ဆိုတဲ့အကောင်ကိုသတ်နိုင်ရင်ကိစ္စပြတ်သွားမှာပဲ၊ သားတို့အတွက်သာမက သိုင်းလောကကြီးအတွက် ပြည်သူလူထုအတွက် အန္တရာယ်ဆိုးကြီးရှင်းသွားတာပေါ့"

"သားက တယ်အပြောလွယ်တာကိုး... သေမင်းအဆိပ်ကို ပေါ့ပေါ့တန်တန်သဘောထားလို့မရဘူး"

"မေမေ သူ့သိပ်တော်နေလို့ အောင်နိုင်သူဖြစ်သွားတာ ဘာဆန်းသလဲ၊ ယောကျ်ားပီပီယှဉ်ပြိုင်ရင်းနဲ့သေရတာမြတ်ပါတယ်"

ကျင်းဟူက သူ့စိတ်ခံစားအမှန်အတိုင်းပြောလိုက်၏။

ကျင်းမင်ကျူးတို့ဇနီးမောင်နှံမှာ ကျင်းဟူ၏သေရမည်ကို မကြောက်သောရဲရဲတောက်စကားများကြောင့် သားဖြစ်သူအတွက် စိတ်တွင်းမှကျိတ်၍ဂုဏ်ယူမိလိုက်၏။

သို့သော် ....

သူတို့ကြာကြာဂုဏ်မယူနိုင်ကြပါ။

သေမင်းအဆိပ်နှင့်ပတ်သက်သောတစ်စုံတစ်ရာကို သတိရမိပြီး စိတ်များလေးလံသွားကြသောကြောင့်ဖြစ်သည်။

ချင်မေချိုင်က....

"သား... သတိမေ့နေပြီနဲ့တူတယ်"

"မေမေ ဘာများလဲ"

"သေမင်းအဆိပ်ဟာ သူ့အမိန့်မပို့ခင် သူသတ်မယ့်လူကို အဆိပ်ကြိုတင်ခတ်ထားပြီးသားဆိုတာလေ"

"မေမေ... အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ... သေမင်းအဆိပ်အမိန့်စာကို မေမေတို့ ဒီနေ့ရတယ်၊ ဒါကြောင့်.... သေမင်းအဆိပ်ဟာ လွန်ခဲ့တဲ့ရက်တွေကတည်းက သားကိုအဆိပ်ခတ်ပြီးနေပြီ၊ ဒီတော့ သား ...."

"သေတစ်နေ့မွေးတစ်နေ့ပဲမေမေရယ်"

"အင်း... သားက သေမင်းအဆိပ်ကိုသုတ်သင်ပစ်နိုင်တယ်ပဲထားဦး၊ မေမေတို့အဖို့မှာတော့ တစ်ဦးတည်းသောသားကိုဆုံးရှုံးရတော့မယ်၊ ဒီအတွက် မေမေတို့ဘယ်လိုဖြေရမှာလဲ"

ချင်မေချိုင်မှာ ပြောရင်းငိုသံပါလာသည်။

ကျင်းဟူမှာ မိဘတို့၏တုနှိုင်းမရသောမေတ္တာကိုသဘောပေါက်နားလည်ထားသူဖြစ်သည်။ သို့သော် မမျှော်လင့်ဘဲဖြစ်ပေါ်လာသောအခြေအနေအရ သူဘာမှမတတ်နိုင်ပါချေ။



"မေမေ... နောင်အနာဂတ်အတွက်ကြိုပြီး ဝမ်းနည်းပူဆွေးမနေပါနဲ့ မေမေတို့သားဟာ အကျိုးမဲ့မသေဆုံးစေရဘူး၊ မြတ်သောသေခြင်းမျိုးနဲ့သေရအောင် သားကြိုးစားပါ့မယ်၊ မေမေတို့သာ သားအတွက်ဂုဏ်ယူကြပါ"

ကျင်းဟူက နှစ်သိမ့်အားပေးစကားပြောလိုက်သည်။

"ကျင်းဟူ... ဖေဖေတို့မှာ မျှော်လင့်ချက်တစ်ခုရှိပါသေးတယ်"

သားအမိနှစ်ယောက်၏စကားကိုငြိမ်နားထောင်နေသောကျင်းမင်ကျူးက တစ်စုံတစ်ရာသတိရပြီးဝင်ပြောလိုက်သည်။

သူ့စကားကြောင့် ကျင်းဟူတို့သားမက ဝိုင်းအုံကြည့်နေကြသူများပါ ခေါင်းထောင်သွားကြကုန်လေသည်။

ကျင်းဟူက စိတ်အားထက်သန်စွာဖြင့်မေးလိုက်သည်။

"ဖေဖေ... ဘာမျှော်လင့်ချက်လဲ"

ကျင်းမင်ကျူးက ....

"စောစောကမှ အတုမဲ့သမားတော်ကြီးမော်ကျင့်ကို ဖေဖေသတိရလိုက်မိတယ်"

ကျင်းဟူက သိပ်စိတ်မဝင်စားဟန်ဖြင့်....

"အတုမဲ့သမားတော်ကြီးကကော တတ်နိုင်မှာမို့လား"

"သူလဲ ထူးချွန်ထက်မြက်တဲ့သမားတော်ကြီးတစ်ယောက်

ပဲ၊ သေမင်းအဆိပ်ကိုမခံချင်စိတ်နဲ့ အဆိပ်ဖြေဆေးနည်းလမ်းရှာဖွေနေတယ်လို့ကြားရတယ်၊ သား သူ့ဆီသွားရမယ်"

"ဟုတ်တယ်သား အတုမဲ့သမားတော်ကြီးဟာ ခုလောက်ဆိုရင် သေမင်းအဆိပ်ဖြေတဲ့နည်းလမ်းကို တွေ့ချင် တွေ့နေလောက်ပြီ"

"သား သူ့ဆီသွားတာမမှားဘူး... ကံကောင်းရင် သားမှာမိနေတဲ့သေမင်းအဆိပ်ကို သူဖြေပေးနိုင်လိမ့်မယ်"

မိခင်ဖြစ်သူချင်မေချိုင်ကပါ ကျင်းဟူကို အတုမဲ့သမားတော်ကြီးမော်ကျင့်ထံ သွားရောက်ကုသမှုခံယူရန်အတွက် တိုက်တွန်းပြောဆိုလိုက်သည်။

ကျင်းဟူက စဉ်းစားဟန်တစ်ချက်ပြုလိုက်၏။

ပြီးမှ....

"အတုမဲ့သမားတော်ကြီးဆီ ဒီနေ့သွားမယ်ဆိုရင် ငါးရက်ကြာမှရောက်မှာ"

ထိုအခါ ကျင်းမင်ကျူးက....

"ငါးရက်ကြာတာကောဘာဖြစ်သလဲ... သားမှာ ဆေးကုသမှုခံယူဖို့ငါးရက်တောင်အချိန်ရသေးတာပဲ"

"ဒီငါးရက်အတောအတွင်းမှာ အဆိပ်ဖြေဆေးမဖော်စပ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"



"ဖေဖေ သားသဘောကတစ်မျိုးပါ"

"ဘာများလဲ"

"ဒီငါးရက်ကြီး အလကားအချိန်ကုန်ခံမဲ့အစား အသက်ရှင်ခွင့်ရနေတဲ့အတွင်း သေမင်းအဆိပ်ကိုစုံစမ်းဖော်ထုတ်ပြီး အပြတ်ရှင်းဖို့ သားစိတ်ကူးထားတယ်"

"ဟာ မဟုတ်တာပဲ... ခုအချိန်အထိ လနဲ့ချီပြီး ဘယ်လိုမှ သဲလွန်စဖော်ထုတ်လို့မရသေးတာ၊ သေမင်းအဆိပ်ကို သားဘယ်လိုလုပ်ပြီး ဆယ်ရက်တည်းနဲ့စုံစမ်းလို့ရမှာလဲ... စိတ်ကူးမလွဲနဲ့"

"အတုမဲ့သမားတော်ကြီးဆီသာသွားပါသားရယ်၊ သားအတွက်အကျိုးယုတ်စရာအကြောင်းမရှိပါဘူး"

ကျင်းမင်ကျူးက ကျင်းဟူ၏ဆန္ဒကိုကန့်ကွက်စကားပြောဆိုကာ အတုမဲ့သမားတော်ကြီးဆီသွားရန် တိုက်တွန်းပြောဆိုလေသည်။

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ... သားက ဖေဖေတို့စကားကို နားထောင်တဲ့ အနေနဲ့ အတုမဲ့သမားတော်ကြီးဆီသွားမယ်ဆိုပြီး သေမင်းအဆိပ်ကို လိုက်ရှာခဲ့ရင်တော့ ဖေဖေတို့ဘာတတ်နိုင်မှာလဲ... ဒါပေမဲ့ သားက ဖေဖေတို့စိတ်ချမ်းသာအောင်လိမ်ညာပြောဆိုပြီး ကွယ်ရာကျမှာ လုပ်ချင်ရာလုပ်တဲ့လူ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ခုကတည်းက သားဆန္ဒကို

ဖွင့်ပြောတာပါ”

ကျင်းဟူက သူ၏စိတ်ရင်းအမှန်ကိုပြောလိုက်သည်။

“အင်း... ဒီလိုတတ်သိလိမ္မာတဲ့သူငယ်မျိုးကတော့ ဘယ်တော့မှခလုတ်မထိဆူးမငြိနိုင်ဘူး၊ ရန်သူဟူသမျှကိုကျော်လွှားနိုင်လိမ့်မယ်လို့ပြောရဲတယ်ဟေ့”

ဝိုင်းအုံနားထောင်နေကြသူများအတွင်းမှ အဘိုးအိုတစ်ဦး၏ချီးကျူးပြောဆိုသံကျယ်လောင်စွာထွက်ပေါ်လာ၏။

ထိုအဘိုးအို၏အသံမှာ ပြတ်ပြတ်သားသား တက်တက်ကြွကြွရှိလွန်းလှသဖြင့် ကြားရသူအပေါင်းကြက်သီးမွေးညင်းများပင် ထသွားကြကုန်လေ၏။

ဖဖဖ



ကျင်းမင်ကျူးမှာ ကျင်းဟူကို မည်ကဲ့သို့ နားချတိုက်တွန်းရမည်နည်းဟုစဉ်းစားနေမိသည်။

“သား... အတုမဲ့သမားတော်ကြီးဆီသွားပါလို့ မေမေတောင်းပန်ပါတယ်၊ သမားတော်ကြီးမော်ကျင့်သာ အားကိုးစရာမျှော်သင့်ချက်ပါသား”

ချင်မေချိုင်က ကျင်းဟူကိုအသနားခံတောင်းပန်သောအကြည့်ဖြင့်တိုက်တွန်းပြောဆိုလိုက်ပြန်သည်။

ကျင်းဟူက မိခင်ကိုကြည့်လျက် စိတ်မကောင်းဟန်ဖြင့်သက်ပြင်းချလိုက်သည်။

ပြီးနောက် အေးဆေးတည်ငြိမ်စွာပြောလိုက်သည်။

“မေမေ... သားဟာ သေလူတစ်ယောက်ပါ၊ သားအသက်ရှင်ခွင့်ရတဲ့အချိန်လေးမှာ အများအတွက် အကျိုးရှိမဲ့လုပ်ရပ်တွေကိုလုပ်ချင်ပါတယ်... လူဖြစ်လာရင် လူ့အကျိုးသယ်ပိုးနိုင်မှလူပီသမယ်လို့ သားခံယူပါတယ်”

“အတုမဲ့သမားတော်ကြီးဆီသွားရင် လမ်းခရီးမှာတင် ငါး

ရက်လောက်အလကားကုန်ဆုံးမယ်၊ ပြီးတော့ သေမင်းအဆိပ်ကို သူ ဖြေနိုင်ဖို့ဆိုတာကလဲ မသေချာတဲ့အလုပ်ကြီးပါ... ဒါကြောင့်မို့ သား အသက်ရှင်ခွင့်ရတုန်း လူသားတွေရဲ့ အကျိုးကို တတ်နိုင်သလောက် ထမ်းဆောင်သွားဖို့ခွင့်ပြုပါမေမေ"

"ဆေးကုရင်းအချိန်ကုန်တာမှန်ပေမဲ့ ကိုယ့်အတွက်တော့ မျှော်လင့်ချက်ထားနိုင်သေးတာပေါ့"

"မေမေ မသေချာတဲ့အလုပ်ကြီးမှာ အချိန်ကုန်ပြီးသေသွားခဲ့ရင် သားအလကားကောင်ဖြစ်နေမှာပေါ့၊ သေရတော့မဲ့အတူတူ အများအတွက်အကျိုးရှိအောင်လုပ်ပြီးသေရတာကမြက်ပါတယ်... လူ သေပေမဲ့ နာမည်မသေပါဘူး"

"ဟင်း ... သားကတယ်ခေါင်းမာတာကိုး"

ချင်မေချိုင် သက်ပြင်းတစ်ချက်ချကာ စိတ်ပျက်အားလျော့သံဖြင့်ပြောဆိုရေရွတ်လိုက်သည်။ ကျင်းဟူကမိဘနှစ်ပါးကိုကြည့်ကာတည်ကြည်စွာပြုံးလိုက်သည်။

"ဖေဖေနဲ့မေမေ"

"သား ဘာလဲ"

"အတုမဲ့သမားတော်ကြီးမော်ကျင့်ဆီကို သားအလျှင်းမသွားဘူးလို့တော့ မပြောပါဘူး၊ ခရီးထွက်ရင်းနဲ့ လမ်းကြုံရင်ဝင်မှာပါ၊ လမ်းလဲကြုံကောင်းကြုံနိုင်ပါတယ်လေ"



"ကျင်းဟူ... သားကိုတားလို့မရမှန်းသိတဲ့အတွက် ဖေဖေ ဘို့ မတားတော့ပါဘူး"

ကျင်းမင်ကျူးက စိတ်လျော့သည့်လေသံဖြင့်ပြောလိုက်၏။

ချင်မေချိုင်ကမူ....

"သားလမ်းကြုံရင် အတုမဲ့သမားတော်ကြီးမော်ကျင့်ဆီ ဝင် ဖြစ်အောင်ဝင်နော်၊ သားအတွက်အလကားမဖြစ်ပါဘူး"

"စိတ်ချပါမေမေ"

ကျင်းဟူကပြုံးမျက်နှာဖြင့်ကတိပေးလိုက်သည်။

ထို့နောက် လှလှပပပြုလုပ်ထားသောခေါင်းကြီးကို တဖပ် ဖပ်ပုတ်လိုက်သည်။

"ဟောဒီ အင်မတန်လှပတဲ့ခေါင်းကြီးဟာ သေမင်းအဆိပ် က သားအတွက် အထူးလက်ဆောင်ပေးလိုက်တာပါ၊ ဒီလိုအပြုအမူ မျိုးဟာ သူ့သက်တမ်းတစ်လျှောက်မှာ တစ်ခါမှမလုပ်ခဲ့တဲ့ထူးဆန်း တဲ့လုပ်ရပ်တစ်ခုပါ၊ အဲ့ဒီလိုပဲ သားကလဲ သားကိုလက်ဆောင်ပေး လိုက်တဲ့အဖိုးတန်ခေါင်းကြီးကို သူ့အတွက်ပြန်ဖြစ်အောင် အစွမ်းကုန် ကြိုးစားပါ့မယ်"

ပြောပြီးသည်နှင့် ကျင်းဟူသည် စိတ်အားထက်သန်စွာဖြင့် ကျင်းမင်ကျူးနှင့်ချင်မေချိုင်တို့ကိုကန်တော့လိုက်သည်။

ကျင်းမင်ကျူးတို့မှာ .....

တစ်ဦးတည်းသောသားလေးနှင့် ယခုရှင်ကွဲကွဲရပြီး....

မကြာခင် သေကွဲကွဲရမည်ကိုသိထားကြသဖြင့် ရင်ထဲတွင်ဆို့နင့်နေကြပြီး မည်သည့်စကားမျှပြောမထွက်နိုင်အောင် ဖြစ်နေကြတော့၏။

ဝိုင်းအုံကြည့်ရှုနေကြသူများလည်း ကျင်းမင်ကျူးတို့မိသားစု၏အဖြစ်ဆိုးအတွက် လွန်စွာစိတ်မကောင်းဖြစ်နေကြ၏။

သို့သော် သူတို့လည်းမတတ်နိုင်။

"သား... သားလေး လမ်းခရီးမှာသတိထားနော်"

ချင်မေချိုင်က မျက်ရည်ဝဲလျက်အားတင်းကာ သတိပေးစကားပြောလိုက်သည်။

ပြောစရာစကားများ ကျန်နေသေးသော်လည်း စကားလုံးတွေကထွက်မလာတော့။

ကျင်းဟူက အားပေးနှစ်သိမ့်သည့်အနေဖြင့် မိခင်၏ပခုံးနှစ်ဖက်ကိုအသာဆုပ်ကိုင်ကာ ခေါင်းညိတ်ပြလိုက်သည်။

ပြီးနောက်....

ကျင်းဟူသည် အလွန်လှပသောမြင်းလှည်းပေါ်သို့ လှားခနဲခုန်တက်ပြီး ....

မြင်းဇက်ကြိုးကိုဆွဲကွေ့လျက် နဂါးသုံးကောင်စံအိမ်ကြီးကိုကျောခိုင်းမောင်းနှင်ထွက်ခွာခဲ့လေသည်။



ကျန်ရစ်သူအားလုံးမှာ ရဲရင့်တည်ကြည်စွာဖြင့် မြင်းလှည်းကြီးကိုမောင်းနှင်ထွက်ခွာသွားသည့်ကျင်းဟူကို ရင်နင့်ကြေကွဲစွာမျက်စိတဆုံးငေးမောကြည့်ရှုနေမိသည်။

တိုတောင်းလှသောအချိန်အတွင်းမှာပင် ....

သေမင်းအဆိပ်၏လက်ဆောင် အသုဘခေါင်းကြီးကိုတင်ဆောင်ထားသောမြင်းလှည်းနှင့်အတူ ကျင်းဟူသည် သူတို့မြင်ကွင်းအတွင်းမှပျောက်ကွယ်သွားလေတော့၏။

❁❁❁

ကျင်းဟူမောင်းနှင်လာသည့် အသုဘခေါင်းကြီးတင်ဆောင်ထားသောမြင်းလှည်းသည် တောလမ်းတစ်လျှောက်တရိပ်ရိပ်ပြေးလျက်ရှိနေလေသည်။

အလွန်လှပသောမြင်းလှည်း၊ ရှားပါးပြီး အဖိုးတန်သောမြင်းဖြူကြီး၊ ရဲရင့်တည်ကြည်ခန့်ညားသောကျင်းဟူ စသည် စသည်တို့မှာ အသီးသီးသောကျက်သရေကိုဆောင်နေသည်။

သို့သော် ထိုသို့သောကျက်သရေတို့ကို မြင်းလှည်းအိမ်ထဲတွင်ပါလာသည့် အမင်္ဂလာခေါင်းကြီးက တစ်လမ်းလုံး လိုက်ပါနှောင့်ယှက်သလိုရှိနေခဲ့သည်။

တောလမ်းတစ်လျှောက်တွင် လူသူကင်းရှင်းလျက် မြင်းခွာသံမှတစ်ပါး မည်သည့်အသံမှမကြားရချေ။

ကျင်းဟူမှာ လောလောဆယ် ခရီးစဉ်အတိအကျမရှိဘဲ မြင်းလှည်းကိုဦးတည်ချက်မဲ့စွာ လျှောက်မောင်းနေခြင်းပင်ဖြစ်သည်။

ထိုစဉ် ....

ရှေ့လှမ်းလှမ်းဆီမှ သူ့မြင်းလှည်းကိုလှမ်းတားနေသည့် လူရိပ်တစ်ခုအား ကျင်းဟူတွေ့မြင်လိုက်ရသည်။

ကျင်းဟူက မြင်းလှည်းကို ဆက်လက်မောင်းနှင်လာရာ တဖြည်းဖြည်းနှင့်လူရိပ်သဏ္ဍာန်အားသဲသဲကွဲကွဲတွေ့မြင်လာ၏။

ထိုအခါ ....



ပုရိပ်သဏ္ဍာန်ရှင်မှာ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိလှပချောမောသောမိန်းမပျိုတစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။ ကျင်းဟူက မိန်းမပျိုအနီးတွင် မြင်းလှည်းကိုရပ်တန့်လိုက်သည်။

"မိန်းကလေး ဘာကိစ္စရှိလို့လဲ"

"ဪ... ဒီကမြင်းလှည်းနဲ့လမ်းများကြုံမလားလို့ပါရှင်"

"မိန်းကလေးက လမ်းကြုံလိုက်မယ့်သူကို... အဖော်လဲတစ်ယောက်မှမပါဘူး"

"ဟုတ်ပါတယ်"

"မိန်းကလေးကဘယ်ကိုသွားမလို့လဲ"

ကျင်းဟူကမိန်းမပျိုအား သူမသွားလိုသည့်အရပ်ကိုမေးလိုက်၏။ မိန်းမပျိုက ချက်ချင်းအဖြေပြန်မပေးဘဲ စဉ်းစားဟန်တစ်ချက်ပြုလိုက်၏။

ပြီးမှ....

"အင်း... ကျွန်မ အဓိကသွားချင်တဲ့နေရာကတော့ သေမင်းအဆိပ်ရှိတဲ့အရပ်ကိုပဲ"

"ဘာ"

မိန်းမပျို၏စကားကိုကြားလိုက်ရသောအခါ ကျင်းဟူမှာအာမေဋိတ်သံကျယ်လောင်စွာပြုလျက် မိန်းကလေးအား ပါးစပ်အဟောင်းသားဖြင့်ကြည့်နေမိတော့၏။

မိန်းမပျိုမှာ ကျင်းဟူက သူ့ကိုမျက်တောင်မခတ်ငေးကြည့်နေသဖြင့် မျက်နှာလှလှလေး ရဲခနဲဖြစ်သွားသည်။

ကျင်းဟူ၏အကြည့်ကိုရင်မဆိုင်ဝံ့ဟန်ဖြင့် မျက်လွှာချထားလိုက်သည်။

သည်တော့မှပင် ကျင်းဟူလည်း သူ့အဖြစ်ကို သူပြန်သတိရကာရှက်ကိုးရှက်ကန်းဖြစ်သွားလေသည်။

နှစ်ယောက်စလုံး ရှက်အမ်းအမ်းဖြင့် စကားထပ်မဆက်ဖြစ်ကြဘဲရှိနေလေတော့သည်။

❀❀❀



"မိန်း… မိန်းကလေး…."

ခဏကြာမှ ကျင်းဟူထံမှ အနည်းငယ်တုန်ယင်သောခေါ်သံထွက်ပေါ်လာသည်။

"ရှင်"

"သေမင်းအဆိပ်ဆီကို မင်းဘာဖြစ်လို့သွားချင်ရတာလဲ"

"ကျွန်မမှာအကြောင်းရှိလို့ပါ"

"မိန်းကလေး… သေမင်းအဆိပ်ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ သေမင်းတမန်တော်ပါ"

"ကျွန်မ သိပါတယ်"

"မိန်းကလေးလိုနုနယ်ငယ်ရွယ်သူမပြောနဲ့… သိုင်းသမားအရင့်အမာကြီးတွေတောင်မှ သေမင်းအဆိပ်နာမည်ကိုကြားရရုံနဲ့သွေးပျက်သွားကြတဲ့အကြောင်းတွေ မင်းမကြားဖူးဘူးလား"

"ကျွန်မကြားခဲ့ပါတယ်… ဒါပေမဲ့ ကျွန်မသေရမှာမကြောက်ပါဘူးရှင်"

ကျင်းဟူသည် မိန်းမပျိုအား တအံ့တသြကြည့်မိလေတော့သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် သည်မျှစိတ်ဓာတ်ခိုင်မာရင့်ကျက်သောမိန်းမပျိုကိုလည်း လေးစားသွားမိသည်။

"အစ်ကို… ကျွန်မပြောတာကိုမယုံဘူးလား"

"အင်း… ယုံ… ယုံပါတယ်"

မိန်းမပျို၏အမေးကြောင့် ကျင်းဟူက ကသောကမျော ပြန်ဖြေလိုက်သည်။

ပြီးနောက် တစ်စုံတစ်ရာကိုစဉ်းစားမိပြီး…

“မိန်းကလေး… မင်းသေမင်းအဆိပ်ကိုတွေ့ချင်နေတဲ့ အကြောင်းရင်းက သေမင်းအဆိပ်အမိန့်စာရထားလို့လား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ဘာအကြောင်းကြောင့်လဲ”

“ကျွန်မအဖေဟာ သေမင်းအဆိပ်အမိန့်စာကြောင့် သေဆုံးသွားခဲ့ရတယ်၊ အဲ့ဒီတော့ သေမင်းအဆိပ်ဆီမှာ ကျွန်မဖေဖေအတွက် ထိုက်သင့်တဲ့အလျော်ပြန်တောင်းဖို့ ကျွန်မမှာ တာဝန်ရှိနေတယ်လေ”

“သြော်… သြော်…”

“အဲဒီအတွက် ကျွန်မ သေမင်းအဆိပ်ရှိတဲ့အရပ်ကို လိုက်စုံစမ်းနေတာပဲ”

ကျင်းဟူက မိန်းမပျို၏စကားကိုနားထောင်ရင်း ခေါင်းတညိတ်ညိတ်လုပ်လိုက်သည်။ ပြီးနောက်… ရေ့ကိုတစ်ချက်လှမ်းမျှော်ကြည့်ကာ…

“ကောင်းပြီလေ… မင်းက သေမင်းအဆိပ်ဆီသွားချင်တယ်ဆိုတော့ ကျုပ်နဲ့လိုက်ခဲ့ပေါ့”



“ဟင်… အစ်ကိုကသေမင်းအဆိပ်ကိုသိလို့လား”

မိန်းမပျိုက ဝမ်းသာအားရဟန်ဖြင့်မေးလိုက်သည်။

ကျင်းဟူခေါင်းယမ်းပြလိုက်၏။

“ဟင့်အင်း… မသိပါဘူး”

“ဒါဆိုရင် သေမင်းအဆိပ်ရှိတဲ့နေရာကိုတော့ သိတယ်ပေါ့”

“ဒါလဲ မသိပါဘူး”

“ဒီလိုဆိုရင် ကျွန်မကိုလိုက်ခဲ့ဖို့ ဘာဖြစ်လို့ခေါ်တာလဲ”

မိန်းမပျိုကကျင်းဟူ၏ဘာမှမသိသောအဖြေကို မကျေနပ်ဟန်ဖြင့်မေးလိုက်သည်။ ကျင်းဟူ တစ်ချက်ပြုံးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ သေမင်းအဆိပ်ကို ကျုပ်ကိုယ်တိုင်လဲတွေ့ချင်နေလို့ပါ”

“အစ်ကိုကရော သေမင်းအဆိပ်ကိုဘာလို့တွေ့ချင်ရတာလဲ”

မိန်းမပျိုလေးက သဘောမပေါက်ဟန်ဖြင့်ပြန်မေးရာ…

“ကျုပ်လား ကျုပ်ကသေမင်းအဆိပ်အမိန့်စာရထားတဲ့လူတစ်ယောက်ဖြစ်နေလို့ပါ”

“ရှင်”

သည်တစ်ခါ အံ့သြသွားသူကတော့ မိန်းမပျိုပင်ဖြစ်သည်။

❖❖❖

"ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံ ဆူညံစွာထွက်ပေါ်လာ၏။

မြင်းလှည်းလည်း တောလမ်းအတိုင်း လျင်မြန်စွာရွေ့လျား လျက်ရှိသည်။

ကျင်းဟူ၏မြင်းလှည်းနှင့်လိုက်ပါလာသူမိန်းမပျိုမှာ မြင်း လှည်းအိမ်ထဲမှ အခေါင်းကြီးကိုကြည့်ပြီးအံ့အားသင့်နေသည်။

"အစ်ကို... ဒီအခေါင်းကြီးကဘယ်သူ့ဟာလဲ"

မိန်းမပျိုကမေးလိုက်သည်။

"ကျုပ်လက်ဆောင်ရထားတဲ့ပစ္စည်းပါ"

"ရှင် အခေါင်းကြီးကိုလက်ဆောင်ပေးတယ်... ဟုတ်လား အစ်ကို... ဒီလူဟာစိတ်မှကောင်းရဲ့လား"

မိန်းမပျိုကတအံ့တဩမေးရာ ကျင်းဟူက သဘောကျဟန် ဖြင့်ပြုံးလိုက်သည်။ ပြီးမှ အသာခေါင်းယမ်းကာ...

"မသိပါဘူးကွာ... စိတ်မနှံ့ဘူးလို့တော့ကျုပ်ထင်တယ်"

"အဲ့ဒီလူဘယ်သူလဲဟင်"

"သေမင်းအဆိပ်"

ကျင်းဟူ၏အပြောကြောင့် မိန်းမပျိုမှာ နှုတ်ခမ်းနစ်လျှာပိုင်း သွားပြန်သည်။ ထို့နောက် အကြောင်းအရင်းဖြစ်ရပ်မှန်ကို စဉ်းစား မိသွားဟန်ဖြင့်...



"သြော်... သေမင်းအဆိပ်က အစ်ကို့အတွက် ခေါင်းကြီးပါ တစ်ခါတည်းလုပ်ပေးလိုက်တာကိုး"

"ဟုတ်တယ်... သေမင်းအဆိပ်က ကျုပ်ကိုဆယ်လပိုင်း နှစ်ဆယ့်သုံးရက်နေ့မှာ သေရမယ်လို့ပြောထားတယ်"

"သူ အမိန့်စာပေးထားတဲ့လူတစ်ယောက်ကို ဒီလိုလှပပြီး အဖိုးတန်တဲ့အခေါင်းတစ်ခု အဆင်သင့်လုပ်ပေးထားတာဟာ တော် တော်အံ့သြဖို့ကောင်းတယ်လို့ဆိုရမှာပဲ"

"ကျုပ်လဲ သေမင်းအဆိပ်က ဘယ်လိုသဘောနဲ့ဒီလိုလုပ် တယ်ဆိုတာ စဉ်းစားလို့မရဘူး"

စကားသံများခေတ္တရပ်သွား၏။

မိန်းမပျိုသည် ခေါင်းသေတ္တာကြီးကိုအသေအချာကြည့်ရှု ရင်းစဉ်းစားဟန်ပြုနေသည်။ ကျင်းဟူကမူ မြင်းလှည်းကို ဂရုတစိုက် မောင်းနှင်နေသည်။

ခဏအကြာတွင် မိန်းမပျိုက...

"အစ်ကို"

"ဟင်"

"ကျွန်မတစ်ခုစဉ်းစားမိတယ်"

"ပြောစမ်းပါဦး"

"သေမင်းအဆိပ်ဟာ သူတစ်ခါမှမလုပ်ဘူးခဲ့တဲ့ ထူးခြားတဲ့

လုပ်ရပ်ကိုလုပ်ခဲ့တာဟာ အစ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမဲ့သူဖြစ်တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့များလုပ်ခဲ့သလားလို့"

"ဟင်း ... ဟင်း ... သူသတ်မဲ့သူကို သူက ပြန်ပြီးဂုဏ်ပြုမဲ့မလား"

ကျင်းဟူကရယ်သွမ်းသွေးရင်း ပေါ့ပေါ့တန်တန်ပင်ပြောဆိုလိုက်သည်။

မိန်းမပျိုမှာ မျက်မှောင်လေးတစ်ချက်ကြုတ်သွားသည်။

"အင်း... ဒါလဲဟုတ်တယ်၊ နောက်တစ်ခု ကျွန်မ စဉ်းစားမိတာက သေရတော့မယ့်သူကို စိတ်ဓာတ်ပျက်ပြားသွားအောင် ခေါင်းတွေ ဘာတွေအဆင်သင့်ထည့်ပေးလိုက်တာလားမသိဘူး"

"ဒါတော့ဖြစ်နိုင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ အဆိပ်နဲ့သတ်ခဲ့တဲ့လူတွေထဲမှာ အစ်ကိုကထူးခြားတဲ့လူတစ်ယောက်ဖြစ်နေတာတော့အမှန်ပဲ"

"ကျုပ်ကလဲ သူများနဲ့မှမတူဘဲကိုး"

ကျင်းဟူကခပ်ပြုံးပြုံးလုပ်ရင်း နောက်ပြောင်သလိုပြောလိုက်သည်။

မိန်းမပျိုကလည်း နောက်ပြောင်သည့်အနေဖြင့် ပြောလိုက်ကြောင်းသိသဖြင့် သာသာလေးပြုံးလိုက်လေသည်။

"ကဲပါ... ဒါတွေအသာထားလိုက်ပါဦး၊ ဦးနှောက်ခြောက်ခံပြီးစဉ်းစားမနေပါနဲ့၊ သတိရတုန်းမေးရဦးမယ်၊ မင်းနာမည်ဘယ်သူလဲ"



ကျင်းဟူက ယခုမှသတိရဟန်ဖြင့်ပြောဆိုမေးမြန်းလိုက်၏။

မိန်းမပျိုက....

"ကျွန်မနာမည်ယဉ်မေပါ"

"ဪ... တော်တော်ကဗျာဆန်တဲ့နာမည်ပဲ၊ ကျုပ်နာမည်ကတော့ကျင်းဟူတဲ့"

"အစ်ကို့နာမည်လဲလှတာပါပဲ"

မိန်းမပျိုက ကျင်းဟူကိုအားကျမခံပြောလိုက်၏။

ကျင်းဟူသည် မည်သို့မျှပြန်မပြောတော့ချေ။

"အစ်ကိုကျင်းဟူ"

"ဟင်... ဘာလဲ"

"ကျွန်မတို့နှစ်ယောက်ဟာ အခု တစ်ခရီးတည်းသွားတဲ့လူတွေဖြစ်သွားပြီ"

"ဟုတ်တယ်လေ"

"ရှေ့ခရီးအတွက် အစ်ကိုဘယ်လိုစိတ်ကူးထားတာလဲ"

"သေမင်းအဆိပ်ကိုရှာဖွေတဲ့ကိစ္စလား... ကျုပ်ကတော့ အတတ်နိုင်ဆုံး အစွမ်းကုန်လိုက်စုံစမ်းမှာပဲ"

"ဒီမြင်းလှည်းနဲ့ ဒီလိုပဲဆက်သွားမလို့လား"

"အင်းလေ… ဘာဖြစ်လို့လဲ"

ကျင်းဟူက ယဉ်မေ၏ဆိုလိုရင်းကို နားမလည်ဟန်ဖြင့်ပြန် မေးလိုက်သည်။

ယဉ်မေ တစ်ချက်ပြုံးလိုက်၏။

"အစ်ကိုကတော့ ကိုးရိုးကားရားလုပ်တော့မယ်"

"ယဉ်မေ… မင်းဘာကိုဆိုလိုတာလဲ"

"ဟောဒီ မင်္ဂလာမရှိတဲ့အသုဘအခေါင်းကြီးနဲ့ လူတောထဲ လျှောက်သွားလို့ဖြစ်ပါ့မလားအစ်ကိုရဲ့၊ ဒါကြီးပါနေရင် ကျွန်မတို့ကို ဘယ်စားသောက်ဆိုင်ကလက်ခံမလဲ၊ ဘယ်သူတည်းခိုခွင့်ပေးမလဲ၊ လမ်းထဲတောင်မှ ဝင်ခွင့်ပြုပါ့မလားမသိဘူး"

"အင်း… ဟုတ်ပေသားပဲ၊ ကျုပ်စိတ်ကူးက တစ်မျိုးဖြစ်နေ လို့ပါ"

"အစ်ကိုကဘယ်လိုစိတ်ကူးထားလို့လဲ"

ယဉ်မေကသိချင်စိတ်ဖြင့် ခပ်လောလောလေးမေးလိုက်၏။

ကျင်းဟူက အသုဘခေါင်းကြီးကိုလက်ညှိုးထိုးပြရင်း…

"ကျုပ် ဒီအသုဘခေါင်းကြီးကိုယူသွားချင်တာက မတော်တ ဆများ သေမင်းအဆိပ်နဲ့တွေ့ရင် ချက်ချင်းအသုံးချနိုင်အောင်လို့ပါ"

"ဟင်… အစ်ကိုကဘယ်လိုအသုံးချမှာလဲ"

"သေမင်းအဆိပ်ကိုသတ်ပြီး ဒီအခေါင်းထဲထည့်မလို့"



"ဪ အစ်ကို့စိတ်ကူးကလဲမဆိုးပါဘူး၊ ဒါပေမဲ့ ဒီအသုဘ ခေါင်းကြီးကန့်လန့်ကန့်လန့်ပါနေရင် ကျွန်မတို့ လွတ်လွတ်လပ်လပ် သွားလို့ရမှာမဟုတ်ဘူး"

"ဒါဖြင့်… မင်းမှာအကြံရှိရင်ပေးစမ်းပါဦး"

ယဉ်မေက…

"ဒီမြင်းလှည်းကြီးကို တစ်နေရာရာမှာဝှက်ထားရင်မကောင်း ဘူးလား"

"အင်း… ကောင်းသားပဲ၊ ဒါပေမဲ့ မြင်းဖြူကြီးကိုတော့ ကျုပ် တို့အသုံးပြုရလိမ့်မယ်"

ကျင်းဟူက တွေးတွေးဆဆဖြင့်ပြောလိုက်၏။

ယဉ်မေကလည်း ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်အစ်ကို… မြင်းဖြူကြီးဟာ ကျွန်မတို့အတွက် အသုံးဝင်မှာပါ"

"ကဲ… ဒီလိုဆိုရင် အချိန်ထပ်မဖြုန်းတော့ဘဲ ဒီမြင်းလှည်း ကိုဝှက်ထားလို့ရမယ့်နေရာရှာကြရအောင်"

"ကောင်းပြီလေ"

ထို့နောက် ကျင်းဟူက မြင်းလှည်းကိုတောနက်အတွင်းရှိနိုင် သလောက်မောင်းဝင်ခဲ့ပြီး မည်သို့မျှဆက်သွား၍မရသောနေရာသို့ ရောက်သောအခါမှ မြင်းလှည်းကိုရပ်တန့်ကာခုန်ဆင်းလိုက်သည်။

ယဉ်မေကပါ ကျင်းဟူနှင့်အတူလိုက်ဆင်း၏။

"အစ်ကို... ဒီနေရာကတော့ လူသူအရောက်အပေါက်မရှိနိုင်တဲ့နေရာပဲ၊ ဒီနားတစ်ဝိုက်မှာ စိတ်ချလုံခြုံရတဲ့နေရာတောင် ရှိနိုင်တယ်၊ ကျွန်မတို့တစ်ဘက်စီ ခွဲရှာကြရအောင်"

"အင်း... ကောင်းသားပဲ"

ကျင်းဟူက ယဉ်မေအကြံပေးသည့်အတိုင်းလိုက်နာပြီး မြင်းလှည်းကြီးဝှက်ထားရန်အတွက် သင့်တော်မည့်နေရာကောင်းကိုရှာဖွေလေသည်။

❀❀❀



"အစ်ကို... ဒီမှာလာကြည့်စမ်း"

ခပ်လှမ်းလှမ်းမှအော်ခေါ်သော ယဉ်မေ၏အသံကြောင့် ကျင်းဟူသည် အသံကြားရာနေရာသို့ ခပ်သွက်သွက်လေး ပြေးသွားလေသည်။

ယဉ်မေ့အနီးသို့ရောက်သောအခါ ချုံပုတ်ပေါင်းကြီးတစ်ခုကိုဆွဲဖယ်နေသောယဉ်မေအားတွေ့လိုက်ရသည်။

ထိုချုံနွယ်၏နောက်တွင် ကျောက်တုံးခုံးခုံးကြီးတစ်ခုရှိနေလေသည်။ ကျင်းဟူက...

"ယဉ်မေ ဘာထူးခြားတာတွေ့လို့လဲ"

"ဒီမှာလာကြည့်အစ်ကို... အခုကျွန်မဆွဲဖယ်ထားတဲ့နေရာမှာ အပေါက်ကြီးဖြစ်နေတာကိုတွေ့တယ်မဟုတ်လား"

ယဉ်မေက စိတ်လှုပ်ရှားတကြွစွာပြောဆိုလာသည်။

"အင်း... တွေ့တယ်"

ကျင်းဟူက ယဉ်မေဖယ်ရှားထားသည့်နေရာကို သေချာကြည့်ကာခေါင်းညိတ်ပြောဆိုလိုက်၏။ ယဉ်မေက ကျောက်တောင်ကြီးကိုလက်ညှိုးညွှန်ပြလိုက်ပြီး...

"ဟို... ကျောက်တောင်ခုံးခုံးကြီးရဲ့အတွင်းမှာ လိုဏ်ဂူကြီးတွေရှိချင်ရှိနေနိုင်တယ်... ဒီချုံနွယ်တွေဟာ ဂူပေါက်ဝကိုပိတ်နေတာလို့ ကျွန်မထင်တယ်"

"ဟုတ်လိမ့်မယ်.... မင်းဖယ်ရှားတဲ့နေရာတွေမှာ အ[illegible] ဖြစ်နေတယ်"

"ဘာပဲဖြစ်ဖြစ် ဒီချုံနွယ်ကြီးကို ကျွန်မတို့ရှင်းလိုက်ကြ[illegible] မကောင်းဘူးလား"

"ကောင်းတယ်"

ကျင်းဟူက သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြ[illegible] လိုက်ပြီးနောက် နှစ်ယောက်သား ချုံပုတ်ကြီးကိုရှင်းလင်းဖယ်[illegible] လိုက်ကြသည်။ ခဏအကြာတွင် ချုံပုတ်ကြီးမှာ အတော်ပင်ရှင်း[illegible] သွားလေသည်။ ထိုအခါ ကြီးမားကျယ်ဝန်းသောဂူပေါက်ဝကြီးတ[illegible] အား နှစ်ယောက်စလုံးတွေ့မြင်လိုက်ရတော့သည်။

❀❀❀



"ဟာ... ဟုတ်တယ်ဟေ့... ဂူကြီးတစ်ခုပဲ"

ကျင်းဟူက ဝမ်းသာအားရလေသံဖြင့်ပြောလိုက်သည်။

နှစ်ယောက်သားဂူပေါက်ဝအနီးသို့လျှောက်သွားကာ [illegible]ဘွင်းပိုင်းကိုအကဲခတ်ကြည့်လိုက်ကြ၏။ အပြင်ဘက်မှအလင်း [illegible]င်က ကျောက်ဂူအတွင်းပိုင်းသို့အတော်ကလေးဝင်နေသည်။

ထိုအလင်းရောင်ဖြင့် ကျောက်ဂူအတွင်းပိုင်းသည် ကျယ် [illegible]ဝန်းဝန်းရှိနေသည်ကို ကျင်းဟူတို့တွေ့မြင်ကြရလေသည်။

"ယဉ်မေ... ကျုပ်အထဲကိုဝင်ကြည့်လိုက်ဦးမယ်... မင်းက [illegible]င်မှာစောင့်နေခဲ့"

"သတိထားသွားနော်အစ်ကို"

"စိတ်ချပါ"

ကျင်းဟူက ယဉ်မေကိုလှည့်ပြောပြီးနောက် ကျောက်ဂူအ [illegible]င်းသို့သတိဖြင့်ဝင်လာခဲ့သည်။

အပြင်ဘက်မှဝင်ရောက်လာသော အလင်းရောင်အားကိုး [illegible] ကျောက်ဂူအတွင်းပိုင်းသို့ ကျင်းဟူရောက်လာသည်။

ကျင်းဟူသည် ကျောက်ဂူအတွင်းအနေအထားကို အကဲ [illegible]ကြည့်ရှုရင်း လှေလာရာ လောလောဆယ်သူရောက်ရှိနေရာတွင် [illegible] ခြင်းလှည်းကိုထားရန်စိတ်ကူးလိုက်သည်။

ကျင်းဟူ ရှေ့ဆက်သွားရန်လည်းမလွယ်ပါ။

အလင်းရောင်မရောက်သောအပိုင်းတွင် လုံးဝမည်းမှောင်လျက်ရှိနေသည်။ ကျောက်ဂူကြီး၏အတွင်းပိုင်းမှာ အတော်ပင်ရှည်လျားမည်ဖြစ်ကြောင်း ကျင်းဟူခန့်မှန်းမိသည်။

ကျင်းဟူသည် ဆက်လက်ဝင်ကြည့်ရန်စိတ်မကူးတော့ဘဲ ကျောက်ဂူအတွင်းမှ ခပ်သွက်သွက်ပြန်ထွက်လာခဲ့၏။

"အစ်ကို... အခြေအနေကောင်းရဲ့လား"

အပြင်ဘက်မှစောင့်နေသောယဉ်မေက ကျင်းဟူကို လှမ်းမေးလိုက်သည်။ ကျင်းဟူက ယဉ်မေကိုအသာပြုံးပြကာ ခေါင်းညိတ်လိုက်သည်။

"ယဉ်မေ... မြင်းလှည်းထားလို့ရမယ့်နေရာတော့တွေ့ခဲ့ပြီ၊ အလင်းရောင်လဲ နည်းနည်းရတယ်၊ ရှေ့မှာတော့ မှောင်မည်းနေတာပဲ... ဘာမှမမြင်ရဘူး"

"ဟုတ်လား... ဒီလိုဆိုရင် အချိန်ရှိတုန်း မြင်းလှည်းကို ဂူထဲသွင်းလိုက်ကြရအောင်"

"အင်း... အင်း...."

ထို့နောက် နှစ်ယောက်သားမြင်းလှည်းကို ဂူပေါက်ဝဆီသို့ ဆွဲယူလာခဲ့ကြသည်။

ကျင်းဟူက မြင်းဖြူကြီးကိုဖြုတ်ပြီး မြင်းဇက်ကြိုးကို အနီးရှိ သစ်ပင်တစ်ပင်တွင်ချည်နှောင်လိုက်သည်။



ထို့နောက်....

မြင်းလှည်းအိမ်ကို ရှေ့မှမကာ ကျောက်ဂူအတွင်းသို့ ဆွဲယူလာခဲ့လေသည်။

ယဉ်မေကလည်း မြင်းလှည်းနောက်မှကိုင်တွယ်ဖေးမလျက်လိုက်ပါလာသည်။

မြင်းလှည်းထားမည့်နေရာသို့ရောက်သောအခါ နှစ်ယောက်သား မြင်းလှည်းကို နေသားတကျဖြစ်အောင်ပြုပြင်လိုက်၏။

ယဉ်မေက မှောင်မည်းနေသောကျောက်ဂူအတွင်းပိုင်းကို လှမ်းမျှော်ကြည့်ရှုလိုက်ရင်း....

"ဒီကျောက်ဂူကြီးက အတွင်းဘက်ကို တော်တော်ရှည်မယ့်ပုံပဲနော်"

"ဟုတ်တယ်ယဉ်မေ"

"ကျွန်မတို့ဆက်ဝင်ကြည့်ကြရင် မကောင်းဘူးလား"

"အလကား အချိန်ကုန်ပါတယ်ကွာ၊ ဘာမှလဲမမြင်ရဘဲနဲ့ ကျုပ်တို့မှာ မီးတိုင်လဲပါမလာဘူး၊ ဒီနေရာက လူသူအရောက် အပေါက်နည်းတယ်ဆိုတာ သေချာပါတယ်၊ ဒီကျောက်ဂူကြီးထဲမှာ စိတ်ဝင်စားစရာတွေ တွေ့ရမှာမဟုတ်ပါဘူး"

ကျင်းဟူက ကန့်ကွက်စကားပြောလိုက်သည်။ ယဉ်မေက ခေါင်းညိတ်ပြပြီး ဂူကြီးတစ်ခုလုံးကိုအကဲခတ်ကြည့်ရှုလိုက်၏။

"အင်း... ဒီနေရာလောက်ဆိုရင် အတော်စိတ်ချရလောက်ပါပြီ၊ ဘယ်သူမှ မျက်စိလည်လမ်းမှားပြီးရောက်မလာနိုင်ပါဘူး"

"ကဲ... ကျုပ်တို့ပြန်ထွက်ကြစို့"

ကျင်းဟူတို့နှစ်ယောက် ဂူအတွင်းပိုင်းမှပြန်ထွက်လာခဲ့ကြသည်။ နှစ်ယောက်သားကျောက်ဂူပေါက်ဝအနီးသို့ ရောက်လာသောအခါ...

"ဟား... ဟား... ဟား... ဟား"

ကျယ်လောင်သောအော်ဟစ်ရယ်မောသံနှင့်အတူ လူရိပ်တစ်ရိပ်လှစ်ခနဲရောက်ရှိလာပြီး ကျောက်ဂူအပေါက်ဝတွင် ပိတ်ဆို့ရပ်တန့်နေတော့၏။

"ယဉ်မေ... နေဦး"

ကျင်းဟူက ယဉ်မေ၏လက်မောင်းတစ်ဖက်ကိုဆွဲကာ သတိပေးဟန့်တားလိုက်သည်။ ဂူပေါက်ဝတွင်ပိတ်ဆို့ရပ်တန့်နေသူမှာ သူတို့အတွက် မိတ်ဆွေမဖြစ်နိုင်ကြောင်း ကျင်းဟူနှင့်ယဉ်မေတို့နှစ်ယောက်စလုံး တွက်ဆမိလိုက်ကြ၏။

ꩩꩩꩩ



"ရှင် ဘယ်သူလဲ"

"ခင်ဗျား... ဘယ်သူလဲ"

ယဉ်မေနှင့်ကျင်းဟူတို့က သူတို့ရှေ့တွင် ပိတ်ရပ်နေသူကိုပြိုင်တူပင် မေးခွန်းထုတ်လိုက်မိကြ၏။ ကျောက်ဂူအပေါက်ဝတွင် ပိတ်ရပ်နေသူက မည်သို့မျှအဖြေပြန်မပေးသေးဘဲ ကျင်းဟူတို့ကို ပြုံးဖြီးဖြီးနှင့်ကြည့်နေလေ၏။

ထိုလူမှာ ထိပ်ပြောင်ပြောင်နှင့်ဖြစ်သည်။

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။

ဝတ်ရုံ၏အနားစများမှာ စုတ်ပြဲလျက် ဖွာလန်ထွက်နေလေသည်။ ဝတ်ရုံနက်မှာရပ်ရည်မဆိုးလှသော်လည်း တစ်တောင်ခန့်ရှိသူ၏ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားသဖြင့် တွေ့မြင်ရသည်မှာ ထူးဆန်းသောပုံမျိုးဖြစ်နေသည်။

"ဟေ့လူ... မေးနေတာမကြားဘူးလား"

ကျင်းဟူက ခပ်မာမာထပ်မံမေးမြန်းလိုက်သည်။

ထိုအခါမှ ဝတ်ရုံနက်က သူ့ကိုယ်သူပြန်ငုံ့ကြည့်ကာ...

"အင်း... ကျုပ်ကိုမေးတာလား"

"ဟုတ်တယ်... ခင်ဗျားဘယ်သူလဲ"

"အများကတော့ ကျုပ်ကိုကျစ်ဆံမြီးကို့ကျုံးလို့ခေါ်ကြတာ

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့ကို လမ်းပိတ်ထားရတာလဲ"

"နေပါဦး... မင်းကျုပ်ကိုတစ်ခွန်းမေးပြီးပြီပဲ၊ ဒီတစ်ခါ ကျုပ်အလှည့်ပေါ့"

ဝတ်ရုံနက်ကို့ကျုံးက အချင်စလိုလက်ကာပြကာ ပြော လိုက်သည်။

ကျင်းဟူက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေလိုက်သည်။ ကို့ကျုံးက ကျင်းဟူတို့နှစ်ယောက်ကိုစေ့စေ့ကြည့်လိုက်ပြီး...

"မင်းတို့ကကောဘယ်သူတွေလဲ... ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမှာလဲ"

"ဘယ်ကဖြစ်ဖြစ် ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

"ဟင်... ကျုပ်အလှည့်တုန်းကတော့ ပြောပြရပြီးတော့ မင်း တို့အလှည့်ကျတော့ ဘယ်လိုလဲ၊ ဒါဆို မင်းတို့ဘက်က ဘယ်တရား ပါ့မလဲ"

"ခင်ဗျားဘာသာပြန်ဖြေတဲ့ဥစ္စာ၊ ကျုပ်တို့နဲ့ ဘာမှမဆိုင် ဘူး"

ကျင်းဟူက ဘုဆတ်ဆတ်ပင်ပြောလိုက်သည်။ ကို့ကျုံးက ပခုံးတစ်ချက်တွန့်ကာ ခေါင်းတညိတ်ညိတ်လုပ်လိုက်သည်။

ပြီးနောက် ကျင်းဟူနှင့်ယဉ်မေတို့ကို ပြုံးစေ့စေ့ဖြင့် ကြည့် လိုက်ပြန်သည်။



"အင်း... မင်းတို့မဖြေချင်လဲနေပေါ့... ကျုပ်က အရေးစိုက် စရာမလိုပါဘူး၊ လူသူမရှိတဲ့ကျောက်ဂူကြီးထဲမှာ မင်းတို့နှစ်ယောက် တည်းဆိုတော့ ဟီး... ဟီး... ဟီး"

ကျစ်ဆံမြီးကို့ကျုံးက စကားကိုဆုံးအောင်မပြောဘဲ တဟီး ဟီးဖြင့်ရယ်နေသဖြင့် ယဉ်မေမှာ မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"ရှင်... ရှင် ဘာစကားပြောတာလဲ"

ယဉ်မေက ရှက်ဒေါသသံဖြင့် ပြောလိုက်လေတော့သည်။

ကျစ်ဆံမြီးကို့ကျုံးက ရယ်မောနေဆဲပင်ဖြစ်သည်။

ကျင်းဟူမှာလည်း တစ်ကိုယ်လုံးထူပူလာကာ ယဉ်မေကို မကြည့်ရဲအောင်ဖြစ်သွားလေသည်။

✿✿✿

"ခင်ဗျား ဘာပြောတာလဲ"

ကျင်းဟူက ခပ်ကြမ်းကြမ်းပြောဆိုကာ ရှေ့သို့ဝုန်းခနဲတိုးလိုက်လေသည်။ ကျစ်ဆံမြီးကို့ကျူးက နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်ပြီး....

"ဟ... ကျုပ်ကဘာပြောလို့လဲ"

"ခင်ဗျားစကား ခင်ဗျားမသိဘူးလား"

"သြော်... ကျုပ်က မင်းတို့နှစ်ယောက်တည်း ဒီကျောက်ဂူကြီးထဲမှာ ဘာတွေများလာဝှက်နေကြသလဲဆိုတာကို မေးမလို့ပါ"

ကို့ကျူးက သူ့စကားကိုလျှော့ချလိုက်သော်လည်း ကျင်းဟူနှင့်ယဉ်မေတို့မှာ အရက်မပြေနိုင်သေးဘဲ မျက်နှာများနီမြန်းလျက်ရှိနေကြလေသည်။

"ဟုတ်တယ်မဟုတ်လားကောင်လေး... မင်းတို့ကျောက်ဂူကြီးထဲမှာ တစ်ခုခုလာဝှက်ကြတာမဟုတ်လား"

ကျင်းဟူက....

"ကျုပ်တို့ဘာသာ ဘာလုပ်လုပ် ခင်ဗျားနဲ့မဆိုင်ပါဘူး"

"ဟဲ... ဟဲ... ဟဲ... မင်းတို့ညာလို့ရမယ်ထင်သလား"

"ခင်ဗျားကို ဘယ်သူကအဖက်လုပ်ပြီးလိမ်ညာနေရမှာလဲ"

"ဟေ့... မင်းစကားက ရင့်သီးလှချည်လား"

"အချိန်ကြာတယ်... ကျုပ်တို့ရှေ့ကလမ်းဖယ်ပေးပါ"



"ကိုယ့်ဘာသာကိုယ် ရပ်နေတာပဲကွ... မင်းတို့ဘာသာထွက်ကြပါလား"

"ဒီလိုဆိုကောင်းပြီ... နောက်မှကျုပ်အဆိုးမဆိုနဲ့"

ပြောပြောဆိုဆိုဖြင့် ကျင်းဟူက ကျစ်ဆံမြီးကို့ကျူးကို ခုန်လွှားတိုက်ခိုက်လိုက်လေသည်။

"ဝှစ်... ဝှစ်..."

ကျင်းဟူ၏လက်ဝါးချက်များက လေထုကိုထိုးခွဲ၍ ကို့ကျူး၏ကိုယ်အပေါ်ပိုင်းရှိ ခုနစ်နေရာသို့လျှပ်တစ်ပြက်ဝင်လာသည်။

ကို့ကျူးက ခေါင်းတစ်ချက်ခါယမ်းကာ ကျင်းဟူ၏လက်ဝါးချက်များကိုရှောင်တိမ်းလိုက်သည်။ လူကသာ ရှောင်ထွက်လာသော်လည်း သူ့ခေါင်းပေါ်ရှိကျစ်ဆံမြီးများက လက်နက်သဖွယ်ထိုးထောင်တက်လာပြီး ကျင်းဟူ၏လက်ကိုဖြတ်တိုက်လိုက်သည်။

ကျင်းဟူမှာ ကို့ကျူး၏ကျစ်ဆံမြီးတွင် အန္တရာယ်ဖြစ်စေ နိုင်သည့် မည်သို့သောအရာပါနေကြောင်းမသိရလဖြင့် ကျစ်ဆံမြီးကိုထိပ်တိုက်ရင်မဆိုင်ဘဲ လက်ဝါးချက်များကိုရုပ်သိမ်းကာ ရှောင်ထွက်လိုက်လေသည်။

❀❀❀

"ဟင်... ဒီလူကျစ်ဆံမြီးက ကြောက်စရာကောင်းပါလား"

နံဘေးမှရပ်ကြည့်နေသူယဉ်မေက စိတ်အတွင်းမှ ပြောဆို ရေရွတ်လိုက်ခြင်းဖြစ်သည်။

ယခုအခါ...

ကျင်းဟူသည် ဓါးမှဓားကိုဆွဲထုတ်ကာ ကျစ်ဆံမြီးကို့ကျုံး အားတိုက်ခိုက်နေပြီဖြစ်သည်။

ကို့ကျုံးကမူ ရှောင်တိမ်းကွက်ကိုသာဦးစားပေးပြီး ပြန် လည်ခုခံတိုက်ခိုက်လေသည်။

သူ၏ကျစ်ဆံမြီးများမှာ ကျင်းဟူ၏ဓားချက်ကို ကောင်းစွာ ခုခံထားနိုင်ဆဲဖြစ်သည်။ အချိန်အတန်ကြာသည်အထိ တိုက်ပွဲက အ ရှိန်ကောင်းနေသည်။

တိုက်ကွက်ပေါင်းမှာလည်း သုံးဆယ်ကျော်လာသည်။

"ဒီကျစ်ဆံမြီးသိုင်းပညာက အတော်အဆင့်မြင့်ပါလား။ ငါ့ရဲ့နန်းစောင့်နဂါးဓားကွက်တွေကိုတောင် ကောင်းကောင်း ခုခံနိုင် တယ်"

တိုက်ခိုက်နေရင်းမှ ကျင်းဟူက ကျစ်ဆံမြီးကို့ကျုံး၏ သိုင်း ပညာကိုစိတ်တွင်းမှ ချီးကျူးနေမိသည်။

ထိုကဲ့သို့ပင်...

ကျစ်ဆံမြီးကို့ကျုံးကလည်း...



"အလို... ဒီကောင်လေးရဲ့ဓားသိုင်းက တော်တော်ကောင်း ပါလား။ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ဘာမှမထူးခြားသလိုလိုနဲ့ တကယ်တိုက်ခိုက်ကြည့်တော့မလွယ်ဘူး။ အခုထိ ငါ့ကိုတိုက်ခိုက်နိုင် တုန်းပဲ၊ ဓားကွက်တွေကလဲ တဖြည်းဖြည်းနဲ့အဆင့်ပိုမြင့်လာတယ်"

ကျစ်ဆံမြီးကို့ကျုံးက ကျင်းဟူ၏ဓားသိုင်းပညာကို စိတ် အတွင်းမှ ယင်းသို့ချီးကျူးပြောဆိုလိုက်မိလေသည်။

꧁꧂

လိုအချိန်တွင် ....

ကျင်းဟူသည် ဓားကွက်များကိုထပ်မံပြောင်းလဲ တိုက်ခို လိုက်သည်။ ကျစ်ဆံမြီးကို့ကျုံးမှာ ကျင်းဟူ ပြောင်းလဲတိုက်ခိုက်လ သော သက်စောင့်နဂါးဓားကွက်များကို ခက်ခက်ခဲခဲ ခုခံတိုက်ခို နေရလေတော့သည်။

ကျင်းဟူ၏ဓားကွက်များမှာ တစ်ကွက်ထက်တစ်ကွက် ပို အဆင့်မြင့်လာသည့်အတွက် ကို့ကျုံးမှာအထိတ်တလန့်ဖြင့် မနည် လွတ်အောင်ရှောင်တိမ်းနေရတော့၏။

"ဟ... ဒီကောင်လေးရဲ့ပညာ မကုန်သေးပါလား"

ကျစ်ဆံမြီးကို့ကျုံးမှာ တဖြည်းဖြည်းထိတ်လန့်လာသည် ကျင်းဟူ၏သိုင်းပညာသည် သည်မျှထက်မြက်ကောင်းမွန်လိမ့်မ ဟု သူ့မထင်မှတ်ခဲ့ပေ။

သို့ဖြင့်.... ကို့ကျုံးမှာခံစစ်ကိုဦးစားပေး၍ အလူးအ ခုခံရှောင်တိမ်းနေရလေသည်။

တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်ရှုနေသောယဉ် က ကို့ကျုံးအရေးနိမ့်နေသည်ကိုတွေ့သောအခါ အမြန်ပွဲသိမ်းနိုင် ပါဝင်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်၏။

ဒီပုံအတိုင်းသာ ဆက်၍လွှတ်ထားပါက အချိန်ကြာ မည်မဟုတ်ပါလား။



ယဉ်မေက ခါးမှဓားကိုဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ဝင် ိုက်သည်။

"ဟဲ့... ကောင်မလေး ဘာဝင်ရှုပ်တာလဲ၊ အေးအေးဆေး ဆေးကြည့်ပြီး ပညာယူနေတာမဟုတ်ဘူး"

ကျစ်ဆံမြီးကို့ကျုံးမှာ ရှုံးနိမ့်နေသည့်ကြားမှပင် သူ့ဝသီ အတိုင်း ပြောင်ချော်ချော်ပြောဆိုလိုက်လေသည်။

"ယဉ်မေ အသာနေပါ... ဒီကောင်ကြီးကို ကျုပ်ရှင်းပစ်ပါ့ မယ်"

"အစ်ကို ကျွန်မတို့အချိန်ဖြုန်းနေလို့မဖြစ်ဘူး... ကိစ္စမြန်မြန် ပြတ်မှဖြစ်မယ်"

ယဉ်မေက ကျင်းဟူကိုထောက်ပြပြောဆိုပြီး ....

ကျစ်ဆံမြီး ကို့ကျုံးအား လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက် က်လေသည်။

ယဉ်မေပါဝင်တိုက်ခိုက်လာသည့်အတွက် ကို့ကျုံး အသက် ျှပ်သွားသည်။

ကျင်းဟူတို့နှစ်ယောက်အား မည်သို့မျှ ကြာရှည်ခုခံတိုက် နိုင်မည်မဟုတ်ကြောင်းသူ့ကိုယ်သူသိ၏။ ကျစ်ဆံမြီးကို့ကျုံးက င်းခွမ်းအားအနည်းငယ်နိမ့်သော ယဉ်မေ၏အနီးသို့ခုခံတိုက်ခိုက် း သေမသာတိုးကပ်လိုက်သည်။

ယင်းသို့ဖြင့် တစ်ကြိမ်တွင် ဓားချက်ခပ်ပြင်းပြင်းသုံးလျက် ဝင်ရောက်တိုက်ခိုက်နေသောယဉ်မေမှာ ကျင်းဟူနှင့်ကို့ကျူးတို့ နှစ်ယောက်ကြားသို့ရောက်လာသည်။

ကျင်းဟူမှာ ရှေ့တွင် ယဉ်မေခံနေသည့်အတွက် တိုက်ခိုက်မှုတုံ့နှေးသွားသည်။

ဤတွင် ထိုအခွင့်တောင်းကိုယူလျက် ကျစ်ဆံမြီးကို့ကျူးက ယဉ်မေကိုတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

"ယဉ်မေ... နောက်ဆုတ် ကျုပ်ရှင်းမယ်"

ကျင်းဟူက စိုးရိမ်တကြီးပြောရင်း ယဉ်မေရှေ့မှကာကွယ်ရန်ပြင်ဆင်လိုက်သည်။ ကျင်းဟူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် နေရာချင်းလဲလှယ်လိုက်ကြသဖြင့် ကို့ကျူးကို မတိုက်ခိုက်နိုင်သေးဘဲဖြစ်နေသည်။

"ဟား ... ဟား ... ဟား ... မင်းတို့ကို ချိုးကျူးတယ်ပေ့နောက်မှတွေ့ကြသေးတာပေါ့"

အခွင့်အရေးကိုလက်လွှတ်မခံသော ကျစ်ဆံမြီး ကို့ကျူးက တဟားဟားရယ်မောကာ ချာခနဲပြေးလွှားပျောက်ကွယ်သွားလေသည်။

ကျင်းဟူတို့က ဓားများကိုဓားအိမ်အတွင်းသို့ပြန်ထည့်လိုက်ကြသည်။



"အစ်ကို ဘယ်လိုလုပ်မလဲ... ကျွန်မတို့မြင်းလှည်းထားတဲ့နေရာကို ဟိုကျစ်ဆံမြီးကို့ကျူးသိသွားပြီး ကျွန်မတို့ထွက်သွားရင်သူရောက်လာနိုင်တယ်"

ယဉ်မေကစိုးရိမ်စိတ်ဖြင့်ပြောလိုက်သည်။ ကျင်းဟူကခေါင်းစားဟန်တစ်ချက်ပြုသည်။ ပြီးနောက်....

"ယဉ်မေ ဒီအတွက် သိပ်လဲစိတ်မပူပါနဲ့ ကျုပ်တို့ပစ္စည်းကလက်လောက်စရာမရှိပါဘူး"

"အင်း... ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ကျောက်ရုပ်ကို ချုံတွေနဲ့ပြန်ဖိတ်ထားခဲ့ရင် မကောင်းဘူးလား။ ဒါဆိုကျောက်ရုပ်ကို ဘယ်သူမှရုတ်တရက်မမြင်နိုင်တော့ဘူးပေါ့"

သူတို့နှစ်ယောက် ချုံနွယ်တို့ကိုပြန်ဆွဲယူကာ မူလက တွေ့မြင်ခဲ့ရသည့်အတိုင်း ကျောက်ရုပ်ကိုပြန်ဖိတ်ထားလိုက်ကြသည်။ ကိစ္စအားလုံးဆောင်ရွက်ပြီးသွားသောအခါ ကျင်းဟူတို့နှစ်ယောက်မှာ မြင်းဖြူကြီးကိုစီး၍ခရီးဆက်ခဲ့ကြလေတော့၏။

❀❀❀

ကျင်းဟူနှင့်ယဉ်မေကိုတင်ဆောင်ထားရသော်လည်း မြင်းဖြူကြီးကပေါ့ပါးသွက်လက်စွာ သွားနိုင်စွမ်းရှိနေလေသည်။ ကျင်းဟူသည် ယဉ်မေကို သူ၏ရှေ့ဘက်တွင်တင်ဆောင်ထားခြင်းမဟုတ်ဘဲ နောက်ကျောဘက်တွင်သာ ထိုင်လိုက်စေခဲ့သည်။

တကယ်ဆိုတော့လည်း ယဉ်မေကဲ့သို့သော ငယ်ရွယ်နုနယ် မောသည့်မိန်းမပျိုလေးတစ်ယောက်အား မိမိ၏ရှေ့ဘက်ရင်ခွင်ထဲတွင်ထိုင်စေရန် ကျင်းဟူမဖန်တီးပုံ။

ဆိုရလျှင် သူကိုယ်တိုင်ကအတွေ့အကြုံလုံးဝကင်းမဲ့သော ယောကျ်ားပျိုကလေးတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

ယဉ်မေက သူ့နောက်ကျောဘက်တွင်ထိုင်ကာ သူ့ခါးကို ဖက်တွယ်ထားခြင်းမျှလောက်ကိုပင် ကျင်းဟူမှာ နေမထိထိုင်မသာ ဖြစ်နေမိလေသည်။

သို့ဖြစ်၍... ကျင်းဟူတစ်ယောက် စိတ်လှုပ်ရှားစွာဖြင့် မြင်းကြီးကိုဒုန်းစိုင်းနှင်နေမိခြင်းပေပဲလားမသိဖြစ်နေသည်။

"အစ်ကို"

ကျင်းဟူသည် ကိုယ့်အတွေးနှင့်ကိုယ်ရှိနေရာမှ ယဉ်မေ၏ ခေါ်သံကြောင့်သတိပြန်ဝင်လာခဲ့သည်။

"ဘာလဲယဉ်မေ"

"အခု ကျွန်မတို့ဘယ်ကိုသွားနေကြတာလဲ"



ကျင်းဟူက တစ်ချက်စဉ်းစားပြီး....

"သေမင်းအဆိပ်ဆီကိုသွားနေကြတာလေ"

ထိုအခါ ယဉ်မေကမကျေမနပ်ဖြင့်....

"ဟင်း... သေမင်းအဆိပ် ဘယ်မှာရှိတယ်ဆိုတာ အစ်ကိုရော ကျွန်မရောမသိကြဘူးမဟုတ်လား"

"သေမင်းအဆိပ် ဘယ်မှာရှိတယ်ဆိုတာမသိကြပေမယ့် အစ်ကိုတို့နှစ်ယောက်စလုံး သူ့ကိုတွေ့ချင်လို့ ခရီးထွက်လာကြတာ မဟုတ်လား၊ ဒီတော့ အစ်ကိုတို့ အခုသွားနေရတာဟာ သေမင်းအဆိပ်ဆီကိုပေါ့"

"အစ်ကိုကျင်းဟူပြောပုံကြီးကလဲ မဟုတ်သေးပါဘူး၊ ဘာမှတိကျသေချာမှုမရှိဘူး... ကိုယ်တစ်ခါမှမမြင်ဘူးတဲ့လူတစ်ယောက်ကို သူဘယ်အရပ်မှာရှိမှန်းလဲမသိဘဲနဲ့ ဒီလိုပဲလျှောက်သွားနေလို့ ဖြစ်ပါ့မလား"

ကျင်းဟူက ရယ်မောရင်း....

"အစ်ကိုက စိတ်ပေါ့ပေါ့ပါးပါးဖြစ်အောင်လို့ တမင်သက်သက် ညီမကိုနောက်လိုက်တာပါ၊ ခရီးစဉ်အတိအကျမရှိဘဲ ဒီလို ခြေဦးတည့်ရာလျှောက်သွားနေလို့မဖြစ်ဘူးဆိုတာ အစ်ကိုလဲ တွေးမိပါတယ်... ဒါကြောင့်မို့ သေမင်းအဆိပ်ဘယ်ကနေစပြီး ခြေရာကောက်ရမယ်ဆိုတာ အစ်ကိုစဉ်းစားနေတာပါ"

ကျင်းဟူ၏အပြောအဆိုအသုံးအနှုန်းများက တွေ့ဆုံကာစ ကလိုမဟုတ်တော့ဘဲ အလိုအလျောက် တရင်းတနှီးဖြစ်လာခဲ့သည်။

“ကျွန်မရဲ့စိတ်ကူးကတော့ အနီးဆုံးမြို့တစ်မြို့မှာဝင်နား လိုက်ချင်တယ်အစ်ကို... သေမင်းအဆိပ်ရဲ့အကြောင်းကို အဲဒီမြို့က စပြီးစုံစမ်းမယ်”

“အင်း... ညီမလေးအကြံသိပ်ကောင်းတယ်၊ အခုအစ်ကိုတို့ သွားနေတဲ့လမ်းကြောင်းနဲ့အနီးဆုံးမှာ ချန်လုံမြို့ရှိတယ်၊ အခုအမြန် နှုန်းအတိုင်းသွားရင် ဒီညနေစောင်းလောက်မှာ ချန်လုံမြို့ကိုရောက် လိမ့်မယ်... ညီမပေးတဲ့အကြံအတိုင်း အစ်ကိုတို့ အဲ့ဒီမြို့ကစပြီး စုံစမ်း ကြတာပေါ့”

“အခုမှမွန်းတည့်ပြီးကာစဆိုတော့ ညီမတို့ ချန်လုံမြို့ရောက် အောင် အကြာကြီးသွားရဦးမှာပေါ့နော်”

“ဘယ်တတ်နိုင်မလဲညီမ၊ အနီးဆုံးမြို့ဟာ ဒါပဲရှိတာကိုး”

“အဲ့ဒီမြို့ကိုမရောက်မချင်း လမ်းမှာ ပျင်းစရာကောင်းနေ တော့မှာပဲ”

“မပျင်းချင်ရင်တော့ လမ်းမှာစကားတွေပြောသွားကြရုံပေါ့ ကဲ... ညီမကစပြီးပြော”

“ညီမ မပြောချင်ဘူး... ဘာပြောရမှန်းလဲမသိဘူး။ အစ်ကိုပဲ စပြီးပြောပေတော့”



“အစ်ကိုကဘာပြောရမှာလဲ”

“နေဦး... ညီမ စဉ်းစားလိုက်ဦးမယ်... အင်း... အဲ့ဒါကောင်း တယ်... အစ်ကို့အကြောင်း အစ်ကိုမိသားစုအကြောင်းပြော”

“အစ်ကိုတို့မိသားစုက များများစားစားမရှိပါဘူးဘူး ဖေဖေ ရယ် မေမေရယ် အစ်ကိုရယ် ဒီသုံးယောက်ပဲရှိတယ်၊ အစ်ကိုက တစ် ဦးတည်းသောသား”

“အစ်ကို့ဖေဖေနဲ့မေမေက ဘယ်သူတွေလဲ”

“ကျင်းမင်ကျူးနဲ့ချင်မေရှိုင်”

“ဟင်... ဒါဆို အစ်ကိုတို့က ဝမ်ချွန်းမြို့ကလူချစ်လူခင် အ များဆုံး အချမ်းသာဆုံးဆိုတဲ့နဂါးသုံးကောင်မိသားစုပေါ့နော်”

“ဟုတ်တယ်ယဉ်မေ”

ယဉ်မေက သက်ပြင်းတစ်ချက်ချလိုက်သည်။

“အစ်ကိုကျင်းဟူ အဲဒီသေမင်းအဆိပ်ဆိုတဲ့လူ ဦးနှောက် ပျက်နေပြီထင်တယ်၊ ဘာဖြစ်လို့ အစ်ကိုတို့လိုလူမျိုးတစ်ယောက် ဆီကိုသေမင်းအမိန့်စာပို့ရတာလဲ”

“အစ်ကိုလဲ လုံးဝမစဉ်းစားတတ်အောင်ဖြစ်နေတယ်ညီမ”

“တကယ်လို့ သေမင်းအဆိပ်ဟာ သိုင်းလောကကိုကြီးစိုး ချင်တယ်ဆိုရင် ထိပ်သီးသိုင်းသမားကြီးတွေကိုပဲ သူသတ်ရမှာပေါ့။ သူ့ကို ဘယ်လိုမှ အနှောင့်အယှက်ပေးမှာမဟုတ်တဲ့လူတစ်ယောက်

ကို ဘာများသတိရစရာလိုသလဲ”

“အင်း... သေမင်းအဆိပ်ရဲ့လုပ်ရပ်တွေဟာ အစ်ကိုတို့ကြား မိရသလောက်တော့ နားမလည်နိုင်စရာတွေချည်းပဲ၊ ပထမတော့ သူ့ ရည်ရွယ်ချက်ဟာ သိုင်းလောကကြီးကိုလွှမ်းမိုးချုပ်ကိုင်ဖို့ဖြစ်မယ်လို့ လူတွေကတွက်ဆကြတယ်၊ ဒါပေမဲ့ အခုနောက်ပိုင်း သူ့လုပ်ရပ်တွေ ကိုကြည့်ရတာ ဦးနှောက်ပျက်နေသူတစ်ယောက် စိတ်ကူးတည့်ရာ တွေလျှောက်လုပ်နေသလိုမျိုးဖြစ်နေတယ်”

“ကျွန်မဖေဖေရှိတုန်းက ပြောသွားခဲ့တာကတော့ အဲဒီသေ မင်းအဆိပ်ဟာ လူတွေကိုမုန်းတီးစိတ်နဲ့ ဖြေဆေးမဖော်နိုင်တဲ့အဆိပ် မျိုးစုံတွေဖော်စပ်ရင်း စဉ်းစားဝေဖန်ပိုင်းခြားနိုင်တဲ့အသိဉာဏ်တွေ တဖြည်းဖြည်းလျော့ပါးသွားတယ်တဲ့”

“ဟုတ်တယ်ညီမ... အဲဒါအဖြစ်နိုင်ဆုံးပဲ၊ ဒါနဲ့ ညီမဖေဖေအ ကြောင်းပြောပါဦး”

“ညီမအဖေနာမည်ကရှောင်အင်းပါ၊ ညီမတို့ကချုံကျုံမြို့မှာ နေပါတယ်”

ထိုအခါ ကျင်းဟူကတအံ့တသြဖြင့်....

“ဟာ ချုံကျုံမြို့က ဆရာကြီးရှောင်အင်းအကြောင်း အစ်ကို ကောင်းကောင်းကောင်းကြားဖူးတာပေါ့၊ သူ လက်သိုင်းပညာသိပ် ကောင်းတာပဲတဲ့၊ ပြီးတော့ သူ့မှာသမီးတစ်ယောက်ပဲရှိတယ်”



“အဲ့ဒီသမီးဟာညီမပဲပေါ့အစ်ကိုကျင်းဟူ.... အစကတော့ ညီမဘဝမှာ အဖေတစ်ယောက် အားကိုးအားထားရှိခဲ့တယ်၊ ခုတော့ သေမင်းအဆိပ်ရဲ့လက်ချက်နဲ့ဖေဖေဆုံးသွားပြီမို့ ညီမတစ်ယောက် တည်းလောကကြီးထဲမှာ မျက်စိသူငယ် နားသူငယ်နဲ့ကျန်ရစ်ခဲ့တယ်”

ယဉ်မေက သူမ၏ခံစားချက်ကိုကြေကြေကွဲကွဲ ပြောပြနေ လေသည်။

❀❀❀

"ညီမရဲ့အဖြစ်ကို အစ်ကို ကိုယ်ချင်းစာပါတယ်... ဒါပေမယ့် ဖြစ်ပြီးခဲ့တာတွေကိုပြန်တွေးပြီး ဝမ်းနည်းမနေပါနဲ့တော့၊ အခု အစ်ကိုတို့နှစ်ယောက်ပူးပေါင်းပြီး သေမင်းအဆိပ်ကိုမတွေ့တွေ့အောင် ရှာကြမယ်"

ယဉ်မေက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး....

"အစ်ကိုကျင်းဟူ သေမင်းအဆိပ်ကို ညီမရှာခဲ့တာကြာပါပြီ ဒီနေ့အထိ သူ့အကြောင်း သေသေချာချာပြောပြနိုင်သူ တစ်ယောက်မှမတွေ့သေးဘူး"

"အချိန်ရှိပါသေးတယ်ညီမရယ် သိပ်စိတ်မပူပါနဲ့ အစ်ကိုတို့ သူ့ကိုရှာတွေ့ကြမှာပါ"

"အစ်ကိုကို သေမင်းအဆိပ်ကသေမိန့်ရက်ချိန်းပေးထားတာ ဆယ်ရက်ပဲလိုတော့တယ်ဆို၊ ဒါဆို ညီမတို့အချိန်များများစားစား ဘယ်ကျန်တော့မှာလဲ"

ယဉ်မေ၏သတိပေးစကားကြောင့် ကျင်းဟူကိုယ်တိုင်ပင် စိတ်ပူပန်သွားမိသည်။

သို့သော် ချက်ချင်းစိတ်ပြန်တင်းပြီး....

"ဆယ်ရက်ဆိုတဲ့အချိန်ဟာ တကယ်ဆိုရင် မနည်းလှပါဘူး ညီမ၊ အစ်ကို့မိဘတွေရဲ့အရှိန်အဝါတွေကိုအသုံးချပြီးရှာမယ်ဆိုရင် တွေ့လာနိုင်ပါတယ်"



"အင်း... သေမင်းအဆိပ်ကို အဲဒီဆယ်ရက်အတွင်းမှာတွေ့အောင်ရှာပြီး ဖမ်းဆီးသုတ်သင်နိုင်တယ်ပဲထားဦး... တစ်ဘက်က ဝမ်းနည်းစရာအကြောင်းကရှိနေပြန်သေးတယ်"

"ဘာများလဲညီမ"

"အစ်ကိုကျင်းဟူနဲ့ညီမတို့ အခုမမျှော်လင့်ဘဲတွေ့ဆုံခင်မင်ပြီး တရင်းတနှီးနေခွင့်ရတဲ့ရက်ဟာ ဆယ်ရက်တည်းပဲရှိတယ်လေ... အဲဒီရက်ပြည့်ပြီးရင်...."

ယဉ်မေ့ထံမှ စကားသံဆက်လက်ပေါ်ထွက်မလာတော့။ ဘိုးတိတ်ပျောက်ကွယ်သွား၏။ ကျင်းဟူကိုယ်တိုင်လည်း သက်ပြင်းတစ်ချက်ကျိတ်ပြီးရှိုက်လိုက်မိလေသည်။

တကယ်တော့ ကျင်းဟူသည် သူ့ဘဝတစ်သက်တာ အနှစ်နှစ်ဆယ်ကာလအတွင်း ယဉ်မေတစ်ယောက်တည်းကိုသာ တရင်းတနှီးအကျွမ်းတဝင်ဆက်ဆံဖူးခြင်းဖြစ်သည်။

ယဉ်မေနှင့်တွေ့ဆုံရသောအချိန်ကာလမှာ နေ့တစ်ဝက်မျှပင် မရှိသေးဟုဆိုနိုင်သော်လည်း ဘာကြောင့်မှန်းမသိ ကျင်းဟူသည် ယဉ်မေ့အပေါ်တွင် လေးလေးနက်နက်ခင်တွယ်နေမိလေသည်။

ယဉ်မေကိုယ်တိုင်ကလည်း ကျင်းဟူနှယ်ပင် ခံစားနေရကြောင်း သူမ၏စကားများကသက်သေပြသွားခဲ့သည်။

စင်စစ် ဤသည်မှာအဆန်းမဟုတ်။

သူတို့နှစ်ယောက်စလုံး အသက်အရွယ်နုနယ်သေးရုံမျှမက အတွေ့အကြုံလည်း ဘာမျှမရှိသေးသောကြောင့်ဖြစ်လေသည်။

နှစ်ယောက်သား တစ်ခဏကြာမျှ တိတ်ဆိတ်သွားကြရာမှ ကျင်းဟူက....

"အစ်ကိုအသက်မသေဖို့ မျှော်လင့်ချက်တစ်ခုတော့ရှိပါသေးတယ်ညီမ"

"ဘာမျှော်လင့်ချက်လဲဟင်"

ယဉ်မေက စိတ်အားထက်သန်စွာပြန်မေးလိုက်သည်။

"ဒီဆယ်ရက်အတွင်းမှာ ကျားပါးစပ်တောင်ကုန်းက အတုမဲ့သမားတော်ကြီးမော်ကျင့်နဲ့ အစ်ကိုတွေ့ဖြစ်အောင်ဝင်တွေ့လိုက်မယ် ပြီးတော့ သူ့ရဲ့ဆေးကုသမှုကိုခံမယ်"

"အစ်ကိုကံကောင်းပါစေလို့ ညီမဆုတောင်းပါတယ်ရှင်"

သို့နှယ် ယဉ်မေကပြောလိုက်သော်လည်း သူမ၏စိတ်ထဲတွင်မူ...

"သေမင်းအဆိပ်အမိန့်ရခဲ့သူတွေကို အတုမဲ့သမားတော်ကြီးအနေနဲ့ ဒီကနေ့ထိ တစ်ယောက်မှမကယ်နိုင်သေးပါဘူး"

ဟုကြေကြေကွဲကွဲပြောဆိုနေမိလေသည်။

❀❀❀



ကျင်းဟူခန့်မှန်းတွက်ဆထားသည့်အတိုင်းပင် ချန်လုံမြို့သို့ သူတို့ရောက်လာသည့်အချိန်မှာ ညနေစောင်းဖြစ်သည်။

မြို့အဝင်နားတွင် စားသောက်ဆိုင်တစ်ဆိုင်ရှိနေသည်ကို ကျင်းဟူတို့တွေ့မြင်လိုက်ကြသည်။ ယဉ်မေက....

"အစ်ကို ညီမတို့ ဒီစားသောက်ဆိုင်မှာပဲ ခဏဝင်နား စားသောက်ရင်းစုံစမ်းကြည့်ကြမလား"

"အင်း... ကောင်းသားပဲ၊ မြင်းကြီးလဲ တော်တော်မောနေလောက်ပြီ"

"ဟုတ်ပါရဲ့ ညီမတို့သူ့ကိုညှဉ်းဆဲရာကျနေပြီ"

"အရေးကြုံတော့လဲဘယ်တတ်နိုင်ပါ့မလဲကွာ"

ထို့နောက် .... နှစ်ယောက်သား စားသောက်ဆိုင်ရှေ့သို့ လျှောက်လာကြသည်။ ငယ်ရွယ်ချောမောကြသည့် သူတို့နှစ်ယောက်ကို လူအများကကြည့်ပြီးစိတ်ဝင်တစားဖြစ်နေကြတော့သည်။

ကျင်းဟူက မြင်းဇက်ကြိုးကိုဆွဲကာ စားသောက်ဆိုင်ရှေ့ရှိ မြင်းချည်တိုင်တွင် မြင်းဖြူကြီးကိုသွားချည်ထားလိုက်လေ၏။

ပြီးနောက် နှစ်ယောက်သား စားသောက်ဆိုင်အတွင်းသို့ဝင်သွားခဲ့ကြလေသည်။

❀❀❀

"ဆရာလေး... ဒီဘက်ကိုကြွပါ၊ နေရာကောင်းတွေရှိတယ်"

ကျင်းဟူတို့ကို လူစိမ်းများဖြစ်ကြောင်း သိလိုက်သော ဆိုင်လုလင်ကပျာပျာသလဲပင်ဆီးကြိုဖိတ်မန္တကပြုသည်။

ကျင်းဟူနှင့် ယဉ်မေတို့က ဆိုင်လုလင်ညွှန်ပြသောနေရာရှိ စားပွဲလွတ်တစ်လုံးတွင်ဝင်ထိုင်လိုက်ကြသည်။

"ဆရာလေးတို့သုံးဆောင်လိုတာကိုအမိန့်ရှိပါ"

ကျင်းဟူတို့အနီးမှ ကပ်လိုက်လာသော ဆိုင်လုလင်က မေးလိုက်သည်။

ကျင်းဟူကယဉ်မေဘက်သို့လှည့်ကာ....

"ယဉ်မေ ဘာစားမလဲ"

"အစ်ကိုကြိုက်တာမှာပါ"

ကျင်းဟူလည်း ဘာမှာရမှန်းမသိသဖြင့်....

"အင်း... ဒါဆိုရင် ဟို အကောင်းစားဟင်းသုံးပွဲနဲ့ ထမင်းယူခဲ့ကွာ"

"ဟုတ်ကဲ့ခင်ဗျ"

ကျင်းဟူတို့ကိုအရိုအသေပေးကာပြောဆိုပြီး ဆိုင်လုလင်ထွက်သွား၏။

ခဏအကြာတွင်.... အငွေ့ထောင်းထောင်းထနေသော စားသောက်စရာများနှင့်အတူ ဆိုင်လုလင်ပြန်ရောက်လာသည်။



ဆိုင်လုလင်က ထမင်းဟင်းပန်းကန်များကိုစားပွဲပေါ်သို့ ရိုတသေချပေးပြီး ပြန်လှည့်ထွက်သွားသည်။

"ခဏနေပါဦး"

ကျင်းဟူက ဆိုင်လုလင်၏လက်မောင်းတစ်ဖက်ကိုလှမ်းဆွဲ ဟန့်တားလိုက်သည်။

ဆိုင်လုလင်က ကျင်းဟူတို့ဘက်ပြန်လှည့်ပြီး....

"ဆရာလေး... ဘာမှာဦးမလဲ"

"မမှာပါဘူး... မေးစရာနည်းနည်းရှိလို့ပါ"

"မေးပါ... မေးပါ"

"ဒီမြို့မှာ အခုရက်ပိုင်းအတွင်း ထူးထူးခြားခြား ဘာများဖြစ်ခဲ့သလဲ"

ကျင်းဟူ၏အမေးကြောင့် ဆိုင်လုလင်မှာမျက်မှောင်ကြုတ်သွားသည်။

စဉ်းစားဟန်တစ်ချက်ပြုလိုက်သည်။

"အင်း... ဘာမှထူးခြားမှုမရှိပါဘူး။ ဆရာလေးသိချင်တာက ဘယ်လိုထူးခြားမှုမျိုးလဲ"

"ဟိုကွာ... ဒီမြို့မှာရှိတဲ့လူတစ်ယောက်ဆီ သေမင်းအဆိပ် အမိန့်စာရောက်လာတယ်ဆိုတာမျိုးပေါ့"

"ဗျာ"

ဆိုင်လုလင်မှာယောင်ယမ်း၍ 'ဗျာ'တလိုက်မိတော့သည်။

လက်ထဲတွင်ကိုင်ထားသော အစားအသောက်ပန်းကန်များ ထည့်သည့်လင်ဗန်းမှာလည်း လွတ်ကျတော့မည်ကဲ့သို့ဖြစ်သွားလေ၏။

ဆိုင်အတွင်းရှိ စားသောက်နေကြသူများမှာလည်း သေမင်းအဆိပ်ဟူသောစကားသံကြောင့် ခေါင်းထောင်သွားကြသည်။

သေမင်းအဆိပ်ကိုစိတ်ဝင်စားသူ လူငယ်နှစ်ယောက်အား မျက်လုံးအပြူးသားဖြင့်ကြည့်နေမိကြလေတော့သည်။

❁❁❁



"ဘယ်လိုလဲ"

"ဟင်... ဘာလဲ"

ကျင်းဟူ၏အမေးကြောင့် တအံ့တသြဖြစ်သွားသော ဆိုင်လုလင်က ကြောင်အမ်းအမ်းဖြင့်ပြန်မေးလိုက်လေသည်။

ကျင်းဟူက....

"ဩော် စောစောက ကျုပ်မေးတာနဲ့ပတ်သက်လို့ပါ အမိက သိချင်တာကတော့ သေမင်းအဆိပ်ရဲ့လှုပ်ရှားမှုရှိမရှိဆိုတာပါပဲ"

"မ... မရှိပါဘူး"

ဆိုင်လုလင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ခေါင်းကိုခပ်သွက်သွက်ခါယမ်းပြောဆိုလိုက်သည်။

ကျင်းဟူတစ်ချက်ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"ဟုတ်... ဟုတ်ကဲ့၊ မလိုပါဘူး"

ဆိုင်လုလင်မှာ ကျင်းဟူတို့နှင့်စကားဆက်မပြောဝံ့သည့်အလား စားပွဲအနီးမှခပ်သုတ်သုတ်ထွက်သွားသည်။

ကျင်းဟူက ယဉ်မေဘက်သို့ပြန်လှည့်လိုက်၏။

"ညီမ... စောစောကဆိုင်လုလင်ကိုကြည့်ရတာ သေမင်းအဆိပ်ကိုသိပ်ကြောက်သွားပုံပဲ"

"ဟင်း... ဟင်း [illegible] အဆိပ်ပဲလေ၊ ဒီလောက်တော့

အရှိန်အဝါရှိရမှာပေါ့”

“အခြေအနေကြည့်ရတာတော့ ဒီမြို့မှာသေမင်းအဆိပ်နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှမဖြစ်ခဲ့တဲ့ပုံပဲ”

“အင်း... အကြောင်းကတော့ ဘာမှမထူးပါဘူး။ ဗိုက်ပြည့်အောင်စားသောက်ပြီး ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့ မဟုတ်ဘူးလားအစ်ကို”

“ညီမပြောတဲ့အတိုင်းပဲကောင်းပါတယ်”

ကျင်းဟူက ယဥ်မေ၏စကားကိုထောက်ခံပြောဆိုပြီး ဇွန်းအစုံကိုလှမ်းယူလိုက်၏။ ထို့နောက် နှစ်ယောက်သား ခပ်သွက်သွက်လေးစားသောက်နေကြလေတော့၏။

❁❁❁



ထိုသို့ရှိစဉ်...

“မောင်ရင်တို့က သေမင်းအဆိပ်အကြောင်း ဘာလို့မေးရတာလဲ”

ကျင်းဟူတို့၏ညာဘက်ဆီမှ ပြောဆိုမေးမြန်းသံထွက်ပေါ်လာသည်။ အသံလာရာသို့ ကျင်းဟူချာခနဲလှည့်ကြည့်မိသည်။

အသံရှင်မှာ ကျင်းဟူ၏စားပွဲနှင့်တစ်စားပွဲအကျော်တွင်ထိုင်နေ၏။ ဝတ်ရုံပြာလူကြီးတစ်ယောက်ဖြစ်၏။ ကျင်းဟူက...

“ဦးလေး... ကျွန်တော်တို့ကိုမေးတာလား”

“အင်း... ဟုတ်တယ်”

“ကျွန်တော်တို့ကသေမင်းအဆိပ်ကိုတွေ့ချင်လို့ လိုက်စုံစမ်းနေတာပါ”

“တကယ်တော့ သေမင်းအဆိပ်ဟာထူးဆန်းတဲ့လျှို့ဝှက်ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ မောင်ရင်တို့လိုက်ရှာဖို့ဘယ်လွယ်ပါ့မလဲ”

“မှန်ပါတယ်... ကျွန်တော် သူ့ကိုမတွေ့တွေ့အောင်ရှာမယ်လို့ဆုံးဖြတ်ထားပါတယ်”

“စပ်စုတယ်လို့မထင်ပါနဲ့နော်၊ သေမင်းအဆိပ်ကို မောင်ရင်တို့ ဘာကြောင့်တွေ့ချင်ရတာလဲ”

“သူနဲ့ရှင်းစရာရှိလို့ပါ”

ကျင်းဟူကခပ်ပြတ်ပြတ်ပြောလိုက်သည်။

ဝတ်စုံပြာဝတ်လူကြီးက ကျင်းဟူကိုကြည့်ကာပြုံးယောင်ယောင်လုပ်လိုက်၏။

“သြော်… မောင်ရင်တို့က သေမင်းအဆိပ်ကိုသုတ်သင်ရှင်းလင်းချင်တဲ့သတ္တိခဲလူငယ်တွေကိုး”

“ဟုတ်ပါတယ်”

“အင်း… မောင်ရင်တို့တစ်ခုသတိမထားကြဘူးနဲ့တူတယ်”

“ဘာများလဲ”

“သေမင်းအဆိပ်ကို ရှောင်အင်းတို့အဖွဲ့အပါအဝင် သိုင်းလောကမှာရှိတဲ့အဖွဲ့တွေက ထိပ်တန်းသိုင်းသမားကြီးတွေတောင် ဘယ်လိုမှစုံစမ်းဖော်ထုတ်လို့မရဘူးဆိုတာကိုပါ”

“သူတို့ဘာသာစုံစမ်းဖော်ထုတ်လို့မရတာ ဘာဖြစ်သလဲ”

“အဲ့ဒီလိုလူကြီးတွေတောင် မတတ်နိုင်တဲ့ကိစ္စကို မောင်ရင်တို့လိုလူငယ်တွေက ဘာဖြစ်လို့အချိန်ကုန်လူအပင်ပန်းခံပြီး လျှောက်လုပ်ချင်ရတာလဲ၊ ပြီးတော့ မင်းတို့အတွက် အန္တရာယ်လဲအလွန်များလှတယ်”

“ဦးလေး… ကျွန်တော်တို့အတွက် အန္တရာယ်များတယ်ဆိုတာဟုတ်ပါတယ်… ဒါပေမယ့် ဘာအန္တရာယ်ပဲဖြစ်ဖြစ် ကျွန်တော်တို့အဖို့တော့ မှုစရာမဟုတ်တော့ပါဘူး”

ထိုအခါ …



ဝတ်စုံပြာလူကြီးက ကျင်းဟူအား အပြောကြီးလွန်းသည့်လူငယ်လေးပါလားဟူသောအကြည့်မျိုးဖြင့်ကြည့်လိုက်ပြီး…

“မောင်ရင်တို့ကို အကောင်းဆုံးအကြံတစ်ခုပေးချင်တယ်၊ အဲ့ဒါကတော့ သေမင်းအဆိပ်ကိုရှာရင်း ကုန်ဆုံးသွားမဲ့အချိန်တွေကို ဘခြားတန်ဖိုးရှိမယ့်အလုပ်တွေလုပ်ရင်း ကုန်စေချင်တယ်”

ဤတွင်… ယဉ်မေက ကျင်းဟူအား အသာလက်ကုပ်ကာ လေသံတိုးတိုးဖြင့်…

“ဘယ်လိုလူကြီးမှန်းလည်းမသိဘူး… သူဘာမှနားမလည်မသိတဲ့ကိစ္စတစ်ခုကို ကြားဝင်ပြီးဆရာလုပ်နေတယ်”

“တစ်ချို့လူတွေဟာဒီလိုပဲညီမ၊ လူတစ်ယောက်မှာ အခက်အခဲတစ်ခုခုဖြစ်နေပြီ၊ ပြဿနာတစ်ခုခုကြုံနေပြီဆိုရင် သူတို့ကိုယ်သူတို့ လူတတ်ကြီးလုပ်ပြီး ဆရာဝင်လုပ်ကြတယ်၊ ဒါပေမယ့် သူတို့အပြောကိုယုံစားပြီး အကူအညီသွားမတောင်းလိုက်နဲ့၊ အဲဒီအခါကျရင် သူတို့ထက်ခေါင်းရှောင်တတ်တဲ့လူ ဒီလောကမှာတစ်ယောက်မှမရှိဘူး”

ကျင်းဟူကလည်း လေသံတိုးတိုးဖြင့် ယဉ်မေကိုပြန်ရှင်းပြလိုက်သည်။ ထို့နောက် ဝတ်ရုံပြာလူကြီးဘက်ပြန်လှည့်ပြီး…

“ဦးလေး… ကျွန်တော်တို့ဘဝမှာ မသေခင်အချိန်အတွင်း သေမင်းအဆိပ်ကိုမတွေ့တွေ့အောင်ရှာဖွေတဲ့အလုပ်ထက်ကောင်းတဲ့

အလုပ်၊ တန်ဖိုးရှိတဲ့အလုပ်ဆိုတာ တခြားဘာမှမရှိနိုင်တော့ပါဘူး"

ကျင်းဟူ၏စကားကြောင့် ဝတ်ရုံပြာဝတ်လူကြီး မျက်မှောင်ကြုတ်သွားသည်။

"မောင်ရင့်စကားရဲ့အဓိပ္ပာယ်က ဘယ်လိုလဲ… ကျုပ်နားမလည်ဘူး"

ကျင်းဟူကလေသံအနည်းငယ်မြှင့်လိုက်ပြီး….

"ကျွန်တော်ဟာ သေမင်းအဆိပ်အမိန့်စာ ရထားတဲ့လူတစ်ယောက်ပဲ"

"ဟာ"

"ဟင်"

"အလို"

ကျင်းဟူ၏စကားကြောင့် ဝတ်ရုံပြာဝတ်လူကြီးအပါအဝင် လူအချို့ထံမှ အာမေဋိတ်သံများကိုယ်စီထွက်ပေါ်လာကြ၏။

ကျင်းဟူကဆက်ပြောသည်။

"သေမင်းအဆိပ်အမိန့်စာရပြီး ကျွန်တော့်ရဲ့အသက်ဆက်ရှင်ခွင့်ဟာ ဆယ်ရက်ပဲရှိပါတော့တယ်၊ အဲဒီဆယ်ရက်ကို တန်ဖိုးအရှိဆုံးဖြစ်အောင်လုပ်ဖို့ကြိုးစားတာထက်ပိုကောင်းတဲ့အလုပ် ရှိနိုင်ပါ့မလား"

ဝတ်ရုံပြာလူကြီး ဘာစကားမျှဆက်မပြောနိုင်တော့ချေ။



"ဦးလေး ကျွန်တော်တို့ကိုကူညီနိုင်ရင်ကူညီပါ၊ ဦးလေးဆီက ကျွန်တော်တောင်းချင်တဲ့အကူအညီကတော့ သေမင်းအဆိပ်ကို ဘယ်မှာရှာရင်တွေ့နိုင်မလဲ၊ ဦးလေးသိရင် ကျွန်တော့်ကိုလမ်းညွှန်ပေးပါ"

ကျင်းဟူက ဝတ်ရုံပြာလူကြီးကို အလေးအနက်ဟန်ဖြင့်ပြောလိုက်သည်။ ဝတ်ရုံပြာဝတ်လူကြီးမှာ ဟန်မဆောင်နိုင်လောက်အောင်မျက်စိမျက်နှာပျက်သွားပြီး….

"ကျုပ်… ကျုပ်ဘာမှမသိပါဘူး"

ထို့နောက် ဝတ်ရုံပြာလူကြီးက ကျင်းဟူတို့ကိုလုံးဝလှည့်မကြည့်တော့ဘဲမျက်နှာလွှဲထားသည်။

"ဟင်း… အစ်ကိုကျင်းဟူပြောတဲ့အတိုင်းပဲ ဒီလူကြီးဟာ အလကားလူကြီး"

ကျင်းဟူကယဉ်မေကိုစကားပြန်မပေးတော့ဘဲ ဆိုင်တွင်းရှိစားသောက်နေကြသူများအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

❋❋❋

ထို့နောက် ကျင်းဟူကမတ်တတ်ထရပ်လိုက်ပြီး....

"လူကြီးမင်းများအားလုံးကို ကျွန်တော်အကူအညီ တောင်းပါရစေ.... ကျွန်တော်ဟာ သေမင်းအဆိပ်အမိန့်စာရရှိထားပါတယ်၊ ကျွန်တော့်အတွက် သေမင်းအဆိပ်ရဲ့သေမင်းရက်ချိန်းဟာ ဆယ်လပိုင်း နှစ်ဆယ့်သုံးရက်နေ့ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော့်အတွက် အသက်ရှင်ခွင့်ဟာ ဒီနေ့အပါအဝင်ဆယ်ရက်တည်းပဲရှိပါတယ်"

ကျင်းဟူက စကားဖြတ်ပြီး ဆိုင်အတွင်းရှိလူများကိုအကဲခတ်ကြည့်ရှုလိုက်ပြန်သည်။

ဝတ်ရုံပြာလူကြီးမှတစ်ပါး လူတိုင်းက သူ့စကားကိုစိတ်ဝင်တစားဖြင့်နားထောင်နေကြောင်းတွေ့မြင်ရသဖြင့် ကျင်းဟူက စကားပြန်ဆက်လိုက်သည်။

"ကျွန်တော်ဟာ အသက်ရှင်ခွင့်ကျန်ရှိနေသေးတဲ့ ဆယ်ရက်အတွင်းမှာ အကောင်းဆုံးအလုပ်တစ်ခုကိုလုပ်သွားဖို့ ဆုံးဖြတ်ထားပါတယ်၊ အဲ့ဒီအလုပ်ကတော့ သေမင်းအဆိပ်ကို မတွေ့တွေ့အောင်ရှာပြီးသုတ်သင်ရှင်းလင်းပစ်ဖို့ပါ.... လူကြီးမင်းများဆီက ကျွန်တော်အကူအညီတောင်းချင်တာ သေမင်းအဆိပ်ရှိမဲ့နေရာကိုသိရင် လမ်းညွှန်ပေးကြဖို့ပါခင်ဗျာ၊ ဒါမှမဟုတ် ကျွန်တော်ဆုံးဖြတ်ထားတဲ့ အလုပ်အောင်မြင်ရေးအတွက် တခြားလိုအပ်မယ်ထင်တဲ့အကူအညီတစ်ခုခုပေးကြပါ"



ကျင်းဟူက စကားဖြတ်လိုက်ပြီးနောက် ဆိုင်တွင်းရှိလူများကို ဝေ့ကြည့်လိုက်ရာ လူတိုင်း သူ့ကိုမျက်နှာလွှဲထားလျက်ရှိကြောင်း တွေ့မြင်လိုက်ရသည်။

"ဟင်... ဘယ်လိုဖြစ်ကုန်ပါလိမ့်"

ကျင်းဟူသည် စိတ်အတွင်းမှတွေးရင်း ဘာမျှဆက်မပြောတော့ဘဲပြန်ထိုင်ချလိုက်သည်။

"ညီမယဉ်မေ သတိထားမိတယ်မဟုတ်လား၊ အစပိုင်းကတော့ လူအားလုံးဟာ အစ်ကိုပြောတဲ့စကားကို စိတ်ဝင်တစားနဲ့ နားထောင်နေကြပြီး အခုတော့လဲ ဒီဆိုင်ထဲမှာအစ်ကိုရှိတယ်လို့တောင်မထင်ကြသလိုဘဲ၊ အစ်ကို့ကိုကြည့်လဲမကြည့်ကြတော့ဘူး၊ ဘာစကားမှလဲ ပြန်မပြောကြဘူး"

"အဲဒါ သေမင်းအဆိပ်ကို သူတို့ကြောက်လို့ပေါ့အစ်ကို၊ ဒီတော့ သူတို့ဆီကဘာအကူအညီမှအစ်ကိုမျှော်လင့်မနေပါနဲ့တော့၊ ဒီဆိုင်ထဲမှာသေမင်းအဆိပ်ရဲ့နေရာကို အမှန်တကယ်သိတဲ့လူတွေရှိနေရင်တောင်မှ အစ်ကို့ကိုဘယ်သူကမှပြောပြကြမှာမဟုတ်ဘူး"

ကျင်းဟူက ယဉ်မေ၏စကားကိုထောက်ခံသည့်အနေဖြင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း....

"အင်း... သူတို့အားလုံးဟာ စပ်စုဖို့ကို အင်မတန်ဝါသနာပါကြပြီး ကူညီဖို့ကျတော့အလွန်ဝန်လေးကြတဲ့လူတွေပဲ"

"ဟုတ်တယ်အစ်ကို… တကယ်လို့သာ အစ်ကိုက အခုလို စောစောစီးစီးအကူအညီမတောင်းလိုက်ရင် သူတို့အားလုံးသိချင်တာတွေ အစ်ကို့ကိုတစ်ယောက်တစ်ပေါက်ဝိုင်းမေးကြမှာသေချာတယ်၊ အခု အစ်ကိုက အတိအလင်းအကူအညီတောင်းလိုက်တော့ သူတို့စပ်စုချင်ပေမဲ့ ဘာမှမမေးဝံ့ကြတော့ဘူး"

"ဒီအတိုင်းဆိုရင်တော့ ချန်လုံမြို့မှာ အစ်ကိုတို့ကိုကူညီမဲ့လူတစ်ယောက်မှရှိမှာမဟုတ်ဘူး။ ဒီတော့ ဒီမြို့မှာ အစ်ကိုတို့ ညမအိပ်ဘဲ ခရီးဆက်ထွက်ကြရင်ကောင်းမယ်ထင်တယ်ညီမ"

"အဲ့ဒါအကောင်းဆုံးပေါ့အစ်ကို"

ကျင်းဟူနှင့် ယဉ်မေတို့ဘာစကားမျှဆက်မပြောကြတော့ဘဲ အစားအသောက်များကို ခပ်မြန်မြန်လက်စသိမ်းလိုက်ကြသည်။

ထို့နောက် ဆိုင်လုလင်ကိုခေါ်ပြီး ကျသင့်ငွေများကိုရှင်းပေးရင်း ကျင်းဟူက ….

"ကျုပ်တစ်ခုမေးပါရစေ"

ဤတွင် …. ဆိုင်လုလင်က ကျင်းဟူ၏စကားမဆုံးမီ မျက်စိပျက်မျက်နှာပျက်ဖြင့်….

"ကျွန်တော်ဘာမှမသိပါဘူး"

သေမင်းအဆိပ်အကြောင်းမေးမည်ထင်ကာ ထိုသို့အမူအရာပျက်သွားခြင်းဖြစ်ကြောင်း ကျင်းဟူသဘောပေါက်လိုက်မိသည်။



ကျင်းဟူက သူတို့အနီးမှအမြန်ဆုံးထွက်သွားရန် ဟန်ပြင်နေသောဆိုင်လုလင်၏လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲလိုက်ပြီး….

"ကျုပ်မေးချင်တာက ကျုပ်တို့နဲ့တစ်စားပွဲကျော်မှာထိုင်နေတဲ့ဝတ်ရုံပြာလူကြီးရဲ့အကြောင်းကိုပါ သူ့နာမည်ဘယ်သူလဲ… ဒီမြို့သားလား"

သည်တော့မှ ဆိုင်လုလင်က သက်ပြင်းတစ်ချက်ချပြီး တည်တည်ငြိမ်ငြိမ်ပြန်ဖြစ်သွားသည်။

"သူ ဒီမြို့သားမဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်မြို့ကရောက်လာတာလဲဆိုတာကိုလဲ ကျွန်တော်မသိပါဘူး၊ ပြီးတော့ သူ့နာမည် အမှန်ကိုလဲ ဘယ်သူမှမသိကြပါဘူး"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်… ကျုပ်မေးရတဲ့ရည်ရွယ်ချက်ကတော့ ဒီလူကြီးကိုမသင်္ကာလို့ဘဲ သေမင်းအဆိပ်ဟာလူတွေကြားထဲမှာရုပ်ဖျက်ပြီးရှိနေတယ်ဆိုတာသိထားတော့ ကျုပ်တို့အဖို့ လူတိုင်းကိုမသင်္ကာတဲ့မျက်လုံးနဲ့ပဲအမြဲကြည့်ရလိမ့်မယ်"

"ဟုတ်… ဟုတ်ပါတယ်"

ကျင်းဟူ၏စကားထဲတွင် သေမင်းအဆိပ်၏နာမည်ပါလာသဖြင့် ဆိုင်လုလင်မှာ စောစောကအတိုင်း မျက်စိမျက်နှာပျက်ဖြစ်သွားပြန်လေသည်။

"ကဲ…, သွားနိုင်ပါပြီ"

"ဟုတ်... ဟုတ်ကဲ့"

ကျင်းဟူတို့အနီးမှဆိုင်လုလင် လျင်မြန်စွာထွက်သွားလေတော့သည်။

"ညီမ... အစ်ကိုတို့လဲသွားကြရအောင်"

"ဟုတ်ကဲ့"

ကျင်းဟူနှင့်ယဉ်မေတို့က ဘယ်ကိုမှမကြည့်ဘဲ ဆိုင်ထဲမှထွက်လာခဲ့ကြသည်။ ဆိုင်ပြင်သို့အရောက်တွင် သူတို့နှစ်ယောက်စလုံး မည်သို့မျှမျှော်လင့်မထားသောအဖြစ်တစ်ခုကို ရုတ်တရက်တွေ့မြင်လိုက်ကြရလေသည်။

ထိုအဖြစ်ကား ကျောက်ဂူကြီးအတွင်း သူတို့အသေအချာဝှက်ထားခဲ့သော အသုဘခေါင်းကြီးတင်ဆောင်ထားသည့် သေမင်းအဆိပ်၏လက်ဆောင် မြင်းလှည်းကြီးကို မြင်းဖြူကြီးပြန်လည်တပ်ဆင်လျက် ဆိုင်ပေါက်ဝတည့်တည့်၌ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ကြရခြင်းပင်တည်း။

❀❀❀



ကျင်းဟူနှင့်ယဉ်မေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြလေသည်။

ထို့နောက် ယဉ်မေက....

"အစ်ကို ဒီကိစ္စဟာ ကျစ်ဆံမြီးကို့ကျုံးရဲ့လက်ချက်ပဲဖြစ်မယ်၊ ဒီအလုပ်ကို သူကလွဲပြီးဘယ်သူမှလုပ်မှာမဟုတ်ဘူး"

ကျင်းဟူက ဘာစကားမျှပြန်မပြောဘဲ လက်ခံသည့်အနေဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ယဉ်မေကဆက်ပြီး....

"ညီမစိတ်ထဲမှာ ကျစ်ဆံမြီးကို့ကျုံးဟာ သေမင်းအဆိပ်ကိုယ်တိုင်များဖြစ်နေမလားလို့ တွေးမိတယ်အစ်ကို"

ကျင်းဟူကခေါင်းခါယမ်းလိုက်သည်။

"အဲဒါတော့မဖြစ်နိုင်ဘူး။ ဖြစ်ချင်းဖြစ်ရင် ကျစ်ဆံမြီးကို့ကျုံးဟာ သေမင်းအဆိပ်ရဲ့တပည့်တစ်ယောက်ပဲဖြစ်မယ်'

"သူ ဘာသဘောနဲ့များ ညီမတို့ကိုအခုလိုလိုက်ပြီး နှောင့်ယှက်နေတာလဲမသိဘူး။ အစ်ကိုကကောဘယ်လိုထင်သလဲ"

"ဘာကြောင့် ဒီလိုလိုက်နှောင့်ယှက်သလဲဆိုတော့ အစ်ကိုတို့ကို မလောက်လေးမလောက်စားလေးတွေလို့ ထင်ထားလို့နေမှာပေါ့ညီမ"

ယဉ်မေက နှာခေါင်းရှုံ့ကာ....

"ဟင်း... ဟင်း ကျစ်ဆံမြီးကို့ကျုံးလို ရှုးပေါပေါလူကြီးတစ်ယောက်ရဲ့အထင်သေးခံရတာ မခံချင်စရာကောင်းလိုက်တာ"

"ကျစ်ဆံမြီးကို့ကျုံးဟာ ကြည့်တော့သာရှုးပေါပေါကြီးထင်ရတယ်၊ သူ့ရဲ့သိုင်းပညာအဆင့်က အတော်မြင့်တယ်ညီမ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ကိုသူပညာကုန်သုံးပြီး တိုက်ခိုက်သွားတာမဟုတ်ဘူးဆိုတာ အစ်ကိုကောင်းကောင်းရိပ်မိခဲ့လို့ပဲ၊ သူကြည့်ရတာ အစ်ကို့ကိုရန်ပြုချင်လို့မဟုတ်ဘဲ သက်သက်မဲ့ပညာလာစမ်းတဲ့သဘောမျိုးဖြစ်နေတယ်"

"အင်း အစ်ကိုပြောတာဖြစ်နိုင်ပါတယ်၊ အစ်ကိုတို့မိသားစုက ဘယ်သူနဲ့မှပညာဖလှယ်လေ့မရှိခဲ့တော့ အစ်ကိုတို့နဂါးသုံးကောင်မိသားစုရဲ့ပညာအတိမ်အနက်ကိုအတိအကျသိတဲ့လူ တစ်ယောက်မှမရှိဘူးပေါ့၊ ဒါကြောင့် ကျစ်ဆံမြီးကို့ကျုံးကစမ်းသပ်တီးခေါက်ကြည့်သွားတာဖြစ်မယ်"

ကျင်းဟူကအံ့တစ်ချက်ကြိတ်လိုက်ပြီး....

"ဒီတစ်ခါ ကျစ်ဆံမြီးကို့ကျုံးနဲ့တွေ့ရင်တော့ အလွတ်မပေးတော့ဘူး။ သူ့သိုင်းပညာ ဘယ်လောက်ပဲအဆင့်မြင့်မြင့် သူ့ကိုအနိုင်ရအောင်တိုက်မယ်၊ ပြီးတော့ သူဘယ်လိုရည်ရွယ်ချက်နဲ့ အစ်ကိုတို့ကိုလိုက်နှောင့်ယှက်နေရတာလဲဆိုတာ ရအောင်မေးရမယ်"

"ညီမလဲ အစ်ကို့ကိုထိထိရောက်ရောက်ဝင်ပြီးကူညီပါ့မယ်"



ထိုအချိန်တွင် ဆိုင်ပေါက်ဝသို့လူတစ်ချို့ရောက်လာကြပြီး ကျင်းဟူနှင့်ယဉ်မေတို့အနီးတွင်ရပ်ကာ အခြေအနေကိုစောင့်ကြည့်အကဲခတ်နေကြသည်။

ထိုသူများမှာ ဆိုင်အတွင်းမှစားသောက်ပြီး ထွက်လာကြသူများဖြစ်လေသည်။

သူတို့ ဆိုင်ပေါက်ဝအရောက်တွင် အခုတိုင်ထွက်ခွာမသွားကြသေးသောကျင်းဟူနှင့်ယဉ်မေတို့ကိုလည်းကောင်း ....

ဆိုင်ပေါက်ဝတည့်တည့်တွင်ရပ်ထားသည့် မြင်းလှည်းကြီးကိုလည်းကောင်း ....

မြင်တွေ့မိကြရာမှ ယခုကဲ့သို့ အခြေအနေကိုစောင့်ကြည့်အကဲခတ်နေကြခြင်းဖြစ်သည်။

ယဉ်မေက သူတို့နှစ်ယောက်ကိုလူတွေစောင့်ကြည့်နေကြသည့်အဖြစ်အားရိပ်မိသွားသည်။

ထို့ကြောင့် ကျင်းဟူအား လက်တို့လိုက်ပြီး....

"အစ်ကို ညီမတို့ ဒီမှာဆက်နေဖို့မသင့်တော့ဘူးနဲ့တူတယ်၊ လူတွေက မြင်းလှည်းကြီးနဲ့ကျွန်မတို့ကိုဂရုစိုက်ပြီးကြည့်နေကြတယ်"

"ဒါဆိုရင်လဲ အစ်ကိုတို့ ဒီနေရာကအမြန်ဆုံးထွက်သွားကြရုံပဲရှိတော့တာပေါ့ညီမ"

"မြင်းလှည်းကြီးကိုကော ယူသွားမှာလားအစ်ကို"

"ယူသွားရမှာပေါ့ညီမရဲ့ ဒီမြင်းလှည်းကြီးက အစ်ကိုတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းပဲ"

"ကဲ... သွားကြစို့အစ်ကို"

ထို့နောက် နှစ်ယောက်သား ပြိုင်တူပင် မြင်းလှည်းကြီးပေါ်သို့ သွက်လက်စွာလွှားခနဲခုန်တက်လိုက်ကြလေတော့၏။

***ပထမပိုင်းပြီး၏။***

***ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်***

# ဘုန်းကြွယ်

# သေမင်းအမိန့်

(ဒုတိယပိုင်း)

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၆၀၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၆၇၀၀၆၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျင်းဟူသည် ချန်လုံမြို့မှထွက်လာကတည်းက မြင်းလှည်းကြီးကိုတစ်ညလုံး တစ်နေ့လုံးမောင်းနှင်လာရာ နောက်တစ်နေ့ညနေပင်ရောက်ရှိလာခဲ့ပေပြီ။ သက်လုံကောင်းသောမြင်းဖြူကြီးကထိုခရီးရှည်ကြီးကိုနှင်လာခဲ့သည့်တိုင် သိသိသာသာခြေကျသွားခြင်းမရှိချေ။ သို့နှယ် ခရီးနှင်လာရာမှ ယဉ်မေက....

"အစ်ကို... ဒီညတော့ ကျွန်မတို့အနားယူသင့်တယ်ထင်တယ်၊ မြင်းကြီးကိုလဲ အနားပေးရဦးမယ်၊ အနီးဆုံးမြို့တစ်မြို့ကို ချင်လို့မဖြစ်တော့ဘူး"

"အင်း... အစ်ကိုလဲ ဒီလိုပဲစိတ်ကူးထားပါတယ်"

"ညီမတို့ အခု အနီးဆုံးမြို့တစ်မြို့ရောက်အောင် ဘယ်လောက်ကြာကြာသွားဦးမလဲအစ်ကို"

ကျင်းဟူ တစ်ချက်စဉ်းစားဟန်ပြုလိုက်၏။ ပြီးမှ ....

"ဒီနေ့ နေမဝင်ခင် ထိုက်ခွန်ပောဲဆိုတဲ့မြို့လေးကို ရောက်ပိမ့်မယ်ညီမ၊ အဲ့ဒီမြို့လေးမှာ စားသောက်ပြီး တစ်ညနားမယ်၊ နောက်တစ်နေ့မနက်ကျမှ အခြေအနေကိုကြည့်ပြီး ခရီးဆက်ကြတာပေါ့"

ညည့်တွင် ယဉ်မေက တစ်စုံတစ်ရာတွေးတောသတိရသွား ဟန်ဖြင့်—

"ဒါနဲ့နေပါဦးအစ်ကို… ဒီမြင်းလှည်းကြီးကို ဘယ်လိုလုပ် မလဲ၊ အဲဒီထိုက်ခွန်ဟော်မြို့အထိ မောင်းယူသွားမှာလား"

"ယူသွားလို့ဘယ်ဖြစ်မလဲညီမရဲ့၊ မြို့ထဲမဝင်ခင် တောအုပ် ကောင်းကောင်းတစ်ခုရှာပြီး ဖွက်ထားခဲ့ရမှာပေါ့"

"ဒီတစ်ခါတော့ ညီမတို့ကို ကို့ကျူးလိုက်ပြီး မနှောင့်ယှက် တော့ဘူးလို့မျှော်လင့်ရတာပဲ"

"စိတ်အေးအေးသာထားပါညီမရယ်… ကို့ကျူး ဒီလောက် အထိ အစ်ကိုတို့နောက်ကိုလိုက်လာမှာမဟုတ်ပါဘူး"

သို့ဖြင့် ခရီးဆက်ခဲ့ကြရာ တစ်နေရာအရောက်တွင် ….

"အစ်ကို ဟိုးရှေ့ကဝတောအုပ်လေးကိုကြည့်စမ်း၊ ဒီမြင်း လှည်းကြီးကို အဲ့ဒီတောအုပ်ထဲမှာပဲ ဖွက်ထားခဲ့တော့မယ်"

ကျင်းဟူသည် မြင်းလှည်းကြီးကို ယဉ်မေညွှန်ပြရာ ထို တောအုပ်ရှိရာအရပ်ဆီသို့ ဦးတည်လိုက်လေသည်။

***



နေဝင်စအချိန်တွင် ထိုက်ခွန်ဟော်မြို့အတွင်းသို့ ကျင်းဟူတို့ ရောက်လာကြသည်။ ထိုက်ခွန်ဟော်မြို့သည် မြို့ငယ်လေးတစ်မြို့ သာဖြစ်ပြီး စည်ကားခြင်းမရှိချေ။

နေဝင်ချိန်ဖြစ်သည့်တိုင် မြို့တွင်း၌ သွားလာလှုပ်ရှားသူများ သိပ်မရှိတော့။ ညဥ့်နက်သန်းခေါင်အလား ခြောက်သွေ့တိတ်ဆိတ် လျက်ရှိနေပေသည်။

ယဉ်မေက….

"အစ်ကိုကျင်းဟူ"

"ဟင်… ဘာလဲ"

"ဒီမြို့ကလဲ တိတ်ဆိတ်လှချည်လား။ အခုမှနေဝင်ခါနီးပဲ ရှိသေးတယ်"

"ဟုတ်ပါရဲ့… လူသွားလူလာလဲမတွေ့ရဘူး"

"ကြည့်ပါဦး…. နေတောင် ကောင်းကောင်းမဝင်သေးဘူး၊ မြို့ထဲမှာ ခြောက်ခြောက်သွေ့သွေ့ကြီးဆိုတော့ ကြည့်ရတာတစ်မျိုး ကြီးပဲနော်အစ်ကို"

ကျင်းဟူခေါင်းညိတ်ပြကာ….

"အင်း… ဒီမြို့က မြို့ငယ်လေးဆိုတော့ လူဦးရေသိပ်မများ ဘူးပေါ့၊ ပြီးတော့လဲ လမ်းပန်းဆက်သွယ်ရေးအရ တခြားမြို့တွေကို သွားလာဖို့ခက်ခဲတယ်၊ စည်ကားတယ်ဆိုတဲ့မြို့တွေဟာ တခြားမြို့

တွေနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းတာလဲ တစ်ခုအပါအဝင်ပဲ၊ တစ်ချို့ဆို ရွာလို့သာခေါ်ရတယ်၊ ဒီမြို့ထက်တောင် ပိုပြီးစည်ကားသေးတယ်"

"ဟုတ်တယ်နော်"

ယဉ်မေကပျက်စီးနေပြီဖြစ်သော အဆောက်အအုံတစ်ခုကို လှမ်းကြည့်ရင်း ခေါင်းညိတ်ပြောဆိုလိုက်၏။ နှစ်ယောက်သား စကားတပြောပြောဖြင့် ဟိုဟိုသည်သည်ကြည့်ကာ မြင်းစီးလာကြသည်။ လမ်းကလည်း အမှိုက်များ အညစ်အကြေးများဖြင့် ရှုပ်ပွညစ်ပတ်နေသည်။

"အစ်ကို"

"ဘာလဲယဉ်မေ"

"ညီမတို့ ဒီမြို့မှာစုံစမ်းနေလို့ကတော့ ဘာမှထူးခြားလာမှာမဟုတ်ဘူးထင်တယ်"

"အင်း... ဟုတ်တယ်၊ ဒီအချိန်မှာတောင် ဒီလောက်ခြောက်သွေ့တိတ်ဆိတ်နေတာ ညဦးပိုင်းဆိုရင် ပိုတောင်ဆိုးဦးမယ်"

"အစ်စ်ပဲ"

"ယဉ်မေ အခုလောလောဆယ် အရေးကြီးတာက အစ်ကိုတို့အနားယူဖို့ပဲ၊ မိုက်လဲဆာနေပြီ နီးရာတည်းခိုခန်းတစ်ခုမှာပဲ တည်းလိုက်ကြတာပေါ့"



"ကောင်းတယ်အစ်ကို.... မနက်စောစောကျမှပဲ ဒီမြို့ကထွက်ကြတာပေါ့"

ထို့နောက် နှစ်ယောက်သားခပ်လှမ်းလှမ်းတွင်တွေ့ရသော တည်းခိုခန်းတစ်ခုဆီသို့လာခဲ့ကြသည်။

ကျင်းဟူနှင့်ယဉ်မေတို့သည် တည်းခိုခန်းကို တစ်ချက် အကဲခတ်ကြည့်ရှုလိုက်သည်။

တည်းခိုခန်းအဆောက်အဦးမှာ ဟောင်းနွမ်းစုတ်ချာလှပြီး အိခုပ်စန်းတည်းခိုခန်းဟု ရေးသားထားသောဆိုင်းဘုတ်ပင်လျှင် စာလုံးများဖတ်မရနိုင်တော့လောက်အောင် ဆေးများပျက်နေသည်။

"တည်းခိုခန်းကြည့်ရတာ သိပ်စွဲမဲ့ပုံမပေါ်ဘူးနော်အစ်ကို"

ယဉ်မေက ဟောင်းနွမ်းစုတ်ချာလှသော အိခုပ်စန်းတည်းခိုခန်းအားကြည့်ပြီး ခပ်တိုးတိုးပြောဆိုလိုက်သည်။

ကျင်းဟူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

"အလုပ်မဖြစ်မယ့်အတူတူတော့ တည်းခိုခန်း ကောင်းတာမကောင်းတာ အရေးမကြီးပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ်... တို့ ဒီမှာပဲဝင်တည်းရမှာပဲ"

"ဟုတ်ပါ့ရှင်"

သို့ဖြင့် ကျင်းဟူတို့နှစ်ယောက် အိခုပ်စန်းသို့ဝင်ရောက်ကာ ဆာလောင်နေသောဝမ်းဗိုက်ကို အလျင်ဖြည့်တင်းလိုက်ကြ၏။

စားသောက်ပြီးစီးသည့်နောက် ကျင်းဟူနှင့်ယဉ်မေတို့မှာ ခရီးပန်းလာသူများဖြစ်သည်နှင့်အညီ ....

စကားဆက်လက်ပြောဆိုခြင်းမပြုကြတော့ဘဲ ကိုယ့်အခန်း ကိုယ်အသီးသီးဝင်ရောက်၍ အနားယူအိပ်စက်လိုက်ကြလေတော့သည်။

❋❋❋

နောက်တစ်နေ့နံနက်....

တည်းခိုခန်းအပြင်ဘက်မှ ဆူဆူညံညံအသံများကြောင့် ကောင်းစွာအနားယူအိပ်စက်နေကြသောကျင်းဟူတို့ အိပ်ရာမှနိုးလာသည်။

"အင်း... နိုးလာတာနဲ့အတော်ပါပဲ၊ ဒီအချိန်ခရီးဆက်ဖို့ကောင်းတယ်"

ကျင်းဟူက ခပ်တိုးတိုးပြောဆိုရေရွတ်လိုက်ပြီး အိပ်ရာမှထလိုက်သည်။ ထိုစဉ်....

"အစ်ကိုကျင်းဟူ နိုးလာပြီလား"

အခန်းအပြင်ဘက်မှ ယဉ်မေ၏မေးမြန်းသံကို ကျင်းဟူကြားလိုက်ရသည်။

"နိုးပြီယဉ်မေ... ခဏလေးစောင့်ဦးနော်"



ကျင်းဟူက ပြန်လည်ဖြေကြားပြီး ကိုယ်လက်သန့်စင်လိုက်သည်။ ခဏကြာတော့ ကျင်းဟူကိုယ်လက်မျက်နှာသန့်စင်ပြီး သွားသည်။ ထို့နောက် နှစ်ယောက်သားအောက်ထပ်သို့ဆင်းလာခဲ့ကြသည်။

"ယဉ်မေ ကောင်းကောင်းအနားရရဲ့လား"

"ဟာ... ဘယ်ပြောကောင်းမလဲ၊ ခရီးပန်းလာလို့လားမသိဘူး၊ ခေါင်းချတာနဲ့ တစ်ချိုးတည်းအိပ်ပျော်သွားတော့တာပဲ"

"ဟင်း... ဟင်း... အစ်ကိုလဲဒီလိုပဲ"

ကျင်းဟူက ရယ်သွမ်းသွေးပြီးပြောလိုက်သည်။

ယဉ်မေက....

"ညီမတို့နိုးလာတဲ့အချိန်ကအတော်ပဲနော်"

"အင်း... အချိန်အတော်ပါပဲ၊ ဒါတောင် အပြင်ဘက်ကအသံတွေကြောင့် အစ်ကိုနိုးလာတာ၊ နို့မို့ဆို ဒီထက်နောက်ကျပြီးမှ အိပ်ရာထဖြစ်လိမ့်မယ်ထင်တယ်"

"ဟုတ်တယ်အစ်ကို... ညီမလဲအပြင်ဘက်က ဆူဆူညံညံအသံတွေကြောင့်နိုးလာခဲ့တာ"

နှစ်ယောက်သားစကားတပြောပြောနှင့် လျှောက်လာကြရာ တည်းခိုခန်းအပေါက်ဝအနီးသို့ရောက်လာကြသည်။ ယခုအချိန်ထိ တည်းခိုခန်းအပြင်ဘက်မှဆူညံဆူညံအသံများကြားနေရဆဲဖြစ်၏။

ယဉ်မေက....

"အစ်ကို ဒီအခန်းနားမှာတစ်ခုခုဖြစ်လို့များ အခုထိ ဆူညံနေကြသလားမသိဘူး"

"အင်း... အစ်ကိုလဲဒီလိုပဲတွေးမိတယ်"

"ဒါဆိုရင် အပြင်ဘက်မြန်မြန်ထွက်ကြစို့"

"ကောင်းတယ်"

ကျင်းဟူတို့နှစ်ယောက် တည်းခိုခန်းအပေါက်ဝဘက်သို့ ခြေလှမ်းခပ်သွက်သွက်ဖြင့်လျှောက်လာကြသည်။ သူတို့သည် တည်းခိုခန်းအပြင်ဘက်သို့ခြေချရင်း ဆူညံသံများကြားရာသို့လှမ်းကြည့်လိုက်ကြရာ....

"ဟာ..."

"ဟင်..."

အာမေဋိတ်သံကိုယ်စီပြုလျက် နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြကုန်လေသည်။ လှမ်းလက်စခြေလှမ်းများလည်း ရုတ်ခြည်းရပ်တန့်သွားကြလေသည်။ အကြောင်းကား...

တည်းခိုခန်းအပြင်ဘက်၌ ဆူဆူညံညံဖြစ်နေခြင်းမှာ တည်းခိုခန်းပေါက်ဝတည့်တည့်တွင်ရှိနေသည့်တစ်စုံတစ်ခုအား လူအများကဝိုင်းအုံကြည့်ရှုပြီး တစ်ယောက်တစ်ပေါက် ပြောဆိုထင်မြင်ချက်ပေးနေကြသောကြောင့်ဖြစ်သည်။



ထိုတစ်စုံတစ်ခုကား အခြားမဟုတ်ချေ။

တောတွင်းတစ်နေရာတွင် ကျင်းဟူတို့ဝှက်ထားခဲ့သည့်မြင်းလှည်းကြီးပင်ဖြစ်နေသောကြောင့်တည်း။

❋❋❋

ကျင်းဟူနှင့်ယဉ်မေတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။ ထို့နောက် ....

"ဟင်း"

"ဟင်း"

နှစ်ယောက်သား သက်ပြင်းပြိုင်တူချလျက် ခေါင်းခါယမ်းမိလိုက်ကြလေသည်။

"ယဉ်မေ"

"ရှင် အစ်ကို"

"အစ်ကိုတို့အဖြစ်ကတော့ ရယ်ရတော့မလိုလို ငိုရတော့မလိုလိုဖြစ်နေပြီ"

"ဟုတ်ပါရဲ့ မြင်းလှည်းကြီးကတော့ ဘယ်လိုမှဝှက်ထားလို့မရအောင်ဖြစ်နေပြီ"

"အစ်ကိုတို့ဘယ်လိုလုပ်ကြရင်ကောင်းမလဲ၊ အကြံပေးစမ်းပါဦးညီမရယ်"

"အင်း... ကန့်ကန့်လန့်လန့်လိုက်ရှုပ်နေမှတော့ မထူးတော့ပါဘူးအစ်ကိုရာ၊ ဒီမြင်းလှည်းကြီးနဲ့ပဲခရီးဆက်ကြတာပေါ့၊ ညီမတို့ဝှက်ထားလဲ ကျစ်ဆံမြီးကို့ကျူးကတာပင်တာပန်းရှာဖွေသယ်ယူပြီး တကောက်ကောက်လိုက်ပေးနေဦးမှာပဲ"

"ကောင်းပြီလေ ညီမပြောတဲ့အတိုင်းပဲလုပ်ကြတာပေါ့၊ အချိန်ရှိတုန်း ဒီမြင်းလှည်းကြီးနဲ့ပဲခရီးဆက်ရမယ်"

ကျင်းဟူတို့ တစ်ယောက်နှင့်တစ်ယောက်ပြောဆိုဆွေးနွေးကြပြီးနောက် ယင်းမြင်းလှည်းကြီးအနီးသို့ရောက်လာကြသည်။

ထိုစဉ်....

"ဒီမြင်းလှည်းကြီးက မင်းတို့မြင်းလှည်းလား"

မေးမြန်းပြောဆိုသံနှင့်အတူ လူအုပ်အတွင်းမှခပ်ဝဝလူတစ်ယောက်ထွက်လာသည်။ ထိုလူသည် ကျင်းဟူတို့ပြောဆိုနေသောစကားများကိုကြားပြီးဖြစ်ပုံရသည်။

ကျင်းဟူကပြောဆိုမေးမြန်းလာသူကိုကြည့်လိုက်ရာ အိခုပ်စန်းတည်းခိုခန်းပိုင်ရှင်ဖြစ်ကြောင်းသိလိုက်သည်။

"ဟာ... နောင်ကြီး"

ကျင်းဟူက တည်းခိုခန်းပိုင်ရှင်အားနှုတ်ဆက်လိုက်၏။

တည်းခိုခန်းပိုင်ရှင်ကမူ မျက်နှာထားခပ်တင်းတင်းဖြင့် သူတို့ကိုကြည့်နေသည်။



ထို့နောက်....

"ဒီမြင်းလှည်းက မင်းတို့ဟာလား"

ကျင်းဟူက....

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ ငါ့ဆိုင်ရှေ့မှာလာရပ်ထားရတာလဲ၊ စောစောစီးစီးမင်္ဂလာမရှိဘူး"

တည်းခိုခန်းပိုင်ရှင်က စောစောစီးစီးအသုဘခေါင်းကြီးတင်ဆောင်ထားသည့်မြင်းလှည်းကြီး သူ့တည်းခိုခန်းရှေ့ရပ်ထားသည့်အတွက် မကျေမနပ်ဖြင့်မေးလိုက်သည်။ ကျင်းဟူက တည်းခိုခန်းပိုင်ရှင်အားအရိုအသေပေးပြီး....

"စိတ်မရှိပါနဲ့နောင်ကြီးရာ... ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်တို့ ဒီမြို့မဝင်ခင်ကတည်းက မြင်းလှည်းကိုမြို့ပြင်မှာထားခဲ့တာပါ"

တည်းခိုခန်းပိုင်ရှင်ကမကျေမနပ်ဖြင့်....

"ဒါဖြင့် ဘာဖြစ်လို့ မနက်စောစောစီးစီး ငါ့ဆိုင်ရှေ့ရောက်နေရတာလဲ"

"ကျွန်တော်လဲ အဲ့ဒါကိုစဉ်းစားလို့မရအောင်ဖြစ်နေပါတယ်"

"တစ်ယောက်ယောက်ကမောင်းယူလာပြီး ဒီတည်းခိုခန်းရှေ့တမင်လာရပ်ထားတာနေမှာပါ"

ယဉ်မေက ကိစ္စမြန်မြန်ပြတ်ရန်ဝင်ပြောလိုက်သည်။

တည်းခိုခန်းပိုင်ရှင်မှာ ငေ့ခနဲဖြစ်သွားသည်။

ကျင်းဟူတို့နှစ်ယောက် သူ့တည်းခိုခန်းရှေ့ရောက်လာစဉ်ကပင် မြင်းဖြူကြီးတစ်ကောင်ကိုစီးလာသည့်မှအပ အပိုပစ္စည်းပါမလာကြောင်း တည်းခိုခန်းပိုင်ရှင်ကသိခဲ့ပြီးဖြစ်သည်။

တည်းခိုခန်းပိုင်ရှင်မှာ ကျင်းဟူတို့ကို မည်ကဲ့သို့အပြစ်တင်စကားပြောရမည်ကိုစဉ်းစားမရဘဲဖြစ်နေလေသည်။

ကျင်းဟူက....

"ကဲပါနောင်ကြီးရယ် ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ဒီမြင်းလှည်းကကျွန်တော်တို့မြင်းလှည်းဆိုတော့ ကျွန်တော်တို့ကပဲတောင်းပန်ပါတယ်၊ နောင်ကြီးရဲ့ဆိုင်ရှေ့မှာ ခုလိုဖြစ်တဲ့အတွက်ခွင့်လွှတ်ပါ"

တည်းခိုခန်းပိုင်ရှင်က....

"အင်းလေ... မင်းတို့မှာလဲအပြစ်မရှိတာပေါ်လွင်နေတော့ငါက ဘာပြောလို့ရတော့မှာလဲ"

ကျင်းဟူက ကျေရာကျေကြောင်းတောင်းပန်စကားပြောဆိုလိုက်သည့်အတွက် တည်းခိုခန်းပိုင်ရှင်မှာ မည်သို့မျှမတတ်နိုင်တော့ဘဲ သူ့တည်းခိုခန်းရှိရာသို့ပြန်လျှောက်သွားလေသည်။

ကျန်လူများကမူ ထွက်ခွာသွားခြင်းမရှိကြဘဲ ဝိုင်းအုံကြည့်ရှုနေကြလေသည်။



အသုဘခေါင်းကြီးတင်ထားသောမြင်းလှည်းကြီးကို တစ်လှည့်၊ ငယ်ရွယ်နုနယ်ချောမောသောကျင်းဟူတို့စုံတွဲကို တစ်လှည့်ကြည့်ရှုရင်း မြင်းလှည်းကြီးနှင့်ကျင်းဟူတို့၏ဆက်စပ်မှုကို အသီးသီးတွေးတောစဉ်းစားနေကြလေတော့သည်။

ယဉ်မေက....

"အစ်ကိုကျင်းဟူ... အချိန်ရှိတုန်းခရီးဆက်ကြစို့"

ယဉ်မေ၏သတိပေးစကားကြားလိုက်မှ ကျင်းဟူသည် မြင်းလှည်းပေါ်ခုန်တက်လိုက်၏။ ယဉ်မေကလည်း မြင်းလှည်းပေါ်သို့ခုန်တက်လိုက်သည်။ ထို့နောက် မြင်းလှည်းကြီးကိုဒုန်းစိုင်းမောင်းနှင်ထွက်ခွာခဲ့လေသည်။

တည်းခိုခန်းရှေ့ ကျန်ရစ်ခဲ့သောလူစုမှာ ကျင်းဟူတို့ကို တအံ့တသြဖြင့်ကြည့်ရှုရင်း တစ်ယောက်တစ်ပေါက်ပြောဆိုဝေဖန်နေကြဆဲဖြစ်သည်။

***

မြင်းလှည်းကို မြို့တွင်းမှဖြတ်မောင်းလာရင်း တစ်နေရာသို့ ရောက်လာသည်။ ထိုစဉ် ယဉ်မေက....

"အစ်ကိုကျင်းဟူ"

"ဟင်... ဘာလဲယဉ်မေ"

"ညီမတို့ လမ်းခရီးမှာစားဖို့ ရိက္ခာခြောက်လေး ဘာလေး ဝယ်သွားရင်မကောင်းဘူးလား"

ကျင်းဟူက ယဉ်မေ၏စကားကိုထောက်ခံသောအနေဖြင့် ခေါင်းညိတ်ရင်း....

"ဟာ... ကောင်းတာပေါ့။ ဒါကို အစ်ကိုလုံးလုံးသတိမရဘူး"

ထို့နောက် ကျင်းဟူကမြင်းလှည်းကိုခေတ္တရပ်တန့်ပြီး မြင်းလှည်းပေါ်မှဆင်းလိုက်သည်။ မြင်းလှည်းနှင့်အနီးဆုံးနေရာ၌တွေ့ ရသောဈေးဆိုင်တစ်ဆိုင်တွင် ရိက္ခာခြောက်များသွားဝယ်သည်။

ပတ်ဝန်းကျင်ရှိလူများသည် မြင်းလှည်းကြီးနှင့်ကျင်းဟူတို့ ကို အနီးကပ်လာရောက်ကြည့်ရှုကြသည်။ သူတို့၏မျက်နှာပြင်ပေါ် တွင် အံ့သြဟန် နားမလည်သဘောမပေါက်ဟန်များ ပေါ်လွင်နေလေ သည်။

ရိက္ခာခြောက်များဝယ်ယူလာသောကျင်းဟူက ဝယ်ယူလာ သည့်ပစ္စည်းများကိုယဉ်မေအားလှမ်းပေးကာ မြင်းလှည်းပေါ်သို့လွှား ခနဲခုန်တက်လိုက်၏။



ပြီးနောက် မြင်းဇက်ကြိုးကိုကိုင်လျက် မောင်းနှင်ထွက်ရန် ...န်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

"ဟေ့မောင်ရင်... ခဏနေပါဦး"

လှမ်းအော်ဟန့်တားသံကြောင့် ကျင်းဟူက မြင်းလှည်းကို ...မောင်းသေးဘဲ ဟန့်တားသူကိုလှမ်းကြည့်လိုက်၏။ ကျင်းဟူတို့ကို ...န့်တားသူမှာ မြင်းလှည်းကြီးကိုစိတ်ဝင်တစားကြည့်နေကြသူများ ...ဲမှ မုတ်ဆိတ်မွေးရှည်ရှည်နှင့်အဘိုးအိုတစ်ယောက်ဖြစ်သည်။

ကျင်းဟူက....

"ဆရာကြီး... ဘာကိစ္စရှိလို့လဲ"

အဘိုးအိုကြီးက....

"အိမ်း... မောင်ရင့်ကိုပြောစရာရှိလို့"

"ဘာပြောမလို့လဲ"

အဘိုးအိုက....

"မောင်ရင်တို့ လမ်းမှားနေတယ်ပြောမလို့ပါ"

"ဗျာ... ဆရာကြီး ဘာလမ်းမှားတာလဲ"

အဘိုးအို၏စကားကိုနားမလည်သော ကျင်းဟူကကြောင် ...ခမ်းအမ်းဖြင့်ပြန်မေးလိုက်ရာ အဘိုးအိုကတစ်နေရာကိုလက်ညှိုးထိုး ပြပြီး ကျင်းဟူအားပြောလိုက်၏။

"သချိုင်းကုန်းက ဟိုဘက်မှာ... မောင်ရင်တို့သွားနေတာက သချိုင်းကုန်းနဲ့ဆန့်ကျင်ဘက်ဖြစ်နေပြီ"

"သြော်...."

ကျင်းဟူနှင့်ယဉ်မေတို့ပြုံးမိလိုက်ကြသည်။

ပြီးမှ ကျင်းဟူက....

"ဒီလိုပါဆရာကြီး... ကျွန်တော်တို့မြင်းလှည်းပေါ်မှာပါလာတဲ့အသုဘခေါင်းကြီးက ခေါင်းအလွတ်ကြီးတစ်ခုပါ"

အဘိုးအိုက....

"ဟင်... ဒါဖြင့် ဒီအသုဘခေါင်းထဲက ကျင်းဟူကဘယ်ကိုရောက်သွားပြီလဲ"

အဘိုးအို၏အံ့အားတသင့်ပြောဆိုမှုကြောင့် ကျင်းဟူတို့မှာကြောင်အမ်းအမ်းဖြစ်သွားရပြန်လေသည်။

"ဆရာကြီး ဘယ်ကကျင်းဟူလဲ၊ ကျင်းဟူဆိုတာမသေသေးပါဘူး"

ယဉ်မေကကျင်းဟူကိုတစ်ချက်ကြည့်ပြီး ပြောလိုက်လေ၏။ အဘိုးအိုကမျက်မှောင်တစ်ချက်ကြုတ်ပြီး အသုဘခေါင်းကြီးကိုလက်ညှိုးထိုးပြလိုက်သည်။

"ဒါဖြင့် မင်းတို့က ဒီအခေါင်းမှာ ဘာဖြစ်လို့ ကျင်းဟူလို့ရေးထားရတာလဲ"



ကျင်းဟူက....

"ဆရာကြီး... ကျွန်တော်တို့မရေးထားပါဘူး"

"မရေးထားဘဲ ငါကပြောမလားကွ"

အဘိုးအိုကမကျေမနပ်ဖြင့်ပြောလိုက်သည်။

အဘိုးအို၏စကားကြောင့် ကျင်းဟူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိသည်။

ထို့နောက် အဘိုးအိုအား ဘာမှပြန်မပြောတော့ဘဲ အသုဘခေါင်းကြီးကိုကြည့်ရှုလိုက်ကြသည်။ ဤတွင် သူတို့နှစ်ယောက်စလုံးမျက်လုံးများဝိုင်းစက်ပြူးကျယ်သွားကြတော့၏။

အဘယ်ကြောင့်ဆိုသော် အသုဘခေါင်းကြီးတွင် ကျင်းဟူ၏ရုပ်ကလာပ်ဟူသောစာတန်းအား တွေ့မြင်လိုက်ရသောကြောင့်ဖြစ်ပေသည်။

***

ကျင်းဟူတို့နှစ်ယောက်ကို တင်ဆောင်လာသောမြင်းလှည်းကြီးမှာ လမ်းအတိုင်းတရိပ်ရိပ်ပြေးလျက်ရှိလေသည်။

"တဖြည်းဖြည်းနဲ့ဒီမြင်းလှည်းကြီးကပိုပြီး ဒုက္ခပေးလာပါလား။ အသုဘခေါင်းကြီးထဲမှာ အစ်ကို့နာမည်ထပ်ပါလာပြန်ပြီ"

မြင်းလှည်းကိုမောင်းနှင်နေရင်းမှ ကျင်းဟူက ယဉ်မေအား ပြောလိုက်သည်။ ယဉ်မေကခပ်ပြုံးပြုံးဖြင့် ....

"အစ်ကို့အဖြစ်ကတော့ တကယ်ဆန်းတယ်... တော်ရုံတန်ရုံ စိတ်ဓာတ်မခိုင်မာတဲ့သူဆိုရင် တစ်ခုခုဖြစ်သွားမှာသေချာတယ်"

ကျင်းဟူက....

"အစ်ကိုတောင် တဖြည်းဖြည်းရူးချင်ပြီလားမသိပါဘူး"

ကျင်းဟူတို့မှာကြုံတွေ့ခဲ့ရသောအဖြစ်အပျက်များ အပေါ် စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ ပေါ့ပေါ့တန်တန်သဘောထား၍ နောက်ပြောင်ရယ်မောနေကြလေတော့သည်။

ယင်းသို့ဖြင့် ထိုက်ခွန်ဟော်မြို့ပြင်သို့ရောက်ရှိလာခဲ့ကြလေသည်။ မြို့ပြင်နှင့် အတော်အလှမ်းကွာသောနေရာသို့ ရောက်ရှိသောအခါကျင်းဟူက....

"ဟာ... အခုမှသတိရတယ်"

ပြောပြောဆိုဆိုဖြင့် ကျင်းဟူကမြင်းလှည်းကိုရပ်တန့်လိုက်လေသည်။ ယဉ်မေကကျင်းဟူကိုဖျတ်ခနဲကြည့်ကာ....



"အစ်ကိုကျင်းဟူ... ဘာကျန်ခဲ့လို့လဲ"

ကျင်းဟူက....

"ဘာမှမကျန်ခဲ့ပါဘူး။ အစ်ကို ဒီမြင်းလှည်းကြီးနဲ့ပတ်သက်ပြီး အကြံတစ်ခုရလိုက်လို့ပါ"

"ဒါများအစ်ကိုရယ် အလန့်တကြားရှိလိုက်တာ၊ ဘာအကြံလို့လဲပြောပါဦး"

ယဉ်မေက ကျင်းဟူကို မျက်စောင်းတစ်ချက်ထိုးရင်းပြောပြီးမေးမြန်းလိုက်သည်။ ကျင်းဟူကတစ်ချက်ပြုံးလိုက်၏။

"ဒီလိုလေ... ဒီမြင်းလှည်းကြီးကို အစ်ကိုတို့ဘယ်မှာပဲဝှက်ထား ဝှက်ထား နောက်ဆုံးတော့... အစ်ကိုတို့ဆီကိုပဲပြန်ရောက်လာမယ်မဟုတ်လား"

"ဟုတ်တယ်လေ"

ကျင်းဟူက စကားဆက်လိုက်သည်။

"အခု အစ်ကိုရထားတဲ့အကြံက ဒီမြင်းလှည်းကြီး အစ်ကိုတို့ဆီကိုပြန်မရောက်လာနိုင်တဲ့နည်းလမ်းပါ"

ယဉ်မေကထောက်ခံသည့်သဘောဖြင့်....

"ဒါဆိုရင် သိပ်ကောင်းတာပေါ့... အစ်ကို ဘယ်လိုစီစဉ်မှာလဲ"

ကျင်းဟူက ယဉ်မေအားတစ်ချက်ပြုံးပြလိုက်ပြီး....

"အခု... အစ်ကိုတို့ကို အနှောင့်အယှက်လိုက်ပေးနေတဲ့မြင်း လှည်းကြီးနဲ့ဒီအသုဘခေါင်းကြီးကိုဖျက်ဆီးပစ်လိုက်ရင် အစ်ကိုတို့ နောက် ဘယ်လိုက်လာတော့မှာလဲ"

ကျင်းဟူ၏အကြံဥာဏ်မှာကောင်းလွန်းနေသဖြင့် ယဉ်မေ ရုတ်တရက် ဘာမျှပြန်မပြောနိုင်ဘဲဖြစ်နေသည်။

ကျင်းဟူက ယဉ်မေအားပြုံးကြည့်လိုက်ပြီး...

"ယဉ်မေ... ဘယ်လိုလဲ အစ်ကို့အကြံကောင်းပါတယ်နော်"

"ဟာ ကောင်းလွန်းလို့ ညီမဘာပြောရမှန်းမသိတော့ဘူး"

ကျင်းဟူက...

"ကဲ... ညီမပြန်ပြောစရာမရှိသေးရင်မပြောနဲ့ဦး၊ ဒီဟာကြီး တွေကိုဖျက်ဆီးပစ်ဖို့ကအရေးကြီးနေတယ်"

"ဟုတ်တယ်... ဟုတ်တယ်"

ထို့နောက် ကျင်းဟူနှင့်ယဉ်မေတို့သည် မြင်းလှည်းကြီးနှင့် အသုဘခေါင်းကြီးအား အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် တစ်စစီ ခုတ်ထစ်ပိုင်းဖြတ်လိုက်လေသည်။ ထို့နောက် ကျင်းဟူနှင့်ယဉ်မေတို့ နှစ်ယောက် ခရီးဆက်လက်ထွက်ခွာလာခဲ့ကြလေတော့သည်။

***



ကျင်းဟူနှင့်ယဉ်မေတို့ခရီးနှင်လာခဲ့ကြပြီး တစ်နေရာအ ရောက်တွင်...

"ယဉ်မေ... ဒီနေရာအရိပ်ကောင်းတယ် အစ်ကိုတို့ ဒီနေရာ မှာခဏနားလိုက်ကြရင်ကောင်းမယ်ထင်တယ်"

အရိပ်ကောင်းသော တောစပ်တစ်နေရာအရောက်တွင် ကျင်းဟူကယဉ်မေကိုပြောရင်း မြင်းပေါ်မှဆင်းကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ ယဉ်မေကလည်း ကျင်းဟူအနီးတွင်ထိုင်ချ လိုက်၏။ ထို့နောက် ကျင်းဟူက...

"ဒီနေ့တော့ ဘာမှအကျိုးမရှိဘဲနဲ့ အချိန်ကုန် လူပန်းရကိန်း ဆိုက်နေပြီ"

ယဉ်မေက...

"အင်း .... အမေသာအဖတ်တင်တယ်ဆိုတာ ဒါမျိုးပေါ့ အစ်ကို"

"ယဉ်မေ... တို့ ဒီလိုပုံအတိုင်းသွားနေလို့တော့ မဖြစ်ဘူးနဲ့ တူတယ်"

"ပြောပါဦးအစ်ကို"

ကျင်းဟူက...

"သိုင်းလောကကြီးထဲမှာလှုပ်ရှားတဲ့လူတွေက သူတို့နဲ့ မဆိုင်တဲ့ကိစ္စအတွက် အကူအညီပေးချင်ပုံမရကြဘူး၊ ဒီလူတွေထဲမှာ

သေမင်းအဆိပ်နဲ့ပတ်သက်တဲ့လူတွေလဲ ပါမှာကျိန်းသေတယ်"

ယဉ်မေသက်ပြင်းချလိုက်သည်။

"သူတို့က အကူအညီမပေးရင် ညီမတို့ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

"အင်းပေါ့... တစ်ချို့က သေမင်းအဆိပ်ရဲ့ရန်ကိုကြောက်လို့ မသိချင်ယောင်ဆောင်မယ်၊ တစ်ချို့က သူတို့ကိုယ်တိုင်သေမင်းအဆိပ်ရဲ့ဘက်တော်သားတွေဖြစ်ချင်ဖြစ်နေမှာ"

ကျင်းဟူသည် စကားစကိုခေတ္တဖြတ်လိုက်၏။ ထို့နောက် အဝေးဆီသို့ငေးမောတွေးတောဟန်ပြုနေလေတော့သည်။

ခဏကြာမှ ကျင်းဟူက....

"အင်း ဒီပုံစံအတိုင်းဆက်သွားလို့ကတော့ သေမင်းအဆိပ်ကိုစုံစမ်းလို့ရမှာမဟုတ်တော့ဘူး။ အချိန်တွေကုန်တာသာ အဖတ်တင်လိမ့်မယ်"

"အစ်ကိုဘာလုပ်ချင်လို့လဲ"

ယဉ်မေကမေးလိုက်ရာကျင်းဟူက....

"သေမင်းအဆိပ်ကိုစုံစမ်းဖို့ တခြားနည်းလမ်းတစ်ခုတော့စဉ်းစားမိတယ်"

"ဘယ်လိုနည်းလမ်းမျိုးလဲ"

ကျင်းဟူက....



"နာမည်ကြီးထိပ်သီး လူဆိုးသိုင်းသမားတွေထဲမှာ သေမင်းအဆိပ်ရဲ့လူတော့ ပါမှာကျိန်းသေတယ်၊ ဒီတော့ အဲ့ဒီလူတွေကိုဦးစားပေးပြီးမေးမြန်းစုံစမ်းရင်တော့ အကြောင်းထူးလာမှာအမှန်ပဲ"

ယဉ်မေကမျက်မှောင်ကုတ်ကာ ....

"သူတို့ကကော ညီမတို့ကို သူတို့သိထားတာတွေပြောပြပါ့မလား"

ကျင်းဟူပခုံးတွန့်လိုက်သည်။

"ကောင်းကောင်းမွန်မွန်မေးလို့မရရင်တော့ အတင်းအကျပ်မေးရမှာပေါ့၊ သေမင်းအဆိပ်ရဲ့လူဖြစ်လို့ကတော့ မရရတဲ့နည်းနဲ့မေးရမှာပဲ"

ယဉ်မေက....

"အဲ့ဒီနာမည်ကြီးထိပ်သီးဒုစရိုက်သမားတွေကို အစ်ကိုသိသလား"

"အင်း... သိတယ်"

ယဉ်မေ၏အမေးစကားကို ကျင်းဟူကခေါင်းညိတ်အဖြေပေးလိုက်သည်။ ထို့နောက် ထိုဒုစရိုက်သမားလူဆိုးများ၏နာမည်ကိုတစ်ယောက်ချင်းရွတ်ပြလိုက်၏။

"လိန်ဝေနယ်မှာကျက်စားနေတာက.... ကျောက်လက်ဝါးဒိုဖန်။ သံယပ်တောင်ထင်းရှန့်ကတော့ နေရာအနှံ့လျှောက်သွားနေ

တဲ့သူပဲ၊ နောက်အလယ်ပိုင်းကဆိုရင်.... မားဖြူတစ္ဆေငွေကြယ်ပွင့်၊ လက်ဝဲမားဦး၊ တစ်ဖက်လပ်မုတ်ဆိတ်၊ သက်တန့်ရောင်သခင်မ၊ သူကတော့မိန်းမပဲ၊ အရောင်ခုနစ်မျိုးနဲ့လုပ်ထားတဲ့အဆိပ်လက်နက်ပုန်းကိုသုံးတယ်"

"ဟား... ဟား... ဟား... နာမည်တွေကစုံလှချည်လား"

ကျင်းဟူ၏စကားမဆုံးမီမှာပင် ကြားဖြတ်၍ရယ်မောပြောဆိုလိုက်သောအသံကြီးက ရုတ်တရက်ထွက်ပေါ်လာလေသည်။

***



ရုတ်တရက်ထွက်ပေါ်လာသည့်ရယ်သံကြောင့် ကျင်းဟူနှင့် ယဉ်မေတို့ရင်ထိတ်သွားကြလေသည်။ သူတို့သည် အသံလာရာသို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။

သူတို့နောက်တွင်... လူတစ်ယောက် ခါးထောက်ရပ်လျက်ရှိနေသည်ကိုတွေ့ရ၏။

ယဉ်မေသည် ထိုလူအားကြည့်လိုက်ရာထိုလူမှာအသက် ၄၀ ကျော်ခန့်ရှိသည်။ ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းပြီး သူ၏ဘယ်ဘက်မျက်လုံးမှာ အမည်းရောင်အဝတ်တစ်ခုဖြင့်အုပ်ထားသည်။

သူ၏ပါးပြင်တစ်ခုလုံးမှာ မုတ်ဆိတ်မွေးဗရပျစ်ဖုံးနေ၏။

ထိုလူအားကြည့်လိုက်သည်နှင့် လူကောင်းတစ်ယောက် မဟုတ်မှန်းသိသာသည်။

"ရှင်ဘယ်သူလဲ"

ယဉ်မေကမေးလိုက်သည်။

ကျင်းဟူက သူမအားပြုံးပြလိုက်သည်။

"ခုနက အစ်ကိုပြောပြတဲ့ တစ်ဖက်လပ်မုတ်ဆိတ်ဆိုတာသူပဲပေါ့"

ယဉ်မေမျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် သူ့ကိုမေးချင်တာနဲ့အတော်ပဲ"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မေးရလိမ့်မယ်"

သူသည် မုတ်ဆိတ်အားလှမ်းမေးလိုက်၏။

"တစ်ဖက်လပ်မုတ်ဆိတ်ဆိုတာ ခင်ဗျားပဲမဟုတ်လား"

မုတ်ဆိတ်ကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူသည် ခါးထောက်လိုက်ပြီး....

"မင်းတို့ ငါ့အကြောင်းကို ဘာဖြစ်လို့ပြောနေရတာလဲ၊ ဆုငွေလိုချင်လို့လား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ"

မုတ်ဆိတ်မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘာဖြစ်လို့ကျုပ်နာမည်ကိုပြောရတာလဲ"

ကျင်းဟူက....

"ဒီလိုပါဗျာ... ကျွန်တော်တို့က အဆိပ်ဘုရင်ကိုလိုက်ရှာနေတာပါ၊ ဒါပေမဲ့ ရှာမတွေ့ဘူးဗျ၊ ဒါကြောင့် ခင်ဗျားတို့သိမလားလို့ပြောနေတာပါ"

မုတ်ဆိတ်၏မျက်နှာကွက်ခနဲပျက်သွားသည်။

"မင်းတို့ဘာလုပ်ဖို့မေးနေရတာလဲ"

ကျင်းဟူကပြုံးပြရင်း....



"သူ့ကိုတွေ့ချင်လို့ပေါ့"

မုတ်ဆိတ်၏မျက်နှာကွက်ခနဲပျက်သွားပြန်သည်။

"မင်းတို့သေချင်ပြီနဲ့တူတယ်"

ယဉ်မေကနှုတ်ခမ်းမဲ့လိုက်သည်။

"ကျွန်မတို့က မကြောက်လို့တွေ့ချင်တာပေါ့"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်ကသေရမှာမဲ့လူပါ၊ ဒါကြောင့် ကြောက်ရာမလိုတော့ပါဘူး"

မုတ်ဆိတ်မျက်လုံးပြူးကျယ်သွားသည်။

"ဘယ်လို... မင်းကသေရတော့မယ်ဟုတ်လား"

ကျင်းဟူပြုံးပြလိုက်သည်။

"ဟုတ်ပါတယ်... ကျုပ်ကအဆိပ်ဘုရင်ရဲ့အမိန့်စာကိုရထားလို့ပါ"

မုတ်ဆိတ်အံ့သြသွား၏။

"မင်းကအဆိပ်ဘုရင်အမိန့်စာရထားတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

မုတ်ဆိတ်က....

"ဒါဖြင့် မင်းမသေသေးပါလား"

ကျင်းဟူက....

"ကျုပ်သေရက်မစေ့သေးလို့ပါ"

မုတ်ဆိတ်မျက်မှောင်ကုပ်သွား၏။

"မင်းဘာကိုဆိုလိုတာလဲ"

ကျင်းဟူက....

"အဆိပ်ဘုရင်ပေးထားတဲ့ရက်ချိန်း မပြည့်သေးဘူးလို့ပြော နေတာ"

မုတ်ဆိတ်နားလည်သွားသည်။

"ဒါကြောင့်... မင်းက အဆိပ်ဘုရင်ကိုလိုက်ရှာနေတယ်ဆိုပါ တော့"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မုတ်ဆိတ်က....

"မင်းရှာလို့တွေ့ပြီလား"

ကျင်းဟူခေါင်းခါယမ်းလိုက်၏။

"မတွေ့သေးပါဘူး။ ဒါကြောင့်...."

ယဉ်မေကစကားဆက်လိုက်သည်။

"ဦးလေးသိရင် ကျေးဇူးပြုပြီးပြောပါလားရှင်"

မုတ်ဆိတ်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေ တော့သည်။



သူသည် လက်ကိုတွင်တွင်ခါယမ်းပြရင်း....

"ကျုပ်မသိဘူး... ကျုပ်ဘာမှမသိဘူး"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ပြေးလွှားထွက် ခွာသွားလေတော့၏။

❀❀❀

ယဉ်မေနှင့်ကျင်းဟူတို့သည်....

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ပြီးနောက် ရယ်မောလိုက်ကြလေသည်။

ခဏကြာမှ ....

"ဒါနဲ့ ဒီလူကြီးကလူဆိုးကြီးဆို"

ယဉ်မေကမေးလိုက်သည်။

ကျင်းဟူခေါင်းညိတ်သည်။

"ဟုတ်တယ်... ဖေဖေပြထားလို့ ကျုပ်ကမှတ်မိတာပါ"

ယဉ်မေခေါင်းခါယမ်းလိုက်၏။

"လူဆိုးကြီးတစ်ယောက်ဖြစ်ပြီး အဆိပ်ဘုရင်နာမည်ကြား ဘာနဲ့ တစ်ချိုးတည်းထွက်ပြေးတာအံ့ပါရဲ့"

ကျင်းဟူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ... ငါတို့ဆက်ပြီးသွားရင်ကောင်းမယ်"

ယဥ်မေက အနည်းငယ်စဥ်းစားလိုက်၏။

"ကျွန်မတို့ ဒီလိုသွားနေလို့အချိန်ကုန်ရုံပဲဖြစ်မှာပေါ့"

ကျင်းဟူက သူမအားလှမ်းကြည့်လိုက်သည်။

သူမကအနည်းငယ်စဥ်းစားလိုက်၏။

"ကျွန်မတော့စိတ်ကူးတစ်ခုရတယ်"

"ဘယ်လိုစိတ်ကူးလဲ၊ ပြောပါညီမ"

ယဥ်မေက....

"ကျွန်မတို့ ခုလို ပွင့်ပွင့်လင်းလင်းလိုက်မေးနေရင် ဘယ်သူကမှပြောမှာမဟုတ်ဘူး"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... လူတွေကအဆိပ်ဘုရင်နာမည်ကိုကြားတာနဲ့ တစ်ခါတည်းရှောင်တိမ်းသွားတော့တာပဲ"

"ဟုတ်တယ်အစ်ကို ဒါကြောင့် ဒီလိုမေးနေလို့ဖြစ်မှာမဟုတ်တော့ဘူး"

ကျင်းဟူ မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘယ်လိုမေးမလဲ"

"လုံးဝမမေးပါနဲ့"

ယဥ်မေ၏စကားကြောင့် ကျင်းဟူမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။



"လုံးဝမမေးပါနဲ့ဟုတ်လား"

ယဥ်မေကပြုံးလိုက်သည်။

"ကျွန်မဆိုလိုတာက သူများတွေ မသိအောင် တိတ်တိတ်လေးစုံစမ်းမယ်"

ကျင်းဟူကရယ်မောလိုက်သည်။

"အစ်ကိုသဘောပေါက်ပြီ"

ယဥ်မေက သူ့အားပြုံးပြလိုက်သည်။

"ကဲဒါဖြင့် သွားကြမယ်"

ယင်းသို့ဖြင့် သူတို့နှစ်ယောက်သည် ရှေ့သို့ခရီးဆက်ကြပြန်လေတော့သည်။

***

ယန်ကျူးမြို့....

ကျင်းဟူတို့သည် တည်းခိုခန်းတစ်ခန်းတွင် ဘေးချင်းကပ်အခန်းနှစ်ခန်းကိုငှားရမ်း၍နေထိုင်ကြသည်။ ယခုတစ်ကြိမ်တွင် သူတို့သည် အဆိပ်ဘုရင်၏အကြောင်းကိုမည်သူ့ကိုမှမမေးတော့ပါ။

သူတို့သည် နားနှင့်မျက်လုံးကိုသာ အသုံးချကြလေသည်။

သူတို့၏စုံစမ်းသောနည်းလမ်းမှာ... စားသောက်ဆိုင်များ လက်ဖက်ရည်ဆိုင်များနှင့်အထည်ဆိုင်များသို့လှည့်ပတ်သွားလာရင်း နားထောင်ကြည့်ရှုကြလေသည်။

သူတို့သည် ယန်ကျူးမြို့သို့ရောက်ရှိပြီးနောက်တစ်ရက်အကြတွင် လူများသည် အတုမဲ့သမားတော် ကြီးမော်ကျင့်၏အကြောင်း ပြောဆိုနေကြသည်ကိုကြားလိုက်ရလေသည်။

အတုမဲ့သမားတော်ကြီးအကြောင်းကို ကျင်းဟူ၏မိဘများကပြောပြခဲ့ဖူးသည်။

ထို့ကြောင့် သူစိတ်ဝင်စားလာလေသည်။

သူသည်ပြောဆိုနေကြသောသူများအနီးရှိ စားပွဲတစ်ခုတွင် သွားရောက်ထိုင်ချပြီး နှစ်ယောက်သားနားစွင့်လိုက်ကြသည်။

ထိုပြောဆိုနေကြသောလူများတို့သည် ခုနစ်ယောက်ပိုင်းဖွဲ့၍ဆူညံစွာပြောဆိုကြခြင်းဖြစ်၏။ သူတို့၏အသံသည် ကျယ်လောင်လွန်းလှသဖြင့် ကျင်းဟူတို့ကောင်းစွာကြားလိုက်ရသည်။



"ဘာမှမပူနဲ့တော့... အခုအဆိပ်ဘုရင်နဲ့ပညာချင်းပြိုင်မဲ့လူ ာစ်ယောက်ပေါ်လာပြီဗျ"

ထိုစကားပြောလိုက်သူမှာ သိုင်းသမားတစ်ယောက်ဖြစ် ည်မှာသေချာသည်။ သူ၏စကားကိုတစ်ယောက်က စောဒက ာက်လိုက်လေ၏။

"ဟာ... မဟုတ်တာဗျာ"

ပထမလူက....

"မင်းကမယုံလို့လား"

ဒုတိယလူက....

"အတုမဲ့သမားတော်ကြီးအကြောင်းကို ငါလဲကြားခဲ့ပါတယ်၊ ာကယ်တော်တဲ့သမားတော်ကြီးတစ်ယောက်ပါ"

ပထမလူက....

"ဒါဖြင့် မင်းကဘာဖြစ်လို့ ပြောနေရတာလဲ"

တတိယလူက....

"ဒီလိုကွ... ရှောင်အင်းဆိုတဲ့သိုင်းသမားတစ်ယောက်ကို ၊င်းတို့သိတယ်မဟုတ်လား"

ပထမလူကခေါင်းညိတ်လိုက်သည်။

"ကြားဖူးရုံတင်ဘယ်ကမလဲ... သူ့ကိုတစ်ခါတောင် မြင်ဖူး သေးတယ်"

တတိယလူကကြားဖြတ်လိုက်လေသည်။

"ရှောင်အင်းကနာမည်ကြီးပဲ... သူ့ကိုမသိတဲ့လူ အတော့်ကို ရှားပါတယ်ဗျာ"

ဒုတိယလူကခေါင်းညိတ်လိုက်သည်။

"သူသေသွားပြီလေ"

အားလုံးအံ့အားသင့်ကုန်ကြလေသည်။

"မင်းပြောတာတကယ်ပဲလား"

ဒုတိယလူက....

"ကျုပ်ကဘာဖြစ်လို့လိမ်ပြောရမှာလဲ"

ပထမလူက....

"သူ့အသက်ကငယ်ပါသေးတယ်... ဘာရောဂါနဲ့သေသွားရတာလဲ"

ဒုတိယလူက....

"အဆိပ်ဘုရင်ရဲ့အမိန့်စာကိုရတာနဲ့သေသွားတယ်လေ"

အားလုံး ဟာခနဲဖြစ်သွားကြလေသည်။

ပထမလူက....

"ဒါနဲ့ အတုမဲ့သမားတော်ကြီးနဲ့ဘာဆိုင်လို့လဲ"

ဒုတိယလူက....

"ဆိုင်တာပေါ့"



ပထမလူက....

"ဘယ်လိုဆိုင်တာလဲ၊ ပြောစမ်းပါ"

ဒုတိယလူက....

"ဒီလိုလေ... ရှောင်အင်းက အဆိပ်ဘုရင်ရဲ့အမိန့်စာကို ရရ ချင်းအတုမဲ့သမားတော်ကြီးဆီကိုသွားတယ်၊ သမားတော်ကြီးက သူ့ ကိုကုသပေးခဲ့ပေမဲ့ ဘယ်လိုမှကုမရဘဲသေသွားတယ်လေ"

ပထမလူက....

"ဒါကြောင့် သမားတော်ကြီးက အခုဘယ်သူ့ကိုမှအတွေ့ မခံဘဲ အဆိပ်ဘုရင်ရဲ့အဆိပ်ကိုဖြေနိုင်တဲ့ဆေးတစ်မျိုးကိုကြိုးစား ပမ်းစားဖော်စပ်နေတယ်လို့သတင်းထွက်နေတာကိုး"

ဒုတိယလူက....

"အောင်မြင်ပါစေလို့ဆုတောင်းရမှာပဲ"

ပထမလူက....

"သူကလူတော်တစ်ယောက်ပါ... အခုလိုမခံချင်စိတ်နဲ့ ကြိုး စားဖော်စပ်ရင်တော့ ဆေးစွမ်းကောင်းတစ်လက်ထွက်လာမှာ သေ ချာပါတယ်"

ယုဉ်မေသည် နားထောင်ရင်းအသံတိုးတိုးဖြင့်ကျင်းဟူအား ပြောလိုက်သည်။

"အစ်ကိုကြီး ပြောတာကြားသလား"

ကျင်းဟူကခေါင်းညိတ်ပြလိုက်သည်။

ယဉ်မေက....

"ဒါဖြင့် အစ်ကိုကြီးက အတုမဲ့သမားတော်ကြီးသတင်းကို မစုံစမ်းဘူးလား"

"စုံစမ်းပါတယ်... ဒါပေမဲ့ အခုထိသူဘယ်မှာရှိတယ်ဆိုတာ မသိရသေးဘူး"

ယဉ်မေက....

"အစ်ကိုကြီးသူတို့ကိုမေးကြည့်ပါလား... သူတို့သိချင်သိမှာပေါ့"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ"

သူသည် ထိုင်ရာမှထပြီး တစ်ဘက်စားပွဲသို့ကူးပြောင်းသွားလေသည်။

❋❋❋



လူခုနစ်ယောက်သည် အာဘောင်ဘာရင်းသံသံဖြင့် ငြင်းခုံပြောဆိုနေကြသည်။ သူတို့အနီးသို့ ကျင်းဟူရောက်လာသည်ကိုပင် သတိမထားမိကြပါ။

"အဟမ်း"

ကျင်းဟူကချောင်းတစ်ချက်ဟန့်လိုက်တော့မှ သူတို့ငြိမ်တူလှည့်ကြည့်လိုက်ကြသည်။

ကိုယ်လုံးထွားကျိုင်းသောလူတစ်ယောက်က....

"ဘာကိစ္စရှိလို့လဲသူငယ်"

ဟုမေးလိုက်သည်။

ကျင်းဟူကပြုံးပြရင်း....

"ခုနတုန်းက ဦးတို့ပြောနေကြတဲ့အတုမဲ့သမားတော်ကြီး ဘယ်မှာနေတယ်ဆိုတာ ကျေးဇူးပြုပြီးပြောပြပါလားခင်ဗျာ"

ထိုလူခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့လဲ သူ့သတင်းကိုသာကြားနေရတာ သူဘယ်မှာရှိတယ်ဆိုတာမသိကြပါဘူး"

ကျင်းဟူစိတ်ဓာတ်ကျသွားသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ပြောပြီး မိမိ၏စားပွဲရှိရာသို့ပြန်သွားပြီး စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။

ယဥ်မေက သူ့အားပြုံးပြကာ....

"စိတ်မပျက်ပါနဲ့အစ်ကို.... မေးပါများ စကားရဆိုတာရှိပါတယ်၊ ဆက်ပြီးကြိုးစားရင်အကြောင်းတော့ထူးလာမှာပါ"

သူတို့ပြောဆိုနေစဉ် အဘိုးအိုတစ်ယောက် လွယ်အိတ်တစ်လုံးလွယ်ကာတောင်ဝှေးတစ်ချောင်းကိုထောက်လျက် ဆိုင်ထဲလှမ်းဝင်လာလေသည်။

အမှန်တော့ ထိုအဘိုးအိုသည် အတုမဲ့သမားတော်ကြီးပင်ဖြစ်၏။ ယဥ်မေနှင့်ကျင်းဟူတို့က သူ့အားမြင်တွေ့လိုက်ကြရသော်လည်း ထိုသူမှာ အတုမဲ့သမားတော်ကြီးဖြစ်ကြောင်း လုံးဝမသိလိုက်ကြချေ။

❋❋❋



အတုမဲ့သမားတော်ကြီး ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်နှင့် ဟိုဟိုသည်သည်ရှာဖွေကြည့်ရှုလိုက်သည်။

ထိုအခါ ဆိုင်ခန်းတစ်ခုလုံး ဧည့်သည်များဖြင့်ပြည့်နှက်နေပြီး လွတ်နေသောစားပွဲတစ်လုံးပင် မရှိသည်ကိုတွေ့ရလေသည်။

ကျင်းဟူကအမြင်မတော်သဖြင့် နေရာထိုင်ခင်းပေးလိုက်၏။

"အဘ... ဒီမှာလာထိုင်ပါ"

သမားတော်ကြီးက သူ့အားပြုံး၍ခေါင်းညိတ်ပြပြီး သူတို့နှင့်မျက်နှာချင်းဆိုင်၍ထိုင်ချလိုက်သည်။

"ကျေးဇူးတင်ပါတယ်သူငယ်"

ထိုစဉ် ဆိုင်လုလင်ရောက်ရှိလာသည်။

သူသည် အကျီစုတ်ပြဲပြီး အဆင်းမလှသောသမားတော်ကြီးအား အထင်သေးစွာဖြင့်....

"ဒီမှာ တခြားနေရာသွားပါဗျာ... ဟောဒီက အစ်ကိုလေးနဲ့အစ်မလေးတို့ကိုအနှောင့်အယှက်မပေးပါနဲ့"

ကျင်းဟူက ကမန်းကတန်းဟန့်တားလိုက်သည်။

"ဒီလိုမပြောပါနဲ့... အဘစားချင်တဲ့အစားအစာကိုသာ အမြန်ဆုံးစီစဉ်ပါ၊ ငွေကိုကျုပ်တာဝန်ယူတယ်"

ဆိုင်လုလင်ကမျက်နှာချိုသွေး၍ထွက်သွားသည်။

သမားတော်ကြီးကသက်ပြင်းတစ်ချက်ချလိုက်ရင်း....

"ငါ့ဘဝက တယ်ဆိုးပါလား၊ ဘာမဟုတ်တဲ့ဆိုင်လုလင်က တောင် ငါ့ကိုစော်ကားတာခံနေရတယ်"

အတုမဲ့သမားတော်ကြီးသည် ယင်းသို့တစ်ယောက်တည်း ညည်းညူပြောဆိုနေသည်ကို ကျင်းဟူက ကြားသွားလေသည်။

ထိုအဘိုးအိုသည်....

တစ်ချိန်က ကျော်ကြားခဲ့သောပုဂ္ဂိုလ်တစ်ယောက်ဖြစ်မည် ဟုရိပ်စားမိလိုက်လေသည်။

သိုင်းသမားတစ်ယောက်သည် ငယ်ရွယ်စဉ်က လျှမ်းလျှမ်း တောက်ကျော်ကြားပြီး အိုမင်းရင့်ရော်လာသောအခါ မည်သူကမှ သူ့ အား အရေးတယူဆက်ဆံခြင်းမပြုတော့သည့် ဖြစ်ရပ်သည် သိုင်း လောက၌ရိုးနေပြီမဟုတ်ပါလား။

ထို့ကြောင့် ကျင်းဟူသည် ထိုအဘိုးအိုအပေါ် သနားကြင်နာ စိတ်များဖြစ်ပေါ်လာလေသည်။

"ဦးက ဘယ်သူလဲခင်ဗျာ"

ဟု ပြုံး၍မေးလိုက်လေသည်။

သမားတော်ကြီးက သက်ပြင်းချလိုက်သည်။

"ငါ့နာမည်ကိုမေးမနေပါနဲ့တော့"

"ဘာဖြစ်လို့လဲခင်ဗျာ"



"ငါ့နာမည်ပြောပြရင် မင်းပါရောပြီး ငါ့ကိုအထင်သေးသွား ဟာသေချာတယ်"

"ဘာဖြစ်လို့ ဦးကိုအထင်သေးရမှာလဲ"

"ဒါကတော့ အားလုံးကငါ့ကိုအထင်သေးနေတာပဲ"

"ဦးကို လူတွေက ဘာကြောင့်အထင်သေးကြတာလဲ"

သမားတော်ကြီးက သက်ပြင်းချလိုက်သည်။

"အတုမဲ့သိုင်းသမားသမားတော်ဆိုတာ မင်းကြားဖူးလား"

ကျင်းဟူကယဉ်ရွှေမအားကြည့်လိုက်သည်။

ယဉ်မေကလည်း ကျင်းဟူအားပြန်ကြည့်နေသည်။ ကျင်းဟူ သည် သမားတော်ကြီးအားအကဲခတ်ကြည့်လိုက်ပြီး....

"ဦးက အတုမဲ့သမားတော်ကြီးဟုတ်လား"

သမားတော်ကြီးက ဖြည်းလေးစွာခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ယဉ်မေနှင့်ကျင်းဟူတို့ အံ့ဩသွားသည်။

ယဉ်မေကမေးလိုက်သည်။

"ဦးကို လူတွေကဘာဖြစ်လို့အထင်သေးကြတာလဲဟင်"

သမားတော်ကြီးသက်ပြင်းချလိုက်ပြန်သည်။

"အဆိပ်ဘုရင်ကြောင့်ပေါ့ကွယ်"

"ရှင်"

ယဉ်မေက ကျင်းဟူအားလှည့်ကြည့်လိုက်၏။

ပြီးမှ....

"အဆိပ်ဘုရင်က ဦးကိုအဆိပ်ခတ်လိုက်လို့လား"

သမားတော်ကြီးခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲဦး"

"ကျုပ်က သူ့အဆိပ်ကိုဖြေနိုင်ဖို့ ဖြေဆေးတစ်မျိုးတီထွင်ဖော်စပ်ခဲ့တယ်လေ၊ ဒါပေမဲ့...."

သူသည် ပြောရင်းစိတ်ပျက်စွာဖြင့် စကားကိုရပ်တန့်လိုက်သည်။ ကျင်းဟူက မနေနိုင်ဘဲမေးလိုက်ပြန်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲဦး"

သမားတော်ကြီးက....

"ရှောင်အင်းဆိုတဲ့သိုင်းသမားက အဆိပ်ဘုရင်ရဲ့အဆိပ်မိထားလို့ ဦးဆီကိုအားကိုးတကြီးရောက်လာခဲ့တယ်"

ကျင်းဟူသက်ပြင်းချလိုက်သည်။

"ဒီအကြောင်းကျွန်တော်ကြားပြီးပါပြီ"

သမားတော်ကြီးက မကျေနပ်သောလေသံဖြင့်....

"အမှန်ပြောရရင် သူက အချိန်လွန်မှ ကျုပ်ဆီကိုရောက်လာခဲ့တာပါ၊ ကျုပ်ရဲ့ဖြေဆေးကိုမသောက်ရဘဲနဲ့သေဆုံးသွားတာကွဲ့"



သူသည် ခံပြင်းဟန်ဖြင့်စကားဆက်လိုက်သည်။

"အဲဒါကိုမသိဘဲ ကျုပ်ရဲ့ဖြေဆေးသောက်လို့သေသွားတယ်လို့ပြောသူကပြော၊ ကျုပ်ရဲ့ဖြေဆေးကအသုံးကျတာမဟုတ်ဘူး၊ သက်သက်မဲ့ နာမည်ကြီးအောင်ထွင်တာလို့ ပြောတဲ့လူက ပြောနဲ့နောက်ဆုံးတော့ ငါ့ကိုအားလုံးကဝိုင်းပယ်ကြတော့တာပဲ"

ကျင်းဟူနဲ့ယဉ်မေတို့ စိတ်မကောင်းဖြစ်သွားကြသည်။

ယဉ်မေက....

"ဒါနဲ့ အခု ဦးကဘယ်သွားမလို့လဲ"

သမားတော်ကြီးသည် စကားမပြောနိုင်သေးဘဲဆိုင်လုလင်သာရောက်ချပေးသောထမင်းဟင်းများကို အားရပါးရစားနေသည်။

အတန်ကြာမှ သူကပန်းကန်ကိုချကာ....

"ဦးကတော့ စိတ်မလျှော့သေးဘူး... အဆိပ်ဘုရင်ကိုလိုက်ရှာပြီးစိန်ခေါ်မလို့"

"ဗျာ..."

ကျင်းဟူအံ့သြသွားသည်။

"ဦးကအဆိပ်ဘုရင်ကိုလိုက်ရှာမလို့ဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူ့ကိုကျုပ်ဘယ်တော့မှမကျေဘူး"

ကျင်းဟူကရယ်မောလိုက်သည်။

"ဒါဆိုအတော်ပဲ ကျွန်တော်တို့နဲ့လိုက်ခဲ့"

သမားတော်ကြီးက သူ့အားမျက်မှောင်ကြုတ်၍ကြည့်ကာ

"မင်းက ဘယ်သွားမလို့လဲ"

ကျင်းဟူက....

"ကျွန်တော်တို့လဲ အဆိပ်ဘုရင်ကိုလိုက်ရှာနေတာ"

"ဟေ...."

သမားတော်ကြီးအံ့ဩသွားသည်။

"မင်းက ဘာကိစ္စနဲ့အဆိပ်ဘုရင်ကိုတွေ့ချင်ရတာလဲ"

ကျင်းဟူကပြုံးပြလိုက်သည်။

"ကျွန်တော့်မှာ အဆိပ်ဘုရင်ရဲ့အဆိပ်မိထားလို့"

သမားတော်ကြီး၏မျက်လုံးအစုံသည် ရုတ်တရက်ဝိုင်းစက် ပြူးကျယ်သွားလေသည်။

"မင်းက အဆိပ်ဘုရင်ရဲ့အဆိပ်မိထားတယ်ဟုတ်လား"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဦး"

သမားတော်ကြီးပို၍အံ့ဩသွားသည်။

"မင်းက အဆိပ်ဘုရင်ရဲ့အဆိပ်မိထားပါလျက် ဘာဖြစ်လို့ ရယ်ရယ်မောမောဖြစ်နေရတာလဲ"

ကျင်းဟူပြုံးလိုက်သည်။



"ကြောက်နေလို့ကော ဘာထူးမှာလဲ၊ ဒါကြောင့် သေရမဲ့ အတူတူ ကျွန်တော်သူ့ကိုလိုက်သတ်ပြီးမှသေမယ်"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"မင်းရဲ့စိတ်ထားနဲ့သတ္တိကိုတော့ ငါကြိုက်သွားပြီ"

သူသည် ယဉ်မေအားကြည့်လိုက်သည်။

"သူကော မင်းနဲ့ဘာတော်သလဲ"

ကျင်းဟူကခေါင်းခါယမ်းလိုက်သည်။

"ဘာမှမတော်ပါဘူး"

သမားတော်ကြီးမျက်လုံးပြူးသွားသည်။

ကျင်းဟူကစကားဆက်လိုက်၏။

"သူ့ကို ကျွန်တော်က လမ်းမှာတွေ့လို့ အဖော်ခေါ်လာတာ ပါ"

ယဉ်မေက....

"ကျွန်မအဖေက အဆိပ်ဘုရင်အမိန့်စာရပြီးသေဆုံးသွားလို့ ကျွန်မက အဆိပ်ဘုရင်ကိုရှာသတ်ချင်လို့ထွက်လာခဲ့တာ... ဒီအစ်ကို ကြီးနဲ့တွေ့ပြီး ရည်ရွယ်ချက်ချင်းတူနေလို့အဖော်လိုက်ခဲ့တာပါ"

သမားတော်ကြီးက ကျင်းဟူ၏မျက်နှာကိုကြည့်လိုက် သည်။

"ဒါနဲ့မင်းသေရမယ့်နေ့က ဘယ်နေ့လဲ"

"(၁၀)လ (၂၃)ရက်ပါ ဦး"

"အခုဘယ်နှစ်ရက်လဲ"

ကျင်းဟူကအနည်းငယ်စဉ်းစားလိုက်သည်။

"ဒီကနေ့ ဆယ့်လေးရက်"

"ဒါဖြင့် မင်းမှာကိုးရက်အချိန်ရသေးတယ်"

"ဟုတ်ကဲ့"

သမားတော်ကြီးသည် အတန်ကြာအောင်စဉ်းစားလိုက်ပြီးမှ ခေါင်းထောင်၍ကျင်းဟူအားကြည့်လိုက်သည်။

"မင်း ဦးလေးကိုယုံရဲ့လား"

ကျင်းဟူကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာကိုယုံရမှာလဲ ဦး"

"ငါ့ရဲ့အဆိပ်ဖြေဆေးလေ"

ကျင်းဟူကပြုံးလိုက်သည်။

"ကျွန်တော်ကသေလူပဲ၊ မယုံစရာအကြောင်းမရှိပါဘူး"

သမားတော်ကြီးဝမ်းသာသွားသည်။

"ဒါဖြင့် ဦးစမ်းသပ်ဖော်စပ်ထားတဲ့ဖြေဆေးကို သောက်သုံးကြည့်လိုက်ပါလား။ ဟန်ကျရင်... မင်းအသက်လဲမသေတော့ဘူး။ အဆိပ်ဘုရင်ရဲ့အဆိပ်ကိုလဲ ဘယ်သူကမှကြောက်စရာမလိုတော့ဘူးပေါ့"



ယဉ်မေစိုးရိမ်သွားသည်။

"ဖြစ်ပါ့မလား ဦး"

သမားတော်ကြီးက....

"မင်း ငါ့ကိုမယုံလို့လား"

ယဉ်မေခေါင်းခါယမ်းလိုက်သည်။

"မယုံလို့မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"အခု အစ်ကိုက ဒီအတိုင်းနေရင်း ကိုးရက်အချိန်ရဦးမယ်၊ ...တော်ကြာ ဦးရဲ့ဖြေဆေးသောက်ပြီးမှ ချက်ချင်း...."

သူမက စကားမဆက်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

သမားတော်ကြီးက....

"အခုချက်ချင်းသေသွားမှာစိုးလို့လား"

ယဉ်မေခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ရှင်"

သမားတော်ကြီးကသက်ပြင်းချရင်း ....

"ဒီအတွက်တော့စိတ်ချ၊ ကျုပ်ရဲ့ဖြေဆေးခွေးတစ်ကောင် ...ခမ်းပြီးကျွေးကြည့်ပြီးပြီ၊ မသေနိုင်ဘူးဆိုတာသိလို့ အခုလိုပြော ...တာပေါ့"

ကျင်းဟူရယ်မောလိုက်၏။

"ကျွန်တော်က သေရမှာပဲ... မြန်မြန်သေတာနဲ့နေးနေး သေတာပဲကွာပါတယ်၊ ဒါကြောင့် ဦးရဲ့ဖြေဆေးကိုသောက်ပါ့မယ်"

သမားတော်ကြီးဝမ်းသာသွား၏။

"ကောင်းပြီ... မင်းတို့ငါ့နောက်လိုက်ခဲ့ကြ"

❋❋❋

သမားတော်ကြီး၏နေထိုင်သောနေရာသည် မြို့ပြင်ဘက်တွင်ရှိသည်။

သမားတော်ကြီး၏ယာယီနေအိမ်ဟုဆိုရပေမည်။

ကျင်းဟူနှင့်ယဉ်မေတို့သည် တဲအိမ်ထဲသို့လှမ်းဝင်မိလိုက်သည်နှင့်ဆေးဝါးအနံ့များ ထောင်းခနဲရှူရှိုက်မိလိုက်သည်။

သေးငယ်သောအခန်းထဲ၌ ဆေးဝါးများထည့်ထားသောဆေးဘူးကလေးများ ပြန့်ကြဲလျက်ရှိနေသည်။ သမားတော်ကြီးသည်ယဉ်မေအားအပြင်ဘက်တွင်ထိုင်စေသည်။

"ငါ့တူမကြီးက ဒီမှာပဲထိုင်ပါ"

ယဉ်မေသည် ဝါးဖြင့်ပြုလုပ်ထားသောကုလားထိုင်ပေါ်သို့ထိုင်ချလိုက်၏။ သမားတော်ကြီးက ကျင်းဟူဘက်သို့ လှည့်ကြည့်လိုက်သည်။

"ကဲ... ငါ့နောက်လိုက်ခဲ့"



သူသည် ကျင်းဟူအား နောက်ဘက်ရှိအခန်းငယ်တစ်ခုသို့ ခေါ်ဆောင်သွားလေသည်။

ယင်းအခန်းငယ်တွင် ကွပ်ပျစ်တစ်ခုမှလွဲ၍ မည်သည့်အရာမှမရှိပါ။

သမားတော်ကြီး၏အိပ်ခန်းဖြစ်မည်ဟုခန့်မှန်းရလေ၏။

သမားတော်ကြီးက ကျင်းဟူအားကွပ်ပျစ်ပေါ်လဲလျောင်းစေသည်။ ထို့နောက်.... ကျင်းဟူ၏ခန္ဓာကိုယ်တစ်ခုလုံးကို စမ်းသပ်ကြည့်ရှုလိုက်သည်။

ဤတွင် သူ၏မျက်နှာပေါ်၌ မဖော်ပြနိုင်သောဟန်မူရာများ ဖြစ်ပေါ်လာ၏။

သူသည် ကျင်းဟူအားကြည့်ကာတွေဝေနေသည်။

ကျင်းဟူ အနည်းငယ်အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲဦး"

သမားတော်ကြီးက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ငါတော့ရှုံးသွားပြီလားမသိဘူး"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲဦး"

သမားတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဆိပ်ဘုရင်ကိုတော့ ငါတော်တော်အံ့သြသွားပြီ'

"ဘာဖြစ်လို့လဲ"

သမားတော်ကြီးက....

"မင်းရဲ့ခန္ဓာကိုယ်ကို ငါသေသေချာချာစမ်းသပ်ကြည့်တဲ့အခါ... သွေးကြောလည်ပတ်မှု ကိုယ်ခန္ဓာ ကိုယ်အတွင်းပိုင်းအင်္ဂါ အားလုံးအကောင်းပကတိဖြစ်နေတာကိုတွေ့ရတယ်"

ကျင်းဟူက....

"အဲ့ဒါက အဆိပ်ရဲ့အာနိသင်မပြသေးလို့ဖြစ်မှာပေါ့"

သမားတော်ကြီးခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး... ဘာဖြစ်လို့လဲဆိုရင် အဆိပ်မိထားတဲ့ လူတစ်ယောက်ဟာ လက္ခဏာတစ်ခုခုတော့ထူးခြားရမယ် မဟုတ်လား"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဒါလဲဟုတ်တာပဲ"

သမားတော်ကြီးက....

"ရှောင်အင်း ငါ့ဆီကိုလာတုန်းကို ငါသေချာစမ်းသပ်ကြည့်ခဲ့တယ်၊ သူ့ရဲ့တန့်ချွန်းသွေးကြောနေရာမှာ အေးစိမ့်တဲ့အငွေ့တစ်ခုကိုစမ်းသပ်တွေ့ရှိရတယ်၊ ဒါပေမဲ့ သူ့ကိုမေးကြည့်တဲ့အခါ သူက ဘာမှမခံစားရဘူးလို့ပြောတယ်"

သူသည် သက်ပြင်းတစ်ချက်ချ၍စကားဆက်လိုက်၏။



"အခု မင်းမှာအဆိပ်သင့်တဲ့လက္ခဏာ လုံးဝမတွေ့ရဘူး။ အကြောင့်...."

ကျင်းဟူအတွေးရခက်သွားလေ၏။

"ဦးဆိုလိုတာက ကျွန်တော့်မှာ ဘာအဆိပ်မှမသင့်ဘူးဆိုတဲ့ သဘောလား"

သမားတော်ကြီးကခေါင်းညိတ်လိုက်သည်။

"အခုတော့ ဒီလိုပဲဆိုရမှာပဲ"

"ဒါဖြင့် ဖြေဆေးလဲသောက်စရာမလိုတော့ဘူးဆိုပါတော့"

သမားတော်ကြီးသက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲ့ဒါကို ငါအစဉ်းစားရခက်နေတာပေါ့"

ကျင်းဟူမျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

သမားတော်ကြီးက....

"သူကမင်းကိုအဆိပ်မခတ်ဘဲ သူ့ရဲ့အမိန့်စာ မင်းဆီရောက်လာမှာမဟုတ်ဘူး"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဦး"

သမားတော်ကြီးက....

"တစ်ခုတော့တစ်ခုပဲ... စဉ်းစားစရာတော့လိုတယ်"

ကျင်းဟူက....

"ဘာကိုစဉ်းစားရမှာလဲဦး"

သမားတော်ကြီး အတန်ကြာစဉ်းစားလိုက်ပြီးမှ....

"အဆိပ်ဘုရင်ဟာ နောက်ထပ်အဆိပ်တစ်မျိုးတီထွင်လိုက်သလားလို့ ငါသံသယဖြစ်လာတယ်"

ကျင်းဟူပါးစပ်ပိတ်ထားလိုက်သည်။

❋❋❋

ကျင်းဟူ၊ ယဉ်မေနှင့်သမားတော်ကြီးတို့သည် အကြံအိုက်နေကြ၏။ သမားတော်ကြီး သူတီထွင်ဖော်စပ်ထားသောဖြေဆေးမှာ မုချအောင်မြင်ရမည်ဟုတထစ်ချယုံကြည်ထားသည်။

ထို့ကြောင့် သူသည် အဆိပ်ဘုရင်အားစိန်ခေါ်လိုက်ခြင်းဖြစ်သည်။ သူသည် ရှောင်အင်း၏ကိစ္စဖြစ်ပွားပြီးနောက် သိုင်းလောကသားများ၏ကဲ့ရဲ့ ရှုတ်ချခြင်းကိုခံခဲ့ရသည်။

ပထမတွင် သူသည် သမားတော်ကြီးအလုပ်ကိုပါ ရပ်တန့်လိုက်သည်။ သို့သော် သူသည် မဟုတ်မခံဖွဲ့လုံ့လဝီရိယရှိသောလူတစ်ယောက်ဖြစ်ရာ အခက်အခဲများကိုလွယ်လွယ်နှင့်လက်လျှော့တတ်ခြင်းမရှိပါ။ ထို့ကြောင့် သူသည် ဆေးဝါးများကိုယူဆောင်ကာ မိမိဌာနေမှထွက်ခွာလာခဲ့သည်။



သူ၏ရည်ရွယ်ချက်မှာ အဆိပ်ဘုရင်အမိန့်ရရှိထားသော လူအားလိုက်လံစုံစမ်းရင်း ကုသပေးရန်ဖြစ်သည်။ အခြားရည်ရွယ်ချက်တစ်ခုမှာ အဆိပ်ဘုရင်ကိုတွေ့အောင်ရှာရန်ဖြစ်သည်။

အဆိပ်ဘုရင်သည် လူကြားသူကြားထဲတွင် ကိုယ်ရောင်ဖျောက်ထားသည်ဟုယုံကြည်ထား၏။

အကြောင်းမှာ... အဆိပ်ကျွမ်းကျင်သည့်လူတစ်ယောက်သည် ရုပ်ဖျက်သည့်ပညာကိုလည်း ကျွမ်းကျင်စွာတတ်မြောက်လေ့ရှိသောကြောင့်ဖြစ်သည်။

ယခု.... သူသည် ပထမရည်ရွယ်ချက်ကိုအကောင်အထည်ဖော်နိုင်ပြီဖြစ်၏။

သူသည် အဆိပ်ဘုရင်၏အဆိပ်သင့်နေသော ကျင်းဟူအားတွေ့ရှိလိုက်ပြီမဟုတ်ပါလော။

သို့သော်.... သူသည် ကျင်းဟူအားစမ်းသပ်လိုက်သောအခါ ကျင်းဟူကိုယ်ခန္ဓာတွင် အဆိပ်သင့်နေသောလက္ခဏာလုံးဝမတွေ့ရသဖြင့် အလွန်အံ့သြသွားသည်။

အလွန်လည်း စိတ်ပျက်သွားသည်။

ထို့ကြောင့် သူတို့သုံးယောက်သည်ဝိုင်းဖွဲ့ထိုင်ကာ ရှေ့မည်သို့ဆက်လုပ်ရမည်ကိုအကြံထုတ်နေကြခြင်းဖြစ်၏။

သို့သော်....

သူတို့သည် ရုတ်တရက် မည်သည့်အကြံကိုမျှစဉ်းစားမရ ဖြစ်နေသည်။ ထိုအချိန်မှာပင် ယဉ်မေ၏ထိတ်လန့်တကြားအော်လိုက် သောအသံကိုကြားလိုက်ရလေသည်။

"ဟို... ဟိုမှာ"

ကျောင်းဟူနှင့်သမားတော်တို့သည် ယဉ်မေညွှန်ပြရာသို့ကြည့် လိုက်ရာ တံခါးဘောင်ပေါ်တွင် အလံကလေးတစ်ခုစိုက်ထူထားသည် ကိုတွေ့လိုက်ရလေသည်။

အလံပေါ်တွင် ....

"မော်ကျင့်... (၁၀)လပိုင်း (၃၀)ရက်

သေမင်းအဆိပ်အမိန့်"

❋❋❋



## အဆိပ်ဘုရင်၏အမိန့်

မော်ကျင့်....

၁၀–လပိုင်း။ ၃၀–ရက်နေ့

အဆိပ်ဘုရင်အမိန့်

အတုမဲ့သမားတော်ကြီးသည် အားရပါးရရယ်မောလိုက် လေ၏။ သူသည် အတန်ကြာအောင် အားရပါးရရယ်မောပြီးမှ အ ယ်ရပ်ကာ....

"ဟင်း... ဟင်း.... တော်တော်လာတဲ့လူပဲ... ငါ သူ့ကိုလိုက် ရှာနေတုန်း သူကငါ့ကိုတောင်စိန်ခေါ်လာပြီပဲ"

ကျောင်းဟူနှင့်ယဉ်မေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သည် အလွန်အံ့သြနေကြသည်။

မိမိတို့သည် အဆိပ်ဘုရင်အား နေရာအနှံ့လိုက်လံရှာဖွေခဲ့ ကြ၏။

သို့သော် အဆိပ်ဘုရင်၏အရိပ်အယောင်ကိုပင်မတွေ့ခဲ့ရပါ။

ယခုမူ အဆိပ်ဘုရင်အမိန့်က ဤနေရာသို့မည်သို့ရောက်ရှိလာပါသနည်း။

သမားတော်ကြီးမော်ကျင့် ဤနေရာတွင်နေထိုင်သည်ကို မည်ကဲ့သို့သိရှိခဲ့ပါသနည်း။

သူတို့သည် အတွေးကိုယ်စီဖြင့်ငြိမ်သက်စွာစဉ်းစားနေရာ သမားတော်ကြီးက သူတို့အားကြည့်ရင်းစကားဆက်လိုက်သည်။

"ကျုပ် ဒီမှာနေတယ်ဆိုတာ သိတဲ့လူမရှိသလောက်ပါဘဲ"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်... ဟုတ်ပါတယ်ဦး"

သမားတော်ကြီးကစကားဆက်လိုက်သည်။

"ခုတော့ အဆိပ်ဘုရင်က ငါနေထိုင်တဲ့နေရာကိုတန်းတန်းမတ်မတ် သူ့ရဲ့အမိန့်ပို့နိုင်တာအံ့သြစရာမကောင်းဘူးလား"

ယဉ်မေခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဦး"

သမားတော်ကြီးက သူတို့နှစ်ယောက်အား တစ်ချက်ရှေကြည့်လိုက်သည်။

"ဒီအတိုင်းဆို အဆိပ်ဘုရင်ဟာ မင်းတို့နှစ်ယောက်တည်းက တစ်ယောက်ဖြစ်တယ်ဆိုတာဖော်ပြရာမကျဘူးလား"

ကျင်းဟူကရယ်မောရင်းခေါင်းခါယမ်းလိုက်သည်။



"ကျွန်တော်က သူ့ကို မတွေ့တွေ့အောင်ရှာနေတဲ့လူပါ။ အကြောင့် ကျုပ်မဟုတ်ဘူးဆိုတာသေချာပါတယ်"

သမားတော်ကြီးကယဉ်မေအားလှည့်ကြည့်လိုက်သည်။

ယဉ်မေကခေါင်းခါယမ်းလိုက်သည်။

"ကျွန်မလဲ အဆိပ်ဘုရင်ကိုလိုက်ရှာနေတဲ့လူတစ်ယောက်

သမားတော်ကြီးကပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါလဲဟုတ်တာပဲ"

သူသည် အနည်းငယ်စဉ်းစားလိုက်သည်။

"သူက အခုလိုငါလျှို့ဝှက်နေထိုင်တဲ့နေရာကို သူ့ရဲ့အမိန့်စာပေးနိုင်တာ တော်တော်ကိုအံ့သြဖို့ကောင်းတယ်"

သူသည် ရယ်မောလိုက်ပြီး....

"ဘာဖြစ်ဖြစ် ကျုပ်အတွက်တော့ သူ့ကိုလိုက်ရှာဖို့ သဲလွန်စတစ်ခုရလိုက်တာပေါ့"

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"သဲလွန်စရနိုင်တယ်ဟုတ်လား"

သမားတော်ကြီးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ရနိုင်ပါတယ်"

သူသည် ပြောရင်းလက်ကာပြလိုက်သည်။

"ကဲ... အခုတော့ မင်းရဲ့အဆိပ်ကို အရင်ပျောက်အောင် ကုသပေးဖို့ကြိုးစားရမှာ၊ အောင်မြင်သွားရင် အဆိပ်ဘုရင်ကိုလဲ မှ စရာမလိုတော့ဘူး"

❋❋❋

ထိုနေ့... ကျင်းဟူနှင့်ယဉ်မေတို့သည် သမားတော်ကြီး၏ လျှို့ဝှက်နေအိမ်တွင်တည်းခိုရသည်။ သမားတော်ကြီးသည် ကျင်းဟူ အားစမ်းသပ်ခဲ့သည်။ သို့သော် အဆိပ်မိထားသည့်လက္ခဏာ လုံးဝ မတွေ့ခဲ့ရ။

ထို့ကြောင့် ယခု သူသည် ဘဝင်မကျသဖြင့် ထပ်မံစစ်ဆေး ခြင်းဖြစ်သည်။ သူသည် အချိန်အတန်ကြာ စစ်ဆေးကြည့်ပြီးနောက် မျက်မှောင်ကုပ်သွားလေသည်။

သူ၏မျက်နှာတစ်ခုလုံးသည်လည်း တည်ငြိမ်လေးနက်လာ၏။ ယဉ်မေသည် သမားတော်ကြီး စိတ်ကူးပျက်သွားမည်ကိုစိုးရိမ်၍ မမေးဘဲစောင့်ကြည့်နေ၏။

အတန်ကြာမှ သမားတော်ကြီးကစိတ်ပျက်လက်ပျက်နှင့် လက်မှိုင်ချသွားလေသည်။

"အင်း... တော်တော့်ကိုအံ့သြဖို့ကောင်းတယ်"

သူ၏ညည်းညူသံကြောင့် ....



"ဘာဖြစ်လို့လဲ ဦး"

ယဉ်မေကမေးလိုက်သည်။

သမားတော်ကြီးကသက်ပြင်းတစ်ချက်ချရင်း....

"ငါတော့စဉ်းစားရခက်သွားပြီကွ"

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ... အဆိပ်ကကျွမ်းနေလို့လား"

သမားတော်ကြီးကခေါင်းခါယမ်းလိုက်သည်။

"အဆိပ်ကကျွမ်းနေလို့မဟုတ်ဘူး"

"ဒါဖြင့်...."

"အဆိပ်လက္ခဏာကိုလုံးဝရှာမတွေ့လို့ပဲ"

ကျင်းဟူစဉ်းစားရခက်သွားသည်။

ယဉ်မေကကြားဖြတ်လိုက်သည်။

"စိတ်ချသွားအောင် ဦးရဲ့ဖြေဆေးကိုတိုက်လိုက်ပါလား"

သမားတော်ကြီးကခေါင်းခါယမ်းလိုက်သည်။

"အဲဒါခက်တာပေါ့... အဆိပ်မိတဲ့အခြေအနေမှန်ကို မသိရင် ဆေးဘယ်လိုလုပ်တိုက်လို့ရမလဲ"

ကျင်းဟူအနည်းငယ်စဉ်းစားလိုက်သည်။

"ဦး ဘယ်လိုစိတ်ကူးထားသလဲ"

သမားတော်ကြီးအနည်းငယ်စဉ်းစားလိုက်သည်။

"အဆိပ်လက္ခဏာကိုအချိန်မလပ်စောင့်ကြည့်ပြီးမှ ဖြေဆေး
တိုက်ဖို့နည်းလမ်းရှာရမယ်"

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"ဒီလိုဆိုရင် ကျွန်တော်ကဒီမှာနေရဦးမှာပေါ့"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်ကယ်… ဘာပဲဖြစ်ဖြစ် မင်းကတော့ (၂၃)ရက်အထိ
ဒီမှာနေမှစိတ်ချရလိမ့်မယ်"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်မစောင့်နိုင်တော့ပါဘူး၊ သေမဲ့ရက် မရောက်
အဆိပ်ဘုရင်ကိုမတွေ့တွေ့အောင်ရှာရဦးမယ်"

သူသည် ယဉ်မေအားလှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်မဟုတ်လား"

ယဉ်မေကခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့"

သမားတော်ကြီးကသက်ပြင်းတစ်ချက်ချကာ…

"ကောင်းပြီလေ… မင်းတို့သွားချင်တယ်ဆိုရင်လဲသွားပါ ဦး
ကတော့ဖြေဆေးပေးလိုက်မယ်၊ အဆိပ်တက်လာတဲ့လက္ခဏာ တွေ့
ရင်သောက်လိုက်ပေါ့"

ကျင်းဟူခေါင်းညိတ်လိုက်၏။



"ဒီအကြံကောင်းပါတယ်"

သမားတော်ကြီးသည် ကြွေဘူးတစ်ခုထဲတွင် ဆေးမှုန့်များ
…နည်းငယ်သွန်၍ အခြားကြွေဘူးတစ်ခုထဲထည့်ပြီး လှမ်းပေးလိုက်
…သည်။

***

နောက်တစ်နေ့နံနက်…

ကျင်းဟူနှင့်ယဉ်မေတို့သည် သမားတော်နေထိုင်ရာနေရာမှ
…ခွာလာခဲ့ကြ၏။ ကျင်းဟူ၏ရည်ရွယ်ချက်မှာ (၂၃)ရက်မတိုင်မီ
…ဆိပ်ဘုရင်အားရှာဖွေဖော်ထုတ်ရှင်းလင်းသုတ်သင်ရန်ဖြစ်၏။

အဆိပ်ဘုရင်အား အချိန်မီဖော်ထုတ်နိုင်မည်ဆိုလျှင် မိမိအ
…နှင့်သမားတော်ကြီးအသက်ကိုပါ အချိန်မီကယ်တင်နိုင်မည်မ
…ပါလော။

ကျင်းဟူသည် ယဉ်မေနှင့်နှစ်ယောက်အတူသွားရန် မြင်း
…ကောင်တည်းရှိသဖြင့် မြင်းကိုမစီးတော့ဘဲခြေလျင်လျှောက်လေ
…သည်။ ညနေစောင်းအချိန်တွင် သူတို့သည် ဟိုဇွေ့မြို့လေးသို့ရောက်
…ခဲ့ကြလေသည်။

***

ဟိုဇွေ့မြို့လေးသည် သေးငယ်သောမြို့လေးတစ်မြို့သာ ဖြစ်ပေသည်။ တည်းခိုခန်းဟူ၍တစ်ခုတည်းသာရှိသည်။

ထိုတည်းခိုခန်းမှာ စားသောက်ဖွယ်ရာများပါရောင်းချသော ကြောင့် နေထိုင်ရန်မှာအလွန်အဆင်ပြေသည်။

ထို့ကြောင့် သူတို့သည် တည်းခိုခန်းတွင်တစ်ညတာတည်း ကြသည်။ နောက်နေ့နံနက်တွင် သူတို့သည် နံနက်စာစားသောက်ရန် စားသောက်ခန်းသို့ရောက်ရှိလာကြပြီး လိုရာထမင်းဟင်းများကို မှာ ကြားစားသောက်ကြ၏။

သူတို့သည် ထမင်းဟင်းကိုအားရပါးရစားသောက်နေစဉ် ဆိုင်အတွင်းသို့ လူတစ်ယောက်ဝင်လာသည်ကို အမှတ်မထင် တွေ့ရသည်။

ထိုလူမှာ အတုမဲ့သမားတော်ကြီးပင်ဖြစ်၏။

သူသည် ကမန်းကတန်းလှမ်း၍နှုတ်ဆက်လိုက်သည်။

"ဦး ဒီစားပွဲကိုကြွပါ"

သမားတော်ကြီးက သူတို့အားကြောင်အမ်းအမ်းဖြင့်ကြည့် လိုက်သည်။

"ဦးကိုခေါ်သလား"

ကျင်းဟူခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"



အတုမဲ့သမားတော်ကြီးက ကြောင်အမ်းအမ်းဖြင့်ရပ်နေရာ သူတို့ထံလျှောက်လာလေသည်။ အတုမဲ့သမားတော်ကြီးသည် ပိုး ချီနှင့်ကတ္တီပါဦးထုပ်ဆောင်းထားသောကြောင့် သမားတော်ကြီး ခံ့ယောက်ရုပ်သွင်ပီပြင်လှပေသည်။

သူ့လက်ထဲတွင် တစ်ပေကျော်လှသောဆေးတံလေး တစ် ကိုင်ထားသည်။

သူ၏ပုံပန်းမှာ လှိုဏ်ဂူကနေရာတွင်နေထိုင်ခဲ့သည်နှင့်ခြားနား သည်ကိုသတိပြုမိလိုက်သည်။

သမားတော်ကြီးက သူတို့နှင့်မျက်နှာချင်းဆိုင်ထိုင်ချလိုက် သည်။ ကျင်းဟူကပြုံး၍နှုတ်ဆက်လိုက်သည်။

"ဦး ဒီလာမယ်ဆိုရင် စောစောကပြောရောပေါ့၊ ကျွန်တော် ့အဖော်ရတာပေါ့"

ယဉ်မေကလည်း ....

"ဟုတ်တာပေါ့ဦးရယ်"

သမားတော်ကြီးသည် သူတို့နှစ်ယောက်အား အတန်ကြာ ခတ်ကြည့်ပြီးမှ....

"မင်းတို့ကဘယ်သူတွေလဲ... ငါမသိရပါလား"

ကျင်းဟူနှင့်ယဉ်မေတို့ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

တစ်ခဏကြာမှ ယဉ်မေကတခစ်ခစ်ရယ်မောကာ....

“ဦးက ဆေးကုတတ်ရုံမဟုတ်ဘူး၊ ရယ်စရာပါပြောတတ်တာကိုး”

သမားတော်ကြီးမျက်မှောင်ကြုတ်သွားသည်။

“ကလေးမတို့ လူမှားနေပြီထင်တယ်”

ယဉ်မေကရယ်မောရာမှရပ်တန့်လိုက်သည်။

“ဦး ကျွန်မတို့ကိုမမှတ်မိတော့ဘူးလား”

သမားတော်ကြီးက ဖြည်းလေးစွာခေါင်းခါယမ်းပြလိုက်၏။

“မင်းတို့ကို ငါတစ်ခါမှမမြင်ဖူးပါလား”

ယဉ်မေနှင့်ကျင်းဟူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြသွားကြကုန်လေသည်။ ကျင်းဟူသည် သမားတော်ကြီးအားသေချာအကဲခတ်ကြည့်လိုက်သည်။

အဝတ်အစားများ ပြောင်းလဲသည်ကလွဲ၍ အတုမဲ့သမားတော်ကြီးဖြစ်ကြောင်း ယုံမှားဖွယ်မရှိပေ။ သူတို့သည် သမားတော်ကြီးထံမှထွက်ခွာလာခဲ့သည်မှာတစ်ညတာမျှသာရှိသေးသည်။

ယခု သမားတော်ကြီးသည် အဘယ်ကြောင့် မိမိတို့အား မှတ်မိဘဲဖြစ်နေရပါသနည်း။

“ကျွန်တော်ကကျင်းဟူ သူကယဉ်မေလေ၊ ဦး တကယ်ပဲ မမှတ်မိတော့တာလား”

သမားတော်ကြီးတွေဝေသွားသည်။



“ဦးကတော့ မင်းတို့ကို တစ်ခါမှမမြင်ဖူးဘူးလို့ထင်မိတာ”

ကျင်းဟူအံ့အားသင့်သွားလေသည်။

“မနေ့ကပဲ ဦးရဲ့အိမ်ကထွက်လာတာပဲ၊ ဦးကိုယ်တိုင်ကျွန်တော့်ကိုဆေးတောင်ပေးလိုက်သေးတယ်လေ”

သမားတော်ကြီးတွေဝေသွားပြန်၏။

“ကျုပ်ကဆေးပေးလိုက်သေးတယ်ဟုတ်လား”

“ဟုတ်ပါတယ်ဦး”

“နေပါဦး... ကျုပ်ကဘာဆေးများပေးလိုက်လို့လဲ”

“အဆိပ်ဖြေဆေး”

သမားတော်ကြီးက မျက်မှောင်ကြုတ်သွားပြန်လေသည်။

“ကျုပ်က ဘာကြောင့် မင်းတို့ကိုအဆိပ်ဖြေဆေးပေးလိုက်တာလဲ”

ကျင်းဟူက ယဉ်မေ၏မျက်နှာကိုလှည့်ကြည့်လိုက်ပြီးမှ သမားတော်ကြီးအားမျက်လုံးပြူး၍လှမ်းကြည့်လိုက်သည်။

“ကျွန်တော် အဆိပ်ဘုရင်ရဲ့အမိန့်စာရထားလို့ ဦးကိုယ်တိုင် စမ်းသပ်ပြီး ဖြေဆေးပေးလိုက်တာမမှတ်မိတော့ဘူးလား”

သမားတော်ကြီး ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

“ငါ မင်းတို့ကိုလဲမတွေ့ဖူးဘူး... ဘာဆေးမှလဲမပေးဖူးဘူး”

ကျင်းဟူသည် မိမိနားကိုပင်မယုံနိုင်အောင်ဖြစ်လာသည်။

သူသည် အိတ်ထဲမှ သိမ်းဆည်းထားသောဖြေဆေးဘူးကို ထုတ်ပြလိုက်၏။

"ဦးပေးလိုက်တဲ့ဖြေဆေး ဟောဒီမှာရှိသေးတယ်"

သမားတော်ကြီးက ကျင်းဟူလှမ်းပေးသောဖြေဆေးကို အ... သေအချာကြည့်သည်။

ထို့နောက် နှာခေါင်းဖြင့်အနံ့ခံကြည့်၏။

ချက်ချင်းဆိုသလိုပင် သူ၏မျက်နှာတစ်ခုလုံးကွက်ခနဲပျော့... သွားတော့သည်။

"ဒါဖြေဆေးမှမဟုတ်ဘဲ"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘာဆေးလဲခင်ဗျာ"

သမားတော်ကြီးဟူသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါတော်တော်ပြင်းတဲ့အဆိပ်ကွ"

"ဗျာ"

ကျင်းဟူ၏မျက်လုံးအစုံပြူးကျယ်သွား၏။ သူသည် သမား တော်ကြီးအားထပ်မံအကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားကအတုမဲ့သမားတော်ကြီးဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ"



ကျင်းဟူသည် ယဉ်မေအားလှည့်ကြည့်လိုက်၏။

ယဉ်မေသည် သမားတော်ကြီးအား ထပ်မံ၍သေချာစွာ ...ခတ်ကြည့်လိုက်သည်။

"ဦးက အဆိပ်ဘုရင်ရဲ့အမိန့်ကိုရရှိထား...ယ်မဟုတ်လား"

သမားတော်ကြီးခေါင်းကုတ်လိုက်သည်။

"ဒုက္ခပါပဲ... မင်းတို့ဘာတွေလျှောက်ပြောနေတာလဲ"

သူသည် စိတ်တိုသွားဟန်ဖြင့်....

"ကျုပ်မင်းတို့ကိုတွေ့လဲမတွေ့ဖူးဘူး... အဆိပ်ဘုရင်ဆီက ...ဘာအမိန့်မှမရဘူး"

ယဉ်မေနှင့်ကျင်းဟူတို့ အတွေးရခက်သွားကြလေသည်။

သမားတော်ကြီးသည် အလွန်စိတ်တိုရာမှကိုယ့်ကိုယ်ကို ...သချုပ်ထိန်းလိုက်သည်။

"နေပါဦး... မင်းတို့က ငါနဲ့ရုပ်ချင်းဆင်တဲ့လူတစ်ယောက်ကို ...တွေ့ခဲ့လို့လား"

ယဉ်မေနှင့်ကျင်းဟူကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

သမားတော်ကြီးကမျက်မှောင်ကြုတ်သွားသည်။

သူသည် အတန်ကြာစဉ်းစားပြီးနောက်....

"မင်းတို့ သူ့ကိုဘယ်မှာတွေ့ခဲ့သလဲ... ဘာတွေလုပ်ခဲ့တယ်

ဆိုတာ ငါ့ကိုအသေးစိတ်ပြောပါဦး"

ကျောင်းဟူနှင့်ယဉ်မေတို့က သမားတော်ကြီးနှင့်လျှို့ဝှ သောမြို့ပြင်တစ်နေရာတွင်တွေ့ဆုံခဲ့ရသည့်အကြောင်းအရာများ အသေးစိတ်ပြန်လည်ပြောပြလိုက်လေသည်။

❋❋❋



## အတုအစစ်ပြဿနာ

သမားတော်ကြီးသည် ကျောင်းဟူနှင့်ယဉ်မေတို့ပြောပြသည့် စကားများကို သေချာစွာနားထောင်နေ၏။ အစအဆုံးနားထောင်ပြီး သည့်အခါ သူ၏မျက်နှာကွက်ခနဲပျက်သွားလေသည်။

"တန်တော့ မင်းတို့တွေ့ခဲ့တဲ့လူဟာ ငါရုပ်သွင်အတိုင်း ရုပ် ချက်ထားတဲ့အဆိပ်ဘုရင်ပဲဖြစ်ရမယ်"

ယဉ်မေနှင့်ကျောင်းဟူတို့ အလွန်အံ့သြသွားကြလေသည်။

"ဒီလူက အဆိပ်ဘုရင်ဆိုတာ ဦးဘယ်လိုလုပ်သိသလဲ"

သမားတော်ကြီးက ကျောင်းဟူလှမ်းပေးလိုက်သောဘူးလေး ကိုညွှန်ပြလိုက်ပြီး....

"သူ့လိုလူမျိုးမှသာ ဒီလိုအနံ့အသက်လုံးဝမရှိတဲ့ အဆိပ်ကို ဖော်စပ်နိုင်မှာပေါ့"

ကျောင်းဟူ မျက်မှောင်ကုပ်သွားသည်။

"ကျွန်တော်ကအဆိပ်သင့်တဲ့လူပဲ... ဘာကြောင့် အဆိပ်ကို ဘယ်ပေးလိုက်ရတာလဲ"

သမားတော်ကြီးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်အထင်ပြောရမယ်ဆိုရင် မင်းကိုသေမင်းအမိန့်ပေး လိုက်ပေမဲ့ အဆိပ်မခတ်ရသေးဘူး၊ အခုမှ ကျုပ်လိုဟန်ဆောင်ပြီး မင်းကိုအဆိပ်ခတ်လိုက်တာဖြစ်ရမယ်"

ကျင်းဟူ ရင်ထိတ်သွားလေသည်။

"ဒါဖြင့် သူက ဘာကြောင့် ကျွန်တော့်မှာ အဆိပ်သင့်မနေ ဘူးလို့ပြောရတာလဲ"

သမားတော်ကြီးက ပြုံးလိုက်သည်။

"ဒါကတော့ သူက သူ့ရဲ့အဆိပ်ကို ဖြေဆေးလို့ယုံကြည်စွာ သောက်အောင် တမင်တကာအယုံသွင်းပြီးပြောတာဖြစ်လိမ့်မယ်"

သူသည် ဆက်လက်ရှင်းပြလိုက်သည်။

"သူက မင်းကိုဘယ်နေ့သေရမယ်လို့အကြောင်းကြား ထား သလဲ"

"ဆယ်လပိုင်း နှစ်ဆယ့်သုံးရက်ပါ"

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ.... သူက မင်းကိုသေမင်းအမိန့်ပေးလိုက်ပေမဲ့ အ ဆိပ်မခတ်ရသေးဘူး။ မင်းကိုယ်မင်း အဆိပ်သင့်နေပြီလို့ထင်ပြီး သွား လာနေတဲ့အချိန်မှာ အခုလိုအယုံသွင်းပြီးတော့ အဆိပ်ခတ်ဖို့ ကြံစွယ် လိုက်တာပဲ"



ကျင်းဟူ မျက်မှောင်ကုပ်သွားလိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော့်မှာအဆိပ်မမိသေးဘူးပေါ့"

သမားတော်ကြီးက မျက်မှောင်ကုပ်သွားလေသည်။

"ဒါကတော့ စစ်ဆေးပြီးမှပဲကျုပ်ကပြောနိုင်မယ်"

ကျင်းဟူက မျက်မှောင်ကုပ်သွားလေသည်။

"ခက်တာပဲဗျာ... ခင်ဗျားကကော သမားတော်ကြီးအစစ် ...ား အစစ်လားဆိုတာ ကျွန်တော်တို့ကဘယ်လိုသိနိုင်မှာလဲ"

သမားတော်ကြီးကပြုံးလိုက်သည်။

"ဒီဗူးလေးထဲမှာကျုပ်ဆေးခန်းဖွင့်ထားပါတယ်၊ ကျုပ်ဆေး ...န်းကိုသာလိုက်ခဲ့ပေတော့"

ပြောပြီး ထိုင်ရာမှထလိုက်လေသည်။ ကျင်းဟူနှင့် ယဉ်မေ ...့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြိုင်တူထရပ် ...ိုက်ကြလေသည်။

❋❋❋

အတုမဲ့သမားတော်ကြီး၏နေအိမ်သည် မြို့စွန်တွင်တည်ရှိသည်။ ထိုနေရာသည် အလွန်ချောင်ကျလှသဖြင့် လူသွားလူလာ ကင်းရှင်းနေလေသည်။

အဆောက်အအုံကလေးမှာ သေးငယ်သေသပ်ပြီး အိပ်ခန်းတစ်ခုနှင့်ဝေဒနာရှင်များကုသရန် အခန်းတစ်ခုတည်းသာရှိ၏။

သမားတော်ကြီးသည် ခရီးရောက်မဆိုက် ကျင်းဟူ၏ခန္ဓာကိုယ်အားစစ်ဆေးကြည့်သည်။ သွေးကြောလည်ပတ်မှုများကိုလည်း သေသေချာချာစစ်ဆေးကြည့်သည်။ အတန်ကြာမှ သူသည် ကျေနပ်စွာခေါင်းညိတ်လိုက်သည်။

"မင်းမှာ ဘာအဆိပ်မှမသင့်ဘူးဆိုတာ ကျုပ်ပြောရဲတယ်"

ကျင်းဟူဝမ်းသာသွားသည်။ ယဉ်မေလည်း အလွန်ဝမ်းသာသွား၏။ သမားတော်ကြီးက သူ့အားခေါင်းညိတ်ပြလိုက်သည်။

"ကဲ... အခု မင်းဘာဆက်လုပ်ဖို့စိတ်ကူးထားသလဲ"

ကျင်းဟူက မဆိုင်းမတွပင်ပြောလိုက်သည်။

"ကျွန်တော်အဆိပ်ဘုရင်ကိုတွေ့အောင်လိုက်ရှာမယ်"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ကျုပ်လဲလိုက်မယ်"

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"ဦးလဲလိုက်မယ်ဟုတ်လား"



"ဟုတ်တယ်"

"ဘာဖြစ်လို့လိုက်ချင်ရတာလဲ"

"သူက ငါ့လိုဟန်ဆောင်ပြီး လူအများကိုဒုက္ခပေးနိုင်ခြင်းအခွင့်မိတားရလိမ့်မယ်"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဒါဟုတ်တယ်၊ ကဲ... ကျွန်တော်တို့သွားကြမယ်"

❊❊❊

နောက်တစ်နေ့တွင်... ကျင်းဟူနှင့်သမားတော်ကြီးတို့သည် သမတွေ့ဆုံခဲ့သောသမားတော်ကြီး၏လျှို့ဝှက်နေရာသို့ ရောက်လာကြသည်။

သူတို့သည် ထိုနေရာသို့ရောက်လာသောအခါ ပထမတွေ့ခဲ့သောသမားတော်ကြီးကိုမတွေ့ရသည့်အပြင် ကြွေဘူးကလေးနှင့်အသုံးအဆောင်တစ်ခုတလေပင် မရှိတော့သည်ကိုတွေ့ရသည်။

သမားတော်ကြီးမျက်မှောင်ကုပ်သွားသည်။

"မင်းတို့တွေ့ခဲ့တဲ့နေရာ ဒီနေရာဟုတ်ရဲ့လား"

ကျင်းဟူအလွန်အံ့သြနေ၏။

"ဟုတ်ပါတယ်... ဒီနေရာပါ"

သမားတော်ကြီးက...

"ဟုတ်ရင် ဘာဖြစ်လို့ လူနေတဲ့ဖရိုပ်အယောင်ကိုတောင် မတွေ့ရတာလဲ"

ကျင်းဟူပါးစပ်ပိတ်ထားလိုက်သည်။

ယဉ်မေကကြားဖြတ်လိုက်သည်။

"ဟုတ်ပါတယ်ဦး… ကျွန်မတို့ ဒီကိုရောက်စဉ်တုန်းကလူ အသုံးအဆောင်တွေနဲ့ သမားတော်ကြီးကို သေသေချာချာတွေ့ခဲ့ရတာပါ"

သမားတော်ကြီးက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ခက်တယ်… မင်းတို့ပြောတဲ့စကားကိုယုံရမှာလား၊ ငါ့ မျက်လုံးကိုပဲယုံရမလားမသိတော့ဘူး"

ယဉ်မေပါးစပ်ပိတ်ထားလိုက်သည်။ သမားတော်ကြီးသည် သူတို့နှစ်ယောက်အား သံသယဖြစ်နေသောအကြည့်ဖြင့်ကြည့်ပြီး ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။ ထို့နောက် စကားတစ်ခွန်းမှမ ပြောတော့ဘဲ ထိုနေရာမှထွက်ခွာသွားလေသည်။

❋❋❋



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ယဉ်မေနှင့်ကျင်းဟူတို့သည် စကားတစ်ခွန်းမှမပြောဘဲ ပန်း ခြင်းယှဉ်၍တိတ်ဆိတ်စွာရပ်နေ၏။ အတန်ကြာမှ ယဉ်မေကစတင် စကားပြောလိုက်လေသည်။

"အစ်ကို ဒီကိစ္စကိုဘယ်လိုစဉ်းစားမိသလဲ"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုတော့ ဘာမှမတွေးတတ်အောင်ဖြစ်နေပြီ"

သူတို့နှစ်ယောက်သည် အတူတကွ ခရီးအဖော်သွားလာနေ သည်မှာ ရက်အတော်ကြာညောင်းခဲ့ပြီဖြစ်၍ တစ်ယောက်နှင့်တစ် ယောက် အလွန်ခင်မင်ရင်းနှီးနေကြပြီဖြစ်သည်။

ထို့ကြောင့် ယဉ်မေက ကျင်းဟူအပေါ်အစ်ကိုဟုပင် ရင်းရင်း နှီးနှီးခေါ်လာခြင်းပင်ဖြစ်ပေသည်။

"ကျွန်မစိတ်ထဲမှာတော့ သံသယတစ်ခုဖြစ်နေတယ်"

"ဘာကိုလဲညီမ"

"အတုမဲ့သမားတော်ကြီးနှစ်ယောက်ဟာ အဝတ်အစားဆင် ဆင်မှုကွဲပြားနေတာကလွဲလို့ ရုပ်ရောအသံရော ခွဲမရအောင် တူ ဘယ်လို့ထင်မိတယ်"

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"မင်းဘာကိုဆိုလိုတာလဲ"

"ဒီလိုပါအစ်ကိုကြီး... သူတို့နှစ်ယောက်ဟာ တစ်ယောက်တည်းများဖြစ်နေမလားလို့"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲအစ်ကို"

"ညီမစဉ်းစားကြည့်လေ... ပထမသမားတော်ကြီးက ဖြေဆေးပါဆိုပြီးပေးလိုက်တဲ့ဆေးတွေကို နောက်တွေ့တဲ့သမားတော်ကြီးကစစ်ဆေးကြည့်တဲ့အခါ အဆိပ်ဖြစ်နေတာကိုတွေ့ရတယ်"

သူသည် စကားဆက်လိုက်သည်။

"ဒါကြောင့် ပထမတွေ့တဲ့သမားတော်ကြီးကအစ်ကို့ကိုသေကြောင်းကြံတယ်ဆိုတာသေချာတယ်"

"ဒီလိုဆို ပထမတွေ့တဲ့သမားတော်ကြီးကအတုဖြစ်တယ်လို့ဆိုရမှာပေါ့"

"ဟုတ်တယ်... အစ်ကိုတော့ဒီလိုပဲယူဆမိတယ်"

"အစ်ကိုဒီလိုယူဆတာ ဒုတိယသမားတော်ကြီးက အစ်ကို့ဆီမှာရှိတဲ့ဖြေဆေးကို အဆိပ်လို့ပြောလိုက်တဲ့အတွက် သူ့စကားကိုယုံကြည်တဲ့သဘောဆိုပါတော့"

"ဟုတ်တယ်"

ယဉ်မေ အနည်းငယ်စဉ်းစားလိုက်သည်။



"အစ်ကို့ယူဆချက်က မှန်ပါတယ်၊ ဒါပေမဲ့ ဒီဆေးတွေဟာ အဆိပ်လားဖြေဆေးလားဆိုတာ အစ်ကိုဘယ်လိုခွဲခြားသိနိုင်မှာလဲ"

ကျင်းဟူက ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ညီမလေးပြောတာလဲဟုတ်တယ်"

ယဉ်မေ အနည်းငယ်စဉ်းစားလိုက်သည်။

"အကောင်းဆုံးကတော့ ဒီဖြေဆေးကိုနားလည်တဲ့ သမားတော်ကြီးတစ်ယောက်ယောက်ဆီကိုသွားပြပြီး ခွဲခြားခိုင်းတာ အကောင်းဆုံးဖြစ်မယ်"

ကျင်းဟူသဘောကျသွားလေသည်။

"ဟုတ်တယ် ညီမလေးအကြံသိပ်ကိုကောင်းတယ်"

***

သမားတော်ကြီးမှာ အသက်(၆၀)ခန့်ရှိပြီဟုထင်ရသည်။ သူ၏ခန္ဓာကိုယ်မှာသေးသေးသွယ်သွယ်ပိန်ပိန်ပါးပါးဖြစ်သည်။

သူသည်ကျဉ်းမြောင်း၍သေးငယ်သောမျက်လုံးအစုံဖြင့် ကျင်းဟူပေးလိုက်သောဆေးမှုန့်ကိုသေချာစွာ စူးစမ်းကြည့်နေ၏။ တစ်ဖန် သူ၏ချွန်ထက်သောနှာခေါင်းဖြင့်အနံ့ကို အကြိမ်ကြိမ်ခံကြည့်သည်။ ထို့နောက် အမှုန့်ကလေးကို အနည်းငယ်ယူ၍ ဖန်အိုးထဲထည့်က ဖြစ်ပေါ်လာမည့်တုံ့ပြန်မှုကိုသေချာစိုက်ကြည့်နေ၏။

ကျင်းဟူသည် သမားတော်ကြီးကယင်းဆေးမှုန့်ကို ဤသို့ခက်ခဲစွာစစ်ဆေးနေသည်ကိုဘဝင်မကျပေ။ အဆိပ်ရှိမရှိ သတ္တဝါတစ်ကောင်အားကျွေးမွေးလိုက်လျှင် ချက်ချင်းသိရှိလာမည် မဟုတ်ပါလော။

သမားတော်ကြီးက သူ့အတွင်းစိတ်ကိုထိုးဖောက်သိရှိလိုက်သည့်အလား ....

"ဒီဆေးမှုန့်မျိုးကို ကျုပ်တစ်သက်မှာ တစ်ခါမှမကြုံဖူးဘူး။ မင်းစိတ်ထဲမှာတော့ သတ္တဝါတစ်ကောင်ကောင်ကျွေးလိုက်ရင် သိလိမ့်မယ်လို့ထင်မှာပဲ"

သူသည် ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ....

"ဒီဆေးမှုန့်ကို သတ္တဝါတစ်ကောင်ကောင်ကျွေးကြည့်ရင်လဲ ချက်ချင်းသေမှာမဟုတ်ဘူး။ ဒါကြောင့် ဒီလိုစမ်းသပ်လို့ရနိုင်ပေမဲ့ အဖြေထွက်မလာနိုင်ဘူး"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲအဘ"

"ဒီဆေးမှုန့်ဟာ တကယ်လို့အဆိပ်ရှိတယ်ဆိုလဲ ချက်ချင်းအာနိသင်ပြလာမှာမဟုတ်ဘူး။ အချိန်ကာလပိုင်းပြီးမှ သူ့ရဲ့အစွမ်းထက်ချင်ထက်လာမှာ၊ ဒါကြောင့် သူ့ကိုလွယ်လွယ်နဲ့အဆုံးအဖြတ်ပေးလို့မရနိုင်ဘူး"



ကျင်းဟူပါးစပ်ပိတ်ထားလိုက်သည်။

သမားတော်ကြီးကဆက်ပြောလိုက်သည်။

"ငါ့လိုဝါရင့်တဲ့သမားတော်ကြီးတစ်ယောက်မို့လို့ ဒီလိုမြင်...တာပဲတော်လှပြီ၊ တစ်ချို့ဝါနုတဲ့သမားတော်တွေဆိုရင် အဆိပ်...ဘူးလို့ပြောလိုက်မှာပဲ"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် အဘအနေနဲ့ဒီဆေးမှုန့်ဟာ အဆိပ်ရှိမရှိဆိုတာသိပြီ...ဟုတ်လား"

သမားတော်ကြီးသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီဆေးမှုန့်ဖော်စပ်ပုံဟာ တော်တော်ထူးခြားတယ်၊ သူ့ကို...ဆိပ်မရှိဘူးလို့မပြောနိုင်ဘူး။ အဆိပ်ရှိပါတယ်လို့လဲမပြောနိုင်ဘူး"

သူသည် ဆတ်ခနဲခေါင်းမော့၍ကျင်းဟူအားကြည့်လိုက်၏။ ပြီးမှ .....

"ငါ့ကိုမှန်မှန်ပြောစမ်း ဒီဆေးမှုန့်ကိုဘယ်ကရလာတာလဲ"

ကျင်းဟူက အမှန်အတိုင်း အသေးစိတ်ပြောပြလိုက်သည်။

သမားတော်ကြီးမျက်နှာကွက်ခနဲပျက်သွားလေသည်။

"မင်းပြောတဲ့အတိုင်းဆိုရင်တော့ အတုမဲ့သမားတော်ကြီး...ခံယောက်ထဲမှာ တစ်ယောက်ကအဆိပ်ဘုရင်ဖြစ်ရမယ်"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သမားတော်ကြီးက....

"ဒါကြောင့် သမားတော်ကြီးနှစ်ယောက်အနက် ဘယ်သူ အဆိပ်ဘုရင်ဖြစ်တယ်ဆိုတာသိချင်လို့ ငါဆီကိုလာပြီး ဒီဆေးမှုန့် ကိုခွဲခြားနိုင်းတာဖြစ်ရမယ်"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

သမားတော်ကြီးသက်ပြင်းတစ်ချက်ချလိုက်၏။

"ရှင်းရှင်းပဲပြောလိုက်မယ်... ဒီဆေးမှုန့်ကို ကျုပ်ကိုယ်တိုင် တိတိကျကျမခွဲခြားတတ်အောင်ဖြစ်နေပါတယ်"

ယဉ်မကြေးဖြတ်လိုက်၏။

"အဘရဲ့စိတ်ထင်အတိုင်းပြောပြနိုင်ရင် ပြောပြပါ"

သမားတော်ကြီးအတန်ကြာစဉ်းစားပြီးမှ....

"ကျုပ်စိတ်ထဲမှာထင်တဲ့အတိုင်းပြောရမယ်ဆိုရင် ဒီဆေး မှုန့်ဟာ အဆိပ်မရှိဘူးလို့ထင်ပါတယ်"

ကျင်းဟူနှင့်ယဉ်မေတို့အံ့အားသင့်သွားမလေတော့၏။

အကယ်၍ အဆိပ်မရှိရိုးမှန်လျှင် ဤဆေးမှုန့်သည် အဆိပ် ဖြေဆေးဖြစ်သည်မှာအမှန်ပင်။ ဤသို့ဆိုလျှင်.... ပထမဆုံးတွေ့ဆုံခဲ့ သောအတုမဲ့သမားတော်ကြီးမှာ အစစ်ဖြစ်ရမည်သာဖြစ်သည်။



သူတို့သည် သမားတော်ကြီးကို ဥာဏ်ပူဇော်ခပေးပြီး နှုတ် ...ထွက်ခွာလာသည်။ အကယ်၍ သူတို့သည် မထွက်ခွာမီ နောက် ...ည့်ကြည့်မိမည်ဆိုလျှင် အဆိုပါသမားတော်ကြီး၏ ကောက်ကျစ် ...လဲစွာပြုံးနေသောအပြုံးကိုတွေ့မြင်ရမည်ဖြစ်၏။

သို့သော် သူတို့သည် လူငယ်များဖြစ်ကြသည့်အပြင် သိုင်း ...ာက၏အတွေ့အကြုံများလည်းအလွန်နုနယ်သောကြောင့် ယင်း ...ို့ သူများ၏စကားကိုစိတ်ချလက်ချယုံကြည်ခဲ့ခြင်းဖြစ်သည်။

❀❀❀

ကျင်းဟူနှင့်ကျင်းမေတို့သည် ထိုပထမတွင်တွေ့ဆုံခဲ့သော ...တုမဲ့သမားတော်ကြီးမှာ အစစ်အမှန်ဖြစ်သည်ဟုစိတ်ချယုံကြည် ...ားကြသည်။ ထို့ကြောင့် ၎င်းတွေ့ခဲ့သောဆေးမှုန့်များကိုသေချာ ...သိမ်းဆည်းထားလေ၏။

သူတို့သည် မြို့ကလေးမှထွက်လာပြီးနောက် အတန်ကြာ ...ွာက်လာသောအခါ လမ်းဆုံလမ်းခွတစ်ခုသို့ရောက်လာကြသည်။ ...ူတို့သည် ခြေလှမ်းရပ်တန့်ပြီး မည်သည့်လမ်းကသွားလျှင် ကောင်း ...ည်ဟုချင့်ချိန်နေ၏။ ထိုစဉ် ခရီးသည်တစ်စုသည် ထိုနေရာသို့ရောက် ...ာကြလေတော့သည်။ ထိုလူစုများသည် လမ်းခွဆုံသို့ရောက်လာ ...သာအခါ အသီးသီးလမ်းခွဲ၍သွားကြလေ၏။

"ခဏလေးနေပါဦးခင်ဗျာ"

ထိုလူကခြေလှမ်းရပ်တန့်၍ သူတို့အားလှည့်ကြည့်လိုက်၏။

ထိုလူမှာ စာပေသမားတစ်ယောက်ဖြစ်နေ၏။

ကျင်းဟူကပြုံးပြလိုက်သည်။

"ကျွန်တော်လမ်းမေးချင်လို့ပါ"

စာပေသမားကသူတို့အားအကဲခတ်ကြည့်လိုက်၏။

"ခင်ဗျားတို့ဘယ်သွားကြမလို့လဲ"

ကျင်းဟူကပြုံးပြလိုက်သည်။

"ကျွန်တော်တို့ ဘယ်ကိုသွားရမှန်းမသိလို့ အဲဒီလမ်းနှစ်ခု ဟာ ဘယ်ကိုရောက်တယ်ဆိုတာသိချင်လို့ပါ"

စာပေသမားက ဘယ်ဘက်လမ်းကိုညွှန်ပြလိုက်၏။

"ဒီလမ်းက နိုင်ဖုံးမြို့ကိုသွားတဲ့လမ်းပဲ"

ထို့နောက် ညာဘက်လမ်းကိုညွှန်ပြလိုက်ပြန်သည်။

"ဒီလမ်းကတော့ ဝင်လမ်းမြို့လေးကိုရောက်တဲ့လမ်းပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုလူ ခေါင်းညိတ်ကာထွက်ခွာသွား၏။

ကျင်းဟူသည်ဘယ်ဘက်လမ်းသို့ညွှန်ပြလိုက်သည်။

"ညီမလေး .... နိုင်ဖုံးမြို့က တော်တော်စည်ကားတယ်လို့ ပြောတယ်၊ အဲဒီကိုသွားကြရအောင်"



ယဉ်မေက ဝမ်းသာပီတိဖြစ်သွားသည်။

"နိုင်ဖုံးမြို့ရဲ့အကြောင်းကို ကျွန်မ ခဏခဏကြားဖူးတယ်၊ အဲဒီကိုသွားချင်နေတာ... အခုမှပဲရောက်ရတော့မယ်"

သူတို့နှစ်ယောက်သည် လူငယ်သဘာဝပီပီပျော်မြူးစွာဖြင့် နိုင်ဖုံးမြို့သို့သွားရာလမ်းပေါ်သို့ချိုးကွေ့လိုက်သည်။

※※※

## မြို့ကြီးပြကြီး

နိုင်ဖုံးမြို့သည် နေပြည်တော်တစ်ခုမဟုတ်သော်လည်း တစ်ခိန်ကမြို့စားကြီးများရုံးစိုက်သောမြို့တော် တစ်ခုဖြစ်သဖြင့် အလွန် စည်ကားလှပြီး တိုက်တာအဆောက်အအုံများလည်း ခမ်းနားထည်ဝါလှပေသည်။

အလွန်ကျယ်ဝန်းသောလမ်းမကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် စားသောက်ဆိုင်များ တိုလီမိုလီရောင်းချသောဆိုင်များ သည်းနိုခန်းများစုံစုံလင်လင်ဖြင့် စည်ကားသိုက်မြိုက်နေသည်။

ကျင်းဟူနှင့်ယဉ်မေတို့သည်မြို့ကြီးပြကြီးဟူ၍ ဤတစ်ကြိမ်သာရောက်ခဲ့ဖူးသဖြင့် ....

သူတို့သည် မြို့တော်၏ခန့်ညားပုံနှင့်လူများ စည်ကားပုံကို ကြည့်ပြီးတအံ့တဩဖြစ်နေလေသည်။

"အစ်ကိုလေးတို့ အစ်မလေးတို့ ဘာတွေသုံးဆောင်ကြမလဲ ခင်ဗျာ... အထဲကိုကြွပါ"

ဆိုင်လုလင်ချေ့ကြိုသံများကိုကြားလိုက်ရတော့မှ ကျင်းဟူနှင့်ယဉ်မေတို့ကသတိပြုလှည့်ကြည့်မိလေသည်။ သူတို့သည် ဟိုဒေးသည်ဒေးဖြင့် စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်ရှိနေသည်ကို တွေ့ရသည်။ ကျင်းဟူသည် ဗိုက်ထဲမှာဆာဆောင်မွတ်သိပ်လာသဖြင့် ယဉ်မေဘက်သို့လှည့်မေးလိုက်သည်။

"ညီမလေး တစ်ခုခုဝင်စားကြရအောင်"

ယဉ်မေကပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ သူတို့သည် ဆိုင်လုလင်ခေါ်ဆောင်ရာဆိုင်ထဲသို့လှမ်းဝင်သွားကြ၏။ ဆိုင်လုလင်က သူတို့အား ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံးတွင် နေရာချပေးလေသည်။

"ဒီမှာထိုင်ပါ... စားရင်းသောက်ရင်း အပြင်ဘက်ကရှုမျှော်ခင်းတွေကိုလဲမြင်တွေ့ရတာပေါ့"

ကျင်းဟူတို့နှစ်ယောက်သည် မြို့ကြီးပြကြီးသို့ရောက်ဖူးပုံမရကြောင်းအကဲခတ်မိသဖြင့် ဆိုင်လုလင်ကယင်းသို့ပြောလိုက်ခြင်းဖြစ်လေသည်။

ပြီးနောက် ဆိုင်လုလင်ကပင်....

"ဘာများသုံးဆောင်မလဲခင်ဗျာ"



ဟုမေးလိုက်လေသည်။

ကျင်းဟူက ယဉ်မေအားလှည့်ကြည့်လိုက်သည်။

"ညီမ...ဘာစားချင်သလဲ"

ယဉ်မေကပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မပြောတတ်ဘူး"

အလွန်ပါးနပ်သောဆိုင်လုလင် အခွင့်ကောင်းရသွား၏။

"ဒီလိုဆိုရင် ကျွန်တော်တို့ဆိုင်မှာ အကောင်းဆုံးဟင်းလျာတွေကို နှစ်ယောက်စာအတွက် မှာပေးမယ်နော်"

ကျင်းဟူက လွယ်လွယ်ဖြင့်ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းတယ်... စားကောင်းဖို့သာအရေးကြီးတယ်"

"စိတ်ချပါအစ်ကိုလေး"

ဆိုင်လုလင်က ပြုံးပြုံးရွှင်ရွှင်ဖြင့်ထွက်ခွာသွားလေသည်။

❋❋❋

ကျင်းဟူ မျက်လုံးအစုံသည်ပြူးကျယ်သွားသည်။

ယဉ်မေလည်း သူတို့ရှေ့တွင်ချထားသောဟင်းလျာများကို အံ့တသြဖြင့်ကြည့်နေ၏။ အကြောင်းမှာ.... သူတို့စားပွဲပေါ်၌ဟင်းလျာများဖြင့်ပြည့်နှက်နေခြင်းကြောင့်ဖြစ်သည်။ ၎င်းဟင်းလျာများသည် အနည်းဆုံးဆယ်ယောက်ခန့်စားနိုင်လေသည်။

ကျင်းဟူကဆိုင်လုလင်အားမော့ကြည့်လိုက်သည်။

"ခင်ဗျားတို့ဟင်းတွေက များလှချည်လား"

ဆိုင်လုလင်ကမျက်နှာချိုသွေးလိုက်သည်။

"ဟဲ... ဟဲ... အစ်ကိုလေးမှာလိုက်တဲ့အတိုင်းပဲ၊ ကျွန်တော်တို့ဆိုင်က အကောင်းဆုံးဟင်းလျာတွေဖြစ်ပါတယ်၊ ဒါတောင် လျှော့ထားတာပါ။ အကုန်လုံးသာပို့ပေးရင် အနည်းဆုံး စားပွဲဆယ်လုံးစာလောက်ရှိပါလိမ့်မယ်"

ကျင်းဟူက မိမိနဖူးကိုအသာအယာထုလိုက်သည်။

"သေဟ"

ယဉ်မေက တစ်ခစ်ခစ်ရယ်မောလိုက်လေသည်။

"ကောင်းတယ်... ဒါကသင်ခန်းစာတစ်ခုလို့မှတ်ပေါ့"

ကျင်းဟူက တူကိုကောက်ကိုင်လိုက်သည်။

"မထူးပါဘူး... ဗိုက်ဆန့်သလောက်စားလိုက်တော့မယ်"

❋❋❋

ကျင်းဟူနှင့်ယဉ်မေတို့သည် ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင်ဖြင့်စားသောက်နေကြလေသည်။ သူတို့နှင့်အနီးကပ်စားပွဲတစ်လုံးတွင် လူတစ်ယောက်သည် ရေနွေးကြမ်းသောက်ရင်း သူတို့အား အကဲခတ်ကြည့်နေသည်ကို သူတို့ကလုံးဝသတိမထားမိပေ။



သူတို့သည် ဗိုက်မဆန့်အောင်စားပြီးမှရပ်တန့်လိုက်သည်။

ထိုအချိန်တွင် လမ်းမပေါ်မှ ဆူဆူညံညံအသံများထွက်ပေါ်လာသည်ကို ရုတ်တရက်ကြားလိုက်ရလေသည်။

ကျင်းဟူနှင့်ယဉ်မေတို့က ပြတင်းပေါက်မှနေ၍အပြင်သို့လှမ်းကြည့်လိုက်သည်။ အလွန်ထွားကျိုင်းသောလူလေးယောက်သည် မိန်းကလေးတစ်ယောက်အား အနှောင့်အယှက်ပြုနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လူများဝိုင်းအုံကြည့်နေကြသော်လည်း တစ်ယောက်တလေဝင်ရောက်ကူညီယိုင်းပင်းသည်ကိုမတွေ့ရချေ။ ထိုထွားကျိုင်းသောလူသန်ကြီးလေးယောက်သည် မိန်းကလေးအားဝိုင်းရံပြီး နောက်ပြောင်ပြောဆိုနေကြ၏။

သူတို့သည် ထိုမိန်းကလေးအား ဝါးမည့်စားမည့်ဟန်ဖြင့်မိန်းကလေးအားဆွဲလွဲရန်ဟန်ပြင်နေကြလေသည်။

ယဉ်မေမျက်မှောင်ကုပ်လိုက်သည်။

"ကြည့်စမ်းပါဦး... လူပုံအလယ်မှာ အားနွဲ့တဲ့မိန်းကလေးတစ်ယောက်ကို ယောကျ်ားကြီးလေးယောက်က စော်ကားနေတာကိုကြည့်တဲ့လူက လက်ပိုက်ပြီးကြည့်နေကြတာအံ့ပါတယ်"

သူမ၏စကားကြောင့် ကျင်းဟူသည် မိမိမှာသိုင်းသမားတစ်ယောက် ဖြစ်နေသည်ကိုသတိရလာလေသည်။

သိုင်းသမားတစ်ယောက်အနေဖြင့် အားနွဲ့သူဘက်မှရပ်တည်ကူညီယှိုင်းပင်းရမည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် ထိုင်ရာမှထလိုက်သည်။

"အို… ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ဘယ်ဖြစ်ပါ့မလဲ"

သူသည် ပြတင်းပေါက်မှခုန်ထွက်ရန်ဟန်ပြင်ပြီးမှ ဝမ်းဗိုက်လေးလံနေသောကြောင့် ခုန်မထွက်ဖြစ်တော့ဘဲ တံခါးပေါက်ကြီးဘက်မှထွက်ခွာရန် ကုလားထိုင်ကိုဖယ်၍ထလာခဲ့သည်။

သူသည် အပြင်သို့ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းထွက်ခွာရာ သူ၏စားပွဲနှင့်ကပ်လျက်ရှိသောစားပွဲ၌ထိုင်နေသူကလည်း ထ၍ထွက်လာသည်နှင့်တိုးမိသွားလေသည်။

လူချင်းတိုက်မိပြီး ထိုလူဖင်ထိုင်ကျသွားသဖြင့် ကျင်းဟူမှာ အားတုံ့အားနာဖြစ်သွားလေသည်။ သူသည် ထိုလူအား ဆွဲထူပေးပြီးနောက် ခြေလှမ်းကျဲကျဲဖြင့်ဆိုင်ပြင်သို့ထွက်သွားလေသည်။

❋❋❋



ထွားကျိုင်းသောလူလေးယောက်က လေးဘက်လေးတန်နေ၍ မိန်းကလေးတစ်ယောက်အားဝိုင်းရံထားကြလေသည်။

မိန်းကလေးမှာ အသက် ၁၇– ၁၈နှစ်ရှိရမည်ဟုခန့်မှန်းရ၏။ အစိမ်းနုရောင်ကိုယ်ကျပ်အင်္ကျီ အစိမ်းနုရောင်ဘောင်းဘီနှင့် အဝါနုရောင်ခါးစည်းစည်းထားလေသည်။ သူမ၏မျက်နှာမှာ နုနယ်ချောမောသောမိန်းမချောတစ်ယောက်ဖြစ်လေသည်။

သူမအားဝိုင်းရံထားသောလူသန်ကြီးလေးယောက်မှာ အသက်သုံးဆယ်ကျော်ခန့်ရှိသူများဖြစ်ကြသည်။ သူတို့သည် အမည်းရောင်ကိုယ်ကျပ်အင်္ကျီ အဖြူရောင်ကြယ်သီး ခပ်စိပ်စိပ်တပ်ဆင်ထားသည်။ သူတို့၏ကိုယ်ခန္ဓာမှာကြီးထွားပြီး သူတို့၏လက်မောင်းများကြွက်သားများဖြင့်မို့မောက်နေ၏။

ခွန်အားပြည့်ဝသောသိုင်းသမားများဖြစ်ကြောင်း မြင်ရုံဖြင့်သိသာနိုင်သည်။ ထိုလေးယောက်အနက် မုတ်ဆိတ်ဗရပျစ်နှင့်သူ့က ခေါင်းဆောင်ဖြစ်ဟန်တူသည်။

သူသည် ရမ္မက်ခိုးများပြည့်လျှံနေသောမျက်လုံးအစုံဖြင့်မိန်းကလေးအားစပ်ဖြဲဖြဲဖြင့်ကြည့်ရင်း….

"ဟဲ… ဟဲ… ညီမလေးက ဘယ်ကိုသွားမလို့လဲ"

မိန်းကလေးက စကားတစ်ခွန်းမှမပြောဘဲ သူတို့အား မှုန်တေဖြင့်ကြည့်နေသည်။

လူသန်ကြီးတစ်ယောက်က တဟဲဟဲရယ်မောရင်း....

"ညီမလေးတစ်ယောက်ထဲသွားရမှာ မကြောက်ဘူးလား အစ်ကိုတို့လိုက်ပို့ပေးမယ်လေ"

မိန်းကလေးကရပ်လျက် စကားတစ်ခွန်းမှမပြောဘဲ သူတို့အားကြည့်မြဲကြည့်နေ၏။ မုတ်ဆိတ်ဗရပျစ်နှင့်လူက မိန်းကလေးအနားသို့ချဉ်းကပ်လာကာ....

"အစ်ကိုနဲ့လိုက်ခဲ့ပါလား... နေစရာလဲ မပူရဘူး၊ စားစရာလဲ မပူရဘူး"

မိန်းကလေး၏မျက်နှာ ရဲခနဲဖြစ်သွား၏။

စက်ဆုပ်ရွံရှာဟန်ဖြင့် တံတွေးထွေးလိုက်သည်။

"ထွီ... ရှင်တို့ကလူတွေလား တိရစ္ဆာန်တွေလား"

မုတ်ဆိတ်ဗရပျစ်နှင့်လူ ဒေါသထွက်သွားသည်။

"ဘာကွ... ငါ့ကိုဘာပြောတယ်"

မိန်းကလေးကအေးတိအေးစက်လေသံဖြင့်....

"ရှင်တို့ကတိရစ္ဆာန်တွေလားလို့မေးနေတာ"

"ဘာကွ"

မုတ်ဆိတ်ဗရပျစ်နှင့်လူ ပို၍ဒေါသထွက်လာလေသည်။ သူသည် လက်ညှိုးဖြင့်ကိုယ့်ကိုယ်ကိုညွှန်ပြရင်း ....

"ငါဘာကောင်လဲဆိုတာ နည်းနည်းနားထောင်ပြီးမှပြောပါ"



မိန်းကလေးကမဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မမသိလို့ ရှင့်ကိုမေးနေတာပေါ့"

မုတ်ဆိတ်ဗရပျစ်နှင့်လူက....

"ကျုပ်နာမည်မုတ်ဆိတ်တဲ့ ကင်းခြေများဂိုဏ်းကဌာနခွဲမှူး ဆိုတာ နိုင်ငံတစ်မြို့လုံးသိတယ်"

သူ၏အဖော်တစ်ယောက်ကထောက်ခံလိုက်သည်။

"ဟုတ်တယ်... ဘယ်သူမဆို နာမည်ကြားရုံနဲ့ ကြောက်ချေးပါသွားကြတာချည်းပဲ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက မိန်းကလေးအနီးသို့ချဉ်းကပ်လာပြီး မိန်းကလေး၏လက်ကိုအတင်းဝင်ဆွဲရန်ဟန်ပြင်လိုက်သည်။

"ဟဲ... ဟဲ... စိတ်ကူးမလွဲစမ်းပါနဲ့ လိုက်ခဲ့ပါညီမရယ်၊ ညီမကို ခိန်ပုံပေါ်မှာထားမှာပါ"

ထိုစဉ်မှာပင် အသံတစ်သံရုတ်တရက်ထွက်ပေါ်လာ၏။

"ရပ်လိုက်"

ထိုအသံနှင့်အတူ... လူတစ်ယောက်သည် မိန်းကလေးနှင့် မုတ်ဆိတ်တို့ကြားပြေးဝင်လာသည်။ မုတ်ဆိတ် နောက်သို့ဆုတ်သွားပြီး ဝင်လာသူအားသေချာကြည့်လိုက်သည်။

လူငယ်တစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသည်။

"မင်းဘယ်ကလဲ... ဘာကိစ္စဝင်ရှုပ်တာလဲ"

ထိုလူငယ်မှာ ကျင်းဟူပင်ဖြစ်၏။

ကျင်းဟူကခါးထောက်လိုက်၏။

"ခင်ဗျားတို့ရှိုင်းစိုင်းလုချည်လား၊ အားနွဲ့တဲ့မိန်းကလေး တစ်ယောက်ကိုအနိုင်ကျင့်တာ မရှက်ဘူးလားဗျာ"

မုတ်ဆိတ်က သူ့လူဘက်သို့လှည့်ကြည့်လိုက်၏။

ပြီးမှ ကျင်းဟူဘက်ပြန်လှည့်ကာ....

"ကင်းခြေများဂိုဏ်းရဲ့ကိစ္စဝင်စွက်ရင် ဘာဖြစ်သွားနိုင်သလဲ ဆိုတာ မင်းကိုသင်ခန်းစာပေးရဦးမှာပေါ့"

သူသည် ပြောပြီးသည်နှင့်ကျင်းဟူအားလျှပ်တစ်ပြက်တိုက် ခိုက်လိုက်သည်။ ကျင်းဟူကလည်း မုတ်ဆိတ်၏တိုက်ခိုက်မှုအား ရှောင်တိမ်း၍ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့သည် သိုင်းကွက်နှစ်ဆယ်ခန့်ယှဉ်ပြိုင်ခဲ့ပြီးသည့်တိုင် မည်သူကမျှအသာစီးမရဘဲဖြစ်နေကြလေသည်။

မုတ်ဆိတ် စိတ်မရှည်နိုင်တော့ပါ။

"တို့လူတွေဘာကြည့်နေတာလဲ"

သူ၏စကားကြောင့် ကျန်လူသန်ကြီးသုံးယောက် မနေသာ တော့ချေ။ ကျင်းဟူအား တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်လိုက် ကြလေတော့၏။ ကျင်းဟူသည် သိုင်းပညာအခြေခံကောင်းသော လူငယ်တစ်ယောက်ဖြစ်သည်။



သူ၏သိုင်းပညာအဆင့်နှင့်ဆိုလျှင် ထိုလူလေးယောက်အား ...ရလိုမည်မဟုတ်ပါ။

သို့သော် သူသည်ငယ်ရွယ်သူတစ်ယောက်ဖြစ်သည့်အပြင် ...တွေ့အကြုံလည်းမရှိသူဖြစ်ရာ ရုတ်တရက် ရန်သူအားမည်သို့ ရင် ...ရမှန်းမသိနိုင်ဘဲဖြစ်သွားသည်။ သူ့အနေဖြင့် သိုင်းပညာသင်ယူ ...နောက် တစ်ကြိမ်တစ်ခါမျှလက်တွေ့ရင်ဆိုင်တိုက်ခိုက်ခဲ့ရခြင်း ...ပေ။ ယခုတစ်ကြိမ်သာ ရန်သူနှင့်ထိပ်တိုက်တိုးပြီး ပထမဦးဆုံး ...လက်တွေ့တိုက်ခိုက်ရခြင်းဖြစ်သည်။

ထို့ကြောင့် ရန်သူလေးယောက်ပူးပေါင်းပြီး သူ့အား ရင်ဆိုင် ...တိုက်ခိုက်လာသည့်အခါ သူသည် ပျာယာခတ်သွားပြီး သူ၏သိုင်း ...များလည်း ဖရိုဖရဲဖြစ်ကုန်လေတော့၏။

"ဝုန်း...."

ရန်သူတစ်ယောက်၏လက်သီးချက်က သူ၏နောက်ကျော ...လာရောက်ထိမှန်သွားသည်။ သူသည် ကမန်းကတန်း နောက်သို့ ...ည့်ကြည့်လိုက်၏။ ထိုအခါ ရန်သူတစ်ယောက်၏လက်သီးချက်က ...၏လက်မောင်းကိုထိမှန်သွားပြန်လေသည်။

သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။ အနေအထားလည်း ...သွားသည်။

ကိုယ်ကိုပြန်မတ်ရန် ဟန်ပြင်လိုက်စဉ်....

"ဝုန်း…."

ပြင်းထန်စွာပြေးဝင်လာသောလက်သီးချက်က….

သူ၏နောက်ကျောသို့လာရောက်ထိမှန်သည်။

ထိုဒဏ်ကြောင့် သူ၏ခန္ဓာကိုယ်သည် ရှေ့သို့ဟပ်ထိုးလဲကျ မသွားရန် မနည်းထိန်းထားလိုက်ရလေသည်။

ထိုအချိန်တွင်…. မုတ်ဆိတ်၏ခြေထောက်သည် ဟပ်ထိုးလဲ မည့်ကဲ့သို့ဖြစ်နေသော သူ၏ရင်ဘတ်သို့ပင့်ကန်လိုက်ရာ သူ၏ခန္ဓာ ကိုယ်သည် နောက်သို့ပက်လက်လန်လဲကျသွားလေသည်။

ထို့နောက်တွင်ကား…. ရန်သူ၏လက်သီးနှင့်ခြေထောက် များသည် သူ၏ကိုယ်ပေါ်သို့မိုးသီးမိုးပေါက်ပမာ အဆက်မပြတ်ကျ ရောက်လာလေတော့၏။

"ကဲကွာ… ကဲကွာ"

"ဝုန်း…."

ရန်သူများသည် ကျင်းဟူ ပြန်မထနိုင်အောင် ဆက်တိုက်ဆို သလိုထိုးကြိတ်ကန်ကျောက်ကြသည်။

ထိုစဉ်မှာပင်….

"ယား…."

မိန်းကလေးတစ်ယောက်၏မာန်သွင်းသံ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်….



ကျင်းဟူအားဝိုင်းရံထိုးကြိတ်နေကြသော လူသန်ကြီး လေး ောက်၏ခန္ဓာကိုယ်များ ရုတ်တရက် နောက်သို့လွင့်စဉ်သွားကြ း နေလေသည်။

ထိုအခါမှ ကျင်းဟူလည်း မြေပေါ်မှ ပြန်လည်လူးလှိမ့်၍ထ နိုင်ခဲ့လေသည်။

❋❋❋

ကျင်းဟူ၏မျက်နှာတစ်ခုလုံး နီရဲယောင်ကိုင်းနေသည်။

သူ၏မျက်ကွင်းတစ်ဖက်မှာ ညိုမည်းသွားသည်။

သူ့တစ်ကိုယ်လုံးရှိအရိုးအဆစ်များ နာကျင်သောဝေဒနာ ခံစားနေရ၏။ သူ၏လက်တစ်ဖက်သည် ညိုမည်းသောမျက်လုံး စ်ဖက်ကိုအုပ်ထားရင်း ကျန်ရှိသောမျက်လုံးတစ်ဖက်ဖြင့် မိမိအား ယ်တင်သောသူကိုကြည့်လိုက်လေသည်။

သူ၏တစ်ဖက်တည်းသောမျက်လုံး ပြူးကျယ်သွားလေ၏။ ၏ပါးစပ်မှာ ဟောင်းလောင်းအနေအထားဖြင့် မိန်းကလေးအား းမောကြည့်နေမိသည်။

မိမိအားကယ်တင်သောသူမှာ မိမိကဝင်ရောက်ကယ်တင် ဲ့က်သောမိန်းကလေးပင်ဖြစ်နေ၏။ ထိုမိန်းကလေးသည် မိမိကယ် င်ရန်ပင် လုံးဝမလိုလောက်အောင်….

မိမိထက် သိုင်းပညာများစွာအဆင့်မြင့်နေသူဖြစ်၏။

ထို့ကြောင့် ရန်သူလေးယောက်အား အသာအယာဖယ်ရှား ပြီး သူ့အား ပြန်လည်ကယ်တင်လိုက်ခြင်းဖြစ်သည်။ သူသည် အလွန် ရှက်သွားပြီး မချိပြုံးပြုံးလိုက်လေသည်။

"ကျေး... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

မိန်းကလေးကပြုံးလိုက်သည်။

"ကျွန်မကတင်ရမှာပါ"

ကျင်းဟူကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ရှင် ကျွန်မကိုကူညီဖို့လာတာမဟုတ်လား"

ကျင်းဟူကပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီလိုမပြောပါနဲ့ဗျာ ကျုပ်ကခင်ဗျားကိုကယ်နိုင်ဖို့မပြော ခင်ဗျားကသာမကယ်ရင် သူတို့လက်သီးစာနဲ့ကျုပ်အသက်ကြွေသွား မှာပဲ... ဒါကြောင့်...."

မိန်းကလေးကလက်ကာပြလိုက်သည်။

"ဒါတွေမပြောပါနဲ့တော့"

သူမသည် ကျင်းဟူ၏မျက်နှာကိုသေချာစွာကြည့်လိုက်၏။

"ရှင် ဘယ်နယ်နေသေးလဲ"

ကျင်းဟူကမချိပြုံးပြုံးကာ....



"ဒါလောက်တော့ ခံနိုင်ပါသေးတယ်"

မိန်းကလေးက ....

"ရှင့်ရဲ့သိုင်းပညာက မဆိုးပါဘူး။ အတွေ့အကြုံနည်းသေး ပါ"

"ကျွန်တော့်ကိုနှစ်သိမ့်စကားပြောနေမှန်းသိပါတယ်ဗျာ"

ကျင်းဟူသည် ပြောပြီး စားသောက်ဆိုင်ဘက်သို့လျှောက် သွားရန်ခြေလှမ်းလှမ်းလိုက်သည်။ သို့သော် ခြေထောက်နာနေသဖြင့် ထော့နဲ့ထော့နဲ့ဖြစ်သွားသည်။

မိန်းကလေးက သူ့လက်ကိုဖမ်းဆွဲလိုက်ပြီး ....

"ကျွန်မလိုက်ပို့ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"မလိုပါဘူး... ကျွန်မကြောင့် ဒီလိုဖြစ်ရတာ... ကျွန်မမှာလဲ တာဝန်ရှိပါတယ်"

ထိုစဉ် ယဉ်မေလည်းထွက်လာသဖြင့် သူမတို့နှစ်ယောက် သည် ကျင်းဟူအားတွဲ၍စားသောက်ဆိုင်ထဲသို့ဝင်ရောက်သွားသည်။

❋❋❋

ကျင်းဟူက ထိုမိန်းကလေးနှင့်ယဉ်မေအား မိတ်ဆက်ပေး
လိုက်၏။

"သူ့နာမည်ကယဉ်မေပါ"

ပြီးနောက် ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်ပေးလိုက်သည်။

"ကျွန်တော်ကကျင်းဟူပါ"

မိန်းကလေးက ယဉ်မေအားခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့တွေ့ရတာဝမ်းသာပါတယ် ကျွန်မကျင်းကျင်း

သူတို့သုံးယောက်သည် လူငယ်များပီပီ စကားဝိုင်းဖွဲ့ပြီး
ရင်းရင်းရင်းနှီးနှီးဖြစ်သွားကြလေသည်။

ယဉ်မေက ကျင်းကျင်းအားမေးလိုက်သည်။

"ဒါနဲ့ ညီမကတစ်ယောက်တည်းဘယ်ကိုသွားမလို့လဲ"

ကျင်းကျင်း၏မျက်နှာညှိုးနွမ်းသွားသည်။

"ကျွန်မအဆိပ်ဘုရင်ကိုလိုက်ရှာနေတာ"

သူမ၏စကားကြောင့် ယဉ်မေနှင့်ကျင်းဟူတို့ တစ်ယော
မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။ ကျင်းဟူက....

"ခင်ဗျားက ဘာဖြစ်လို့အဆိပ်ဘုရင်ကိုတွေ့ချင်ရတာလဲ"

ကျင်းကျင်းကသက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မဦးလေးတစ်ယောက်ကို သူက အဆိပ်ခတ်သတ်
တယ်လေ"



"ဒါဖြင့်အတော်ပဲ... ကျွန်တော်တို့နဲ့လိုက်ခဲ့"

ကျင်းကျင်းမျက်မှောင်ကြုတ်သွား၏။

"ရှင်တို့လဲ"

ကျင်းဟူကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကျုပ်တို့ကလဲ အဆိပ်ဘုရင်ကိုမြေလှန်ရှာနေ
ကြသူတွေပါ"

သူက အဆိပ်ဘုရင်၏အဆိပ်သင့်နေကြောင်းနှင့်လမ်းတွင်
ယဉ်မေနှင့်တွေ့ဆုံခဲ့ပုံအကြောင်းများကို အသေးစိတ်ပြောပြလိုက်
လေသည်။ ကျင်းကျင်းသည် စကားဆုံးသွားသည်အထိ နားထောင်
နေပြီးမှကျေနပ်စွာခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကျွန်မတို့သုံးယောက်စလုံးက ရည်ရွယ်ချက်ချင်းတူ
နေတာပေါ့"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကျင်းကျင်း ထိုင်ရာမှထပြီးအရက်ခွက်ကိုမြှောက်ပြလိုက်
သည်။ ပြီးနောက်....

"ကျွန်မ ရှင်တို့နဲ့လိုက်ဖို့ဆုံးဖြတ်လိုက်ပြီ"

ကျင်းဟူ ယဉ်မေတို့ကလည်း မတ်တတ်ရပ်၍အရက်ခွက်ကို
မြှောက်ပြလိုက်သည်။

"ဝမ်းသာတယ်... ကြိုဆိုတယ်"

သူတို့သုံးယောက်သည် အရက်ကိုမော့ချပြီးနောက် တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ကိုင်ပြီး ပြိုင်တူကြွေးကြော်လိုက်ကြသည်။

"အဆိပ်ဘုရင်ကိုတွေ့အောင်ရှာမယ်"

သူတို့သည် ပြိုင်တူကြွေးကြော်ပြီးနောက် ပြန်လည်ထိုင်ချလိုက်သောအခါ စားသောက်ဆိုင်အတွင်းရှိ စားသောက်နေကြသူများတစ်ဦးတစ်ယောက်မျှမရှိတော့သည်ကိုအံ့သြစွာတွေ့မြင်လိုက်ကြရလေတော့၏။

***

ဆိုင်လုလင်သည် သူတို့ထံမဝံ့မရဲလျှောက်လာသည်။

သူ့မျက်နှာတစ်ခုလုံးမှာလည်း သေးငယ်သွားသည်ဟုထင်ရသည်။ ကျင်းဟူကသူ့အားကြည့်လိုက်ပြီး...

"တို့ ဘယ်လောက်ကျလဲဟေ့"

ဟုမေးလိုက်၏။

ဆိုင်လုလင်ကကျသင့်ငွေကိုတွက်ချက်လိုက်၏။

ယဉ်မေကဆိုင်ထဲတစ်ချက်ဝေ့ကြည့်ရင်း...

"ဒါနဲ့ စားသောက်တဲ့လူတွေဘယ်ရောက်ကုန်တာလဲ"



ဆိုင်လုလင်သည် သူမတို့အားအပြစ်တင်သောအကြည့်ဖြင့်ကြည့်ပြီး...

"ခင်ဗျားတို့ကပဲမောင်းထုတ်သလိုလုပ်လိုက်ကြတာပဲ"

"ဗျာ... ဘယ်လို"

"ခင်ဗျားတို့က အဆိပ်ဘုရင်အကြောင်းပြောနေလို့ လူတွေကြောက်ပြီးထွက်ပြေးကြတာပေါ့"

ကျင်းဟူ အားတုံ့အားနာဖြစ်သွားသည်။

"စိတ်မကောင်းပါဘူးဗျာ၊ သူတို့ ဒီလောက်ကြောက်မယ်လို့ကျုပ်မထင်မိလို့ပါ"

သူသည် ပြောပြီး ကျသင့်ငွေကိုအိတ်ထဲသို့လက်နှိုက်၍ ငွေအိတ်လေးကိုနှိုက်ယူလိုက်၏။ သို့သော် သူ၏လက်သည် အိတ်ထဲမှထွက်မလာဘဲ တန်းလန်းဖြစ်နေ၏။ သူ၏မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ ယဉ်မေက သူ့ပုံဟန်ကိုကြည့်ပြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ရှင်ဘာဖြစ်လို့လဲ"

ကျင်းဟူမျက်နှာရှုံ့မဲ့သွား၏။

"ကျုပ်... ကျုပ်ရဲ့ငွေအိတ်လေးမတွေ့တော့ဘူး"

"ရှင်"

***

ယဉ်မေသည် ရှင်ဟူ၍တစ်ခွန်းသာပြောနိုင်ပြီး စကားဆ

ဆက်နိုင်တော့ပါ။ အတန်ကြာမှ....

"သေသေချာချာကြည့်ပါဦး... အထားများမှားနေသလား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မမှားနိုင်ပါဘူး ကျုပ်မှာအိတ်ဆိုလို့ ဒီတစ်အိတ်ပဲရှိတာပဲ"

"ဒါဖြင့် ဘယ်ကျသွားသလဲဆိုတာကော သတိရရဲ့လား"

ကျင်းဟူမျက်မှောင်ကြုတ်သွား၏။

"ကျပျောက်နိုင်စရာအကြောင်းမှမရှိပါဘဲ"

ယဉ်မေစိတ်ရှုပ်သွား၏။

"ဒါဖြင့် ခါးပိုက်နှိုက်နှိုက်သွားတာဖြစ်ရမယ်"

ကျင်းဟူ၏မျက်လုံးအစုံပြူးကျယ်သွားလေသည်။

"ဟုတ်တယ်... လူတစ်ယောက် ကျုပ်ကိုဝင်တိုးသွားတယ်

သူပဲဖြစ်ရမယ်"

ယဉ်မေထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"အခု အဲ့ဒီလူဘယ်မှာလဲ"

ကျင်းဟူကဆိုင်ထဲသို့မျက်လုံးဖြင့်ဝေ့ကြည့်လိုက်သည်။

တစ်ဆိုင်လုံးမှာ အိပ်ငိုက်နေသောအဘိုးအိုတစ်ယောက်မှလွဲ၍လူတစ်

ယောက်မှမတွေ့ရတော့ပါ။ ဆိုင်လုလင်သည် သူ့အား သံသယဖြစ်

သောမျက်လုံးဖြင့်ကြည့်နေသည်။



သူ၏လက်တစ်ဖက်က ပိုက်ဆံတောင်းရန် လက်ဝါးဖြန့်

လျက်ရှိသည်။ ကျင်းဟူ ခေါင်းကုတ်လိုက်သည်။ ယင်းကိစ္စကို မည်ကဲ့

သို့ဖြေရှင်းရမှန်းတွေးမရဘဲရှိနေလေသည်။

ထိုအချိန်မှာပင် ကျင်းကျင်းကငွေတုံးလေးတစ်တုံးကိုထုတ်

ပေးလိုက်သည်။

"ပိုတာယူထားလိုက်"

ဆိုင်လုလင်သည် ကျသင့်ငွေများရရှိသဖြင့်မျက်နှာတစ်ခုလုံး

ပြုံးရွှင်သွားလေ၏။ သူသည် ကျင်းကျင်းအား အကြိမ်ကြိမ်ကျေးဇူး

တင်စကားပြောပြီး ကျင်းဟူအား အထင်သေးစွာကြည့်ကာ ထွက်ခွာ

သွားလေသည်။

❋❋❋

ကျင်းကျင်းကပြုံးပြလိုက်သည်။

"ကဲ... အချိန်ရှိတုန်းကျွန်မတို့သွားကြမယ်"

ကျင်းဟူကထိုင်ရာမှမထသေးပါ။

ကျင်းကျင်းက သူ့အားကြည့်လိုက်သည်။

"ကျွန်မပြောတာ ရှင်မကြားဘူးလား"

"ကြားပါတယ်"

"ဒါဖြင့် ဘာကြောင့်မထသေးတာလဲ"

ကျင်းဟူကသက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်မှာ ခရီးဆက်ဖို့ငွေမရှိတော့ဘူးဗျာ"

ကျင်းကျင်းသည် သူမ၏အတွင်းအိတ်ထဲမှငွေလွှဲစက္ကူအရွက်ကြီးထုတ်ယူလိုက်လေသည်။

"ဒီအတွက်မစိုးရိမ်ပါနဲ့... ကျွန်မတာဝန်ယူပါတယ်"

သူမသည် ငွေလွှဲစက္ကူတစ်ရွက်ယူ၍ကျင်းဟူလက်ထဲထည့်ပေးလိုက်သည်။

"ရှင်သုံးဖို့ယူထားပါ"

ကျင်းဟူကငြင်းပယ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်... ကျုပ်မယူချင်ဘူး"

ကျင်းကျင်းကရယ်မောလိုက်သည်။

"ယူထားပါရှင်... ရှင့်ငွေ ပြန်ရတဲ့အခါ ကျွန်မကိုပြန်ပေးရင်ပြီးတာပဲ"

ကျင်းဟူလက်ခံလိုက်လေသည်။

"ဒါဆိုကျုပ်လက်ခံပါတယ်"

သူသည် ငွေလွှဲလက်မှတ်ကိုသေချာကြည့်လိုက်သည့်အခါ ယွမ်-၅၀၀ ဟုရေးထားသည်ကိုတွေ့ရသဖြင့်အံ့ဩသွား၏။

"ဟာ... ဒီလောက်များများ ကျုပ်မယူချင်ဘူးဗျာ၊ နည်းတဲ့ငွေလက်မှတ်နဲ့ လဲပေးပါ"



ကျင်းကျင်းက ငွေလွှဲလက်မှတ်များကိုထုတ်ပြလိုက်သည်။

"ရှင့်ကိုပေးတဲ့ငွေလွှဲလက်မှတ်က အနည်းဆုံးပါ"

ကျင်းဟူသည် ကျင်းကျင်းလက်ထဲမှငွေစက္ကူများကို သတိကြည့်လိုက်ရာ ကျင်းကျင်းလက်ထဲရှိငွေလွှဲစာရွက်များမှာ အနည်းဆုံး ၁၀၀၀-တန်ဖြစ်နေသည်ကိုတွေ့ရှိရလေသည်။

ကျင်းကျင်းမှာ အလွန်ချမ်းသာကြွယ်ဝသောမိန်းကလေးတစ်ယောက်ဖြစ်ကြောင်းရိပ်စားမိလိုက်လေသည်။

❋❋❋

နောက်တစ်နေ့ ကျင်းဟူတို့သည် ခရီးများတွင်တွင်သွားနိုင်နဲ့ မြင်းသုံးကောင်ဝယ်လိုက်သည်။ ထို့နောက် မြင်းကိုယ်စီဖြင့် နိုင်ဖုံးမြို့မှထွက်ခွာခဲ့ကြလေသည်။

ယခုမှ သူတို့အခြေအနေသည် ကောက်ရိုးပုံထဲအပ်ပျောက်ဖွေသလိုမျိုးဖြစ်နေတော့သည်။ အဆိပ်ဘုရင်ကား ကောက်ရိုးပုံထဲသွားသောအပ်တစ်ချောင်းနှင့်တူနေပေတော့သည်။

အဆိပ်ဘုရင်သည် မည်သူမည်ဝါဖြစ်မည်နည်း။

အဆိပ်ဘုရင်သည် မည်သည့်နေရာတွင်ရှိနေပါသနည်း။

သူတို့ မသိကြပါ။

သို့သော် သူတို့သိရှိထားသည်မှာ...

အဆိပ်ဘုရင်သည် အချိန်မရွေး သူတို့ထံရောက်လာနိုင်သည် ဟူ၍ဖြစ်ပေသည်။ ထို့ကြောင့် သူတို့သည် အချိန်တိုင်းသတိထားနေကြရလေသည်။

နိုင်ဖုံးမြို့နှင့် မိုင် (၂၀)ခန့်ကွာသောမြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ သူတို့ထင်ထားသည့်အတိုင်း အဆိပ်ဘုရင်သည် သူတို့ထံတန်းတန်းမတ်မတ်ရောက်ရှိလာလေတော့သည်။

❋❋❋

## အဆိပ်ဘုရင်၏အမိန့်တော်

ဤမြို့လေးသည် ပုစန်းမြို့ဖြစ်သည်။

ပုစန်းမြို့သည် သေးငယ်သောမြို့လေးတစ်မြို့ဖြစ်၏။ ရွာကြီးတစ်ရွာသာသာမျှသာရှိသည်ဟုဆိုရပေမည်။

တစ်မြို့လုံးမင်းလမ်းတစ်ခုတည်းသာရှိ၏။ ထို့အတူ တည်းခိုခန်းလည်းတစ်ခုတည်းသာရှိသည်။ ကျင်းဟူတို့အတွက် ကံကောင်းသည်မှာ တည်းခိုမည့်ခရီးသည်များ အလွန်နည်းပါးလှသောကြောင့် သူတို့သည် သီးသန့်အိပ်ခန်းနှစ်ခုကိုရရှိလိုက်၏။

ကျင်းကျင်းနှင့်ယဉ်မေတို့မှာ အိပ်ခန်းတစ်ခန်းတွင် အတူတူအိပ်ကြ၏။ ကျင်းဟူမှာ သူတို့နှင့်ကပ်လျက်တစ်ခန်းကိုရရှိသဖြင့် တစ်ခန်းနှင့်တစ်ခန်းစောင့်ရှောက်နိုင်ခွင့်ရရှိသည်။



သူတို့သည် ညစာစားပြီးနောက် ခရီးပန်းလာသဖြင့် မြင်း...ကို အစားအစာကျွေးရန်နှင့်ပြုစုရန် ဆိုင်လုလင်အားမှာကြားပြီး ...သို့အခန်းကိုယ်ပြန်ကာ စိတ်ချလက်ချအိပ်စက်လိုက်ကြလေသည်။

ခရီးပန်းလာသောကြောင့်လားမသိ။

သူတို့သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားကြကုန်လေ... ပြတင်းပေါက်မှတစ်ဆင့် သူတို့မျက်နှာပေါ်သို့ နေရောင်ခြည်ထိုး...လာမှ အိပ်ရာမှထကြလေသည်။

ကျင်းဟူ မျက်နှာသစ်ရန်ဟန်ပြင်နေစဉ်မှာပင် တစ်ဖက်ခန်း...ကျင်းကျင်း၏ထိတ်လန့်တကြားအော်ဟစ်သံ ထွက်ပေါ်လာသည်...ကြားလိုက်ရ၏။ သူသည် မျက်နှာသုတ်ပဝါကိုဇလုံထဲသို့ပစ်ချပြီး ...ခန်းထဲမှပြေးထွက်၏။

"ဒေါက်... ဒေါက်... ဒေါက်"

ကျင်းကျင်းတို့၏အခန်းတံခါးကို အလောတကြီးခေါက်ရင်း

"ညီမ ဘာတွေဖြစ်နေကြတာလဲ"

ယဉ်မေက တံခါးလာရောက်ဖွင့်ပေးလိုက်သည်။ ကျင်းဟူ...ခန်းထဲလှမ်းကြည့်လိုက်ရာ ကျင်းကျင်းသည် စာရွက်တစ်ရွက်ကို ...ကာ ထိတ်လန့်စွာကြည့်ရှုနေသည်ကိုတွေ့မြင်လိုက်ရ၏။

ထိုအခြင်းအရာကိုမြင်တွေ့လိုက်ရသည်နှင့် ကျင်းကျင်းမှာ ...ဆိပ်ဘုရင်၏သေမင်းဖိတ်စာကိုရရှိခဲ့ပြီဖြစ်ကြောင်း ....

ကျင်းဟူသိရှိလိုက်လေသည်။

သူ အခန်းတွင်းသို့လှမ်းပင်သွား၏။

ကျင်းကျင်းက စာရွက်ကို သူ့အားလှမ်းပေးလိုက်သည်။

သူမ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကိုတွေ့မြင်ရသည်။ ကျင်းဟူက ထိုစာရွက်ကိုယူ၍ဖတ်ရှုလိုက်၏။

ကျင်းကျင်း

(၁၀)လပိုင်း(၃၀)ရက်

အဆိပ်ဘုရင်အမိန့်

ကျင်းဟူသည် စာဖတ်ရှုပြီးနောက် ကျင်းကျင်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကျင်းကျင်း၏မျက်နှာတစ်ခုလုံး ကြောက်ရွံ့သောအရိပ်အယောင်များ လွှင့်ပျောက်သွားပြီဖြစ်၏။

ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းစသည့်အရိပ်အယောင်များအစားထိုးဝင်ရောက်လျက်ရှိနေလေပြီ။

"ဟား... ဟား... ဟား"

ကျင်းကျင်းသူမက ယင်းကိစ္စကိုလုံးဝမမှုသည့်သဘောဖြင့်ရယ်မောလိုက်ခြင်းဖြစ်သော်လည်း သူမ၏ရယ်မောသံမှာ ခြောက်ကပ်ကပ်နိုင်လှပေသည်။

"အတော်ပဲ... ကျွန်မ သူ့ကိုလိုက်ရှာနေတာ၊ အခုတော့ သူက ကျွန်မကိုအဆိပ်ခတ်ဖို့ကြိုးစားနေသေးတာကိုး"



သူမသည် ခါးထောက်၍ကြုံးဝါးလိုက်၏။

"သတ္တိရှိရင်လာစမ်းပါ"

ကျင်းဟူကသက်ပြင်းတစ်ချက်ချလိုက်၏။

"စိတ်ကိုထိန်းပါကျင်းကျင်း... ခေါင်းအေးအေးထားစမ်းပါ"

ကျင်းကျင်းခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

ယဉ်မေကကြားဖြတ်လိုက်သည်။

"ဒီအတိုင်းဆိုရင် အဆိပ်ဘုရင်ဟာငါတို့အနီးတစ်ဝိုက်မှာ ရှိရှိရမယ်"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဒါဟုတ်တယ်"

ကျင်းဟူက....

"အခု သူ့ကိုဘယ်လိုဖော်ထုတ်ရမယ်ဆိုတာအကြံထုတ်သင့်တယ်"

ကျင်းကျင်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျွန်မတို့ သူ့ကိုသတိထားပြီး လိုက်ရှာရင်တွေ့မှာပဲ"

"ကျုပ်တို့သုံးယောက် လူစုခွဲပြီး အမြန်ဆုံးလိုက်ရှာလိုက်ရင်တွေ့နိုင်မယ်လို့ ကျုပ်ယုံကြည်တယ်"

ကျင်းကျင်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သူတို့သုံးယောက်သည် ထိုင်ရာမှထလိုက်၏။

သူတို့၏လက်သုံးဖက်သည် အချင်းချင်းတင်းကျပ်စွာ ဆုပ်ကိုင်ပြီးနောက် လမ်းခွဲသွားကြသည်။

ကျင်းကျင်းက တစ်စုံတစ်ခုသတိရလာ၏။

"နေပါဦး... ကျွန်မတို့ဘယ်မှာပြန်ဆုံကြမှာလဲ"

ကျင်းဟူကပြုံးလိုက်၏။

"ဒီနေရာမှာပေါ့"

ကျင်းကျင်းကခေါင်းညိတ်ပြီး ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

❋❋❋

ကျင်းကျင်းထွက်ခွာသောလမ်းမှာ ဤမြို့ကလေး၏တစ်ခုတည်းသောမင်းလမ်းဖြစ်သည်။ သူမ မင်းလမ်းပေါ်ရပ်လိုက်သည်နှင့် မင်းလမ်းတစ်ခုလုံး လူသူတစ်စုံတစ်ယောက်မျှရှိမနေသည်ကို သတိပြုမိလိုက်သည်။ သူမ၏မျက်လုံးအစုံသည် ဝဲယာသို့ ကျီးကန်းတောင်းမှောက်ကြည့်ကာ ရှေ့သို့လျှောက်သွားသည်။ မြင်ကွင်းတစ်ခုလုံးမှာ လူသူမဆိုထားဘိ ခွေးစသည့်တိရစ္ဆာန်များကိုပင် မတွေ့ရချေ။



သူမသည် မျက်မှောင်ကုပ်သွားသည်။

ဤမြို့လေးသို့ သူတို့ရောက်လာစဉ်က စည်ကားလှသည်မ...သော်လည်း၊ အထိုက်အလျောက်တော့စည်သေးသည်ဟုဆိုရ...သည်။

ယခုမူ မြို့ကလေးတစ်ခုလုံးမှာ သက်ရှိသတ္တဝါဟူ၍ လုံးဝ...ခြစ်နေသည်ကိုတွေ့ရသည်။ သူမသည် ယင်းသို့တွေးလိုက်မိသည်...း ကြောက်ရွံ့တုန်လှုပ်သွားသည်။ ချွေးများ သူမ၏နဖူးပေါ်သို့...ရောက်လာ၏။ သူမသည် ရှေ့သို့တစ်လှမ်းချင်းလှမ်းသွားရာ...

"ဟား... ဟား... ဟား"

ရုတ်တရက် ရယ်မောသံတစ်သံထွက်ပေါ်လာသည်ကိုကြား...သည်။ သူမသည် အသံလာရာသို့လှည့်ကြည့်လိုက်ရာ လူသူ...စ်စုံတစ်ယောက်မျှမတွေ့ရဘဲရှိသည်။

သူမ ခါးထောက်လိုက်သည်။

"ရှင်အဆိပ်ဘုရင်ဆိုတာ ကျွန်မသိတယ်၊ သတ္တိရှိရင် ကျွန်မ...ကိုလာပါ"

"ငါ ဘာဖြစ်လို့လာရမှာလဲကွ"

ကျင်းကျင်းသည် အသံလာရာသို့ သတိထားနားထောင်...သော်လည်း လူရိပ်ပင်မတွေ့ရပါ။

"ရှင်က လူလား သရဲလား"

ရယ်မောသံထွက်ပေါ်လာပြန်သည်။

"ဟား... ဟား... ဟား"

ရယ်မောသံသည် လမ်းကြီးတစ်ခုလုံးဟိန်းထွက်သွားသည်
ဟုထင်ရသည်။ ကျင်းကျင်းခါးထောက်လိုက်သည်။

"သတ္တိမရှိတဲ့လူက လူအမြင်မခံရဲဘူးမဟုတ်လား"

သူမ၏စကားဆုံးသည်နှင့် ရယ်မောသံရပ်တန့်သွားသည်

"ငါ မင်းနောက်မှာရှိတယ်... မင်းမမြင်ဘာတော့ ကျု
မတတ်နိုင်ဘူး"

ထိုအသံသည် သူမ၏နောက်ကျောမှကပ်လျက်ထွက်
လာခြင်းဖြစ်သည်။ ကျင်းကျင်းရင်ထိတ်သွားသည်။ သူမသည်
ခနဲလှည့်ကြည့်လိုက်၏။ သူမနောက်တွင် အဘိုးအိုတစ်ယောက်
နေသည်ကိုတွေ့ရလေသည်။ ယင်းအဘိုးအိုမှာ အသက်(၆၀)ခန့်
သည်ဟုထင်ရသည်။

ဖြူဖွေးသောဆံပင် ရှည်လျားသောငွေရောင်မုတ်ဆိတ်
များထူထပ်စွာရှိသည်။

နဖူးမှာအလွန်ကျယ်ပြီး မေးစေ့ချွန်သည်။

မျက်လုံးအစုံမှာ စူးရှတောက်ပပြီး သိမ်းငှက်နှုတ်သီးကဲ့သို့
နှာခေါင်းရှိသည်။

ကျင်းကျင်းရင်ထဲ၌အလိုလိုကြောက်ရွံ့သွားလေ၏။



"ရှင်ဘယ်သူလဲ"

သူမ၏အသံတုန်ခါနေသည်ကိုသတိပြုမိလိုက်သည်။

"ဟား... ဟား... ဟား"

အဘိုးအိုက ရယ်မောလိုက်၏။ သို့သော် သူ့ရယ်မောသံမှာ
နေသည်ထက်ပင် နားဝင်ဆိုးရွားလှ၏။ ကျင်းကျင်းက အမှတ်မ
နားနှစ်ဖက်ကိုပိတ်ထားလိုက်မိသည်။

အဘိုးအိုသည် ရယ်မောရာမှရပ်တန့်လိုက်ပြီး....

"မင်းတို့က အဆိပ်ဘုရင်ကိုလိုက်ရှာနေတယ်ဟုတ်လား"

ကျင်းကျင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

အဘိုးအိုမဲ့ပြုံးပြုံးလိုက်၏။

"ငါဟာ မင်းတို့အင်မတန်တွေ့ချင်နေတဲ့အဆိပ်ဘုရင်ပဲ"

ကျင်းကျင်းမျက်နှာကွက်ခနဲပျက်သွားသည်။

သို့သော် သူမသည် စိတ်ကိုထိန်းချုပ်လိုက်ပြီး....

"ဒါဖြင့် ကျွန်မတစ်ခုမေးမယ်"

"မေးပါ"

"ရှင်က ကျွန်မကို (၁၀)လပိုင်း (၃၀)ရက်မှာသေရမယ်လို့
ပေးခဲ့တယ်ဟုတ်လား"

အဘိုးအိုခေါင်းခါယမ်းလိုက်သည်။

"စာပေးခဲ့တာမဟုတ်ဘူး... အမိန့်ပေးလိုက်တာ"

ကျင်းကျင်းမှဲပြုံးပြုံးလိုက်သည်။

"ရှင် ကျွန်မကိုသေခိုင်းတာတော့ဟုတ်ပါပြီ၊ ကျွန်မကို ဘာ

သတ်မှာလား"

အဘိုးအိုခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကိုယ်တိုင်လာသတ်စရာမလိုဘူး... အဲဒီနေ့ရောက်

ရင် မင်းအလိုလိုသေသွားမှာ"

"ရှင် ကျွန်မကိုအဆိပ်ခတ်လိုက်တယ်ဆိုပါတော့"

"ဒါ မေးစရာလိုသေးသလား"

"ထားပါတော့လေ... ကျွန်မနဲ့ရှင်နဲ့ သိလဲမသိဘူး ရန်ငြိုးဆို

မရှိဘူး... ဘာကြောင့်ကျွန်မကိုလုပ်ကြံချင်ရတာလဲ"

"ရန်ငြိုးမရှိတာတော့မှန်တယ်... ဒါပေမဲ့ မင်းက ငါ့ကိုလိုက်

ရှာတဲ့လူတစ်ယောက်ဖြစ်တဲ့အတွက်"

ကျင်းကျင်းရယ်လိုက်၏။

"ရှင့်ကိုလိုက်ရှာရမှာပေါ့... ရှင်က ကျွန်မဦးလေးကိုသတ်

လိုက်တာကိုး"

အဘိုးအိုက ခေါင်းညိတ်ပြကာ...

"ဟုတ်တယ်... ငါ မင်းဦးလေးကို ဘာကြောင့်သတ်သလဲ

ဆိုတာကိုကော မင်းသိသလား"



ကျင်းကျင်းခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"မင်းမသိရင် သိအောင်ပြောပြမယ်"

အဘိုးအိုသည် ကျင်းကျင်းကိုတစ်ချက်လှမ်းကြည့်၏။

ပြီးနောက် စကားဆက်လိုက်သည်။

"မင်းဦးလေးကကျင်းယုံမဟုတ်လား"

"ဟုတ်ပါတယ်"

"သူကသိပ်ချမ်းသာတယ်မဟုတ်လား"

"ဟုတ်တယ်"

"သူ ဘာကြောင့် ဒီလောက်ချမ်းသာတယ်ဆိုတာကိုကော

သိသလား"

"မသိဘူး"

"မသိရင် ငါပြောတာကိုနားထောင်... မင်း ဦးလေးကျင်းယုံ

ကိုဆေးဝါးဝယ်ဖို့ ငါငွေတွေပုံပေးခဲ့တယ်၊ ဒါပေမဲ့ သူက အဲဒီငွေတွေ

ကိုအလွဲသုံးစားလုပ်ပြီး ကျောက်စိမ်းတွင်းသွားတူးတယ်၊ ကံကောင်း

ထောက်မပြီးကျောက်စိမ်းတုံးရခဲ့တယ်၊ ချမ်းသာလာတယ်၊ ဒါတောင်

ကျုပ်လိုအပ်တဲ့ဆေးဝါးကိုဝယ်မပေးခဲ့တဲ့အပြင် ကျုပ်ကိုတောင် လုပ်

ကြံဖို့ကြိုးစားခဲ့တယ်"

ကျင်းကျင်းသည် အတန်ကြာစဉ်းစားပြီးမှ...

"ရှင်ပြောတာတွေကို ကျွန်မဘယ်လိုလုပ်ယုံကြည်ရမလဲ"

အဘိုးအိုခေါင်းညိတ်လိုက်သည်။

"ဒါလဲဟုတ်တယ်၊ ဒါပေမဲ့ တစ်နေ့မင်းယုံကြည်လာမှာပါ"

"ရှင်ပြောတဲ့အတိုင်းဆို ကျွန်မအသက်ဟာရက်ပိုင်းပဲကျန်တော့တာပဲ၊ ရှင့်စကားမှန်တယ်မမှန်ဘူးဆိုတာ ကျွန်မ ဘယ်လိုလုပ်သိနိုင်မလဲ"

အဘိုးအိုတွေဝေသွားသည်။

ကျင်းကျင်းကစကားဆက်လိုက်သည်။

"ရှင်ပြောတာမှန်တယ်ပဲထား... ကျွန်မနဲ့ဘာဆိုင်သလဲ"

အဘိုးအိုတွေဝေသွားပြန်သည်။

ကျင်းကျင်းကစကားဆက်လိုက်ပြန်၏။

"ရှင်ပြောတဲ့စကားဟုတ်တယ်ပဲထားပါ... ရှင်အခုလုပ်နေတဲ့ အလုပ်တွေဟာ ရက်စက်ကြမ်းကြုတ်တယ်လို့ ရှင့်ကိုယ်ရှင် မထင်မိဘူးလား"

အဆက်မပြတ်ထုတ်လိုက်သောမေးခွန်းကြောင့် အဘိုးအိုတွေဝေသွားလေသည်။ သူသည် ကြောင်အမ်းအမ်းဖြင့် ကျင်းကျင်းအားကြည့်ကာ တစ်ဘက်သို့လှည့်ပြီးခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေသည်။

***



ကျင်းကျင်းသည် ထိုအဘိုးအိုနောက်လိုက်ရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော် လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ထိုအဘိုးအိုသည် မြင်ကွင်းမှပျောက်ကွယ်သွားသဖြင့် ကျင်းကျင်းသည် စိတ်ပျက်စွာဖြင့် တည်းခိုခန်းသို့ပြန်ခဲ့ရလေသည်။

ယဉ်မေသည် ကျင်းကျင်းပြန်လာသည်ကိုမြင်တွေ့ရသည့်အခါ...

"ဘာတွေထူးခြားသေးသလဲညီမ"

ဟုဆီး၍မေးလိုက်သည်။

ကျင်းကျင်းကသက်ပြင်းတစ်ချက်ချကာ...

"အဘိုးအိုတစ်ယောက်ကိုတော့တွေ့တယ်၊ အဆိပ်ဘုရင်ဖြစ်မယ်လို့ထင်မိတယ်"

ယဉ်မေမျက်မှောင်ကြုတ်သွားသည်။

"အဘိုးအိုတစ်ယောက်ဟုတ်လား"

ကျင်းကျင်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"သူ့ကိုဘယ်မှာတွေ့လိုက်တာလဲ"

"လမ်းမကြီးပေါ်မှာ"

"သူ့ရဲ့ပုံပန်းသဏ္ဍာန်ကကော၊ ဘယ်လိုလဲ"

"ဆံပင်ဖြူ မုတ်ဆိတ်ရှည်နဲ့"

"မျက်ခုံးမွေးလဲ ဖြူတယ်မဟုတ်လား"

"ဟုတ်တယ်"

ယဉ်မေမျက်မှောင်ကြုတ်သွားသည်။

"ဟောတော့… ဒီအဘိုးအိုကို မမလဲတွေ့ခဲ့တယ်"

ကျင်းကျင်းအံ့အားသင့်သွားသည်။

"သူ့ကိုဘယ်မှာတွေ့ခဲ့သလဲ"

"လမ်းမကြီးရဲ့အဆုံးမှာရှိတဲ့ ဘုံကျောင်းပျက်မှာတွေ့ခဲ့တာ"

"နောက်ကော"

"သူပျောက်သွားတော့တာပဲ"

ကျင်းကျင်းမျက်မှောင်ကြုတ်သွားလေသည်။

"မမပြောတဲ့အတိုင်းဆိုရင် ကျွန်မ,တွေ့ခဲ့တဲ့အဘိုးအိုနဲ့မေ တွေ့ခဲ့တဲ့အဘိုးအိုတစ်ယောက်တည်းများဖြစ်နေမလား"

ယဉ်မေခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူးထင်တယ်… ဒီအဘိုးအိုကို မမကဘုံကျောင်း ပျက်မှာတွေ့တာ၊ သူပျောက်သွားလို့ လိုက်ရှာရင်း မတွေ့တာနဲ့ နောက်ဆုံး လက်လျှော့ပြီးပြန်လာရတယ်"

ကျင်းကျင်း အနည်းငယ်စဉ်းစားလိုက်သည်။

"မမတွေ့ခဲ့တဲ့အဘိုးအိုနဲ့ ကျွန်မတွေ့ခဲ့တဲ့အဘိုးအိုဟာ တစ်ယောက်တည်းများဖြစ်နေမလား"



ယဉ်မေ ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး… သူကတစ်ချိန်တည်းမှာ နေရာနှစ်ခုကို တစ်ပြိုင်တည်းရောက်နိုင်ပါ့မလားလို့"

ကျင်းကျင်းတွေဝေသွား၏။ ယဉ်မေက…

"ဘာပဲဖြစ်ဖြစ်လေ… အစ်ကိုကြီးပြန်လာလာရင်တော့ ရှင်းသွားလိမ့်မယ်ထင်တယ်"

ကျင်းကျင်းမျက်မှောင်ကုပ်သွားသည်။

"သူကဘယ်ဘက်ကိုသွားတာလဲ"

ယဉ်မေခေါင်းခါယမ်းလိုက်၏။

"မမက အရင်ထွက်တဲ့အတွက် သူဘယ်ကိုသွားလဲဆိုတာ မပြောတတ်ဘူး"

ကျင်းဟူသည် မည်သည့်နေရာသို့ရောက်နေပါသနည်း။

❋❋❋

## အဘိုးအိုသုံးယောက်

ကျင်းဟူသည် ကျင်းကျင်းနှင့်ယဉ်မေတို့ထွက်ခွာသွားပြီးနောက် တစ်ယောက်တည်း မြို့ပြင်ဘက်သို့ထွက်ခွာခဲ့ခြင်းဖြစ်သည်။ မြို့ထဲတွင် ယဉ်မေနှင့်ကျင်းကျင်းတို့ရှိနေပြီဖြစ်၍ သူသည် မြို့ပြင်ထွက်၍ စူးစမ်းရန်စိတ်ကူးမိလာသည်။

ထို့ကြောင့် သူသည် ခြေလှမ်းကျဲကျဲဖြင့် မြို့ပြင်သို့ထွက်ခဲ့လေသည်။ မြို့ပြင်သို့ရောက်သည့်အခါ ခပ်လှမ်းလှမ်းတွင် အဘိုးအိုတစ်ယောက်ကိုတွေ့မြင်လိုက်ရ၏။ အဘိုးအိုတစ်ယောက်အား မြို့ပြင်၌မြင်တွေ့ရသည်မှာ ထူးဆန်းသည်ဟုမဆိုနိုင်ပါ။

သို့သော် ထိုအဘိုးအိုသည် အခြားအဘိုးအိုနှင့်မတူဘဲ တစ်မူထူးခြားနေသည်ဟု ကျင်းဟူ၏စိတ်ထဲ၌ခံစားလိုက်ရသည်။

အကြောင်းမှာ... ထိုအဘိုးအိုသည်ဆံပင်များဖြူဖွေးပြီး ချွန်ထက်သောနှာခေါင်းရှိသည်။ မုတ်ဆိတ်များ ဖြူဖွေးရှည်လျားနေ၏။ မုတ်ဆိတ်မွေးနှင့် ဆံပင်များဖြူဖွေးသောအဘိုးအိုကို တွေ့ရခြင်းမှာ ဆန်းပြားသည့်ကိစ္စမဟုတ်ပါ။

သို့သော်....



ထိုအဘိုးအိုမှာ လမ်းလယ်ခေါင်တွင် လမ်းပိတ်ထိုင်နေသောကြောင့် ထူးထူးဆန်းဆန်းဖြစ်နေ၏။ ကျင်းဟူသည် အနီးသို့ချဉ်းကပ်သွားသည်။ အဘိုးအိုက သူ့အားမျက်တောင်မခတ်ကြည့်နေ၏။

ကျင်းဟူက သူ့အားအကဲခတ်ကြည့်လိုက်ရင်း....

"အဘ ဘာဖြစ်လို့ လမ်းလယ်ခေါင်မှာထိုင်နေရတာလဲ"

အဘိုးအိုကမျက်လွှာပင့်လိုက်သည်။ သူ၏မျက်လုံးမှာ အလွန်စူးရှတောက်ပနေသည်ကို အမှတ်မထင်သတိပြုမိလိုက်၏။

ကျင်းဟူရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

ဤအဘိုးအိုသည် သာမန်အဘိုးအိုတစ်ယောက်မဟုတ်ဘဲ ဒိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။ အဘိုးအိုက သူ့အားအတန်ကြာ စိုက်ကြည့်ပြီးနောက်....

"မင်းတို့ အဆိပ်ဘုရင်ကိုလိုက်ရှာနေတယ်ကြားလို့ ကျုပ်ကလာစောင့်နေတာ"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ခင်ဗျားက...."

အဘိုးအိုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် မင်းတို့လိုက်ရှာနေတဲ့အဆိပ်ဘုရင်ဆိုတာငါပဲ"

ကျင်းဟူမျက်လုံးပြူးသွား၏။

"ဗျာ... ခင်ဗျားကအဆိပ်ဘုရင်ဟုတ်လား"

အဘိုးအိုက....

"မင်း မယုံဘူးလား"

ကျင်းဟူသည် အဘိုးအိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"ယုံတာ မယုံတာအရေးမကြီးဘူး၊ ခင်ဗျားသာအဆိပ်ဘုရင်ဆိုရင်တော့ ကျုပ်ကလက်ပိုင်ကြည့်နေမှာမဟုတ်ဘူး"

အဘိုးအိုကရယ်လိုက်၏။

"မင်းရဲ့ပညာနဲ့ ငါ့ကိုအနိုင်ယူနိုင်မယ်ထင်လို့လား"

ကျင်းဟူမှဲပြုံးပြုံးက....

"ကြည့်သေးတာပေါ့"

ကျင်းဟူသည် ပြောပြောဆိုဆိုဖြင့် အဘိုးအိုအား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

အဘိုးအိုကရှောင်တိမ်းရင်း....

"ဟေ့... ဟေ့... မလုပ်နဲ့၊ ငါမင်းနဲ့ရန်ဖြစ်ဖို့အချိန်မရှိဘူးကွ"

အဘိုးအိုသည် ပြောပြောဆိုဆိုပြေးလွှားထွက်ခွာသွား၏။

"မပြေးနဲ့"

ကျင်းဟူကအမီလိုက်ရန်ကြိုးစားသေး၏။ သို့သော် လိုက်ရင်းလိုက်ရင်း သူ့မျက်စိရှေ့မှောက်မှပင် အဘိုးအိုသည် ပျောက်ကွယ်သွားလေ၏။



ကျင်းဟူ ခံပြင်းစွာတက်ခေါက်လိုက်သည်။

"တောက်... တစ်နေ့တွေ့ဦးမှာပေါ့"

ကျင်းဟူသည် လက်သီးလက်မောင်းတန်း၍ကြုံးဝါးရင်း ပြန်လှည့်ခဲ့ရလေသည်။

❋❋❋

ယဉ်မေနှင့်ကျင်းကျင်းတို့သည် ကျင်းဟူပြန်လာသည့်ပုံဟန်ကို မတွေ့မြင်သည်နှင့် အခြေအနေမဟန်ကြောင်း အကဲခတ်မိလိုက်လေသည်။ ကျင်းဟူကစိတ်ပျက်လက်ပျက်ထိုင်ချရင်း....

"တောက်"

ခံပြင်းစွာဖြင့်တက်တစ်ချက်ခေါက်လိုက်၏။ နှုတ်မှလည်း....

"လွတ်သွားတာနာလိုက်တာ"

ယဉ်မေနှင့်ကျင်းကျင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။ ၎င်းတို့ထင်မြင်မှုယူဆထားကြသည့်အတိုင်း ကျင်းဟူမှာ အဆိပ်ဘုရင်နှင့်လွဲခဲ့ပြီဟုနားလည်လိုက်ကြလေသည်။

ယဉ်မေကပြုံးပြရင်း....

"အစ်ကိုကြီး အဆိပ်ဘုရင်နဲ့တွေ့ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်"

"သူ့ကိုမမိဘဲလွတ်သွားတာ ၂ဆိုပါတော့"

"အင်း...."

"အစ်ကို သူ့ကိုတိုက်ခိုက်ခဲ့သေးလား"

"တိုက်ခိုက်မလို့လုပ်တုန်း ထွက်ပြေးသွားတယ်လေ"

"ဒါဖြင့် သူကအစ်ကို့ကိုကြောက်လို့ပေ့ါ"

"ဟုတ်...."

ကျင်းဟူသည် ယောင်ယမ်းခေါင်းညိတ်လိုက်ပြီးမှ....

"ဟာ.... ဘယ်ကလာကြောက်ရမှာလဲ"

"ဒါဖြင့် ဘာဖြစ်လို့ထွက်ပြေးသွားရတာလဲ"

"ဒါတော့ ကျုပ်လဲဘယ်သိမလဲ"

သူသည် လက်ကာပြလိုက်၏။

"နေဦး... ညီမကော အခြေအနေ"

"အဘိုးအိုတစ်ယောက်ကိုတွေ့ခဲ့တယ်"

"ဟုတ်လား... ဘယ်လိုပုံသဏ္ဌာန်လဲ"

"အသက်ခြောက်ဆယ်လောက် အဘိုးအိုတစ်ယောက်ပေါ့"

"ဟာ... ဒါဖြင့် ငါတွေ့ခဲ့တဲ့အဆိပ်ဘုရင်ဖြစ်ရမယ်"

"ဟုတ်ပါတယ်"

"ဆက်ပြောပါဦး"

"ဆက်ပြောစရာမှမရှိဘဲ"



"ဟော...."

ကျင်းဟူကြောင်အမ်းအမ်းဖြစ်သွား၏။

သူသည် ယဉ်မေအားကြည့်လိုက်သည်။

"ညီမပဲ အဆိပ်ဘုရင်နဲ့တွေ့ခဲ့တယ်လို့ပြောတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"နောက်ကော"

"ပြောစရာမှမရှိဘဲ ဘာဆက်ပြောရမှာလဲ"

ကျင်းဟူခေါင်းကုတ်လိုက်သည်။

ကျင်းကျင်းက ခစ်ခနဲရယ်မောလိုက်၏။

"မမလဲ အဆိပ်ဘုရင်နဲ့လွဲခဲ့တယ်လေ၊ ဒါကြောင့် ဘာဆက်ပြောစရာရှိသေးလို့လဲ"

ကျင်းဟူ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အင်း.... ဒါလဲဟုတ်သားပဲ"

သူသည် ကျင်းကျင်းအားကြည့်လိုက်ပြီး....

"ဒါနဲ့ မင်းကကော"

"ကျွန်မလဲတွေ့ခဲ့တယ်"

ကျင်းဟူမျက်လုံးပြူးကျယ်သွားသည်။

"မင်းလဲတွေ့ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဆက်ပြော"

"ပြောစရာမှမရှိဘဲ"

"လာပြန်ပြီ"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။ ပြီးမှ....

"ဟုတ်ပြီ.... မင်းလဲ အဆိပ်ဘုရင်တွေ့ပြီး ဒီအတိုင်း လယ်လွတ်လိုက်ရတယ်ဆိုပါတော့"

"ဟုတ်ပါတယ်ရှင်"

"ဟင်း...."

ကျင်းဟူက သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး စားပွဲပေါ်မှ ရေနွေးခရားကိုငှဲ၍ရေနွေးကြမ်းသောက်လိုက်သည်။ ရေနွေးခရားကိုပြန်ချလိုက်စဉ် တစ်စုံတစ်ခုကို ရုတ်တရက်သတိရလိုက်သဖြင့်....

"မဖြစ်ဘူး .... မဖြစ်ဘူး"

ခေါင်းခါရင်းရေရွတ်လိုက်ရာ ယဉ်မေမျက်မှောင်ကြုတ်သွားသည်။ ကျင်းဟူကိုနားမလည်နိုင်ဟန်ဖြင့်ကြည့်က....

"ဘာ မဖြစ်တာလဲအစ်ကို"

"တို့သုံးယောက်စလုံး တစ်ချိန်တည်း နေရာသုံးခုမှာ သူ့ကို တစ်ပြိုင်တည်းမတွေ့နိုင်ဘူး"

ယဉ်မေနှင့်ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်၏။



မှန်သည်။ လူတစ်ယောက်အားနေရာသုံးခု၌ တစ်ချိန်တည်း တစ်ပြိုင်တည်းတွေ့မြင်ရသည်ဆိုခြင်းမှာ လုံးဝမဖြစ်နိုင်သောကိစ္စရပ်ဖြစ်သည်။

ကျင်းဟူ ခေါင်းကုတ်လိုက်၏။

"ဟုတ်ပါ့မလား... ညီမတို့ လူမှားနေပြီထင်တယ်"

"မမှားနိုင်ဘူး"

သူတို့သည် မိမိတို့တွေ့ဆုံခဲ့သောအဆိပ်ဘုရင်ဆိုသူ အဘိုးအို၏ရုပ်သွင်နှင့် ဝတ်စားဆင်ယင်မှုများကို အသီးသီးပြောပြကြရာ သူတို့တွေ့ဆုံခဲ့ကြသည့်အဘိုးအိုသုံးယောက်စလုံး တစ်ထပ်တည်းတူညီကြ၏။

ထိုအဘိုးအိုတစ်ယောက်ကည်းကိုပင် ၄င်းတို့သုံးဦးစလုံးက မတူညီသောနေရာများတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း တွေ့မြင်ခဲ့ကြသည့်သဘောဖြစ်သည်။

သို့သော် ထိုအဘိုးအိုအနေဖြင့်တစ်ချိန်တည်းတစ်ပြိုင်တည်း မတူညီသောနေရာသုံးနေရာသို့ မည်သို့ရောက်ရှိနိုင်ပါမည်နည်း။

ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့သည် စကားတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ ငြိမ်သက်စွာထိုင်နေမိကြလေတော့သည်။

❋❋❋

ခန်းမအတွင်း စကားတစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာထိုင် နေကြသည်။ အခန်းတစ်ခုလုံး အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်၍နေလေသည်။

သူတို့သည် မည်သည့်အရာကိုဤမျှလောက်စိတ်ဝင်တစား တွေးတောနေကြပါသနည်း။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားလေ၏။

အတန်ကြာမှ အသံတစ်သံစတင်ထွက်ပေါ်လာသည်။

"ဒီကိစ္စကို ပေါ့ပေါ့တန်တန်တွေးလို့မရတော့ဘူးထင်တယ်"

စကားပြောသူမှာ ဝူးတန်ဂိုဏ်းမှလက်ထောက်ဂိုဏ်းချုပ် အိကျင်းကျူဖြစ်သည်။

"ဟုတ်ပါတယ် ဒါကြောင့်လဲ အခုလိုဂိုဏ်းရှစ်ဂိုဏ်းကို အထူး အစည်းအဝေးခေါ်ရတာပါ"

ရှောင်လင်လက်ထောက်ကျောင်းထိုင်က မိန့်တော်မူလိုက် ၏။ အိကျင်းကျူကစကားဆက်လိုက်သည်။

"ဂိုဏ်းရှစ်ဂိုဏ်းကလူတွေစုံပြီလားဂိုဏ်းချုပ်ကြီး"

"မစုံသေးပါဘူး"

"ဘယ်သူတွေလိုနေသေးလဲဂိုဏ်းချုပ်ကြီး"

"ချင်းဟိုက်နှင့်ခွန်းလွန်တို့ရောက်မလာကြသေးဘူး"

"သူတို့ကမဝေးပါဘူး... ဗိတ်စာများမရောက်လို့လား"



"ရောက်ပါတယ်... သူတို့မှာ တခြားအရေးကြီးတဲ့ကိစ္စများ နေသလားမှမသိဘဲ"

အိကျင်းကျူခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... သူတို့ဟာ အစည်းအဝေးမှန်သမျှ ဘယ် နှုန်းကမှမပျက်ကွက်ခဲ့ပါဘူး"

ရှောင်လင်လက်ထောက်ဂိုဏ်းချုပ်ဝူခုံးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ကဲ... အစည်းအဝေးစကြရအောင်"

အိကျင်းကျူခေါင်းညိတ်လိုက်သည်။ ထို့နောက် သူသည် အသံကိုမြှင့်ပြီး အစည်းအဝေးစတင်ကြောင်းကြေညာလိုက်၏။

❊❊❊

"အခုလိုဂိုဏ်းအသီးသီးက ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ရတဲ့အကြောင်းကတော့.... အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း အဆိပ်ဘုရင်ရဲ့အန္တရာယ်ကြောင့်ဖြစ်ပါတယ်"

အိကျင်းကျူကယင်းသို့စကားချီလိုက်ပြီးနောက်....

"ဒီကိစ္စနှင့်ပတ်သက်ပြီး ရှောင်လင်လက်ထောက်ဂိုဏ်းချုပ်ဝူခုံးက အသေးစိတ်ဆက်လက်ရှင်းပြပါလိမ့်မယ်"

ရှောင်လင်ကျောင်း လက်ထောက်ဂိုဏ်းချုပ်ဝူခုံးက လက်အုပ်ချီလိုက်သည်။

"အခုကြွရောက်လာတဲ့ပုဂ္ဂိုလ်ခင်ဗျားများဟာ လွန်ခဲ့တဲ့ နှစ်များစွာက အဆိပ်ဘုရင်ကိုကြားသိပြီးပြီဖြစ်ပါလိမ့်မယ်၊ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်က အဆိပ်ဘုရင်ဟာ သိုင်းလောကတစ်ခုလုံးကိုချုပ်ကိုင်လွှမ်းမိုးမယ့်အဖြစ်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်"

ခုန်တုန်ဂိုဏ်းမှလက်ထောက်ဂိုဏ်းချုပ်က မသိမသာခေါင်းညိတ်နားထောင်နေ၏။

ဝူခုံးကစကားဆက်လိုက်သည်။

"အဲဒီတုန်းကလဲ ရှောင်လင်ဆရာတော်က အခုလို အစည်းအဝေးတစ်ခုဖိတ်ခေါ်ပြီး သွားရောက်နှိမ်နင်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီအခါမှာ အဆိပ်ဘုရင်ဟာ လောကပေါ်က ရုတ်တရက်ပျောက်ကွယ်သွားပါတယ်"



သူသည် သက်ပြင်းတစ်ချက်ချပြီးစကားဆက်လိုက်သည်။

"သူ့ကိုအားလုံးကမေ့ပျောက်သွားပါပြီ၊ သူ့ရဲ့သတင်းကိုလဲ ...ုံးဝမကြားရတာကြာပါပြီ"

ဝူခုံးကချောင်းတစ်ချက်ဟန့်လိုက်သည်။

ပြီးမှ....

"ခုတော့ အားလုံးကြားသိကြတဲ့အတိုင်းပါပဲ၊ လုံးဝပျောက်...ယ်သွားခဲ့တဲ့အဆိပ်ဘုရင်ဟာ ပြန်ပြီးထွက်ပေါ်လာပါပြီ"

သူ၏စကားဆုံးသွားသည်နှင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်...လသည်။ ခွန်းလွန်ဂိုဏ်းမှလက်ထောက်ဂိုဏ်းချုပ်က သက်ပြင်းချ...ိုက်ရင်း....

"ဟုတ်တယ်... အဆိပ်ဘုရင်ကြောင့် လူအတော်များများ...သေဆုံးခဲ့ကြရပြီ"

ငိုမိဂိုဏ်းမှသီလရှင်ရှောင်ရှမ်းကလက်အုပ်ချီလိုက်သည်။

"ဟုတ်ပါတယ်.... ဒီအတိုင်းလက်ပိုက်ကြည့်မယ်ဆိုရင် လူ...အသက်ပေါင်းများစွာသေကြရပါလိမ့်ဦးမယ်"

ဝူခုံးခေါင်းညိတ်လိုက်သည်။

"အခုချိန်အထိတော့ သူလက်ချက်မိသွားကြတဲ့လူတွေထဲ...မှာ ထိပ်တန်းပုဂ္ဂိုလ်တွေမပါသေးဘူး၊ ဒါပေမဲ့ နောက်ပိုင်းမှာ အခု...သက်ပိုပြီးအတင့်ရဲလာလိမ့်မယ်လို့ယုံကြည်ရပါတယ်"

ဗေဒါဂိုဏ်းမှတန်အိဟိုကခေါင်းကုတ်ရင်း....

"စကားတွေ တွေတွေဝေဝေပြောမနေပါနဲ့တော့၊ ကျုပ်တို့ကိုဖိတ်တာ ဘာလုပ်ကြမလို့လဲဆိုတာပြောပါ"

ဝူးတန်အိကျင်းကျူပြုံးလိုက်သည်။

"ဗေဒါကစိတ်မြန်လှချည်လား"

ဗေဒါဂိုဏ်းမှတန်အိဟိုက သူ့အားမျက်လုံးပြူးပြရင်း....

"မင်းတို့ကအရက်နဲ့မှုညွှေမခံဘဲ ငါကြောကြောမနေနိုင်ဘူးကွ"

ထင်းစန်းဂိုဏ်းမှဟိုဝမ်းချွမ်းကရယ်မောလိုက်သည်။

"အရက်သောက်ချင်ရင် နောက်တစ်ခါ မင်းတို့ဌာနချုပ်မှာပဲ အစည်းအဝေးခေါ်ပေါ့"

သူတို့ရယ်မောဖွယ်ရာပြောနေစဉ် ဝူခုံးက....

"ကျုပ်တိုတိုပဲပြောပါတော့မယ်"

သူသည်ပြောပြီး စာရွက်တစ်ရွက်ကောက်ယူကာ....

"လွန်ခဲ့တဲ့သုံးရက်လောက်က ကျုပ်ဆီကို စာတစ်စောင်ရောက်လာပါတယ်"

ဗေဒါဂိုဏ်းမှတန်အိဟိုမျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူ့ဆီကစာလဲ"

ဝူးတန်မှအိကျင်းကျူက....

"အဆိပ်ဘုရင်ကပို့လိုက်တဲ့စာပါ"



သူ၏စကားကြောင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်သွားကြကုန်းလေသည်။ ငိုမိဂိုဏ်းမှရှောင်ရှမ်းမျက်နှာမဲ့သွားသည်။

"ရာရာစစ ရှောင်လင်ဂိုဏ်းဆီကိုစာတွေပေတွေတောင် ပို့နေပါလား"

ဗေဒါဂိုဏ်းမှတန်အိဟိုက သူ့မအားလက်ကာပြပြီး....

"တိတ်တိတ်နေစမ်းပါ... ဘုန်းကြီးဖတ်တာနားထောင်"

ဝူခုံးကအသံကိုမြှင့်လိုက်သည်။

"ဒီစာကို အခုကျုပ်ဖတ်ပြပါ့မယ်"

သူသည် ဖတ်ပြရန်စာရွက်ကိုဖြန့်လိုက်၏။ အားလုံးသောသူများသည် တိတ်ဆိတ်စွာဖြင့်နားစွင့်လျက်ရှိနေကြလေသည်။

❋❋❋

ဝူခုံး၏အသံသည် ရှင်းလင်းပီသစွာထွက်ပေါ်လာ၏။

*“ရှောင်လင်ကျောင်းထိုင်*

*ကျုပ်သတင်းတွေကိုကြားသိပြီးရောပေါ့... ဒီလုပ်ရပ်တွေဟာ ကျုပ်ရဲ့ အဆိပ်စွမ်းဘယ်လိုရှိတယ်ဆိုတာစမ်းသပ်နေတဲ့ကာလလို့မှတ်ယူပါ။ အခုတော့ ကျုပ်လိုချင်တဲ့အနေအထားကို အောင်မြင်စွာရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်၊ ဒါကြောင့်.... တစ်လအတွင်း သိုင်းလောကရဲ့ ထိပ်တန်းဂိုဏ်းကြီး (၈)ဂိုဏ်းဟာ ကျုပ်အမိန့်ကိုနာခံရမယ်၊ သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့ အာဏာစက်အောက်မှာ တည်ရှိရမယ်၊ ကျုပ်ကိုသိုင်းလောကတစ်ခုလုံးရဲ့ အရှင်သခင်လို့ အသိအမှတ်ပြုရမယ်၊ ဒီတောင်းဆိုချက်ကို တစ်လအတွင်းနာခံလိုက်လျှောမှုမရှိရင် သိုင်းလောကသားအားလုံး ဒုက္ခပင်လယ်ဝေကြရမယ်ဆိုတာ ကြိုတင်သတိပေးလိုက်ပါတယ်၊ ဒီစာကိုကျန်တဲ့ဂိုဏ်း (၇) ဂိုဏ်းဆီတစ်ဆင့်ဖြန့်ဝေအကြောင်းကြားပါ*

*အဆိပ်ဘုရင်”*

ဝူခုံး၏စာဖတ်သံပြီးဆုံးသွားသည့်အခါ အားလုံးသောလူများလှုပ်လှုပ်ရွရွဖြစ်ကုန်ကြလေသည်။

“တော်တော်လူပါးဝတယ်”

ငိုမီရှောင်ရှမ်းက ကြုံးဝါးလိုက်သည်။

ခွန်းလွန်ဂိုဏ်းမှယန်ကုန်းချိကမဲ့ပြုံးပြုံးသည်။



“လွန်ပြီပေါ့.... ဒီလူ ရူးများရူးနေသလား”

ဗေဒါတန်အိဟိုကပခုံးတစ်ချက်တွန့်သည်။

“ဒီလူ အေးအေးဆေးဆေးမနေချင်ဘူးနဲ့တူတယ်”

ထင်းစန်းဂိုဏ်းမှဟိုဝမ်းစွမ်းက ရယ်မောလိုက်သည်။

“လာစမ်းပါစေ... မှတ်လောက်အောင်ဆုံးမလိုက်မယ်”

ညှော်ခန်းတစ်ခုလုံး ဆူညံပွက်လောရိုက်သွားလေသည်။

“အားလုံးတစ်ဆိတ်လောက်နားထောင်ပါ”

ဝူခုံးက လက်ကာပြ၍ဟန့်တားလိုက်မှ အားလုံးငြိမ်သက်သွားလေသည်။ ထိုအခါမှ ဝူခုံးကချောင်းတစ်ချက်ဟန့်လိုက်ပြီး....

“ကျုပ်တို့က သူ့ကိုရှာဖွေနှိမ်နင်းမယ်လုပ်တုန်း သူက ဒီဘက်ကို ဦးအောင်ပေးလိုက်တာပဲ”

ဗေဒါတန်အိဟိုကရယ်လိုက်သည်။

“ကောင်းတာပေါ့... နို့မဟုတ်ရင် သူ့ဆီသွားရဦးမယ်”

ဝူခုံးကခေါင်းညိတ်လိုက်သည်။

“ဒါကြောင့်.... မိတ်ဆွေတို့အားလုံးကိုဖိတ်ခေါ်ပြီး ဘယ်လိုလုပ်ကြရင်ကောင်းမလဲဆိုတာဆွေးနွေးဖို့ပါပဲ”

ငိုမီဂိုဏ်းရှောင်ရှမ်းကမဲ့လိုက်သည်။

“သူ့ကိုဆုံးမရုံပေါ့... တခြားဘာလုပ်စရာရှိသေးလို့လဲ”

ထင်းစန်းဂိုဏ်းဟိုဝမ်းစွမ်းကထောက်ခံလိုက်သည်။

"ဒါဟုတ်တယ်"

ခွန်းလှန်ဂိုဏ်းယန်ကုန်းချိုကလည်း ....

"ဟုတ်တယ်... သူ့ကိုလက်ဦးအောင် တိုက်ခိုက်တာကလွဲလို့ တခြားနည်းလမ်းမရှိတော့ပါဘူး"

ဗေဒါတန်အိပ်ဟိုရယ်မောလိုက်သည်။

"ဒီအတွက်မပူပါကြနဲ့ဗျာ.... ကျုပ်တစ်ယောက်တည်းနဲ့ပဲ လုံလောက်ပါပြီ"

ဂိုဏ်းအသီးသီးမှပုဂ္ဂိုလ်များသည် တစ်ယောက်တစ်ခွန်း ပြောဆိုကြရာ အသံဗလံများသည် အခန်းတစ်ခုလုံး ပွဲတင်ထပ်သွားလေသည်။ ဝူခုံးက လက်နှစ်ဖက်မြှောက်၍ ဆိတ်ဆိတ်နေကြရန် ဟန့်တားလိုက်မှ အသံဗလံများပြန်လည်ငြိမ်သက်သွားကြသည်။

ရှောင်လင်ဝူခုံးက တိတ်ငြိမ်သွားသည်အထိစောင့်ပြီးမှ....

"အားလုံးပြောတာမှန်ပါတယ်... ဒါပေမဲ့ အဆိပ်ဘုရင်ဟာ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူသိကြပါသလဲ"

အားလုံးက ပါးစပ်ပိတ်သွားကြတော့သည်။ မည်သူကမှ အဆိပ်ဘုရင်ကိုမတွေ့ဘူးကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ စကားမပြောနိုင်ဘဲဖြစ်သွားကြသည်။

ဝူခုံးက စကားဆက်လိုက်သည်။

"နောက်ပြီး အဆိပ်ဘုရင်ဘယ်မှာနေသလဲ"



အားလုံးပါးစပ်ပိတ်ထားလိုက်ပြန်သည်။

မည်သူကမှ အဆိပ်ဘုရင်၏စခန်းကိုမသိရှိကြသောကြောင့် ဖြစ်သည်။ ရှောင်လင်ဝူခုံးသက်ပြင်းချလိုက်၏။

"အဆိပ်ဘုရင် ကြောက်စရာကောင်းတယ်ဆိုတာ အဲ့ဒါကို ပြောတာပဲ"

သူသည် စကားကိုရပ်ပြီးအားလုံးကိုတစ်ချက်ဝေ့ကြည့်၏။ လူအားလုံး စောစောကလို တက်တက်ကြွကြွရှိမနေကြတော့ပါ။

တောင်တွေးမြောက်တွေးနှင့် ဇဝေဇဝါဖြစ်လာကြကုန်၏။

ထိုစဉ် ဝူခုံးကဆက်ပြောသည်။

"အဆိပ်ဘုရင်ဟာဘယ်သူလဲဆိုတာမသိတဲ့အတွက် အဆိပ်ဘုရင် ကျုပ်တို့အနားမှာရှိချင်ရှိနေနိုင်တယ်"

ထိုစကားကြောင့် အားလုံးသောလူများလှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ မိမိနှင့်ကပ်လျက်ထိုင်နေသောလူများအား အမှတ်မထင် အပြန်အလှန်ကြည့်မိ၏။ ဝူခုံးကစကားဆက်လိုက်ပြန်၏။

"မရှိချင်လဲ မရှိဘူး"

အားလုံးသောလူများသည် မသိမသာလေပူများမှုတ်ထုတ်လိုက်သည်။ ဝူခုံးကစကားဆက်လိုက်၏။

"သူဟာရုပ်ဖျက်ပညာမှာ တုမတူအောင်ကျွမ်းကျင်တယ်လို့ သိရတယ်၊ ဒါကြောင့် သူဟာကျုပ်ရဲ့ရုပ်သွင်ကိုဖန်တီးနိုင်တယ်... တ

ခြားလူရဲ့ရုပ်သွင်ကိုလဲ ဖန်တီးနိုင်လိမ့်မယ်"

အားလုံးသောလူများ စိတ်လှုပ်ရှားသွားကာ တစ်ယောက်မျက်နှာ တစ်ယောက်သတိထားကြည့်မိလိုက်ကြ၏။ ဝူခုံးက ချောင်းတစ်ချက်ဟန့်လိုက်မှ လူအားလုံး ဣန္ဒြေပြန်ဆည်လိုက်ကြသည်။

ဗေဒါထန်အိဟိုကစိတ်မရှည်ဟန်ဖြင့်....

"ပြောစရာရှိတာဘွင်းဘွင်းပဲပြောချလိုက်ပါ၊ ကျုပ်တော့နားထောင်ရတာ မရိုးမရွဖြစ်လာပြီ"

ဝူခုံးခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် အခုကျုပ်တို့လုပ်ရမဲ့အလုပ်က အဆိပ်ဘုရင်ဟာဘယ်သူလဲ... သူဘယ်မှာရှိသလဲ... သူ့ကိုအားလုံးကဝိုင်းဝန်းဖော်ထုတ်ဆုံးမကြဖို့ပါပဲ"

ဗေဒါထန်အိဟိုခေါင်းညိတ်လိုက်၏။

"စောစောက ဒီလိုပြောလိုက်ရင်ပြီးတာပါပဲ"

ဝူခုံးသည် အားလုံးသောလူများအားကြည့်လိုက်ပြီး....

"တစ်လမပြည့်ခင် သူ့ကိုမိဖို့အရေးကြီးပါတယ်၊ ဒါကြောင့်ဂိုဏ်းအသီးသီးကခေါင်းဆောင်များအနေနဲ့ ကြိုးစားပြီး တာဝန်ယူကြပါလို့တိုက်တွန်းပါတယ်"

ဝူးတန်ဂိုဏ်းမှအိကျင်းကျူက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....



"မရှင်းတာရှိရင်မေးပါဗျာ"

ငိုမိဂိုဏ်းမှရှောင်ရှမ်းထရပ်လိုက်၏။

"သတင်းရတယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမလဲ"

အိကျင်းကျူက....

"ရှောင်လင်ကျောင်းနဲ့ပဲဆက်သွယ်ကြပါ"

ရှောင်ရှမ်းပြန်လည်ထိုင်ချလိုက်၏။

အိကျင်းကျူကဆက်၍မေးလိုက်ပြန်၏။

"မေးစရာရှိသေးလားဗျာ"

မည်သည့်စကားသံမျှထွက်မလာသဖြင့် အိကျင်းကျူက....

"ဒါဖြင့် အားလုံးပြန်နိုင်ကြပါပြီ"

အားလုံးသောလူများသည် ထိုင်ရာမှထပြီး ဧည့်ခန်းမှထွက်ခွာသွားကြတော့၏။

***

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွား၏။

သိုင်းလောကမှထိပ်တန်းဂိုဏ်း(၈)ဂိုဏ်းမှလူများသည် အဆိပ်ဘုရင်ကိုလိုက်လံရှာဖွေကြ၏။ သို့သော် (၁၀)ရက်ကျော်သွားသည့်တိုင် အဆိပ်ဘုရင်၏သတင်းအစအနကိုပင်မရကြချေ။

ကောက်ရိုးပုံထဲအပ်ပျောက်ရှာရသလိုဖြစ်နေသည်။

သူတို့စိတ်ပျက်စပြုလာကြ၏။

ဆက်လက်ရှာဖွေရန်ပင် အားမရှိတော့သလိုဖြစ်လာကြသောသည်။ ထိုအချိန်မှာပင် မည်သူမျှမျှော်လင့်မထားသော သတင်းတစ်ပုဒ်ထွက်ပေါ်လာ၏။

ယင်းသတင်းမှာ အဆိပ်ဘုရင်အား လက်ရဖမ်းဆီးမိပြီးမှုဖြစ်လေသည်။

သိုင်းလောကတစ်ခုလုံးထိတ်လန့်တုန်လှုပ်ခဲ့ရသည့် အဆိပ်ဘုရင်အား မည်သည့်ပုဂ္ဂိုလ်ကဖမ်းဆီးနိုင်ခဲ့ပါသနည်း။

ပြောရလျှင် အလွန့်အံ့အားသင့်ဖွယ်ရာကောင်း၏။ ယုံကြည်နိုင်ဖွယ်ရာလည်း မရှိပါ။ ၎င်းအဆိပ်ဘုရင်၏စခန်းကိုရှာဖွေတွေ့ရှိပြီး အဆိပ်ဘုရင်အား လက်ရဖမ်းဆီးနိုင်သူမှာ ထိပ်တန်းသိုင်းသမားလည်းမဟုတ်။

ကျော်ကြားထင်ရှားသောဂိုဏ်းအဖွဲ့အစည်းလည်း မဟုတ်သောကြောင့်ဖြစ်သည်။



အသက်နှစ်ဆယ်ကျော်မျှသာရှိသေးသော လုလင်ပျိုတစ်ယောက်နှင့် ငယ်ရွယ်သောမိန်းကလေးနှစ်ယောက်တို့ဖြစ်ကြ၏။

သူတို့ကား ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့ဖြစ်ကြလေသည်။ သူတို့သည် အလွန်ကျော်ကြားသောအဆိပ်ဘုရင်အား မည်သို့လက်ရဖမ်းဆီးမိခဲ့ပါသနည်း။

အကြောင်းကားဤသို့…

❋❋❋

စကားတစ်ခွန်းမှမပြောကြပါ။

အခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေသည်။

အခန်းထဲ၌ လူသုံးယောက် အတွေးကိုယ်စီဖြင့်ငြိမ်သက်နေကြသည်။ သူတို့စိတ်ထဲ၌ အဆိပ်ဘုရင်အား ပက်ပင်းတွေ့ပါလျက်နှင့် လက်လွှတ်သွားရသည်ကို မကျေမနပ်ဖြစ်နေမိကြသည်။

စကားမပြောနိုင်လောက်အောင်ပင် မချင့်မရဲဖြစ်သွားကြကုန်သည်။

အတန်ကြာမှ ကျင်းကျင်းကသက်ပြင်းတစ်ချက်ချကာ....

"ကဲ.... ဘယ်သူမှလဲစကားမပြောကြပါလား၊ ဘာတွေများတွေးနေကြတာလဲ"

ကျင်းဟူခေါင်းထောင်လိုက်သည်။

"စိတ်မာတ်ကျသွားလို့ပါ"

ယဉ်မေကလည်းပခုံးတစ်ချက်တွန့်လိုက်ပြီး...

"စကားပြောဖို့ အားတောင်မရှိတော့ဘူး"

ကျင်းကျင်းက....

"သိပ်လဲစိတ်ပျက်ဖို့မလိုဘူးထင်တယ်"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"မင်းမှာအကြံကောင်းများရှိနေလို့လား"

ကျင်းကျင်းခေါင်းခါလိုက်သည်။



"အကြံကောင်းရှိတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ထိုင်ပြီး

ာ်နေလို့ပြီးပုံမလား"

ယဉ်မေခေါင်းညိတ်လိုက်သည်။

"အင်း.... ဒါလဲဟုတ်တယ်၊ စိတ်ပျက်နေလို့မဖြစ်ဘူး၊ တစ်ခု

ဖြစ်မယ်"

သူမသည် ကျင်းဟူအားကြည့်လိုက်၏။

"အစ်ကို့မှာလဲ အဆိပ်သင့်မဲ့ရက်နီးလာပြီ"

"ကျွန်မလဲ ရက်မဝေးတော့ဘူး"

ကျင်းကျင်းကမချိုပြုံးပြုံးရင်းပြောသည်။

"ဟုတ်တယ်... သေမင်းကိုထိုင်ပြီးစောင့်နေရမဲ့အတူတူ

ာ်ရှင်နေရတဲ့အချိန်လေးမှာ အဆိပ်ဘုရင်ကိုလိုက်ရှာကြမယ်"

ကျင်းဟူ၏စကားကိုယဉ်မေသဘောကျသွား၏။

"ဟုတ်တယ်... ကျွန်မလဲ ဒီလိုပဲသဘောရတယ်"

"ဒါပေမဲ့ ကျွန်မတို့ သူ့ကိုဘယ်လိုက်ရှာကြမှာလဲ"

ကျင်းကျင်း မျက်မှောင်ကြုတ်ရင်းမေး၏။

ကျင်းဟူ အနည်းငယ်စဉ်းစားလိုက်၏။

ပြီးမှ....

"ဒီအနီးတစ်ဝိုက်မှာပဲရှိမယ်လို့ အစ်ကိုယုံကြည်တယ်"

ယဉ်မေခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ် ဘာပဲဖြစ်ဖြစ် သူ့မှာဆေးဝါးဖော်စပ်ဖို့ နေ
တစ်ခုတော့ရှိနေမှာသေချာတယ်"

"အင်း... ကြိုးစားပြီးရှာကြမယ်ဆိုရင်တော့ တွေ့နိုင်မှာ
ပျောက်သောသူရှင်လျှင်တွေ့ ဆိုတဲ့စကားလို တွေ့ကိုတွေ့လိမ့်
လို့ ကျွန်မယုံကြည်တယ်"

စိတ်ပျက်ချင်ချင်ဖြစ်နေသောကျင်းကျင်းက အားတင်
ရောပြောသည်။

ယဉ်မေက....

"သူ့ကို ဒီနားတစ်ဝိုက်မှာတွေ့လိုက်ရတာဆိုတော့ သူ ဒီ
တစ်ဝိုက်မှာပဲရှိနေနိုင်တယ်"

"ကိုင်း ဒါဖြင့် အချိန်ရှိတုန်းမြေလှန်ရှာလိုက်ကြရအောင်

❋❋❋



ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့သည် လူငယ်များပီပီ
ောကတွင်မှည်သည့်အလုပ်မျိုးမဆို တကယ်လုပ်လျှင်တကယ်ဖြစ်
ည်ဟု ယုံကြည်ထားကြသူများဖြစ်သည်။

သိုင်းလောက၏ထိပ်သီးများဖြစ်ကြသော ....

ရှောင်လင်၊ ဝူးတန်၊ ငိုမိစသည့် အဖွဲ့ကြီးရှစ်ဖွဲ့သည် လူ
ားအားပေါင်းထောင်နှင့်ချီ၍စုစည်းကာ အဆိပ်ဘုရင်အား ခက်ခက်
ရှာဖွေကြသည်။

သို့တိုင်အောင်.... လေကိုဖမ်းရသလိုမမိဘဲရှိလေသည်။

ဤသို့သောအဆိပ်ဘုရင်ကို....

ကျင်းဟူတို့လူငယ်သုံးဦးက အလွယ်တကူရှာဖွေတွေ့ရှိနိုင်
ည်ဟု ယုံကြည်ယူဆထားကြသည်မှာ စိတ်ကူးယဉ်ဆန်လွန်းသည်
ဆိုရပေတော့မည်။

သို့သော်....

ကံကြမ္မာသည် အလွန်ထူးဆန်းသောအရာဟုဆိုရပေမည်။

ရှောင်လင် ဝူးတန်စသည့်ဂိုဏ်းပေါင်းစုံမှ လူအင်အား များ
ဖြင့် နေရာအနှံ့ဝိုက်စိပ်တိုက်၍ရှာဖွေကြသော်လည်း အဆိပ်ဘုရင်
ည် လောကပေါ်မှ ဟုတ်ခနဲပျောက်ကွယ်သွားသည့်အလား အရိပ်
ယောင်မျှပင် မတွေ့ခဲ့ရပေ။

သို့သော် .....

ကျင်းဟူတို့သုံးယောက်မှာမူ သူတို့မျက်စိရှေ့မှောက်မှ ဆိပ်ဘုရင်ပျောက်ကွယ်သွားသည့်နေရာများ၌သာ သေချာသတိ ၍ရှာဖွေကြလေသည်။

ထိုအခါ သူတို့သည် မြို့ပြင်တစ်မိုင်ခန့်အကွာတွင် မသ ဖွယ်ရကောင်းသောဘုံကျောင်းပျက်တစ်ခုအား တွေ့မြင်လိုက် လေတော့၏။

❋❋❋



မှုန်းတည့်ချိန်ဖြစ်သည်။ နေဝန်းကြီး၏ပူပြင်းသော ရောင် ခြည်များက ကမ္ဘာမြေပေါ်သို့ဖြန့်ကြက်ကျရောက်နေသည်။

ကျင်းကျင်းသည် အဆိပ်ဘုရင်ကိုရှာဖွေရင်း နေပူဒဏ်ကို မခံနိုင်တော့သဖြင့် ဘုံကျောင်းပျက်အားလက်ညှိုးထိုးပြလိုက်သည်။

"နေပူလှပြီ... ဟိုမှာခဏသွားနားကြရအောင်"

သူမ၏အဆိုကိုကျင်းဟူနှင့်ယဉ်မေတို့ ချက်ချင်းပင် သဘော ပေါက်ခံလိုက်ကြသည်။

"ဟုတ်တယ်... တို့ခဏနားကြမယ်"

သုံးယောက်သား ဘုံကျောင်းပျက်ထဲသို့ဝင်ရောက်လိုက်ကြ ပြီး ခြေပစ်လက်ပစ်ကြမ်းပြင်ပေါ် ထိုင်ချလိုက်ကြ၏။ အနည်းငယ် အမောပြေမှကျင်းကျင်းကညည်းညူလိုက်သည်။

"ကျွန်မတော့မောပြီ... အဆိပ်ဘုရင်ကိုလဲ ခုထိမတွေ့ရ သေးဘူး".

ကျင်းဟူက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"မပူနဲ့.... တွေ့မှာပါ၊ သူဒီအနီးတစ်ဝိုက်မှာရှိကိုရှိရမယ်"

ယဉ်မေထောက်ခံလိုက်သည်။

"ဟုတ်တယ်... တို့အမောပြေရင်ထပ်ရှာမယ်၊ တွေ့ကိုတွေ့ ရမယ်"

ကျင်းကျင်းခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီရှင်... ခက်တာက ကျွန်မရေငတ်နေတယ်... ရေသောက်လိုက်ရရင် ကောင်းမယ်"

ကျင်းဟူက....

"ရေသောက်ချင်ရင် အတွင်းဘက်ကိုသွားကြည့်... ရေတွင်းရှိမယ်ထင်တယ်"

ကျင်းကျင်းထိုင်ရာမှထပြီး ဘုံကျောင်းပျက်အတွင်းဘက်သို့ လျှောက်သွားလေသည်။

❋❋❋



ဘုံကျောင်းပျက်၏အတွင်းဘက်တွင် သီးခြားအဆောင်နှစ်ဆောင်ရှိနေသည်။ အရှေ့ဆောင်နှင့်အနောက်ဆောင်ကြား၌ရေတွင်းဘစ်တွင်းအားတွေ့ရှိလိုက်ရ၏။

ကျင်းကျင်းသည် ရေတွင်းအနီးလျှောက်သွားကာ ငုံ့ကြည့်လိုက်၏။ ရေတွင်းထဲ၌ရေမည်မျှရှိသည်ကိုကြည့်လိုက်ခြင်းဖြစ်သည်။ သို့သော် ရေတွင်း၌ ရေမရှိပါ။ ရေမရှိသော ရေတွင်းပျက်တစ်ခုသာဖြစ်နေပေသည်။

ကျင်းကျင်း စိတ်ပျက်သွား၏။

ထိုစဉ်.... ရေတွင်းအောက်မှ ရုတ်တရက် မီးရောင်တစ်ချက်ပေါ်ထွက်လာသည်ကိုတွေ့မြင်လိုက်ရသည်။ ကျင်းကျင်း အံ့အားသင့်နေစဉ် မီးရောင်များပြန်လည်ပျောက်ကွယ်သွား၏။

ကျင်းကျင်းပြုံးလိုက်သည်။ ဆန္ဒစောနေသဖြင့် အကြည့်မှားအမြင်မှားနေခြင်းသာဖြစ်သည်ဟုတွေးကာ ကိုယ့်ကိုယ်ကိုပြုံးလိုက်မိခြင်းဖြစ်သည်။

သို့သော်.... သူမ၏ထင်မြင်ယူဆချက်သည် ချက်ချင်းပင်ပြောင်းလဲသွား၏။ အကြောင်းမှာ ရေတွင်းအောက်ခြေ၌နောက်ထပ်မီးရောင်တစ်ချက် ထပ်မံတွေ့မြင်လိုက်ရသောကြောင့်ပင်။

ထိုစဉ် ကျင်းဟူနှင့်ယဉ်မေတို့ သူမထံသို့လျှောက်လှမ်းလာကြသည်။

သူတို့ကိုတွေ့သည့်အခါကျင်းကျင်းက....

"အစ်ကိုကျင်းဟူ... ဟို... ဟို"

အလောတကြီးပြောလိုက်ရာ ဘာဆက်ပြောရမှန်းမသိဘဲ ထစ်ထစ်ငေါ့ငေါ့ဖြစ်သွား၏။

ကျင်းဟူကမျက်မှောင်ကုပ်၍ သူမအားကြည့်ကာ....

"ဘာဖြစ်တာလဲကျင်းကျင်း"

"ဟို... ဟို ရေတွင်းအောက်မှာ"

"ရေတွင်းအောက်မှာဘာဖြစ်သလဲ"

"မီး... မီး"

ကျင်းဟူမျက်လုံးပြူးသွားသည်။

"ဘာ.... မီးလောင်နေတယ်ဟုတ်လား"

ကျင်းကျင်းခေါင်းခါလိုက်၏။

"မီးလောင်နေတာမဟုတ်ပါဘူး... ရေတွင်းအောက်မှာ မီးရောင်တွေ့ရလို့ပါ"

ယဉ်မေနားမလည်နိုင်ဘဲဖြစ်သွားသည်။

"ဘယ်ရေတွင်းကမီးရောင်ကိုတွေ့လာလို့လဲ"

ကျင်းကျင်းသည် စိတ်ကိုအနည်းငယ်ချုပ်ထိန်းလိုက်ပြီး....

"နောက်ဘက်မှာရေတွင်းတစ်လုံးတွေ့ခဲ့တယ်... ဒါပေမဲ့ ရေတွင်းမှာရေမရှိဘူး၊ မီးရောင်ပဲတွေ့တယ်၊ အဲဒါကိုပြောတာ"



ကျင်းဟူမျက်မှောင်ကုပ်လိုက်သည်။

"ရေမရှိတဲ့ရေတွင်းထဲမှာ မီးရောင်တွေ့တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီဘုံကျောင်းပျက်မှာသရဲရှိတာပဲဖြစ်ရမယ်"

တစ်ဆက်တည်းပင်....

"တို့ ဒီဘုံကျောင်းပျက်ကအမြန်ဆုံးထွက်ရင်ကောင်းမယ်"

ကျင်းဟူ၏စကားကြောင့် ကျင်းကျင်းကရယ်လိုက်သည်။

"သိပ်လဲကြောက်မနေပါနဲ့... ကျွန်မသဘောပြောရရင် ရေတွင်းအောက်ကိုဆင်းကြည့်ရင်ကောင်းမလားလို့ပါ"

ယဉ်မေသဘောတူလိုက်သည်။

"ကောင်းတယ်"

ကျင်းဟူကလည်း သဘောမတူဟုပြောလျှင် လူကြောက်ဟု အထင်ခံမှာစိုးသဖြင့် ရင်ကော့ကာ....

"ဟုတ်တာပေါ့... သွားပြီးစုံစမ်းဖို့သင့်တာပေါ့"

"ဒါဖြင့် သွားကြမယ်"

ကျင်းကျင်းကပြောရင်း လှည့်ထွက်သွားသည်။ ယဉ်မေက သူမနောက်မှလိုက်သွားသည်။ ကျင်းဟူလည်း မတတ်သာတော့ဘဲ သူတို့နှစ်ယောက်နောက်မှလိုက်ပါသွားလေသည်။

***

ရေတွင်းအောက်၌မည်းမှောင်နေ၏။

ယဉ်မေနှင့်ကျင်းကျင်းတို့သည် ရေတွင်းဘောင်အားမှီ၍ အောက်သို့ငုံ့ကြည့်ကြသည်။ မည်သည့်အလင်းရောင်ကိုမျှ မတွေ့ပါ။

ကျင်းဟူကလည်း မျက်လုံးများအားယူ၍ကြည့်သည်။

"ဟ… ဘာမှလဲမတွေ့ပါလား"

ကျင်းကျင်းစိတ်ပျက်သွားသည်။

"ဟုတ်တယ်… ဒါပေမဲ့ ခုနတုန်းက ကျွန်မသေသေချာချာ တွေ့ခဲ့တာပါ"

"မျက်စိကြည့်မှားသွားတာဖြစ်မှာပေါ့"

ကျင်းဟူကပြောသည်။ ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်သည်။ သူမ မငြင်းနိုင်ဘဲဖြစ်နေသည်။ ယခုချိန်အထိ ရေတွင်းထဲ၌ မည်သည့်ထူးခြားမှုကိုမျှမတွေ့ရသောကြောင့်ဖြစ်သည်။

သူတို့သုံးယောက်စလုံး စိတ်ပျက်သွားကြသည်။ ထို့ကြောင့် ရေတွင်းနားမှခွာထွက်ရန်ဟန်ပြင်လိုက်ကြသည်။

ထိုအချိန်မှာပင်… ရုတ်တရက် ယဉ်မေ၏အသံထွက်ပေါ်လာလေသည်။

"ဟုတ်တယ်… ရေတွင်းအောက်မှာမီးရောင်တွေ့တယ်"

ယဉ်မေအသံကြောင့် ကျင်းကျင်းနှင့်ကျင်းဟူတို့ ရေတွင်းအောက်သို့ပြိုင်တူငုံ့ကြည့်မိလိုက်ကြသည်။



မှန်သည်။

ရေတွင်းအောက်၌ မီးရောင်များထွက်ပေါ်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။

သို့သော်…

တစ်ခဏမျှလင်းပြီး ပြန်လည်ပျောက်ကွယ်သွား၏။

ကျင်းကျင်းပြုံးလိုက်သည်။

"ကဲ တွေ့ပြီမဟုတ်လား… ကျွန်မလိမ်မပြောပါဘူးလို့"

ကျင်းကျင်းအနေဖြင့် ယခုမှ ပြောအားဆိုအားရှိလာရတော့သည်။ ကျင်းဟူသည် ရေတွင်းအောက်ကိုငေးကြည့်ရင်း ခေါင်းကုတ်လိုက်သည်။

"ဟုတ်တော့ဟုတ်တယ်… ရေတွင်းအောက်မှာ ဘာကြောင့်မီးရောင်ထွက်ပေါ်သလဲဆိုတာစဉ်းစားစရာပဲ"

ယဉ်မေက…

"မဟုတ်မှလွဲရော တစ်ယောက်ယောက်က ရေတွင်းထဲကိုမီးစပစ်ချတာဖြစ်ရမယ်"

ကျင်းကျင်းခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"မီးစအောက်ကျသွားရင် ငြိမ်းသွားမှာပေါ့"

"ဒါဖြင့် ဘာဖြစ်နိုင်မလဲ"

ကျင်းဟူက....

"ငါသိပြီ... တစ်ယောက်ယောက်က နေစရာမရှိလို့ ရေတွင်းအောက်မှာသွားပြီးနေထိုင်တာဖြစ်ရမယ်"

ယဉ်မေခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"

ကျင်းဟူက....

"ဘာဖြစ်လို့လဲ"

ယဉ်မေက....

"နေစရာမရှိရင် ဘုံကျောင်းပျက်ကိုပြင်ပြီး နေလိုက်တာက ပိုကောင်းနေလို့ပါ"

ကျင်းကျင်းထောက်ခံလိုက်သည်။

"ဟုတ်တယ်... ရေတွင်းအောက်မှာက အနံ့လဲကောင်းမှာမဟုတ်ဘူး"

ကျင်းကျင်းကလက်ကာပြလိုက်သည်။

"ကဲ... ဒါတွေထားပါတော့လေ... ဒါတွေ ငါတို့နဲ့မဆိုင်ဘူး... တို့ အဆိပ်ဘုရင်ကိုရှာတွေ့ဖို့ပဲအရေးကြီးတယ်"

ယဉ်မေခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"



ကျင်းကျင်းလည်းထောက်ခံလိုက်သည်။

"ဟုတ်တယ်"

ကျင်းဟူမှာမူမျက်မှောင်ကြုတ်၍ တစ်စုံတစ်ခုအားစဉ်းစားနေသည်။ တစ်ခဏကြာမှ သုံးယောက်စလုံးပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ...

"အဆိပ်ဘုရင်ရဲ့စခန်းဖြစ်မယ်ထင်တယ်"

ဟု သုံးယောက်စလုံး ပြိုင်တူရေရွတ်မိလိုက်ကြလေတော့သည်။

***

## အဆိပ်ဘုရင်၏လျှို့ဝှက်စခန်း

ကျင်းဟူတို့သုံးယောက် အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်သွားကြ၏။ ခဏကြာမှ ယဉ်မေကမျက်မှောင်ကြုတ်ကာ....

"ကျွန်မတို့ဘာလုပ်ကြမလဲ"

ကျင်းကျင်းက....

"ရေတွင်းအောက်ကိုဆင်းကြည့်ကြမယ်လေ"

"ရေတွင်းကတော်တော်နက်တယ်... ဘယ်လိုလုပ်ဆင်းကြမလဲ"

ယဉ်မေကပြန်မေးသည်။

"ဟုတ်တယ်... ရေတွင်းကတော်တော်နက်တယ်"

ကျင်းဟူကဝင်ပြောလိုက်ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင်....

"ဒီလောက်နက်တဲ့ရေတွင်းထဲကို ဘယ်လိုလုပ်ဆင်းနိုင်ကြမှာလဲ"



ဟုပြောလိုက်သည်။

ကျင်းကျင်းနှင့်ယဉ်မေတို့ နှုတ်ဆိတ်သွားကြသည်။

ခဏအကြာတွင် ကျင်းဟူသည် တစ်စုံတစ်ခုတွေးမိဟန်ဖြင့် သက်ပြင်းတစ်ချောင်းထောင်ပြလိုက်သည်။

"ခဏနေကြဦး"

ကျင်းကျင်းက သူ့အားကြည့်လိုက်သည်။

"အစ်ကိုကဘာများစဉ်းစားမိလို့လဲ"

ကျင်းဟူက....

"တို့တွေးတာ မှားချင်မှားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

ကျင်းဟူက....

"တို့ထင်သလို... ဒါအဆိပ်ဘုရင်ရဲ့စခန်းဖြစ်ရိုးမှန်ခဲ့ရင် သူ ဘယ်လိုလုပ်ဆင်းနိုင်မလဲ"

ကျင်းကျင်းခေါင်းညိတ်လိုက်သည်။

"ဒါလဲဟုတ်တာပဲ"

ယဉ်မေက....

"ဒါဖြင့် ကျွန်မတို့မဆင်းတော့ဘူးပေါ့ဟုတ်လား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"တို့ဆင်းချင်တယ်ပဲထားဦး။ ဘယ်လိုလုပ်ဆင်းလို့ရမှာလဲ"

သူတို့သုံးယောက်သည် စိတ်ပျက်လက်ပျက်ဖြင့်ရေတွင်းနား မှထွက်ခွာလာခဲ့ကြသည်။ ဘုံကျောင်းပျက်၏ရှေ့ဘက်အဆောင်သို့ ရောက်ရှိလာကြသည့်အခါ ကြမ်းပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက် ကြလေသည်။

❋❋❋



သိုင်းလောကမှ ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်း၏ဆုံးဖြတ်ချက်အရ ဂိုဏ်းတစ်ဂိုဏ်းလျှင် အားကိုးရသောသိုင်းသမားနှစ်ယောက်ကျ စေ လွှတ်ပြီး အဆိပ်ဘုရင်ကိုစုံစမ်းထောက်လှမ်းစေသည်။ ၎င်းတို့အား ရက်ပေါင်းနှစ်ဆယ်အတွင်း အဆိပ်ဘုရင်၏သတင်းကို ရအောင်စုံစမ်း ရမည်ဟု မှာကြားလိုက်သည်။

ဂိုဏ်းရှစ်ဂိုဏ်းမှ သိုင်းသမား(၁၆)ယောက်တို့သည် ....

နှစ်ယောက်တစ်တွဲစီလူခွဲ၍ မြို့နယ်ရှစ်ခုသို့ထွက်ခွာလာခဲ့ ကြသည်။

ရှောင်လင်ဂိုဏ်းမှသိုင်းသမားချုန်းချိနှင့်....

ငိုမိဂိုဏ်းမှသိုင်းသမားလူစင်တို့သည်....

ပူးတွဲစုံစမ်းရန်တာဝန်ကျသဖြင့်....

နှစ်ယောက်သားအတူတကွခရီးထွက်ခဲ့ကြလေသည်။

ချုန်းချိသည်.... ရှောင်လင်ကျောင်းမှအားထားရသော သိုင်း သမားတစ်ယောက်ဖြစ်ကဲ့သို့ လူစင်မှာလည်း ငိုမိဂိုဏ်းမှအားထားရ သောသိုင်းသမားများဖြစ်ကြသည်။ သူတို့နှစ်ယောက်စလုံး အသက် (၃၀)ဝန်းကျင်ခန့်ရှိသောလူရွယ်များဖြစ်ကြသည်။

သူတို့နှစ်ယောက်စလုံးပင် အတွင်းအားနှင့် သိုင်းပညာရပ် များ၌ သူမတူအောင်ထူးချွန်ကြသူများဖြစ်၏။

ထို့ပြင်.....

ဉာဏ်ပညာအရာတွင်လည်း အလွန်ထူးချွန်ထက်မြက်သူများဖြစ်ကြလေသည်။

ယခု သူတို့သည် အဆိပ်ဘုရင်အားလိုက်လံရှာဖွေရင်း ခရီးလွန်လာကြသဖြင့် ညမှောင်စပြုလာသည့်အချိန်တိုင်အောင် တည်းခိုရန်နေရာမှာရှာမတွေ့ဘဲဖြစ်နေကြလေသည်။ သူတို့ အခက်ကြုံနေကြစဉ်မှာပင် အဝေးဆီ၌မီးရောင် လက်လက်ကိုတွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားတက်ဖြစ်သွားကြလေသည်။

မီးရောင်ရှိလျှင် အိမ်ရှိရမည်။

လူရှိလျှင် တစ်ညတာတည်းခိုစားသောက်ရန်အတွက် ပူပင်စရာမလိုတော့ပြီမဟုတ်ပါလား။

ထို့ကြောင့် သူတို့နှစ်ယောက်သည် တိုင်ပင်ရန်မလိုတော့ဘဲ ထိုမီးရောင်ရှိရာသို့ ဦးတည်လျှောက်လှမ်းသွားကြလေတော့၏။

❋❋❋



ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့သည် ဝိုင်းဖွဲ့၍ထိုင်နေကြသည်။ ထိုစဉ်မှာပင် လူရိပ်တစ်ရိပ်သည် ရေတွင်းပျက်ထဲမှထွက်လာနေသည်ကို သူတို့ သတိမပြုမိလိုက်ကြချေ။

ထိုလူရိပ်ကလည်း အရှေ့ဆောင်ကြမ်းပြင်ပေါ် ငြိမ်သက်စွာဝိုင်းဖွဲ့ထိုင်နေကြသောကျင်းဟူတို့လူစုအား တွေ့ရှိသွားဟန်မတူပါ။

ထိုလူရိပ်သည် အေးဆေးစွာဖြင့် အနောက်ဘက်အဆောင်သို့ရွေ့လျားသွားပြီး ဘုံကျောင်းပျက်၏အနောက်ဘက်အုတ်နံရံကိုကျော်လွှား၍ထွက်ခွာသွားလေသည်။

ထိုအချိန်တွင် ကျင်းကျင်းက....

"ကျွန်မတော့ရေငတ်လှပြီ"

ဟု မျက်နှာရှုံ့၍ပြောလိုက်လေသည်။ သူမ၏စကားကြောင့် ယဉ်မေမျက်မှောင်ကုပ်သွားသည်။

"ညီမ အခုထိရေမသောက်ရသေးဘူးလား"

"ဟုတ်ကဲ့... ရေရှာမတွေ့လို့ပါ"

ယဉ်မေထိုင်ရာမှထလိုက်ပြီး....

"ရေ ဒီလောက်မရှားပါဘူး။ ရှိမှာပါ"

ပြောရင်း ကျင်းကျင်းကိုလက်ဝှေ့ယမ်းပြကာ....

"ကဲ... မမနဲ့လိုက်ခဲ့၊ အနောက်ဘက်ဆောင်ကိုသွားရှာကြတာပေါ့"

သို့ဖြင့် သူတို့နှစ်ယောက်သည် အနောက်ဘက်အဆောင်ရှိရာသို့လျှောက်သွားကြလေသည်။ ကျင်းဟူကမူ ၄င်းတို့နှင့်လိုက်မသွားဘဲ တစ်ယောက်တည်းထိုင်၍ကျန်နေရစ်သည်။ တစ်ခဏအကြာတွင် ကျင်းကျင်းနှင့်ယဉ်မေတို့ ပြန်လည်ရောက်ရှိလာကြလေသည်။

ကျင်းဟူ မော့ကြည့်လိုက်သည်။

"ရေတွေ့ခဲ့ရဲ့လား"

ကျင်းကျင်း ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ဘူး"

ကျင်းဟူ ပြုံးလိုက်သည်။

"ဘယ်ရှိမလဲ... ဘုံကျောင်းပျက်မှာလူမှမနေဘဲ"

ကျင်းကျင်းနှင့်ယဉ်မေတို့က ပြန်လည်ထိုင်ချလိုက်သည်။

ကျင်းဟူက အပြင်ဘက်သို့လှမ်းကြည့်ရင်း....

"အင်း မိုးတောင်ချုပ်လာပြီ... ဒီညတော့ ဒီမှာပဲနားရလိမ့်မယ်ထင်တယ်"

ကျင်းကျင်းက ပတ်ဝန်းကျင်သို့လှမ်းကြည့်လိုက်သည်။

မျက်စိတဆုံး အိမ်ဟူ၍လုံးဝမတွေ့ရဘဲရှိလေသည်။

ကျင်းကျင်းသည် စိတ်ပျက်စွာဖြင့်ခေါင်းယမ်းလိုက်သည်။

"ဟုတ်တယ်... ဒီညတော့ ဒီမှာတစ်ညအိပ်ရမှာပဲ"

ယဉ်မေ ပြုံးလိုက်သည်။



"ဒါဆို ကျွန်မတို့ သစ်ကိုင်းခြောက်တွေလိုက်စုမှဖြစ်မယ်"

ကျင်းဟူ မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ယဉ်မေက....

"မီးပုံလုပ်ရမှာပေါ့... မဟုတ်ရင် တောရိုင်းတိရစ္ဆာန်တွေရောက်လာလိမ့်မယ်ရှင့်"

ကျင်းဟူ ရယ်မောလိုက်သည်။

"ငါ့ညီမက ဗဟုသုတတော့ အတော်ကြွယ်ဝသားပဲ"

ယဉ်မေရယ်လိုက်သည်။

"ကျွန်မမိသားစုက မုဆိုးအလုပ်နဲ့အသက်မွေးဝမ်းကျောင်းကြတယ်ဆိုတာ ပြောမထားမိဘူးနဲ့တူတယ်"

သူတို့ သည်ရယ်ရယ်မောမောနှင့် အပြင်သို့ထွက်လာကြပြီး သစ်ကိုင်းခြောက်များကိုစုဆောင်းသည်။ ထိုအချိန်တွင် နေဝန်းနီကြီးသည် အနောက်တောင်စွယ်၌ ငုတ်လျှိုးပျောက်ကွယ်စပြုနေပြီဖြစ်ရာ အမှောင်ထုက အားကောင်းလာသည်။

ထို့ကြောင့် ကျင်းဟူတို့သည် သစ်ကိုင်းခြောက်များကိုစုကာ မီးပုံတစ်ပုံပြုလုပ်လိုက်ကြလေသည်။

❋❋❋

ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေလေ၏။ ညအချိန် ရောက်လာပြီဖြစ်၍ လေအေးများတိုက်ခတ်လာသည်။ ကျင်းဟူတို့ သုံးယောက်သည် မီးပုံကိုဝိုင်းဖွဲ့ထိုင်နေကြသည်။

ထိုအချိန်တွင် ကျင်းကျင်း၏မျက်လုံးအကြည့်သည် ရေတွင်းပျက်ရှိရာဘက်သို့အမှတ်အထင်ရောက်ရှိသွားသည်။ ထိုအခါ ရေတွင်းပျက်ထဲမှ မီးရောင်များထွက်ပေါ်လာသည်ကို မျှော်လင့်ဘဲ မြင်တွေ့လိုက်ရသည်ဟု ထင်မှတ်ခံစားလိုက်ရလေသည်။

သို့သော် မသေချာသဖြင့် သူမသည် ကျင်းဟူနှင့်ယဉ်မေတို့အား ပြောမပြသေးဘဲ ရေတွင်းပျက်ရှိရာဘက်သို့လျှောက်သွားလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသောကြောင့် ရေတွင်းပျက်ထဲမှထွက်လာပေါ်သောမီးရောင်များကိုမသဲမကွဲ မြင်တွေ့လိုက်ရလေသည်။ စူးစမ်းလိုစိတ်များပေါ်ပေါက်လာသဖြင့် ယဉ်မေသည် ရေတွင်းပျက်ရှိရာသို့တစ်လှမ်းချင်းလှမ်းသွားလေတော့သည်။

သူ၏လှုပ်ရှားမှုကို မည်သူကမျှတွေ့မြင်လိုက်ရခြင်းမရှိပါချေ။

❋❋❋



ကျင်းကျင်းသည် ရေတွင်းပျက်အနီးသို့ချဉ်းကပ်မိသည်နှင့် အောက်သို့ငုံ့ကြည့်လိုက်သည်။ သူမ၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားသည်။ ရေတွင်းအောက်တွင် မီးရောင်ရှိနေသည်ကိုတွေ့မြင်ရခြင်းကြောင့်ဖြစ်သည်။

ပို၍အံ့သြသည်မှာ.... ရေတွင်း၏အတွင်းဘက်တွင် ရေတွင်းအောက်သို့ဆင်းသက်နိုင်ရန် ကြိုးလှေကားတစ်ခုချထားသည်ကိုတွေ့လိုက်ရခြင်းဖြစ်သည်။ ရေတွင်းထဲငုံ့ကြည့်စဉ်က ထိုကြိုးလှေကားကို မတွေ့ခဲ့ရပေ။ မရှိသေး၍လော။

သို့မဟုတ် ရှိလျက်နှင့် မိမိကမမြင်တွေ့ခဲ့ခြင်းလော။

သူမသည် ဝေခွဲမရဘဲဇဝေဇဝါဖြစ်သွားလေသည်။

ရေတွင်းအောက်သို့ဆင်းကြည့်လိုစိတ် ပို၍ပြင်းပြလာ၏။

ထို့ကြောင့် ကျင်းဟူတို့အား အကြောင်းမကြားဘဲ လှေကားအတိုင်း အောက်သို့တစ်လှမ်းချင်းဆင်းသွားလေတော့သည်။

❋❋❋

ကျင်းဟူနှင့်ယဉ်မေတို့သည် ကျင်းကျင်း မရှိသည်ကိုတွေ့လိုက်ရသည်။

"ဟောဗျာ... ကျင်းကျင်းတစ်ယောက်မတွေ့ပါလား"

"ဟုတ်ပါရဲ့"

ယဉ်မေက ဘေးဘီသို့တစ်ချက်ကြည့်ပြီးပြောလိုက်သည်။

"အပြင်များထွက်သွားသလား"

ကျင်းဟူကထိုင်ရာမှထလိုက်သည်။

"မဖြစ်နိုင်ဘူး... သူအပြင်သွားရင် ကျွန်မကိုခေါ်မှာပေါ့"

"ဒါဖြင့် ဘယ်ပျောက်သွားသလဲ"

ယဉ်မေကထရပ်လိုက်သည်။

"ကျင်းကျင်း"

သူမကလှမ်းခေါ်လိုက်လေသည်။

တုံ့ပြန်ခြင်း လုံးဝမရှိပါ။

ကျင်းဟူက အသံကျယ်လောင်စွာဖြင့်လှမ်းခေါ်လိုက်လေသည်။ သို့သော် ကျင်းကျင်းတုံ့ပြန်သံ လုံးဝမကြားရချေ။

သူတို့နှစ်ယောက်စိုးရိမ်ပူပန်လာကြသည်။

ထို့ကြောင့် ကျင်းကျင်းအား ရှာဖွေရန်ထွက်လာကြသည်။

ဘုံကျောင်းပျက်အပြင်ထွက်လိုက်သည်နှင့် ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသည်ကိုတွေ့ရ၏။



သူတို့ မည်သည့်နေရာသွားရှာရမှန်းမသိဘဲဖြစ်နေစဉ်... ရုတ်တရက် ကျင်းကျင်း ရေဆာသည်ကိုသတိရလာသည်။

"ကျင်းကျင်းကရေဆာလို့ ရေလိုက်ရှာနေတယ်နဲ့တူတယ်"

ယဉ်မေကပြောသည်။ ကျင်းဟူက....

"ဒီလောက်မှောင်တဲ့အထဲ ဘယ်မှာသွားရှာမှာလဲ"

"နောက်ဘက်ဆောင်ကိုသွားရှာသလားမသိဘဲ"

သူတို့နှစ်ယောက်သည် ဘုံကျောင်းပျက်ထဲပြန်ဝင်လာပြီး အနောက်အဆောင်သို့ဆက်လက်လျှောက်သွားကြသည်။ ရေတွင်းအနီးသို့ရောက်သည့်အခါ ယဉ်မေခြေလှမ်းတုံ့ခနဲရပ်သွားသည်။

ကျင်းဟူမျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ရေတွင်းထဲမှာ မီးရောင်ရှိနေသလိုပဲ"

သူမ၏စကားကြားရမှ ကျင်းဟူသည် ရေတွင်းပျက်ထဲသတိပြုကြည့်မိလိုက်သည်။ မှန်ပါ၏။ ရေတွင်းထဲတွင် အလင်းရောင်များကိုတွေ့မြင်လိုက်ရသည်။

"ဟုတ်တယ်"

သူတို့နှစ်ယောက်သည် ရေတွင်းရှိရာသို့ပြိုင်တူပြေးသွားပြီး ရေတွင်းထဲသို့ငုံ့ကြည့်လိုက်သည်။ ရေတွင်းအောက်တွင် မီးရောင်များရှိနေသည်ကိုသဲသဲကွဲကွဲမြင်တွေ့လိုက်ရသည်။

ထို့ပြင် ရေတွင်း၏အတွင်းနံရံတွင် အောက်သို့ဆင်းရန် ကြိုးလှေကားတစ်ခုကိုပါတွေ့မြင်လိုက်ရလေသည်။ သူတို့နှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြ၏။

"ကျင်းကျင်း ရေတွင်းအောက်ကိုဆင်းသွားတာနဲ့တူတယ်"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်တယ်"

ယဉ်မေသည် ဘာမျှဆက်မပြောတော့ဘဲ ကြိုးလှေကားမှတစ်ဆင့်အောက်သို့ဆင်းသွားလေတော့သည်။

"သတိထား ညီမလေး"

ကျင်းဟူကသတိပေးရင်း နောက်မှလိုက်၍ဆင်းသွားလေသည်။

***



ကျင်းကျင်းသည် ရေတွင်းအောက်သို့ခြေချမိသည်နှင့် တိတ်ဆိတ်စွာရပ်လျက် အကဲခတ်လိုက်သည်။ သူမ၏မျက်လုံးအစုံက မီးရောင်ရှိရာသို့လှမ်းကြည့်လိုက်သည်။

ထိုအခါ သူမ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။ မီးရောင်ဖြာထွက်နေသောနေရာတွင် စကြိုလမ်း သို့မဟုတ် လိုဏ်ဂူဝင်ပေါက်တစ်ခုနှင့်တူသော ဝင်ပေါက်တစ်ခုကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

သူမသည်ရှေ့သို့ဝင်ရန် သင့်မသင့်ချင့်ချိန်နေ၏။

သူမ၏ရင်သည် တဒိတ်ဒိတ်ခုန်နေ၏။ ကျင်းဟူနှင့်ယဉ်မေတို့အားအကြောင်းမကြားဘဲ တစ်ယောက်ထဲဆင်းလာမိသည်ကိုနောင်တရလာလေသည်။

သူမသည် ကြိုးလှေကားဖြင့် အပေါ်သို့ပြန်တက်ရန်စိတ်ကူးမိသေး၏။

သို့သော်... မည်သည့်အန္တရာယ်ကိုမှမတွေ့ရသောကြောင့် သူမသည် အနည်းငယ်စိတ်ရဲလာပြီး ထိုဝင်ပေါက်ထဲသို့သတိကြီးစွာဖြင့်ဆက်၍လှမ်းဝင်သွားလေသည်။

အတွင်းဘက်မှ မီးရောင်များဖြာထွက်နေသဖြင့် ဝန်းကျင်အား ကောင်းစွာမြင်တွေ့ရလေသည်။ သူမသည် ထိုဝင်ပေါက်ထဲသို့ခြေလှမ်း (၂၀)ခန့်လှမ်းဝင်မိသောအခါ...

မကျဉ်းမကျယ်ရှိသော အခန်းတစ်ခုအား တွေ့မြင်လိုက်ရလေသည်။ ထိုအခန်းထဲတွင်.... ကျောက်ကွပ်ပျစ် ကျောက်စားပွဲနှင့် ကျောက်ကုလားထိုင်များရှိနေသည်ကိုတွေ့ရသည်။ မီးရောင်သည် ကျောက်စားပွဲပေါ်မှထွန်းညှိထားသော မီးအိမ်မှဖြာထွက်နေခြင်းဖြစ်သည်ကိုတွေ့ရှိနေလေသည်။

ဤလိုဏ်ဂူထဲတွင်.... တစ်စုံတစ်ယောက်နေထိုင်သည်မှာ သေချာ၏။

စားပွဲရှေ့တွင် လူတစ်ယောက်ရပ်လိုက်လျှင် အလင်းရောင်ကိုကွယ်လိုက်သလိုဖြစ်သွားကာ အပြင်ဘက်သို့မီးရောင် မရောက်ရှိနိုင်တော့ပါ။

သူမသည် ရေတွင်းပေါ်မှအောက်သို့ငုံ့ကြည့်နေသောအခါ မီးရောင်များ တစ်ခါတစ်ခါထွက်ပေါ်လာပြီး တစ်ခါတစ်ခါပျောက်ကွယ်သွားရသည့်အကြောင်းကို ယခုမှနားလည်သဘောပေါက်လာလေသည်။

သူမသည် အခန်းတစ်ခုလုံးအား သတိထား၍ကြည့်လိုက်သည်။ အခန်းနံရံ (၃)ဘက်တွင် စီရိုကဲ့သို့ ဆင့်များထွင်းထားသည်ကိုတွေ့ရသည်။ ဆေးများထည့်ထားသောဘူးကြီး ဘူးငယ်များသည် နံရံသုံးဘက်သုံးတန်ရှိ ဆင့်များတွင်ပြည့်လျက်ရှိနေ၏။

ကျင်းကျင်း ချက်ချင်းသဘောပေါက်လိုက်သည်။



ဤနေရာသည်အဆိပ်ဘုရင်၏လျှို့ဝှက်စခန်းမှလွဲ၍ အခြား ဖြစ်နိုင်တော့ပြီ။ အဆိပ်ဘုရင်၏လျှို့ဝှက်စခန်းဟူသောအတွေးကို တွေးမိသည်နှင့်တစ်ပြိုင်နက် ကျင်းကျင်းသည် ရုတ်တရက်ကျောချမ်း သွားမိလေသည်။ တော်သေး၏။ အဆိပ်ဘုရင်တစ်ယောက် ရှိမနေ သောကြောင့် သူမ စိတ်သက်သာရာရသွားပြီး လေပူတစ်ချက်မှုတ် ထုတ်လိုက်သည်။ ထိုအချိန်မှာပင် ဝင်ပေါက်ဘက်မှခြေသံသဲ့သဲ့ကြား လိုက်ရသဖြင့် ကျင်းကျင်းခေါင်းနပန်းကြီးသွားသည်။

"ဟောတော့... သူပြန်လာပြီနဲ့တူတယ်"

ကျင်းကျင်းသည် ပုန်းရှောင်ရန် အခန်းတစ်ခုလုံးအား ဝေ့ ကြည့်လိုက်၏။ ပုန်းကွယ်နိုင်လောက်သောနေရာတစ်နေရာမှမရှိချေ။ သူမ ထိတ်လန့်တုန်လှုပ်နေစဉ်မှာပင်....

"ကျင်းကျင်း"

ခေါ်သံထွက်ပေါ်လာသဖြင့် ကျင်းကျင်း ချာခနဲလှည့်ကြည့် လိုက်သည်။ ကျင်းဟူနှင့်ယဉ်မေတို့ဖြစ်နေကြသည်ကို တွေ့မြင်လိုက် သည်။

"အမယ်လေး"

ကျင်းကျင်းက ရင်ဝကိုလက်ဖဝါးဖြင့်ဆုပ်ကာ အမယ်လေး လိုက်သည်။

❋❋❋

လူစင်နှင့်ချမ်းချိုတို့သည် မီးရောင်ရှိရာသို့ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာကြသည်။ သူတို့သည်မီးရောင်ကိုတွေ့စဉ်က အနီးကလေး သည်ဟုထင်ရသော်လည်း တကယ်လျှောက်လာသောအခါ ဟိုကွေ့ သည်ကောက်ဖြင့် အတန်ကြာမှ မီးရောင်အနီးသို့ရောက်ရှိလာ သည်။ သူတို့သည် အနီးသို့ရောက်ရှိသည့်အခါမှဘုံကျောင်းပျက်တစ် ခုဖြစ်နေသည်ကိုသိရှိရလေသည်။

မီးရောင်ရှိလျှင် လူရှိရမည်မှာမှန်သော်လည်း ယင်းကဲ့သို့ လူသူအရောက်အပေါက်နည်းသောနေရာရှိ ဘုံကျောင်းပျက်၌လူရှိနေ သည်မှာ လူကောင်းတော့မဖြစ်နိုင်ပေ။

ထို့ကြောင့် သူတို့သည် အထဲကို ရုတ်တရက်မဝင်သေးဘဲ ခြေလှမ်းရပ်ကာအကဲခတ်ကြည့်လေသည်။

ခဏကြာအောင် စောင့်ဆိုင်းပြီး မည်သည့်တုံ့ပြန်မှုမှ မတွေ့ ရသည့်အခါ သူတို့သည် အချင်းချင်းလက်ဟန်ပြလိုက်ကြ၏။

ပြီးနောက် လူစင်က နောက်ဘက်သို့ ပြေးလွှားသွားသည်။ ချမ်းချိုက ရှေ့ပေါက်မှတစ်ဟုန်ထိုးပြေးဝင်သည်။ ရန်သူအားတွေ့လျှင် အသင့်တိုက်ခိုက်နိုင်ရန် ဓားကိုလည်းအသင့်ကိုင်ထားသည်။

ထိုအခိုက် လူစင်ကလည်း မရှေးမနှောင်းပြေးလွှားရောက် ရှိလာသည်။ သို့သော်.... သူတို့သည် ရန်သူတစ်ယောက်မှ မတွေ့ရဘဲ မီးပုံကိုသာတွေ့ရှိရလေသည်။



သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး လျှပ်တစ်ပြက် လူချင်းခွဲလိုက်ကြသည်။ ထို့နောက်... သူတို့ သည် ဘုံကျောင်းပျက်တစ်ခုလုံးအားလိုက်လံရှာဖွေလေသည်။

တစ်စုံတစ်ယောက်မတွေ့ရတော့မှ သူတို့သည် မီးပုံကိုဝိုင်း ၍ထိုင်ချလိုက်သည်။ ချမ်းချိုက....

"လူကိုမတွေ့ရပေမဲ့ ဒီမီးပုံကိုတော့ တစ်ယောက်ယောက် ကလုပ်ထားတာဖြစ်ရမယ်"

လူစင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒီလူက ဒီမှာခဏနားပြီးမှ ဆက်သွားတာ လား၊ ဒါမှမဟုတ် အပြင်ကိုခဏထွက်သွားတာလားဆိုတာ စဉ်းစား ရာပဲ"

ချမ်းချိုမျက်မှောင်ကုပ်သွားသည်။

"လူတစ်ယောက်လား... ဒါမှမဟုတ် လူအများကြီးလား ဆို တာတွေးရခက်တယ်"

လူစင်ကရယ်မောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် တို့တစ်ယောက်တစ်လှည့် အိပ်တဲ့လူကအိပ် စောင့်တဲ့လူကစောင့်ပြီးနေရမှာပဲ"

ချမ်းချိုခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ခင်ဗျားအလျင်အိပ်ပါ၊ ကျုပ်စောင့်မယ်"

လူစင်ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ကျုပ်အလျင်အိပ်မယ်"

သူသည် ပြောပြောဆိုဆို နံရံကိုမှီ၍မျက်လုံးမှိတ်လိုက်သည်။ ချန်းချိသည် မီးပုံမှမီးများငြိမ်းမသွားစေရန်သစ်ကိုင်းခြောက်များကို မီးပုံထဲပစ်ထည့်နေ၏။

❋❋❋

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

တဖြည်းဖြည်းညဉ့်နက်လာလေသည်။

အဝေးမှခွေးအူသံများ ဆွဲဆွဲငင်ငင်ထွက်ပေါ်လာ၏။

ချန်းချိသည် ထိုင်စောင့်နေရင်း မျက်ခွံများတဖြည်းဖြည်း လေးလံလာသည်။ ပထမတွင် သူကြိုးစား၍မျက်လွှာကိုပြန်ပင့်၏။ သို့သော် နောက်ပိုင်းတွင် မျက်ခွံသည်ပို၍ပို၍လေးလံလာပြီးသူလည်း မှေးခနဲအိပ်ပျော်သွားလေတော့၏။

❋❋❋



သစ်ကိုင်းခြောက်များမီးလောင်ကျွမ်းနေသောကြောင့် အ ...ဘဖျောက်ဖျောက်ထွက်ပေါ်နေ၏။ ချန်းချိနှင့်လူစင်တို့သည် ခရီး ...းလာကြသဖြင့်အိပ်မောကျသွားကုန်သည်။

ထိုအချိန်တွင် ဘုံကျောင်းပျက်ထဲသို့လူရိပ်တစ်ခုဝင်ရောက် ...လာလေ၏။ မီးပုံမှမီးလျှံများသည် အရှိန်လျော့နည်းသွားပြီဖြစ်သည်။ ...သော်.... ဝင်ရောက်လာသောလူရိပ်၏မျက်နှာကို ကောင်းစွာမြင် ...တွေ့နိုင်ပေသည်။

ထိုလူရိပ်မှာ အဘိုးအိုတစ်ယောက်ဖြစ်၏။

ဆံပင်များဖြူဖွေးပြီး ချွန်ထက်သောနှာခေါင်းရှိသည်။

မုတ်ဆိတ်မွေးမှာလည်း ဖြူဖွေးပြီးရှည်လျားနေ၏။

အဘိုးအိုသည် မီးပုံအနီးတွင်အိပ်မောကျနေသောချန်းချိနှင့် ...စင်အားတွေ့မြင်လိုက်ရသဖြင့် သူ၏မျက်နှာပေါ်တွင် အလွန်အံ့သြ ...သောအရိပ်အယောင်များပေါ်လွင်လာသည်။ သူသည် ခဏကြာမျှ ...ကြည့်ပြီးနောက် ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်၏။

"မင်းတို့ ကျားရှေ့မှာမုလာပြီးချော်လဲတာကိုး"

သူသည် အသံတိုးတိုးဖြင့်ရေရွတ်ရင်း သူတို့နှစ်ယောက်ထံ ...တ်ဆိတ်စွာချဉ်းကပ်သွားလေ၏။ ချန်းချိသည် အလွန်ပါးနပ်သော ...င်းသမားတစ်ယောက်ဖြစ်သည်။ အဘိုးအို တီးတိုးပြောဆိုနေသော ...သံကိုကြားလိုက်သည်နှင့်ဆတ်ခနဲလန့်နိုးလာ၏။

သူ မျက်လုံးဖွင့်လိုက်သောအခါ အဘိုးအိုအားတွေ့မြင်လိုက်သဖြင့် ရင်ထိတ်သွားသည်။ ထိုင်ရာမှ ထရပ်ရန်ဟန်ပြင်လိုက်၏။

သို့သော် ခြေတစ်လှမ်းနောက်ကျသွားပြီဖြစ်လေသည်။

အဘိုးအိုက လက်ညှိုးနှင့်လက်မကိုကွေး၍ သူ့မျက်နှာသို့ ထောက်လိုက်ရာ ချန်းချို၏နှာခေါင်းထဲသို့ ဆိုးရွားသောအနံ့အသက် တစ်ခုတိုးဝင်လာသည်။ သူ၏ဦးခေါင်းတစ်ခုလုံး မူးနောက်သွားပြီး ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်နေသည်ဟုခံစားရပြီး....

"ဝုန်း...."

မြေပေါ်သို့လဲကျသွားသည်။ လူစင်သည် အိပ်မောကျနေစဉ် အသံကြားရသဖြင့် ဖျတ်ခနဲလန့်နိုးလာသည်။ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ အဘိုးအိုတစ်ယောက်အားတွေ့မြင်လိုက်ရသည်။ သူသည် မည်သို့သောအခြေအနေ ဖြစ်နေသည်ကို ဂဃနဏမသိမီပင် အဘိုးအိုကလက်ညှိုးနှင့်လက်မကိုကွေး၍ထောက်လိုက်သည်။

လူစင်သည် မည်သို့မျှခုခံကာကွယ်နိုင်စွမ်းရှိဘဲ ချန်းချိုနည်းတူ မြေပေါ်သို့လဲကျသွားလေသည်။

❋❋❋



ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့သုံးယောက်သည် ဝိုင်းဖွဲ့ထိုင်ပြီးအကြံထုတ်နေကြ၏။ ယခုအခါ သူတို့သည် အဆိပ်ဘုရင်၏ လျှို့ဝှက်နေရာသို့ရောက်ရှိပြီဟုကောင်းစွာယုံကြည်ကြလေသည်။

ဤနေရာ၌ လောလောဆယ် အဆိပ်ဘုရင်ကိုမတွေ့ရသေးသော်လည်း မကြာမီ အဆိပ်ဘုရင် ပြန်လည်ရောက်ရှိလာလိမ့်မည်ဟုကောင်းစွာနားလည်ထား၏။

သူတို့သည် အဆိပ်ဘုရင်ပြန်လည်ရောက်မလာမီ ဤနေရာမှထွက်ပြေးတိမ်းရှောင်ရမည်လော။

သို့မဟုတ် အဆိပ်ဘုရင်အား ပြန်လာသည်အထိစောင့်ဆိုင်း၍ဖမ်းဆီးရမည်လော။

ဇဝေဇဝါဖြင့် ဝေခွဲမရနိုင်အောင်ဖြစ်နေကြကုန်လေ၏။

"ကဲ... ဒီနေရာကတော့ အဆိပ်ဘုရင်ရဲ့လျှို့ဝှက်စခန်း ဖြစ်တယ်ဆိုတာသေချာပြီ"

ကျင်းဟူက ယင်းသို့သူ့အမြင်ကိုပြောလိုက်၏။

ယဉ်မေခေါင်းညိတ်သည်။

"ဟုတ်တယ်... ဒါကိုကျွန်မလဲယုံကြည်တယ်"

ကျင်းကျင်းကလည်းထောက်ခံ၏။

"ဒါဖြင့် ကျုပ်တို့ဘာဆက်လုပ်ကြမလဲ"

ကျင်းဟူကမေးလိုက်သည်။

ယဥ်မေက....

"အစ်ကိုဘယ်လိုသဘောရသလဲ"

ကျင်းဟူက....

"ဒီကိစ္စနဲ့ပတ်သက်ပြီးလမ်းနှစ်ခုရှိတယ်"

ကျင်းကျင်းခေါင်းညိတ်သည်။

"ပြောပါ"

"လမ်းတစ်ခုကတော့ ဒီနေရာကအမြန်ဆုံးထွက်သွားဖို့ပဲ"

"ဘာဖြစ်လို့လဲ"

ယဥ်မေကမေးသည်။

ကျင်းဟူက....

"ကျုပ်အထင်မလွဲဘူးဆိုရင် အဆိပ်ဘုရင်ပြန်လာလိမ့်မယ် ဒါကြောင့် သူပြန်မလာမီ ကျုပ်တို့ထွက်သွားမှဖြစ်မယ်"

ကျင်းကျင်းကကန့်ကွက်လိုက်သည်။

"ကျွန်မ သဘောမတူဘူး"

"ဘာဖြစ်လို့လဲ"

ကျင်းကျင်းက....

"ကျွန်မတို့က အဆိပ်ဘုရင်ကိုလိုက်ရှာနေတာမဟုတ်လား"

"ဟုတ်တယ်လေ"

ကျင်းကျင်းက....



"ကျွန်မတို့က အသေအလဲလိုက်ရှာနေတာ အခုက်ကောင်း ်ပို့လာတွေ့တာ ဘာဖြစ်လို့ထွက်ပြေးရမှာလဲ"

ကျင်းဟူက....

"တို့ ဒီမှာဆက်နေမယ်ဆိုရင် သူပြန်လာတဲ့အခါ တို့ကိုတွေ့ သွားလိမ့်မယ်၊ အဲဒီအခါ သူကလက်ပိုက်ကြည့်နေမှာတဲ့လား"

ယဥ်မေကနှုတ်ခမ်းမဲ့ကာ ....

"သူလက်ပိုက်ကြည့်မနေတော့ကော ကျွန်မတို့ကကြောက် နေရမှာလား"

ကျင်းကျင်းက....

"ဟုတ်တယ် ကျွန်မတို့ကသုံးယောက်ာကောင်ရှိတာ၊ သူက တစ်ယောက်ပဲရှိတယ်"

ကျင်းဟူက....

"တို့က လူများပေမဲ့ သူ့မှာအဆိပ်တွေအများကြီး"

ယဥ်မေပြုံးလိုက်၏။

"ကျွန်မ မကြောက်ဘူး"

ကျင်းဟူမျက်မှောင်ကုပ်သွား၏။

"မင်း သူ့ကိုနိုင်မယ်ထင်လို့လား"

ယဥ်မေကခေါင်းညိတ်လိုက်သည်။

"နိုင်ကိုနိုင်ရမယ်"

ကျင်းဟူအနည်းငယ်အံ့အားသင့်သွား၏။

"ညီမ တော်တော်လေထွားနေပါလား"

ယဉ်မေကခေါင်းမော့က....

"ကျွန်မတကယ်ပြောနေတာ"

ကျင်းဟူခေါင်းခါယမ်းလိုက်၏။

"သိုင်းပညာပဲဖြစ်ဖြစ် ဆေးပညာပဲဖြစ်ဖြစ် သူက တို့ထက် အများကြီးသာတယ်နော်"

"ဒါကိုကျွန်မလက်ခံတယ်"

ကျင်းဟူက....

"ဒါဖြင့် မင်းကဘာဖြစ်လို့ သူ့ကိုရင်ဆိုင်ချင်ရတာလဲ"

ယဉ်မေက လက်ညှိုးဖြင့် ကိုယ့်နားထင် ကိုယ်ပြန်ထောက် ပြလိုက်ပြီး....

"ညီမမှာခေါင်းရှိတယ်"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဆိုစမ်းပါဦး... မင်းမှာဘာတွေအကြံရှိနေလို့လဲ"

ယဉ်မေသည် နံရံပေါ်အပြည့်ရှိနေသောဘူးများကိုညွှန်ပြ လိုက်သည်။

"အဲ့ဒီဘူးတွေမှာ ဘာတွေထည့်ထားတယ်ဆိုတာ အစ်ကို သိသလား"



ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ယဉ်မေက....

"အဆိပ်တွေကလွဲပြီးဘာရှိမှာဖို့လဲ"

ကျင်းဟူပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါတော့မင်းပြောမှလား"

ကျင်းကျင်းကစိတ်မရှည်ဟန်ဖြင့်ကြားဝင်ပြောလိုက်၏။

"ကဲပါ မမမှာဘာယ်လိုအကြံရှိတယ်ဆိုတာပြောပြစမ်းပါဦး"

ယဉ်မေက....

"မမရဲ့အကြံကတော့ တစ်ခြားမဟုတ်ဘူး၊ သူ့အတတ်နဲ့သူ ပြန်စူးအောင်လုပ်ဖို့ပဲ"

ကျင်းဟူကခေါင်းညိတ်လိုက်သည်။

"အစ်ကိုသဘောပေါက်ပြီ၊ မင်းက အဆိပ်ဘုရင်ကို အဆိပ် ပြန်ခတ်မလို့ဟုတ်လား"

ယဉ်မေက....

"ဟုတ်တယ်"

ကျင်းဟူကရယ်မောလိုက်သည်။

"သူက အဆိပ်ဘုရင်ဖြစ်တယ်ဆိုတာ မင်းသတိမေ့နေပြီနဲ့ တူတယ်"

ယဉ်မေက...

"မမေ့ပါဘူး"

ကျင်းဟူက...

"ဆိုစမ်းပါဦး... မင်းက သူ့ကိုဘယ်လိုအဆိပ်ခတ်မလဲ"

ယဉ်မေလက်ကာပြလိုက်သည်။

"ဒါတော့ ကျွန်မပြောပြမယ့်အစား လက်တွေ့လုပ်ပြတာက ပိုပြီးသဘောပေါက်ပါလိမ့်မယ်"

သူမသည် ကျင်းဟူအားပြုံးပြလိုက်ပြီး...

"ဒါပေမဲ့ ကျွန်မခိုင်းတာကိုတော့ရှင်လုပ်ရမယ်... ပြန်မမေးရဘူး"

"ညီမရဲ့အမိန့်ကတော်တော်ပြင်းပါလား"

ယဉ်မေက စတင်အမိန့်ပေးလိုက်သည်။

"ကဲ... ကျွန်မပြောသလိုလုပ်ပါ"

ကျင်းဟူက လက်နှစ်ဖက်ဆန့်တန်းပြီး ဦးညွှတ်လိုက်၏။

"အမိန့်ရှိပါ"

ယဉ်မေက နံရံပေါ်တွင်ရှိသောဘူးများကိုညွှန်ပြလိုက်၏။

"အဲ့ဒီဘူးတွေအားလုံး အောက်ကိုယူချလိုက်ပါ"

ကျင်းဟူသည် ယဉ်မေခိုင်းသည့်အတိုင်း ဘူးများကိုယူ၍ ကြမ်းပြင်ပေါ်တန်းစီချထားလိုက်သည်။



ကျင်းကျင်းသည် ယဉ်မေ၏သဘောကိုနားမလည်သော်လည်း ဝိုင်းဝန်းချပေးနေသည်။ ဘူးများအားလုံး အောက်ချပြီးသောအခါ ယဉ်မေကဆက်၍အမိန့်ပေးသည်။

"နံရံအနီးမှာရှိနေတဲ့ရေပုံးကိုယူလိုက်ပါ"

ကျင်းဟူကရေဆွဲပုံးယူပြီးချလိုက်သည်။ ဤနေရာတွင် ရေဆွဲပုံးနှစ်လုံးသာရှိသည်။ ယဉ်မေသည် ဘူးများကိုဖွင့်ပြီး အမှုန့်များကို ရေဆွဲပုံးထဲသို့သွန်လောင်းလိုက်၏။

ကျင်းဟူနှင့် ကျင်းကျင်းတို့ကလည်း ဘူးအဖုံးများကိုဖွင့်ကာ ရေဆွဲပုံးထဲသို့လောင်းသွန်ကြသည်။ အချို့မှာအမှုန့်ဖြစ်ပြီး အချို့မှာ အရည်ဖြစ်၏။ တစ်ခဏအကြာတွင် ရေဆွဲပုံးနှစ်ပုံးစလုံး တစ်ဝက်ခန့်စီဖြစ်ကုန်လေသည်။

ကျင်းဟူက ယဉ်မေအားအရိုအသေပြုလိုက်၏။

"နောက်ထပ် ဘာလုပ်ရမယ်ဆိုတာအမိန့်ပေးပါ"

ယဉ်မေကရယ်ချင်လာသော်လည်း ချုပ်တီးထားလိုက်လေသည်။ ထို့နောက် ကျင်းဟူနှင့်ကျင်းကျင်းတို့အား...

"ကဲ... အစ်ကိုနဲ့ညီမတို့ အခန်းဝဘယ်ညာမှာပုန်းပြီးရပ်နေကြပါ"

ကျင်းကျင်းနှင့်ကျင်းဟူတို့သည် အခန်းဝင်ပေါက် ဘယ်ညာ၌ကွယ်၍ရပ်နေလိုက်ကြ၏။

ယဉ်မေကမူ ဝင်ပေါက်အဝကို မျက်နှာမူလျက် စားပွဲပေါ်၌ ထိုင်ချလိုက်သည်။

"ကျွန်မပြောမဲ့စကားကိုသေချာနားထောင်ပါ"

ကျင်းဟူနှင့်ကျင်းကျင်းတို့ ပြိုင်တူခေါင်းညိတ်ပြလိုက်သည်။

ယဉ်မေက....

"အဆိပ်ဘုရင်က ကျွန်မတို့သူ့အခန်းထဲရောက်နေတယ်ဆိုတာသိမှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်မကိုတွေ့တာနဲ့သူ့အတော်အံ့သြသွားမယ်"

ကျင်းကျင်းနှင့်ကျင်းဟူတို့ ပြိုင်တူခေါင်းညိတ်ပြလိုက်သည်။

ယဉ်မေက....

"သူ ကျွန်မကိုတွေ့ပြီး အံ့အားသင့်တဲ့အချိန်မှာ ကျွန်မလက်ခုပ်တီးလိုက်မယ်၊ အဲဒီအခါ အစ်ကိုနဲ့ညီမကို့က ဝင်လာတဲ့အဆိပ်ဘုရင်ရဲ့ခေါင်းပေါ်ကိုလောင်းချလိုက်ပါ"

ကျင်းဟူ မျက်မှောင်ကြုတ်သွားသည်။

"ဖြစ်ပါ့မလား"

ယဉ်မေပြုံးလိုက်သည်။

"သူ့ဆီကအဆိပ်တွေဟာဘာမှန်းမသိပေမဲ့ အားလုံးစုပေါင်းပြီး သူ့ခေါင်းပေါ်လောင်းချလိုက်ရင် အဆိပ်ကတစ်ခုမဟုတ်တစ်ခု သူ့ကိုဒုက္ခပေးမှာသေချာတယ်၊ အရေးကြီးတာက...."



သူမသည် စကားကို ခေတ္တရပ်နားပြီးမှ လေးနက်စွာပြောလိုက်လေသည်။

"သူ့ခေါင်းပေါ်တည့်တည့် လောင်းချမိဖို့အရေးကြီးတယ်"

ယဉ်မေနှင့်ကျင်းဟူတို့ ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

❋❋❋

ချုန်းချိုနှင့်လူစင်တို့သည် ကြမ်းပြင်ပေါ်၌သတိမေ့လဲကျနေ၏။ အဘိုးအိုကကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်သည်။

"ငါ့... ငါ့မှာအဆိပ်ပါမလာလို့ မင်းတို့ကိုမေ့ဆေးနဲ့သာ လုပ်လိုက်ရတာ မင်းတို့ကံကောင်းတယ်လို့ဆိုရမှာပဲ"

သူသည် ပြောရင်း မီးပုံများကိုခြေထောက်ဖြင့်နင်း၍ ငြိမ်းလိုက်သည်။ ထို့နောက် ၎င်းတို့နှစ်ယောက်အားချည်နှောင်ရန် ကြိုးများလိုက်ရှာနေ၏။

သို့သော် ကြိုးများရှာမတွေ့ပါ။

သူသည် ခေါင်းခါယမ်းလိုက်ပြီး....

"ဒီလူနှစ်ယောက်ကို ကြိုးနဲ့တုပ်နှောင်ရမှာရှုပ်ပါတယ်၊ အဆိပ်သွားယူပြီး ခတ်လိုက်တာပဲကောင်းမယ်"

သူသည် ယင်းသို့တစ်ယောက်တည်းပြောပြီး နောက်ဘက်ဆောင်ရှိရာသို့လျှောက်သွားလေသည်။

ထို့နောက် ရေတွင်းထဲဝင်ပြီးကြိုးလှေကားအတိုင်းအောက်သို့ဆင်းသွားလေသည်။ အောက်ရောက်သည်နှင့် လှိုဏ်ခန်းစခန်းရှိရာသို့လှမ်းဝင်သွားလေသည်။

သို့သော် သူသည် အခန်းဝသို့ရောက်ရှိသွားသည်နှင့်ခြေလှမ်း တွံ့ခနဲရပ်တန့်သွားသည်။ သူ၏မျက်လုံးအစုံသည် အခန်းထဲရှိစားပွဲပေါ်၌ အေးဆေးစွာထိုင်နေသောမိန်းကလေးတစ်ယောက်အားတွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

သူသည် ကြောင်အမ်းအမ်းဖြင့်ရပ်ကြည့်နေစဉ် မိန်းကလေးက သူ့အားပြုံးပြလိုက်သည်။

"အဆိပ်ဘုရင်ကြွပါရှင်"

အဘိုးအိုမှာ အံ့သြခြင်းမကအံ့သြသွားလေသည်။

"မင်းဘယ်သူလဲ"

ထိုမိန်းကလေးမှာ ယဉ်မေဖြစ်သည်။ အဘိုးအိုသည် ယင်းသို့မေးရင်း အခန်းထဲလှမ်းဝင်လိုက်၏။ ဤတွင် ယဉ်မေကလက်ခုပ်တစ်ချက်တီးလိုက်သည်။

ထိုအခါ ဝဲယာတစ်ဖက်တစ်ချက်၌ လက်ဆွဲပုံးကိုယ်စီဖြင့်အသင့်စောင့်နေသောကျင်းဟူနှင့်ကျင်းကျင်းတို့က အဘိုးအို၏ခေါင်းပေါ်သို့ပြိုင်တူလောင်းချလိုက်ကြလေတော့၏။

"ဗွမ်း...."



ရောင်စုံဆေးမှုန့်နှင့် ရောင်စုံအရည်များကြောင့် အဆိပ်ဘုရင်၏တစ်ကိုယ်လုံး မြင်မကောင်းအောင်ဖြစ်သွားလေသည်။ ရောင်စုံခြယ်သထားသောအရုပ်တစ်ခုနှင့်ပင် တူနေပေတော့၏။

အဘိုးအိုသည် ထိတ်လန့်တကြားဖြင့်ခေါင်းနှင့်မျက်နှာပေါ်ရှိရောင်စုံမှုန့်နှင့်ဆေးရည်များကို အမြန်ဆုံးသပ်ချလေသည်။

သို့သော် သူ့မျက်လုံးနှင့်မျက်နှာတစ်ခုလုံးသည် အမှုန့်နှင့်အရည်ရောစပ်ထားသောစေးပျစ်ပျစ်အရည်များကြောင့် ကော်များကဲ့သို့ ကပ်စီးစီးဖြစ်နေလေသည်။

ထိုအချိန်မှာပင် ယဉ်မေသည် အသင့်ပြင်ထားသော ကြိုးတစ်ချောင်းဖြင့် အဘိုးအို၏တစ်ကိုယ်လုံးကို လှုပ်တစ်ပြက် ရစ်ပတ်ချုပ်နှောင်လိုက်၏။

ကျင်းဟူနှင့်ကျင်းကျင်းတို့ကလည်း ရေဆွဲပုံးကြီးကိုဖြုတ်ပြီး အဘိုးအို၏ခြေထောက်နှင့်လက်နှစ်ဖက်ကို တင်းကျပ်စွာချည်နှောင်လိုက်ကြသည်။ အဘိုးအိုသည် မဟန်နိုင်တော့ဘဲမြေပေါ်လဲကျသွားလေတော့၏။

❀❀❀

ချွန်းချိုနှင့်လူစင်တို့သည် တဖြည်းဖြည်းသတိရလာသည်။ သူတို့သည် သတိရလာလာချင်း ကမန်းကတန်းထထိုင်လိုက်သည်။ ထိုအဘိုးအိုမှာ အဆိပ်ဘုရင်ဖြစ်ရမည်ဟု သူတို့နားလည်လိုက်သည်။

ထို့ကြောင့် ပြိုင်တူထရပ်ပြီးပတ်ဝန်းကျင်တစ်ဝိုက်ပြေးလွှားရှာဖွေကြသည်။ သို့သော် သူတို့သည် ရေတွင်းကိုလုံးဝသတိမပြုမိကြချေ။ သူတို့သတိရလာသောအချိန်မှာ ယဉ်မေတို့လူစုက အဘိုးအိုအားကြိုးဖြင့်တုပ်နှောင်ထားပြီးချိန်နှင့်တိုက်ဆိုင်နေသည်။ ထွန်းထားသောမီးရောင်ကိုကွယ်ထားသောကြောင့် မီးရောင်များ အပြင်သို့ဖြာထွက်ခြင်းမရှိပေ။

ထို့ကြောင့် သူတို့သတိမပြုမိခြင်းဖြစ်သည်။

ချွန်းချိုနှင့်လူစင်တို့သည် စိတ်ပျက်စွာဖြင့် မူလနေရာ၌ပြန်လည်ထိုင်ချလိုက်ကြ၏။ သူတို့သည် အိပ်မောကျသွားသောကြောင့် အဆိပ်ဘုရင်လွတ်သွားသည်ကိုနောင်တကြီးစွာရကြလေသည်။

"ကျုပ်ကခရီးပန်းလွန်းလို့အိပ်ပျော်သွားတာဗျ"

ချွန်းချိုက မိမိကိုယ်မိမိအပြစ်တင်သည်။

"ကျုပ်လဲအိပ်ပျော်သွားမိတယ်ဗျာ"

လူစင်ကလည်းကိုယ့်ကိုယ်ကိုယ်အပြစ်တင်သည်။

ချွန်းချိုကသက်ပြင်းတစ်ချက်ချကာ....

"ဒီအခွင့်အရေးကို နောက်ထပ်ဘယ်လိုလုပ်ရနိုင်မှာလဲ"



လူစင်က....

"ဒါနဲ့ သူဒီမှာရှိတယ်ဆိုရင်...."

သူသည် ပြောရင်းတစ်စုံတစ်ခုတွေးမိလိုက်သည်။

"ဟောဗျာ... ဒီဘုံကျောင်းဟာ အဆိပ်ဘုရင်ရဲ့စခန်းကော မဖြစ်နိုင်ဘူးလား"

ချွန်းချိုနားလည်လိုက်သည်။

"ဟုတ်သားပဲ"

လူစင်က....

"ဒီလိုဆိုရင်ကျုပ်တို့လိုက်ရှာမယ်"

သူတို့နှစ်ယောက်သည် ထိုင်ရာမှခုန်ထလိုက်ပြီး ဘုံကျောင်းက်တစ်ခုလုံးအားလိုက်လံရှာဖွေကြသည်။ သို့သော် ပတ်ဝန်းကျင်တစ်ဝိုက်မှောင်မိုက်နေသဖြင့် ရန်သူအလစ်ဝင်ရောက်တိုက်ခိုက်မည်ကိုစိုးရိမ်မိကြသည်။

"တို့ မနက်ဖြန်စောစောထရှာရင် ပိုကောင်းမယ်ထင်တယ်"

"ဒါကောင်းတယ်"

ချွန်းချိုက ချက်ချင်းပင်ထောက်ခံလိုက်သည်။ သူတို့သည် ဆက်လက်ရှာဖွေခြင်းမပြုတော့ဘဲ မိုးလင်းသည်အထိစောင့်နေကြဘွာသည်။

❋❋❋

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အရှေ့ဘက်မိုးကောင်းကင်၌ အရုဏ်ဦးရောင်ခြည်များ တင်ထွက်ပေါ်လာသည်။ ထိုအချိန်သည် အရာရာကို ကောင်းစွာမြင် တွေ့နိုင်သောအချိန်ဖြစ်သည်။

ချန်းချိနှင့်လူစင်တို့သည် ဓားကိုယ်စီဖြင့် စတင်ရှာဖွေကြ လေသည်။ သူတို့သည် ဘုံကျောင်းပျက်တစ်ခုလုံး အသေးစိပ်ရှာဖွေ ခဲ့သော်လည်း အဘိုးအို၏အရိပ်အယောင်ပင်မတွေ့ရချေ။

"ဟေ့... တို့ယူဆချက်ကလွဲသွားပြီနဲ့တူတယ်"

လူစင် စတင်စိတ်ပျက်လာပုံရသည်။

"ဟုတ်တယ်... ဒီဘုံကျောင်းပျက်က လျှို့ဝှက်စခန်းလုပ်နိုင် တဲ့အခြေအနေမရှိပါဘူးဗျာ"

"ဒါဖြင့် သူကဘယ်လိုလုပ်ရောက်လာတာလဲ"

"ဒါကတော့ လမ်းကြုံလို့ဖြစ်ချင်ဖြစ်မယ်"

သူတို့နှစ်ယောက်အချီအချပြောဆိုနေစဉ် မမျှော်လင့်ဘဲ ရေ တွင်းထဲမှခေါင်းတစ်လုံးပြူထွက်လာ၏။ ချန်းချိနှင့်လူစင်တို့ထိတ်လန့် တုန်လှုပ်သွားကြသည်။ ပြူထွက်လာသောခေါင်းကိုလည်း သတိပြု ကြည့်မိလိုက်သည်။

ဆံပင်မုတ်ဆိတ်မွေးများရှည်လျားပြီး ရောင်စုံခြယ်သထား သောဦးခေါင်းတစ်လုံးဖြစ်၏။



"ဟောဗျာ... ညတုန်းကတွေ့တဲ့အဘိုးကြီးပါလား"

သူတို့သည် တိုက်ခိုက်ရန်အသင့်ပြင်ထားကြသည်။

ထိုဦးခေါင်းသည် တဖြည်းဖြည်း အပေါ်သို့ထွက်လာပြီး ကိုယ်လုံးကိုယ်ပါတွေ့မြင်လိုက်ရလေသည်။ ချန်းချိနှင့်လူစင်တို့က ငေးမောကြည့်နေစဉ်မှာပင် ထိုအဘိုးအိုမှာကြိုးတုတ်ခြင်းခံရသည်ကို တွေ့ရှိလိုက်သည်။

တစ်ဆက်တည်းမှာ လူရွယ်တစ်ယောက်ကထမ်းထုတ် လာခြင်းဖြစ်သည်ကိုလည်းတွေ့မြင်လိုက်ရလေသည်။ သူတို့ မျက်လုံး ပြူး၍ကြည့်နေစဉ်.... ရေတွင်းထဲမှနောက်ထပ် ချောမောလှပသော မိန်းကလေးနှစ်ယောက်တက်လာသည်ကို တွေ့မြင်လိုက်ရပြန်လေ သည်။ သူတို့နှစ်ယောက် ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ်....

"ဝုန်း...."

လူရွယ်က အဘိုးအိုအား အောက်သို့ပစ်ချလိုက်သည်ကို တွေ့ရသည်။ ပြောစရာပင် မလိုတော့ပါ။ ထိုအဘိုးအိုအား ရေတွင်း ထဲမှထွက်လာသောလူငယ်တစ်ယောက်နှင့် မိန်းကလေးနှစ်ယောက် ဖမ်းဆီးလာခြင်းဖြစ်ကြောင်းသိရှိလိုက်ရလေသည်။

***

ကျင်းဟူသည် ငေးကြောင်၍ကြည့်နေသောချန်းချိနှင့်လူစင်

အားတွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

"ခင်ဗျားတို့ဘယ်ကလဲဗျ"

ချန်းချိက....

"သူကလူစင်... ကျုပ်ကချန်းချိပါ"

ကျင်းဟူက သူတို့ထံလျှောက်လာပြီး ရင်းနှီးစွာနှုတ်ဆက်

လေသည်။

"ကျုပ်နာမည်ကျင်းဟူပါ... တွေ့ရတာဝမ်းသာပါတယ်"

သူသည် ယဉ်မေ ကျင်းကျင်းတို့နှင့်လည်း မိတ်ဆက်ပေး

လိုက်လေ၏။ ချန်းချိသည် သူမတို့အား နှုတ်ဆက်ပြီးနောက် ဆေး

ရောင်စုံခြယ်သထားသောအဘိုးအိုအားကြည့်လိုက်သည်။

"သူကဘယ်သူလဲ... ဘာကြောင့်ဖမ်းထားရတာလဲ"

သူသည် ထိုအဘိုးအိုမှာအဆိပ်ဘုရင်ဖြစ်မည်ဟု ယုံကြည်

သည်။ သို့သော် ကျင်းဟူတို့ သိမသိ မသေချာသောကြောင့် မေး

လိုက်ခြင်းဖြစ်သည်။ ကျင်းဟူသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလူက သိုင်းလောကတစ်ခုလုံးကိုဒုက္ခပေးတဲ့လူပေါ့"

ကျင်းဟူနှင့်ချန်းချိတို့ တစ်ယောက်မျက်နှာ တစ်ယောက်

ကြည့်လိုက်ကြသည်။ သူသည် ကျင်းဟူအား ခြေဆုံးခေါင်းဆုံး အကဲ

ခတ်ကြည့်လိုက်သည်။



ကျင်းဟူ၏သိုင်းပညာမှာ မိမိတို့ထက်ညံ့မည်ဟုအကဲခတ်မိ

သည်။ သို့သော် သိုင်းလောကတစ်ခုလုံးကြောက်ရွံ့နေရသော အဆိပ်

ဘုရင်အား ယခုကဲ့သို့ဖမ်းဆီးလာသည်ကို မယုံကြည်နိုင်လောက်

အောင်ဖြစ်သွားလေသည်။

ချန်းချိမျက်မှောင်ကြုတ်လိုက်သည်။

"ဟုတ်မှဟုတ်ရဲ့လားကွာ"

ကျင်းဟူက....

"ဟုတ်တယ်မဟုတ်ဘူးဆိုတာတော့ ကျုပ်လဲမသိဘူး။ သူ့

နေရာမှာတော့ အဆိပ်ဘူးတွေချည်းပဲ၊ နောက်ပြီး သူ့ကိုယ်သူ အဆိပ်

ဘုရင်လို့ပြောတယ်လေ"

ချန်းချိကလူစင်အားလှည့်ကြည့်လိုက်သည်။

လူစင်ကမေးလိုက်သည်။

"သူ့ဆီမှာ အဆိပ်ဘူးတွေတွေ့တယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်မှာလဲ"

"ရေတွင်းအောက်မှာ"

လူစင်နှင့်ချန်းချိတို့ အပြန်အလှန်ကြည့်လိုက်ကြပြန်သည်။

ချန်းချိက ....

"ရေတွင်းအောက်မှာဟုတ်လား"

"ဟုတ်တယ်"

ကျင်းဟူအနည်းငယ်စိတ်တိုလာ၏။

"ခင်ဗျားတို့မယုံရင် သွားကြည့်ကြပါ"

လူစင်က....

"မင်းတို့တက်လာတဲ့ရေတွင်းထဲမှာဟုတ်လား"

"ဟုတ်ပါတယ်"

ကျင်းဟူသည် လူစင်တို့အပေါ်၌စိတ်မရှည်နိုင်ဘဲဖြစ်လာလေသည်။ လူစင်လည်းအဘိုးအိုအားကြည့်လိုက်သည်။

"မင်းတို့ သူ့ကိုဘယ်ခေါ်သွားမလို့လဲ"

ကျင်းဟူက....

"ဘယ်မှခေါ်မသွားပါဘူး... ကျုပ်အဆိပ်မိထားလို့ သူ့ဆီကဖြေဆေးတောင်းဖို့ပါပဲ"

ချန်းချိုခေါင်းညိတ်လိုက်၏။

"ဒါဖြင့် သူထွက်မပြေးနိုင်အောင်ကြည့်ထားပါ... ငါတို့ ရေတွင်းထဲကိုဝင်ကြည့်လိုက်ဦးမယ်"

သူတို့နှစ်ယောက်သည် ရေတွင်းရှိရာသို့ပြိုင်တူပြေးလွှားသွား ကြလေသည်။ ထို့နောက်ကြိုးလှေကားဖြင့် ရေတွင်းအောက်သို့ ဆင်းသွားသည်။

❋❋❋



ချန်းချိုနှင့် လူစင်တို့သည် ရေတွင်းထဲမှပြန်လည်တက်လာသောအခါ သူတို့သည် ထိုနေရာမှာ အဆိပ်ဘုရင်၏လျှို့ဝှက်စခန်းဖြစ်ကြောင်းယုံကြည်သွားကြလေသည်။

သို့သော် သူတို့ ဘဝင်မကျနိုင်သောအချက်တစ်ခုမှာ သိုင်းလောကတစ်ခုလုံးကိုအနိုင်ယူ၍မက ဗိုလ်ကျရန်ကြံစည်နေသော အဆိပ်ဘုရင်တစ်ယောက်ကို သိုင်းလောကမှာအတွေ့အကြုံမရှိ၊ သိုင်းပညာမတတ်တစ်ခေါက်တတ်သောလုလင်တစ်ယောက်နှင့် လုံမပျိုနှစ်ယောက်တို့ကဖမ်းဆီးလိုက်သည်ဆိုခြင်းကို မယုံကြည်နိုင်လောက်အောင်ဖြစ်နေသည်။ ထို့ကြောင့် ဖမ်းဆီးထားသော အဘိုးအိုမှာ အဆိပ်ဘုရင်မဖြစ်နိုင်ဟုယုံကြည်လေသည်။

သူသည် သေချာအောင်အဘိုးအိုအားမေးမြန်းတော့သည်။

"ခင်ဗျား ဘယ်သူလဲ"

"အဆိပ်ဘုရင်"

အဘိုးအိုကပြတ်သားစွာပြောလိုက်သည်။

ချန်းချိုကခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူးဗျာ... ခင်ဗျားဟာ အဆိပ်ဘုရင်အစစ်ဖြစ်ရမယ်"

အဘိုးအိုကိုဆက်မေးလိုက်သည်။

"ဒီမှာခင်ဗျားမှန်မှန်ပြောပါ၊ အဆိပ်ဘုရင်မဟုတ်ဘဲအဆိပ်ဘုရင်လို့ပြောရင် အသက်တစ်ချောင်း သက်သက်မဲ့ဆုံးရှုံးသွားမယ် ဆိုတာ နားလည်စေချင်တယ်"

အဘိုးအိုသည် သူ၏ကျဉ်းမြောင်းသောမျက်လုံးအစုံဖြင့် မော့ကြည့်လိုက်သည်။

"ကျုပ်ကဘယ်သူ့ကိုပြောရမှာလဲ"

လူစင် ပါးစပ်ပိတ်ထားလိုက်သည်။ ကျင်းဟူသည် လူစင်အားဖယ်ရှားလိုက်ပြီး အဘိုးအိုနှင့်မျက်နှာချင်းဆိုင်ထိုင်ချလိုက်သည်။

"ခင်ဗျားဟာ အဆိပ်ဘုရင်ဆိုတာကျုပ်ယုံတယ်"

သူလက်ဝါးဖြန့်လိုက်သည်။

"ကျုပ်ကိုဖြေဆေးပေးပါ"

အဘိုးအိုပြုံးလိုက်သည်။

"မင်းတို့ကိုဖြေဆေးပေးစရာမလိုပါဘူး"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

အဘိုးအိုက....

"မင်းကို ငါကအဆိပ်မှမခတ်ရသေးဘဲ"

"ဟောဗျာ"

ကျင်းဟူအံ့ဩသွားသည်။



"ကျုပ်ကိုအဆိပ်မခတ်ရသေးဘူးဟုတ်လား"

"ဟုတ်တယ်"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကိုသေမင်းအမိန့်စာပေးရတာလဲ"

အဘိုးအိုက....

"မင်းကို ငါဘာဖြစ်လို့သတ်ရမှာလဲ... အားလုံးချောက်ချားသွားအောင် သက်သက်လုပ်တာပါ"

ကျင်းကျင်းကကြားဖြတ်လိုက်သည်။

"ဒါဖြင့် ကျွန်မကော"

အဘိုးအိုကခေါင်းခါယမ်းလိုက်သည်။

"မိန်းကလေးကိုလဲ အဆိပ်မခတ်ပါဘူး"

ကျင်းကျင်းစိတ်သက်သာရာရသွားသည်။

"တော်သေးတာပေါ့ရှင်"

အဘိုးအိုကသက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း .... မင်းတို့ကိုမသတ်ဖြစ်တာ ငါ့ရဲ့မဟာအမှားပဲ"

ကျင်းဟူက....

"ဘာဖြစ်လို့လဲ"

"မင်းတို့ကို ဒီအတိုင်းထားမိလို့ ငါနှစ်ပေါင်းများစွာ တီထွင်ဖော်စပ်ထားတဲ့ဆေးတွေကုန်ပြီ၊ နောက်ပြီး ငါလဲအဖမ်းခံနေရတယ်"

ကျင်းဟူကရယ်မောလိုက်သည်။

"ဒါကြောင့်လဲ ကိုယ့်အတတ်ကိုယ်စူးဆိုတဲ့စကားရှိလာတာ မဟုတ်လား"

အဘိုးအိုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်လေ... အခု ငါ့ကိုပြန်လွှတ်ဖို့ကောင်းပါပြီ"

ကျင်းဟူက အဘိုးအိုအားတုတ်နှောင်ထားသောကြိုးများကို ဖြည်ပေးရန်ဟန်ပြင်နေစဉ်....

"ကြိုးမဖြည်နဲ့"

ချန်းချိကဟန့်တားလိုက်၏။

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ချန်းချိက....

"သူ အဆိပ်ဘုရင်ဖြစ်တယ်ဆိုရင် ကျုပ်တို့သိုင်းလောကမှာ အလိုရှိနေတဲ့တရားခံတစ်ယောက်ဖြစ်တဲ့အတွက် ကျုပ်တို့လက်အပ်ပါ"

အဘိုးအိုကကန့်ကွက်လိုက်သည်။

"ဒီမှာသူငယ်... သူတို့စကားနားမထောင်နဲ့"

ကျင်းဟူ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်ကဘာဖြစ်လို့အပ်ရမှာလဲ"



ချန်းချိသည်အိတ်ထဲမှရွှေပြားကိုထုတ်ယူ၍ လှမ်းပေးလိုက်သည်။

"ဒီလူဟာလူသတ်သမား... ကျုပ်တို့အလိုရှိနေတဲ့တရားခံတစ်ယောက်... ဒါကြောင့် ကျုပ်လက်ကိုအပ်ရင် ဆုငွေအဖြစ် ရွှေပြားသုံးပြားပေးပါ့မယ်"

ကျင်းဟူအနည်းငယ်စဉ်းစားလိုက်သည်။

"လူသတ်တရားခံဆိုရင်လွှတ်ပေးလို့မဖြစ်ဘူး"

သူသည် ရွှေပြားသုံးပြားကိုလက်ခံပြီးနောက် ယဉ်မေနှင့်ကျင်းကျင်းအားတစ်ပြားစီပေးလိုက်၏။

"ညီမတို့ကိုလဲ ဝေစုပေးရမယ်"

ကျင်းကျင်းနှင့်ယဉ်မေတို့ကရယ်မောရင်း ရွှေပြားကိုလက်ခံလိုက်သည်။ ချန်းချိနှင့်လူစင်တို့သည် အဘိုးအိုအားဆွဲသွား၍ ဘုံကျောင်းပျက်ထဲမှထွက်ခွာသွားလေသည်။

***

အဆိပ်ဘုရင်အားဖမ်းဆီးမိထားသောသတင်းသည် သိုင်းလောကတစ်ခုလုံးပွဲတင်ထပ်သွားလေသည်။

ထို့ကြောင့် သိုင်းလောကသားများတို့သည် အနယ်နယ်အရပ်ရပ်မှ ရှောင်လင်ကျောင်းရှိရာသို့ ဦးတည်၍ရောက်ရှိလာကြလေသည်။

သူတို့သည် သိုင်းလောကတစ်ခုလုံးကို ဗိုလ်ကျလွှမ်းမိုးချင်သောအဆိပ်ဘုရင်မှာ မည်သူမည်ဝါဖြစ်သည်ကိုတွေ့မြင်လိုကြခြင်းဖြစ်သည်။ ထိုလူများအထဲ၌ အတုမဲ့သမားတော်ကြီးတစ်ယောက်လည်းပါဝင်လာသည်။ ရှောင်လင်ကျောင်းဝင်းတစ်ခုလုံး လူများဖြင့်ပြည့်နှက်၍နေသည်။ ရှောင်လင်ကျောင်းထိုင်သည် ထိပ်သီးဂိုဏ်းများ၏ခေါင်းဆောင်များကိုဖိတ်ခေါ်၍ အဆိပ်ဘုရင်အား စစ်ဆေးမေးမြန်းရန် စီစဉ်လေသည်။

သို့သော် ဂိုဏ်းအသီးသီးမှခေါင်းဆောင်များသည် အဆိပ်ဘုရင်ဆိုသူအားသေချာမြင်တွေ့လိုက်ရသောအခါ အားလုံးအံ့အားသင့်ကုန်ကြလေတော့၏။ အကြောင်းမှာ အဆိပ်ဘုရင်ဆိုသူတွင် အထင်ကြီးလောက်စရာ ဘာတစ်ခုမျှမတွေ့မမြင်ရသောကြောင့်ဖြစ်သည်။ သူတစ်ယောက်တည်းနှင့် သိုင်းလောကအား မည်သို့လွှမ်းမိုးချုပ်ကိုင်နိုင်မည်နည်း။

ရှောင်လင်ကျောင်းထိုင်ကစတင်မေးမြန်းလိုက်သည်။



"ဒကာကြီးက အဆိပ်ဘုရင်ဆိုတာဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဒကာကြီးတစ်ယောက်ထဲပဲလား"

"ဟုတ်တယ်"

"ဒါနဲ့ ဒကာကြီးတစ်ယောက်ထဲနဲ့ သိုင်းလောကတစ်ခုလုံးကိုဘယ်လိုအုပ်ချုပ်နိုင်မှာလဲ"

အဘိုးအိုကပြုံးလိုက်လေသည်။

"အချိန်တန်ရင် လူတွေရှိလာမှာပေါ့"

ဝူးတန်ဂိုဏ်းချုပ်မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားဆိုလိုတာက ခင်ဗျားမှာလက်အောက်ငယ်သားတွေရှိနေတယ်ဟုတ်လား"

အဘိုးအိုပါးစပ်ပိတ်ထားလိုက်သည်။

ဝူးတန်ဂိုဏ်းချုပ်ကမေးလိုက်ပြန်လေသည်။

"အခု ခင်ဗျားဟာ ကျုပ်တို့ရဲ့အကျဉ်းသားတစ်ယောက်ဖြစ်နေတယ်... ဒါကြောင့် အသက်ချမ်းသာစေချင်တယ်ဆိုရင် ကျုပ်တို့မေးတာကိုမှန်မှန်ကန်ကန်ဖြေဖို့လိုလိမ့်မယ်"

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် အမှန်အတိုင်းပြောရင်... ခင်ဗျားတို့က ကျုပ်အသက်ချမ်းသာပေးနိုင်လို့လား"

သူသည် စကားဆက်လိုက်သည်။

"ကျုပ်အဆိပ်ကြောင့် လူအတော်များများသေဆုံးသွားပြီ... ဒါကို ခင်ဗျားတို့က ကျုပ်ကိုအသက်ချမ်းသာပေးမယ်ဆိုတာ ကျုပ်ယုံရမှာလား"

ဝူးတန်ဂိုဏ်းချုပ်က....

"ခင်ဗျား ဘာကြောင့်အဆိပ်နဲ့လူကိုသတ်ချင်ရတာလဲ"

အဘိုးအိုက....

"သိုင်းလောကမှာဗိုလ်ကျချင်တဲ့လူတွေဟာ နည်းအမျိုးမျိုးနဲ့လူသတ်နေကြတာပဲ၊ အဲဒီတော့ အဆိပ်နဲ့ပဲသတ်သတ် သိုင်းပညာနဲ့ပဲသတ်သတ် ဘာများထူးခြားလို့လဲ"

ဝူးတန်ဂိုဏ်းချုပ် ပါးစပ်ပိတ်ထားလိုက်သည်။

အဘိုးအိုက ခံပြင်းဟန်ဖြင့်ဆက်ပြောလိုက်၏။

"ကျုပ်အကြံအစည်ကို ဘာမဟုတ်တဲ့ပေါကြောင်ကြောင် လူငယ်တစ်ယောက်နဲ့ ဘုမသိဘမသိကောင်မလေးနှစ်ယောက်တို့ကြောင့် အခုလိုပျက်စီးသွားတာကျုပ်ဘဝင်မကျဘူးဗျ"

ဝူးတန်ဂိုဏ်းချုပ်က....

"ဒါလဲဟုတ်တယ်... ခင်ဗျား ဘာကြောင့် သူတို့လက်ချက်နဲ့ အခုလိုအဖမ်းခံလိုက်ရတာလဲ"

အဘိုးအိုမျက်နှာညှိုးငယ်သွားသည်။



"မင်းတို့ပဲစဉ်းစားကြည့်ပေါ့... ကျုပ် အနှစ်နှစ်အလလ နေ့မအိပ် ညမအိပ်ကြိုးစားတီထွင်လာတဲ့ဆေးတွေကို ဖျက်ဆီးခံလိုက်ရပြီးရူးမတတ်ဖြစ်နေတဲ့အချိန်မှာ သူတို့မဆိုထားနဲ့ ကလေးငယ်တစ်ယောက်က ကျုပ်ကိုဖမ်းချင်တယ်ဆိုရင်တောင် လွယ်လွယ်နဲ့ဖမ်းနိုင်မှာပဲ"

ဝူးတန်ဂိုဏ်းချုပ်ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်တယ်"

အဘိုးအို၏စကားသည် အလွန်မှန်ကန်သည်ဟု အားလုံးကယုံကြည်ကြသည်။ ထို့ကြောင့် သူတို့သည် အဆိပ်ဘုရင်အား မည်ကဲ့သို့ပြစ်ဒဏ်စီရင်ရမည်ကိုစဉ်းစားကြရလေသည်။ နောက်ဆုံး သူတို့သည် အဆိပ်ဘုရင်အဘိုးအိုအား ခေတ္တအကျဉ်းချထားရန် ဆုံးဖြတ်လိုက်ကြလေသည်။

မွှား မွှား

(၃)ရက်မြောက်သောနေ့တွင် ရှောင်လင်ကျောင်းထိုင်နှင့် ကျန်ရှိသောဂိုဏ်း (၇)ဂိုဏ်းမှခေါင်းဆောင်များသည် အကျဉ်းချထားသောအဆိပ်ဘုရင်အားစစ်ဆေးရန် သွားရောက်ခေါ်ထုတ်ကြသည်။

ဤတွင်...... အဆိပ်ဘုရင်သည် ပျောက်ချင်းမလှပျောက်ဆုံးသွားသည်ကိုသိရှိလိုက်ကြရလေတော့၏။

***ဒုတိယပိုင်းပြီး၏။***

***တတိယပိုင်းစာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။***

# ဘုန်းကြွယ်

# သေမင်းအမိန့်

(တတိယပိုင်း-ဇာတ်သိမ်း)

## သောကကင်းဝေးတောင်ကြား

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။ အဆိပ်ဘုရင်၏ သတင်းသည်လည်း သိုင်းလောကတွင် ရုတ်တရက်ငြိမ်သက်တိတ်ဆိတ်သွား၏။

သို့သော်....

သိုင်းလောကဟူသည် တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံအရှုံးမပေး တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အမြဲတမ်းယှဉ်ပြိုင်တိုက်ခိုက်နေလေ့ရှိသောလောကတစ်ခုဖြစ်သည်။

ထို့ကြောင့် သိုင်းလောကသည် အမြဲတမ်း ငြိမ်းချမ်းသာယာနေခြင်းမရှိပါ။

ယခု သိုင်းလောကကြီး ရုတ်တရက်အေးချမ်းငြိမ်သက်သွားသည်ဆိုခြင်းမှာ တိုက်ခိုက်ခြင်းမရှိ။ ယှဉ်ပြိုင်ခြင်းမရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ အလွန်ကြီးကျယ်သောတိုက်ခိုက်မှုမရှိဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။

တစ်နည်းဆိုရလျှင်....

သိုင်းလောကသည် ယှဉ်ပြိုင်တိုက်ခိုက်မှုမရှိလျှင် သိုင်းလောကဟုမဆိုနိုင်တော့ပါ။

ထို့ကြောင့်... ယခုကဲ့သို့ ရုတ်တရက် ငြိမ်သက်သွားခြင်းမှာ ကောင်းသောနိမိတ်မဟုတ်ဟု သိုင်းလောကသားများရင်ထဲ၌ အလိုလိုသိရှိနေကြပေသည်။

ယင်းကဲ့သို့ သိရှိယူဆကြခြင်းမှာ အဆိပ်ဘုရင်တစ်ယောက် ရုတ်တရက် ပျောက်ကွယ်သွားခြင်းကြောင့်ဖြစ်လေသည်။

အဆိပ်ဘုရင်သည် နောက်ထပ်ထွက်ပေါ်လာပြီး သိုင်းလောကကိုဒုက္ခမပေးဟု မည်သူအာမခံနိုင်ပါမည်နည်း။

အကယ်၍ အဆိပ်ဘုရင်ထပ်မံထွက်ပေါ်လာလျှင် ယခင်ကထက်ပို၍ကြောက်စရာကောင်းလိမ့်မည်ဟု အားလုံးကယုံကြည်လက်ခံထားကြလေသည်။ ထို့ကြောင့် လက်ရှိအေးချမ်းငြိမ်သက်ခြင်းသည် မုန်တိုင်းမစမီ တဒင်္ဂမျှဖြစ်ပေါ်နေသောငြိမ်သက်ခြင်းသာဖြစ်ကြောင်းဆိုရပေတော့မည်။

❋❋❋



(၆)လကြာသွားပြီဖြစ်သည်။ သိုင်းလောကကြီးသည် တည်ငြိမ်အေးချမ်းလျက်ရှိနေဆဲဖြစ်၏။ လူများသည် ရင်တထိတ်ထိတ်ဖြင့် အဆိပ်ဘုရင်ထပ်မံထွက်လာမည်ကိုစောင့်ကြည့်နေသည့်တိုင်အောင် အဆိပ်ဘုရင်သည် ထွက်ပေါ်လာခြင်းမရှိပါချေ။

တစ်နှစ်တာကုန်ဆုံးသွားပြန်ပြီဖြစ်သည်။

သိုင်းလောကကား ဘာမျှထူးခြားခြင်းမရှိ။

တည်ငြိမ်အေး ချမ်းနေဆဲဖြစ်သည်။

ဤသို့ဖြင့်... သိုင်းလောကသားများတို့သည် အဆိပ်ဘုရင်အကြောင်းများကို တဖြည်းဖြည်းမေ့လျော့ကုန်ကြလေတော့သည်။

တစ်နှစ်ခွဲ အချိန်ကုန်သွားသောအခါတွင်မူ သိုင်းလောကသားများသည် အဆိပ်ဘုရင်ကိုလုံးဝသတိမရကြတော့ပေ။

(၂)နှစ်ခန့်ကုန်ဆုံးသွားသောအခါ သိုင်းလောက၌ဂိုဏ်းနှစ်ဂိုဏ်း ရုတ်တရက်ထွက်ပေါ်လာသည်ကိုတွေ့ရှိလိုက်ရသည်။

ယင်းဂိုဏ်းနှစ်ဂိုဏ်းအနက် တစ်ဂိုဏ်းမှာ ဒေါင်းအလံဂိုဏ်းဖြစ်ပြီး ကျန်တစ်ဂိုဏ်းမှာ သောကကင်းဝေးတောင်ကြားဖြစ်သည်။ ယင်းဂိုဏ်းနှစ်ဂိုဏ်းစလုံး အဖွဲ့ဝင်အင်အားများပြားပြီး အင်အားကြီးမားကြပေသည်။

ထိုအဖွဲ့သားများတို့သည် သိုင်းလောက၌ခြေချပြီး စတင်လှုပ်ရှားလာကြလေသည်။

သို့သော် သူတို့သည် အဖြူရောင်သိုင်းသမားများကဲ့သို့ပင် ကောင်းသူကယ် မကောင်းသူပယ် တရားမျှမှုအတွက်လှုပ်ရှားဆောင်ရွက်ကြခြင်းဖြစ်ရာ ၎င်းတို့အား သိုင်းလောကသားအများစုက လိုလိုလားလားကြိုဆိုကြကုန်လေသည်။

ယင်းသို့ဖြင့် (၆)လခန့်ကြာသောအခါ....

အဆိုပါ ဒေါင်းအလံဂိုဏ်းနှင့်သောကကင်းဝေးတောင်ကြားတို့၏အမည်သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားလာလေတော့၏။

ထို့ပြင် မည်သူမဆို ဒေါင်းအလံဂိုဏ်းသို့ဖြစ်စေ သောကကင်းဝေးတောင်ကြားသို့ဖြစ်စေ သွားရောက်၍လည်ပတ်ပါက ၎င်းတို့သည် လှိုက်လှဲပျူငှာစွာကြိုဆိုဧည့်ခံကြ၏။

ထို့ကြောင့် သိုင်းလောကသားများသည် ဒေါင်းအလံဂိုဏ်း၏ဂိုဏ်းချုပ်နှင့် သောကကင်းဝေးတောင်ကြားပိုင်ရှင်တို့အပေါ် ချစ်ခင်လေးစားလာကြလေသည်။

အထူးသဖြင့်.... သောကကင်းဝေးတောင်ကြားပိုင်ရှင် ပေ့ထင်းဝေ၏အမည်မှာပို၍ကျော်ကြားလာသည်။ သူသည် အသက် ၅၀ ကျော်ခန့်ရှိကာ ရုပ်ရည်တည်ကြည်ခန့်ညား၏။

မည်သူ့ကိုမဆို လှိုက်လှဲဖော်ရွေစွာဆက်ဆံသည်။

ထို့ကြောင့်....



ပေ့ထင်းဝေနှင့်တွေ့ဆုံဆက်ဆံမိသူတိုင်း ပေ့ထင်းဝေ အပေါ် ချစ်ခင်လေးစားလာကြခြင်းဖြစ်လေသည်။

တစ်ခုတော့ရှိသည်။

ပေ့ထင်းဝေသည် မည်သူဖြစ်သနည်း။

မည်သည့်ဇာတိဖြစ်သနည်း။

အဘယ့်ကြောင့် ယခုကဲ့သို့ ဂိုဏ်းအဖွဲ့ကြီးကို တည်ထောင်ကြောင်း မည်သူကမျှမသိရှိကြပေ။

ပေ့ထင်းဝေအား တွေ့ဆုံခဲ့ကြသောလူများသည်.....

❋❋❋

(၆)လမျှသောအချိန်တွင် သောကကင်းဝေးတောင်ကြားသည် သိုင်းလောက၌ခိုင်မာစွာရပ်တည်လာနိုင်ပြီဖြစ်သည်။ သောကကင်းဝေးတောင်ကြား၏အမည်သည် သိုင်းလောက၌ နေဝန်းလဝန်းပမာတောက်ပထင်ရှားလာသည်။

ထို့ကြောင့် သောကကင်းဝေးတောင်ကြားမှလူများကို သိုင်းလောကသားများကရိုသေလေးစားလာကြသည်။ သိုင်းလောကသားများသည် သောကကင်းဝေးတောင်ကြားနှင့် ပေါင်းသင်းဆက်ဆံနိုင်ရသည်ကိုပင် ဂုဏ်ယူတစ်ခုအနေဖြင့် မှတ်ယူလာကြကုန်လေသည်။

လရောင်သည် ထိန်ထိန်သာနေ၏။

[illegible]တစ်ခုလုံး တိမ်သားတိမ်လိပ်များ ကင်းရှင်း၍ [illegible]၏။ လုယန်မြို့တောင် ဘက်မြို့ဝင်ပေါက်အနီး၌ ဟောင်း[illegible]စီးနေသော ခြံဝင်းတစ်ခုတွင် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

လုလင်ပျိုတစ်ယောက်နှင့် လုံမပျိုနှစ်ယောက်ဖြစ်သည်။

လုလင်ပျိုမှာကျင်းဟူဖြစ်ပြီး လုံမပျိုနှစ်ယောက်မှာ ယဥ်မေနှင့်ကျင်းကျင်းတို့ဖြစ်လေ၏။ သူတို့ဝိုင်းဖွဲ့ပြောဆိုနေကြသည်မှာ အဆိပ်ဘုရင်အကြောင်းများပင်ဖြစ်လေသည်။

ကျင်းဟူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျုပ်စိတ်ထဲမှာထင်တဲ့အတိုင်းပြောရမယ်ဆိုရင် အဆိပ်ဘုရင်ဟာ ထပ်ပြီးထွက်လာလိမ့်ဦးမယ်လို့ထင်တယ်"

ယဥ်မေကခေါင်းညိတ်လိုက်သည်။

"ဒါ ဖြစ်နိုင်တယ်"

ကျင်းကျင်းကပြုံးလိုက်သည်။

"ဒီတစ်ခါတော့ ဘယ်သူကမှဆုငွေပေးမှာမဟုတ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"အခုတစ်ခါ အဆိပ်ဘုရင်ကိုထပ်ပြီးဖမ်းမိရင် အဆိပ်ဘုရင်ကိုတောင် ထမင်းကျွေးထားရဦးမယ်"



ယဥ်မေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... အခုအဆိပ်ဘုရင်ကို ဘယ်သူမှ မကြောက်ကြတော့ဘူး"

သူတို့စကားပြောဆိုနေကြစဥ် လူတစ်ယောက် သူတို့ထံလျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။ ယဥ်မေသည် ထိုလူအားလှမ်းကြည့်ရင်း မျက်မှောင်ကြုတ်သွားလေသည်။

"ဟောတော့... သမားတော်ကြီးပါလား"

ကျင်းဟူနှင့်ကျင်းကျင်းတို့ကလှမ်းကြည့်လိုက်သည်။

မှန်ပါသည်။ ထိုလူမှာ အတုမဲ့သမားတော်ကြီးပင် ဖြစ်လေသည်။ သမားတော်ကြီးသည် သူတို့ထံတန်းတန်းမတ်မတ် ဝင်ရောက်လာလေသည်။

❋❋❋

ကျင်းဟူကလှမ်းမေးလိုက်သည်။

"ဘယ်ကြွမလို့လဲ သမားတော်ကြီး"

သမားတော်ကြီးက ....

"လမ်းထွက်လျှောက်ရင်း ဒီထဲမှာ လူတွေတွေ့လို့ဝင်လာတာ"

သူသည် ကျင်းဟူတို့အား ကောင်းစွာမှတ်မိလိုက်လေသည်။

"ဒါနဲ့ မင်းတို့ကကော ဒီမှာဘာထိုင်လုပ်နေကြတာလဲ"

သူသည် ပြောပြောဆိုဆို ကျင်းဟူတို့နှင့်မျက်နှာချင်းဆိုင် အုတ်ကျိုးပေါ်၌ထိုင်ချလိုက်လေသည်။

"မင်းတို့သုံးယောက်စုပြီး ဘာတွေလုပ်ကြဦးမလို့လဲ"

ကျင်းဟူကရယ်မောလိုက်သည်။

"ကျွန်တော်ကတော့ အဆိပ်ဘုရင်လိုဆုငွေရမဲ့လူမျိုးကို လိုက်ရှာမလို့စိတ်ကူးနေတာ"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"မင်း အကြံမဆိုးဘူး"

ကျင်းဟူကမျက်မှောင်ကြုတ်သွားသည်။

"ဆုငွေရမဲ့လူဆိုးတွေရှိနေလို့လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။



"ရှိတာပေါ့"

ကျင်းဟူကစိတ်ဓာတ်တက်ကြွလာလေသည်။

"ဟုတ်လား... ပြောစမ်းပါဦး၊ ဘယ်သူလဲ"

သမားတော်ကြီးက....

"မင်းတို့ ဖြစ်နိုင်ရင် အဆိပ်ဘုရင်ကိုရအောင်ဖမ်းပေးပါ"

"ဗျာ"

ကျင်းဟူအံ့အားသင့်သွားသည်။

"အဆိပ်ဘုရင်ကိုဖမ်းပေးရမယ်ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူကဆုငွေပေးမှာလဲ"

"ကျုပ်ပေးမှာပေါ့"

"ဘယ်လောက်ပေးမှာလဲ"

"ဆုငွေတစ်ထောင်ပေးမယ်"

ကျင်းဟူမျက်မှောင်ကြုတ်သွားလေသည်။

"တကယ်ပြောတာလား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"တကယ်ပြောတာပေါ့"

ယဉ်မေကကြားဖြတ်လိုက်သည်။

"နေပါဦး... အဆိပ်ဘုရင်က ဘယ်ရောက်နေမှန်းမှမသိဘဲ

ဘယ်လိုသုတ်ဖမ်းနိုင်မှာလဲ"

ကျင်းဟူစိတ်ဓာတ်ကျသွားသည်။

"ဟုတ်တယ်... သူ့ကိုဘယ်လိုက်ဖမ်းရမှန်းမသိတော့ဘူး"

သမားတော်ကြီးကပြုံးပြလိုက်သည်။

"မင်းကို ကျုပ်သဲလွန်စတစ်ခုပေးမယ်... ဒီတစ်ခါ အဆိပ်ဘုရင်ကိုတကယ်ဖမ်းမိနိုင်မှာ၊ ကျုပ်ဆီကဆုငွေတစ်ထောင်ရမဲ့အပြင် သိုင်းလောကမှာလဲ သူရဲကောင်းတစ်ယောက်ဖြစ်လာနိုင်မယ်"

ကျင်းဟူဝမ်းသာပီတိဖြစ်သွားသည်။

"ကဲ... ပြောစမ်းပါ၊ ဦးပေးမဲ့သဲလွန်စ"

သမားတော်ကြီးက သူ့အား စိုက်ကြည့်လိုက်ပြီး...

"အခုတလော သောကကင်းဝေးတောင်ကြားပိုင်ရှင် တစ်ယောက်ကျော်ကြားလာတာကို မင်းကြားဖူးမှာပေါ့"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်"

သမားတော်ကြီးက...

"သောကကင်းဝေးပိုင်ရှင်ရဲ့နာမည်က ပေ့ထင်းဝေလို့ခေါ်တယ်"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့သိပါတယ်"



"ပေ့ထင်းဝေဟာ ဘယ်သူဘယ်ဝါဆိုတာဘယ်သူမှမသိဘူး၊ နောက်ပြီး သူ့မှာအဖွဲ့ဝင်တွေ အနည်းဆုံးရာချီပြီးရှိမယ်... အဲဒီလူတွေကိုကျွေးမွေးထားနိုင်အောင် ဘယ်ကပိုက်ဆံရတာလဲ၊ နောက်ပြီး သူတို့က အများကိုလဲကူညီနိုင်တယ်ဆိုတော့ အတော့်ကိုသံသယဖြစ်စရာကောင်းနေတယ်"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတော့မှပဲ ကျုပ်စဉ်းစားမိတော့တယ်"

သမားတော်ကြီးက...

"ဒါကြောင့်... ပေ့ထင်းဝေဆိုတဲ့လူကို ကျုပ်သံသယဖြစ်နေတယ်"

ယဉ်မေကပြုံးလိုက်သည်။

"ဦးဆိုလိုတာက ပေ့ထင်းဝေဟာ အဆိပ်ဘုရင်လို့ပြောချင်တာလား"

သမားတော်ကြီးကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ကျုပ်ရဲ့သဘောကတော့ အဆိပ်ဘုရင်ကို ဒီလူကနိုင်းစေတယ်လို့ယူဆထားတယ်"

ကျင်းဟူက...

"ဦးလေးဆိုလိုတာက ပေ့ထင်းဝေဟာ သိုင်းလောကတစ်ခုလုံးလွှမ်းမိုးချင်လို့ အဆိပ်ဘုရင်ကိုလက်သပ်မွေးပြီး သိုင်းလောက

တစ်ခုလုံး မငြိမ်မသက်ဖြစ်အောင်လုပ်နိုင်းတာလို့ ဆိုလိုတာလား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းဟူက....

"ဒါဆိုရင် အဆိပ်ဘုရင်ဟာ သောကကင်းဝေးတောင်ကြား ထဲမှာရှိနေတယ်လို့ဆိုလိုတာလား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့"

ကျင်းဟူက....

"ဒီလိုဆိုရင် ကျွန်တော်တို့ သောကကင်းဝေးတောင်ကြား ကိုသွားပြီးစုံစမ်းရမယ်ပေါ့"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ယဉ်မေမျက်မှောင်ကြုတ်သွားသည်။

"ဒါနဲ့ သမားတော်ကြီးက ဘာကြောင့်များ အဆိပ်ဘုရင်ကို ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

သမားတော်ကြီးကပြုံးလိုက်သည်။

"မင်းမေးမယ်ဆိုရင် မေးထိုက်ပါတယ်"

သူက စကားဆက်လိုက်သည်။



"ရှင်းရှင်းပြောရမယ်ဆိုရင် အဆိပ်ဘုရင်ဆိုတဲ့လူဟာ ကျုပ် ညီတစ်ယောက်ဖြစ်များဖြစ်နေမလားလို့ပါ"

ကျင်းဟူမျက်လုံးပြူးကျယ်သွားသည်။

"အဆိပ်ဘုရင်က ဦးရဲ့ညီဟုတ်လား"

"ဟုတ်ပါတယ်... ဒါပေမဲ့ သူနဲ့ကျုပ်နဲ့မတွေ့တာ ဆယ်နှစ် ကျော်ပြီ"

"ဒါဖြင့် ခင်ဗျားကဆုငွေပေးတယ်ဆိုတော့ ကိုယ့်ညီအရင်း ကိုတွေ့ချင်တဲ့သဘောပေါ့ဟုတ်လား"

သမားတော်ကြီးကသက်ပြင်းချလိုက်သည်။

"ဒါကတော့ ကျုပ်ရဲ့စိတ်ထင်ပါ၊ သေသေချာချာတော့ မသိ ပါဘူး"

သူသည် လက်ညှိုးတစ်ချောင်းထောင်ပြလိုက်သည်။

"အရေးကြီးတဲ့အချက်ကတော့ သူတီထွင်ထားတဲ့အဆိပ် ဘာကို ဦးကလေ့လာချင်လို့ပါ"

ကျင်းကျင်းပြုံးလိုက်သည်။

"သူ့ဆီမှာ ဘာအဆိပ်မှမရှိတော့ဘူး... အားလုံးဆုံးရှုံးသွား ပြီ"

သမားတော်ကြီးမျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"သူ့ရှိသမျှအဆိပ်ဘူးတွေကို ကျွန်မတို့က အားလုံးဖျက်စီး အောင်ဖျက်ဆီးပစ်လိုက်လို့ပါ"

သမားတော်ကြီးမျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို... သူဖော်စပ်တဲ့ဆေးအားလုံး ဖျက်စီးသွားကုန်ပြီ ဟုတ်လား"

ကျင်းဟူကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သမားတော်ကြီးမျက်နှာတစ်ခုလုံး စိတ်ရှုပ်သွားသည့်ဟန် မူရာများပေါ်လွင်လာသည်။

သူသည် အနည်းငယ်စဉ်းစားပြီးနောက်....

"ကိစ္စမရှိပါဘူးလေ... အဆိပ်ဘုရင်ကိုသာရအောင်ရှာပါ ကျုပ်ထုတ်ထားတဲ့ဆုငွေအတိုင်း တစ်ပြားမှမလျော့စေရပါဘူး"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ဒါနဲ့ ကျွန်တော်တို့ အဆိပ်ဘုရင်ကိုမိရင် ဦးနဲ့ဘယ်လိုလုပ်ဆက်သွယ်ရမလဲ"

သမားတော်ကြီးက....

"မင်းတို့ကျုပ်ကိုဆက်သွယ်ချင်တယ်ဆိုရင် လုယန်မြို့ရဲ့ အရှေ့ပိုင်းမှာ ဘုံကျောင်းပျက်တစ်ခုရှိတယ်... အဲ့ဒီကိုရောက်အောင် လာရင် ကျုပ်ကိုတွေ့နိုင်ပါတယ်"



ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ကျွန်တော်တို့အောင်မြင်တာနဲ့ အကြောင်း ကြားပါ့မယ်"

သမားတော်ကြီးသည် သူတို့အားနှုတ်ဆက်ပြီး၍ ထိုနေရာ ထွက်ခွာသွားလေသည်။ သမားတော်ကြီးထွက်သွားသည့်အခါ ကျင်းဟူ ကျင်းကျင်းနှင့်ယဉ်မေတို့ ခေါင်းချင်းဆိုင်ဆွေးနွေးကြ၏။

"ကဲ... သမားတော်ကြီးကတော့ ဆုငွေပေးမယ်လို့ အမိန့် အမှာပြောသွားပြီ၊ မင်းတို့ဘယ်လိုသဘောရသလဲ"

ယဉ်မေက .....

"ကျွန်မကတော့ အစ်ကို့သဘောပါပဲ"

ကျင်းဟူက ကျင်းကျင်းကိုလှမ်းကြည့်လိုက်၏။

"ညီမကကော"

ကျင်းကျင်းကလည်း....

"ကျွန်မလဲအစ်ကို့သဘောပါပဲ"

"ဒါဖြင့် ကျုပ်တို့ သောကကင်းဝေးတောင်ကြားကိုသွားကြ မယ်"

❋❋❋

ညနေဆည်းဆာအချိန်ဖြစ်သည်။

သောကကင်းဝေးတောင်ကြားအဝင်ဝသို့ လူသုံးယော

ရောက်ရှိလာသည်။ လူရွယ်ယ်တစ်ယောက်နှင့်မိန်းမပျိုနှစ်ယော

ဖြစ်သည်။

သူတို့ကား ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့ဖြစ်ကြ

သူတို့သည် တောင်ကြားဝသို့ရောက်သည့်အခါ ခြေလှမ်းရပ်

တန့်လိုက်ကြ၏။ တောင်ကြားလမ်းနံဘေးတွင် ဆိုင်းဘုတ်တစ်ခုစိုက်

ထူထားသည်။ ဆိုင်းဘုတ်ပေါ်၌ အခွင့်မရှိမဝင်ရဟုရေးသားထား

ထိုစဉ် တောင်ကြားထဲမှ အနက်ရောင်ဝတ်ဆင်ထားသော

လူနှစ်ယောက်ထွက်လာကြသည်။

ထိုလူနှစ်ယောက်သည် ပခုံးချင်းယှဉ်၍ရပ်လျက် ကျင်းဟူ

တို့အားအကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားတို့ဘယ်ကလာကြတာလဲ"

ကျင်းဟူကလက်နှစ်ဖက်ဆုပ်၍အရိုအသေပြုလိုက်သည်။

"သောကကင်းဝေးတောင်ကြားဆိုတာ ဒီနေရာဟုတ်တယ်

မဟုတ်လား"

တစ်ယောက်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ကျင်းဟူက...



"ကျုပ်တို့ ဒီကိုလာတာပါ"

"အကြောင်းရှိလို့လား"

ကျင်းဟူက....

"တောင်ကြားပိုင်ရှင်နဲ့တွေ့ချင်လို့ပါ"

"နာမည်လေးတစ်ဆိတ်ပြောပြပါခင်ဗျာ"

ကျင်းဟူကပြုံးပြလိုက်၏။

"ကျုပ်နာမည်ကျင်းဟူပါ"

ထိုလူသည် ကျင်းဟူအမည်ကိုကြားလိုက်သည့်အခါ အံ့အား

သင့်သွားသည်။

"သိုင်းလောကမှာ အဆိပ်ဘုရင်ကိုဖမ်းဆီးပြီး လျှမ်းလျှမ်း

တောက်ကျော်ကြားလာတဲ့ကျင်းဟူလား"

ကျင်းဟူသည် မိမိအမည် ဤမျှကျော်ကြားနေကြောင်း သိ

လိုက်ရသည့်အတွက် ဝမ်းသာပီတိဖြစ်သွားလေသည်။

သူသည် ပြုံး၍ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

ထိုလူသည် ယဉ်မေနှင့်ကျင်းကျင်းတို့အားလှည့်ကြည့်လိုက်

သည်။ ကျင်းဟူက အလိုက်သိစွာပင် သူမတို့၏အမည်ကိုပြောပြပြီး

မိတ်ဆက်ပေးလိုက်သည်။ အစောင့်နှစ်ယောက်က အလွန်လေးစား

သွားခင်မင်ဟန်ဖြင့်....

"ဟုတ်ကဲ့... အခုလိုတွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ"

ပြောပြောဆိုဆိုလမ်းဖယ်ပေးကာ...

"ကြွပါခင်ဗျာ... ကြွပါ"

ကျင်းဟူတို့အား တောင်ကြားလမ်းထဲသို့လမ်းပြခေါ်ဆောင်သွားလေတော့၏။

❋❋❋



သောကကင်းဝေးတောင်ကြားသည် နာမည်နှင့်လိုက်ဖက်အောင်အလွန်သာယာသောနေရာဖြစ်သည်။

တောင်ကြားလမ်းလေးဆုံးသွားသည်နှင့် စိမ်းလန်းစိုပြည်သောပန်းလေးများကကြိုဆိုနေ၏။

ရောင်စုံငှက်ကလေးများသည် ကောင်းကင်၌ပျံဝဲကာ တေးဆိုနေကြသည်။

ချောင်းရေများကြည်လင်စွာ တသွင်သွင်စီးဆင်းနေ၏။

မြင်ကွင်းတစ်ခုလုံးမှာ အလွန်လှပသောသဘာဝပန်းချီကားချပ်နှင့်တူလှပေသည်။

ကျင်းဟူတို့သည်... ထိုရှုမျှော်ခင်းများအားမြင်တွေ့လိုက်ရသည်နှင့်အလိုလိုရွှင်လန်းလာကြလေသည်။

သူတို့သည် ရှေ့သို့ခြေလှမ်းနှစ်ရာခန့်ထပ်မံလျှောက်သွားမိသောအခါ အလွန်သပ်ရပ်လှပသောအဆောင်တစ်ခု ထီးတည်းကြီးရှိနေသည်ကိုတွေ့လိုက်ရလေသည်။

ထိုအဆောင်အနီးသို့ရောက်ရှိသည့်အခါ အဆောင်တံခါးဝဘောင်ပေါ်၌...

"ညှို့ကြိုဂေဟာ"

ဟုရေးသားထားသည်ကိုတွေ့မြင်လိုက်ရလေသည်။

ကျင်းဟူတို့အားခေါ်ဆောင်လာသူနှစ်ယောက်သည်...

ထိုအဆောင်တွင်နေရာချထားပေးပြီး...

"ခဏထိုင်ပြီး အပန်းဖြေကြပါဦးခင်ဗျာ... ကျုပ်တို့ သတင်းသွားပို့လိုက်ပါဦးမယ်"

ပြောပြောဆိုဆိုအစောင့်တစ်ယောက်ထွက်သွား၏။

ကျန်တစ်ယောက်က ကျင်းဟူတို့အားရေနွေးကြမ်းနှင့်အချိုပိုစုံများဖြင့်ဧည့်ခံလေသည်။

❋❋❋



ကျင်းဟူတို့သည် အတန်ကြာထိုင်၍ ရေနွေးကြမ်းသောက်နေသည်။ မကြာမီ လူလေးယောက်ခြံရံလျက် အဘိုးအိုတစ်ယောက်အဆောင်ထဲသို့ဝင်ရောက်လာသည်ကိုတွေ့မြင်ရလေသည်။

ကျင်းဟူက ကမန်းကတန်းထရပ်လိုက်သည်။ ယဉ်မေနှင့်ကျင်းကျင်းတို့ကလည်း မတ်တတ်ရပ်၍ကြိုဆိုလိုက်ကြသည်။

ကျင်းဟူသည် အဘိုးအိုအားအကဲခတ်ကြည့်လိုက်၏။

ယင်းအဘိုးအိုမှာ အသက်(၅၀)ကျော်ခန့်ရှိမည်ဟု ထင်ရ၏။ အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသည်။ သူ၏မျက်နှာမှာ အလွန်ကြည်ကြည်ခန့်ညားသည်ဟုတွေ့ရသော်လည်း သူ့မျက်နှာထားမှာ အနည်းငယ်တင်းမာနေသည်ဟုထင်ရလေသည်။

လျှမ်းလျှမ်းတောက်ကျော်ကြားသော သောကကင်းဝေးအောင်ကြားပိုင်ရှင်ဖြစ်နေသောကြောင့် ယခုကဲ့သို့မျက်နှာထား တင်းမာနေသည်မှာမဆန်းဟု ကျင်းဟူဆင်ခြင်မိသည်။

အဘိုးအိုနောက်တွင် အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူငယ်လေးယောက် လိုက်ပါလာသည်။ သူတို့၏ခါးတွင် ဆောင်မားကိုယ်စီဆောင်ထားကြသည်ကိုတွေ့ရသည်။

ကျင်းဟူသည် ထိုအဘိုးအိုမှာပေ့ထင်းဝေဖြစ်မည်ဟု အကဲခတ်မိလေ၏။ ထို့ကြောင့်... သူသည် လက်နှစ်ဖက်ဆုပ်၍လေးလေးစားစားဂါရဝပြုလိုက်၏။

"တောင်ကြားပိုင်ရှင်ကိုအခုလိုတွေ့ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"

"ဟား... ဟား... ဟား"

ပေ့ထင်းဝေကရယ်မောလိုက်သည်။

သူသည် ပြန်လည်အရှိအသေပြုပြီးမှ ဝိုင်းဖွဲ့ထိုင်လိုက်၏။ အစောင့်များသည် စားသောက်ဖွယ်ရာများလာရောက်ချပေးသည်။

"သိုင်းလောကမှာ ကျင်းဟူဆိုတဲ့နာမည်ဟာ တကယ့်ကို လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ပေတာပဲ... ကျုပ်က အသက်ကြီးပြီလို့ထင်နေတာ... အခုမှပဲ လူငယ်တစ်ယောက်ဖြစ်မှန်း သိရတော့တယ်"

သူသည် ခေါင်းညိတ်၍စကားဆက်လိုက်သည်။

"အင်း ခုခေတ်လူငယ်တွေဟာ တော်တော့်ကိုချီးကျူးစရာကောင်းလောက်အောင် တော်ပါပေတယ်"

ကျင်းဟူက လက်နှစ်ဖက်ဆုပ်လိုက်ကာ...

"ဒါလောက်လဲမဟုတ်ဘူးဗျာ ခြအခုလိုချီးကျူးတာ တကယ့်ကို မနေတတ်အောင်ဖြစ်ရပါတယ်"

ပေ့ထင်းဝေက သူ၏ရှည်လျားသောမုတ်ဆိတ်မွေးကို အသာအယာပွတ်လိုက်ရင်း...

"အမှန်ပြောနေတာပါ"



သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားအောင် ချုပ်နိုင်ခဲ့တဲ့အဆိပ်ဘုရင်ကို ဖမ်းနိုင်ခဲ့တယ်ဆိုတာ နှယ်နှယ်ရရမှ မဟုတ်ဘဲ"

ကျင်းဟူပြုံးလိုက်လေသည်။

"ဒါကတော့ ကံကောင်းလို့ဆိုရမှာပဲခင်ဗျ"

ပေ့ထင်းဝေက အားရပါးရရယ်မောလိုက်သည်။

"မင်းလိုလူငယ်တစ်ယောက်က ဘဝင်မမြင့်တတ်တာ ချီးကျူးစရာပဲ"

သူသည် ယဉ်မေနှင့်ကျင်းကျင်းတို့ကိုအကဲခတ်ကြည့်လိုက်သည်။

"မောင်ရင်နဲ့အတူ အဆိပ်ဘုရင်ကိုဖမ်းခဲ့တဲ့မိန်းကလေးနှစ်ယောက်ဆိုတာ သူတို့နှစ်ယောက်ထင်ပါတယ်"

ကျင်းဟူကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ပေ့ထင်းဝေက ယဉ်မေနှင့်ကျင်းကျင်းတို့အား လက်မထောင်ပြပြီးချီးကျူးလိုက်သည်။

"မင်းတို့က မိန်းကလေးတွေဖြစ်ပေမယ့် ယောကျ်ားသားနဲ့ရင်ဘောင်တန်းပြီး သိုင်းလောကကိုဒုက္ခလှလှကြီးပေးနေတဲ့ အဆိပ်

ဘုရင်ကိုခမ်းဆီးနိုင်တဲ့အတွက်ကျုပ်လေးစားပါတယ်ဗျာ"

ယဉ်မေနှင့်ကျင်းကျင်းတို့က ပြန်လည်အရိုအသေပြုလိုက်ကြသည်။

"အခုလိုပြောတာကိုကျေးဇူးတင်ပါတယ်"

ပေ့ထင်းဝေကကျင်းဟူဘက်သို့လှည့်လိုက်သည်။

"ဒါနဲ့ မောင်ရင် ဒီကိုရောက်လာတဲ့ကိစ္စက"

ကျင်းဟူက....

"အလည်သက်သက်လာတယ်လို့ဆိုနိုင်ပါတယ်၊ နောက်ပြီး တောင်ကြားပိုင်ရှင်ရဲ့နာမည်ကိုကြားပြီးတွေ့ချင်တာလဲ တစ်ကြောင်းဆိုပါတော့ခင်ဗျာ"

ပေ့ထင်းဝေကရယ်မောလိုက်သည်။

"ရပါတယ်ဗျာ... ရပါတယ်"

သူသည် ပြုံးပြလိုက်သည်။

"ကဲ... ကျုပ်တို့ဆီမှာ နေချင်သလောက်နေနိုင်ပါတယ်၊ ဘာမှအားနာစရာမလိုပါဘူး"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပေ့ထင်းဝေထိုင်ရာမှထလိုက်သည်။

"ကဲ... ကျုပ်မှာအလုပ်ရှိလို့ သွားလိုက်ဦးမယ်... ဒီမှာနေဖို့



ထိုင်ဖို့နဲ့စားဖို့သောက်ဖို့အားလုံး ကျုပ်ရဲ့ညာလက်ရုံးကစီစဉ်ပေးပါလိမ့်မယ်၊ လိုအပ်တာကိုအချိန်မရွေးပြောနိုင်ပါတယ်ဗျာ"

ကျင်းဟူထရပ်လိုက်သည်။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပေ့ထင်းဝေသည် ကျင်းဟူနှင့်ယဉ်မေတို့အားနှုတ်ဆက်ပြီး သူ၏လူငယ်လေးယောက်နှင့်အတူ ညှို့ကြိုဆောင်မှပြန်လည်ထွက်ခွာသွားလေသည်။

❋❋❋

ပေ့ထင်းဝေတို့ထွက်ခွာသွားပြီးမကြာမီမှာပင် အမျိုးသမီးလေးယောက်နှင့် အသက်(၅၀)ခန့်ရှိသော အဘိုးအိုတစ်ယောက်ရောက်ရှိလာကြသည်။

အဘိုးအိုသည် ကျင်းဟူအား နေရာထိုင်ခင်းစီစဉ်ပေးရန်ရောက်ရှိလာခြင်းဖြစ်ပြီး အမျိုးသမီးလေးယောက်မှာမူ ကျင်းကျင်းနှင့်ယဉ်မေတို့အတွက်ပြုစုပေးရန်ဖြစ်လေသည်။

❋❋❋

ကျင်းဟူတို့သည် သောကကင်းဝေးတောင်ကြားတွင်အထူးဧည့်သည်တော်အဖြစ်နေထိုင်ခွင့်ရရှိခဲ့ကြသည်။

သူတို့သည် ထိုနေရာတစ်ဝိုက်တွင် လွတ်လပ်စွာသွားလာခွင့်လည်းရရှိထားသည်။

ထို့ကြောင့် ကျင်းဟူတို့သည် သုံးရက်အတွင်း သောကကင်းဝေးတောင်ကြားနယ်မြေတစ်ခုလုံး သွားလာလည်ပတ်နိုင်ခဲ့ကြသည်။

သူသည် ယင်းသို့လည်ပတ်ရင်း တစ်စုံတစ်ရာထူးခြားမှုရှိမရှိ အထူးသတိထား၍အကဲခတ်ခဲ့ကြသည်။ သို့သော် သူတို့သည် ထိုနေရာတစ်ဝိုက်တွင် မသင်္ကာဖွယ်ရာလျှို့ဝှက်နေရာဟူ၍ တစ်စွန်းတစ်စမျှပင် မတွေ့ခဲ့ကြချေ။

ထို့ကြောင့် သူတို့သည် တဖြည်းဖြည်းစိတ်ဓာတ်ကျလာ၏။



မိမိတို့ထင်မှတ်သည့်အတိုင်း ဤသောကကင်းဝေးတောင်ကြားတွင် လျှို့ဝှက်သောနေရာများ တကယ်မရှိ၍လော။

သို့မဟုတ် မိမိတို့ကပင် မမြင်မတွေ့ကြ၍လော။

အမှန်မှာ သောကကင်းဝေးတောင်ကြားတွင် လျှို့ဝှက်သောမြေအောက်ခန်းရှိသည်။ ဤသို့ဆိုလျှင် ပေ့ထင်းဝေသည် အဘယ်ကြောင့် ကျင်းဟူတို့အားစောင့်ကြပ်ခြင်းမရှိဘဲ လွတ်လပ်စွာသွားလာခွင့်ပြုခဲ့ပါသနည်း။

ပေ့ထင်းဝေတို့သည် အဆိပ်ဘုရင်ကို လက်ရဖမ်းဆီးနိုင်ခဲ့သောကျင်းဟူတို့အပေါ် အလွန်အထင်ကြီးခဲ့သည်။

ထို့ကြောင့် ကျင်းဟူတို့မမျှော်လင့်ဘဲရောက်ရှိလာသည့်အခါ ရင်ထဲ၌အနည်းငယ်ထိတ်လန့်တုန်လှုပ်မိခဲ့သည်။

သို့သော် ကျင်းဟူနှင့်ရင်းနှီးစွာပြောဆိုဆက်ဆံကြည့်သည့်အခါ ကျင်းဟူမှာနာမည်ကြီးသလောက် သိုင်းပညာအရာ၌ ပြောပလောက်အောင်မြင့်မားထက်မြက်ခြင်းမရှိသည်ကို အကဲခတ်မိခဲ့၏။

ထို့ပြင်... ကျင်းဟူသည် ကိုယ့်ကိုယ်ကိုအလွန်အထင်ကြီးပြီး ဉာဏ်ရည်ဉာဏ်သွေးလည်း ကောင်းမွန်ခြင်းမရှိသည်ကိုတွေ့ရ၏။

နောက်ဆုံး.... ကျင်းဟူမှာ ပေါကြောင်ကြောင် လူရွှယ်တစ်ယောက်ဖြစ်ကြောင်းမှတ်ယူကာ တောင်ကြားထဲ၌လွတ်လပ်စွာ သွားလာခွင့်ပြုလိုက်ခြင်းဖြစ်လေသည်။

ပေါကြောင်ကြောင်နိုင်လှသော ကျင်းဟူ၏နှုတ်မှ တစ်ဆ... မိမိတို့တောင်ကြားမှာ အလွန်လွတ်လပ်ပွင့်လင်းမှုရှိကြောင်း တ... ဆင့်စကား တစ်ဆင့်နားဖြင့်ကြားသိစေရန်ဖြစ်လေသည်။

ကျင်းဟူမှာ နေ့စဉ်နေ့တိုင်း အိမ်ရှင်ကျွေးမွေးသမျှစား... တစ်ခါတစ်ရံတစ်ယောက်ထဲထွက်၍လျှောက်လည်၏။ တစ်ခါတ... ကျင်းကျင်းနှင့်ယဉ်မေတို့ကိုပါခေါ်ဆောင်သွားတတ်သည်။

ပေ့ထင်းဝေသည် သူ့လက်ရုံးတပည့်များကိုကျင်းဟူတို့အား... တိတ်တဆိတ်စောင့်ကြည့်စေသည်။

ကျင်းဟူမှာ အလွန်ကလေးဆန်ပြီး ပန်းခူးခြင်း၊ ငှက်ငယ်... လေးများလိုက်ဖမ်းခြင်း တစ်ခါတစ်ရံ မြက်ခင်းပေါ်၌အိပ်စက်ခြင်း... စသည်မှလွဲ၍ အခြားမည်သည့်လှုပ်ရှားမှုကိုမျှ တွေ့မြင်ရခြင်းမရှိ...

ထို့ကြောင့် ပေ့ထင်းဝေသည် ကျင်းဟူအပေါ် သင်္ကာမကင်း... မဖြစ်တော့ဘဲ ခပ်ပေါ့ပေါ့ပင်နေလိုက်လေတော့၏။

❋❋❋



ည....

အုန်းမောင်းခေါက်သံနှစ်ချက်တိတိ ထွက်ပေါ်လာသည်။

ပေ့ထင်းဝေနှင့် သူ၏လက်ဝဲရံနှင့်လက်ယာရံနှစ်ယောက်တို့သည် သူ့ ိုးသန့်အခန်းမှထွက်လာလေသည်။

ပေ့ထင်းဝေသည် ဧည့်ဆောင် အနီးသို့ရောက်လာသည်နှင့် သူ့လက်ဝဲရံအား လက်ဝှေ့ယမ်းပြလိုက်သည်။

လက်ဝဲရံက ခေါင်းညိတ်ပြီး ဧည့်ဆောင်ရှိရာသို့ချဉ်းကပ်သွားလေသည်။ သူချဉ်းကပ်သောနေရာမှာ ကျင်းဟူ၏အိပ်ခန်းပင်ဖြစ်သည်။ လက်ဝဲရံသည် လက်ညှိုးတံတွေးဆွတ်ပြီး ပြတင်းပေါက်၌ကပ်ထားသောစက္ကူအား အသာအယာဖောက်လိုက်သည်။

ထို့နောက်.... မျက်လုံးနှင့်ကပ်၍ အတွင်းဘက်သို့ချောင်းကြည့်လိုက်ရာ ....

အခန်းစားပွဲပေါ်၌ မီးရောင်များမှိန်မှိန်ကလေး ထွန်းထားသဖြင့် ကျင်းဟူတစ်ယောက်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လက်ဝဲရံသည် ပေ့ထင်းဝေထံ ပြန်လည်လျှောက်လာ၏။

ထို့နောက် ခေါင်းညိတ်ပြလိုက်သည်။

ပေ့ထင်းဝေသည် ဆက်လက်၍လျှောက်သွားလေသည်။

❋❋❋

မေ့ထင်းဝေတို့သုံးယောက်သည် ညှို့ဂေဟာအဆောင်မှ ကျော်ဖြတ်ပြီး ဘယ်ဘက်သို့ချိုးကွေ့လိုက်သည်။

ထိုနေရာတွင် စိမ်းလန်းစိုပြေပြီး ဝေဝေဆာဆာပူးပွင့်နေသောပန်းရုံများမှလွဲ၍ မည်သည့်အဆောက်အဦးမျှ ရှိမနေပေ။

မေ့ထင်းဝေသည် ခြေလှမ်းသုံးရာခန့် လျှောက်လာပြီးနောက် ခြေလှမ်းရပ်လိုက်သည်။

ထိုနေရာတွင် အလွန်ကြီးမားသောညောင်ပစ်တစ်ပင်ရှိ၏။ ညောင်ပင်၏ပင်စည်မှာ လူလေးငါးယောက် လက်ချင်းယှက်၍ ဖက်ထားရလောက်ဒအောင်အကျယ်အဝန်းရှိသည်။

လက်ဝဲရံဖြစ်သူသည် ညောင်ပင်အနီးသို့ချဉ်းကပ်သွားပြီးနေရာတစ်ခုသို့ခလုတ်နှိပ်လိုက်သည်။

တစ်ခဏအကြာတွင်.... ထိုညောင်ပင်၏ပင်စည်တွင် လူတစ်ယောက်ဝင်နိုင်သော ဝင်ပေါက်တစ်ခုထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

မေ့ထင်းဝေက ဦးစွာဝင်ရောက်သွားသည်။

ထို့နောက် လက်ဝဲရံနှင့်လက်ယာရံတို့က နောက်မှလိုက်သွားကြသည်။ ပြီးနောက် တံခါးဝင်ပေါက်သည် ပြန်လည်ပိတ်သွားလေတော့သည်။ ထိုအခြင်းအရာကို ပန်းရုံကြားမှမှောက်လျက် အနေအထားနှင့်လူတစ်ယောက်ကမြင်တွေ့သွားသည်။



ထိုလူသည် တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများဝတ်ဆင်ထားသည်။ မျက်လုံးနှစ်လုံးမှအပ မျက်နှာတစ်ခုလုံးနှင့် ဦးခေါင်းကိုပါ အနက်ရောင်အဝတ်ဖြင့် ဖုံးအုပ်ထားသည်။

ထိုလူသည် အတန်ကြာဝပ်၍ချောင်းကြည့်နေပြီးမှ ထရပ်လိုက်သည်။ သူသည် ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။ အနီးတစ်ဝိုက်တွင် မည်သူမျှမရှိသည်ကိုတွေ့ရတော့မှ ညောင်ပင်ရှိရာသို့ပြေးလွှားသွားသည်။

သူ့လှုပ်ရှားပုံမှာ ကျားသစ်တစ်ကောင်ပမာလျင်မြန်ဖျတ်လတ်လှပေသည်။ သူသည် ပင်စည်တစ်ခုလုံးကို သေချာစွာ အကဲခတ်ကြည့်သည်။

ထို့နောက်.... လက်နှစ်ဖက်ဖြင့် လျှို့ဝှက်တံခါးဖွင့်နိုင်သော ခလုတ်များကိုစမ်းသပ်ရှာဖွေ၏။ ထိုလူသည် အလွန်စိတ်ရှည်ဟန်ရှိလေသည်။

သူသည် အကြိမ်ကြိမ်ကြိုးစားစမ်းသပ်ပြီးနောက်....

"ထောက်"

ဟူသောအသံတစ်သံထွက်ပေါ်လာပြီး လျှို့ဝှက်ဝင်ပေါက်ထွက်ပေါ်လာလေသည်။

❋❋❋

အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဝင်ပေါက်ထ မဝင်သေးပါ။ သူသည် ဘေးဘီသို့သေချာစွာ အကဲခတ်ကြည့်ေ သည်။ စိတ်ချလောက်ပြီဟုယူဆပြီးတော့မှ လျှို့ဝှက်ဝင်ပေါက်ထ လျှပ်တစ်ပြက်ဝင်ရောက်သွားသည်။

ထိုလူ၏လှုပ်ရှားပုံကိုကြည့်ခြင်းအားဖြင့် အလွန်ဇွဲစပ် ချာပြီး သိုင်းပညာအဆင့်မြင့်သော လူတစ်ယောက်ဖြစ်ကြောင်း သာနိုင်ပေသည်။ လျှို့ဝှက်ပေါက်ထဲသို့ဝင်လိုက်သည်နှင့် လေ့က ထစ်များကိုနင်းမိလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် ခြေသံမကြားအေ သတိကြီးစွာဖြင့် တစ်ထစ်ချင်းဆင်းသွားလေသည်။

လှေကားထစ်နှစ် ဆယ်ခန့်ဆုံးသွားသည်နှင့် ခြေထော သည် ညီညာသောမြေပြင်ကိုနင်းမိသည်။ သူသည် ဝန်းကျင်တ လုံးအား အကဲခတ်ကြည့်လိုက်၏။

မြင်ကွင်းတစ်ခုလုံးမှာ မှောင်မည်းနေသဖြင့် မည်သည့်အ ကိုမျှမမြင်ရပေ။

သူသည် မီးခြစ်ကိုမခြစ်ဘဲ လက်နှစ်ဖက်ဆန့်၍စမ်းတ ဝါးဖြင့် ခြေတစ်လှမ်းချင်းလှမ်းသွား၏။ ခြေလှမ်းလေးလှမ်းခန့်လှ မိလိုက်သည်နှင့် သူဆန့်ထားသောလက်တစ်ဖက်သည် နံရံတစ်ခု စမ်းမိလိုက်လေသည်။



သူသည် ကျန်ရှိသောလက်တစ်ဖက်ဖြင့် ဟိုဟိုသည်သည် း၊ိုက်ရာ ကျန်ရှိသောနံရံတစ်ဘက်ကိုစမ်းမိလိုက်သည်။ ယခု သူ ည်ခြကြီးလမ်းတစ်ခုသို့ရောက်ရှိနေပြီကို ကောင်းစွာနားလည်လိုက် ည်။

ထို့ကြောင့် ခြေထောက်ဖြင့် ရှေ့သို့စမ်းရင်း တစ်လှမ်းချင်း မ်းသွားလေ၏။

သူ့လက်နှစ်ဖက်မှာလည်း ဝဲယာနံရံနှစ်ခုကိုစမ်းရင်း ရှေ့သို့ င်းသွား၏။ သူသည် ခြေလှမ်းနှစ်ဆယ်ကျော်ခန့် လှမ်းမိလိုက်သော ါ သူထိတွေ့နေသောနံရံသည် ဘယ်ဘက်သို့ချိုးကွေ့သွားသည် ခမ်းသပ်တွေ့ရှိလိုက်ရ၏။

သူသည် ရုတ်တရက်ရှေ့သို့မတိုးသေးပါ။

သူ့ခန္ဓာကိုယ်သည် နံရံတစ်ဘက်သို့ကပ်ပြီး ရှေ့သို့ ခေါင်းပြူ ချိုးကွေ့သောနေရာဘက်သို့ကြည့်လိုက်သည်။

မီးရောင်မှိန်မှိန်လေးထွက်ပေါ်နေသည်ကို မြင်တွေ့လိုက်ရ ည်။ သူသည် ခေတ္တရပ်လိုက်သည်။ မျက်လုံးကျင့်သားရမှစကြ ်းအတိုင်းချိုးကွေ့လိုက်သည်။ သူသည် ထိပ်တန်းသိုင်းသမားတစ် ာက်ပီပီ မျက်လုံးအလွန်အားကောင်းသည်။

ဝါကျင့်ကျင့်မီးရောင်ကို အားယူ၍ကြည့်လိုက်သောအခါ ကြီလမ်းတစ်ခုဖြစ်သည်ကိုတွေ့မြင်လိုက်ရသည်။

ထိုဝါကျင့်ကျင့်မီးရောင်သည်နံရံကိုထွင်းရန် ဆီမီးအိမ် ထွန်း

ညှိထားခြင်းဖြစ်သည်ကိုလည်းသိရှိလိုက်သည်။

သူသည် မေ့ထင်းဝေတို့၏လျှို့ဝှက်မြေအောက်ခန်းနှင့်မဝေး

တော့သည်ကိုနားလည်လိုက်၏။

ထို့ကြောင့် ခြေသံလုံးဝမထွက်အောင် ထိန်းသိမ်းထား

ရှေ့သို့နှေးကွေးစွာဖြင့်လှမ်းသွားသည်။

စင်္ကြံလမ်းဆုံးအနီးသို့ရောက်သည်နှင့် စကားပြောသံ

ကြားလိုက်ရ၏။

သူသည်ခေါင်းအနည်းငယ်ပြူ၍ လှမ်းကြည့်လိုက်သည်။

ထိုနေရာသည် ကျယ်ဝန်းသောမြေအောက်ခန်းတစ်ခုဖြ

သည်ကိုတွေ့ရှိရ၏။

မေ့ထင်းဝေမှာ အပေါက်ဝကိုကျောပေး၍ထိုင်နေ၏။ သူ

ရှေ့တွင် လူဆယ်ယောက်ခန့်မတ်တတ်ရပ်နေသည်ကိုတွေ့ရ၏။

ထိုသူများအနက် ဆံပင်နှင့်မုတ်ဆိတ်မွေးဖြူဖွေးနေသော

အဘိုးအိုသုံးယောက်ပါဝင်သည်ကိုတွေ့ရလေ၏။

ယင်းအဘိုးအိုသုံးယောက်မှာ ရုပ်ရည်ချင်းတစ်ထပ်တည်း

တူနေသည့်အပြင် ဝတ်စားဆင်ယင်မှုမှာလည်း တစ်ပုံစံတည်းဖြစ်နေ

သည်ကိုတွေ့ရလေသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားသူသည် ယင်းအဘိုးအို



း‌ယောက်မှာတစ်ယောက်ကအစတုဖြစ်ပြီး ကျန်နှစ်ယောက်မှာ

ဘုရုပ်ဖျက်ထားခြင်းဖြစ်ကြောင်းနားလည်လိုက်၏။

သို့သော် ရုပ်ဖျက်သည့်ပညာမှာ အလွန်လက်ရာမြောက်လှ

သဖြင့် ထိုလူသုံးယောက်အနက် မည်သူကအစစ် မည်သူကအတုဖြစ်

ကြောင်း ခွဲခြားရန်မှာ လွန်စွာခက်ခဲလှပေတော့သည်။

ထိုအချိန်တွင် မေ့ထင်းဝေ၏အသံကြားလိုက်ရ၏။

"သွေးသောက်တို့ ငါတို့ လှုပ်ရှားဖို့အချိန်ရောက်ခါနီးပြီ၊ ဒါ

ကြောင့် အားလုံးအသင့်ဖြစ်နေရမယ်"

ယင်းအဘိုးအိုသုံးယောက်အနက် အလယ်တွင်ရပ်နေသော

အဘိုးအိုက....

"ကျုပ်တို့အောင်မြင်ပြီးမှ ခြေချော်လက်ချော်ဖြစ်သွားတာ

အတော်ရင်နာစရာကောင်းတယ်"

မေ့ထင်းဝေက လက်ကာပြလိုက်၏။

"ပြီးခဲ့တာတော့ပြီးခဲ့ပြီပဲ... ဒါဟာ သင်ခန်းစာတွေပဲလို့

ကောင်းကောင်းမှတ်ထားဖို့ပဲလိုတယ်"

အဘိုးအိုကမကျေနပ်သောအသံဖြင့်....

"အခု သခင်ကြီးက ဒီလူကိုစည့်ခံထားတယ်လို့သိရပါတယ်၊

ဒါကို ကျုပ်လုံးဝမကျေနပ်ပါဘူး"

မေ့ထင်းဝေပြုံးလိုက်၏။

"ခင်ဗျားကဘာယ်လိုလုပ်ချင်လို့လဲ"

"သူ့ကိုအပြတ်ရှင်းပစ်လိုက်ပါ"

ပေ့ထင်းဝေကရယ်မောလိုက်၏။

"ခင်ဗျားက တော်တော့်ကိုစိတ်မြန်လက်မြန်ဖြစ်နေတာကိုး"

သူသည် ခေါင်းခါယမ်းလိုက်၏။

"သူ့ကိုသတ်လို့မဖြစ်ဘူး"

အဘိုးအိုက....

"ဘာဖြစ်လို့လဲ"

ပေ့ထင်းဝေက....

"သူ ဒီကိုလာတယ်ဆိုတာ အားလုံးကသိထားတယ်၊ သူ့ကို သတ်လိုက်ရင် တို့ကိုသံသယဖြစ်မလာနိုင်ဘူးလား"

အဘိုးအိုက....

"ဒီလိုဆိုရင် ပြန်သွားတဲ့အခါ လမ်းတစ်ဝက်မှာ သတ်ပစ်လိုက်ရင်ပြီးတာပဲ"

ပေ့ထင်းဝေကပြုံး၍ခေါင်းခါယမ်းလိုက်၏။

"သူ့ကိုသေချာစစ်ဆေးအကဲခတ်ကြည့်ပြီးပါပြီ၊ သိုင်းပညာကလဲ မတောက်တစ်ခေါက်ပဲတတ်တာ၊ နောက်ပြီး နေတာ ထိုင်တာကလဲခပ်ပေါ့ပေါ့၊ ဒီလိုလူမျိုးကိုသတ်လိုက်ရင် ဘာအကျိုးမှမရှိတဲ့အပြင် မလျော်တဆ သူများမြင်သွားရင်...."



အဘိုးအိုကခေါင်းခါယမ်းလိုက်၏။

"ကျုပ်ကိုမိန်းမဥာဏ်နဲ့ဖမ်းတာကိုတော့ ကျုပ်ဘယ်လိုမှ ...နုပ်နိုင်ဘူး"

ပေ့ထင်းဝေက....

"မကျေနပ်ရင်လဲ ခဏသည်းခံပါ၊ တို့အကြံအောင်မြင်သွား ...ခါ သူ့ကိုခင်ဗျားသဘောအတိုင်း လုပ်ချင်သလိုလုပ်နိုင်တယ်"

အဘိုးအိုသည် ဘဝင်မကျလှသော်လည်း ဘာမှပြန်မပြော ...ဘဲပါးစပ်ပိတ်ထားလိုက်လေတော့သည်။

❋❋❋

အနက်ရောင်ဝတ်ဆင်ထားသူသည် ပေထင်းဝေတို့လှုပ်ရှားလာမည့်အခြေအနေကိုနားစွင့်နေစဉ် ရုတ်တရက် သူ့နောက်ဘက်မှ ခြေသံတစ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

သူ နောက်သို့လှည့်ကြည့်လိုက်ရာ အစိမ်းရောင်ဝတ်ဆင်ထားသောလူတစ်ယောက်လျှောက်လာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။ သူသည် ထိုလူ့အားအကဲခတ်ကြည့်လိုက်၏။

ထိုလူ၏အင်္ကျီရင်ဘတ်ပေါ်တွင် ရွှေချည်များဖြင့်အမှတ် ၁၂ ဟုရေးသားထားသည်ကိုဝါကျင့်ကျင့်မီးရောင်အောက်တွင် တွေ့မြင်လိုက်ရသည်။ ထိုလူကလည်း သူ့အားမြင်သွားသည်။

ထို့ကြောင့်.... ခြေလှမ်းတုံ့ခနဲရပ်သွားပြီး ကြောင်အမ်းအမ်းဖြင့်ကြည့်မိသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် အခြေအနေမဟန်မှန်းသိလိုက်၏။ ထို့ကြောင့် ထိုလူ၏သွေးကြောကိုပိတ်ရန်ပြေးသွား၏။

ထိုစဉ်မှာပင် ထိုလူက အသံကုန်အော်ဟစ်လိုက်လေသည်။

"သူခိုးဗျို့...."

ထိုသူသည် တစ်ခွန်းမျှသာအော်နိုင်သည်။ အနက်ရောင်ဝတ်ဆင်ထားသောလူ၏လက်ချောင်းများသည် ထိုသူ့သွေးကြောကိုပိတ်လိုက်ပြီးဖြစ်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည်....



ထိုသူ၏သွေးကြောကိုပိတ်နိုင်ခဲ့သော်လည်း ထိုလူ့အော်သံကြောင့် အခန်းထဲမှလူများကြားသွားကာသည် ကမန်းကတန်းပြေးသွားလာကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် လာလမ်းအတိုင်း ပြန်သည်ပြေးလွှားကာ လှေကားထစ်မှတစ်ဆင့်အပေါ်သို့တက်သွား၏။ ပေထင်းဝေတို့လူစု မြေပြင်ပေါ်ထွက်လာကြသောအခါ အနက်ရောင်ဝတ်ဆင်ထားသူအား လုံးဝမတွေ့ရတော့ပါ။

ပေထင်းဝေက လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး....

"လူဖြန့်ပြီးရှာကြ"

သူ့လူများသည် လေးဘက်လေးတန် လူစုဖြန့်ခွဲ၍ရှာဖွေကြလေသည်။ ပေထင်းဝေကမူ သူ၏လက်ဝဲရံ လက်ယာရံတို့နှင့်အတူ သူ့အခန်းရှိရာသို့ပြန်သွားလေသည်။ သူတို့သည် ဧည့်ကြိုဆောင်သို့ ဖြတ်ကျော်လာသောအခါ ပေထင်းဝေက ခြေလှမ်းရပ်တန့်လိုက်၏။

လက်ဝဲရံက ပေထင်းဝေသဘောကိုနားလည်လိုက်လေ၏။ သူသည် ဧည့်ကြိုဆောင်သို့ချဉ်းကပ်ပြီး ပြတင်းပေါက်ကိုကပ်၍ စောစောကဖောက်ထားသောအပေါက်လေးမှတစ်ဆင့် အထဲသို့ချောင်းကြည့်လိုက်လေသည်။ အခန်းထဲ၌ မီးအိမ်ငြိမ်းသွားသဖြင့် မှောင်မည်းနေ၏။

ထို့ကြောင့် မည်သည့်အရာကိုမျှမမြင်ရပါ။

သူသည် ပေ့ထင်းဝေထံသို့ ပြန်လာသည်။

"သခင်ကြီး အခန်းထဲမှာမီးငြိမ်းသွားလို့ ဘာမှမမြင်ရဘူး"

ပေ့ထင်းဝေက မျက်မှောင်ကြုတ်သွား၏။

သူသည် စကားတစ်ခွန်းမှမပြောဘဲ ဧည့်ကြိုဆောင်ရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် အခန်းကိုခေါက်လိုက်သည်။

"ဒေါက်… ဒေါက်… ဒေါက်"

သူသည် နှစ်ကြိမ်တိုင်တိုင်ခေါက်လိုက်တော့မှ အခန်းထဲမှ ကျင်းဟူ၏အသံထွက်လာ၏။

"ဘယ်သူလဲဗျ"

ပေ့ထင်းဝေက…

"ကျုပ်ပါ"

သူ့စကားဆုံးသွားသည်နှင့် အခန်းထဲမှမီးရောင်လင်းလာသည်။ တစ်ဖဏအကြာတွင် အခန်းတံခါးပွင့်သွားသည်။ ကျင်းဟူက မျက်လုံးများကိုပွတ်သပ်ရင်း ပေ့ထင်းဝေအားကြောင်အမ်းအမ်းဖြင့်ကြည့်ကာ…

"ဟင်… တောင်ကြားပိုင်ရှင်ပါလား… အချိန်မတော် အရေးကြီးတဲ့ကိစ္စများရှိလို့လားဗျာ"

ပေ့ထင်းဝေခေါင်းခါယမ်းလိုက်သည်။



"အရေးကြီးတဲ့ကိစ္စတော့မရှိပါဘူး… ခုနတုန်းက သူခိုးတစ်ယောက်ထွက်ပြေးလို့ ဒီဘက်ကိုများရောက်လာသလားလို့ လာကြည့်တာပါ"

ထိတ်လန့်တကြားဖြစ်သွားဟန်ဖြင့် ကျင်းဟူမျက်နှာပျက်သွားသည်။

"ဟုတ်လား"

သူသည် ကမန်းကတန်းအထဲပြန်ဝင်ပြီး မီးအိမ်မှမီးစကို မြှင့်တင်လိုက်သည်။ ထို့နောက် ကျင်းကျင်းနှင့်ယဉ်မေတို့ အခန်းကိုသွားရောက်တံခါးခေါက်လိုက်သည်။

"ညီမတို့ ထကြ… ထကြ"

တံခါးကိုကျယ်လောင်စွာထုလိုက်သဖြင့်… ကျင်းကျင်းနှင့် ယဉ်မေတို့ အခန်းတံခါးထဖွင့်လိုက်ကြသည်။

ထို့နောက် အံ့ဩဟန်ဖြင့်မေးလိုက်သည်။

"အစ်ကိုကြီးဘာဖြစ်လို့လဲ"

"သူခိုးဝင်လို့တဲ့"

ယဉ်မေမျက်မှောင်ကြုတ်သွားသည်။

"သူခိုး ဘယ်ကိုဝင်သွားတာလဲ"

ကျင်းဟူက မီးအိမ်ကိုဆွဲ၍အကဲခတ်ကြည့်နေသော ပေ့ထင်းဝေထံလျှောက်သွားသည်။

"ဒါနဲ့ သူခိုး ဘယ်ကိုဝင်သွားတာလဲဗျ"

ပေထင်းဝေသည် ကျင်းဟူအကြောင်ကြောင်ပုံကို ကြည့်၍ စိတ်ပျက်စွာခေါင်းခါယမ်းလိုက်သည်။

"သူခိုးဝင်လာလို့ ကျုပ်ကခင်ဗျားတို့ကိုအနှောင့်အယှက် ဖြစ်မှာစိုးလို့ လာပြီးသတိပေးတာပါ"

ယခုမှ ကျင်းဟူကသဘောပေါက်နားလည်လိုက်သည်။

"ဩော်... ဟုတ်ကဲ့... အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်"

ပေထင်းဝေက ခေါင်းညိတ်လိုက်သည်။

"ကဲ... သူခိုးလဲ ဘယ်ရောက်သွားမှန်းမသိပါဘူး... စိတ်ချလက်ချအိပ်ပါဗျာ"

သူသည် ပြောပြီးသည်နှင့် လက်ဝဲရံ လက်ယာရံတို့နှင့်အတူ ထွက်ခွာသွားသည်။

❋❋❋



ယဉ်မေသည် ကျင်းဟူအားမေးလိုက်သည်။

"ဘယ်ကသူခိုးဝင်လာတာလဲအစ်ကို"

ကျင်းဟူ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အစ်ကို ဘယ်သိပ့်မလဲ"

ကျင်းကျင်းက....

"ဒီတောင်ကြားထဲကို ဘယ်သူခိုးကလာဝံ့ပါ့မလဲ"

ယဉ်မေခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်.... အစောင့်အကြပ်ဒီလောက်များတဲ့နေရာကို ဘယ်သူခိုးကလာဝံ့မှာလဲ"

ကျင်းဟူ ခေါင်းကုတ်လိုက်သည်။

"ဟုတ်တယ်... သူတို့ကို ဘယ်သူကများ အလုပ်ရှုပ်အောင် လုပ်လိုက်သလဲမသိဘူး"

သူသည် တစ်ချက်သမ်းပြီး အပျင်းဆန့်လိုက်သည်။

"ကဲ... ညီမတို့အိပ်တော့၊ ကျုပ်လဲအိပ်လိုက်ဦးမယ်"

သူသည် ပျင်းရိစွာဖြင့်အခန်းထဲသို့လှမ်းဝင်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူအား လိုက်လံရှာဖွေကြသူများသည် ပေထင်းဝေ၏သီးသန့်အခန်းထဲသို့ အသီးသီးပြန်လည်ရောက်ရှိလာကြလေသည်။

"ဘယ်သူ့ကိုမှမတွေ့ရဘူးသခင်ကြီး"

သူတို့အားလုံးသည် ဤအတိုင်း အဖြေပေးကြသည်။

ပေ့ထင်းဝေသည် အစဉ်းစားရခက်သွားသည်။ ကျူးဝ
ဝင်ရောက်လာသူသည် ပြင်ပမှဝင်ရောက်လာသော သူစိမ်းမဟု
နိုင်ဟုသူယုံကြည်သည်။ ထိုလူသည် မိမိ၏တောင်ကြားထဲမှ အ
လူသာဖြစ်ရမည်ဟု သံသယဝင်လာသည်။

ဤသို့ဆိုလျှင် မိမိလက်အောက်ငယ်သားထဲမှ မည်သူသ
ဖောက်ဖြစ်နိုင်သနည်း။

သူသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ သူ့လက်အော
ငယ်သားများသည် အရိုအသေပြုပြီး အသီးသီးထွက်ခွာသွားကြ

ပေ့ထင်းဝေသည် အတန်ကြာစဉ်းစားပြီးမှ ယတိပြတ်
ဖြတ်ချက်ချလိုက်လေသည်။ သူသည် တောင်ကြားထဲလှုပ်ရှာ
သည့်သစ္စာဖောက်အား မဖြစ်မနေစုံစမ်းဖော်ထုတ်တော့မည်ဖြစ်
သည်။

❋❋❋



နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့်အိပ်ရာပေါ်သို့ ကျရောက်လာ၏။ ကျင်းဟူ အိပ်ရာမှမထသေးပါ။ သူသည် ခုတင်ဘေးတွင်မှောက်လျက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။

ကျင်းကျင်းကအခန်းတံခါးကိုခေါက်လိုက်၏။

"ခေါက်... ခေါက်... ခေါက်"

ကျင်းဟူသည် တစ်ဘက်သို့လှည့်ပြီးပြန်လည်အိပ်ပျော်သွားသည်။ ကျင်းကျင်းကထပ်မံခေါက်လိုက်၏။

"အစ်ကိုကြီး အိပ်ရာကမထသေးဘူးလား"

ကျင်းဟူက မျက်လုံးဖွင့်ကြည့်လိုက်၏။

နေရောင်ခြည်ထိုးကျလာသည်ကိုတွေ့ရသဖြင့် အပျင်းတစ်ချက်ဆန့်ပြီးအိပ်ရာမှထလိုက်သည်။

"ခဏလေး ညီမ"

သူသည် အော်ပြောရင်း အဝတ်အစားကောက်ဝတ်လိုက်သည်။ အခန်းတံခါးဖွင့်လိုက်သောအခါ ကျင်းကျင်းနှင့်ယဉ်မေတို့ ရပ်နေသည်ကိုတွေ့ရသည်။

ကျင်းကျင်းကရယ်မောလိုက်သည်။

"အစ်ကို တော်တော်အအိပ်ကြီးတာပဲ၊ အိမ်ရှင်က မနက်စာစားဖို့လာခေါ်တာနှစ်ခေါက်တောင်ရှိသွားပြီ"

ကျင်းဟူ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အားနာစရာတော့ဖြစ်နေပြီ"

သူသည် အသင့်ပို့ထားသောရေများဖြင့် မျက်နှာသစ်လိုက်ပြီး ကျင်းကျင်းတို့နှင့်အတူညနေစာစားခန်းရှိရာသို့ထွက်လာလေသည်။

ညနေစာစားပွဲပေါ်တွင် နံနက်စာအတွက်ဆန်ပြုတ်နှင့်ဟင်းမျိုးစုံအသင့်ရှိနေသည်ကိုတွေ့ရသည်။ ပေ့ထင်းဝေကိုလည်း စားပွဲအနီးတွင်ထိုင်နေသည်ကိုတွေ့ရသည်။ သူသည် ကျင်းဟူအားတွေ့မြင်လိုက်သည်နှင့်ပြုံးပြလိုက်သည်။

"တော်တော်အိပ်လို့ကောင်းတယ်ထင်တယ်"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့… ဒီနေရာမှာလေကောင်းလေသန့်ရှိလို့လား မသိဘူး၊ အတော့်ကိုအိပ်လို့ကောင်းတယ်ဗျာ"

သူသည် ပြောရင်းဝင်ရောက်ထိုင်ချလိုက်သည်။ ကျင်းကျင်းနှင့်ယဉ်မေတို့ကလည်းဝင်ရောက်ထိုင်ချလိုက်သည်။

စားသောက်ရင်း ပေ့ထင်းဝေကမေးလိုက်သည်။

"ဒီမှာနေလို့ပျော်ရဲ့လားဗျာ"

ကျင်းဟူကရယ်မောကာ…

"ဘယ့်နှယ်ပြောပါလိမ့်… သိပ်ကိုပျော်စရာကောင်းတယ်"

ပေထင်းဝေ သဘောကျနေသည်။

"ဒီလိုဆိုရင် ဒီမှာကြာကြာပဲနေသွားပေါ့"



ကျင်းဟူက ခေါင်းယမ်းလိုက်သည်။

"ဒီလိုပဲနေလို့ မဖြစ်သေးဘူးဗျာ"

ပေ့ထင်းဝေက….

"ခင်ဗျား ဘာလုပ်စရာရှိနေလို့လဲ"

ကျင်းဟူက….

"အခြားကိစ္စတော့မရှိပါဘူး၊ အိမ်ကထွက်လာတာ အတော်ကြာသွားပြီမို့ အိမ်တစ်ခေါက်လောက်ပြန်သွားချင်သေးတယ်"

ပေ့ထင်းဝေခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ ဘယ်တော့ပြန်မှာလဲ"

ကျင်းဟူကမဆိုင်းမတွပင်….

"ဒီကနေ့ပဲပြန်ပါ့မယ်"

ပေ့ထင်းဝေအံ့အားသင့်သွားသည်။

"ဟောဗျာ… မြန်လှချည်လား"

ကျင်းဟူက….

"ဒီလိုပဲဗျ… ကျုပ်ကပြန်ချင်တယ်ဆိုရင် ချက်ချင်းပြန်တာ"

ပေ့ထင်းဝေခေါင်းညိတ်လိုက်၏။

"ဒါဖြင့် ကျုပ် မတားတော့ပါဘူးဗျာ… ဒါပေမဲ့ ကျုပ်ဆီကို အချိန်မရွေးလာနိုင်ပါတယ်လို့ပြောပါရစေ"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်… ဒီကိုတော့ နောက်ထပ်ရောက် အောင်ကြိုးစားပါ့မယ်"

ပေ့ထင်းဝေထိုင်ရာမှထလိုက်၏။

"ကဲ… ကျုပ်မှာကိစ္စနည်းနည်းရှိသေးလို့ သွားခွင့်ပြုပါ"

ကျင်းဟူ လက်နှစ်ဖက်ဆုပ်၍အရိုအသေပြုလိုက်သည်။

"စားပြီးရင်… ချက်ချင်းပြန်မှာမို့ ကျုပ်လာပြီးမနှုတ်ဆက် တော့ပါဘူး"

ပေ့ထင်းဝေက ခေါင်းညိတ်ပြပြီး အဆောင်ထဲမှ ထွက် သွားလေသည်။

❋❋❋

ကျင်းဟူ၊ ယဉ်မေနှင့်ကျင်းကျင်းတို့သည် သောကကင်း တောင်ကြားမှထွက်ခွာလာကြ၏။ ယဉ်မေက….

"အစ်ကိုကြီးက တကယ်ပြောနေတာလား"

ကျင်းဟူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ညီမက ဘာကိုမေးနေတာလဲ"

ယဉ်မေက….

"အစ်ကိုကြီးအိမ်ပြန်မယ်ဆိုတာလေ"

ကျင်းဟူခေါင်းညိတ်လိုက်၏။



"တကယ်ပြန်မှာပေါ့ သူတို့ကိုမတွေ့ရတာလဲ အတော်ကြာ ဟုတ်လား"

ယဉ်မေခေါင်းငုံ့သွား၏။

"ဒီလိုဆိုရင် ကျွန်မတို့နဲ့လမ်းခွဲရမှာပေါ့ဟုတ်လား"

ကျင်းဟူသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့…."

သူသည် စကားတစ်ပိုင်းတစ်စနှင့်ရပ်တန့်လိုက်၏။

အကြောင်းမှာ သူ့မျက်လုံးအစုံသည် ရှေ့မှလာနေသော လူ ယောက်အား တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

❋❋❋

လူငါးယောက်….

ထိုလူငါးယောက်သည် သန်မာသောအရွယ်များဖြစ်ကြ၏။ ယ်လုံးကိုယ်ထည်ထွားကျိုင်းပြီး ကြွက်သားများအဖုလိုက် အထစ် က်ရှိနေသောလူများဖြစ်ကြသည်။ သူတို့ရုပ်သွင်ကိုမြင်ရသည်နှင့် လွန်ကြမ်းတမ်းသောလူများဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ယဉ်မေနှင့်ကျင်းကျင်းတို့သည် ကျင်းဟူကြည့်နေသော နေရာသို့လှည့်ကြည့်မိသည်။ ထိုထွားကျိုင်းသောလူငါးယောက်အား တွေ့မြင်လိုက်သောအခါ မျက်နှာကွက်ခနဲပျက်သွား၏။

ထိုလူငါးယောက်သည် ကျင်းကျင်းနှင့်ယဉ်မေတို့ကိုမြ
မြင်သည့်အခါ သူတို့မျက်လုံးများသည် ရမ္မက်ခိုးများဖြင့် ရီဝေ
လေတော့၏။ သူတို့၏ခြေလှမ်းများ ပို၍လျင်မြန်လာ၏။

နောက်ဆုံးတွင် သူတို့သည် ကျင်းကျင်းတို့သွားမည့်လ
ကြောင်းကိုပိတ်၍ ရပ်လိုက်ကြသည်။ ဤသည်မှာ ကျင်းဟူအား ရ
လိုက်သည့်သဘောပင်ဖြစ်၏။

သို့သော် ကျင်းဟူက ရန်စမှန်းမသိပါ။

"မိတ်ဆွေတို့ လမ်းဖယ်ပေးပါဗျာ"

သူ့စကားကိုကြားသည့်အခါ ထိုလူငါးယောက်သည်တဟ
ဟားရယ်မောလိုက်ကြသည်။ ထိုလူငါးယောက်အနက် မုတ်ဆိတ်
ပျစ်သောလူတစ်ယောက်က ယဉ်မေထံသို့လျှောက်သွားကာ ပြုံး
ကြည့်လျက်....

"ဟဲ... ဟဲ... ညီမလေး ဘယ်သွားမလို့လဲ"

ယဉ်မေမျက်မှောင်ကုပ်သွားသည်။

"ဘယ်သွားသွား ရှင်နဲ့ဘာဆိုင်သလဲ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက သဘောကျစွာရယ်မောလို
၏။

"ကောင်မလေးက တော်တော်စွာသားပဲ"

သူသည် ပြောရင်း ယဉ်မေ့လက်ကိုဖမ်းဆွဲလိုက်၏။



ယဉ်မေက အသာအယာရှောင်တိမ်းလိုက်၏။

မုတ်ဆိတ်မွေးနှင့်လူက....

"သြော်... မင်းက သိုင်းပညာတတ်ထားတာကိုး"

သူသည် ခေါင်းခါယမ်းလိုက်၏။

"ဒါပေမဲ့ ဒီလောက်ပညာလေးနဲ့ ကျုပ်ကိုလာမစမ်းရင် မင်း
အတွက်ကောင်းမယ်"

သူသည် ပြောရင်း ယဉ်မေလက်ကိုထပ်မံဖမ်းဆွဲလိုက်၏။

"ရပ်လိုက်"

ကျင်းဟူသည် ယဉ်မေ့ရှေ့သို့ သွားရောက်ရပ်တန့်လိုက်ပြီး
မုတ်ဆိတ်မွေးနှင့်လူအား စိုက်ကြည့်လိုက်၏။

မုတ်ဆိတ်မွေးနှင့်လူက....

"မင်းမသေချင်ရင် ဖယ်ပေးစမ်း"

ကျင်းဟူကတိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်ပြီး....

"ကျုပ်ကသိုင်းသမားကျင်းဟူ၊ အဆိပ်ဘုရင်ကိုလက်ရ ဖမ်း
ဆီးခဲ့တာ ခင်ဗျားတို့ကြားမှာပေါ့"

မုတ်ဆိတ်မွေးနှင့်လူက ကျင်းဟူအား ကြောင်အမ်းအမ်း
ကြည့်ပြီးမှရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

ကျင်းဟူ မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားဘာရယ်တာလဲဗျ"

မုတ်ဆိတ်ဗရပျစ်နှင့်လူက ရယ်မောရာမှရပ်တန့်ကာ....

"မင်းလိုပိန်ပိန်သေးသေးက အဆိပ်ဘုရင်ကို လက်ရဖမ်းဆီးမိတယ်ဆိုတာ ဘယ်သူကယုံမှာလဲ"

သူသည် ပြောရင်း ကျင်းဟူအားတွန်းဖယ်လိုက်၏။

"သွားစမ်းပါ"

မုတ်ဆိတ်မွေးနှင့်လူ၏ခွန်အားသည် အလွန်ကြီးမားနေသဖြင့် ကျင်းဟူသည် နောက်သို့ယိမ်းယိုင်သွားသည်။

သို့သော် သူသည် ယဉ်မေ၏ရှေ့တွင်ဝင်၍ရပ်တန့်လိုက်၏။

ပြီးနောက် မုတ်ဆိတ်မွေးနှင့်လူအား....

"ကျုပ်သတိပေးလိုက်မယ်... လမ်းမဖယ်ပေးရင် ကျုပ်ကို အဆိုးမဆိုနဲ့"

မုတ်ဆိတ်မွေးနှင့်လူက မဲ့ပြုံးပြုံးလိုက်၏။

"ဖယ်မပေးဘူး... မင်းဘာလုပ်ချင်သလဲ"

"ဖယ်မပေးရင် ခင်ဗျားကိုဆုံးမရလိမ့်မယ်"

ကျင်းဟူသည် ပြောပြီးသည်နှင့်ထိုလူအား လျှပ်တစ်ပြက်တိုက်ခိုက်လိုက်၏။

"ဝုန်း"

ထိုလူက လဲကျသွားခြင်းမဟုတ်ပါ။



ထိုလူ၏လက်သီးတစ်လုံးသည် ကျင်းဟူ၏ရင်ဝသို့ထိုးမိသွားသဖြင့် ကျင်းဟူ နောက်သို့လဲကျ သွားခြင်းဖြစ်သည်။

ယဉ်မေက သူ့အားအချိန်မီဖမ်းထားလိုက်သောကြောင့် အကျမနာခဲ့ခြင်းဖြစ်သည်။

"ဟား... ဟား... ဟား"

ကျင်းဟူသည် အံတင်းတင်းကြိတ်ပြီး ထပ်မံတိုက်ခိုက်လိုက်ပြန်၏။ မုတ်ဆိတ်ဗရပျစ်နှင့်လူက ရှောင်တိမ်းပြီး သူ့အား ပြန်လည်တိုက်ခိုက်လိုက်၏။ ကြာကြာမတိုက်ခိုက်ရပါ။ မုတ်ဆိတ်ဗရပျစ်နှင့်လူ၏လက်သီးတစ်လုံးသည် သူ့ရင်ဝသို့ထပ်မံထိသွားပြန်သည်။

"ဝုန်း"

ဤတစ်ကြိမ်တွင် ယဉ်မေက ဖမ်းမမိတော့သဖြင့် ကျင်းဟူ၏ခန္ဓာကိုယ်သည် မြေပေါ်သို့လဲကျသွားတော့သည်။

"ယား"

ကျင်းကျင်း မနေနိုင်တော့ပါ။ ငြာသံပေးရင်း မုတ်ဆိတ်မွေးနှင့်လူအားဝင်ရောက်တိုက်ခိုက်လိုက်သည်။ မုတ်ဆိတ်ဗရပျစ်နှင့်လူက ကျင်းကျင်းအား အထင်သေးစွာဖြင့်ရှောင်တိမ်း၍ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူသည် ကျင်းကျင်းနှင့်ရင်ဆိုင်တိုက်ခိုက်လိုက်သည့်အခါမှ ...င်နှင့်အမြင်လွဲသွားသည်ကိုသိရှိလိုက်ရလေသည်။

ကျင်းကျင်း၏သိုင်းပညာမှာအလွန်ထက်မြက်ပြီး အားမာန်ပြင်းထန်လှသည်ကိုတွေ့ရ၏။ သူသည် အခြေအနေမဟန်မှန်းသိသဖြင့် သူ့လူများကိုအချက်ပြလိုက်၏။

ကျန်ရှိသောလူလေးယောက်က ဝြာသံပေး၍ ကျင်းကျင်းအား လေးဖက်လေးတန်မှဝင်ရောက်တိုက်ခိုက်လာကြလေ၏။

ထိုအချိန်တွင် ယဥ်မေကလည်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။ တိုက်ကွက်(၁၀)ကွက်မျှပင် မပြည့်သေးမီ ထိုလူ(၅)ယောက်အရေးနိမ့်သွားသည်။ မုတ်ဆိတ်ဗရပျစ်သောလူသည် အခြေအနေမဟန်မှန်းသိလိုက်သည်နှင့်....

"ဆုတ်ကြမယ်ဟေ့"

သူတို့သည် ပြေးလွှားထွက်ခွာသွားကြကုန်လေသည်။

❋❋❋



ကျင်းကျင်းနှင့်ယဥ်မေတို့သည် ကျင်းဟူအားဖေးမလိုက်ကြ၏။ ကျင်းဟူမှာမူ သူ့ရင်ဝကိုလက်နှစ်ဖက်နှင့်အုပ်၍ မျက်နှာရှုံ့မဲ့နေ၏။

"အားလားလား နာလိုက်တာ"

ယဥ်မေက သူ့အားဦးညွှတ်လိုက်ပြီး....

"အခုလို ကျွန်မကိုကူညီတာကျေးဇူးတင်ပါတယ်ရှင့်"

ကျင်းကျင်းမှာ မနေနိုင်တော့ဘဲရယ်မောလိုက်သည်။

"ဟုတ်သားပဲ... အစ်ကိုကြီးကလဲ သိုင်းပညာကို ကြိုးစားလေ့ကျင့်ထားမှပေါ့"

ကျင်းဟူမျက်နှာတစ်ခုလုံးနီရဲသွားလေသည်။

"ကျုပ်ကစာပေကိုပဲဝါသနာပါတာဗျ... သိုင်းပညာကို လုံးဝစိတ်မဝင်စားဘူး"

ကျင်းကျင်းကရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူးလေ... ဘေးအန္တရာယ်နဲ့တွေ့ကြုံတဲ့အခါမှာ ကျွန်မတို့နှစ်ယောက်ရှိနေသားပဲ"

သူမ၏စကားကြောင့် ကျင်းဟူမှာ ရယ်ရမလို ငိုရမလို ဖြစ်သွား၏။ ယဥ်မေက ပြုံးလိုက်သည်။

"ကဲ... အစ်ကိုသူ့ရဲ့ကောင်းကြီး လမ်းလျှောက်နိုင်ရဲ့လား"

ကျင်းဟူသည် ရှက်ရှက်ဖြင့် သူတို့နှစ်ယောက်အား တွန်းဖယ်လိုက်သည်။

"ကျူပ်ကယောက်ျားဗျ… လျှောက်နိုင်ပါတယ်"

သူသည် ဒေါသကြီးစွာဖြင့်ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ရှေ့ဆုံးမှလျှောက်သွားသည်။ ကျင်းကျင်းနှင့်ယဉ်မေတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြုံးစိစိဖြင့် ကျင်းဟူနောက်သို့လိုက်သွားကြလေသည်။

❋❋❋

သစ်ပင်တစ်ပင်ပေါ်မှ စူးရှတောက်ပသောမျက်လုံးတစ်စုံသည် ကျင်းဟူတို့ထွက်ခွာသွားသည်အထိ စူးစိုက်ကြည့်နေ၏။

ကျင်းဟူတို့သုံးယောက် အတော်ဝေးဝေးရောက်သွားသည့်အခါမှ ထိုမျက်လုံးပိုင်ရှင်သည် ပေါ့ပါးစွာဖြင့်အောက်သို့ခုန်ဆင်းလိုက်လေသည်။ ထိုသူကား ပေ့ထင်းဝေပင်ဖြစ်သည်။

ထိုအချိန်တွင် မုတ်ဆိတ်ဗရပျစ်နှင့်လူသည် အဖော်များနှင့်အတူ ပြေးလွှားရောက်လာကြ၏။ သူတို့သည် ပေ့ထင်းဝေအား ဖြိုင်တူအရိုအသေပြုလိုက်ကြ၏။

"သခင်ကြီးခင်ဗျား… အဲဒီကောင်လေးဟာ သိုင်းပညာတောက်တစ်ခေါက်တတ်ထားတယ်ဆိုတာသေချာပါတယ်"



သူသည် စကားဆက်လိုက်သည်။

"သူနဲ့အတူပါလာတဲ့မိန်းကလေးနှစ်ယောက်ကတော့ သူ့သက်တော်ပါတယ်၊ အဲဒီနှစ်ယောက်ထဲက ပိန်ပိန်ပါးပါး တစ်ယောက်က သိုင်းပညာအဆင့်မြင့်တာကိုတွေ့ရပါတယ်ခင်ဗျာ"

ပေ့ထင်းဝေခေါင်းညိတ်လိုက်သည်။

"ငါသိပြီ… မင်းတို့သွားနိုင်ပြီ"

သူသည် ပြောပြီး အိတ်ထဲမှငွေတုံးကလေးငါးတုံးနှိုက်၍ ကမ်းပေးလိုက်သည်။ ထိုလူငါးယောက်သည် ကျေးဇူးတင်စကားပြောပြီးထိုနေရာမှထွက်ခွာသွားသည်။ ပေ့ထင်းဝေသည် ကျေနပ်စွာပြုံးလိုက်၏။ ထို့နောက် သူ၏အဆောင်ရှိရာသို့ ပြန်လည်ထွက်ခွာသွားလေသည်။

❋❋❋

အချိန်သည်တရွေ့ရွေ့ကုန်ဆုံးသွား၏။ သူတို့ လုယန်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ညနေဆည်းဆာချိန်သို့ပင် ရောက်နေပြီဖြစ်လေသည်။

သူတို့သည် လမ်းမှာသုံးရက်နှင့်နှစ်ညကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ခရီးပန်းလာသည်။ သူတို့သည် လုယန်မြို့သို့ ရောက်သည်နှင့် တည်းခိုခန်းတစ်ခန်းသို့ရှေးဦးစွာဝင်ရောက်သွားသည်။

ထို့နောက် ရေမိုးချိုးအဝတ်အစားလဲကာ ထမင်းစားခန်း

တွင်ပြန်လည်ဆုံတွေ့ပြီး ထမင်းဟင်းများ မှာစားကြသည်။

စားသောက်နေရင်းမှ ယဉ်မေသည် ကျင်းဟူအား သေ

စိုက်ကြည့်၏။ ပထမတွင် ကျင်းဟူက ခေါင်းငုံ့၍စားနေသဖြင့် သ

မထားမိချေ။

တစ်ခဏအကြာတွင်.... သူသည် အမှတ်မထင်ခေါင်းမော့

ကြည့်လိုက်ရာ ယဉ်မေက သူ့အား မျက်တောင်မခတ်စိုက်ကြည့်

သည်ကိုတွေ့ရသဖြင့် မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာကိုကြည့်နေတာလဲ"

"ကျွန်မ တစ်ခုစဉ်းစားမိလို့ပါ"

"ဘာများပါလိမ့်"

"အစ်ကိုကြီးကို ကျွန်မတို့ကသိုင်းပညာသင်ပေးရင် ကော

မလားလို့ပါ"

ကျင်းဟူခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မလုပ်ပါနဲ့ ကျုပ်ကသိုင်းကိုမသင်ချင်လို့ အိမ်ကထွက်

တာသာကြည့်တော့"

သူသည် ပခုံးတစ်ချက်တွန့်ပြီးစကားဆက်လိုက်သည်။

"အမှန်ပြောရမယ်ဆိုရင် အစ်ကို့မိဘက သိုင်းလောကသ

တွေပါ"



ယဉ်မေ အံ့အားသင့်သွားသည်။

"ဒါဖြင့် အစ်ကို ဘာကြောင့် သိုင်းပညာကောင်းကောင်း

တတ်တာလဲ"

ကျင်းဟူ ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါကတော့ အစ်ကိုကစိတ်မှမပါဘဲ"

ကျင်းကျင်းက ကြားဖြတ်လိုက်သည်။

"စိတ်ပါတယ်ရယ်လို့တော့ဘယ်ဟုတ်မလဲ... သိုင်းလောက

သွားလာလှုပ်ရှားချင်ရင် သိုင်းပညာကိုတော့ကောင်းကောင်းတတ်

ထားဖို့လိုတာပေါ့၊ ဒါမှအစော်ကားမခံရမှာ"

ကျင်းဟူလက်ကာပြလိုက်၏။

"တော်ပြီ... ကျုပ်ကိုသိုင်းပညာနဲ့ပတ်သက်ပြီး ဘာမှဆက်

ပြောပါနဲ့"

သူသည် ပြောပြီး ဆက်လက်စားနေသောက်နေလိုက်လေ

တော့သည်။ ကျင်းကျင်းနှင့်ယဉ်မေတို့သည် တစ်ယောက်မျက်နှာ

တစ်ယောက်ကြည့်ကာ လက်မှိုင်ချလိုက်ကြသည်။

❋❋❋

နောက်တစ်နေ့နံနက်....

လှယန်မြို့တွင် လှုပ်လှုပ်ရှားရှားသတင်းတစ်ပုဒ်ပျံ့နှံ့နေ
ယင်းသတင်းမှာ အဆိပ်ဘုရင် တစ်ကျော့ပြန်ခေါင်းထောင်လာပြီ
သောသတင်းပင်ဖြစ်လေသည်။ ကျင်းကျင်းနှင့်ယဉ်မေတို့သည် အ
ပျော်နေသောကျင်းဟူကိုသွားရောက်နှိုးလိုက်ကြသည်။

"အစ်ကိုကြီး... မြန်မြန်ထစမ်းပါ"

ကျင်းဟူအိပ်မှုံစုံမွှားနှင့်ထလာ၏။ ယဉ်မေနှင့်ကျင်းကျ
တို့ စိုးရိမ်ထိတ်လန့်နေသည်ကိုတွေ့ရသဖြင့် အံ့အားသင့်သွားသည

"ဘာတွေဖြစ်နေလို့လဲညီမ"

ယဉ်မေက....

"ဒီနေ့မနက်စောစောစီးစီး ဆိုင်လုလင်က အဆိပ်ဘုရင
ကြောင်း လာပြောသွားတယ်"

ကျင်းဟူ၏မျက်လုံးအစုံသည် ချက်ချင်းပြူးကျယ်သွား

"ဘာတွေပြောသွားတာလဲ"

"မနေ့ညက လှယန်မြို့မှာရှိတဲ့အာမခံဌာနတစ်ခုကိုအ
ဘုရင်က အဆိပ်ခတ်ပြီး ငွေတွေလုသွားတယ်လို့ကြားလိုက်ရတာ

ကျင်းဟူသည် ထိုစကားကြားလိုက်ရသောအခါ မျက်နှာ
မသစ်နိုင်တော့ဘဲ ကမန်းကတန်းပြေးထွက်သွားလေတော့၏။

❋❋❋



စားသောက်ခန်းထဲတွင် လူများသည်ပြည့်နှက်၍နေသည်။
ားသောက်နေကြသောလူများသည် အာမခံဌာန ငွေလုခံရသည့်အ
ကြောင်းများကို သူတစ်ခွန်းငါတစ်ခွန်းဖြင့်ဆူညံစွာ ဝေဖန်ပြောဆိုနေ
ကြသည်ကိုကြားရသည်။ ကျင်းဟူသည် လွတ်နေသောစားပွဲ၌ ထိုင်
ချလိုက်၏။

ဆိုင်လုလင်က မျက်နှာချိုသွေး၍ရောက်လာသည်။

"ဘာများသုံးဆောင်မလဲအစ်ကိုလေး"

"ငါ့ကိုရေနွေးကြမ်းနဲ့ပေါက်စီပဲယူခဲ့ပါကွာ"

"အစ်ကိုလေးကလဲ မှာလိုက်ရင် အခန်းထဲလာပို့မှာပေါ့"

"ငါမေးစရာနည်းနည်းရှိလို့ပါ"

"မေးပါအစ်ကိုလေး"

"ညတုန်းက အာမခံဌာနမှာ ဓားပြတိုက်သွားတယ်ဆိုတာ
ဟုတ်လား"

"ဟုတ်တယ်... အစ်ကိုလေးမသိဘူးလား"

"မသိလို့ပါ"

"ဒီသတင်းဟာ မနက်မိုးလင်းကတည်းက မြို့တစ်ခုလုံးဆူ
ညံသွားတော့တာပဲ"

"ဆိုစမ်းပါဦး... ဘယ်အာမခံဌာနကိုဓားပြတိုက်သွားတာ
[illegible]

"ချန်းဟွန်းအာမခံဌာနပါ"

"ငွေတော်တော်ပါသွားသလား"

"နေပြည်တော်ကိုတင်ပို့မယ့် ကျောက်သံပတ္တမြားတွေ ပါ
သွားတယ်လို့ကြားရတယ်"

"ဓားပြက ဘယ်သူလဲဆိုတာသိသလား"

"အဘိုးအိုသုံးယောက်လို့ပြောတာပဲ"

ကျင်းဟူ မျက်မှောင်ကြုတ်သွားသည်။

"အဘိုးအိုသုံးယောက်ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေး"

ကျင်ဟူသည် အဆိပ်ဘုရင်ကိုမြင်ယောင်လာသည်။

ဆိုင်လုလင်က စကားဆက်လိုက်၏။

"ထူးခြားတာက ဓားပြတိုက်တဲ့အဘိုးကြီးသုံးယောက်က
ခွေးမရအောင်တူတယ်လို့ပြောပါတယ်"

ကျင်းဟူသည်စကားမပြောတော့ဘဲ တွေဝေသွားသည်
စကားစပြတ်သွားသည်နှင့် ဆိုင်လုလင်လည်းထွက်ခွာသွားလေ၏

✵✵✵



ကျင်းဟူသည် အခန်းထဲသို့ပြန်လည်ရောက်ရှိလာသည်။
ကျင်းကျင်းနှင့်ယဉ်မေတို့က အခန်းထဲ၌အသင့်စောင့်နေကြသည်။

"အစ်ကိုလေး သတင်းကြားခဲ့ပြီမဟုတ်လား"

ကျင်းဟူခေါင်းညိတ်ပြလိုက်သည်။

ယဉ်မေက....

"ဘယ်လောက်များများ ဓားပြတိုက်ခံလိုက်ရတယ်ဆိုတာ
ကြားခဲ့ရဲ့လား"

ကျင်းဟူက....

"နေပြည်တော်ကိုဆက်သမယ့် ကျောက်သံပတ္တမြား တစ်
သေတ္တာလို့ပြောတာပဲ"

ကျင်းကျင်းက....

"ဓားပြတိုက်တဲ့လူက ဘယ်သူလဲဆိုတာသိခဲ့လား"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"သူတို့ပြောပုံကတော့ တွေ့ခဲ့တဲ့အဆိပ်ဘုရင်ရဲ့ပုံသဏ္ဌာန်
ပဲ"

ကျင်းကျင်းက....

"ဒါဖြင့်... အဆိပ်ဘုရင်ကဓားပြတိုက်စားတဲ့ဘဝရောက်နေ
ပြီထင်တယ်"

ကျင်းဟူ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုစားပြတိုက်တဲ့အဘိုးအိုသုံးယောက်က ရုပ်ချင်းတွေ
မရေအောင်တူတယ်လို့ပြောတယ်"

ယဉ်မေမျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေ၏။

"ရှင် အဘိုးအိုသုံးယောက်ရဲ့ရုပ်သွင်အတူတူပဲဟုတ်လား"

"ဟုတ်တယ်"

ကျင်းကျင်းရယ်မောလိုက်သည်။

"ကျွန်မတော့ အကြံတစ်ခုရတယ်"

ကျင်းဟူက....

"ဘာများအကြံကောင်းဉာဏ်ကောင်းရနေလို့လဲ"

ကျင်းကျင်းက....

"အဲ့ဒီအဘိုးကြီးသုံးယောက်စီကနေပြီး သူတို့စားပြတိုက်
သွားတဲ့ ကျောက်သံပတ္တမြားကိုကြားဖြတ်လုယူလိုက်ရင် မကောင်း
ဘူးလား"

ယဉ်မေကရယ်မောလိုက်သည်။

"ညီမရဲ့အကြံတော်တော်ကောင်းတယ်၊ ဒါပေမဲ့...."

ကျင်းကျင်းက....

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒီရတနာတွေဟာ နေပြည်တော်ကိုပို့မဲ့ပစ္စည်းတွေမှန်
တော်ကြာ အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"



ကျင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီရတနာတွေက ဘဏ္ဍာတော်ငွေအတွက်မဟုတ်ဘူး...
နေပြည်တော်မှာရှိနေတဲ့ဝန်ကြီးတစ်ဦးကို နယ်မှာရှိတဲ့မြို့တော်ဝန်
တစ်ယောက်ကလာဘ်ပေးတဲ့ပစ္စည်းတွေလို့ ကျွန်မကြားသိရတယ်"

ကျင်းဟူ မျက်မှောင်ကုပ်သွားသည်။

"ဒီစကား မင်းဘယ်ကကြားခဲ့တာလဲ"

ကျင်းကျင်းက....

"စားသောက်ခန်းမှာ လူတွေအားလုံးပြောနေကြတာပဲ...
အစ်ကိုလေးမကြားခဲ့ဘူးလား"

ကျင်းဟူက....

"ဒါဖြင့် ဒီရတနာတွေဟာ မြို့တော်ဝန်က မတရားရထားတဲ့
ပစ္စည်းတွေပေါ့ဟုတ်လား"

ကျင်းကျင်းက....

"ဟုတ်တယ်လေ"

ကျင်းဟူက သူမအား စိုက်ကြည့်လိုက်သည်။

"ညီမလေးက ဒီရတနာသေတ္တာရရင် ဘာလုပ်မလို့လဲ"

ကျင်းကျင်းက အနည်းငယ်စဉ်းစားလိုက်သည်။

"ကျွန်မ ဒီလုယန်မြို့အမှတ်(၁)လမ်းမထဲမှာ အိမ်တစ်လုံး
ဝယ်မယ်၊ မြို့တော်ထဲမှာမရှိဆင်းရဲသားကိုကူညီမယ်၊ မိဘမဲ့ကလေး

တွေကိုကျွေးမွေးစောင့်ရှောက်ဖို့ရန်ပုံငွေအတွက်ထားမယ်"

သူမသည် ပြောရင်းအသံများပင် အနည်းငယ်တုန်ခါလာ၏။

"ကျွန်မက မိဘမဲ့ကလေးတစ်ယောက်ပါ။ ဒါကြောင့် မိဘမဲ့ကလေးတွေရဲ့ဘဝကို ကိုယ်ချင်းစာနာမိနိုင်တာပေါ့"

ယဉ်မေ၏မျက်ဝန်းအစုံ ကြည်လင်တောက်ပလာ၏။

"ဟာ... ငါ့ညီမရဲ့အကြံ သိပ်ကိုကောင်းတယ်"

ကျင်းဟူက လက်ကာပြလိုက်သည်။

"ကဲပါကွာ... နေ့ခင်းကြောင်တောင် အိပ်မက်မက်မနေကြပါနဲ့"

ကျင်းကျင်း ခေါင်းငုံ့သွားလေသည်။

"ဟုတ်သားပဲ... ကျွန်မတို့စိတ်ဆန္ဒသာရှိတာ လုပ်ဆောင်နိုင်တဲ့အင်အားမှမရှိဘဲ"

ကျင်းဟူသည် ကျင်းကျင်း၏ပခုံးအား အသာအယာပုတ်လိုက်သည်။

"ဟုတ်ပါတယ်... ကျွန်မတို့အင်အားနဲ့ ကျွန်မတို့မျှော်မှန်းထားတဲ့ရည်မှန်းချက်နဲ့မိုးနဲ့မြေလောက်ကွာနေတာကို ကျွန်မနားလည်ပါတယ်"

သူမသည် ခေါင်းလေးငုံ့ထားကာ အခန်းထဲမှလှမ်းထွက်လိုက်လေသည်။



"ညီမလေး... ခဏ"

ကျင်းဟူက ဟန့်တားလိုက်၏။

ကျင်းကျင်းက ခြေလှမ်းရပ်တန့်လိုက်ပြီး သူ့အား ...သို့ကြည့်လိုက်သည်။

ကျင်းဟူ...

"ခဏထိုင်ပါဦး... အစ်ကိုဆွေးနွေးစရာရှိတယ်"

ကျင်းကျင်းသည် ကုလားထိုင်ပေါ်သို့ပြန်လည်ထိုင်ချလိုက်...လသည်။

❋❋❋

ကျင်းကျင်းနှင့်ယဉ်မေတို့သည် ကျင်းဟူအားကြည့်နေ၏။ ...င်းဟူမျက်နှာသည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့တည်ကြည်ခဲ့သည် ... သူမတို့မတွေ့ဘူးခဲ့ပေ။

ယခု ကျင်းဟူမျက်နှာသည် အလွန်လေးနက်တည်ကြည်မှု...သည်ကိုတွေ့ရှိရသဖြင့်အနည်းငယ်အံ့ဩနေကြသည်။ သူမတို့သည် ...င်းဟူပြောလာမည့်စကားကိုစောင့်မျှော်နားစွင့်နေ၏။

အတန်ကြာတော့မှ ကျင်းဟူကချောင်းတစ်ချက်ဟန့်လိုက်သည်။သူသည် ကျင်းကျင်းအား အဓိပ္ပာယ်ရှိစွာဖြင့် စိုက်ကြည့်လိုက်...ကြသည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် အစ်ကိုလေးဟာ အသက်အရွယ်ရလာသည့်တိုင်အောင် ပေါ့ပေါ့နေပေါ့ပေါ့စားပြီး ဘာရည်ရွယ်ချက်မှမရှိခဲ့တာအမှန်ပါပဲ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုလိုသိုင်းလောကထဲရောက်လာတာကလဲ ရည်ရွယ်ချက်မရှိပါဘူး၊ အဆိပ်ဘုရင်ရဲ့သေမင်းအမိန့်ကြောင့် အဆိပ်ဖြေဆေးရှာရင်း အိမ်ကနေထွက်ခွာလာခဲ့တာပါ"

ကျင်းကျင်းနှင့်ယဉ်မေတို့ကဝင်မစွက်ဘဲ ငြိမ်သက်စွာနားထောင်နေ၏။ ကျင်းဟူက စကားဆက်လိုက်သည်။

"အမှန်တော့ အစ်ကို့အဖေဟာသိုင်းသမားတစ်ယောက်ပါ၊ အများအကျိုးကိုထမ်းရွက်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ၊ အစ်ကိုလဲ အဖေရဲ့ဂုဏ်ကိုခံယူချင်ခဲ့တယ်ဆိုပါတော့၊ ဒါကြောင့် မကောင်းသူပယ် ကောင်းသူကယ်တဲ့အလုပ်ကိုကြုံသလိုလုပ်ခဲ့ပါတယ်"

ကျင်းကျင်းပြုံးမိသည်။ ကျင်းဟူက မိမိအားဝင်ရောက်ကူညီခဲ့ပုံကိုပြန်လည်မြင်ယောင်လာသည်။

ကျင်းကျင်းကစကားဆက်ပြန်သည်။

"အဆိပ်ဘုရင်ဟာ သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးနေတယ်လို့ကြားတယ်၊ ကိုယ်တိုင်လဲခံခဲ့ရတယ်၊ ဒါကြောင့် အဆိပ်ဘုရင်ကိုသဲသဲမဲမဲလိုက်ရှာခဲ့တယ်"



ယဉ်မေသည် ကျင်းကျင်းနှင့်အဆိပ်ဘုရင်တို့ရင်ဆိုင်ခဲ့ပုံများပြန်လည်မြင်ယောင်လာသည်။ ကျင်းဟူက....

"ဒါပေမဲ့ အစ်ကိုတကယ်လုပ်ချင်တဲ့အလုပ်က ဒီအလုပ်မဟုတ်ပါဘူး"

ကျင်းကျင်းက....

"အစ်ကိုလုပ်ချင်တဲ့အလုပ်က ဘာလဲဟင်"

"မိဘမဲ့ကလေးဂေဟာတည်ဆောက်ဖို့လေ"

ထိုစကားကြားသည့်အခါ ကျင်းကျင်းသည် ဝမ်းသာအားရဖြစ်သွားပြီး....

"ကျွန်မလဲ ဒီလုပ်ငန်းကိုလုပ်ချင်တာကြာပြီ"

ပြောရင်း ကျင်းကျင်း၏မျက်နှာညှိုးသွားလေသည်။

သူမသည် အသာခေါင်းခါလိုက်ရင်း....

"ဒါပေမဲ့ မဖြစ်နိုင်ပါဘူးလေ"

"ဘာဖြစ်လို့လဲ"

"မိဘမဲ့ကလေးဂေဟာဆိုတာ အတော်ကျယ်ဝန်းတဲ့ခြံဝင်းလိုတယ်၊ သူတို့ကိုကျွေးမွေးတဲ့စရိတ်ရှိတယ်... သူတို့ကိုအသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ပေးဖို့တာဝန်ရှိတယ်"

သူသည် ကျင်းဟူအားမော့ကြည့်လိုက်သည်။

"အဲ့ဒီအတွက် ငွေဘယ်ကရနိုင်မှာလဲ"

ကျင်းဟူ မျက်မှောင်ကြုတ်သွားသည်။

"ငွေဘယ်လောက်များလို့လဲ"

ကျင်းကျင်းက အနည်းငယ်စဉ်းစားလိုက်သည်။

"ငွေအနည်းဆုံးငါးသောင်းနဲ့ တစ်သိန်းကြားရှိမှဖြစ်မယ်"

သူမသည် ထိုင်ရာမှထလိုက်သည်။

"အစ်ကိုလေး စိတ်ရှုပ်မနေစမ်းပါနဲ့... လောလော ဆယ် ကျွန်မတို့ အဆိပ်ဘုရင်ကိုလိုက်ရှာပြီး ဆုငွေရအောင်ယူဖို့ပဲ အရေးကြီးပါတယ်"

ကျင်းဟူသည် စကားမပြောဘဲ ငေးငိုင်စွာတွေဝေနေသည်။

ကျင်းကျင်းက ယဉ်မေအားလှမ်းကြည့်လိုက်သည်။ ယဉ်မေ ကပန်းတစ်ချက်တွန့်ပြလိုက်၏။ သူတို့နှစ်ယောက်သည် တိတ်ဆိတ် စွာဖြင့်အခန်းထဲမှထွက်လာကြသည်။

❋❋❋



ထိုည ကျင်းဟူတို့သုံးယောက် ညစာဝိုင်းဖွဲ့စားသောက် ကြသည်။ ကျင်းဟူကစားသောက်နေရင်းမှ ....

"ညီမ မနက်ဖြန်မနက် ကျုပ်မိတ်ဆွေတစ်ဦးဆီကိုခဏသွားမယ်... ညီမတို့ ဒီမှာပဲ အစ်ကိုတို့ကိုစောင့်နေ ဟုတ်လား"

ကျင်းကျင်းမျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စရှိလို့လဲ"

"မိဘမဲ့ကလေးဂေဟာတည်ဆောက်နိုင်ဖို့ ရန်ပုံငွေထည့်နိုင်မဲ့လူတွေဆီ လိုက်ပြီးအကူအညီတောင်းမလို့လေ"

ကျင်းကျင်း၏မျက်ဝန်းအစုံသည် ကျင်းဟူအား တအံ့တသြကြည့်၍နေသည်။ ကျင်းဟူမှာ စိတ်ကောင်း နှလုံးကောင်းရှိသူဖြစ်ကြောင်း သူမ သိရှိပြီးဖြစ်သည်။

သို့သော် ယခုကဲ့သို့ အများအကျိုးအတွက် အလွန်မွန်မြတ်ကြီးမားသောလုပ်ငန်းတစ်ရပ်ကို တကယ်လုပ်ဆောင်လာသည်ကိုတွေ့ရသည့်အခါ ကျင်းဟူအပေါ်ခင်မင်လေးစားလာသည်။

"အစ်ကိုက တကယ်လုပ်မယ်ဟုတ်လား"

ကျင်းဟူက ပြုံးပြလိုက်သည်။

"ဟုတ်တယ်ညီမ... လူသားတစ်ယောက်အနေနဲ့ လူအများအတွက် အကျိုးပြုလုပ်ငန်းတစ်ခုခုတော့လုပ်ရမှာပဲ၊ ဒါမှ အဓိပ္ပာယ်ရှိမယ်မဟုတ်လား"

ကျင်းကျင်းသည် ထခုန်မိမတတ်ဝမ်းသာသွားသည်။

"ဟုတ်တယ်အစ်ကိုလေး... ကျွန်မလဲ အစွမ်းကုန်ကြိုးစားမယ်... ဒါဟာ ကျွန်မရဲ့ဘဝမှာအကြီးမားဆုံးရည်မှန်းချက်ပါပဲ"

ယဉ်မေလည်း ဝမ်းသာသွားသည်။

"ဟုတ်တယ်အစ်ကို... ဒီအလုပ်ဟာ အင်မတန်မွန်မြတ်တဲ့အလုပ်ပါ၊ ညီမလဲစွမ်းအားရှိသလောက်ဝိုင်းဝန်းကြိုးစားပါ့မယ်"

သူတို့သုံးယောက်သည် လက်ဆန့်၍ တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ကိုင်လိုက်ကြလေသည်။ သူတို့သည် ကြီးမားသောမြို့ဝင်းအဆောက်အအုံတစ်ခုနှင့်ပျော်ရွှင်မြူးတူးနေသောကလေးများကို မျက်စိထဲမြင်ယောင်လာကြတော့သည်။

❋❋❋

အုန်းမောင်းခေါက်သံသုံးချက်တိတိ ထွက်ပေါ်လာသည်။ လှယန်မြို့နှင့်မိုင်သုံးဆယ်ခန့်အကွာတွင် မုထုံးမြို့လေးရှိလေသည်။ မြင်းတစ်ကောင်သည် မုထုံးမြို့လေးရှိရာသို့ဦးတည်ပြေးလွှားနေ၏။ မြင်းခွာသံများသည် ညဏ်တိတ်ဆိတ်ခြင်းကိုဖြိုခွဲလျက်ရှိ၏။

မြင်းမှာ အမည်းရောင်ဖြစ်၏။ မြင်းပေါ်မှလူလည်း တစ်ကိုယ်လုံးအမည်းရောင်ဝတ်ဆင်ထားသောကြောင့် မြင်းခွာသံကိုသာကြားရသည်။



မြင်းနှင့်လူကို လုံးဝမတွေ့ရပါ။

မြင်းခွာသံသည် မုထုံးမြို့အနီးရောက်သည်နှင့်ပျောက်ကွယ်သွားလေသည်။

မြင်းပေါ်မှလူသည် မြင်းပေါ်မှခုန်ဆင်းလာ၏။ သူသည် ဒူးရှတောက်ပသောမျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကိုတစ်ချက် အကဲခတ်ပြီး မြို့ထဲသို့ပြေးလွှားဝင်ရောက်သွားလေသည်။ ကောင်းကင်ပေါ်၌ကြယ်မလင်းလမသာသောကြောင့် အရာရာသည် မှောင်မည်းနေ၏။ အနက်ရောင်ဝတ်ဆင်ထားသူသည် လမ်းတစ်ဘက်တစ်ချက်တွင်ရှိနေသောအိမ်များကို ရှာဖွေကြည့်ရှုနေ၏။

ထိုသူသည် စားတော်ဆက်ဟူသောဆိုင်းဘုတ်ရှိသော အဆောက်အအုံရှေ့တွင်ရပ်တန့်လိုက်သည်။ ထို့နောက် ကြောင်တစ်ကောင်၏ပေါ့ပါးခြင်းမျိုးဖြင့် ခြံဝင်းထဲသို့ကျော်လွှားဝင်ရောက်သွားလေသည်။ တစ်ခဏအကြာတွင် သူသည် ပြန်ထွက်လာပြီး ရှေ့သို့ဆက်လက်လျှောက်သွားသည်။

သူသည် စားသောက်ဆိုင်များနှင့်တည်းခိုခန်းများကို တစ်ခုမှအလွတ်မပေးဘဲဝင်ရောက်ရှာဖွေ၏။ နောက်ဆုံး သူသည် မြို့စွန်ရှိ ကြီးမားသောခြံဝင်းရှိရာသို့ရောက်ရှိသွားသည်။

❋❋❋

ယင်းခြံဝင်းသည် စားသောက်ဆိုင်မဟုတ်ပါ။ ထို့အတူ တည်းခိုခန်းလည်းမဟုတ်ပါ။ သူဌေးသူကြွယ်တစ်ဦး၏ခြံဝင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် အနက်ရောင်ဝတ်ဆင်ထားသူ စိတ်ပျက်သွားလေသည်။ သူသည် ရှိရှိသမျှ တည်းခိုခန်းနှင့်စားသောက်ဆိုင်များအားလုံးရှာဖွေခဲ့ပြီးဖြစ်သည်။

သူတွေ့လိုသောလူ သူတွေ့လိုသောအရာကိုမတွေ့ခဲ့ရပေ။ ထို့ကြောင့် နောက်ပြန်လှည့်၍ ခြေလှမ်းလှမ်းလိုက်သည်။ ထိုအချိန်မှာပင် အမှတ်မထင်ခြံဝင်းထဲ၌ မီးရောင်တစ်ချက်ဖြာထွက်နေသည်ကိုတွေ့မြင်လိုက်ရသည်။

သူသည် ရင်ထဲ၌တစ်ချက်လှုပ်ရှားသွားသည်။ မီးရောင်ဖြာထွက်သောနေရာကိုသတိပြုကြည့်မိလိုက်သည်။

ခြံဝင်းထဲရှိအဆောက်အအုံအပေါ်ထပ် အခန်းတစ်ခန်း၏ ပြတင်းပေါက်မှဖြစ်သည်။

မီးရောင်များယိမ်းယိုင်ပြီး လူရိပ်ကိုလည်းတွေ့မြင်လိုက်ရသည်။ သူသည် စူးစမ်းလိုသောစိတ်များဖြစ်ပေါ်လာ၏။ ထို့ကြောင့် ခြံဝင်းထဲသို့ကျော်လွှားဝင်ရောက်သွားပြီး မီးရောင်ဖြာထွက်လျက်ရှိသောအခန်းရှိရာသို့ ပြေးလွှားသွားသည်။

ထိုခြံဝင်းအတွင်း၌ အခန်းပေါင်းများစွာတွေ့ရှိရ၏။



ခြံဝင်းတစ်ခုလုံးမှာလည်း အလွန်ကျယ်ဝန်းလှသည်ကို တွေ့ရှိရသော်လည်း လူသူအလွန်နည်းပါးသည်ဟု အကဲခတ်မိသည်။

သူသည် စိတ်ချလက်ချဖြင့် မီးရောင်ဖြာထွက်သောအခန်းရှိရာသို့ချဉ်းကပ်ပြီး ပြတင်းပေါက်ကြားမှအထဲသို့ချောင်းကြည့်လိုက်သည်။

အခန်းထဲ၌ လူနှစ်ယောက်မျက်နှာချင်းဆိုင်ထိုင်နေသည်ကို တွေ့ရှိရသည်။ သူတို့အလယ်ရှိ စားပွဲပေါ်၌ မီးရောင်ဖြင့် တဝင်းဝင်းလက်လက်အရောက်တောက်ပနေသော ကျောက်သံပတ္တမြားကို တွေ့ရှိရလေသည်။ ထိုလူ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။

သူသည် အခန်းထဲမှလူနှစ်ယောက်အား သေချာစွာကြည့်လိုက်ရာ ဆံပင်နှင့်မုတ်ဆိတ်မွေးဖြူဖွေးသောအဘိုးအိုနှင့် သောကင်းဝေးတောင်ကြားပိုင်ရှင် ပေ့ထင်းဝေဖြစ်နေသည်ကိုတွေ့ရလေသည်။ ထိုအချိန်တွင် ပေ့ထင်းဝေ၏အသံထွက်ပေါ်လာသည်။

“ခင်ဗျားရဲ့လုပ်ဆောင်ချက်ကို ကျုပ်မချီးကျူးဘဲမနေနိုင်ပါဘူးဗျာ”

အဘိုးအိုကရယ်မောလိုက်သည်။

“ကျုပ်ရဲ့အစွမ်းသတ္တိကိုသိပြီမဟုတ်လား”

ပေ့ထင်းဝေကရယ်မောလိုက်၏။

"သိပါပြီဗျာ... သိပါပြီ"

အဘိုးအိုက....

"သိတာတော့ဟုတ်ပါပြီ... ကျုပ်ကိုဘယ်လိုဝေစုခွဲပေးမယ် ဆိုတာလဲပြောဦးလေ"

မေ့ထင်းဝေကရယ်မောလိုက်၏။

"ခင်ဗျားနဲ့ကျုပ် ပြောရမယ့်လူလားဗျာ... ခင်ဗျား ရသင့်ရ ထိုက်တဲ့ဝေစုတော့ရမှာပေါ့"

အဘိုးအိုက...

"ရမယ်ဆိုတာကျုပ်လဲယုံကြည်ပါတယ်၊ ဒါပေမယ့် ကျုပ်က ဘယ်လောက်ရမယ်ဆိုတာတော့သိချင်တယ်"

"ခင်ဗျား ဘယ်လောက်လိုချင်လို့လဲ"

အဘိုးအိုက လက်ညှိုးတစ်ချောင်းထောင်ပြ၏။

"ဒီလောက်လောက်ပေးမှ ကျုပ်ကအသုံးလောက်မှာ"

မေ့ထင်းဝေပြုံးလိုက်သည်။

"ငွေတစ်ထောင်ဟုတ်လား"

အဘိုးအိုခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဆေးဝါးအားလုံးဆုံးရှုံးသွားလို့ နောက်ထပ်ဖော် စပ်ဖို့ ငွေတစ်သိန်းလောက်တော့လိုမယ်ထင်တယ်၊ ဒါကြောင့် ကျုပ် ကိုငွေတစ်သိန်းပေးပါ"



မေ့ထင်းဝေ မျက်နှာကွက်ခနဲပျက်သွားသည်။

သို့သော် ချက်ချင်းပင် ....

"ပေးရမှာပေါ့ဗျာ... ဒါပေမဲ့ လောလောဆယ်တော့ကျုပ်မှာ ငွေတစ်သိန်းမှမရှိဘဲ"

"ဒီပစ္စည်းကိုထုခွဲလိုက်မယ်ဆိုရင် အနည်းဆုံးငွေသုံးသိန်း လောက်ရပါတယ်ဗျာ"

မေ့ထင်းဝေခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာတော့ဟုတ်ပါတယ်... ဒါပေမဲ့ ဒီပစ္စည်း ကို အခုချက်ချင်းသွားရောင်းရင် ဒုက္ခရောက်သွားမှာပေါ့"

သူသည် ပြုံးပြရင်း စကားဆက်လိုက်သည်။

"ဒီလိုလုပ်ဗျာ... ခင်ဗျားကို အခုလောလောဆယ် ကျုပ်က ငွေတစ်သောင်းပေးထားမယ်၊ နောက်ပြီး အခြားအလုပ် တစ်ခုလုပ် ဖို့စဉ်ထားတယ်၊ အဲဒီလုပ်ငန်းပြီးမှ တစ်ခါတည်းပေါင်းပေးမယ်ဗျာ"

အဘိုးအိုခေါင်းခါယမ်းလိုက်သည်။

"ကျုပ်... ခင်ဗျားနဲ့ပူးပေါင်းတာက ကျုပ်ရဲ့အဆိပ်ပညာကို တစ်လောကလုံးသိသွားအောင် ထူးခြားတဲ့အဆိပ်ဖော်စပ်ချင်လို့ပါ၊ အခုတော့ ခင်ဗျားက အချိန်ဆွဲထားပြီး ကျုပ်ဘာတစ်ခုမှမလုပ်နိုင် သေးဘူး၊ ဒါကြောင့် ကျုပ်မစောင့်နိုင်ဘူးဗျာ"

မေ့ထင်းဝေရယ်မောလိုက်၏။

"ဒီလိုတော့ အထင်မလွဲပါနဲ့ဗျာ... ကျုပ်လုပ်ငန်းအောင်မြ
သွားရင်လဲ ခင်ဗျားလုပ်ငန်းအလိုလိုအောင်မြင်သွားမှာပေါ့" ၊

သူသည် စကားဆက်လိုက်သည်။

"အခုလဲအခြေအနေအတော်ကောင်းလာပါပြီ၊ နောက်ထ
တစ်ကြိမ်သာကြိုးစားလိုက်ရင် ကျုပ်နဲ့ခင်ဗျားနဲ့အောင်ပွဲခံရမှာ"

အဆိပ်ဘုရင်မျက်မှောင်ကြုတ်သွားသည်။

"တစ်ချိန်တုန်းကလဲ ခင်ဗျားဟာ ကျုပ်နာမည်ကိုအလွဲသုံ
စားလုပ်ပြီး ရောင်လင်ကျောင်းကိုသွားပြီးခြိမ်းခြောက်တာ ကျုပ်
ဖမ်းခံရတဲ့အထိဖြစ်သွားတယ်၊ ခင်ဗျားကျတော့ ဘယ်သူမှမသိဘူ
အေးအေးဆေးဆေးနာမည်ကောင်းယူနေတာ"

သူသည် ပြောရင်း စိတ်တိုလာသည်။

"ကျုပ်ရဲ့လုပ်ငန်းအောင်မြင်မလားလို့ စောင့်ကြည့်နေတာ
ဒီတစ်ခါ ခင်ဗျားကတိပျက်မယ်ဆိုရင် ခင်ဗျားအကြောင်းကို ကျု
သိုင်းလောကတစ်ခုလုံးကိုဖော်ထုတ်လိုက်တော့မယ်"

ပေ့ထင်းဝေ မျက်နှာကွက်ခနဲပျက်သွားသည်။

သို့သော် သူသည် ချက်ချင်းပင် ပြင်လိုက်သည်။

"စိတ်ချပါဗျာ... ကျုပ်ကတိမပျက်ပါဘူး"

အဘိုးအိုသည်မကျေမနပ်ဖြင့် ထိုင်ရာမှထလိုက်ပြီး အခန်
ထဲမှထွက်ခွာသွားသည်။



ပေ့ထင်းဝေမှာမူ ကျောက်သံပတ္တမြားကို သေတ္တာထဲသို့ပြန်
သည်ထည့်ပြီး ထိုင်ရာမှထလိုက်သည်။ ထို့နောက် နံရံပေါ်ရှိ ပန်းချီ
ကားတစ်ခုကိုဖယ်ချလိုက်သည်။

နံရံပေါ်၌ လျှို့ဝှက်သေတ္တာတစ်လုံးဝှက်ထားသည်ကို တွေ့
ရသည်။ တစ်နည်းဆိုရလျှင် အလွန်ခိုင်မာသောသေတ္တာငယ်တစ်
လုံးကို အုတ်နံရံကြား၌တည်ဆောက်ထားခြင်းဖြစ်သည်။

ပေ့ထင်းဝေသည် လျှို့ဝှက်သေတ္တာအဖုံးကိုဖွင့်လိုက်ပြီး
ကျောက်သံပတ္တမြားများကိုသိမ်းဆည်းလိုက်သည်။ ထို့နောက်
ပန်းချီကားချပ်ကို သူ့နေရာနှင့်သူပြန်လည်ဖုံးကွယ်ထားလိုက်သည်။
အနက်ရောင်ဝတ်ဆင်ထားသောလူသည် ကိုက်ဆိုက်ရာမြင် စောင့်
ကြည့်နေ၏။

ထိုအချိန်တွင် ပေ့ထင်းဝေကလက်နှစ်ဖက်ဖြင့်ယပ်ပြင်းကို
သသာအယာစမ်းပြီးအပေါ်သို့လှန်ကြည့်ခွာချလိုက်သည်။

သူ့မျက်နှာပေါ်တွင် တပ်ဆင်ထားသောမျက်နှာဖုံးအား
ခွာချလိုက်ခြင်းဖြစ်ကြောင်း ချောင်းကြည့်နေသော အနက်ရောင်ဝတ်
စုံနှင့်လူက သိသွားသည်။

သူ ကြောင်အမ်းအမ်းဖြစ်နေစဉ် ပေ့ထင်းဝေသည် မီးငြိမ်း
လိုက်ပြီး အခန်းထဲမှထွက်သွားလေတော့၏။

❋❋❋

အနက်ရောင်ဝတ်ဆင်ထားသောလူ ကျောက်ရုပ်တစ်ရုပ်ပမာမလှုပ်မယှက်ရပ်နေ၏။ ပေထင်းဝေမှာ မျက်နှာတုတစ်ခုစွပ်ထားခြင်းဖြစ်သည်ကို သူသိလိုက်သည်။ သို့သော် မီးငြိမ်းလိုက်သဖြင့် သူမျက်နှာကိုသေသေချာချာမမြင်တွေ့နိုင်ခဲ့ပေ။

သူသည် အံ့အားသင့်တွေဝေသွား၏။

ပေထင်းဝေသည် အဆိပ်ဘုရင်မဟုတ်ပါ။ ထိုအဘိုးအိုသည် အဆိပ်ဘုရင်ဖြစ်၏။ ကျန်ရှိသောအဘိုးအိုနှစ်ယောက်မှာမူ အဆိပ်ဘုရင်အတုများသာဖြစ်သည်။ ထိုလျှို့ဝှက်ချက်ကို သူကမဖျော်လင့်ဘဲတွေ့မြင်လိုက်ရသည်။

ဤသို့ဆိုလျှင် ပေထင်းဝေသည် မည်သူဖြစ်ပါသနည်း။

❋❋❋



အနက်ရောင်ဝတ်ထားသောလူသည် တစ်ခဏအကြာ စဉ်း...ပြီးနောက် အသင့်ပါလာသောဓားငယ်ဖြင့် ပြတင်းပေါက်ကို ...သန့်ဖွင့်လိုက်သည်။ ထို့နောက် အခန်းထဲသို့ပေါ့ပါးစွာခုန်ဝင်လိုက်...၏။ သူသည် မီးခြစ်ကိုခြစ်လိုက်သည်။

ပန်းချီကားချပ်အနီးသို့လျှောက်သွားပြီးမှ မီးကိုငြိမ်းလိုက်...သည်။ ပန်းချီကားချပ်ကိုအသာဖယ်၍ သေတ္တာကိုကိုင်လိုက်၏။ ...နောက် လျှို့ဝှက်သေတ္တာကိုလက်ဖြင့်စမ်း၍ဖွင့်ကြည့်လိုက်၏။

ဖွင့်မရဘဲဖြစ်နေ၏။ သူသည် မီးခြစ်ခြစ်လိုက်ပြန်သည်။ ...သေတ္တာငယ်အဖုံးကိုသေချာစွာကြည့်လိုက်၏။

ထို့နောက် သူ့အိတ်ထဲမှသံချောင်းလေးများကိုထုတ်ယူ...သည်။ ပြီးနောက် သံချောင်းကလေးများဖြင့် သော့ပေါက်ထဲသို့ ...ချောင်းပြီးတစ်ချောင်းစမ်းဖွင့်ကြည့်နေ၏။ ဆဋ္ဌမမြောက်သံ...ချောင်းကိုသော့ပေါက်ထဲသို့ထိုး၍လှည့်လိုက်သောအခါ...

"ချပ်...."

အသံနှင့်အတူသေတ္တာအဖုံးပွင့်သွား၏။ သူသည် ကျောက်...တ္တာများထည့်သောသေတ္တာငယ်ကိုနှိုက်ယူပြီး အသင့်ပါလာအိတ်...သို့ထည့်လိုက်သည်။ ထို့နောက် အကျႌအိတ်ထဲမှသေးငယ်သော...တစ်ခုကိုယူပြီး သေတ္တာထဲထားခဲ့လေသည်။ ပြီးနောက် အဖုံး...ပိတ်ကာ ပန်းချီကားချပ်ကို သူ့နေရာနှင့်သူ ပြန်လည်ချိတ်ထား

လိုက်သည်။

သူသည် ပြတင်းပေါက်မှထွက်ခွာလာပြီး လမ်းကလေးအတိုင်း မြို့ပြင်သို့ပြေးလွှားသွား၏။ ကစ်ခဏအကြာတွင် မြင်းခွာသံများဆူညံစွာထွက်ပေါ်လာသည်။ ထိုမြင်းခွာသံများသည် မှထုံးမြို့လေးမှတဖြည်းဖြည်းဝေး၍ဝေး၍သွားလေ၏။

❊❊❊

နံနက်ခင်း၏ရောင်ခြည်သည် ပြတင်းပေါက်မှတိုးဝင်လာ၏။ ကျင်းကျင်း အိပ်ရာနိုးလာသည်။ သူမသည်ပြတင်းပေါက်မှဖွင့်၍ လေကောင်းလေသန့်ရှူရန်ဟန်ပြင်လိုက်သည်။ သို့သော် ပြတင်းပေါက်မှာပွင့်နေသည်ကိုသတိပြုမိလိုက်၏။

ညအိပ်ရာဝင်စဉ်က သူမသည် ပြတင်းပေါက်ပိတ်ထားခဲ့သည်ကိုကောင်းစွာမှတ်မိသည်။ ယခုမှာမူ ပြတင်းပေါက်ပွင့်နေ၏။ သူမသည် အိပ်ပျော်နေသောယဉ်မေအားလှည့်ကြည့်လိုက်သည်။

ယဉ်မေကဖွင့်ထားသည်ဟု သူမယူဆမိ၏။

သူမသည် လေကောင်းလေသန့်ရှူပြီးနောက် မျက်နှာသစ်ရန်ရေချိုးရာသို့လျှောက်သွားလေသည်။ ထိုအချိန် စားပွဲပေါ်တွင် သေတ္တာငယ်တစ်ခုအား အမှတ်မထင်မြင်တွေ့လိုက်၏။

သူမသည် မျက်မှောင်ကြုတ်သွားသည်။



"ဘာသေတ္တာပါလိမ့်"

ထိုစဉ် ယဉ်မေကလည်း အိပ်ရာနိုးလာပြီးဖြစ်လေသည်။ သူမသည် ကျင်းကျင်းအိပ်ရာထနေသည်ကိုတွေ့ရ၍....

"အလုပ်မှမရှိဘဲ ဘာဖြစ်လို့စောစောစီးစီးထရတာလဲ"

ကျင်းကျင်းကပြုံးကာ....

"မစောတော့ပါဘူး"

ယဉ်မေ အိပ်ရာမှထလိုက်သည်။

သူမသည် မျက်နှာသစ်ရန်လျှောက်လာ၏။ သူမ၏မျက်လုံးသည် စားပွဲပေါ်ရှိသေတ္တာငယ်ပေါ်ရောက်ရှိသွားလေသည်။

"ညီမလေး ဘယ်ကသေတ္တာလေးလဲ"

ကျင်းကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မမ မသိဘူးလား"

ကျင်းကျင်းက....

"ကျွန်မလဲ အခုမှဒီသေတ္တာလေးကိုတွေ့တာ"

ယဉ်မေက....

"ဒါဖြင့် ဒီသေတ္တာလေးကိုဘယ်သူလာထားသွားတာလဲ"

ကျင်းကျင်းက အသာအယာခေါင်းညိတ်လိုက်သည်။

"ကျွန်မသိပြီ အစ်ကိုကျင်းဟူ လာထားတာဖြစ်မယ်"

ယဉ်မေက အခန်းတံခါးကိုကြည့်လိုက်သည်။

"ဟင်... အခန်းထဲမှာလဲ မင်းတုံးချထားပါလား"

ကျင်းကျင်းက ပြတင်းပေါက်ကိုညွှန်ပြလိုက်သည်။

"ပြတင်းပေါက်တံခါးပွင့်နေတယ်လေ"

ယဉ်မေက ခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုလေးက အခုထက်ထိ ပေါကြောင်ကြောင်နိုင်လှပါ တယ်"

ကျင်းကျင်းကတံခါးဖွင့်လိုက်၏။

"ကဲ... အစ်ကိုလေးဆီသွားမေးကြည့်ရအောင်"

သူမတို့သည် ကျင်းဟူအခန်းရှိရာသို့လျှောက်သွားလေ၏။

❋❋❋



ကျင်းဟူ၏အခန်းတံခါးမှာ ပိတ်လျက်ရှိနေသည်။

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခပ်ပြင်းပြင်းခေါက်လိုက်တော့မှ အခန်းတံခါးပွင့်သွား သသည်။ ကျင်းဟူက အခန်းတံခါးဖွင့်ပေးနေသော်လည်း အိပ်ချင် တူးဖြစ်နေသည်ကိုတွေ့ရ၏။ သူသည် အပျင်းတစ်ချက်ဆန့်ပြီး င်းကျင်းတို့အားကြည့်လိုက်လေသည်။

"စောစောစီးစီး ဘာကိစ္စရှိလို့လဲ"

ကျင်းကျင်းခါးထောက်လိုက်သည်။

"အစ်ကိုလေးက အတော်ဟန်ဆောင်ကောင်းတယ်"

ကျင်းဟူက သူမမျက်နှာကိုစိုက်ကြည့်လိုက်သည်။

"ဘာပြောတယ်"

ယဉ်မေကရယ်မောလိုက်သည်။

"အစ်ကိုလေးဟန်ဆောင်ကောင်းတယ်လို့ သူကပြောနေ ယ်"

ကျင်းဟူကခေါင်းကုတ်လိုက်သည်။

"ရှင်းရှင်းပြောစမ်းပါ... ကျုပ်ကဘာလုပ်နေလို့လဲ"

ကျင်းကျင်းက စကားဆက်မပြောတော့ဘဲ သူ့လက်ကိုဆွဲ သည်။

"ကျွန်မတို့အခန်းလိုက်ခဲ့"

ကျင်းဟူသည် နားမလည်နိုင်သောအကြည့်ဖြင့် ကျင်းကျင်း ဆွဲခေါ်ရာနောက်သို့လိုက်ပါသွားသည်။

❋❋❋

ကျင်းကျင်းသည် ကျင်းဟူအား သူမအခန်းထဲသို့ဆွဲခေါ်ပြီး နောက် စားပွဲပေါ်မှထားရှိသောသေတ္တာလေးကိုညွှန်ပြကာ...

"ဒီသေတ္တာလေးကို ဘယ်သူလာထားတာလဲ"

ကျင်းဟူသည် သေတ္တာလေးအား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။ ထို့နောက် ကျင်းကျင်းအား ကြည့်လိုက်သည်။

"ဘယ်သူလာထားသွားတာလဲဟုတ်လား"

ကျင်းကျင်းကနှုတ်ခမ်းစူလိုက်သည်။

"အစ်ကိုလေးက လူကိုတမင်သက်သက်အရူးလုပ်တာပဲ"

"ဟောဗျာ"

ကျင်းဟူက အူကြောင်ကြောင်ဖြင့်ခေါင်းကိုကုတ်လိုက်၏။ သူသည် ယဉ်မေအားလှည့်၍မေးလိုက်သည်။

"ပြောစမ်းပါဦး... ဘာတွေဖြစ်နေလို့လဲ၊ ဒီသေတ္တာဘယ်က ရတာလဲ"

ကျင်းကျင်းကပြတင်းပေါက်ကိုညွှန်ပြလိုက်သည်။

"အစ်ကိုလေးက ကျွန်မတို့အိပ်နေတုန်းမှာ ဒီပြတင်းပေါက်



ငုံပြီးဝင်လာတယ်... ဟောဒီသေတ္တာလေးကို စားပွဲပေါ်တင်ပြီး း ထွက်သွားတယ်မဟုတ်လား"

ကျင်းဟူပါးစပ်ပိတ်သွားလေ၏။

ကျင်းကျင်းကစကားဆက်လိုက်သည်။

"ကဲ... ပြောစမ်းပါ၊ ဒီသေတ္တာကို ဘာကြောင့် ဒီကိုလာပို့ လဲ... သေတ္တာထဲမှာဘာရှိသလဲ"

"ဟောဗျာ"

ကျင်းဟူ စိတ်ပျက်စွာဖြင့်ကုလားထိုင်ပေါ်ထိုင်ချလိုက်၏။

"မင်းတို့က ငါ့ကိုမေးတော့ ငါက ဘယ်သူ့ကိုသွားမေးရမှာ

ယဉ်မေမျက်မှောင်ကြုတ်သွားသည်။

"နို့ ဒီသေတ္တာလေးကို အစ်ကိုလေးလာထားတာမဟုတ် :လား"

ကျင်းဟူခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးဗျ"

ကျင်းကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"အစ်ကို တကယ်ပြောနေတာလား"

ကျင်းဟူက လက်ဝါးတစ်ဖက်မြှောက်ပြလိုက်၏။

"အစ်ကိုက ဘာဖြစ်လို့လိမ်ပြောရမှာလဲ"

ကျင်းကျင်းနှင့်ယဉ်မေတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ထို့နောက် စားပွဲပေါ်ရှိသေတ္တာလေး အဖုံးကိုဖွင့်ကြည့်လိုက်သည်။ ကျောက်သံပတ္တမြားမှ ထွက်ပေါ်လာသော အရောင်များသည် မျက်လုံးကျိန်းမတတ်ပြိုးပြက်သွားလေသည်။

ထိုတဒင်္ဂအချိန်တွင် သူတို့သုံးယောက်သည် ရုတ်တရက် အသက်ရှူရပ်တန့်သွားသည့်အလား မလှုပ်မယှက်ကျောက်ရုပ်ပမာ ရပ်တန့်သွားသည်။ အတန်ကြာမှ သူတို့သုံးယောက်ပြန်လည်အသက်ဝင်လာကြသည်။ ကျင်းဟူကစကားစလိုက်သည်။

"ကျောက်သံပတ္တမြားတွေပါလား"

ယဉ်မေနှင့်ကျင်းကျင်းတို့ ပြိုင်တူခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်… တန်ဖိုးနည်းမှာမဟုတ်ဘူး"

ကျင်းဟူက သူမတို့အား တစ်လှည့်စီကြည့်လိုက်သည်။

"ညီမတို့ ဘယ်ကရလာတာလဲ"

"ဟောတော့"

ယဉ်မေနှင့်ကျင်းကျင်းတို့အံ့သြသွား၏။

သူတို့နှစ်ယောက်သည် ကျင်းဟူအားပြိုင်တူကြည့်လိုက်၏။

"အစ်ကိုလာထားတာမဟုတ်ဘူးလား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးညီမတို့ရယ်"



ကျင်းကျင်းသည် ကျောက်သံပတ္တမြားထဲတွင် စာရွက်ခေါက်လေးတစ်ခုကိုတွေ့မြင်သွားသည်။ သူမသည် စက္ကူခေါက်လေးကိုလှမ်းယူပြီးဖြန့်ကြည့်လိုက်သည်။ ယဉ်မေနှင့်ကျင်းဟူတို့သည် ကျင်းကျင်းအနားသို့ကပ်ကာပြိုင်တူဖတ်ကြည့်ကြသည်။

စက္ကူပေါ်၌…

*"စေတနာရှင်များခင်ဗျာ… ကျွန်ုပ် အမှတ်မထင် ခင်ဗျားတို့သုံးယောက် မိဘမဲ့ကလေးဂေဟာတည်ထောင်ဖို့ တိုင်ပင်နေတာကြားသိခဲ့ရပါတယ်၊ ငွေကြေးအတွက် အခက်အခဲရှိနေတာကိုလဲကြားသိရပါတယ်၊ ဒါကြောင့် ဒီရတနာသေတ္တာကို လှူဆိုးလက်ထဲက ထုတ်ယူပြီး မိဘမဲ့ဂေဟာရန်ပုံငွေအတွက်လှူဒါန်းလိုက်ပါတယ်"*

စာရွက်အောက်တွင်နာမည်ရေးထားခြင်းမရှိဘဲ ပျံလွှားတစ်ကောင်ပုံရေးဆွဲထားသည်ကိုတွေ့ရသည်။

❋❋❋

## ပျံလွှား

ကျင်းဟူတို့သုံးယောက်သည် တစ်ယောက်မျက်နှာ တ
ယောက်ငေး၍ကြည့်မိကြသည်။ အတန်ကြာတော့မှ ကျင်းဟူ
ကျင်းကျင်းကိုကြည့်လိုက်သည်။

"ညီမ ပျံလွှားကိုသိလို့လား"

ကျင်းကျင်းမျက်လုံးပြူးကျယ်သွားသည်။

"အို... ကျွန်မကဘယ်လိုလုပ်သိမှာလဲ"

"ယဉ်မေရော"

ယဉ်မေခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်မလဲမသိဘူး"

ကျင်းဟူခေါင်းကုတ်လိုက်သည်။

"ပျံလွှားဘယ်သူလဲဆိုတာ အားလုံးကမသိဘူးဆိုရင်
ပစ္စည်းကိုလက်ခံဖို့သင့်မသင့် စဉ်းစားရလိမ့်မယ်"

ယဉ်မေကရယ်လိုက်၏။



"ကျွန်မတို့က ပျံလွှားဆိုတာ ဘယ်သူမှန်းမှမသိကြတာ၊
ဘယ်လိုလုပ်ပြန်ပေးကြမှာလဲ"

ကျင်းကျင်းက သေတ္တာအဖုံးကိုပိတ်လိုက်သည်။

"သူက မိဘမဲ့ကလေးဂေဟာအတွက်လို့သေသေချာချာ
ရုံးထားသားပဲ၊ အဲ့ဒီတော့ ပြန်ပေးစရာမလိုဘူး... ဒါတွေကိုထုခွဲပြီး
မိဘမဲ့ကလေးဂေဟာအမြန်ဆုံးအကောင်အထည်ဖော်မယ်"

ယဉ်မေက လက်ခုပ်လက်ဝါးတီးလိုက်သည်။

"ကောင်းတယ်မမ... သဘောကျတယ်"

ကျင်းပဲ့မှာမူ တွေဝေသွားသည်။

ကျင်းကျင်းက သူ့အားမျက်လုံးပြူး၍ကြည့်လိုက်သည်။

"ဘာလဲ... အစ်ကိုလေးကသဘောမတူဘူးလား"

ကျင်းဟူ ကမန်းကတန်းခေါင်းညိတ်လိုက်သည်။

"တူပါတယ်ဗျာ... တူပါတယ်"

ယဉ်မေနှင့်ကျင်းကျင်းတို့ ပြိုင်တူရယ်မောလိုက်ကြ၏။

ကျင်းဟူလည်းအားရပါးရရယ်မောလိုက်သည်။

"ဟား... ဟား... ဟား"

ရယ်မောသံများသည် အခန်းတစ်ခုလုံးဆူညံသွား၏။

❋❋❋

အခန်းတစ်ခုလုံး အသံများဖြင့်ဆူညံသွားလေသည်။

ပေထင်းဝေသည် လက်နှစ်ဖက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။ အဘိုးအိုသုံးယောက်သည် ကုလားထိုင်များတွင်တန်းစီ၍ထိုင်နေ၏။ လက်ဝဲရံနှင့်လက်ယာရံတို့မှာ မျက်စိမျက်နှာ မကောင်းဘဲခေါင်းငုံ့ထားကြသည်။ ပေထင်းဝေက ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ ခြေလှမ်းရပ်တန့်လိုက်သည်။

"မင်းတို့ ဘာအသုံးကျသလဲ"

သူ့လက်ညှိုးသည် လက်ဝဲရံနှင့်လက်ယာရံနှာခေါင်းသို့ ထိလုမတတ်တစ်ငေါက်ငေါက်ထိုး၍ ပြစ်တင်ကြိမ်းမောင်းနေသည်။

"ငါတို့ ကြိုးစားကြံစည်လို့ ရထားတဲ့ရတနာသေတ္တာတို့အခုတော့ သူများယူသွားပြီ"

သူသည် လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။

"အံ့ပါရဲ့ကွာ... မင်းတို့က လုံခြုံရေးအပြည့်ချထားလျက်နဲ့အခုလိုအရှုံးခံရတယ်လို့"

လက်ဝဲရံနှင့်လက်ယာရံတို့သည် စကားတစ်ခွန်းမှမပြောဘဲကြဘဲ ခေါင်းငုံ့ထားလိုက်ကြသည်။

"ဟား... ဟား... ဟား"

အဘိုးအိုသုံးယောက်အနက်... အလယ်တွင်ထိုင်နေသော အဘိုးအိုက လက်ခုပ်လက်ဝါးတီး၍ရယ်မောလိုက်သည်။



"ခင်ဗျားရဲ့ဟန်ဆောင်တဲ့ပညာက တော်တော့်ကိုကောင်းတယ်ဗျို့"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း.... ချီးကျူးလောက်ပါပေတယ်"

ပေထင်းဝေကလှည့်ကြည့်လိုက်၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ"

အဘိုးအိုကပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်ဘာကိုဆိုလိုတယ်ဆိုတာ ခင်ဗျားသိပါတယ်"

ယမ်းပုံမီးကျသွားသည့်အလား ပေထင်းဝေ ဒေါသချောင်းချောင်းထွက်လာသည်။

"ခင်ဗျားစကားကြည့်ပြောပါ... ကျုပ်က ဒီပစ္စည်းကို လက်စသုတ်တယ်လို့ထင်နေသလား"

အဘိုးအိုက....

"ထင်နေတာမဟုတ်ပါဘူး... ခင်ဗျားကလွဲလို့ ဘယ်သူကသိုဝှက်နေရာကိုသိမလဲဗျ"

သူသည် စကားဆက်လိုက်သည်။

"ကျုပ်သိပါတယ်ဗျာ... ခင်ဗျားက ကျုပ်ကိုမပေးချင်လို့ အခုလိုအကွက်ဆင်လိုက်တာမဟုတ်လား"

ပေထင်းဝေက သူ့အားလှည့်ကြည့်လိုက်သည်။

"ကျုပ် ခင်ဗျားကိုပြောစရာမလိုဘူး... ခင်ဗျားလိုချင်တဲ့ငွေ ကိုကျုပ်ပေးနိုင်တယ်"

သူသည် လက်ယာရံဘက်သို့လှည့်ကြည့်လိုက်သည်။

"ငွေနှစ်သောင်းယူပြီး သူ့ကိုပေးလိုက်ပါ"

အဘိုးအိုကလက်ကာပြလိုက်သည်။

"နေဦး... ဒီငွေနှစ်သောင်းနဲ့ကျုပ်ဘာလုပ်ရမှာလဲ"

သူသည် လက်ငါးချောင်းထောင်ပြလိုက်သည်။

"ကဲပါလေ... ကျုပ်ကိုငွေငါးသောင်းပဲပေးပါ"

ပေ့ထင်းဝေက....

"ငါးသောင်းတော့မလုပ်ပါနဲ့ဗျာ... သုံးသောင်းယူပါ"

နောက်ဆုံး သူတို့သည် လေးသောင်းဖြင့်သဘောတူလိုက် ကြလေသည်။ လက်ယာရံသည် ငွေသုံးသောင်းယူ၍ အဘိုးအိုလက် သို့ပေးအပ်လိုက်သည်။ အဘိုးအိုက ကျေးဇူးတင်စကားပင်မပြောဘဲ ငွေကိုပိုက်၍ထွက်ခွာသွားလေသည်။ ပေ့ထင်းဝေက လက်ယာရံနှင့် လက်ဝဲရံတို့အား ခေါင်းတစ်ချက်ဆတ်ပြလိုက်လေသည်။ လက်ဝဲရံနှင့် လက်ယာရံတို့သည်ပြိုင်တူအရိုအသေပြုပြီး အဘိုးအိုတို့နောက်သို့ တိတ်တဆိတ်လိုက်သွားတော့သည်။

❋❋❋



အဘိုးအိုသည် ငွေလေးသောင်းပိုက်၍ မူထုံးမြို့ကလေးမှ ထွက်ခွာလာလေသည်။ သူသည် တစ်နေရာတွင်စခန်းချ၍ သူ့အဆိပ် ဆေးပညာများကိုဆက်လက်ဖော်စပ်ရန် ဆုံးဖြတ်ထားလေသည်။

သို့ကြောင့် သူသည် ဆေးဝါးများစွာရောင်းချနိုင်သော မြို့ကြီးပြကြီးသို့သွားရောက်ရန် စိတ်ကူးမိသည်။ မူထုံးမြို့နှင့်အနီးဆုံး ဖြစ်သောမြို့ကြီးမှာ လုယန်မြို့ဖြစ်သည်။ ထို့ကြောင့် သူသည် လုယန်မြို့ သို့ ဦးတည်လျှောက်သွားလေသည်။

သူသည် တစ်ယောက်တည်းလျှောက်သွားရင်း...

ညနေဆည်းဆာချိန်သို့ရောက်ရှိလာသောအခါ လုယန်မြို့ နှင့်မိုင်အနည်းငယ်အကွာသို့ရောက်လာသည်ကိုတွေ့ရသည်။

ထိုစဉ်.... လူနှစ်ယောက်သည် သူ၏သွားလမ်းကိုပိတ်၍ ရပ်တန့်လိုက်လေသည်။ ထိုလူနှစ်ယောက်မှာ တစ်ယောက်ကကြေး မျက်နှာဖုံးတစ်ခုတပ်ဆင်ထားပြီး ကျန်တစ်ယောက်ကငွေရောင် မျက် နှာဖုံးတပ်ဆင်ထားလေသည်။ သူတို့တစ်ကိုယ်လုံး မီးခိုးရောင်ဝတ် စုံဖြင့်ခြုံလွှားထားသည်။

အဘိုးအို ခြေလှမ်းတုံ့ခနဲရပ်သွားသည်။

သူသည် အခြေအနေမဟန်မှန်းသိလိုက်လေသည်။

"မင်းတို့ ဘယ်ကုလဲ"

ထိုလူနှစ်ယောက် စကားတစ်ခွန်းမှမပြောပါ။

"ချွမ်း...."

"ချွမ်း...."

မားကိုယ်စီဆွဲထုတ်ပြီးဘယ်ညာညှပ်ပူးညှပ်ပိတ်ဖြင့် အ အိုအားတိုက်ခိုက်လိုက်လေသည်။

အဘိုးအိုက ကမန်းကတန်းရှောင်တိမ်းလိုက်လေသည်

"ဟေ့... ကျုပ်ကိုဘာရန်ငြိုးနဲ့အခုလိုတိုက်ခိုက်ရတာလဲ"

ထိုလူနှစ်ယောက်က စကားမပြောဘဲ သဲသဲမဲမဲတိုက်ခိုက် နေသည်။ အဘိုးအိုသည်ခုခံတိုက်ခိုက်ရင်း နောက်သို့လှည့်ပြေး သည်။ ထိုလူနှစ်ယောက်က ထက်ကြပ်မကွာလိုက်သည်။

အဘိုးအိုသည် ထိုသူနှစ်ယောက် အနီးသို့ရောက်လာသ အခါမှ နောက်ပြန်လှည့်၍တိုက်ခိုက်လိုက်၏။ အဘိုးအိုသိုင်းပညာ မခေပါ။ ထိပ်တန်းသိုင်းသမားတစ်ယောက်အဆင့်ရှိသည်။

သို့သော် ထိုလူနှစ်ယောက်၏သိုင်းပညာမှာလည်း အ မနိမ့်ပါ။ တစ်ယောက်ချင်းဆိုလျှင် အဘိုးအိုအနေဖြင့် အသာစီးရ သော်လည်း ယခုမူ နှစ်ယောက်နှင့်တစ်ယောက် ရင်ဆိုင်နေရ သ အဘိုးအိုက တပန်းရှုံးနေသည်။

ထိုလူနှစ်ယောက်မှာ မိမိအားသုတ်သင်ရန် ပေထင်း စေလွှတ်လိုက်ခြင်းဖြစ်မည်ဟုနားလည်လိုက်သည်။

ထို့ကြောင့် အဘိုးအိုသည် ကြိုးစားခုခံရင်း....



လုယန်မြို့ဘက်သို့ဦးတည်၍ တဖြည်းဖြည်းဆုတ်သွား၏။

ထိုလူနှစ်ယောက်သည် ဝိုင်းပြင်းထန်စွာတိုက်ခိုက်လာ၏။ ကြောင့် အဘိုးအို၏ခန္ဓာကိုယ်မှာ ဒဏ်ရာသုံးလေးနေရာရရှိသွား လေသည်။

ထိုလူနှစ်ယောက်ပုံဟန်မှာ အဘိုးအိုအား အသေသတ်ရန် ဖြတ်ထားသည်နှင့်တူလှပေသည်။ အဘိုးအိုသည် အသက်ပင် ကြီး သော်ငြားလည်းဇွဲရှိသည်။ သတ္တိကောင်းသည်။ သူသည် ဒဏ်ရာရရှိ ားသော်လည်း လွယ်လွယ်နှင့်လက်မလျှော့ပါ။

ခုခံရင်း လုယန်မြို့ရှိရာသို့ဆုတ်ခွာနေသည်။ သူ့အနေဖြင့် ယန်းမြို့သို့အရောက်သွားနိုင်မည်ဆိုလျှင် အသက်ချမ်းသာရာရ ည်ဟု ယုံကြည်ထားလေသည်။ အကြောင်းမှာ.... လုယန်မြို့သည် အာပိုင်ရုံးစိုက်ရာမြို့ဖြစ်သောကြောင့်ပင်။

လူနေအိမ်ထူထပ်ပြီး အလွန်စည်ကားသည်။ ထိုလူသတ် သမားနှစ်ယောက်သည် သူ့အားလူပုံအလယ်၌တိုက်ခိုက်ဝံ့မည်မ တ်ပေ။ သူ့အနေဖြင့် အသက်ချမ်းသာရာရရန် ဤအခွင့်လမ်းတစ် သာရှိ၏။ ထို့ကြောင့် ရရှိသောဒဏ်ရာကိုမမှုဘဲ အံကိုတင်းတင်း ကြိတ်ကာခုခံရင်း လုယန်မြို့သို့တဖြည်းဖြည်းဆုတ်ခွာခဲ့ခြင်းဖြစ်ပေ သည်။

❋❋❋

ကျင်းကျင်းသည် အလုပ်ရှုပ်နေသည်။ သူမသည် ကျောက် မျက်ရတနာများစွာကိုရရှိထားပြီမဟုတ်ပါလော။

ထို့ကြောင့် ယင်းရတနာအချို့ကို ရတနာဆိုင်များနှင့်ဆက် သွယ်ပြီးထုခွဲရောင်းချရသည်။ ရတနာဆိုင်များသည် ယင်းပစ္စည်း များမှာ မှန်မှန်ကန်ကန်ရရှိလာသောပစ္စည်းမဟုတ်မှန်းအကဲခတ်မိ သဖြင့် ကုန်သည်ပီပီဈေးနှိမ်၍ဝယ်ယူလိုက်လေသည်။

ဤသည်ကို ကျင်းကျင်းကမမှုပါ။ အရေးအကြီးဆုံးမှာ ကျယ်ဝန်းသောခြံဝင်းတစ်လုံးဝယ်နိုင်ရန်သာဖြစ်သည်မဟုတ်ပါလော။

တည်းခိုခန်းမှဆိုင်လုလင်တို့သည် အလွန်ပါးနပ်သောလူ များဖြစ်ကြသည်။ ကျင်းကျင်းတို့ ငွေအမြောက်အမြားရထားသည်ကို သိရှိထားသောကြောင့် သူတို့သည် ပွဲစားများနှင့်ဆက်သွယ်ကာ ခြံ ဝင်းများကိုလိုက်လံရှာဖွေသည်။

ရှာဖွေတွေ့ရှိသောခြံဝင်းများကိုလည်း ကျင်းကျင်းတို့အား လာရောက်ပြောဆိုပြသကြသည်။ ကျင်းကျင်းသည် ခြံဝင်းလေး လုံးခန့်လိုက်လံကြည့်ရှုခဲ့ပြီးဖြစ်သော်လည်း သဘောမကျချေ။

သို့သော် နောက်ဆုံးတွင် သူမသည် လုယန်မြို့အမှတ် [illegible] လမ်းထဲတွင်ရှိသောခြံဝင်းတစ်ခုအား မျက်စိကျသွားလေသည်။

ပွဲစားများသည် လူကဲခတ်ပညာတွင် ဗေဒင်ပညာရှင်များ ထက်ပင် ကျွမ်းကျင်သူများဖြစ်ကြသည်။



သူတို့သည် ကျင်းကျင်းမျက်နှာပေါ်တွင် ကျေနပ်မှုအရိပ် အယောင်ဖော်ပြနေသည်ကိုတွေ့မြင်သည်နှင့် ခြံတန်ဖိုးကိုမပြောဘဲ ပွဲစားခကြေးငွေကို စတင်ပြောကြားလေသည်။

ပွဲစားကြီးက....

“ဒီခြံဝင်းကိုကြိုက်ရင် ကျွန်တော်တို့ကို ပွဲခတစ်ထောင်ငါးရာ တိပေးရလိမ့်မယ်”

ယဉ်မေ အံ့အားသင့်သွားသည်။

“ခြံကိုဝယ်ဖြစ် မဖြစ်မသိရသေးဘူး.... ရှင်တို့က ပွဲခတောင်း တာအရင်ပဲ”

ပွဲစားကြီးကမျက်နှာချိုသွေးလိုက်သည်။

“ဒါကတော့ ကျုပ်တို့လုယန်းမြို့ရဲ့ထုံးစံပါ။ မဝယ်ဖြစ်ရင်လဲ ပေးစရာမလိုပါဘူး”

ကျင်းဟူစိတ်ရှုပ်သွားသည်။

“ပွဲခတော့ထုံးစံအတိုင်းပေးမှာပေါ့... ခြံရှင်နဲ့စကားပြောပါ စေဦး”

ထိုစကားကြားလိုက်ရသောအခါ ပွဲစားကြီး စိတ်ချသွားလေ သည်။ သူသည် ကမန်းကတန်း မျက်နှာချိုသွေးကာ....

“ဟုတ်ကဲ့... အထဲကိုကြွပါ။ ခြံရှင်နဲ့တွေ့ပေးပါတယ်”

❋❋❋

ခြံပိုင်ရှင်သည် အသက် (၇၀)ကျော်ခန့်ရှိသောအဘိုးအို တ
ယောက်ဖြစ်သည်။ သူသည် ကျင်းဟူတို့သုံးယောက်အား ခြံဝင်း
တစ်ခုလုံးကိုလိုက်လံပြသလေ၏။

"ကျုပ်တို့ခြံက လုယန်းမြို့မှာ အကျယ်ဆုံးပါ၊ အဆော
အဦးတွေ မွမ်းမံပြင်ဆင်မထားလို့ မျက်နှာပန်းမလှတာပါ၊ နည်းနည်း
ပါးပါးပြုပြင်လိုက်ရင် အတော်ကိုကျက်သရေရှိတာတွေ့ရပါလိ
မယ်"

အိမ်ရှင်အဘိုးအိုသည် ယင်းသို့ပြောပြရင်း သူတို့အား တို
ခန်းထဲသို့ခေါ်ဆောင်လာလေသည်။ ထို့နောက် ဝိုင်းဖွဲ့ထိုင်ကြ

ကျင်းဟူက....

"ဦးက ဒီခြံဝင်းရောင်းလိုက်ရင် ဘယ်မှာသွားနေမှာလဲ"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဦးအနေနဲ့နေစရာမရှားပါဘူးကွယ်၊ ဒီခြံဝင်းကိုသံယော
ရှိလို့ ဘယ်ကိုမှမသွားတာ"

ကျင်းဟူက....

"ဒါဖြင့် အခုဘာဖြစ်လို့ရောင်းချင်ရတာလဲ"

အဘိုးအိုက သူ့အားကြည့်လိုက်၏။

"ဒါနဲ့ မင်းတို့ခြံဝင်းဝယ်တယ်ဆိုတာ မိဘမဲ့ကလေးဂေဟာ
ဖွင့်မလို့ဆို"



ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

အဘိုးအိုမျက်နှာတစ်ခုလုံးရွှင်ပျသွား၏။

"ဒါကြောင့် ကျုပ်ကရောင်းတာ"

သူသည် မုတ်ဆိတ်မွေးကိုလက်ဖြင့်သပ်ကာ....

"ဒီခြံဝင်းကိုဝယ်ချင်တဲ့လူတွေမနည်းဘူး... ဦးကမရောင်း
ခဲ့ဘူး"

"ဘာဖြစ်လို့မရောင်းတာလဲ ဦး"

အဘိုးအိုက....

"ဒီခြံဝင်းကိုသံယောဇဉ်ကြီးလို့လေ"

သူသည် စကားဆက်လိုက်သည်။

"အခုလဲဝယ်မဲ့သူက မိဘမဲ့ကလေးဂေဟာအတွက်ဆိုလို့
ကျုပ်ကရောင်းချင်တဲ့စိတ်ပေါက်လာတာပါ"

ကျင်းဟူဦးညွှတ်လိုက်၏။

"အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ"

ကျင်းကျင်းက....

"ဒါနဲ့ဦးက ဒီခြံကိုဘယ်လောက်နဲ့ရောင်းမှာလဲ"

အဘိုးအိုက လက်ခုနစ်ချောင်းထောင်ပြလိုက်၏။

"ခုနစ်သောင်းပဲယူပါ့မယ်"

ကျင်းကျင်း ဝမ်းသာသွားလေသည်။

"ဟုတ်ကဲ့... ကျွန်မစျေးမဆစ်တော့ပါဘူး"

သူမသည် အသင့်ပါလာသောငွေလက်မှတ်များကိုရေတွက်၍ပေးလိုက်လေ၏။ အဘိုးအိုက လက်ကာပြလိုက်သည်။

"ဒီငွေကို ဦးလက်ထဲမှာမထားချင်သေးဘူး၊ သမီးဆီမှာပဲ အပ်ထားပါရစေ"

ကျင်းကျင်းမျက်လုံးအစုံပြူးကျယ်သွားလေ၏။

အဘိုးအိုကပြုံးလိုက်သည်။

"အထင်မလွဲပါနဲ့... ကျုပ်က ငွေလက်ခံရရှိကြောင်းနဲ့ အိမ်ခြံအရောင်းအဝယ်စာချုပ်ပါ ချုပ်ပေးလိုက်မှာပါ"

ကျင်းကျင်းနှင့်ယဉ်မေတို့သည် မယုံကြည်စွာဖြင့် အဘိုးအိုအားကြည့်နေမိသည်။ အဘိုးအိုကသက်ပြင်းတစ်ချက်ချကာ...

"မင်းတို့သုံးယောက်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုမွန်မြတ်တဲ့စိတ်ထားရှိပြီး အများအတွက် အကျိုးရှိတဲ့လုပ်ငန်းကိုလုပ်နေတာမြင်ရတော့ ကျုပ်လဲ သံဝေဂရလာပါတယ်၊ ဒါကြောင့် ဒီလုပ်ငန်းထဲမှာ ဦးကိုလဲ တစ်တပ်တစ်အားပါဝင်ခွင့်ပြုပါ"

ကျင်းကျင်း ဝမ်းသာစွာပြောလိုက်သည်။

"ဟာ... ဦးလေး သိပ်ကောင်းတာပဲ၊ ကျွန်မတို့ကြိုဆိုပါတယ်ရှင်"



ကျင်းဟူနှင့်ယဉ်မေတို့ကလည်း ဝမ်းသာပျော်မြူးသွားကြသည်။ သူတို့လုပ်ငန်းထင်ထားသည်ထက် ပိုမိုချောမွတ်အောင်မြင်လာနေသည်မဟုတ်ပါလော။

***

ပွဲစားကြီးသည် အိမ်အရောင်းအဝယ်စာချုပ် ရေးသားချုပ်ဆိုပြီးနောက် သက်သေနေရာတွင် လက်မှတ်ရေးထိုးလိုက်သည်။ ထို့နောက် ရောင်းသူဝယ်သူနေရာ လက်မှတ်ရေးထိုးစေပြီးသည်နှင့် လက်ဝါးဖြန့်လိုက်သည်။

"ကျုပ်ကိုပွဲခ မစပါခင်ဗျာ"

ကျင်းကျင်းသည် တစ်ထောင့်ငါးရာတန်ငွေလွှဲလက်မှတ်တစ်ရွက်ပေးလိုက်လေသည်။ ဆိုင်လုလင်ကိုလည်း ငွေနှစ်ရာပေးလိုက်ရသည်။

***

အဘိုးအိုသည်မောဟိုက်နေပြီဖြစ်သည်။ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသောကြောင့် ဒဏ်ရာမှသွေးများသည်စီးဆင်းကျနေ ပြင်းထန်စွာလှုပ်ရှားလေလေ သွေးများပို၍ကျလေလေဖြစ်သည်။ လူသတ်သမားနှစ်ယောက်သည် အဘိုးအို၏အကြံကိုရိပ်စားမိသဖြ လွယ်နိုင်မြို့ဘက်သို့မသွားနိုင်စေရန် ပိတ်ဆို့တိုက်ခိုက်နေ၏။ အတ ကြာသော် အဘိုးအိုမှာခြေကုန်လက်ပန်းကျလာလေသည်။

“ဟား... ဟား... ဟား”

ကြေးရောင်မျက်နှာဖုံးတပ်ထားသူက ရယ်မောလိုက်

“အဘိုးကြီး မကြိုးစားနဲ့တော့ သေဖို့သာပြင်ထား”

ယင်းအသံကို အဘိုးအိုကချက်ချင်းမှတ်မိလိုက်၏။

“မင်း... မင်းကလက်ဝဲရံမဟုတ်လား”

ကြေးရောင်မျက်နှာဖုံးနှင့်လူ ခန္ဓာကိုယ်အနည်းငယ်တုန် သွားသည်။

သူသည် တစ်ချိန်လုံးစကားမပြောဘဲ ယခုမှလွှတ်ခနဲပြေ လိုက်မိသည်ကို နောင်တရသွားလေသည်။ ယခုမှတော့ မတတ် တော့ အဘိုးအိုအား အမြန်ဆုံးနှုတ်ပိတ်ရန်သာရှိတော့သည် မဟု ပါလော။

“ဟုတ်တယ်... ဒါပေမဲ့ ခင်ဗျားဘယ်သူ့ကိုမှပြောမပြနိ တော့ပါဘူး”



သူသည် ပြောပြီး လက်တစ်ချက်ဝှေ့ယမ်းပြီး ငွေရောင် က်နှာဖုံးနှင့်အတူ အဘိုးအိုအားသဲသဲမဲမဲတိုက်ခိုက်လိုက်သည်။

အဘိုးအိုမှာ မည်သို့မျှရှောင်တိမ်းနိုင်စွမ်းမရှိတော့ဘဲ လူ သတ်သမားဓားချက်မိကာမြေပေါ်သို့လဲကျသွားလေသည်။

ကြေးရောင်မျက်နှာဖုံးနှင့်လူက ဓားကိုမြှောက်၍ခုတ်ချမည် ပြုတွင် ရုတ်တရက် လူတစ်ယောက်က အဘိုးအိုရှေ့သို့ ဝင်ရောက် ပ်တန့်လိုက်သည်။ လူသတ်သမားနှစ်ယောက်မှာ အံ့အားသင့်ကာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားကြလေသည်။

❋❋❋

ကြေးရောင်မျက်နှာဖုံးနှင့်လူက ဝင်ရောက်လာသောလူအားကြည့်လိုက်၏။ ထိုလူမှာ အသက်အရွယ်ကြီးသောသမားတော်ကြီးတစ်ယောက်ဖြစ်သည်ကိုတွေ့ရသည်။

"ဒီမှာအဘိုးကြီး... ကျုပ်တို့ကိစ္စဝင်စွက်ရင် အသက်မရှည်ဘူးဆိုတာကြိုတင်ပြောထားပါရစေ"

သမားတော်ကြီးကသက်ပြင်းချလိုက်၏။

"မင်းတို့ဘယ်ကလဲ အသက်အရွယ်ကြီးတဲ့လူတစ်ယောက်ကို ပေါင်းပြီးအနိုင်ကျင့်တာမရှက်ဘူးလား"

ကြေးရောင်မျက်နှာဖုံးနှင့်လူက ငွေရောင်မျက်နှာဖုံးနှင့် လူအားကြည့်လိုက်သည်။ ထို့နောက် သမားတော်ကြီးအားခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ကာ....

"ခင်ဗျားဘယ်သူလဲ"

"အတုမဲ့သမားတော်ကြီးဆိုတာကျုပ်ပဲ"

ငွေရောင်မျက်နှာဖုံးနှင့်လူက....

"ဒီနာမည်ကြားဖူးသလိုပဲ"

ကြေးရောင်မျက်နှာဖုံးနှင့်လူက စိတ်မရှည်သံဖြင့်....

"ခင်ဗျားဘယ်သူပဲဖြစ်ဖြစ် ဘေးကိုဖယ်ပေးပါ။ နို့မဟုတ်ရင် ကျုပ်အဆိုးမဆိုနဲ့"

သမားတော်ကြီးက....



"ဒီလူဟာ ဒဏ်ရာတော်တော်ပြင်းပြင်းထန်ထန်ရနေပါပြီ၊ ဒါ့ကြောင့် သူ့ကိုမသတ်ပါနဲ့လို့မေတ္တာရပ်ခံနေတာပါ"

ငွေရောင်နှင့်လူက မားကိုဝှေယမ်းလိုက်သေလည်။

"အို... ပြောနေရင်ကြာတယ်၊ သူ့ကိုပါသတ်လိုက်"

သူသည် စကားဆုံးသွားသည်နှင့် အတုမဲ့သမားတော်ကြီးအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။ သမားတော်ကြီးသည် တိုက်ခိုက်မှုကိုရှောင်တိမ်းပြီး မြေပေါ်မှာလဲကျနေသောအဘိုးအိုအား ပခုံးပေါ်ထမ်း၍လုယန်မြို့ထဲသို့ပြေးလွှားသွားလေသည်။

လူသတ်သမားနှစ်ယောက်က ထက်ကြပ်မကွာလိုက်သွားခဲ့။ သို့သော် သမားတော်ကြီး၏ကိုယ်ဖော့ပညာမှာ သူမတူအောင်ထူးချွန်နေသောကြောင့် လူသတ်သမားနှစ်ယောက်မှာ မြို့အဝင်ဝမှပင် လှည့်ပြန်သွားရတော့သည်။

❋❋❋

ကျင်းဟူသည် တောင်းတစ် ကိုပခုံးပေါ်ထမ်း၍လမ်းခ ပေါ်၌လိုအပ်သောပစ္စည်းများကိုဝယ်ခြမ်းနေ၏။ လိုအပ်သောပစ္စည်း များကိုဝယ်ယူပြီးနောက် ခြံဝင်းထဲသို့ပြန်လည်ရောက်ရှိလာလေ၏ ခြံပိုင်ရှင်အဘိုးအိုက အမှိုက်သရိုက်များကိုရှင်းလင်းနေရင်း သူ့အား နှုတ်ဆက်လိုက်၏။

"ပစ္စည်းစုံစုံလင်လင်ရလာပြီလား"

"ဟုတ်ကဲ့ဦးလေး"

"ဩော်... ဒါနဲ့ မိန်းကလေးနှစ်ယောက် ဝယ်စရာရှိတယ် ဆိုပြီးထွက်သွားတာ မတွေ့လိုက်ဘူးလား"

ကျင်းဟူ ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ခဲ့ပါဘူးအဘ"

သူသည် ပစ္စည်းတောင်းကိုထမ်းကာ ညှိခန်းတွင်းသို့ဝင် ရောက်သွားသည်။ ပစ္စည်းတောင်းကိုချပြီး သူ့အခန်းထဲသို့ အနားယူ ရန်လျှောက်သွားသည်။ သူသည် အခန်းထဲသို့ခြေလှမ်းလှမ်းမိသည် နှင့် သူ့မျက်လုံးအစုံများပြူးကျယ်သွားလေသည်။

အကြောင်းမှာ သူ့အိပ်သောခုတင်ပေါ်တွင် သွေးချင်းချင်း ရဲနေသော အဘိုးအိုတစ်ယောက် လဲလျောင်းနေသည်ကို တွေ့မြင်ရ သောကြောင့်ဖြစ်သည်။ သူသည် သေချာစွာထပ်မံကြည့်လိုက်၏။

ထိုအခါ အဆိပ်ဘုရင်ဖြစ်ကြောင်းသိလိုက်ရသည်။



"ဒုက္ခပဲ... ဒီလူ ဘယ့်နှယ့်ဒီကိုရောက်လာပါလိမ့်"

ထိုအချိန်တွင် ကျင်းကျင်းနှင့်ယဉ်မေတို့ပြန်လည်ရောက်ရှိ ာကြသည်။

အိမ်ရှင်အဘိုးအိုပြောပြလိုက်သောကြောင့် ညှိခန်းထဲသို့ င်လာကြလေသည်။

သို့သော် ပစ္စည်းခြင်းတောင်းကိုသာတွေ့ရပြီး ကျင်းဟူအား တွေ့ရသဖြင့် အခန်းထဲသို့လိုက်လာခဲ့ကြသည်။

သူတို့သည် သွေးသံရဲရဲဖြင့် ခုတင်ပေါ်မှာလဲလျောင်းနေ သောအဘိုးအိုအားတွေ့မြင်ရသည့်အခါ ကျင်းဟူအား ထိတ်လန့်တ ားလှမ်းကြည့်မိလိုက်ကြလေသည်။

"အစ်ကိုလေးက သူ့ကိုသတ်လိုက်တာလား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"ဒါဖြင့် ဒီကိုဘယ်သူခေါ်လာတာလဲ"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"သူ အဆိပ်ဘုရင်မဟုတ်လား"

ကျင်းဟူ ခေါင်းညိတ်ပြလိုက်သည်။

"သူသေသွားပြီလား"

ကျင်းဟူ အသံထွက်လာလေသည်။

"မသိဘူး"

ကျင်းကျင်းနှင့်ယဉ်မေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကျင်းကျင်းက....

"အစ်ကိုလေး ဘယ်လိုဖြစ်တယ်ဆိုတာလဲပြောပြဦးမှ

ကျင်းဟူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မသိဘူး... ကျုပ်အခန်းထဲရောက်လာတာနဲ့ အခုလိုတွေ့ တော့တာပဲ"

ကျင်းကျင်းမျက်မှောင်ကုပ်သွား၏။

"ဒါဖြင့် တစ်ယောက်ယောက်က သူ့ကိုလာထားသွားတာ ဖြစ်မှာပေါ့"

"ဟုတ်မှာပေါ့"

"အဲဒီလူကဘယ်သူလဲ"

ထိုစဉ်မှာပင် အသံတစ်ခုထွက်ပေါ်လာသည်။

"ကျုပ်ခေါ်လာတာပါ"

ကျင်းဟူတို့သုံးယောက် နောက်သို့ပြိုင်တူလှည့်ကြည့် လိုက်ကြသည်။ ထိုအခါ အခန်းဝတွင် အတုမဲ့သမားတော်ကြီး ရ နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

❋❋❋



ကျင်းဟူက ခေါင်းကုတ်လိုက်သည်။

"ခင်ဗျားက သူ့ကိုသတ်လိုက်တယ်ဟုတ်လား"

"မဟုတ်ဘူး"

"ဒါဖြင့် သူ့ဒဏ်ရာက...."

"လူသတ်သမားနှစ်ယောက်က သူ့ကိုလိုက်သတ်နေတုန်း ကျုပ်ကကယ်ခဲ့တာ"

ယဉ်မေက သမားတော်ကြီးအား နားမလည်နိုင်သော အကြည့်ဖြင့်ကြည့်လိုက်သည်။

"သူ အဆိပ်ဘုရင်ဆိုတာ ဦးကသိထားတယ်ဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်၏။

"သိလို့လဲ သူ့ကိုလူသတ်သမားလက်ထဲက ကယ်လိုက်တာ ပေါ့"

ကျင်းဟူခေါင်းကုတ်လိုက်သည်။

"ဒါနဲ့ အဆိပ်ဘုရင်က ဦးရဲ့ရန်သူမဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်၏။

"အဆိပ်ဘုရင်နဲ့ဆိုရင် ငါ့ရန်သူပေါ့"

သူက စကားမဆုံးသေးပါ။

"ဒါပေမဲ့ တစ်ဘက်ကကြည့်မယ်ဆိုရင် သူက ငါ့ရဲ့အရင်းနှီး ဆုံးသွေးသားကွယ့်"

ကျင်းဟူတို့သုံးယောက် နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ဦး ဘာကိုဆိုလိုတာလဲ"

သမားတော်ကြီးကသက်ပြင်းချလိုက်သည်။

"အင်း.... မင်းတို့ နားလည်အောင်ပြောမယ်ဆိုရင် သူ
ကျုပ်ရဲ့ညီအရင်းပါ"

"ဗျာ"

"ရှင်"

ကျင်းဟူနှင့်ယဉ်မေတို့အံ့အားသင့်ကုန်ကြလေသည်။

သမားတော်ကြီးကသက်ပြင်းချလိုက်ပြန်၏။

"ဟုတ်တယ်... သူကကျုပ်ရဲ့ညီအရင်းပဲ"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာ သူက ဦးထက်တောင် အသက်ကြီးနေတာ
မဟုတ်လား"

သမားတော်ကြီး မချိပြုံးပြုံးပြလိုက်သည်။

"သူက ဦးထက် အသက်ငါးနှစ်လောက်ငယ်တယ်၊ ဒါပေ
သူဟာ အတော်လေးဆိုးသွမ်းခဲ့ပြီး လမ်းမှားလိုက်မိတဲ့အတွက် အ
လိုရုပ်ပျက်ဆင်းပျက်ဖြစ်ရတာပေါ့ကွယ်"

ယဉ်မေ စိတ်ဝင်စားလာလေသည်။

"သူက ဦးနဲ့အတူတူမနေဘူးလား"



သမားတော်ကြီးသည် အဆိပ်ဘုရင်၏ဒဏ်ရာများကို ဆေး
ကြောဆေးထည့်ပေးရင်း.....

"မနေပါဘူးကွယ်... သူက ဦးတို့အမေ မကွယ်လွန်ကတည်း
အိမ်ကနေထွက်သွားလိုက်တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ဆိုပါတော့
ယ်"

ကျင်းဟူမျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဆိုရင် သူနဲ့ဦးနဲ့မတွေ့ရတာနှစ်အတော်ကြာပြီပေါ့"

"ဟုတ်ပါတယ်လေ"

သမားတော်ကြီးကစကားဆက်လိုက်သည်။

"ဦးရဲ့မိခင် မသေခင်မှာ မင်းညီလေးကိုရအောင်ရှာပါကွယ်
ဲ့မှာထားခဲ့တဲ့အတွက် ကျုပ်ကသမားတော်အနေနဲ့ ဆေးကုရင်း
ာစ်မြို့ဝင်တစ်မြို့ထွက်နဲ့ သူ့ကိုလိုက်ရှာခဲ့ပါတယ်"

ကျင်းကျင်း ပို၍စိတ်ဝင်စားလာလေသည်။

"နေပါဦး... ဦးက သူ့ကို နှစ်(၂၀)တောင် မတွေ့ဘဲ သူ့ကို
ဘယ်လိုလုပ်မှတ်မိမလဲ"

ကျင်းကျင်းစိတ်ဝင်စားလာ၏။

သမားတော်ကြီးက....

"ငယ်ရွယ်တဲ့သူဟာ နှစ်အတန်ကြာတဲ့အခါမှာ ရုပ်ပြောင်း
ာတ်တယ်၊ အသက်ကြီးတဲ့လူက ရုပ်သွင်တော်တော်နဲ့မပြောင်းတဲ့

အတွက် မှတ်မိနိုင်တာပေါ့"

ကျင်းဟူက....

"*သူ အဆိပ်ဘုရင်ဘဝရောက်သွားတာကို ဦးကသိတယ်*
ဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ကွယ်... သူ့ရဲ့ဇီဇဝါသနာကိုက အဆိပ်ဘက်ကို တော်တော်ပါရမီပြည့်တယ်၊ ဒါကြောင့် အဆိပ်ဘုရင်ဆေးစပ်တဲ့ အကြောင်းရင်းကိုသေချာလေ့လာတဲ့အခါမှာ သူလက်ချက်ဖြစ်တယ် ဆိုတာ ဦးကတစ်ထစ်ချယုံကြည်တာပေါ့"

ကျင်းဟူက....

"ဦးက အဆိပ်ဖြေဆေးဖော်စပ်တယ်လို့ ကျွန်တော့်ကိုပြော ဖူးတယ်မဟုတ်လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကိုယ့်ညီတစ်ယောက်ကလူသတ်တဲ့အလုပ် လုပ်တာကိုမကြိုက်လို့ ဦးက သူ့အဆိပ်ခတ်ခံရတဲ့လူကိုကယ်တင် နိုင်အောင် ဖြေဆေးကိုကြိုးစားပြီးဖော်စပ်ခဲ့တာပါ"

ယဉ်မေက....

"အဆိပ်ဖြေဆေးကော စွမ်းရဲ့လား"

သမားတော်ကြီးခေါင်းညိတ်လိုက်သည်။



"သူ့ရဲ့အဆိပ်မိတဲ့လူ ကျုပ်ဆီအချိန်မီရောက်လာခဲ့ရင် များ သောအားဖြင့် အသက်မဆုံးရှုံးခဲ့ပါဘူး"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ဒီနောက်ပိုင်းမှာ အဆိပ်ဘုရင်ရဲ့အဆိပ်ကြောင့် သေဆုံးတဲ့သတင်းမကြားရတာကိုး"

သမားတော်ကြီးမချိပြုံးပြုံးလိုက်၏။

"အမှန်တော့ အဆိပ်ဘုရင် နောက်ထပ်အဆိပ်မသုံးနိုင်တာ မင်းတို့ကြောင့်ပါ"

ကျင်းဟူ ကြောင်းအမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဦး"

သမားတော်ကြီးက....

"မင်းတို့က မမျှော်လင့်ဘဲ သူ့ရဲ့လျှို့ဝှက်စခန်းရောက်သွား တယ်၊ သူ နှစ်ရှည်လများဖော်စပ်ထားတဲ့ဆေးအားလုံးကို မင်းတို့က ဖျက်ဆီးပစ်ခဲ့တယ်မဟုတ်လား"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဖျက်ဆီးခဲ့ပါဘူး.... သူ့ဆေးရည်နဲ့ဆေးကို ရေဆွဲပုံးထဲ လောင်းထည့်မိတာပါ"

"ဆေးဆိုတာမျိုးဟာ သူ့ကိုရောနှောလိုက်ရင် အစွမ်းဘယ် သက်တော့မှာလဲ"

ကျင်းဟူ ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒါဆို ကျုပ်တို့ရဲ့လက်ချက်လို့ဝန်ခံရမှာပဲ"

သူတို့ ပြောဆိုနေကြစဉ် အဆိပ်ဘုရင်မှာ ပြန်လည်သတိရလာသည်။ သူသည် သူ့အား ဆေးထည့်ပေးနေသော သမားတော်ကြီးကိုတွေ့ရသောအခါ သူ့မျက်လုံးတွင် ဝင်းလက်တောက်ပသော အရိပ်အယောင်များပေါ်လွင်လာ၏။

သူသည် စကားတစ်စုံတစ်ခွန်းပြောရန်ပါးစပ်ဟလိုက်၏။

သို့သော် အသံကားထွက်မလာ။

သမားတော်ကြီးကအနားသို့ကပ်သွားသည်။

"မင်း ငါ့ကိုမှတ်မိလား"

အဆိပ်ဘုရင်ခေါင်းညိတ်ပြလိုက်သည်။

သမားတော်ကြီးက....

"မင်း စိတ်အေးလက်အေးနေ... ငါရအောင်ကုပေးမယ်"

အဆိပ်ဘုရင်ကပြုံးလိုက်၏။

ထို့နောက် ခေါင်းခါယမ်းလိုက်၏။

"မင်း ငါ့ကိုမကယ်တင်နိုင်ပါဘူးကွာ"

သူ့အသံသည် အင်အားအလွန်ချိနဲ့သောအသံဖြစ်သည်။

သမားတော်ကြီးက လက်ကာပြလိုက်သည်။

"ငြိမ်ငြိမ်နေပါ... စကားမပြောနဲ့"



အဆိပ်ဘုရင်က ခေါင်းကိုကြိုးစား၍ခါပြလိုက်သည်။

"ကျုပ်ကိုယ်ကျုပ်သိတယ်... ပြောစရာရှိတာပြောခဲ့မလို့"

သူ့မျက်လုံးအစုံသည် သမားတော်ကြီးအား စိုက်ကြည့်နေသည်။ သမားတော်ကြီးကသူ့သဘောကိုနားလည်လိုက်၏။ သူသည် အဆိပ်ဘုရင်ပါးစပ်နားသို့နားကပ်ပေးလိုက်သည်။

အဆိပ်ဘုရင်က အားကုန်ညှစ်၍ပြောပြလိုက်၏။

"မှေထင်းဝေဟာ သိုင်းလောကကိုလွှမ်းမိုးဖို့ကြံစည်တယ်... အမှန်တော့ သူက... သူက..."

အဆိပ်ဘုရင်သည် ပြောရင်းပြောရင်း အသံတိုးသွားလေသည်။ အဆိပ်ဘုရင်ပြောမည့်စကားသည် အလွန်အရေးကြီးမှန်း သမားတော်ကြီးက နားလည်လိုက်သည်။ ထို့ကြောင့် ....

"သူကဘယ်သူလဲ"

ဟုမေးလိုက်၏။ အဆိပ်ဘုရင်က....

"သူက... ၇ုး...."

အဆိပ်ဘုရင်သည် ဤမျှသာပြောနိုင်၏။ အသံလုံးဝမထွက်နိုင်ပါ။ သူရရှိထားသောဒဏ်ရာမှာ ကြီးကျယ်သည်မဟုတ်သော်လည်းသွေးထွက်များပြီး အချိန်မီကုသနိုင်ခြင်းမရှိသောကြောင့် သွေးကုန်ခမ်းသွား၍သေဆုံးသွားခြင်းဖြစ်သည်။

❋❋❋

တစ်ချိန်က သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်ချောက်ချား စေခဲ့သောအဆိပ်ဘုရင်သည် လူ့လောကမှအပြီးအပိုင်ထွက်ခွာသွား ပြီဖြစ်လေသည်။ သမားတော်ကြီး၏မျက်ဝန်းအစုံတွင် မျက်ရည်များ ပြည့်လျှံလျက်နေသည်။ သူသည် အသံတိုးတိုးဖြင့် အဆိပ်ဘုရင်တစ် ယောက် ကောင်းရာသို့ရောက်စေရန် ဆုတောင်းပေးနေ၏။

"ဪ... မကောင်းသူတွေဟာ ဒီလိုပဲဇာတ်သိမ်းရမယ် ဆိုတာ ဦးသဘောပေါက်ပါတယ်ကွယ်"

ကျင်းဟူက စိတ်မကောင်းဖြစ်သွားလေသည်။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလဲ စိတ်မကောင်းပါဘူး။ ဒါပေမယ့် သူ့လိုလူမျိုး အခုလိုကွယ်ပျောက်သွားတာ လူသားများအဖို့ အန္တရာယ်တစ်ခု ကင်း လွတ်သွားတာပေါ့လေ"

သူသည် ပြောပြီးသည်နှင့်စိတ်မကောင်းစွာဖြင့်အဆိပ်ဘုရင် အလောင်းနံဘေး၌ထိုင်ချလိုက်လေသည်။

❋❋❋



အဆိပ်ဘုရင်အလောင်းကိုကောင်းစွာ သင်္ဂြိုဟ်လိုက်ပြီဖြစ် သည်။ သမားတော်ကြီးသည် သူ့ဆန္ဒပြည့်ဝသွားသဖြင့် ရင်ထဲ၌ ပေါ့ းသွားလေသည်။

"အင်း... မိခင်ကိုကတိပေးထားတဲ့အတွက် အနှစ်နှစ်အလ ပန်းပေါ်မှာတင်ခဲ့တဲ့ဝန်ထုပ်ဝန်ပိုးတစ်ခု ကျသွားတဲ့အတွက် ဦး ္ခ လွတ်လပ်သွားပြီလို့ဆိုရမှာပဲ"

ကျင်းဟူက....

"ဒါနဲ့ ဦးက ဘယ်ကိုသွားပြီး ဘာဆက်လုပ်ဖို့စိတ်ကူးသလဲ"

သမားတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါတော့ဘာလုပ်ရမှန်းမသိဘူး။ ဘယ်ကိုသွားရမှန်းလဲ မသိ ဘူပါဘူးကွယ်"

ကျင်းဟူက....

"ဒီလိုဆိုရင် ကျွန်တော်တစ်ခုအကြံပေးချင်ပါတယ်"

သမားတော်ကြီးက....

"ဆိုစမ်းပါဦး... မင်းကဘာအကြံပေးမှာလဲ"

ကျင်းကျင်းကကြားဖြတ်လိုက်သည်။

"ကျွန်မတို့နဲ့အတူတူနေဖို့လေ"

သမားတော်ကြီး မျက်မှောင်ကြုတ်လိုက်သည်။

ပြီးနောက် ရယ်မောလိုက်သည်။

"မင်းတို့က ငါ့ကိုဆွေမရှိမျိုးမရှိဆိုပြီး သနားလို့ခေါ်ထားမလို့ဟုတ်လား"

ယဉ်မေ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ကျွန်မတို့ ဦးရဲ့အကူအညီလိုအပ်နေလို့ပါ"

သမားတော်ကြီး နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ဦးက ဘာများအကူအညီပေးနိုင်မှာမို့လဲ"

ကျင်းကျင်းကကြားဖြတ်လိုက်သည်။

"ကျွန်မတို့က မိဘမဲ့ကလေးဂေဟာတည်ထောင်ဖို့ စိုင်းပြင်းနေပါတယ်"

ယဉ်မေက....

"ဟုတ်ပါတယ်... ဒီခြံဝင်းမှာပဲအကောင်အထည်ဖော်မှာပါ"

ကျင်းဟူက....

"ဒါကြောင့် မိဘမဲ့ကလေးတွေရဲ့ကျန်းမာရေးကိုစောင့်ရှောက်ဖို့ သမားတော်ကြီးတစ်ယောက်လိုအပ်နေပါတယ်"

သမားတော်ကြီးက သူတို့အား မယုံကြည်နိုင်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

"မင်းတို့က မိဘမဲ့ကလေးများဂေဟာ တည်ထောင်မလို့ဟုတ်လား"

ကျင်းဟူခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

သမားတော်ကြီးက....

"ဒီခြံဝင်းကို မင်းတို့ကဝယ်လိုက်တယ်ဟုတ်လား"

ကျင်းကျင်းက....

"ဝယ်လိုက်တယ်လို့ပြောရင်ရသလို... ခြံပိုင်ရှင်က လှူဒါန်းလိုက်တယ်လို့လဲပြောလို့ရပါတယ်"

ထိုစဉ် ခြံပိုင်ရှင်အဘိုးအိုကအနီးသို့လျှောက်လာပြီး....

"ဟုတ်ပါတယ်သမားတော်ကြီး"

ဟုပြောလိုက်ရာ သမားတော်ကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ အားရပါးရရယ်မောကာ....

"မင်းတို့တတွေဟာ အတော့်ကိုချစ်စရာကောင်းပြီး အတော့်ကို အထင်ကြီးလေးစားဖို့ကောင်းတဲ့လူငယ်လေးတွေပါလား"

ကျင်းဟူက....

"ဦး ကူညီမယ်မဟုတ်လား"

သမားတော်ကြီး ခေါင်းညိတ်ပြလိုက်၏။

"မင်းတို့လူငယ်တွေကတောင် အများအတွက်အကျိုးရှိတဲ့အလုပ်ကိုလုပ်နေမှတော့ ဦးက အချောင်ခိုချင်လို့ဘယ်ဖြစ်ပါ့မလဲ"

သူ့စကားကြောင့် အားလုံးဝါးခနဲပွဲကျသွားလေသည်။

"ဟား... ဟား... ဟား"

သို့ဖြင့် ကျင်းဟူတို့သည် မိဘမဲ့ကလေးဂေဟာကိုအင်တိုက်အားတိုက်လုပ်ဆောင်ကြလေ၏။ အခြားတစ်ဘက်မှာလည်း သိုင်းလောကတစ်ခုလုံးကို စိုးမိုးလိုသော မသမာသူလူတစ်စု၏သတင်းကိုမျက်ခြည်မပြတ်လေ့လာရသည်။

တစ်ညတွင် သူတို့သည် ဧည့်ခန်းထဲမှ ပိုင်းဖွဲ့ထိုင်ရင်း လုပ်ငန်းများဆွေးနွေးတိုင်ပင်ကြသည်။ သူတို့သည် ဆွေးနွေးတိုင်ပင်ရင်းမှ ပေ့ထင်းဝေအကြောင်းပါရှိလာလေသည်။

သမားတော်ကြီးစိတ်ထဲတွင် အဆိပ်ဘုရင်သေဆုံးခါနီးပြောဆိုသွားသောစကားကိုပေါ့ပေါ့တန်တန်မထားပုံပေ။ အဆိပ်ဘုရင်သေဆုံးခါနီးပြောဆိုသွားသောစကားများသည် အရေးကြီးကြောင်းကျင်းဟူကိုထုတ်ဖော်ပြောပြလိုက်သည်။

"ဦးအနေနဲ့စဉ်းစားမိတာက ပေ့ထင်းဝေဟာသိုင်းလောကတစ်ခုလုံးကိုစိုးမိုးဖို့နည်းအမျိုးမျိုးကို အသုံးပြုလာလိမ့်မယ်လို့ ထင်တယ်"

သူသည် စကားပြန်ဆက်လိုက်သည်။

"အဆိပ်ဘုရင် သေဆုံးခါနီးမှာပြောသွားတဲ့စကားတွေဟာအဆုံးသတ်မသွားပေမဲ့ ပေ့ထင်းဝေဟာသိုင်းလောကမှာကျော်ကြားတဲ့လူတစ်ယောက်ဖြစ်ရမယ်လို့ ငါအမိပ္ပာယ်ကောက်လို့ရတယ်"



ကျင်းကျင်းက....

"သောကကင်းဝေးတောင်ကြားဆိုတာ သိုင်းလောကတစ်ခုလုံး လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့ပြီးသားမဟုတ်လား"

သမားတော်ကြီးခေါင်းခါယမ်းလိုက်၏။

"သူက ဒါကိုဆိုလိုတာမဟုတ်လား"

ကျင်းဟူက....

"ဒါဖြင့် ဦးကဘာယ်လိုအဓိပ္ပာယ်ရလို့လဲ"

သမားတော်ကြီးက....

"ကျုပ်ထင်ထားတာက ပေ့ထင်းဝေဟာ သိုင်းလောကမှာအတော်ကျော်ကြားတဲ့ဂိုဏ်းတစ်ခုက ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နိုင်တယ်လို့ယူဆတယ်"

ကျင်းဟူက....

"အဆိပ်ဘုရင်က ဘာပြောသွားလို့လဲ"

သမားတော်ကြီးက....

"သူကတော့ စကားဆုံးအောင်ပြောမသွားနိုင်ရှာဘူး။ ဒါပေမယ့် ငှးတစ်လုံးကိုတော့ကြားလိုက်တယ်"

ကျင်းဟူမျက်မှောင်ကြုတ်လိုက်သည်။

"ငှးတန်လို့ ဆိုလိုတာများလားမသိဘူး"

သမားတော်ကြီးက....

"ကျုပ်လဲ ဒီလိုပဲယူဆထားတယ်"

ကျင်းဟူက....

"ဒါဖြင့် ဦး ဝူးတန်ကိုသွားပြီးလှေလာရင် သိလာမှာပေါ့"

သမားတော်ကြီးက....

"ဝူးတန်ဆိုတာက ရှောင်လင်ဂိုဏ်းကလွဲရင် အဖွဲ့ဝင်အင်အားအများဆုံးရှိတဲ့အဖွဲ့ပါ... သဲလွန်စမရဘဲ ဘယ်လိုလုပ်စုံစမ်းနိုင်မှာလဲ"

ကျင်းဟူက....

"ဒါလဲဟုတ်ပါတယ်"

သမားတော်ကြီးသက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်က ဒီကိစ္စကို ကျုပ်လုံးဝဘဝင်မကျနိုင်ဘူး... ဒါပေမဲ့ အသက်ကြီးလာတဲ့အတွက် စိတ်ဆန္ဒသာရှိပြီး လူကမလိုက်နိုင်တာခက်တယ်"

ကျင်းဟူပြုံးလိုက်သည်။

"ဒီအတွက် အချိန်တန်ရင် ဆောင်ရွက်မဲ့လူပေါ်လာမှာပေါ့ ဦးလေးက စိတ်အေးအေးပဲ ဒီမှာနေပါခင်ဗျာ"

သမားတော်ကြီးမျက်မှောင်ကြုတ်လိုက်သည်။

"မင်းက ဘာတွေမြင်လို့ ဒီစကားတွေပြောနိုင်တာလဲ"

ကျင်းဟူက....



"ကျွန်တော်တစ်ခုလောက်ပြောပြပါ့မယ်... အခု ကျွန်တော်တို့ ဒီလောက်ငွေအကုန်အကျများတဲ့လုပ်ငန်းကိုလုပ်နိုင်အောင် ဘယ်သူကပံ့ပိုးပေးတယ်ထင်သလဲ"

သမားတော်ကြီးက....

"ဘယ်သူလဲ"

ကျင်းဟူက....

"ပျံလွှားဆိုတဲ့လူပေါ့"

သမားတော်ကြီးမျက်လုံးပြူးသွားသည်။

"ပျံလွှားဆိုတာဘာလဲ"

ကျင်းဟူက....

"မသိဘူး"

သမားတော်ကြီးက သူ့အား နားမလည်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"မသိဘူးဟုတ်လား"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ပျံလွှားဆိုတာလူတစ်ယောက်ရဲ့နာမ်စားဖြစ်တယ်လို့ယူဆတယ်၊ ယောကျ်ားလား မိန်းမလားဆိုတာတော့ မသိရဘူး"

သူသည် စကားဆက်လိုက်သည်။

"ကျွန်တော်တို့သုံးယောက်က မိဘမဲ့ကလေးဂေဟာတည်ထောင်ချင်တဲ့ဆန္ဒရှိတဲ့အကြောင်း ဆွေးနွေးတိုင်ပင်နေတာကို သူကကြားသွားလို့ ရန်ပုံငွေပေးသွားတာခင်ဗျ"

ယခုမှ သမားတော်ကြီးက ကောင်းစွာသဘောပေါက်နားလည်လိုက်လေသည်။

"ငါနားလည်ပြီ မင်းဆိုလိုတာက ပေ့ထင်းဝေလို လောဘသားကောင်တွေကို ပျံလွှားဆိုတဲ့လူက လက်ပိုက်ကြည့်မနေဘူးဆိုတာပေါ့ဟုတ်လား"

ကျင်းဟူခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဦး"

သမားတော်ကြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းပြောသလိုဖြစ်ရင်တော့ ကောင်းတာပေါ့ကွာ"

❋❋❋



တစ်လအကြာတွင်....

ပျံလွှားဟူသောအမည်သတင်းသည် သိုင်းလောကတစ်ခုလုံး ရုတ်တရက်ကျော်ကြားလာလေ၏။ ပျံလွှားသည် မည်သူမည်ဝါဖြစ်သနည်း။

မည်သူကမှမသိပါ။

ပျံလွှားသည် ယောကျ်ားလော မိန်းမလော။

မည်သူကမျှ မသိပါ။

ဤသို့ဆိုလျှင် ပျံလွှားအကြောင်းကို အဘယ်ကြောင့် သိုင်းလောကသားတိုင်းကသိထားပါသနည်း။

သိုင်းလောကသားအချို့သည် ပျံလွှားကိုမြင်ဖူးတွေ့ဖူးခဲ့၏။

သို့သော် ပျံလွှား၏ရုပ်သွင်ကို မည်သူကမှမမြင်တွေ့ခဲ့ပါ။

သူတို့တွေ့မြင်ခဲ့ရသောပျံလွှားမှာ တစ်ကိုယ်လုံး အနက်ရောင်အကျႌနှင့်ဘောင်းဘီဝတ်ထားပြီး မျက်လုံးမှအပ မျက်နှာနှင့်ဦးခေါင်းကိုပါအနက်ရောင်အဝတ်ဖြင့်စည်းထားလေသည်။

သူစီးသောမြင်းသည် တစ်ကိုယ်လုံးအနက်ရောင်ဖြစ်သည်။

ထိုမြင်းမှာလည်း အပြေးအလွှန်သန်ပြီး အလွန်ပါးနပ်သောမြင်းတစ်ကောင်ဖြစ်သည်ကို တစ်ချို့ကပြောကြားလေသည်။

ပျံလွှားသည် အဘယ့်ကြောင့် ဤမျှကျော်ကြားထင်ရှားလာရပါသနည်း။

သူသည် လူဆိုးသူခိုး လုယက်တိုက်ခိုက်သော မသမာ
များကို ပြတ်ပြတ်သားသားနှိမ်နင်းခဲ့ခြင်း၊ အဖိနှိပ်ခံ အားနွဲ့သော
လူထုဘက်မှရပ်တည်ခြင်း။

သူသည် မတရားသဖြင့်အတိုးပေးစားသောသူဌေးများထံ
ငွေများယူပြီး ဆင်းရဲနွမ်းပါးသူများကို စွန့်ကြဲပေးကမ်းခြင်း စသည်
လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့သောကြောင့်ဖြစ်လေသည်။

သူ့လုပ်ဆောင်မှုကြောင့် သိုင်းလောကမှအမည်းရောင်သိုင်း
သမားတို့သည် သူတို့လုပ်ငန်းများအနှောင့်အယှက်ဖြစ်ပြီး လုပ်
များရပ်တန့်သွားသည်အထိဖြစ်ခဲ့ရသည်။

ထို့ကြောင့် အမည်းရောင်သိုင်းသမားတို့သည် ပျံလွှားဆိုး
အား အသေရရ အရှင်ရရသဲသဲမဲမဲစုံစမ်းနေတော့သည်။

❋❋❋



ထိုအချိန်နှင့် မရေးမနှောင်းအချိန်အတွင်းမှာပင်....

သိုင်း လောကတွင်အံ့သြဖွယ်ရာသတင်းတစ်ခု ထပ်မံထွက်
ပေါ်လာသည်။ ယင်းသတင်းမှာ ရောင်လင်ဂိုဏ်းချုပ်ဖြစ်သော ဝူခုံး
သည် လပြည့်နေ့ညမှာအပြင်သို့ထွက်သွားပြီးနောက် လုံးဝပြန်ရောက်
လာခြင်းမရှိသောသတင်းဖြစ်သည်။ မည်သူကိုမှလည်း အကြောင်း
မကြားပါ။

သူသည် မည်သည့်နေရာသို့ရောက်သွားပါသနည်း။

သိုင်းလောကသားများသည် ထိုသတင်းနှင့်ပတ်သက်ပြီး
ပြောဖန်ပြောဆိုနေချိန်မှာပင်....

နောက်သုံးရက်အကြာမှာ ဝူးတန်လက် ထောက်ဂိုဏ်းချုပ်
အိကျင်းကျူကလည်းပျောက်ခြင်းမလှပျောက်ဆုံးသွားပြန်သည်။

ဤသတင်းကိုကြားလိုက်ရသောအခါ သိုင်းလောကတစ်ခု
လုံးလှုပ်လှုပ်ရွရွဖြစ်လာတော့၏။

ရှောင်လင်ကျောင်းထိုင်ဆရာတော်သည် သူအားထားရ
သောတပည့်များကိုလူစုခွဲ၍ ဝူးခုံးအားလိုက်လံရှာဖွေကြစေလေ
သည်။

ထိုနည်းတူစွာ ဝူးတန်ဂိုဏ်းချုပ်ကလည်း အိကျင်းကျူအား
တွေ့ရှိနိုင်ရန် လက်ရွေးစင်သိုင်းသမားများကိုစေလွှတ်လိုက်သည်။

ထိုထိပ်သီးဂိုဏ်းနှစ်ဂိုဏ်းတို့...

ရုတ်ရုတ်သဲသဲအလုပ်ရှုပ်နေစဥ်မှာပင်....

ခွန်းလွှန်ဂိုဏ်းမှလက်ထောက်ဂိုဏ်းချုပ်ဖြစ်သူ ယန်ကုန်

လည်း ပျောက်ဆုံးသွားပြန်သည်။

ဆက်လက်၍ ထင်းစန်ဂိုဏ်းမှ ဟိုဝမ်စွမ်း....

ငိုမိဂိုဏ်းမှရှောင်ရှမ်းတို့ပါ....

ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပျောက်ဆုံးသွားပြန်လေ

ထိုအခါ... သိုင်းလောကတစ်ခုလုံး ကြီးမားသောအန္တရာယ် ရောက်လာတော့မည်ဟု အလိုလိုပူပန်သောကဖြစ်လာကြကုန် သည်။

ဂိုဏ်းအဖွဲ့အသီးသီးမှလက်ထောက်ဂိုဏ်းချုပ်များ ရှေ့ဆ နောက်ဆင့်ပျောက်ဆုံးသွားပြီး တစ်ပတ်အကြာတွင်....

သေမင်းတမန်အမိန့်ဟူသောကြေညာချက်တစ်ခု ထွက်ပေ လာရာ သိုင်းလောကတစ်ခုလုံးအား ဂယက်ရိုက်လာသည်။

ယင်းကြေညာချက်မှာ... ထိပ်သီးဂိုဏ်းများဖြစ်ကြသော ရှောင်လင်ဝူးတန်စသည့်ဂိုဏ်းရှစ်ဂိုဏ်းမှဂိုဏ်းချုပ်များသည် သေမ အမိန့်၏သစ္စာတော်ခံရမည်ဖြစ်သည်။

အကယ်၍ ပေးထားသောရက်ချိန်းထက်ကျော်လွန်သွား အကြောင်းမပြန်ပါက ၎င်းတို့သည် ခွန်အားသုံး၍တိုက်ခိုက်မည် ကြောင်းကြေညာထား၏။



ထိုကြေညာချက်အောက်တွင်... သေမင်းအမိန့်ဟုရေးသား သားလေ၏။

❋❋❋

ထိပ်တန်းဂိုဏ်းရှစ်ဂိုဏ်းမှဂိုဏ်းချုပ်များတို့သည် ရှောင်လင် ကျောင်း၌ အရေးကြီးသောအစည်းအဝေးတစ်ခုခေါ်ယူဆွေးနွေးကြ ၏။ ရှောင်လင်ကျောင်းထိုင်ဆရာတော်သည် ထိုကြေညာချက်ကိုဖတ် ပြပြီးနောက် တိုင်ပင်ဆွေးနွေးကြ၏။

ကျောင်းထိုင်ဆရာတော်၏မျက်နှာတစ်ခုလုံးမှာ ညှိုးနွမ်း၍ နေလေသည်။

"သိုင်းလောကမှာ အေးချမ်းသာယာလာတာ သိပ်မကြာ သေးပါဘူး။ အခုတစ်ခါအန္တရာယ်နဲ့ရင်ဆိုင်ရပြန်ပြီ၊ ဒါကြောင့် ကျုပ်တို့ ဂိုဏ်းရှစ်ဂိုဏ်းသွေးစည်းပြီး ကျရောက်လာမယ့်အန္တရာယ်ကို ရင်ဆိုင် ရမယ်ဆိုတော့ အခုလိုအရေးကြီးတဲ့အစည်းအဝေးခေါ်ရခြင်း ဖြစ်ပါ တယ်"

ဝူးတန်ဂိုဏ်းချုပ်က....

"မှန်ပါတယ်... သိုင်းအန္တရာယ်နဲ့ရင်ဆိုင်တဲ့အခါမှာ ရန်သူ ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာသိထားတဲ့အတွက် ရင်ဆိုင်ဖို့ မခက်ပါဘူး။ အခုတော့ ရန်သူဘယ်သူဘယ်ဝါဆိုတာမသိတဲ့အတွက်

အတော့်ကိုခက်ပါတယ်"

ခေတ်ပန်ဂိုဏ်းချုပ်က....

"ရန်သူဟာ ဘယ်လောက်ပဲလျှို့ဝှက်ထားပါစေ... သူပေးထားတဲ့ရက်ကုန်ဆုံးသွားတာနဲ့ရုပ်လုံးပေါ်လာလိမ့်မယ်လို့ထင်ပါတယ်"

ထင်းစန်းဂိုဏ်းမှဂိုဏ်းချုပ်က....

"ဟုတ်ပါတယ်... ကြာကြာဝှက်မထားနိုင်ပါဘူး"

ငိုမီဂိုဏ်းချုပ်က....

"အခုခက်တာက ကျုပ်တို့လူတွေ သူ့လက်ထဲမှာရောက်နေတာဖြစ်ရမယ်၊ သူတို့က ဒါနဲ့အကျပ်ကိုင်နေတာဖြစ်ရမယ်"

ချင်းဟိုင်ဂိုဏ်းချုပ်ကထောက်ခံလိုက်သည်။

"အခုဂိုဏ်းအသီးသီးရဲ့လက်ထောက်ဂိုဏ်းချုပ် ပျောက်ဆုံးနေတဲ့ကိစ္စက သူတို့ဖမ်းသွားတာဖြစ်နိုင်ပါတယ်"

ဟိုင်နန်ဂိုဏ်းမှဂိုဏ်းချုပ်ကြီးက....

"ကျုပ်ရဲ့ယူဆချက်ကိုပြောရမယ်ဆိုရင် သူပေးထားတဲ့အချိန်ထိမစောင့်ဘဲ သေမင်းအမိန့်ဆိုတဲ့အဖွဲ့ကိုကြိုးစားပြီးဖော်ထုတ်နိုင်ဖို့လုပ်ရလိမ့်မယ်ထင်တယ်"

ရှောင်လင်ကျောင်းထိုင်ဆရာတော်က....

"မှန်ပါတယ်... ဒါဟာအဓိကအချက်ပါ"

ဝူးတန်ဂိုဏ်းချုပ်က....



"ဟုတ်တော့ဟုတ်တယ်... ကျုပ်ကလဲ ဒီကိစ္စကိုကြိုးစားပြီး ခမ်းနေပါတယ်"

ခွန်းလွန်ဂိုဏ်းချုပ်က....

"သတင်းအနံ့ခံတဲ့နေရာမှာ ခေတ်ပန်းဂိုဏ်းကိုဘယ်သူမှမ ပါဘူး... ဒါကြောင့် ဒီကိစ္စမှာ ခေတ်ပန်းဂိုဏ်းချုပ်က တာဝန်ယူပြီး ကြိုးစားပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ခင်ဗျားတို့ပြောနေတာနောက်ကျနေပြီ၊ ဒီကိစ္စနဲ့ပတ်သက် ဦး ကျုပ်မှာအဖွဲ့သားတစ်ထောင်ဖြန့်ထားလိုက်ပါပြီ"

ထိုစကားကြားလိုက်ရသောအခါ ဂိုဏ်းချုပ်အားလုံး ဝမ်း သာကျေနပ်သွားကြ၏။ ရှောင်လင်ကျောင်းထိုင်ဆရာတော်က....

"အင်း ခေတ်ပန်ဂိုဏ်းကသာကြိုးစားမယ်ဆိုရင် ဆယ်ရက် အတွင်း သတင်းကြားနိုင်လိမ့်မယ်လို့ထင်ပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်ကရယ်မောလိုက်လေသည်။

"စိတ်ချပါ... ကျုပ်အထင်နဲ့ပြောရမယ်ဆိုရင် ခုနစ်ရက်ထက် နောက်မကျစေရပါဘူး"

ဝူးတန်ဂိုဏ်းချုပ်က....

"ဒီလိုဆိုရင် ကျုပ်တို့ သတင်းကောင်းကိုစောင့်မျှော်နေပါ့ မယ်"

သူသည် တစ်စုံတစ်ခုသတိရလာ၍ မျက်မှောင်ကြုတ်သွား လေသည်။

"အခုလိုဂိုဏ်းချုပ်များ မျက်နှာစုံစုံညီညီရှိတဲ့အချိန်မှာ ဝ ဇက်ချက်တစ်ခုအားလုံးသိအောင်ပြောပြပါ့မယ်၊ ဒါဟာ သဲလွန်စ မယ်ထင်လို့ အခုလိုထုတ်ဖော်ကြဖို့ရည်ရွယ်ထားတာပါ"

ခေတ်ပန်းဂိုဏ်းချုပ်က....

"ပြောပါဗျာ"

ဝူးတန်ဂိုဏ်းချုပ်က....

"ကျုပ်တို့လက်ထောက်ဂိုဏ်းချုပ် ပျောက်ဆုံးသွားတဲ့အ မှာ ဝူးတန်ဂိုဏ်းရဲ့သိုင်းကျမ်းအချို့လဲပျောက်ဆုံးသွားတာကို တွေ့ ပါတယ်"

သူသည် ရှောင်လင်ကျောင်းထိုင်အားလှည့်ကြည့်လိုက် "ဆရာတော်တို့ကျောင်းမှာရော သိုင်းကျမ်းပျောက်ဆုံးသွ တာရှိသလား"

ရှောင်လင်ကျောင်းထိုင် မျက်နှာညှိုးငယ်သွားသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်ပါတယ် ကျုပ်တို့ရှောင်လင်ကျောင်းရဲ့အဓိကကျ သိုင်းကျမ်းနှစ်ခုလဲရှာမတွေ့တော့ပါဘူး"

သူသည် စကားဆက်လိုက်သည်။



"ဒါပေမဲ့ ဝူခုံးဟာ ဒီသိုင်းကျမ်းကိုယူသွားပါတယ်လို့ ကျုပ် စွပ်စွဲလိုပါဘူး"

သူသည် ပြောရင်းသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာဖြစ်လို့လဲဆိုရင် ဝူခုံးဟာအတော့်ကိုစိတ်ချယုံကြည်ရ ဘဲ့ပုဂ္ဂိုလ်တစ်ယောက်၊ နောက်ပြီး ကျုပ်ရဲ့နေရာဆက်ခံဖို့ သူ့ကိုလျာ ထားပြီးသားပါ"

ခေတ်ပန်းဂိုဏ်းချုပ် မျက်မှောင်ကြုတ်သွားလေသည်။

"ဟုတ်တယ်... ဒါကလဲ တော်တော့်ကိုထွေးရခက်တဲ့ကိစ္စ ာစ်ခုပါ"

ခွန်းလွန်ဂိုဏ်းချုပ်သက်ပြင်းချလိုက်သည်။

ပြီးနောက်....

"ရှင်းရှင်းပြောရမယ်ဆိုရင် ယန်းကုန်းချီပျောက်ဆုံးသွားတဲ့ နောက် ကျုပ်တို့ခွန်းလွန်ဂိုဏ်းရဲ့သိုင်းကျမ်းအချို့ပျောက်ဆုံးသွား ာကိုတွေ့ရပါတယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှောင်လင်ကျောင်းထိုင်ပြောသလိုပါပဲ... ယန်းကုန်းချီဟာ ခွန်းလွန်ဂိုဏ်းချုပ်ဖြစ်ဖို့နေရာကိုဆက်ခံဖို့ အလားအလာအရှိဆုံး ဂ္ဂိုလ်တစ်ယောက်ဖြစ်တဲ့အတွက် သူ့ကိုအထင်မလွဲချင်ပါဘူး"

ငိုမီဂိုဏ်းချုပ်က....

"ဒီအတိုင်းဆိုရင် ပျောက်ဆုံးသွားတဲ့ပုဂ္ဂိုလ်များအားလုံးဆို လိုဟာ ကိုယ့်ဂိုဏ်းရဲ့သိုင်းကျမ်းများကို ယူသွားတယ်လို့ဆိုရမလို ဖြစ် နေပြီ"

ဝူးတန်ဂိုဏ်းချုပ်လှည့်ကြည့်လိုက်သည်။

"ခင်ဗျားတို့လဲ သိုင်းကျမ်းပျောက်ဆုံးသွားလို့လား"

ငိုမီဂိုဏ်းချုပ်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်က လက်ကာပြလိုက်လေသည်။

"ကျုပ်တို့ဂိုဏ်းမှာတော့ဘာမှမပျောက်ပါဘူးဗျာ"

ရှောင်လင်ကျောင်းထိုင်က အတန်ကြာစဉ်းစားလိုက်၏။ ပြီးမှ....

"ဒီကိစ္စမှာ အကြောင်းနှစ်ခုရှိမယ်လို့ကျုပ်ယူဆမိတယ်"

သူသည် အားလုံးကိုဝေ့ကြည့်လိုက်ပြီးမှ....

"အကြောင်းတစ်ခုကတော့... တို့လက်ထောက်ဂိုဏ်းချုပ် တွေဟာ ကိုယ့်ဂိုဏ်းရဲ့သိုင်းကျမ်းကိုယူဆောင်ပြီး တစ်နေရာမှာသွား ပြီး စုစည်းနေမယ်၊ သိုင်းပညာချင်းလျှို့ဝှက်စွာဖလှယ်မယ်လို့ယူဆ ရပါတယ်"

အားလုံးကနားထောင်နေ၏။

ရှောင်လင်ကျောင်းထိုင်ကစကားဆက်လိုက်သည်။



"နောက်အကြောင်းတစ်ခုကတော့ ရန်သူဟာ သူတို့ကို ဖြိမ်း ခြောက်ပြီးခေါ်ဆောင်သွားတာဖြစ်ရမယ်"

ဝူးတန်ဂိုဏ်းချုပ် မျက်မှောင်ကြုတ်သွားလေသည်။

"ကျုပ်တော့ခေါင်းတော်တော်ရှုပ်သွားပါပြီ၊ ဘာကို စဉ်းစား ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ခေတ်ပန်းဂိုဏ်းချုပ်က....

"ကဲ... ကျုပ်တို့ထိုင်ပြီးဆွေးနွေးတာ တော်လောက်ပါပြီ... ဆုပ်ရှာလိုက်ရင် အကြောင်းသိလာမှာပေါ့ဗျာ"

ရှောင်လင်ကျောင်းထိုင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... အားလုံးက ကြိုးစားကြပါ၊ သတင်းရလဲ ပို့ပေးကြပါ၊ အချင်းချင်းလဲအသိပေးပါ၊ အရေးအကြောင်းရှိရင်လဲ အားလုံးပြန်စုကြတာပေါ့"

❋❋❋

ကျင်းကျင်းဦးဆောင်သော မိဘမဲ့ကလေးဂေဟာသည် အခမ်းအနားဖြင့်ဖွင့်လိုက်ပြီဖြစ်သည်။ လုယန်မြို့၌နေထိုင်ကြသော လူများသည် အင်တိုက်အားတိုက်အားပေးကြသည်။ ဆယ်ရက်အတွင်း ဒေသအရပ်ရပ်မှလာရောက်ပို့ဆောင်သောမိဘမဲ့ကလေးများ ဦးရေငါးဆယ်ကျော်သွားပြီဖြစ်သည်။

ထို့ကြောင့်လည်း ကျင်းကျင်းနှင့်ယဉ်မေတို့မှာ နေ့မအားညမအားအလုပ်ရှုပ်နေ၏။

ကျင်းဟူမှာမူ မကြာခဏအပြင်ထွက်၏။

တစ်ခါတစ်ရံ သုံးလေးရက်အကြာမှပြန်လာတတ်သည်။

ယဉ်မေက သူ့အားမေးသောအခါ မိဘမဲ့ကလေးဂေဟာ ဖွင့်လှစ်ထားသည့်အကြောင်း အခြားနယ်တို့ကိုလိုက်လံကြေညာခြင်း ဖြစ်သည်ဟု အဖြေပေးသည်။

ယနေ့လည်း... ကျင်းဟူသည် ညနေဆည်းဆာချိန်ရောက်မှ ပြန်လည်ရောက်ရှိလာလေသည်။

သမားတော်ကြီးကဆီးကြိုလိုက်သည်။

"ကျင်းဟူ... ဒီတစ်ခါ မင်းဘယ်ကိုရောက်ခဲ့သေးလဲ"

ကျင်းဟူသည် ကိုယ်ပေါ်မှဖုန်များကိုခါချလိုက်ရင်း....

"တော်တော့်ကိုစုံပါတယ်ဗျာ... အနည်းဆုံးမြို့သုံးမြို့တော့ ရောက်ခဲ့ပါတယ်"



"ဒါနဲ့ ဘာများထူးသေးသလဲ"

ကျင်းဟူကပြုံးလိုက်သည်။

"ထူးဆို သိုင်းလောကမှာထိပ်သီးဂိုဏ်းတွေ ကပ်ဆိုက်နေ ယ်လို့ခေါ်ရမှာပဲ"

သမားတော်ကြီးမျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား... ဆိုစမ်းပါဦး၊ ဘယ်လိုများကပ်ဆိုက်နေလို့

ကျင်းဟူသည်ဧည့်ခန်းထဲသို့ဝင်ရောက်လာပြီး ခြေပစ်လက် းသိုင်ချလိုက်သည်။ သမားတော်ကြီးက သူ့ရှေ့တွင်ထိုင်ချလိုက် သည်။ ကျင်းဟူသည် ရေနွေးကြမ်းတစ်ခွက်ငှဲ့၍သောက်ပြီးမှ....

"သိုင်းလောကမှာ ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်းရဲ့လက်ထောက် ား ချုပ်တွေအားလုံးပျောက်ဆုံးသွားကြတယ်လေ"

သမားတော်ကြီးကပြုံးလိုက်သည်။

"ဒါကိုတော့ ငါလဲကြားတာပေါ့"

ကျင်းဟူက....

"သူတို့ထွက်သွားတဲ့အခါမှာ ကိုယ့်ဂိုဏ်းရဲ့သိုင်းကျမ်း အချို့ ့ဆောင်သွားတယ်လို့သိရတယ်"

သမားတော်ကြီးမျက်မှောင်ကြုတ်သွားသည်။

"ဟုတ်မှဟုတ်ရဲ့လားကွ"

ကျင်းဟူက....

"ဟုတ်ပါတယ်... ကျွန်တော်သေသေချာချာကြားခဲ့တာ"

သမားတော်ကြီးအတွေးရခက်သွားသည်။

"ငါတောင်မတွေးတတ်အောင်ဖြစ်လာပြီ"

ကျင်းဟူက....

"နောက်သတင်းတစ်ခုက သေမင်းအမိန့်စာဆိုတဲ့အဖွဲ့တ
ဖွဲ့က ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်းကိုတစ်လအတွင်းမှာသစ္စာခံရမယ်
အကျပ်ကိုင်ထားတယ်"

သမားတော်ကြီးအံ့သြသွား၏။

"လာပြန်ပြီသေမင်းအမိန့်"

ကျင်းဟူပြုံးလိုက်သည်။

"အဲ့ဒါကို ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်းက အရေးပေါ်အစည်း
ဝေးခေါ်ပြီးဆွေးနွေးကြတယ်လေ၊ နောက်ပြီး သေမင်းအမိန့်အဖွဲ့
ဂိုဏ်းသားတွေစေလွှတ်ပြီး စုံစမ်းတယ်လို့သိရတယ်"

သမားတော်ကြီးက....

"သူတို့စုံစမ်းလို့ရပြီလား"

ကျင်းဟူခေါင်းခါလိုက်သည်

"မရသေးပါဘူး... ရမှာလဲမဟုတ်ဘူးလို့ ကျွန်တော်မြော
တယ်"



သမားတော်ကြီးက....

"ဘာဖြစ်လို့လဲ"

ကျင်းဟူရယ်မောလိုက်၏။

"သူတို့ကမျက်စေ့လည်နေလို့ပါ"

သမားတော်ကြီးမျက်မှောင်ကြုတ်သွားလေ၏။

"မင်းကဘာကိုဆိုလိုတာလဲ"

ကျင်းဟူကပြုံးလိုက်၏။

"သူတို့က အမည်းရောင်သိုင်းသမားရဲ့လက်ချက်လို့ယူဆ
မှာပဲ၊ ဒါကြောင့် သူတို့စုံစမ်းရင် အမည်းရောင်အုပ်စုကိုပဲစုံစမ်းမှာ
သေချာတယ်"

သမားတော်ကြီးက သူ့အားကြည့်လိုက်၏။

"ဘာလဲ မင်းကအဖြူရောင်သိုင်းသမားအုပ်စုမှာ သေမင်း
အမိန့်အဖွဲ့ရှိနေတယ်လို့ဆိုလိုတာလား"

ကျင်းဟူက....

"ဆိုလိုတာမဟုတ်ဘူး... ရှိကိုရှိရမယ်"

သမားတော်ကြီးက သူ့အားအံ့သြစွာကြည့်လိုက်၏။

"မင်းကသိလို့လား"

"သိတာပေါ့ဦးရယ်"

"ဒါဖြင့် ဘယ်သူလဲဆိုတာပြောပြစမ်းပါ"

ထိုစဉ်မှာပင်... ကျင်းကျင်းက ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာသည်။

"ကြည့်စမ်း... အစ်ကိုလေးပြန်လာတာတောင် အကြောင်းမကြားဘူး"

ယဉ်မေလည်းရောက်လာသည်။

"ကဲ ဒီတစ်ခါအစ်ကိုလေးပြန်လာတာ ကလေးတွေအတွက် ဘာတွေပါသလဲ"

ကျင်းပွေ့ကလက်ကာပြလိုက်သည်။

"သည်းခံပါကွာ... ဒီတစ်ခါတော့ ဘာမှမပါလာတော့ဘူး"

ကျင်းကျင်းက သူ၏တစ်ကိုယ်လုံးကိုကြည့်လိုက်၏။

"ကြည့်စမ်း... အဝတ်အစားတွေညစ်ပတ်လိုက်တာ ရေချိုး အဝတ်အစားလဲလိုက်ပါ... ကျွန်မတို့ထမင်းစားစောင့်နေမယ်"

ကျင်းပွေ့ထိုင်ရာမှထလိုက်သည်။

"ဟုတ်တယ်... အစ်ကိုလေးလဲဗိုက်ဆာလှပြီ"

သူသည် ရေချိုးရန် ရေချိုးခန်းရှိရာသို့ လျှောက်သွားသည်။

❋❋❋



ဤနေရာသည်လိုဏ်ဂူတစ်ခုဖြစ်သည်။

ယင်းလိုဏ်ဂူသည် လုယန်မြို့နှင့်မိုင်နှစ်ဆယ်မျှသာကွာဝေးသည်။ သို့သော် လုယန်မြို့တွင်နေထိုင်သောလူများသည် ထိုနေရာတွင် လိုဏ်ဂူတစ်ခုရှိသည်ကိုမည်သူကမျှ မသိကြပါ။

သတိလည်း မပြုမိပါ။

အကြောင်းမှာ လိုဏ်ဂူတည်ရှိနေသောနေရာသည် လမ်းပန်းဆက်သွယ်မှုလုံးဝမရှိသောကြောင့်ဖြစ်သည်။

တောတောင်ကိုကျော်ဖြတ်၍သွားရမည့်နေရာသာ ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် ထိုနေရာသို့သွားရောက်မည့်သူ တစ်ဦးတစ်ယောက်မှမရှိသောနေရာဖြစ်သည်။

ယခုမှာမူ လိုဏ်ဂူအတွင်းထဲ၌ လူများရောက်ရှိနေပြီဖြစ်၏။ လူတစ်ယောက်တည်းမဟုတ်ပါ။ လူနှစ်ဆယ်ကျော်ခန့် ရှိမည်ဟုထင်ရသည်။

ထိုလူများသည် အဘယ်ကြောင့် မြို့ကြီးပြကြီးမှာမနေဘဲ တောင်းကဲ့သို့ခေါင်လွင်သောနေရာသို့လာရောက်စုဝေးနေကြပါသနည်း။

❋❋❋

လိုဏ်ဂူထဲ၌ ကျောက်စားပွဲတစ်လုံးရှိသည်။ ကျောက်ခုံ တန်းလျားရှိသည်။ ကျောက်ကွစ်ပစ်များရှိသည်။

လိုဏ်ဂူအပြင်တွင် ချုံနွယ်များဖိတ်ဆို့ထားသောကြောင့် လိုဏ်ဂူဝမှာလည်း လူနှစ်ယောက်စာဝင်ရန် အကျယ်သာရှိနေသော ကြောင့် တော်ရုံတွေ့မြင်နိုင်မည်မဟုတ်ပါ။

သို့သော် လိုဏ်ဂူထဲမှာမူ အလွန်ကျယ်ဝန်းလှပေသည်။ လူ (၁၀၀)ခန့်နေနိုင်သောအခန်းတစ်ခန်းဖြစ်သည်။

ကျောက်စားပွဲတစ်ဘက်တစ်ချက်၌ ထိုင်နေကြသူမှာ သိုင်း လောကမှပျောက်ဆုံးသွားကြသောဂိုဏ်း (၈)ဂိုဏ်းမှ လက်ထောက် ဂိုဏ်းချုပ်များဖြစ်ကြလေသည်။

စားပွဲပေါ်တွင် သိုင်းကျမ်းမှတ်စုများ အစီအရီချထားလေ သည်။ စားပွဲတစ်ဘက်စွန်း၌ လူတစ်ယောက်ထိုင်နေ၏။

သူ့နောက်တွင် လူနှစ်ယောက်ကရပ်၍နေလေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က ကြေးရောင်မျက်နှာ ဖုံးတပ်ဆင်ထားပြီး ကျန်တစ်ယောက်မှာငွေရောင်မျက်နှာဖုံးတပ်ဆင် ထားလေသည်။

ထိုင်နေသောလူမှာ ပေ့ထင်းဝေပင်ဖြစ်၏။ အခန်းထဲ၌လူ နှစ်ဆယ်ကျော်ရှိနေသော်လည်း အလွန်တိတ်ဆိတ်ပြီး အပ်ကျသံပင် ကြားလောက်အောင် တိတ်ဆိတ်နေလေ၏။



ပေ့ထင်းဝေသည် လက်ထောက်ဂိုဏ်းချုပ်များကို တစ်ချက် ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

"အခုလို ကျုပ်ဆီရောက်အောင်လာကြတဲ့အတွက် ကျေးဇူး င်ပါတယ်လို့ပြောပါရစေ"

သူသည် ပြုံး၍စကားဆက်လိုက်သည်။

"အခုလိုသိုင်းကျမ်းကို တစ်ပါတည်းယူဆောင်လာနိုင်တဲ့ ွက်လဲ ကျေးဇူးတင်ပါတယ်လို့ထပ်မံပြောပါရစေ"

ခွန်းလွန်ဂိုဏ်းမှ ယန်းကုန်းချိုက ပေ့ထင်းဝေအား စိုက် ည့်လိုက်သည်။

"ကျုပ်တို့လာချင်လို့လာတာ မဟုတ်ဘူး၊ ခင်ဗျားကယုတ် တဲ့နည်းနဲ့ခေါ်လို့ လာတယ်ဆိုတာနားလည်စမ်းပါ"

"ဟား... ဟား... ဟား"

ပေ့ထင်းဝေက အားရပါးရရယ်မောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့အားလုံး ကျုပ်ရှေ့မှောက်ရောက် ကြပြီမဟုတ်လား"

ယန်းကုန်းချိုကခပ်ပြင်းပြင်းဖြင့်....

"ခင်ဗျားက ကျုပ်တို့ကိုလိမ်ခေါ်လာတာကိုး"

ထို့အတူ ထင်းစန်းဂိုဏ်းချုပ်ဟိုဝမ်းစွမ်းကလည်း ခေါင်းခါ မ်းလိုက်ပြီး....

"ဒါကတော့ ခင်ဗျားတို့က ကျုပ်တို့ဂိုဏ်းချုပ်ရဲ့လျှို့ဝှက်... ဆိုပြီး လိမ်ခေါ်လိုက်တာကိုး"

ပေထင်းဝေက....

"ဘယ်ကိစ္စမျိုးမဆိုပရိယာယ်ကိုသုံးရတယ်၊ ကျုပ်လုပ်င... အောင်မြင်ရေးအတွက် ဒီလိုပဲသုံးရမှာပဲ"

သူသည် အားလုံးကိုဝေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့က ကျော်ကြားတဲ့ပုဂ္ဂိုလ်ကြီးတွေပါ... ကို... ကိုယ်ကိုယ်အသုံးမကျလို့ အခုလိုအလိမ်ခံရတာမဟုတ်လား"

ငိုမိဂိုဏ်းက ရှောင်ရှမ်းကသက်ပြင်းချလိုက်သည်။

"ကျုပ်တို့ကိုတော်ရုံတန်ရုံလိမ်လို့မရပါဘူး... ဝူးတန်... ထောက်ဂိုဏ်းချုပ်အိကျင်းကျူက ကိုယ်တိုင်ကိုယ်ကျလာပြီး တ... တာမဟုတ်ရင် ကျုပ်တို့ကဘယ်လိုက်လာပါ့မလဲ"

ယန်းကုန်းချီက ဝူးတန်လက်ထောက်ဂိုဏ်းချုပ်အိကျင်း... ဘက်သို့လှည့်ကြည့်လိုက်သည်။

"ခင်ဗျား ဘာဖြစ်လို့ အခုလိုကျုပ်တို့ကိုလိမ်ရတာလဲ"

ချင်းဟိုက်ဂိုဏ်းလက်ထောက်ဂိုဏ်းချုပ်ကလည်း အိ... ကျူအားပြစ်တင်ပြောဆိုလေသည်။

"ဟုတ်တယ်... ခင်ဗျားကသစ္စာဖောက်လား"

နန်းဟိုင်ဂိုဏ်းမှလက်ထောက်ဂိုဏ်းချုပ်ကလည်း....



ပြစ်တင်ပြောဆိုလိုက်လေသည်။

"ဟုတ်တယ်... တရားခံကအိကျင်းကျူပါပဲ"

ဟိုဝမ်စွမ်းက ရှုံ့မှုန်းစွာဖြင့် အိကျင်းကျူကိုကြည့်လိုက်လေသည်။

"ခင်ဗျားကိုခင်ဗျား သစ္စာဖောက်ရုံတင်မကဘူး၊ ကျုပ်ကိုပါ ဒုက္ခရောက်အောင်လုပ်တာမကောင်းပါဘူးဗျာ"

အိကျင်းကျူက....

"ကျုပ်လဲ မတတ်နိုင်လို့ပါဗျာ... အားလုံးကိုတောင်းပန်ပါတယ်"

ဝူခုံးသည် သူ့အနီးတွင် ထိုင်နေသောအိကျင်းကျူအား မျက်မှောင်ကြုတ်၍လှည့်ကြည့်လိုက်သည်။

"ခင်ဗျားအသံက ဘာဖြစ်သွားတာလဲ"

အိကျင်းကျူကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျုပ်အသံကဘာဖြစ်သွားလို့လဲ"

ဝူခုံးက အိကျင်းကျူမျက်နှာကိုစူးစိုက်ကြည့်လိုက်သည်။

"မင်း... မင်း... အိကျင်းကျူမဟုတ်ဘူး"

အိကျင်းကျူထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ"

ဝူခုံးက....

"မင်း တခြားလူတွေကိုသွားလိမ်လို့ရမယ်... ငါ့ကိုလိမ်လို့ရဘူး။ မင်းဟာအိကျင်းကျူအတု"

သူ၏စကားကြောင့် အားလုံးလူများသည် အိကျင်းကျူအား အကဲခတ်ကြည့်ကြလေသည်။ အိကျင်းကျူက...

"မင်းရူးနေသလား"

ဝူခုံးခေါင်းခါယမ်းလိုက်သည်။

"မင်းဟာ အိကျင်းကျူမဟုတ်ဘူးဆိုတာ ငါသေသေချာချာ ပြောနိုင်တယ်"

သူသည် အိကျင်းကျူအားအကဲခတ်ကြည့်ရင်း...

"မင်းအသံကအိကျင်းကျူအသံမဟုတ်ဘူး... နောက်ပြီး အိကျင်းကျူက ငါနဲ့စကားပြောတဲ့အခါမှာ အမြဲတမ်းဘုန်းကြီးလို့ခေါ်တယ်... ပြောစမ်း... မင်းဘယ်သူလဲ"

ပေ့ထင်းဝေ ရယ်မောလိုက်လေသည်။

"နေပါဦး... အိကျင်းကျူအတုဆိုရင် သူ ခင်ဗျားတို့ကိုလာခေါ်တုန်းက ဘာကြောင့်အတုမှန်းမသိကြတာလဲ"

ဝူးခုံးခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ဆီကို တိတ်တဆိတ်လာပြီးဆွေးနွေးတုန်းက အိကျင်းကျူအစစ်ဆိုတာယုံကြည်လို့ အခုလို မင်းတို့ထောင်ချောက်ထဲ ရောက်နေခဲ့တာပေါ့"



သူသည် ပေ့ထင်းဝေအားကြည့်လိုက်သည်။

"အခု အိကျင်းကျူဘယ်မှာလဲ"

ပေ့ထင်းဝေ အိကျင်းကျူအားညွှန်ပြလိုက်သည်။

"ဘုန်းတော်ကြီးကလဲ ဒေါသကြီးလိုက်တာ... ခင်ဗျားအနားမှာရှိတယ်မဟုတ်လား"

ဝူခုံးသည် လျှပ်တစ်ပြက် အိကျင်းကျူ၏မျက်နှာကိုခွာချလိုက်သည်။ ဟုတ်ပါ၏။ ထိုလူသည် အိကျင်းကျူမဟုတ်ပါ။ သူတို့မမြင်ဘူးသောလူတစ်ယောက်ဖြစ်နေ၏။ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြလေသည်။

ဝူခုံးက ထိုလူ၏လည်ကုတ်ကိုဖမ်းဆွဲထားလိုက်လေသည်။

"ပြောစမ်း... အိကျင်းကျူဘယ်မှာလဲ"

"ဟား... ဟား... ဟား"

ပေ့ထင်းဝေက ရယ်မောလိုက်လေသည်။

"အားလုံးငြိမ်ငြိမ်နေပါခင်ဗျာ... ခင်ဗျားတို့အားလုံး ကျုပ်ရဲ့အဆိပ်မိထားတယ်ဆိုတာ နားလည်ထားကြစမ်းပါ"

ဝူခုံးတို့လူစု ရုတ်တရက်စိတ်ဓာတ်ကျသွားကြသည်။

ပေ့ထင်းဝေက အိကျင်းကျူအား လက်ဝေ့ယမ်းပြလိုက်သည်။ အိကျင်းကျူအတုသည် ထိုင်ရာမှထပြီး နောက်သို့ဆုတ်သွားလေသည်။

ဝှူခုံးက ပေ့ထင်းဝေအားကြည့်လိုက်သည်။

"အိကျင်းကျူဘယ်မှာလဲ"

ပေ့ထင်းဝေကရယ်မောလိုက်သည်။

"သူ့အတွက်စိတ်မပူပါနဲ့... သူအသက်မသေသေးပါဘူး"

ဟိုဝမ်းစွမ်းက....

"ကျုပ်တို့ကိုမှန်မှန်ပြောစမ်းပါ၊ အခုလိုကျုပ်တို့ကိုလိမ်ခေါ်လာတာ အိကျင်းကျူကသစ္စာဖောက်လို့လား"

ပေ့ထင်းဝေ ခေါင်းခါယမ်းလိုက်လေသည်။

"သူကခင်ဗျားတို့ကိုသစ္စာမဖောက်ပါဘူး၊ ကျုပ်ကအဆိပ်ခတ်ပြီး သူ့ကိုခိုင်းထားတာပါ"

သူသည် စကားဆက်လိုက်သည်။

"ကျုပ်အဆိပ်က လူတစ်ယောက်ကို ကိုယ့်သဘောနဲ့ကိုယ်မလုပ်တတ်ဘဲ ကျုပ်ခိုင်းထားတဲ့အတိုင်းလုပ်အောင် စွမ်းဆောင်နိုင်တယ်ဗျ"

ဝှူခုံး စိုးရိမ်ပူပန်သွားလေသည်။

"ခင်ဗျား အိကျင်းကျူကိုဘာလုပ်ထားတာလဲ"

ပေ့ထင်းဝေကလက်ကာပြလိုက်သည်။

"သူ့အတွက်ဘာမှမပူနဲ့သူအသက်မသေပါဘူး"

ဝှူခုံးက....



"ခင်ဗျားစကားကိုမယုံဘူး... ကျုပ်သူ့ကိုတွေ့ချင်တယ်"

ပေ့ထင်းဝေ ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျားကိုတွေ့ရင် ကျုပ်ကစီစဉ်ပေးပါ့မယ်... တစ်ခုတော့ ရှိတယ်၊ ကျုပ်ခိုင်းတာကိုတော့လုပ်ပေးရလိမ့်မယ်"

ဝှူခုံးက....

"ကျုပ်တို့ကဘာလုပ်ပေးရမှာလဲ"

ပေ့ထင်းဝေက....

"လွယ်လွယ်လေးပါ... ခင်ဗျားတို့ အခုပါလာတဲ့ကျမ်းစာအတိုင်း ကျုပ်ရှေ့မှာတစ်ခေါက်လောက်လေ့ကျင့်ပြရမယ်၊ ပြီးတာနဲ့ ခင်ဗျားတို့ကိုပြန်ပို့မယ်"

ဝှူခုံးက....

"သိုင်းကျမ်းစာအုပ်တွေကော"

ပေ့ထင်းဝေက....

"စိတ်ချ ကျုပ်တို့ကူးထားမှာပါ၊ သိုင်းကျမ်းစာအုပ်ကိုတော့ ပြန်ယူသွားနိုင်ပါတယ်"

ဝှူခုံးက....

"ကျုပ်တို့ကပြောမပြဘူးဆိုရင်ကော"

ပေ့ထင်းဝေက ရယ်မောလိုက်သည်။

"ကျုပ်သာဖြေဆေးမပေးရင် ခင်ဗျားတို့အားလုံး (၂၄)နာရီ

အတွင်း သေဆုံးသွားနိုင်တယ်၊ ခင်ဗျားတို့သေဆုံးတဲ့အကြောင်းကို ဂိုဏ်းချုပ်ကတောင် သိမှာမဟုတ်ဘူး… သိုင်းကျမ်းစာအုပ်လဲ သူတို့ ဆီပြန်ရောက်သွားနိုင်မှာမဟုတ်တော့ဘူး"

ဝူခုံးကခေါင်းငိုက်စိုက်ကျသွားလေသည်။ ကျန်ရှိသော ဂိုဏ်းများမှပုဂ္ဂိုလ်များလည်း တုန်လှုပ်ချောက်ချားသွားကြကုန်သည်။

❋❋❋



ပေ့ထင်းဝေသည် အားလုံးတို့ကို တစ်ချက်ဝှေ့ကြည့်လိုက် လေသည်။

"အခုလောက်ဆိုရင် အားလုံးသဘောပေါက်လောက်ပါပြီ… ကြောင့် ကျုပ်ပြောတဲ့အတိုင်းလက်ခံဖို့ပဲရှိတော့တယ်"

ဝူခုံးက….

"ကျုပ်က အိကျင်းကျူကိုအလျင်ဆုံးတွေ့ချင်တယ်"

ပေ့ထင်းဝေရယ်မောလိုက်သည်။

"စိတ်ချပါ… ကျုပ်ခိုင်းတာကိုလုပ်ပါ… အိကျင်းကျူကိုတွေ့ ကျုပ်ရဲ့လက်ဝဲရံနဲ့လက်ယာရံတို့ကလိုက်ပို့ပေးပါ့မယ်"

သူသည် သူ့နားတွင်ရပ်နေသောလက်ဝဲရံနှင့်လက်ယာရံ အား အမိန့်ပေးလိုက်သည်။

"သူတို့ကို အိကျင်းကျူဆီပို့ပေးလိုက်ပါ"

သူသည် ယင်းသို့မှာကြားပြီးနောက် ထွက်ခွာသွားသည်။ ထင်းဝေကထွက်ခွာသွားပြီးနောက် လက်ဝဲရံနှင့်လက်ယာရံတို့ သည် ဝူခုံးအားမေးလိုက်သည်။

"ခင်ဗျားတစ်ယောက်ထဲပဲသွားမှာလား… ကျန်တဲ့လူလဲ က်မှာလား"

ဝူခုံးက ကျန်ရှိသောလူများကိုကြည့်လိုက်သည်။

ဟိုဝမ်းစွမ်းကခေါင်းညိတ်လိုက်သည်။

"ကျူပ်လဲလိုက်မယ်"

ကျန်ရှိသောဂိုဏ်းချုပ်အားလုံးတို့ကလည်းလိုက်ကြည့်ရန် ဆန္ဒရှိကြသည်။

လက်ဝဲရံက ခေါင်းညိတ်ပြလိုက်သည်။

"ကဲ... လိုက်ချင်တဲ့လူအားလုံး ကျူပ်နောက်ကိုလိုက်ခဲ့ကြတော့"

❋❋❋



ဤနေရာသည် လိုဏ်ဂူအတွင်းဘက်ဖြစ်သည်။ ထိုနေရာတွင် အခန်းငယ်တစ်ခုရှိသည်။

ယင်းအခန်းငယ်သည် သံတိုင်များဖြင့်ကာရံထားသည်။

ဝူခုံးတို့သည် ခပ်လှမ်းလှမ်းကပင် အခန်းထဲ၌ထိုင်နေသော အိကျင်းကျူအားတွေ့မြင်လိုက်ရသည်။

ဝူခုံးသည် အိကျင်းကျူအားမြင်တွေ့လိုက်ရသောအခါ အလွန်ဒေါသထွက်သွားပြီး ပြစ်တင်ပြောဆိုချင်သည်။

အိကျင်းကျူကိုယုံကြည်သောကြောင့် ယခုလို သူတို့သည် မှုထင်းဝေ၏ထောင်ချောက်ထဲသို့ဆင်းသက်ရခြင်းမဟုတ်ပါလော။

သို့သော် အိကျင်းကျူကအချုပ်ခန်းထဲ၌ ရောက်နေသည်ကို တွေ့မြင်လိုက်ရသောအခါ သနားစနာသောစိတ်များတဖွားဖွားပေါ် ပေါက်လာလေသည်။

ဝူခုံးသည် သံတိုင်အနီးသို့ ချဉ်းကပ်သွားသည်။

သို့သော် အခန်းထဲမှထိုင်နေသော အိကျင်းကျူကမြင်လျက်နှင့်မမြင်သည့်အလား နှုတ်ဆက်ခြင်းပင်မပြုပါ။

"ဒီမှာအိကျင်းကျူ"

ဝူခုံးကလှမ်းခေါ်လိုက်၏။ အိကျင်းကျူသည် သူ့အားခေါ်သည်ဟုပင်မထင်ဘဲတုံ့ပြန်ခြင်းမရှိပါ။

ဝူခုံး မျက်မှောင်ကြုတ်သွား၏။

"လာပါဦးဗျအိကျင်းကျူ"

အိကျင်းကျူသည် ထိုင်ရာမှထပြီး လေးလံစွာဖြင့်ဂူခုံးထံသို့ လျှောက်လာ၏။

ယခုမှ ဂူခုံးသည် အိကျင်းကျူ၏မျက်လုံးအစုံမှာ ကြောင်တောင်တောင်ဖြစ်နေသည်ကိုသတိပြုမိလိုက်၏။

သူသည် စိတ်မကောင်းဖြစ်သွား၏။

"အိကျင်းကျူ... ကျုပ်ကိုမမှတ်မိဘူးလား"

အိကျင်းကျူသည် စကားတစ်ခွန်းမှမပြောဘဲ ဂူခုံးအား စိုက်ကြည့်လိုက်၏။ သူသည် ဂူခုံးအားမှတ်မိနိုင်ရန် စဉ်းစားနေဟန်ရှိလေသည်။ ဂူခုံးပို၍စိတ်မကောင်းဖြစ်လာ၏။

"ကျုပ်ဂူခုံးလေ မမှတ်မိတော့ဘူးလား"

အိကျင်းကျူမျက်လုံးအစုံသည် အဝေးသို့လှမ်းကြည့်ရင်း—

"ဂူခုံး... ဂူခုံးဆိုတာဘယ်သူလဲ"

သူသည် တစ်ယောက်တည်းအသံတိုးတိုးဖြင့်ရေရွတ်လိုက်လေသည်။

ဂူခုံးက...

"ငါက ရှောင်လင်ကျောင်းကဂူခုံးလေ သေချာစဉ်းစားကြည့်ပါဦး"

အိကျင်းကျူက...



"ရှောင်လင်ကျောင်းကဂူခုံးဟုတ်လား"

"ဟုတ်တယ်... မင်းမှတ်မိပြီမဟုတ်လား"

အိကျင်းကျူခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ရှောင်လင်ကျောင်းဆိုတာဘာလဲ... ဂူခုံးဆိုတာကကော ...ယ်သူလဲ"

ဂူခုံးသည် အကြီးအကျယ်စိတ်ပျက်သွားတော့သည်။

သူသည် အတိတ်လုံးဝမေ့နေသောအိကျင်းကျူအား ဆက် ...်မကြည့်တော့ဘဲ နေရာမှထွက်ခွာလာရ၏။

❋❋❋

ဝူခိုးတို့လူစုသည် သူတို့အခန်းရှိရာသို့ ပြန်လည်ရွှေ့လာကြ၏။

သူတို့အားလုံး စိတ်မကောင်းစွာဖြင့် ကိုယ့်နေရာ ပြန်ထိုင်ချလိုက်ကြ၏။ သူတို့သည် မည်သူကမျှစကားမပြောနိုင်တော့ အတွေးကိုယ်စီဖြင့်စဉ်းစားနေကြ၏။

သူတို့သည် ဤနေရာမှမည်ကဲ့သို့လွတ်မြောက်ရန်ကြိုးစားရမည်ကို ကိုယ်စီကိုယ်ငှတွေးတောကြံစည်နေကြ၏။

မည်မျှအချိန်ကြာသွားမှန်းမသိ။ အခန်းထဲသို့ ပေ့ထင်းဝေ ပြန်လည်ရောက်ရှိလာသည့်အခါမှ အတွေးများပျက်သွားကြသည်။

ပေ့ထင်းဝေက ဝူခိုးအားပြုံးပြလိုက်၏။

"အိကျင်းကျူကိုတွေ့ခဲ့ရပြီမဟုတ်လား"

ဝူခိုးသည် ခံပြင်းလွန်း၍ မျက်လုံးအစုံမှာနီရဲလာသည်။

"မင်း သူ့ကိုဘာလုပ်ထားသလဲ"

ပေ့ထင်းဝေပြုံးလိုက်သည်။

"ဘာမှမလုပ်ပါဘူးဗျာ... ဆေးကလေးနည်းနည်းတိုက်ထားတာလောက်ပါပဲ"

ဝူခိုးကဒေါသကြီးစွာဖြင့်ကြည့်လိုက်၏။

"မင်းက လူမဆန်ဘူး... သူ့ကို လူမှန်းမသိအောင်လုပ်ထားရက်တယ်"



ပေ့ထင်းဝေက...

"ဒါကတော့ဗျာ... အခြေအနေအရပေါ့"

သူကပြုံး၍စကားဆက်လိုက်သည်။

"အခု ခင်ဗျားတို့က ကျုပ်စကားကိုနားထောင်တာကလွဲလို့ တခြားနည်းလမ်းမရှိဘူး"

သူသည် ခေတ္တရပ်ပြီးမှစကားဆက်လိုက်သည်။

"ကျုပ်ပြောတဲ့အတိုင်းလုပ်ပေးမယ်ဆိုရင် ခင်ဗျားတို့ကို ပြေးပေးမယ့်အပြင် အိကျင်းကျူကိုလဲ လူကောင်းပကတိဖြစ်အောင် ကျုပ်တာဝန်ယူပါ့မယ်"

ဝူခိုးသည် အတန်ကြာစဉ်းစားပြီးမှ...

"မင်းပြောတဲ့စကားတည်ပါ့မလား"

ပေ့ထင်းဝေကရယ်မောလိုက်သည်။

"ဒီသိုင်းကျမ်းကိုရယူထားပြီးမှတော့ လောကပေါ်မှာ ကျုပ်ကြောက်ရမယ့်လူ ရှိမှာမဟုတ်တော့ဘူး၊ ဒီအတွက် ခင်ဗျားတို့ကိုလဲ ထားဖို့မလိုတော့ဘူးမဟုတ်လား"

ဝူခိုးက ကျန်ရှိသောလက်ထောက်ဂိုဏ်းချုပ်များကို လှည့်ကြည့်လိုက်သည်။

"အကာကြီးတို့ရော ဘယ်လိုသဘောရသလဲ"

ကျန်ရှိသောလူများသည် မည်သို့မျှမစဉ်းစားတတ်အောင်

ဖြစ်နေကြသည်။ ဟိုဝမ်းစွမ်းကသက်ပြင်းတစ်ချက်ချလိုက်သည်။

“ဂိုဏ်းချုပ်ရဲ့သဘောပါပဲလေ”

ဝူခုံးက ပေ့ထင်းဝေဘက်သို့လှည့်ကြည့်လိုက်၏။

“ကောင်းပြီလေ... မင်းကတိတည်ပါစေ”

ပေ့ထင်းဝေက ကျေနပ်စွာဖြင့်ရယ်မောလိုက်သည်။

“စိတ်ချပါ... ကျုပ်ကတိတည်ပါတယ်”

❋❋❋



ညနေဆည်းဆာ....

ညစာစားပြီးနောက်.... ကျင်းကျင်းနှင့်ယဉ်မေတို့သည် ကလေးများ လုပ်ငန်းများကိုလုပ်ဆောင်နေရပြန်သည်။

သူမတို့သည်.... ကလေးများအတွက် အလုပ်ရှုပ်နေသောကြောင့် ကျင်းဟူနှင့်စကားမပြောအားဘဲဖြစ်နေ၏။

ထို့ကြောင့်....

ကျင်းဟူသည် သမားတော်ကြီးနှင့် ဧည့်ခန်းထဲ၌ထိုင်၍ ရေနွေးကြမ်းသောက်ရင်းစကားလက်ဆုံကျရလေသည်။

“ကဲ... ကျင်းဟူ၊ ခုနတုန်းက စကားပြတ်သွားလိုက်တာ ကျုပ်သိချင်တာတောင်မသိလိုက်ရဘူး”

“ဘာကိုလဲအဘ”

သမားတော်ကြီးကပြုံးလိုက်၏။

“မင်းခုနပြောတာလေ... ဘယ်သူ့လက်ချက်ဆိုတာ”

ကျင်းဟူပြုံးလိုက်သည်။

“ဟုတ်ကဲ့... ကျွန်တော်ရထားတဲ့ သဲလွန်စအတိုင်းဆိုရင် လက်ထောက်ဂိုဏ်းချုပ်တွေကို သွေးဆောင်သွားတဲ့လူဟာ ပေ့ထင်းဝေပဲဖြစ်ရမယ်”

သမားတော်ကြီးမျက်မှောင်ကြုတ်သွား၏။

“သောကကင်းဝေးတောင်ကြားပိုင်ရှင်လား”

ကျင်းဟူခေါင်းညိတ်ပြလိုက်၏။

သမားတော်ကြီး မျက်မှောင်ကြုတ်သွားပြန်၏။

"နေပါဦး... တစ်ချိန်တုန်းက သောကကင်းဝေးတောင်ကြားနဲ့အတူ နာမည်ကြီးခဲ့တဲ့ဒေါင်းအလံဂိုဏ်းကော... အခု နာမည်လုံးဝမကြားရတော့ပါလား"

ကျင်းဟူပြုံးလိုက်၏။

"နာမည်မကြားဆို သူက ရိုးရိုးမှန်မှန်နေတာဆိုတော့ ပေ့ထင်းဝေတို့လို ဘယ်ကျော်ကြားနိုင်ပါ့မလဲ"

သမားတော်ကြီးက....

"ဒါနဲ့ မင်းက ပေ့ထင်းဝေကိုဘာကြောင့်စွပ်စွဲနိုင်တာလဲ"

ကျင်းဟူက....

"စွပ်စွဲတာမဟုတ်ပါဘူးဗျာ... သက်သေအထောက်အထားရှိနေလို့ ပါ"

သမားတော်ကြီးက....

"ဆိုစမ်းပါဦး... မင်းရဲ့အထောက်အထားက"

ကျင်းဟူက....

"ပေ့ထင်းဝေဟာ မှန်မှန်ကန်ကန်ရှိတဲ့လူတစ်ယောက်ဆိုရင် မြေအောက်ခန်းထားစရာကိုမလိုဘူး"

ထိုစကားကြောင့်....



သမားတော်ကြီး၏မျက်နှာတွင် အံ့ဩသွားသည့်အရိပ်အယောင်များပေါ်လာသည်။

"ဟိုမှာ မြေအောက်ခန်းရှိတယ်ဟုတ်လား"

"ဟုတ်တယ်"

"မင်းဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်ကနေရာအနှံ့သွားနေတဲ့လူဆိုတော့ တွေ့ခဲ့တဲ့လူဆီကသတင်းကြားလာတာပေါ့"

သမားတော်ကြီးက....

"တွေ့ခဲ့တဲ့လူဆိုတာဘယ်သူလဲ"

ကျင်းဟူက....

"အဆိပ်ဘုရင်ပေါ့"

သမားတော်ကြီးအံ့အားသင့်သွားသည်။

"အဆိပ်ဘုရင်ကသူတို့မြေအောက်ခန်းကိုတွေ့ခဲ့တယ် ပြောခဲ့လို့လား"

ကျင်းဟူပြုံးလိုက်သည်။

"သူပြော မပြောပေမဲ့ ကျွန်တော်ကသိလိုက်ပါတယ်"

သမားတော်ကြီးပါးစပ်ပိတ်ထားလိုက်သည်။

❋❋❋

မှောင်စပြုလာပြီဖြစ်၏။

မြို့ပိုင်ရှင်အဘိုးအိုက လာရောက်မီးထွန်းပေး၏။

မြို့ဝင်းထဲမှကလေးများ၏ရယ်မောသံများသည် ဆူညံစွာ ထွက်ပေါ်နေ၏။ မြို့ဝင်းပိုင်ရှင်အဘိုးအိုက ဝင်ရောက်ထိုင်ချလိုက်၏။

“ကလေးမတော့ မနိုင်မနင်းဖြစ်လာပြီ… ဒါကြောင့် သူ့အတွက် အဖော်အပေါင်းထပ်ခေါ်ဖို့ ဦးကစီစဉ်နေတယ်”

ကျင်းဟူက….

“ကလေးတွေ ထပ်ပြီးတိုးလာလို့လား”

အဘိုးအိုက….

“အင်း… အခုသုံးရက်ထဲမှာပဲ နောက်ထပ်နှစ်ဆယ်လောက် တိုးလာတယ်ကွယ့်”

လုပ်ငန်းအောင်မြင်နေသည့်အတွက် သူ့မျက်နှာတစ်ခုလုံး ဝမ်းသာပီတိဖြစ်သွား၏။

ကျင်းဟူကခေါင်းညိတ်လိုက်သည်။

“ကျွန်တော်ကတော့ အင်တိုက်အားတိုက်လုပ်မပေးနိုင်တဲ့ အတွက် ဦးကိုလဲအားကိုးရမှာပဲ”

ထိုစဉ် ကျင်းကျင်းအသံထွက်ပေါ်လာ၏။

“ဦးလေး သွားလိုက်ပါဦးမယ်”

❋❋❋



အဘိုးအို မြို့ဝင်းထဲသို့ဆင်းသွားပြီးနောက် ကျင်းဟူသည် သမားတော်ကြီးအားကြည့်လိုက်၏။

“မနက်ဖြန်ကျရင် သောကကင်းဝေးတောင်ကြားကိုသွားဖို့ ကျွန်တော်ဆုံးဖြတ်ထားတယ်”

သမားတော်ကြီးက….

“ဘာလဲ… မင်းက သူတို့ဆီမှာ ရန်ပုံငွေသွားပြီး အလှူခံဦး မလို့လား”

ကျင်းဟူခေါင်းခါယမ်းလိုက်၏။

“မဟုတ်ဘူး”

“ဒါဖြင့်ဘာကိစ္စလဲ”

“သိုင်းလောကထဲမှာ အခုတလော ဂိုဏ်းအသီးသီးကို ခြိမ်းခြောက်နေတဲ့သေမင်းအမိန့်ကိစ္စသွားပြီးဆွေးနွေးမလို့ပါ”

သမားတော်ကြီး၏မျက်ဝန်းအစုံပြူးကျယ်သွား၏။

“မင်း…”

ကျင်းဟူကပြုံးပြလိုက်၏။

“စိုးရိမ်မနေပါနဲ့အဘ ကျွန်တော်ကသူတို့နဲ့သိုင်းပညာယှဉ်ပြိုင်မှာမှမဟုတ်ဘဲ… ဆွေးနွေးရင်း သူတို့စကားထဲမှာသဲလွန်စများ ရမလားလို့ပါ”

သမားတော်ကြီးက….

"ဟုတ်မှလဲလုပ်ပါကွာ"

ကျင်းဟူပြုံးလိုက်၏။

"ဟုတ်ကဲ့... ကျွန်တော်လဲ အရမ်းကာရောမလုပ်ပါဘူး"

သမားတော်ကြီးက....

"အေးပေါ့လေ... မင်းသွားချင်တယ်ဆိုရင်သွားပေါ့... ဒါပေမဲ့ ကိုယ့်သိုင်းပညာဘယ်လိုရှိတယ်ဆိုတာ အသိဆုံးပါ၊ သူတို့က မင်း အပေါ်သံသယဖြစ်လာအောင် မလုပ်ဖို့အရေးကြီးတယ်"

ကျင်းဟူခေါင်းညိတ်လိုက်၏။

"စိတ်ချပါအဘ"

ထိုစဉ် ယဉ်မေအသံထွက်ပေါ်လာ၏။

"အစ်ကိုလေး... အိမ်ရောက်တဲ့အခါ ကျွန်မတို့ကိုလာပြီးပိုင်း ကူပါဦးရှင်"

သမားတော်ကြီးကရယ်မောလိုက်၏။

"ကဲ... သွားပေဦးတော့ကျင်းဟူရေ"

ကျင်းဟူသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ထိုင်ရာမှထလိုက် တော့သည်။

❋❋❋



ကျင်းဟူသည် သောကကင်းဝေးတောင်ကြားသို့ ဒုတိယ အခေါက်ပြန်လည်ရောက်ရှိလာ၏။

အစောင့်များသည် သူ့အားသိရှိပြီးဖြစ်ရာ ဧည့်ကြိုဆောင်ရှိ ရာသို့ခေါ်ဆောင်သွားလေသည်။

ဧည့်ကြိုဆောင်မှတာဝန်ခံသည် တောင်ကြားပိုင်ရှင်ခရီး ထွက်နေသဖြင့် မိမိဘာသာလွတ်လပ်စွာနေထိုင်ရန်နှင့် တောင်ကြား ပိုင်ရှင် နောက်တစ်နေ့ဆိုလျှင် ပြန်ရောက်လာမည်ဖြစ်ကြောင်း ပြော ပြလေသည်။

ကျင်းဟူသည် ပေ့ထင်းဝေမရှိသောကြောင့် သူ့အဖို့ ပို၍ လွတ်လပ်မှုရှိသည်ဟုဝမ်းသာသွားသည်။

ထို့ကြောင့် ထမင်းစားသောက်ပြီးနောက် သူသည်ဧည့်ကြို ဆောင်မှထွက်ပြီး ဟိုဟိုသည်သည်ထွက်ကြည့်၏။

သူသည် ပတ်ဝန်းကျင်တို့ကိုအကဲခတ်ကြည့်လိုက်သည်။

သူ့အား စောင့်ကြပ်မည့်လူ တစ်စုံတစ်ယောက်မှမရှိသည်ကို တွေ့ရ၏။

တောင်ကြားထဲမှအစောင့်များသည် ကျင်းဟူမှာသိုင်းပညာ ညံ့ဖျင်းပြီး လူကလည်း ပေါကြောင်ကြောင်ဖြစ်ကြောင်းသိထားကြ သဖြင့် သူ့အား ယခုကဲ့သို့လျစ်လျူရှုထားခြင်းဖြစ်၏။

ကျင်းဟူသည် ဟိုဟိုသည်သည်လျှောက်ရင်း....

ပေ့ထင်းဝေ၏သီးသန့်အခန်းအနီးသို့ရောက်ရှိလာ၏။

ပေ့ထင်းဝေမရှိသဖြင့် ထိုအခန်းမှာလည်း အစောင့်အကြပ်မရှိပါ။

သူသည် အခန်းတံခါးကိုအသာအယာတွန်းကြည့်သည်။

အခန်းတံခါးသည် တွန်းလိုက်သည်နှင့်ပွင့်သွား၏။

သူသည် အခန်းထဲသို့ရင်ကော့၍ဝင်သွား၏။

အခန်းထဲ၌ စားပွဲကုလားထိုင်များ အနည်းငယ်ရှိသည်။

ဘေးတစ်ဘက်တစ်ချက်နံရံပေါ်တွင် စာအုပ်စင်များထားရှိသည်ကိုတွေ့ရ၏။

သူသည် စာအုပ်စင်အနီးသို့ချဉ်းကပ်သွားပြီးစာအုပ်တစ်အုပ်ကိုဆွဲယူ၍ဖတ်ကြည့်ရာ သိုင်းပညာရပ်များရေးသားထားသောစာအုပ်ဖြစ်နေမှန်းတွေ့ရ၏။

သူသည် ထိုစာအုပ်အားပြန်ထားလိုက်၏။

ထို့နောက် စာအုပ်စင်မှာရှိသောစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ယူ၍ကြည့်၏။

ယင်းစာအုပ်များအနက် အချို့သည် သိုင်းပညာစာအုပ်များဖြစ်လေသည်။ အချို့ကား... အတွင်းအားပညာနှင့် ပတ်သက်သောစာအုပ်များဖြစ်သည်။

အချို့မှာမူ ဆေးဝါးကုသသောစာအုပ်ဖြစ်ပြီး....



အချို့မှာမူ အဆိပ်၏အာနိသင်များကိုရေးသားထားသောစာအုပ်များဖြစ်သည်။

ကျင်းဟူ သက်ပြင်းတစ်ချက်ချလိုက်၏။

ပေ့ထင်းဝေမှာ ဤမျှစာအုပ်များကြွယ်ဝလှသည်ကို ကြိတ်၍ချီးကျူးမိ၏။ သို့သော် ထိုစာအုပ်များကို မည်သည့်နေရာမှရယူလာပါသနည်း။

သူသည် ထိုသို့တွေးမိလိုက်သည်နှင့် တစ်စုံတစ်ခုကိုသတိရလာ၏။ ယင်းသိုင်းပညာစာအုပ်များသည် သိုင်းအဖွဲ့များထံမှရရှိလာခြင်းဖြစ်ရမည်။

သူသည် စဉ်းစားရင်း မျက်လုံးများပြူးကျယ်သွားသည်။

ဤသို့ဆိုလျှင် ပေ့ထင်းဝေမှာအဆိပ်ပညာကိုပါကျွမ်းကျင်အောင်မြောက်ထားပြီးဖြစ်ရမည်။

သူသည် ခေါင်းခါယမ်းလိုက်၏။

ဤအတိုင်းထား၍ မဖြစ်တော့ပါ။

အချိန်ကြာလာသည်နှင့်အမျှ ပေ့ထင်းဝေမှာသိုင်းလောကတစ်ခုလုံးကိုဝါးမျိုသွားတော့မည်ဟုတွေးမိ၏။

ထို့ကြောင့်....

ယင်းအကြောင်းကို ရှောင်လင်ကျောင်းထံသို့ သတင်းပို့မှဖြစ်တော့မည်ဟုတွေးမိလာတော့၏။

သူသည်…. ယင်းသို့တွေးမိလိုက်သည်နှင့် သိုးသန့်အခန်းမှ ကမန်းကတန်းထွက်လာ၏။

ထိုအချိန်မှာပင်….

လူတစ်ယောက်က သူ၏သွားလမ်းကိုပိတ်၍ရပ်တန့်နေသည်ကိုတွေ့မြင်လိုက်ရလေတော့၏။

❋❋❋



ကျင်းဟူအားလမ်းပိတ်ရပ်တန့်နေသူသည် အခြားသူမဟုတ်ချေ။ ပေ့ထင်းဝေ၏ညာလက်ရုံးဖြစ်သောလက်ယာရံဖြစ်လေသည်။

သူသည် မျက်နှာထားသုန်သုန်မှုန်မှုန်ဖြင့် ကျင်းဟူအား စိုက်ကြည့်နေသည်။

"မင်း ဘာကိစ္စဒီအထဲကိုဝင်လာရတာလဲ"

ကျင်းဟူကပြုံးလိုက်၏။

"ကျုပ်ပျင်းပျင်းရှိတာနဲ့ဝင်လာမိတာပါ"

လက်ယာရံက….

"ဘာတွေတွေ့ခဲ့သလဲ"

ကျင်းဟူက….

"စာအုပ်တွေတွေ့ခဲ့တယ်လေ"

လက်ယာရံက….

"ဘာစာအုပ်တွေလဲ"

ကျင်းဟူက….

"သိုင်းပညာသင်တဲ့စာအုပ်ပါ"

လက်ယာရံက….

"မင်းဖတ်ကြည့်သေးသလား"

ကျင်းဟူခေါင်းခါယမ်းလိုက်၏။

"ကျုပ်က ဘာဖြစ်လို့ဖတ်ရမှာလဲ"

လက်ယာရုံက....

"မင်း ဘာဖြစ်လို့မဖတ်တာလဲ"

ကျင်းဟူက....

"ကျုပ်ကဝါသနာမှမပါဘဲ"

လက်ယာရုံ့ မျက်မှောင်ကြုတ်သွား၏။

"မင်းကသိုင်းပညာကိုဝါသနာမပါဘူးဟုတ်လား"

ကျင်းဟူက....

"ဟုတ်တယ်"

လက်ယာရုံက....

"ဒါဖြင့် မင်းက အဆိပ်ဘုရင်ကိုဘယ်လိုဖမ်းနိုင်ခဲ့တာလဲ"

ကျင်းဟူက နားထင်ကိုလက်ညှိုးဖြင့်ထောက်ပြလိုက်ပြီး—

"ကျုပ်ကခေါင်းနဲ့ဖမ်းခဲ့တာပါ"

လက်ယာရုံကရယ်မောလိုက်၏။

"ကဲ အခုကျုပ်မင်းကိုသတ်ရလိမ့်မယ်၊ အဲ့ဒါ ခေါင်းနဲ့လွတ်အောင်ရှောင်ပေတော့"

ကျင်းဟူအံ့အားသင့်သွား၏။

"ကျုပ်ကိုသတ်မယ်ဟုတ်လား... ဘာဖြစ်လို့လဲ"

လက်ယာရုံက....

"ဒီအခန်းဟာ ပိုင်ရှင်ရဲ့အမိန့်မရဘဲ ဘယ်သူမှဝင်ခွင့်မရှိဘူး



င်တဲ့လူ သေရလိမ့်မယ်"

ကျင်းဟူခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူးဗျာ... ဒီအခန်းထဲမှာဘာရှိလို့လဲ... ဝင်မိ

ကိုသတ်မယ်ဆိုတာ ဘယ်တရားပါ့မလဲ"

လက်ယာရုံသည် ကျင်းဟူ၏စကားမှာပေါကြောင်ကြောင်

င်လှသည်ကိုသတိပြုမိလိုက်သည်။

ထို့ကြောင့်... သူသည် ကျင်းဟူအားသုတ်သင်ရန် သင့်မသင့်

ဉ်းစားနေမိလေသည်။

အမှန်မှာ ယင်း သီးသန့်အခန်းသဲသို့ မည်သူမျှဝင်ခွင့်မရှိပါ။

ခွင့်မရှိဘဲဝင်လျှင် အသတ်ခံရမည်သာဖြစ်သည်။

ထို့ကြောင့်.... အခန်းထဲဝင်မိခဲ့သောကျင်းဟူအား သူ့အနေ

င့်သတ်ရမည်သာဖြစ်သည်။

သို့သော်.... ကျင်းဟူမှာ သိုင်းသမားတစ်ယောက်ဆိုသော်

ည်း ပေါကြောင်ကြောင်လူငယ်တစ်ယောက်ဖြစ်သည်။

ထို့ပြင်.... တောင်ကြားပိုင်ရှင်လည်း မရှိသဖြင့် သူသည်

င်းဟူအား သတ်သင့်မသင့်စဉ်းစားနေမိခြင်းဖြစ်လေသည်။

ကျင်းဟူက ပခုံးတစ်ချက်တွန့်ပြီး ထိုနေရာမှထွက်ခွာသွား

ည့်တိုင်အောင် လက်ယာရုံမှာဆုံးဖြတ်နိုင်စွမ်းမရှိသေးပါ။

❊❊❊

ကျင်းဟူသည် ညော်ကြီးဆောင်ထဲသို့ပြန်လည်ရောက်ရှိလာပြီဖြစ်၏။

သူသည် ညော်ကြီးဆောင်ထဲလှမ်းဝင်လိုက်သည်နှင့် ဒေါသတကြီးဖြင့် ညော်ဆောင်တာဝန်ခံဖြစ်သူကို မကျေမနပ်ပြောလိုက်လေသည်။

"ကျုပ်ပြန်မယ်ဗျာ"

ညော်ကြီးတာဝန်ခံကနားမလည်နိုင်ဘဲဖြစ်သွားသည်။

"တောင်ကြားပိုင်ရှင်ကိုမစောင့်တော့ဘူးလား"

ကျင်းဟူက ခေါင်းခါယမ်းလိုက်သည်။

"မစောင့်နိုင်တော့ဘူး"

သူသည် ပြောပြီးသည်နှင့်ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

❋❋❋



ထိုည....

မြင်းခွာသံတစ်သံသည် တိတ်ဆိတ်သောပတ်ဝန်းကျင်အားဖြိုခွဲလိုက်သည်။ ထိုမြင်းခွာသံသည် သောကကင်းဝေးတောင်ကြားထဲသို့မောင်းနှင်ဝင်ရောက်သွားသည်။

အစောင့်များက ဆီးကြို၍တိုက်ခိုက်လိုက်ကြသော်လည်း မြင်းပေါ်မှလူမှာ သိုင်းပညာအလွန်အဆင့်မြင့်နေသဖြင့် ဟန့်တားနိုင်ခြင်းမရှိခဲ့ကြပေ။

မြင်းပေါ်မှလူသည် တောင်ကြားလမ်းထဲသို့အရှိန်ပြင်းစွာမောင်းနှင်သွားပြီး ညော်ကြီးဆောင်ရှေ့၌မြင်းကိုရပ်တန့်လိုက်သည်။ သူ့ရှေ့တွင် လက်ဝဲရံနှင့်လက်ယာရံတို့က ပန်းချင်းယှဉ်၍ လမ်းပိတ်ရပ်ထားသည်။

သူတို့သည် မြင်းပေါ်မှလူအား အကဲခတ်ကြည့်လိုက်သည်။

မြင်းပေါ်မှလူသည် တစ်ကိုယ်လုံးအနက်ရောင်ဝတ်ရုံဖြင့် လွှမ်းခြုံထားသည်။

မျက်လုံးများမှအပ မျက်နှာနှင့်ဦးခေါင်းတစ်ခုလုံးကိုအဝတ်က်စည်းထားသည်ကိုတွေ့ရလေသည်။

လက်ဝဲရံက....

"မင်းဘယ်သူလဲ"

မြင်းပေါ်မှလူကအောက်သို့ခုန်ဆင်းလိုက်ရင်း....

"ပျံလွှား"

ဟုပြောလိုက်သည်။

လက်ယာရုံနှင့်လက်ဝဲရုံတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

လက်ယာရုံက....

"မင်းကပျံလွှားကိုး"

"ဟုတ်တယ်"

ပျံလွှား၏အသံသည် တိုတောင်းလှသည်။

လက်ယာရုံကရယ်မောလိုက်လေသည်။

"မင်း တခြားနေရာမသွားဘဲ ဒီကိုဝင်ခဲ့တာ မင်းအဖို့ကံဆိုးတာပဲ"

ပျံလွှားက ဓားကိုဆွဲထုတ်လိုက်သည်။

"ပြောစမ်း... မင်းတို့တောင်ကြားပိုင်ရှင် ဘယ်သွားနေလဲ"

လက်ဝဲရုံကရယ်မောလိုက်သည်။

"တို့ တောင်ကြားပိုင်ရှင်ကို တွေ့ချင်တယ်ဆိုရင် ငါတို့နှစ်ယောက်ကိုနိုင်အောင်ကြိုးစားရမယ်"

ပျံလွှားကရယ်မောလိုက်သည်။

"စိန်လိုက်လေ"

"ယား"



လက်ဝဲရုံနှင့်လက်ယာရုံတို့သည် ပျံလွှားအား ညှပ်၍တိုက်ခိုက်လိုက်လေ၏။ ပျံလွှားသည် အလွန်ဖျတ်လတ်ပြီး သိုင်းပညာအလွန်အဆင့်မြင့်၏။

ထို့ကြောင့် သိုင်းကွက်(၃၀)မျှသာယှဉ်ပြိုင်လိုက်ရ၏။

လက်ယာရုံ ဒဏ်ရာရရှိသွားလေ၏။

ထိုအချိန်တွင်....

"ခေါင်... ခေါင်... ခေါင်"

ခေါင်းလောင်းသံများ အဆက်မပြတ်ပေါ်ထွက်လာသည်။ တောင်ကြားမှအစောင့်များသည် လက်နက်ကိုယ်စီဖြင့်အပြေးအလွှားရောက်ရှိလာကြလေ၏။

သူတို့သည် ပျံလွှားအား ဝိုင်းရံထားကြလေ၏။ ပျံလွှားကလုံးဝမမှုပါ။ သူသည် ဓားကိုဝှေ့ယမ်းကာ ဝိုင်းရံထားသည့်လူများကြားမှတိုက်ခိုက်ထိုးဖောက်လိုက်လေ၏။

အစောင့်များသည် တားမနိုင်ဆီးမရဖြစ်ကာနောက်သို့ဆုတ်သွားရလေ၏။ ပျံလွှားသည်အိတ်ထဲမှာ မီးခြစ်တစ်ခုထုတ်ယူပြီး ဓားငယ်တစ်လက်ဖြင့် မီးစကိုရစ်ပတ်လိုက်၏။

ထို့နောက် ထိုမီးစကိုမီးရှို့လိုက်လေ၏။

လက်ဝဲရုံနှင့်လက်ယာရုံတို့ ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ် ပျံလွှားသည် ၎င်းဓားဖြင့် ပေထောင်းဝှေ၏သီးသန့်အခန်းသို့ပစ်လွှင့်

လိုက်လေ၏။ ထို့နောက် အစောင့်များခေါင်းပေါ်မှ ခုန်ပျံကျော်လွှား ကာ သူ့မြင်းပေါ်သို့ခုန်တက်လိုက်လေ၏။

ပြီးနောက် လျင်မြန်စွာမောင်းနှင်ထွက်ခွာသွား၏။

သူ့နောက်တွင် အစောင့်များ၏အသံများဆူညံစွာထွက်ပေါ် နေ၏။ သူသည် တောင်ကြားသို့ရောက်သောအခါ နောက်လှည့်ကြည့် လိုက်၏။ ထိုအခါ မီးတောက်မီးလျှံများ အပေါ်သို့ထောင်တက်လာ သည်ကိုတွေ့လိုက်ရ၏။

ပျံလွှားပြုံးလိုက်၏။

သီးသန့်အခန်း မီးလောင်သွားပြီဖြစ်ကြောင်း ယုံမှားဖွယ်မရှိ တော့ပြီ။ သီးသန့်အခန်းမီးလောင်ကျွမ်းလျှင် ပေ့ထင်းဝေစုဆောင်း ထားသောစာရွက်စာတန်းများအားလုံး မီးထဲပါသွားမည်ဖြစ်၏။

အခန်းထဲမှသိုင်းပညာနှင့်အဆိပ်ပညာကျမ်းများ မီးလောင် ကျွမ်းသွားလျှင် ပေ့ထင်းဝေအဖို့ သိုင်းလောကအား ဓိုလ်ကျလွှမ်းမိုး မည့်အကြံအစည်များပျက်ပြားသွားမည်ဖြစ်သည်။

ပျံလွှားသည် ကျေနပ်စွာပြုံးပြီး မြင်းကိုခြေလှမ်းမှန်မှန်ဖြင့် မောင်းနှင်ထွက်ခွာသွားလေ၏။ သူ့နောက်မှ ဆူညံနေသောအသံများ သည် တဖြည်းဖြည်းဝေး၍ဝေး၍ကျန်ရစ်ခဲ့လေတော့၏။

❋❋❋



ကျင်းဟူသည် ရှောင်လင်ကျောင်းသို့ရောက်လာ၏။

သူသည် သူ့ထင်မြင်ယူဆချက်များကို ကျောင်းထိုင်ဆရာ တော်အားလျှောက်တင်၏။ ကျောင်းထိုင်ဆရာတော်သည် ကျင်းဟူ အကြောင်းကိုသိထားပြီးဖြစ်ရာ သူသည် ပေ့ထင်းဝေအပေါ် သံသယ လုံးဝမရှိသော်လည်း....

အဖြစ်အပျက်မှန်ကိုသိရှိနားလည်နိုင်ရန် သောကကင်းဝေး တောင်ကြားသို့ကိုယ်တိုင်သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် သူသည် အခြားဂိုဏ်းမှပုဂ္ဂိုလ်များကိုအကြောင်း ကြားပြီး နောက်တစ်နေ့တွင် သောကကင်းဝေးတောင်ကြားသွားရန် ချိန်းဆိုလိုက်၏။

❋❋❋

နောက်တစ်နေ့နံနက်တွင် ရောင်လင်ကျောင်းထိုင်၊ ဝူးတန်ဂိုဏ်းချုပ်နှင့် ခေတ်ပန်းဂိုဏ်းချုပ်သည် လက်ရွေးစင်အဖွဲ့သား (၃၀) ခန့်ခေါ်ဆောင်ပြီး သောကကင်းဝေးတောင်ကြားသို့ ဦးတည်ထွက်ခွာသွားကြ၏။

သို့သော်... သူတို့သောကကင်းဝေးတောင်ကြားသို့ရောက်သွားသောအခါ ထိုနေရာတွင်လူသူတစ်စုံတစ်ယောက်မှ မရှိတော့ဘဲ မီးလောင်ကျွမ်းနေသောအဆောင်ကိုသာတွေ့မြင်လိုက်ရတော့၏။

ရောင်လင်ကျောင်းထိုင် အတွေးရခက်သွားသည်။

ပေ့ထင်းဂေသည် ကျင်းဟူပြောသည့်အတိုင်း ဟုတ်မှန်နေ၍ ထွက်ပြေးတိမ်းရှောင်သွားပြီလော။

သို့မဟုတ် အခြားရန်သူအဖွဲ့တစ်ခုက သူတို့အားလာရောက်တိုက်ခိုက်ဖျက်ဆီးသွားပြီလော။

သို့သော် အကယ်၍အခြားအဖွဲ့အစည်းကလာရောက်တိုက်ခိုက်ဖျက်ဆီးခဲ့လျှင် တိုက်ခိုက်ဖျက်ဆီးသည့်ခြေရာလက်ရာများကိုတွေ့ရမည်ဖြစ်၏။

ယခုမှာမူ တစ်ဖက်နှင့်တစ်ဖက်တိုက်ခိုက်ဖျက်ဆီးသည့်အရိပ်အယောင်ကိုလုံးဝမတွေ့ရချေ။ ဤသို့ဆိုလျှင် ပေ့ထင်းဂေမှာ တိမ်းရှောင်သွားခြင်းသာဖြစ်ရပေမည်။

တစ်နည်းဆိုရလျှင် .....



ပေ့ထင်းဂေသည် သေမင်းအမိန့်အဖွဲ့မှ ဖြစ်ရမည်။

သူတို့သည် မည်သို့မျှစဉ်းစားမရသဖြင့် ရောင်လင်ကျောင်းသို့ပြန်လာကြ၏။

ထိုအချိန်မှာပင်.... ခေတ်ပန်းဂိုဏ်းချုပ်ရောက်လာပြီး သူရရှိသောသတင်းတစ်ခုကိုတင်ပြသွား၏။

❋❋❋

ညှော်ခန်းထဲ၌ လူအားလုံးတိတ်ဆိတ်စွာထိုင်နေ၏။

လက်ရှိဖြစ်ပေါ်နေသောအခြေအနေမှာ ပို၍ရှုပ်ထွေးလာသည်ကိုတွေ့ရ၏။

သေမင်းအမိန့်အမည်ဖြင့်....

စာပို့နေသူမှာ မည်သူဖြစ်ပါသနည်း။

ပေ့ထင်းဝေသည် သောကကင်းဝေးတောင်ကြားမှ အဘယ်ကြောင့်ပျောက်ဆုံးသွားပါသနည်း။

ပေ့ထင်းဝေသည်ပင် သေမင်းအမိန့်ဖြစ်သည်လော။

❋❋❋



ခေတ်ပန်းဂိုဏ်းချုပ်က သူရရှိထားသောသတင်းကို တင်ပြလိုက်သည်။

"ကျုပ်သိထားတဲ့သတင်းအရ ဂိုဏ်းအသီးသီးကပျောက်ဆုံးသွားတဲ့လက်ထောက်ဂိုဏ်းချုပ်တွေကို ပေ့ထင်းဝေကဖမ်းဆီးခေါ်ဆောင်သွားတယ်လို့သိရပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်ထံမှသတင်းကိုကြားရသောအခါ ရှောင်လင်ကျောင်းထိုင်နှင့်တကွ အားလုံးသောလူများ ထိတ်လန့်အံ့ဩသွားကုန်ကြလေသည်။

ရှောင်လင်ကျောင်းထိုင်က ....

"ဒီသတင်းကိုဘယ်ကရလာတာလဲ"

ခေတ်ပန်းဂိုဏ်းချုပ်က....

"ပျံလွှားဆိုတဲ့လူဆီကပို့လိုက်တာ"

ဝူးတန်ဂိုဏ်းချုပ်မျက်မှောင်ကြုတ်လိုက်၏။

"ပျံလွှားဆိုတာဘယ်သူလဲ"

ခေတ်ပန်းဂိုဏ်းချုပ်က....

"ပျံလွှားဆိုတာ မကြာမီက သိုင်းလောကမှာ မကောင်းသူယ် ကောင်းသူကယ်လုပ်ငန်းကိုလုပ်ဆောင်နေတဲ့ တစ်ကိုယ်တော်သိုင်းသမားပါ"

ရှောင်လင်ကျောင်းထိုင်က....

"သူ ဘယ်သူလဲ"

ခေတ်ပန်းဂိုဏ်းချုပ်ကခေါင်းခါပြလိုက်၏။

"အခုထိ သူ့ကိုဘယ်သူလဲဆိုတာ မသိသေးပါဘူး"

ရှောင်လင်ကျောင်းထိုင်မျက်မှောင်ကြုတ်သွားသည်။

"ဒါနဲ့ ဂိုဏ်းချုပ်ကသူ့ဆီကလာတဲ့သတင်းဆို"

ခေတ်ပန်းဂိုဏ်းချုပ်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါပေမဲ့ သူ့မျက်နှာကိုအဝတ်နဲ့စည်းထား တဲ့အတွက် မသိပါဘူး"

ဝူးတန်ဂိုဏ်းချုပ်က....

"သူဘယ်အရွယ်ရှိသလဲ"

ခေတ်ပန်းဂိုဏ်းချုပ်က....

"သူပြောဆိုနေတဲ့အသံကိုခန့်မှန်းကြည့်ရတာတော့ လူငယ် တစ်ယောက်ဖြစ်မယ်လို့ထင်ရတာပဲ"

ဝူးတန်ဂိုဏ်းချုပ်မျက်မှောင်ကြုတ်သွားသည်။

"သူပြောတဲ့စကားကို ယုံလို့ဖြစ်မလား"

ခေတ်ပန်းဂိုဏ်းချုပ်ခေါင်းညိတ်လိုက်၏။

"ကျုပ်ကတော့စိတ်ချယုံကြည်ပါတယ်"

သူတို့ ပြောဆိုနေကြစဉ် ခေတ်ပန်းဂိုဏ်းသားတစ်ယောက် ရောက်ရှိလာကြောင်း ကိုရင်တစ်ပါးကလာရောက်သတင်းပို့၏။



"ခေတ်ပန်းမြေမြန်တော်တစ်ယောက် ဂိုဏ်းချုပ်ကိုတွေ့ ...င်လို့ရောက်လာပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်က ရှောင်လင်ကျောင်းထိုင်အား လှမ်း ကြည့်လိုက်သည်။ ရှောင်လင်ကျောင်းထိုင်က ...ခေါင်းညိတ်လိုက်သည်။

"သူ့ကိုခေါ်ခဲ့ပါ"

ကိုရင်ကဦးညွှတ်ပြီးပြန်လည်ထွက်သွား၏။

တစ်ခဏအကြာတွင် ကိုရင်လေးသည် ခေတ်ပန်းဂိုဏ်း ...းတစ်ယောက်အားလာရောက်ပို့ဆောင်ပြီး ပြန်လည်ထွက်သွား ... ထိုသူမှာ အသက်သုံးဆယ်ကျော်ခန့်ရှိသည်။ သူ့နောက်ကျော ...င် ဂုန်နီအိတ်အလွတ်လေးလုံးလွယ်ထားသည်ကိုတွေ့ရသည်။ ...တ်ပန်းဂိုဏ်းအဆင့်လေးအဖွဲ့ဝင်ဖြစ်ကြောင်း အားလုံးက နား ...ည်လိုက်သည်။ ထိုသူသည် ခေတ်ပန်းဂိုဏ်းချုပ်အား အရိုအသေ ...ိုက်သည်။

"ဂိုဏ်းချုပ်ကိုဂါရဝပြုပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ်က....

"ဘာများအရေးကြီးတဲ့ကိစ္စရှိလို့လဲ"

ထိုသူကဦးညွှတ်လိုက်၏။

"ဂိုဏ်းချုပ်ရဲ့တာဝန်ပေးချက်အရ ကျွန်တော်တို့ လူစုခွဲပြီး

စုံစမ်းရှာဖွေခဲ့ကြပါတယ်၊ ခုနကပဲ ဝိပုလွေအဖွဲ့ကသတင်းလာပို့သွားပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ် မျက်မှောင်ကြုတ်သွား၏။

"သတင်းထူးလို့လား"

ထိုသူက....

"ဟုတ်ကဲ့.... အခုရထားတဲ့သတင်းအရ လုယန်မြို့မြောက်ဘက် မိုင်နှစ်ဆယ်အကွာမှာ မသင်္ကာဖွယ်ရာလူတွေ လှုပ်ရှားနေတာတွေ့ခဲ့ရပါတယ်"

ခေတ်ပန်းဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"ငါသိပြီ... မင်းပြန်သွားတဲ့အခါ လမ်းကြောင်းကို အမှတ်အသားချထား... ငါတို့နောက်ကလိုက်ခဲ့မယ်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ထိုသူသည် ဦးညွှတ်ပြီးပြန်လည်ထွက်ခွာသွားသည်။

ခေတ်ပန်းဂိုဏ်းချုပ်က ရှောင်လင်ကျောင်းထိုင်ဘက် လှည့်ကြည့်လိုက်သည်။

"ကျောင်းထိုင်ကြီး ဘယ်လိုသဘောရသလဲ"

ရှောင်လင်ကျောင်းထိုင်က....

"ဒီကိစ္စ ပေါ့လို့မဖြစ်ဘူး... ကျုပ်တို့လိုက်သွားမှဖြစ်မယ်"

ခေတ်ပန်းဂိုဏ်းချုပ် ထိုင်ရာမှထလိုက်သည်။



"ကောင်းပြီ... ကျုပ် လုယန်မြို့ပြင်မှာလူစုပြီးစောင့်နေမယ်၊ ျောင်းထိုင်အမြန်ဆုံးကြွခဲ့ပါ"

ရှောင်လင်ကျောင်းထိုင် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

ခေတ်ပန်းဂိုဏ်းချုပ်ထွက်ခွာသွားပြီးနောက် ကျောင်းထိုင်သည် သူ့လက်ထောက်ဘက်သို့လှည့်လိုက်သည်။

"ကျင်းခုံ... မင်းက ရှောင်လင်အဖွဲ့ဝင်ဆယ့်ရှစ်ယောက်ကို ည်းထားပါ... ပြီးတာနဲ့ တို့ထွက်မယ်"

ကျင်းခုံးဆိုသူက လက်အုပ်ချီကာနောက်သို့ထွက်သွား၏။

ဝူးတန်ဂိုဏ်းချုပ်က ....

"ကျုပ်တို့ အဖွဲ့ကိုပြန်ပြီးလူစုမယ်ဆိုရင် အချိန်ကုန်မယ်... ကြောင့် ကျုပ်တစ်ယောက်တည်းပဲလိုက်မယ်"

ကျန်ရှိသောခွန်းလွန်၊ ချင်းဟိုက်၊ ထင်းစန်း၊ ငိုမိစသည့် ဏ်းချုပ်များကလည်း လိုက်ရန်ဟန်ပြင်ကြလေသည်။

❊❊❊

ဝူခုံးတို့လက်ထောက်ဂိုဏ်းချုပ်ခုနစ်ယောက်သည် ၎င်းတို့ကျမ်းစာများကိုရေးကူးပေးရန်ငြင်းဆိုလိုက်သည်။

ထို့ကြောင့် မေ့ထင်းဝေ အလွန်ဒေါသထွက်သွားသည်။

ထိုအချိန်တွင် လက်ဝဲရံနှင့်လက်ယာရံတို့လူစု ရောက်လာကြသည်။ မေ့ထင်းဝေ အံ့အားသင့်သွား၏။

"မင်းတို့ ဘာဖြစ်လို့လိုက်လာကြတာလဲ"

လက်ယာရံက ပျံလွှားအမည်ရှိသိုင်းသမားတစ်ယောက်လာရောက်ဖျက်ဆီးမီးရှို့ခဲ့သည့်အကြောင်းများကို အတိုချုံး၍ရှင်းပြလိုက်သည်။ မေ့ထင်းဝေ ဒေါသခြောင်းခြောင်းထွက်သွား၏။

"မင်းတို့ လူဒီလောက်များပြီးပျံလွှားဆိုတဲ့ကောင်ကိုတောင်နိုင်အောင်မတိုက်နိုင်ဘူးလား"

လက်ယာရံက....

"ကျွန်တော်တို့အင်အားသုံးချိုးနှစ်ချိုးက မုထုံးမြို့ကိုပြောင်းရွှေ့ထားတဲ့အတွက် အင်အားနည်းသွားတာပါ။ ပျံလွှားဆိုတဲ့ သိုင်းသမားက ကျွန်တော်တို့ထက်လဲ သိုင်းပညာသာလွန်းတယ်"

လက်ဝဲရံကလည်း ကြားဖြတ်လိုက်၏။

"ပျံလွှားရောက်လာတဲ့အတွက် သောကကင်းပေးတောင်ကြီးရဲ့လျှို့ဝှက်ကို မကြာမီ သိုင်းလောကအားလုံးသိသွားမှာဖြစ်ပါတယ်၊ ဒါကြောင့် ကြိုတင်စီစဉ်တဲ့အနေနဲ့ စခန်းတစ်ခုလုံးပြောင်းရွှေ့ခဲ့တာပါ"



မေ့ထင်းဝေခေါင်းညိတ်လိုက်၏။

"မင်းတို့စီစဉ်တာမှန်တယ်"

သူသည် ရယ်မောလိုက်သည်။

"မထူးပါဘူး၊ တစ်နေ့မှာ ထင်ထင်ပေါ်ပေါ်လုပ်ရမဲ့အတူတူ အခုအတိအလင်းကြေညာလိုက်ရုံပေါ့"

လက်ယာရံက....

"ကျွန်တော်တို့ ဒီမှာနေခဲ့ရမှာလား... စခန်းသစ်ကိုပဲသွားရမှာလား"

မေ့ထင်းဝေ အနည်းငယ်စဉ်းစားလိုက်၏။

"ဒီနေရာမှာ လူသိပ်မရှိပါဘူး"

သူသည် လက်ဝဲရံအားအမိန့်ပေးလိုက်၏။

"မင်း အဖွဲ့သားအားလုံးကိုစခန်းသစ်ခေါ်သွား... အားလုံးအသင့်ဖြစ်ပါစေ"

လက်ဝဲရံအရိုအသေပြုလိုက်သည်။

"ဟုတ်ကဲ့ပါသခင်ကြီး"

သူသည် ချက်ချင်းပင်အဖွဲ့သားများကိုခေါ်ဆောင်၍ ဆက်လက်ထွက်ခွာသွားသည်။

❊❊❊

ပေ့ထင်းဝေသည် လက်ယာရံအားကြည့်လိုက်သည်။

“မင်းကတော့ အပြင်မှာနေပြီး အခြေအနေကိုစောင့်ကြည့်နေပါ”

လက်ယာရံခေါင်းညိတ်လိုက်၏။

“ဟုတ်ကဲ့ပါသခင်ကြီး”

သူသည် လိုဏ်ဂူအပြင်ဘက်သို့ထွက်ခွာသွားလေသည်။

ပေ့ထင်းဝေသည် လက်နှစ်ဖက်နောက်ပစ်ကာ ရှောင်လင်ဝူခုံးအား စိုက်ကြည့်လိုက်သည်။

ထို့နောက် အပေါ်အင်္ကျီရှည်ကိုချွတ်လိုက်၏။

“ကဲ... ကျုပ်ကိုနိုင်တဲ့လူ ကျမ်းစာအုပ်ကိုယူပြီးထွက်သွားနိုင်တယ်”

ဝူခုံးထိုင်ရာမှထလိုက်သည်။

ပေ့ထင်းဝေကလက်ကာပြလိုက်သည်။

“နေဦး... ကျုပ်စကား ဆုံးအောင်နားထောင်ပါ... ကျုပ်ရှုံးယှဉ်ပြိုင်လို့ရှုံးသွားတယ်ဆိုရင်. ကျုပ်ခိုင်းတာကိုလုပ်ပေးပါ့မယ်လို့ကတိပေးရမယ်”

ဝူခုံးအံတင်းတင်းကြိတ်လိုက်သည်။

“ကောင်းပြီစိန်လိုက်... ကျုပ်လက်ခံတယ်”

ပေ့ထင်းဝေသည် ကျန်ရှိသောလက်ယောက်ဂိုဏ်းချုပ်



ခြောက်ယောက်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

“ခင်ဗျားတို့ကော”

ကျန်ရှိသောလက်ထောက်ဂိုဏ်းချုပ်တို့လည်း သဘောတူကြသည်။ ပေ့ထင်းဝေကမှဲ့ပြုံးပြုံးကာ...

“ခင်ဗျားတို့တွေဟာ ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်... ကိုယ့်ကတိကိုယ်တည်စေချင်တယ်”

ဝူခုံးမဲ့ပြုံးပြုံးလိုက်သည်။

“စိတ်ချ... ကျုပ်တို့ကတိတည်တယ်”

ပေ့ထင်းဝေက လိုဏ်ဂူဝဘက်သို့လက်ဆန့်ပြလိုက်သည်။

“ဒီထဲမှာကျဉ်းပါတယ်... အပြင်ဘက်ကိုကြွကြပါ”

ဝူခုံးက စားပွဲပေါ်မှကျမ်းစာအုပ်ကိုလှမ်းယူလိုက်၏။

“မယူပါနဲ့”

ပေ့ထင်းဝေကဟန့်တားလိုက်သည်။

“ကျမ်းစာအုပ်ထားပစ်ခဲ့ပါ... ခင်ဗျားတို့နိုင်ရင် လာယူသွား”

ဝူခုံးသည် စကားတစ်ခွန်းမှမပြောဘဲ ရှေ့ဦးဆုံးထွက်ခွာသွားလေသည်။ ကျန်ရှိသောလူများသည် ရှေ့ဆင့်နောက်ဆင့်ထွက်သွားကြလေသည်။

❊❊❊

လက်ယာရုံသည် ကျောက်ဆောင်ပေါ်၌ရပ်နေ၏။

ပေ့ထင်းဝေကလှမ်းပြောလိုက်၏။

"ပတ်ဝန်းကျင်ကိုသတိထားကြည့်ပါ... အကြောင်းထူးရင် အမြန်ဆုံးအကြောင်းကြား"

လက်ယာရုံခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါသခင်ကြီး"

ပေ့ထင်းဝေသည် ဝူခုံးတို့အား မြေပြန့်နေရာတစ်ခုသို့ခေါ်ဆောင်သွား၏။

သူသည် မြေကွက်လပ်အလယ်တွင်ရပ်လိုက်ပြီး...

"ကဲ... ဘယ်သူအရင်လာမလဲ"

ဟိုဝမ်းစွမ်းကရှေ့သို့လျှောက်သွားပြီး ပေ့ထင်းဝေနှင့် မျက်နှာချင်းဆိုင်ရပ်တန့်လိုက်သည်။

ပေ့ထင်းဝေကပြုံးလိုက်၏။

"ခင်ဗျား ဘာလက်နက်ကိုသုံးမလဲ"

ဟိုဝမ်းစွမ်းက လက်ဝါးနှစ်ဖက်ဆန့်ပြလိုက်သည်။

"ကျုပ်ကလက်ဝါးနှစ်ဖက်နဲ့ပဲယှဉ်ပြိုင်မယ်"

ပေ့ထင်းဝေခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ကျုပ်လဲ လက်ဝါးနှစ်ဖက်နဲ့ပဲယှဉ်ပြိုင်မယ်"

သူတို့နှစ်ယောက်သည် ....



အသင့်အနေအထားရပ်တန့်ပြီးနောက် ဟိုဝမ်းစွမ်းက စတင်တိုက်ခိုက်လိုက်သည်။

ဟိုဝမ်းစွမ်း၏သိုင်းကွက်မှာ တောင်ခုတ်လက်ဝါးဖြစ်၏။

သူ့လက်ဝါးမှာ အားမာန်အလွန်ပြင်းထန်လှသည်။

ကျောက်ဆောင်တစ်ခုကိုပင်ခုတ်နိုင်သည်ဟု အဆိုရှိ၏။

ထို့ကြောင့် သူသည် လက်ဝါးနှစ်ဖက်ဝှေယမ်းလိုက်သောအခါ လေသံများတဟူးဟူးမြည်ဟည်းလာသည်။ ပေ့ထင်းဝေသည် ပေါ့ပေါ့တန်တန်သဘောမထားရဲပါ။

သတိကြီးစွာထား၍ပြန်လည်တိုက်ခိုက်လိုက်၏။

ယင်းသို့ ပြန်လည်တိုက်ခိုက်လိုက်သောအခါ ဝူခုံးနှင့်တကွကျန်ရှိသောပုဂ္ဂိုလ်များအားလုံး မျက်မှောင်ကြုတ်သွားကြ၏။

ဝို၍အံ့ဩရသူမှာ ဟိုဝမ်းစွမ်းဖြစ်သည်။

အကြောင်းမှာ ပေ့ထင်းဝေအသုံးပြုလိုက်သောသိုင်းကွက်မှာလည်း တောင်ခုတ်လက်ဝါးနှင့်ခပ်ဆင်ဆင်တူနေခြင်းကြောင့်ဖြစ်[illegible]နှစ်ယောက်သည် အပြန်အလှန်ပြင်းထန်စွာ တိုက်ခိုက်[illegible] မှန်းကျင်တစ်ခုလုံး လေသံတဟူးဟူးထွက်ပေါ်နေလေသော၏။

သိုင်းကွက် ၁၀-ကွက်မျှယှဉ်ပြိုင်မိသည့်အခါ...

"အား"

ပေ့ထင်းဝေ၏လက်ဝါးစောင်းသည် ဟိုဝမ်းစွမ်းညာဘက် လက်မောင်းသို့ထိမှန်သွားသည်။

ဟိုဝမ်းစွမ်း ညာဘက်လက်တစ်ဖက် ထုံကျင်သွားသဖြင့် နောက်ဆုတ်လိုက်ရ၏။

"ဟား... ဟား... ဟား"

ပေ့ထင်းဝေက အားရပါးရရယ်မောလိုက်ပြီး...

"ကဲ ဘယ်သူလာဦးမလဲ"

ဝူခုံးက သူများထက်ဦးအောင် ရှေ့သို့လှမ်းတက်လိုက်၏

ပေ့ထင်းဝေ လက်နှစ်ဖက်ဆုပ်လိုက်သည်။

"လက်ထောက်ဂိုဏ်းချုပ်ကိုယ်တိုင်ယှဉ်ပြိုင်ချင်ပြီကိုး"

ဝူခုံးကဒေါသကြီးစွာဖြင့်...

"စကားမရှည်နဲ့"

သူသည် လက်သီးနှစ်ဖက်ဆုပ်ပြီး... ပေ့ထင်းဝေအားတိုက် ခိုက်လိုက်သည်။

ပေ့ထင်းဝေကရယ်မောရင်း...

"ဂိုဏ်းချုပ်က ရှောင်လင်ကျောင်းရဲ့နာမည်ကျော် ကျားနိုင် လက်သီးနဲ့ယှဉ်ပြိုင်တာကိုး"

ပေ့ထင်းဝေသည် ရှောင်တိမ်းပြီး လက်သီးနှစ်ဖက်ဆုပ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။



ဝူခုံး အံ့အားသင့်သွားသည်။

"မင်း... မင်းကကျုပ်တို့ကျားနိုင်လက်သီးကို ဘယ်ကတတ် ခဲ့တာလဲ"

ပေ့ထင်းဝေမဲ့ပြုံးပြုံးလိုက်သည်။

"ဒီပညာ ခင်ဗျားတို့ ရှောင်လင်ကျောင်းကပဲတတ်သလား။ တခြားလူကောမတတ်ရတော့ဘူးလား"

သူသည် စကားပြောနေသော်လည်း တိုက်ခိုက်မှုမှာမူ အ နည်းငယ်မျှမလျော့ပါ။ ဝူခုံးသည် ဒေါသဖြစ်နေသောကြောင့် တိုက် ခိုက်ရာတွင် အနည်းငယ်ဆန္ဒစောနေလေသည်။

ထို့ကြောင့် ပေ့ထင်း ဝေ၏လက်သီးတစ်လုံးက သူ့ပခုံးပေါ် သို့ထိမှန်သွားသည်။

ဝူခုံး၏ခန္ဓာကိုယ်တစ်ချက်ယိမ်းယိုင်ပြီး နောက်သို့ဆုတ် သွားရသည်။ ထိုစဉ် ခွန်းလွှန်လက်ထောက်ဂိုဏ်းချုပ်က ကမန်း ကတန်းဝင်ရောက်တိုက်ခိုက်လိုက်သည်။

သူအသုံးပြုလိုက်သောသိုင်းကွက်မှာ ကြယ်တံခွန်ခြေလှမ်း သိုင်းကွက်ဖြစ်သည်။

သို့သော် မမျှော်လင့်ဘဲ ပေ့ထင်းဝေက ခုနစ်စဉ်ကြယ်သိုင်း ကွက်ဖြင့် ပြန်လည်တိုက်ခိုက်လာသည်ကိုတွေ့ရလေသည်။

ခွန်းလွှန်လက်ထောက်ဂိုဏ်းချုပ်ယန်းကုန်းချီမှာ...

အံ့သြခြင်းမက အံ့သြသွားရတော့သည်။

သူသည် တိုက်ခိုက်ရာမှ ကမန်းကတန်းနောက်ဆုတ်လိုက်သည်။ သူ့မျက်လုံးအစုံသည် စူးရှစွာဖြင့် ပေ့ထင်းဝေမျက်နှာကို စိုက်ကြည့်လိုက်သည်။

"မင်းဘယ်သူလဲ"

ပေ့ထင်းဝေက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်ပေ့ထင်းဝေလေ မသိဘူးလား"

ခွန်းလွန်လက်ထောက်ဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်၏။

"မင်း ပေ့ထင်းဝေမဟုတ်ဘူး"

"ဒါဖြင့် ကျုပ်ကဘယ်သူလဲ"

ခွန်းလွန်လက်ထောက်ဂိုဏ်းချုပ်သည် သူ့အားစူးရှစွာစိုက်ကြည့်လို[illegible]

"မင်း ဝူး[illegible]ကျူ ဖြစ်ရမယ်"

ပေ့ထင်းဝေရယ်မောလိုက်လေသည်။

"မင်းဘယ်လိုလုပ်ပြောနိုင်သလဲ"

ယန်းကုန်းချိကမဲ့ပြုံးပြုံးလိုက်သည်။

"ခုနစ်စဉ်ကြယ်သိုင်းကွက်ဟာ ဝူးတန်ဂိုဏ်းရဲ့အထွတ်အထိပ်သိုင်းပညာရပ်တစ်မျိုးဖြစ်တယ်... ဒါကြောင့် ဒီပညာရပ်ကို



ဂိုဏ်းချုပ်နဲ့လက်ထောက်ဂိုဏ်းချုပ်ကလွဲလို့ ဘယ်သူ့ကိုမှသင်မပေးဘူး။ ဂိုဏ်းချုပ်ကတော့ ဝူးတန်မှာကျန်ရစ်ခဲ့တယ်၊ ဒါကြောင့် မင်းက အိကျင်းကျူဖြစ်ရမယ်"

ပေ့ထင်းဝေ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီဗျ... အိကျင်းကျူကို ကျုပ်ကလိုဏ်ဂူထဲမှာချုပ်ထားတာ ခင်ဗျားတွေ့ခဲ့တယ်မဟုတ်လား"

ယန်းကုန်းချိ ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်မှာပင် လူတစ်ယောက်၏အသံထွက်ပေါ်လာ၏။

"သူ့ရဲ့ကလိန်စေ့ငြမ်းဆင်တာကိုမယုံကြည်ကြပါနဲ့"

ထိုစကားနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက် ရုတ်တရက်ရောက်ရှိလာသည်ကိုအံ့သြစွာတွေ့ရလေသည်။

❋❋❋

အားလုံးသောလူများသည် အနက်ရောင်ဝတ်ဆင်ထားသောလူအား အံ့သြစွာကြည့်နေ၏။ ထိုလူသည် ပေ့ထင်းဝေရှေ့တွင် ခြေလှမ်းရပ်တန့်လိုက်သည်။ ပေ့ထင်းဝေက သူ့အားကြည့်....

"မင်း ဘယ်သူလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက ပြုံးလိုက်သည်။

"ပျံလွှား"

သူ၏စကားကြောင့် လူအားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။ ပေ့ထင်းဝေသည် လက်ယာရံတို့ကစောင့်ကြပ်သည့်ကြားမှ ပျံလွှားရောက်လာသည်ကိုအံ့သြနေ၏။ ပျံလွှားကပြုံးပြရင်း....

"ခင်ဗျားရဲ့လက်ယာရံကိုစောင့်မနေပါနဲ့... သူ့ကို ခေတ်ပန်းဂိုဏ်းသားတွေက ဖမ်းထားပြီးပါပြီ"

ပေ့ထင်းဝေသည် ရုတ်တရက် ဓားကိုဆွဲထုတ်လိုက်သည်။

"ပျံလွှား မင်းက ငါ့ကိုအတော်နှောင့်ယှက်တဲ့ကောင် သေဖို့သာပြင်ပေတော့"

ပျံလွှားကလက်ကာပြလိုက်သည်။

"ခင်ဗျားနောက်ကျသွားပြီ... ခင်ဗျားပတ်ဝန်းကျင်ကို ကြည့်စမ်းပါ၊ ဘယ်သူတွေရောက်နေသလဲဆိုတာ"

ပေ့ထင်းဝေသည် ပတ်ဝန်းကျင်ကိုသတိပြုကြည့်မိလိုက်သောအခါ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားပေသည်။



လူ(၅၀)ခန့်တို့သည် သူ့ထံသို့ဝိုင်းရံလျှောက်လာနေသည်ကို တွေ့လိုက်ရလေခြင်းကြောင့်ဖြစ်သည်။ ထိုလူများထဲ၌ သိုင်းလောကထိပ်သီးပုဂ္ဂိုလ်များဖြစ်ကြသောရှောင်လင်ဂိုဏ်း၊ ဝူးတန်ဂိုဏ်းစသည့်ဂိုဏ်းချုပ်များ ပါဝင်နေသည်ကိုတွေ့ရလေသည်။

ပေ့ထင်းဝေသည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် လက်မှိုင်ချလိုက်သည်။ ထိုစဉ် ဝူးတန်ဂိုဏ်းချုပ်၊ ရှောင်လင်ကျောင်းထိုင်၊ ခေတ်ပန်းဂိုဏ်းချုပ်တို့က သူ့အနီးသို့လျှောက်လာခဲ့ကြလေသည်။ ပျံလွှားက ပေ့ထင်းဝေကိုညွှန်ပြလိုက်ပြီး....

"သူဘယ်သူလဲဆိုတာသိချင်ရင် မျက်နှာကိုခွာချလိုက်ပါ"

ရှောင်လင်ကျောင်းထိုင်က ပေ့ထင်းဝေ၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"ဒကာကြီးမျက်နှာက မျက်နှာတုတစ်ခုကပ်ထားတယ်ဆိုတာ ကျုပ်ယုံကြည်တယ်၊ အဲဒီတော့ ယောကျ်ားပီပီ မျက်နှာတုကြီးကိုခွာလိုက်စမ်းပါ"

"ဟား... ဟား... ဟား"

ပေ့ထင်းဝေသည် ကောင်းကင်ပေါ်သို့ခေါင်းမော့၍ အားရပါးရရယ်မောလိုက်သည်။ အတန်ကြာရယ်မောပြီးမှ ....

"ကျောင်းထိုင်ပြောတာမှန်တယ်... ကျုပ်ကယောကျ်ား လုပ်ရဲရင် ခံရဲရမယ်"

သူသည် ပြောပြီးသည်နှင့်မျက်နှာပေါ်မှပါးလွှာသော မျက်နှာတုတစ်ခုကို လက်နှစ်ဖက်ဖြင့်ခွာချလိုက်လေသည်။ ငှုခုံးတို့လူစုသည် ထိုမျက်နှာကိုမြင်တွေ့လိုက်ရသောအခါ ထိတ်လန့်အံ့ဩကုန်ကြလေသည်။ အကြောင်းမှာ ပေ့ထင်းဝေဆိုသူမှာ ဝူးတာန်ဂိုဏ်း၏လက်ထောက်ဂိုဏ်းချုပ်အိကျင်းကျူပင် ဖြစ်နေသောကြောင့်တည်း။

ဝူးတာန်ဂိုဏ်းချုပ်ကဝမ်းနည်းကြေကွဲစွာဖြင့်....

"အိကျင်းကျူ... မင်း ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ရှုးထရတာလဲ"

အိကျင်းကျူ ပြုံးလိုက်သည်။

"အမှန်တော့ ဂိုဏ်းချုပ်နေရာကျုပ်ကရဖို့ဗျ၊ ခင်ဗျားက ဆရာ့နားကပ်ပြီး အချွဲကောင်းလို့ခင်ဗျားရတာ ကျုပ်ကျေနပ်မယ်များထင်သလား"

သူသည် ပြောရင်း အသံကျယ်လောင်လာသည်။

"ဒါကြောင့် ကျုပ်က ခင်ဗျားထက် ဘယ်လောက်သာတယ်ဆိုတာပြဖို့ အခုလိုလုပ်နေတာဗျ"

ဝူးတာန်ဂိုဏ်းချုပ် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"မင်း ဂိုဏ်းချုပ်နေရာလိုချင်ရင် ဂိုဏ်းရဲ့စည်းကမ်းအတွင်းက ယူရင်ရပါတယ်၊ အခုတော့ မင်းအကြံဟာ ယုတ်မာပက်စက်တဲ့အတွက်...."



အိကျင်းကျူ ကြားဖြတ်လိုက်သည်။

"ကျုပ် ဘယ်လိုအပြစ်ဒဏ်ခံရမယ်ဆိုတာ နားလည်ပြီးသားပါ"

ဝူးတာန်ဂိုဏ်းချုပ်က သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"မင်းနားလည်ရင် အေးအေးဆေးဆေး ငါတို့နောက်လိုက်ခဲ့ပါ၊ ဟိုရောက်တဲ့အခါ ကျုပ်အတတ်နိုင်ဆုံးပြစ်ဒဏ်ကိုလျှော့ဖို့ ကြိုးစားပေးပါ့မယ်"

အိကျင်းကျူက မချိပြုံးပြုံးလိုက်သည်။

"မလိုပါဘူး"

ပျံလွှားအား စိုက်ကြည့်လိုက်သည်။

"ကျုပ်သိချင်တာတစ်ခုပဲရှိတယ်"

"ခင်ဗျား ဘာသိချင်တယ်ဆိုတာပြောပါ"

အိကျင်းကျူက....

"မင်းကဘယ်သူလဲဆိုတာ ကျုပ်သိချင်လို့ပါ"

ပျံလွှား ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... ကျုပ်ကဖုံးကွယ်ထားရင် မတရားရာကျပါလိမ့်မယ်"

သူသည် ပြောရင်း ခေါင်းပေါ်စည်းထားသောအဝတ်စကို ခွာချလိုက်သည်။ အားလုံးသောလူများ အံ့အားသင့်ကုန်ကြသည်။

"ကျင်းဟူ"

ဟူသောအသံများ လွှတ်ခနဲထွက်လာကြသည်။ ပျံလွှား အမည်ခံလျှို့ဝှက်သိုင်းသမားမှာ ပေါကြောင်ကြောင်လုလင် ကျင်းဟူ ပင်ဖြစ်နေသည်မဟုတ်ပါလား။ ကျင်းဟူက ပြုံးလိုက်သည်။

"ကဲ... ခင်ဗျားကျေနပ်ပြီမဟုတ်လား"

"ဟား... ဟား... ဟား"

အိကျင်းကျူ အားရပါးရရယ်မောလိုက်၏။

"ကျေပ်ကျေနပ်ပါပြီကွာ၊ မင်းကို ငါအထင်သေးမိလို့ အခုလို ခံလိုက်ရတယ်ဆိုပါတော့"

သူသည် ရယ်မောရင်းမှပင် သူ့ပါးစပ်ထဲမှအနက်ရောင် သွေးများစီးဆင်းကျလာသည်။ ဝူးတန်ဂိုဏ်းချုပ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"သူ အဆိပ်သောက်ချလိုက်ပြီနဲ့တူတယ်"

သူ့စကားမဆုံးမီ အိကျင်းကျူ၏ခန္ဓာကိုယ်သည် ရုပ်သေး ကြိုးပြတ်မြေပေါ်သို့လဲကျသွားလေသည်။

❋❋❋

လုယန်မြို့...

လုယန်မြို့သည် အလွန်စည်ကားနေသည်။

သို့သော် ယနေ့ ပို၍စည်ကားလေသည်။

အကြောင်းမှာ .....



လုယန်မြို့တွင် တည်ဆောက်ထားသော မိဘမဲ့ကလေး ဂေဟာဖွင့်ပွဲအခမ်းအနားကျင်းပသောနေ့ဖြစ်၏။ ထို့ကြောင့် မြို့နေ ပြည်သူပြည်သားများသည် ကြိုးစားပမ်းစားတည်ဆောက်ခဲ့သော ကျင်းကျင်းနှင့်ယဉ်မေတို့ကို ချီးကျူး၍မဆုံးဘဲဖြစ်နေကြလေသည်။

လုယန်တစ်မြို့လုံးလည်း အများအတွက် ဤသို့မွန်မြတ် သောလုပ်ငန်းကိုအင်တိုက်အားတိုက်ပါဝင်ကူညီကြသည်။

ထို့ကြောင့် လုယန်တစ်မြို့လုံးမှာ မိဘမဲ့ကလေးဂေဟာဖွင့်ပွဲ အတွက်ကခုန်မြူးတူးကြသည်။ လုယန်မြို့ထဲဝင်ရောက်လာသည့် ကျင်းဟူ မျက်လုံးများပြူးကျယ်သွားလေသည်။

အကြောင်းမှာ လမ်းမပေါ်တစ်ခုလုံးမှာ မီးပုံးအိမ်များ အလံ လေးများမွမ်းမံပြင်ဆင်ထားသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။

"ဟောဗျ... ဒီကနေ့ဘာနေ့မို့လို့ စည်ကားနေရပါလိမ့်"

သူသည် ယင်းသို့တွေးရင်း ခြံဝင်းရှိရာသို့ ဟိုငေးသည်ငေး ဖြင့်ရောက်ရှိသွားပေသည်။ လမ်းတစ်ခုလုံးမှာ လူများပြည့်နှက်နေ သည်ကိုတွေ့ရသည်။ လူကြားထဲအတင်းတိုးဝှေ့သွားတော့မှ ခြံဝင်း ဆဲသို့ရောက်ရှိသွားသည်။ လူများသည် သူ့အား မျက်စောင်းထိုး သူကထိုးနှင့် တွန်းပစ်သူကတွန်းဖယ်လိုက်သည်။

"ဒီလူငယ်က ဘာဖြစ်လို့ ဒီလောက်တောင်တိုးလာတာလဲ"

အချို့က သူ့အားပြစ်တင်ပြောဆိုလိုက်သည်။

"ဟေ့လူ ဝင်မလာနဲ့"

ခြံဝင်းထဲရောက်နေသောလူများသည် သူ့အားပြန်လည် တွန်းထုတ်နေကြသည်။ ထိုအချိန် ကျင်းကျင်းနှင့်ယဉ်မေက သူ့အား တွေ့သွား၏။

"ကြည့်စမ်း အစ်ကိုလေး... သူများ ဒီလောက်အလုပ်များတဲ့ ကြားထဲ ဘယ်သွားပြီးအိပ်ငိုက်နေတာလဲ"

သူမတို့သည် ပြောပြောဆိုဆိုနှင့်သူ့အား လာရောက်ဆွဲခေါ် သွားတော့မှ ခြံဝင်းထဲသို့တန်းတန်းမတ်မတ်ဝင်ရောက်သွားလေ သည်။ သမားတော်ကြီးက သူ့အားဆီးကြိုလိုက်သည်။

"မင်းဘယ်သွားနေတာလဲ၊ ယဉ်မေကတော့ မင်းပြန်မလာ လို့ ညတုန်းကတောင်ငိုနေသေးတယ်"

ကျင်းဟူသည် ယင်းစကားကြားလိုက်ရသောအခါ ရင်ထဲ၌ ချို့လွင်သောခံစားမှုခံစားလိုက်ရလေ၏။

သူသည် ယဉ်မေထံသို့ပြေးလွှားသွားလေတော့၏။

"ညီမလေးယဉ်မေ"

ပြီး၏